http://www.dhammadownload.com



http://www.dhammadownload.com

လူငယ်တို့ ဖတ်ဖွယ်

# ဓာတ်အသွယ်သွယ်

သာမဏေကျော်

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | ● | ၃၂၀၄၅၀၀၇၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | ● | ၆၀၀၀၆၀၀၁၁၀ |
| အုပ်ရေ | ● | ၂၀၀၀ |
| တန်ဖိုး | ● | ၁၅၀၀ ကျပ် |
| ပုံနှိပ်ခြင်း | ● | ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ။<br>ပထမအကြိမ် |
| မျက်နှာဖုံး နှင့်<br>အတွင်းပုံနှိပ် | ● | ဦးသန်းဝင်း (၇၈၅၀)<br>ဝင်းပပ ပုံနှိပ်တိုက်၊<br>၁၂၄ - မဟာဗန္ဓုလလမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ● | ဦးလှဝင်း (၁၃၈၂)<br>သာမဏေကျော်စာပေ |
| စာအုပ်ချုပ် | ● | ဝင်းပပ |
| အတွင်းဖလင် | ● | ကိုဦး |

ဖြန့်ချိရေး

**သာမဏေကျော်စာပေ**

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်

(လှော်ကားဉယျာဉ်အနီး)

မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း - ၇၀၉၆၈၀၊ ၇၃၀၈၂၃၆၉

သာမဏေကျော် ၁၅၅.၅

လူငယ်တို့ဖတ်ဖွယ် ဇာတ်အသွယ်သွယ် / သာမဏေကျော်၊ ရန်ကုန်၊

သာမဏေကျော်စာပေ၊ စက်တင်ဘာလ ၂၀၁၀၊

၃၀၄ - စာ၊ ၁၂.၅ x ၁၈.၅ စင်တီ။

(၁) လူငယ်တို့ဖတ်ဖွယ် ဇာတ်အသွယ်သွယ်

http://www.dhammadownload.com

# မာတိကာ


၁။ အတုမြင် အတတ်သင် ၁

၂။ ချိုရာမှ ခါးသွားတဲ့ သရက် ၅

၃။ သူ့နည်း ၁၀

၄။ သားကို သတ်တဲ့ အဖေ ၁၈

၅။ မျောက်ရဲ့ စိတ်ထား ၂၁

၆။ တိရစ္ဆာန်သုံးကောင်ရဲ့ စိတ်ထား ၂၄

၇။ မဃဒေဝရဲ့ စိတ်ထား ၂၇

၈။ ကုန်သည်ရဲ့ စိတ်ထား ၃၀

၉။ သုမုခရဲ့ စိတ်ထား ၃၃

၁၀။ ကျေးမင်းရဲ့ စိတ်ထား ၃၆

၁၁။ ခန္တိဝါဒီရသေ့ရဲ့ စိတ်ထား ၃၉

၁၂။ ဝေဿန္တရာရဲ့ စိတ်ထား ၄၂

၁၃။ မမွပါလမိသားစုရဲ့ စိတ်ထား ၄၆

၁၄။ အောင့်နိုင်လျှင် အကျိုးရှိ ၄၉

http://www.dhammadownload.com


| | | |
|---|---|---|
| ၁၅။ | အတု အစစ် ပြဿနာ | ၅၈ |
| ၁၆။ | အကျွမ်းမဝင်သင့်သူများ | ၆၃ |
| ၁၇။ | သားမိုက် | ၆၈ |
| ၁၈။ | သမီးမိုက် | ၇၂ |
| ၁၉။ | အကျည်းတန်နဲ့ အလှ | ၇၅ |
| ၂၀။ | စိတ်ကောင်းရှိဖို့က အဓိက | ၈၃ |
| ၂၁။ | တန်ဖိုးဖြတ်လို့ မရသူ | ၈၇ |
| ၂၂။ | စကားသံရဲ့ စွမ်းအား | ၉၂ |
| ၂၃။ | ခိုရာ | ၉၆ |
| ၂၄။ | ပညာမျက်စိကန်းသူ | ၉၉ |
| ၂၅။ | ခြောက် မိတ်ဆွေ မိတ်ဆွေ | ၁၀၃ |
| ၂၆။ | မငိုကြသူများ | ၁၀၉ |
| ၂၇။ | ဘဝပေါင်း တစ်သောင်းလေးထောင် | ၁၁၈ |
| ၂၈။ | အချိန်ကို စားသူ | ၁၂၂ |
| ၂၉။ | လက်လျှော့သွားတဲ့ နတ်သမီး | ၁၂၇ |
| ၃၀။ | သေစာ | ၁၃၀ |
| ၃၁။ | ကံကောင်းသူ | ၁၃၄ |
| ၃၂။ | ရှေ့တော်ပြေး | ၁၃၈ |
| ၃၃။ | အချိန်ပညာ | ၁၄၂ |
| ၃၄။ | သည်းခံနိုင်လွန်းသူ | ၁၄၆ |

http://www.dhammadownload.com


၃၅။ ဥမ္မာဒန္တီ ၁၅၂

၃၆။ ပဒုမ္မာကြာပေါ်က ဆွမ်းအလှူ ၁၅၈

၃၇။ စိစစ်ပြီး လှူပါ ၁၆၃

၃၈။ စေတနာ သန့်စင်ပါစေ ၁၆၇

၃၉။ မယ်တော်ရဲ့ လေနာရောဂါ ၁၇၂

၄၀။ အရှင်ဒေဝဒတ်နောက် လိုက်ပါသွားတဲ့ ၁၇၇
ဝဇ္ဇီတိုင်းသား ရဟန်းငယ် (၅၀၀) နဲ့ အရှင်သာရိပုတ္တရာ

၄၁။ ခေါင်းဆောင်ကောင်း ပီသတဲ့ အရှင်သာရိပုတ္တရာ ၁၈၁

၄၂။ ထွေးပြီး တံတွေးကို ပြန်မမျိုတဲ့ အရှင်သာရိပုတ္တရာ ၁၈၅

၄၃။ သူတစ်ပါးကျေးဇူးကို သိပြီး တုံ့ပြန်ခဲ့တဲ့ ၁၈၉
အရှင်သာရိပုတ္တရာလောင်းလျာ

၄၄။ ကြွေကျတဲ့ သစ်ရွက်နဲ့ ပစ္စေကဗုဒ္ဓါ ၂၀၂

၄၅။ သိကြားမင်းနဲ့ ပစ္စေကဗုဒ္ဓါ ၂၁၁

၄၆။ သရက်ပင်နဲ့ ပစ္စေကဗုဒ္ဓါ ၂၁၇

၄၇။ လက်ကောက်နဲ့ ပစ္စေကဗုဒ္ဓါ ၂၂၁

၄၈။ စွန်နဲ့ ပစ္စေကဗုဒ္ဓါ ၂၂၃

၄၉။ ဘုရားလောင်းနဲ့ ပစ္စေကဗုဒ္ဓါ (၄) ပါး ၂၂၅

၅၀။ အင်ကြင်းပင်အောက်က ပစ္စေကဗုဒ္ဓါ ၂၂၉

၅၁။ သူတစ်ပါးလက်ချက်နဲ့ အသက်ထွက်ရှာရတယ် ၂၃၃

၅၂။ ဘုရားလောင်းနဲ့ ပစ္စေကဗုဒ္ဓါ (၇) ပါး ၂၃၇

http://www.dhammadownload.com

၅၃။ ဖိနပ် လှူရကျိုး ၂၄၃

၅၄။ သောက်ရေ ခိုးသောက်မိတဲ့ ပစ္စေကဗုဒ္ဓါလောင်းလျာ ၂၅၁

၅၅။ သူတစ်ပါးရဲ့ မိန်းမကို ကြည့်မိလို့ ၂၅၄

၅၆။ လိမ်ပြောမိလို့ ၂၅၅

၅၇။ သတ္တဝါတွေ သေကုန်လို့ ၂၅၇

၅၈။ ခွင့်ပြုမိလို့ ၂၅၈

၅၉။ ဥဒေါင်းမင်းကို လက်အုပ်ချီတဲ့ ပစ္စေကဗုဒ္ဓါ ၂၆၀

၆၀။ ဆဒ္ဒန်ဆင်မင်းနဲ့ ပစ္စေကဗုဒ္ဓါငါးရာ ၂၆၅

၆၁။ ဘုရားလောင်းမင်းနဲ့ သောဏကပစ္စေကဗုဒ္ဓါ ၂၆၇

၆၂။ ကုသမင်းလောင်း၊ ပဘာဝတီလောင်းလျာတို့နဲ့ ပစ္စေကဗုဒ္ဓါ ၂၈၀

၆၃။ ပစ္စေကဗုဒ္ဓါနဲ့ ပဋ္ဌပါပီလောင်းလျာ ၂၈၃

၆၄။ သေဘောနဲ့ သစ္စာ ၂၈၆

၆၅။ စကားပြောတဲ့ ကြို့ပင် ၂၉၀

၆၆။ စိတ်ကူးမိဖို့တောင် မလွယ်ပါ ၂၉၄

http://www.dhammadownload.com

# အတုမြင် အတတ်သင်

ရှေးအခါက ဗာရာဏသီပြည်မှာ သာမမင်းဟာ မင်းလုပ် အုပ်ချုပ်တယ်။ အဲဒီအခါ ဘုရားလောင်းက အမတ်မျိုးမှာ ဖြစ်ပြီး အရွယ်ရောက်တဲ့အခါ သာမမင်းအား အကျိုးအကြောင်းကို သွန်သင် ပြသပေးသူ ဖြစ်တယ်။ သာမမင်းမှာ ပဏ္ဍဝ ဆိုတဲ့ မင်္ဂလာမြင်း ရှိတယ်။ အဲဒီမြင်းရဲ့ မြင်းထိန်းက ဂိရိဒတ္တ မည်တယ်။ အဲဒီမြင်းထိန်း ဂိရိဒတ္တက ခြေခွင်နေတယ်။ ပဏ္ဍဝမြင်းက ပါးချပ်ကြိုးကို ကိုင်ဆွဲပြီး ရှေ့က ရှေ့က သွားနေတဲ့ အဲဒီ မြင်းထိန်းကို ကြည့်ပြီး "ဒီမြင်းထိန်းက ငါ့ကို သင်ပြပေးနေတယ်" လို့ ထင်မှတ်ကာ အဲဒီမြင်းထိန်းကို အတုလိုက်လုပ်ရင်း ခြေခွင်သွားတယ်။ အဲဒီမြင်းမှာ ခြေခွင်နေတာကို မင်းအား ကြောပြကြတယ်။ မင်းက ဆေးဆရာတွေကို စေလွှတ်တယ်။ အဲဒီဆေးဆရာတွေက သွားပြီး မြင်းရဲ့ကိုယ်မှာ ရောဂါကို မတွေ့ကြလို့ "အကျွန်ုပ်တို့ဟာ ဒီမြင်းမှာ ရောဂါကို မတွေ့ကြပါ" လို့ မင်းအား ပြောပြကြပါတယ်။ မင်းက ဘုရားလောင်းအမတ်ကို "မိတ်ဆွေ၊ သွားပါ။ အဲဒီမြင်း ခြေခွင်ရာမှာ အကြောင်းကို သိပါ" လို့ ပြောကာ စေလွှတ်လိုက်ပါတယ်။

http://www.dhammadownload.com



ဘုရားလောင်းအမတ်က သွားပြီး ခြေခွင်နေတဲ့ မြင်းထိန်းနဲ့ ရောနှောနေလို့ အဲဒီမြင်းမှာ ခြေခွင်နေတာကို သိကာ မင်းအား အဲဒီအကြောင်းကို ပြောပြပါတယ်။ "ရောနှောခြင်း အပြစ်ကြောင့် ဒီလို ဖြစ်ရပါတယ်" လို့ ပြောပါတယ်။ အဲဒီအခါ ဘုရားလောင်းအမတ်ကို မင်းက "မိတ်ဆွေ၊ အခု ဘာကို လုပ်ထိုက်ပါသလဲ" လို့ မေးပါတယ်။ ဘုရားလောင်းက မင်းကို "ခြေမခွင်တဲ့ မြင်းထိန်းကို ရရင် အရင်က အတိုင်းပဲ ကောင်းသွားပါလိမ့်မယ်"လို့ ပြောပါတယ်။ မင်းက ဘုရားလောင်း ပြောတဲ့အတိုင်း လုပ်လိုက်ပါတယ်။ မြင်းက ပကတိအတိုင်း ဖြစ်သွားပါတယ်။ ခြေမခွင်တော့ဘဲ ကောင်းသွားပါတယ်။ မင်းက "တိရစ္ဆာန်တွေရဲ့ အလိုသဘောကိုတောင် သိပါပေတယ်" လို့ ကျေနပ် သဘောကျကာ ဘုရားလောင်းအမတ်အား များစွာသော အခြွေအရံကို ပေးပါတယ်။ ပညာရှိအမတ်က ဘုရားအလောင်း ဖြစ်ပြီး မင်းက အရှင်အာနန္ဒာအလောင်း ဖြစ်ပါတယ်။ မြင်းထိန်းဂိရိဒတ္တက အရှင်ဒေဝဒတ်အလောင်း ဖြစ်ပါတယ်။

(ဇာတ်၊ ၄၊ ဒု၊ ၈၉)

"အတုမြင် အတတ်သင်" ဆိုတဲ့ သဘောဟာ တိရစ္ဆာန်တွေမှာလည်း ရှိနေပါတယ်။ လူ့လောကမှာတော့ လူငယ်တွေမှာ ပိုပြီး ရှိတတ်ပါတယ်။ အတုယူသင့်တာကိုတော့ အတုယူရပါတယ်။ အတုမယူသင့်တာကိုတော့ မယူရပါ။ ရှေ့ဆောင်ပုဂ္ဂိုလ်တွေရဲ့ ဟန်ပန်အမူအရာ၊ အပြောအဆို၊ စိတ်နေစိတ်ထားတွေ နောက်ကို နောက်လိုက်ပုဂ္ဂိုလ်တွေက လိုက်ပြီး လုပ်တတ်ကြပါတယ်။ ရှေ့ဆောင်ပုဂ္ဂိုလ်တွေက ကောင်းတဲ့ အတုတွေကိုသာ ပေးမိအောင် သတိပြုကြရပါမယ်။ နောက်လိုက်တွေက ကောင်းတဲ့ အတုတွေကိုသာ ယူကာ လိုက်လုပ်ကြဖို့ လိုအပ်လှပါတယ်။

http://www.dhammadownload.com



ထန်းရည်ခါး သောက်, အရက်သောက်, ဆေးလိပ်သောက်, ဖိုးရှူ, ဘိန်းရှူ, မူးယစ်ဆေးမျိုးစုံ သုံး, ဖဲရိုက်, လောင်းကစား လုပ်, တံငါ လုပ်, မုဆိုး လုပ်, နွားသတ်, ဝက်သတ်, ကြက်သတ်, ခိုးဝှက်, လုယက်, လိမ်ညာပြော, အိမ်ထောင်ရေး ပွေ, အပြောကြမ်း, အဆုံးအမကြမ်း (အရိုက် ကြမ်း), ဆဲဆို, ဟိန်းဟောက်, မာန်မဲ, ကုန်းတိုက်, အတင်း ပြော, သူတစ်ပါးအပေါ် မကောင်းကြံ, ကလိမ်ကကျစ် လုပ်, သူတစ်ပါး အား ချောက်တွန်းတတ်တဲ့ မိဘတွေရဲ့ အစ်ကို၊ အစ်မတွေရဲ့ အပြုဆိုး, အပြောဆိုး, အကြံဆိုးတွေကို သားသမီးဖြစ်သူတွေ, ညီတွေ, ညီမတွေ က အတုလိုက်ကာ လိုက်လုပ်တတ်ကြပါတယ်။ လူငယ်တွေက လူကြီး တွေရဲ့ အပြုအမူ, အပြောအဆို, အကြံအတွေးကို အတုခိုးတတ်ကြပါ တယ်။ လူတွေဟာ အထူးသဖြင့် လူငယ်တွေဟာ လောကမှာ ထင်ပေါ် ကျော်ကြား စိတ်ဝင်စားခံရသူတွေရဲ့ အပြုအမူ, အပြောအဆိုတွေကို လည်း အတုယူတတ်ကြပါသေးတယ်။ အတုခိုးတတ်ကြပါသေးတယ်။

မိဘတွေရဲ့ အတုကို သားသမီးတွေက လိုက်တတ်ကြသလို ဆရာသမားတွေရဲ့ အတုကိုလည်း တပည့်တွေက လိုက်တတ်ကြပါ တယ်။ ဒါကြောင့် ဆရာသမားတွေရဲ့ ပြုမူပုံ, ပြောဆိုပုံ, တွေးပုံတွေဟာ တပည့်တွေမှာပါ ကူးစက်သွားတတ်ကြပါတယ်။ မိဘတွေထံကပဲ ဖြစ် ဖြစ်, ဆရာသမားတွေထံကပဲ ဖြစ်ဖြစ်, အစ်ကို၊ အစ်မ စသူတွေထံကပဲ ဖြစ်ဖြစ်, ထင်ပေါ်ကျော်ကြား လူသိများပြီး စိတ်ဝင်စားခံသူတွေထံကပဲ ဖြစ်ဖြစ် ဘယ်သူ့ထံကမဆို ကောင်းတဲ့ အပြုအမူ, အပြောအဆို, အကြံ အတွေးတွေကိုသာ သားသမီးဖြစ်သူတွေ၊ တပည့်ဖြစ်သူတွေဟာ အတု ယူပြီး လိုက်ကြရပါတယ်။ ဘယ်သူ့ထံကဖြစ်ဖြစ် မကောင်းတဲ့ အပြုအမူ, အပြောအဆို, အကြံအတွေးတွေကိုတော့ အတု မယူရပါ၊ အတု မခိုးရပါ။

http://www.dhammadownload.com



မိဘ, ဆရာသမား, အစ်ကို, အစ်မ စသူတွေ, ထင်ပေါ်ကျော်ကြားသူတွေဟာ ခြေခွင်နေတဲ့ မြင်းထိန်းသမားလို မဖြစ်သင့်ကြပါ။ ခြေမခွင်တဲ့ မြင်းထိန်းလို ဖြစ်သင့်ကြပါတယ်။ မိဘ, ဆရာသမား, အစ်ကို, အစ်မ စသူတွေ ထင်ပေါ်ကျော်ကြားသူတွေက ခြေခွင်တဲ့ မြင်းထိန်းလို ဖြစ်နေကြစေဦးတော့ ကိုယ်က ခြေလိုက်မခွင်မိအောင် သတိဆောင်ကြရပါမယ်။

## လင်္ကာ

၁။ မြင်းထိန်းခွင်တာ, ကြည့်သွားရာ, မြင်းပါ ခွင်သွားသည်။
၂။ ရှေ့ဆောင်ပြုမူ, နောက်လိုက်သူ, တုယူတတ်ပါသည်။
၃။ ရှေ့ဆောင်သူများ, သတိထား, ပြောကြားပြုမူရပါသည်။
၄။ နောက်လိုက်တွေကား, အတုမှား, ရှောင်ရှားကြရမည်။

❖

http://www.dhammadownload.com

# ချိုရာမှ ခါးသွားတဲ့ သရက်

ဒမိဝါဟန မည်တဲ့ မင်းဟာ ဗာရာဏသီပြည်မှာ တရားနဲ့အညီ မင်းလုပ် အုပ်ချုပ်နေပါတယ်။ တစ်နေ့မှာ အဲဒီမင်းက မြစ်ကြီးထဲ ကြုတ် သဖွယ်ဖြစ်တဲ့ ကွန်ထဲမှာ ရေကစားနေပါတယ်။ အဲဒီအခါ ကဏ္ဏမုဏ္ဍ အိုင်က နတ်တွေ သုံးဆောင်တဲ့ သရက်သီးမှည့်တစ်လုံးဟာ လာပြီး ပိုက်ကွန်မှာ ငြိကပ်ပါတယ်။ ပိုက်ကွန်ကို မြှောက်ချိကြတဲ့အခါ အဲဒီ သရက်သီးကို မြင်ပြီး မင်းအား ပေးကြပါတယ်။ အဲဒီသရက်သီးဟာ ကြီးပါတယ်။ အိုးလောက် အတိုင်းအတာ ရှိပါတယ်။ ဝန်းဝိုင်းနေပါ တယ်။ ရွှေအဆင်း ရှိပါတယ်။ မင်းက “အဲဒီအသီးက ဘာအသီးလဲ” လို့ မေးပါတယ်။ သရက်သီး လို့ ကြားရပြီး သုံးဆောင်ပါတယ်။ အဲဒီ သရက်သီးရဲ့ အစေ့ကို သူ့ရဲ့ဥယျာဉ်မှာ စိုက်ခိုင်းပါတယ်။ နို့ရည်နဲ့ အလောင်း ခိုင်းပါတယ်။ သရက်ပင်ဟာ ဖြစ်ပေါ်လာပြီး သုံးနှစ်မြောက် မှာ အသီးသီးပါတယ်။ သရက်ပင်အား ပူဇော်မှုဟာ ကြီးကျယ်ပါတယ်။ နို့ရည်နဲ့ သွန်းလောင်းကြပါတယ်။ နံ့သာပါတဲ့ လက်ငါးချောင်းအရာကို ပေးကြပါတယ်။ ပန်းကုံးတွေကို ဝိုင်းရံပေးကြပါတယ်။ နံ့သာဆီနဲ့ ဆီမီး ကို တောက်စေကြပါတယ်။ အဲဒီသရက်ပင်ကို အဝတ်ကန့်လန့်ကာနဲ့ ကာရံပေးကြပါတယ်။ အသီးတွေက ချိုမြိန်ကြပါတယ်။ ရွှေအဆင်း ရှိကြပါတယ်။

http://www.dhammadownload.com



ဒဓိဝါဟနမင်းက အခြားမင်းတွေထံ သရက်သီးကို ပို့လွှတ်တဲ့အခါ သရက်စေ့မှ သရက်ပင်ပေါက်မှာ ကြောက်လို့ အညွန့်ပေါ်ထွက်မယ့် နေရာကို ဖားကျောဆူးနဲ့ ထွင်းဖောက်ပြီး ပို့လွှတ်လိုက်ပါတယ်။ အဲဒီမင်းတွေက သရက်သီးကို ခဲစားပြီး အစေ့ကို စိုက်ပျိုးတဲ့အခါ မပေါက်ပါ။ အဲဒီမင်းတွေက "ဒီလို အပင်မပေါက်ရာမှာ အကြောင်းက ဘာပါလဲ" လို့ မေးကြတဲ့အခါ အဲဒီအကြောင်းကို သိသွားကြပါတယ်။ အဲဒီအခါ မင်းတစ်ပါးက ဥယျာဉ်စောင့်ကို ခေါ်ပြီး "ဒဓိဝါဟမင်းရဲ့ သရက်သီးတွေရဲ့ အရသာကို ဖျက်ဆီးပြီး ခါးအောင် လုပ်နိုင်မလား" လို့ မေးပါတယ်။ ဥယျာဉ်စောင့်က "လုပ်နိုင်ပါတယ်၊ အရှင်မင်း" လို့ လျှောက်ထားတဲ့အခါ "ဒီလိုဆိုရင် သင်ဟာ သွားလော" လို့ ပြောကာ အသပြာတစ်ထောင်ပေးပြီး စေလွှတ်လိုက်ပါတယ်။ အဲဒီဥယျာဉ်စောင့်က ဗာရာဏသီပြည်ကို သွားပြီး "ဥယျာဉ်စောင့်တစ်ယောက် လာပါတယ်" လို့ မင်းထံ လျှောက်တင်ခိုင်းပါတယ်။ မင်းက အခေါ်ခိုင်းခံရလို့ ဝင်ပြီး မင်းကို ရှိခိုးပါတယ်။ "သင်ဟာ ဥယျာဉ်စောင့်ပါလား" လို့ မင်းက မေးလို့ "ဟုတ်ပါတယ် အရှင်မင်း" လို့ ဥယျာဉ်စောင့်က လျှောက်တင်ပြီး မိမိရဲ့အစွမ်းကို ချီးမွမ်းပါတယ်။

မင်းက "သင် သွားပါ။ ငါတို့ရဲ့ ဥယျာဉ်စောင့်ထံမှာ နေပါ" လို့ ပြောလိုက်ပါတယ်။ အဲဒီအချိန်ကစပြီး အဲဒီဥယျာဉ်စောင့် နှစ်ယောက်က ဥယျာဉ်ကို ပြုစုကြပါတယ်။ အခုမှ ရောက်လာတဲ့ ဥယျာဉ်စောင့်က အခါမဲ့ပန်းတွေကို ကောင်းကောင်း ပွင့်အောင် လုပ်ပါတယ်။ အခါမဲ့ အသီးတွေကို သီးအောင် လုပ်ပါတယ်။ ဥယျာဉ်ကို ပျော်မွေ့ဖွယ် ဖြစ်အောင် ပြုလုပ်ပါတယ်။ မင်းက ဥယျာဉ်စောင့်အသစ်ကို သဘောကျ

http://www.dhammadownload.com



ပြီး ဥယျာဉ်စောင့်အဟောင်းကို ဖယ်ရှားလိုက်ပါတယ်။ အဲဒီဥယျာဉ်စောင့်အသစ်အားသာ ဥယျာဉ်ကို ပေးလိုက်ပါတယ်။ ဥယျာဉ်စောင့်အသစ်က ဥယျာဉ် မိမိလက်ထဲ ရောက်လာတာကို သိပြီး သရက်ပင်ကို ဝိုင်းရံကာ တမာပင်တွေကိုရော ခွေးတောက်နွယ်တွေပါ စိုက်ပျိုးပါတယ်။ အစဉ်အတိုင်း တမာတွေက ကြီးထွားလာကြပါတယ်။ အမြစ်အမြစ်ချင်း၊ အကိုင်း အကိုင်းချင်း ရောယှက် ရစ်ပတ်သွားကြပါတယ်။ အဲဒီ အရသာမကောင်းတဲ့ မချိုတဲ့ အရာတွေနဲ့ ရောနှောသွားလို့ ဒီလောက်ချိုတဲ့ အသီးရှိတဲ့ သရက်ပင်ဟာ ခါးသွားပါတယ်။ တမာရွက်အရသာနဲ့ တူတဲ့ အရသာ ရှိသွားပါတယ်။ သရက်သီးတွေ ခါးသွားတာကို သိပြီး ဥယျာဉ်စောင့်ဟာ ထွက်ပြေးသွားပါတော့တယ်။ ဒဓိဝါဟနမင်းက ဥယျာဉ်ကို သွားပြီး သရက်သီးကို စားတဲ့အခါ ပါးစပ်ထဲ ဝင်သွားတဲ့ သရက်သီးအရည်ကို တမာအရွက်ဖတ်ပမာ မျိုချဖို့ မစွမ်းနိုင်ပါ။ ကက်ဆိုတဲ့ အသံကို ပြုလုပ်ပြီး ထွေးထုတ်လိုက်ပါတယ်။ အဲဒီအခါ ဘုရားလောင်းက မင်းအား အကျိုးအကြောင်းကို ပြောပြရတဲ့ အမတ်ဖြစ်နေပါတယ်။ မင်းက ဘုရားလောင်းကို ခေါ်ပြီး “ပညာရှိ၊ ဒီသစ်ပင်မှာ ရှေးက အစောင့်အရှောက်မှ ယုတ်လျော့တာ မရှိပါ။ ဒါပေမဲ့ ဒီသရက်ပင်ရဲ့ အသီးဟာ ခါးသွားပါတယ်။ အကြောင်းက ဘာပါလဲ” လို့ မေးပါတယ်။

“အို ဒဓိဝါဟနမင်း၊ သင်ရဲ့ တမာပင်တွေ ခြံရံထားတဲ့ သရက်ပင်ဟာ တမာပင်နဲ့ အမြစ်ချင်း၊ အခက်ချင်း ရောနှော ထွေးယှက်နေပါတယ်။ အရသာ မကောင်းတာနဲ့ ရောယှက်နေလို့ သရက်ပင်ဟာ ခါးတဲ့ အသီး ရှိသွားပါတယ်” လို့ ဘုရားလောင်းက ခါးသွားရခြင်းရဲ့ အကြောင်းကို ပြောပြပါတယ်။

http://www.dhammadownload.com



မင်းက ဘုရားလောင်းအမတ်ရဲ့ စကားကို ကြားရပြီး တမာပင်အားလုံးကိုရော ခွေးတောက်နွယ်အားလုံးကိုပါ အဖြတ်ခိုင်းပါတယ်။ အမြစ်တွေကို အနုတ်ခိုင်းပါတယ်။ ပတ်ဝန်းကျင်က မချိုတဲ့ မြေမှုန့်တွေကို ဖယ်ရှားခိုင်းပါတယ်။ ချိုတဲ့မြေမှုန့်တွေကို အထည့်ခိုင်းပါတယ်။ နို့ရည်၊ သကြားရည်၊ နံ့သာရည်တွေနဲ့ သရက်ပင်ကို ပြုစုခိုင်းပါတယ်။ အဲဒီသရက်ပင်ဟာ အချိုနဲ့ ရောယှက်ရလို့ နောက်တစ်ဖန် ပြန်ချိုသွားပါတယ်။ မင်းက ဉယျာဉ်စောင့်အဟောင်းအားသာ ဉယျာဉ်ကို အပ်နှင်းပြီး အသက်ထက်ဆုံး နေပြီး ကံအားလျော်စွာ နောက်ဘဝခရီးကို ဆက်သွားပါတယ်။ (ဇာတ်၊ ၄၊ ဒု၊ ၉၅)

"တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး"ဆိုတဲ့ မြန်မာစကားပုံဟာ ဒီဇာတ်ကို ကြည့်ပြီး ဖြစ်ပေါ်လာပုံရပါတယ်။ ဖက်ရွက်ဟာ ပန်းမွှေးမွှေးလေးနဲ့ ပေါင်းဖက်ရတဲ့အခါ ရနံ့ မွှေးကြိုင်နေပါတယ်။ ငါးပိပုပ်နဲ့ ပေါင်းဖက်ရတဲ့အခါမှာတော့ အနံ့ ဆိုးသွားပါတော့တယ်။ တံငါ၊ မုဆိုး၊ သူခိုး၊ လူညာ၊ အရက်သမား၊ ဘိန်းသမား စတဲ့ လူဆိုး၊ လူညံ့တွေနဲ့ ပေါင်းသင်းမိသူဟာ သူတို့လိုပဲ လူဆိုး၊ လူညံ့ ဖြစ်သွားတတ်ပါတယ်။ သာယာချိုမြိန်တဲ့ ဘဝလေး တည်ဆောက်နိုင်ဖို့ရာ အပေါင်းအသင်းဟာ အလွန်ပဲ အရေးကြီးလှပါတယ်။ မကောင်းတဲ့ အပေါင်းအသင်းကို ပေါင်းသင်းမိလို့ လူကောင်းက လူဆိုး ဖြစ်သွားရပါတယ်။ လူလိမ္မာက လူမိုက်ဖြစ်သွားရပါတယ်။ လူတော်က လူညံ့ဖြစ်သွားရပါတယ်။ အပေါင်းအသင်းဖျက်လို့ ဘဝ ပျက်သွားရသူတွေဟာ လောကကြီးမှာ များလှပါတယ်။ မိမိဘဝ တိုးတက် ကြီးပွားလိုသူတိုင်းဟာ အပေါင်းအသင်း အဖျက်မခံရအောင် သတိထားကြရပါမယ်။ မကောင်းတဲ့ အပေါင်းအသင်းတွေကို ရှောင်ရှားကြရပါမယ်။

http://www.dhammadownload.com



## လင်္ကာ

၁။ မုဆိုးနဲ့ ပေါင်းလျှင်, မုဆိုးပင်, အသင် ဖြစ်လိမ့်မည်။
၂။ တံငါနဲ့ ပေါင်းလျှင်, တံငါပင်, အသင် ဖြစ်လိမ့်မည်။
၃။ သူခိုးနဲ့ ပေါင်းလျှင်, သူခိုးပင်, အသင် ဖြစ်လိမ့်မည်။
၄။ လူညာနဲ့ ပေါင်းလျှင်, လူညာပင်, အသင် ဖြစ်လိမ့်မည်။
၅။ အရက်သမားနဲ့ ပေါင်းလျှင်,
အရက်သမားပင်, အသင် ဖြစ်လိမ့်မည်။
၆။ ဘိန်းသမားနဲ့ ပေါင်းလျှင်, ဘိန်းသမားပင်, အသင် ဖြစ်လိမ့်မည်။
၇။ လူညံ့နဲ့ ပေါင်းလျှင်, လူညံ့ပင်, အသင် ဖြစ်လိမ့်မည်။
၈။ လူဆိုးနဲ့ ပေါင်းလျှင်, လူဆိုးပင်, အသင် ဖြစ်လိမ့်မည်။
၉။ လူကောင်းနဲ့ ပေါင်းလျှင်, လူကောင်းပင်, အသင် ဖြစ်လိမ့်မည်။
၁၀။ လူတော်နဲ့ ပေါင်းလျှင်, လူတော်ပင်, အသင် ဖြစ်လိမ့်မည်။
၁၁။ ပိုတော်သူနဲ့ ပေါင်းလျှင်, သူ့လိုပင်, အသင် ဖြစ်လိမ့်မည်။
၁၂။ ပိုကောင်းသူနဲ့ ပေါင်းလျှင်, သူ့လိုပင်, အသင် ဖြစ်လိမ့်မည်။
၁၃။ သရက်ချိုပင်, တမာပင်, ပူးယှဉ် ခါးသွားသည်။
၁၄။ လူကောင်းသည်ပင်, လူဆိုးတွင်, ပေါင်းလျှင် ဆိုးသွားသည်။
၁၅။ တမာလို လူစား, အသင်ကား, ရှောင်ရှားရပါမည်။

❖

http://www.dhammadownload.com

# သူ့နည်း

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်တဲ့အခါ ဘုရားလောင်းက အဲဒီဗြဟ္မဒတ်မင်းရဲ့ မိဖုရားခေါင်ကြီးဝမ်းဗိုက်မှာ ပဋိသန္ဓေ ယူပါတယ်။ အမိဝမ်းဗိုက်က ထွက်လာတဲ့ ဘုရားလောင်းကို နာမည်မှည့်ရာနေ့မှာ ဗြဟ္မဒတ္တမင်းသားလို့ နာမည်မှည့်ကြပါတယ်။ မင်းသားဟာ (၁၆) နှစ်အရွယ်ရောက်ပြီး တက္ကသိုလ်ပြည်မှာ အတတ်ပညာ သင်ယူပါတယ်။ ဗေဒင် (၃) ပုံရဲ့ တစ်ဖက်ကမ်းကို ရောက်ပြီး အတတ်ပညာ (၁၈) မျိုးရဲ့ အထွတ်အထိပ် ရောက်ပါတယ်။ အဲဒီအခါ မင်းသားအား ဖခင်က အိမ်ရှေ့မင်းရာထူး ပေးပါတယ်။ အဲဒီအချိန်မှာ ဗာရာဏသီမြို့သူမြို့သားတွေက နတ်တွေကို ကိုးကွယ် ဆည်းကပ်ကြပါတယ်။ နတ်တွေကို ရှိခိုးကြပါတယ်။ များစွာသော ဆိတ်, သိုး, ကြက်, ဝက်စတဲ့ သတ္တဝါတွေကို သတ်ကာ အမျိုးမျိုးသော ပန်းနံ့သာတွေနဲ့ရော၊ အသားအသွေးတွေနဲ့ပါ ပူဇော်ပသမှုကို ပြုကြပါတယ်။ ဘုရားလောင်းက ဒီလို ကြံပါတယ်။

"အခုအခါ သတ္တဝါတွေဟာ နတ်တွေကို ကိုးကွယ်ဆည်းကပ်နေကြတယ်။ သတ္တဝါအများကို သတ်နေကြတယ်။ လူအများစုက များသောအားဖြင့် မတရားမှုမှာသာ သက်ဝင်နေတယ်။ ငါဟာ ဖခင် ကွယ်လွန်သွားတဲ့အခါ မင်းအဖြစ်ကို ရပြီး တစ်ဦးတစ်ယောက်ကိုမှ မပင်ပန်းစေဘဲ နည်းလမ်းနဲ့သာ သတ္တဝါတွေကို သတ်ခွင့် မပေးအံ့။"

http://www.dhammadownload.com



ဘုရားလောင်း မင်းသားဟာ တစ်နေ့မှာ ရထားပေါ်တက်စီးပြီး ထွက်သွားပါတယ်။ ပညောင်ပင်ကြီးတစ်ပင်မှာ လူအများ စုဝေးနေတာ၊ အဲဒီသစ်ပင်မှာ ဖြစ်တဲ့ နတ်ထံ သားသမီး၊ အခြွေအရံ၊ ဥစ္စာပစ္စည်း စသည်တွေထဲက ကိုယ်အလိုရှိရာရာကို ဆုတောင်းနေတာတွေကို မြင် သွားပါတယ်။ ဘုရားလောင်းမင်းသားက အဲဒီလူအပေါင်းကို မြင်ပြီး ရထားပေါ်က ဆင်းကာ အဲဒီသစ်ပင်ဆီ ချဉ်းကပ်ပါတယ်။ နံ့သာ၊ ပန်းတွေနဲ့ ပူဇော်ပါတယ်။ ရေနဲ့ အဘိသိက် သွန်းလောင်းပါတယ်။ သစ်ပင်ကို လယ်ယာရစ်လှည့်ပြီး နတ်ပူဇော်သူပမာ လုပ်ပါတယ်။ နတ်ကို ရှိခိုးပြီး ရထားပေါ် တက်စီးကာ မြို့သို့ ဝင်ပါတယ်။ အဲဒီအချိန်ကစပြီး အဲဒီနည်းနဲ့ပဲ အကြား အကြားမှာ အဲဒီပညောင်ပင်ကို သွားကာ နတ်ကိုးကွယ်သူပမာ လုပ်ပြီး ပူဇော်မှုကို ပြုပါတယ်။

ဘုရားလောင်းမင်းသားဟာ နောင်အခါမှာ ဖခင် ကွယ်လွန်တော့ မင်းအဖြစ်မှာ တည်ရှိပါတယ်။ အဂတိ (၄) ပါးတွေကို ရှောင်ရှားပါတယ်။ မင်းကျင့်တရား (၁၀) ပါးတွေကို မပျက်စီးစေဘဲ မင်းလုပ် အုပ်ချုပ်ရင်း ဒီလို ကြံစည်ပါတယ်။

"ငါ့ရဲ့ အလိုဆန္ဒဟာ အထွတ်အထိပ်သို့ ရောက်ပြီ။ ငါဟာ မင်းအဖြစ်မှာ တည်ပြီးပြီ။ အရင်က ငါ ကြံစည်ခဲ့တဲ့ ကိစ္စတစ်ခုကို အခုအခါ အထွတ်အထိပ်သို့ ရောက်အောင် လုပ်တော့မယ်။"

အဲဒီလို ကြံစည်ပြီး အမတ်တွေကိုရော ပုဏ္ဏား၊ သူကြွယ် စသူတွေကိုပါ စုဝေးခိုင်းပြီး ဒီလို မိန့်ပါတယ်။

"အမောင်တို့၊ ငါဟာ ဘာကြောင့် ဒီမင်းအဖြစ်ကို ရောက်ရသလဲ ဆိုတာ သိကြပါသလား။"

http://www.dhammadownload.com



"အရှင်မင်း၊ မသိကြပါ"

"ငါ ဒီအမည်ရှိတဲ့ ပညောင်ပင်ကို နံ့သာစသည်တွေနဲ့ ပူဇော်ပြီး လက်အုပ်ချီကာ ရှိခိုးတာကို သင်တို့ မြင်ဖူးကြတယ် မဟုတ်လား။"

"အရှင်မင်း၊ မြင်ဖူးကြပါတယ်။"

"အဲဒီအခါက ငါဟာ အကျွန်ုပ် မင်းအဖြစ်ကို ရောက်ခဲ့ရင် သင် နတ်မင်းအား ပူဇော်ပသမှုကို ပြုပါမယ်လို့ ဆုတောင်းမှု ပြုခဲ့တယ်။ အဲဒီနတ်ရဲ့ အစွမ်းကြောင့် ငါဟာ ဒီမင်းအဖြစ်ကို ရခဲ့တယ်။ အခု အဲဒီ နတ်အား ပူဇော်ပသမှုကို ငါ ပြုလုပ်မယ်။ သင်တို့ဟာ အချိန်မဆွဲဘဲ မြန်မြန် နတ်အား ပူဇော်ပသဖို့ ပြင်ဆင်ကြလော။"

"အရှင်မင်း၊ အကျွန်ုပ်တို့က ဘာကို ယူကြရပါမလဲ။"

"အမောင်တို့၊ ငါဟာ နတ်ထံ ဆုတောင်းတဲ့အခါ အကျွန်ုပ်ရဲ့နိုင်ငံမှာ သူ့အသက်သတ်မှု စတဲ့ သီလမရှိသူတို့ အလုပ်ငါးမျိုး (ငါးပါးသီလ ကျိုးပျက်မှု) တွေ၊ ဒုစရိုက် (၁၀) ပါးတွေကို ပြုလုပ်ကြသူတွေကို သတ်ပြီး အူခွေ၊ အသား၊ အသွေး စသည်တွေနဲ့ ပူဇော်ပသမှုကို ပြုလုပ်ပါမယ်လို့ ဆုတောင်းခဲ့ပါတယ်။ ဒါကြောင့် သင်တို့ဟာ ဒီလိုပြောကာ စည်ကို လှည့်လည်စေကြပါလော။"

"ငါတို့ရဲ့ မင်းက အိမ်ရှေ့မင်း ဖြစ်စဉ်ကပင် အကျွန်ုပ်ဟာ မင်းအဖြစ်ကို ရောက်ရင် အကျွန်ုပ်ရဲ့ နိုင်ငံထဲက သီလမရှိသူတွေ အားလုံးကို သတ်ပြီး ပူဇော်ပသပါမယ်လို့ ဆုတောင်းခဲ့ပါတယ်။ အဲဒီမင်းက အခု ငါးပါးသီလ ကျိုးပျက်သူ၊ ဒုစရိုက် (၁၀) ပါး ပြုကျင့်သူတွေ တစ်ထောင်ကို နှလုံး၊ အသား စသည်တွေကို ယူခိုင်းကာ နတ်အား ပူဇော်ပသမှု ပြုလုပ်လိုနေပါတယ်။ အဲဒီလို မြို့သူမြို့သားတွေ သိကြပါလော။"

http://www.dhammadownload.com



အဲဒီလို ပြောပြီး "အခုအချိန်ကစပြီး သီလကျိုးပျက်သူ တစ်ထောင်ကို သတ်ကာ ယဇ်ပူဇော်ပြီး ဆုတောင်းမှုမှ လွတ်အောင် လုပ်မယ်"လို့ ပြောလိုလို့ အောက်ပါစကားကို ပြောပါတယ်။

"ဒီအမှုကို လုပ်သင့်တယ်၊ ဒီအမှုကို လုပ်ဖို့ မသင့်" လို့ မသိသူတွေ၊ ဒုစရိုက် (၁၀) ပါး ပြုကျင့်သူတွေ တစ်ထောင်နဲ့ ယဇ်ပူဇော်ပါမယ်လို့ ငါဟာ ပညောင်ပင်စောင့်နတ်ထံ ချဉ်းကပ်ကာ ဆုတောင်းခဲ့ပါတယ်။ အဲဒီတောင်းဆုအရ မင်းအဖြစ်ကို ရထားလို့ အခုအခါ ငါဟာ ယဇ်ပူဇော်ပါမယ်။ အကြောင်းကတော့ လူအများဟာ တရားမရှိလို့ပါပဲ။"

အမတ်တွေက ဘုရားလောင်းရဲ့စကားကို ကြားရပြီး "အရှင်မင်း၊ ကောင်းပါတယ်" လို့ လျှောက်တင်ကာ (၁၂) ယူဇနာရှိတဲ့ ဗာရာဏသီမြို့မှာ စည်ကို လှည့်လည်စေကြပါတယ်။ စည်ရဲ့အာဏာကို ကြားရပြီး သီလကျိုးပျက်မှု တစ်ခုကိုမျှ ပြုလုပ်သူ တစ်ယောက်မျှ မရှိတော့ပါ။ အဲဒီနည်းနဲ့ ဘုရားလောင်း မင်းလုပ် အုပ်ချုပ်နေသမျှ ငါးပါးသီလကျိုးပျက်သူ၊ ဒုစရိုက် (၁၀) ပါးထဲက တစ်ခုကိုမျှ ပြုလုပ်သူလည်း မထင်ရှားတော့ပါ။ အဲဒီလို နည်းနဲ့ ဘုရားလောင်းဟာ ပုဂ္ဂိုလ်တစ်ယောက်ကိုမှ မပင်ပန်းစေဘဲ နိုင်ငံသူ နိုင်ငံသားအားလုံးကို သီလ စောင့်ခိုင်းပါတယ်။ ကိုယ်တိုင်လည်း ဒါန စတဲ့ ကောင်းမှုတွေကို ပြုလုပ်ခိုင်းပါတယ်။ သေသွားတဲ့အခါ သူ့ပရိသတ်ကို ယူကာ နတ်ပြည်ကို ပြည့်စေလျက် သွားပါတယ်။ (ဇာတ်၊ ၄၊ ပ၊ ၂၇၆)

ဗာရာဏသီ ပြည်သူပြည်သား တစ်ဦးတစ်ယောက်ကိုမျှ မပင်ပန်းစေဘဲ ပြည်သူပြည်သားတွေ ငါးပါးသီလလုံခြုံအောင်၊ ဒုစရိုက်အမှုတွေ မပြုလုပ်အောင် ဆောင်ရွက်နိုင်တဲ့၊ ဆောင်ရွက်တတ်တဲ့ ဘုရားလောင်းမင်းရဲ့ အတွေးအခေါ်၊ ဆောင်ရွက်ချက်တွေဟာ အတုယူဖွယ်

http://www.dhammadownload.com



ကောင်းလှပါတယ်။ ပညာရှိမင်းရဲ့ အသိအလိမ္မာ ဉာဏ်ပညာကို အမှီပြု ပြီး နိုင်ငံသူ နိုင်ငံသားတွေရော၊ တိရစ္ဆာန်တွေပါ ချမ်းသာခွင့် ရကြပါ တယ်။ ကုသိုလ်ပွားခွင့် ရကြပါတယ်။ နောင်ဘဝကောင်းကို ရကြပါ တယ်။ ပညာ ရှိမင်းရဲ့ အသိအလိမ္မာ ဉာဏ်ပညာဟာ အများချမ်းသာဖို့ အသုံးဝင်လှပါပေတယ်။ ဘုရားလောင်းမင်းမှာ ပညာရှိသလို အကြင်နာ လည်း ရှိပါပေတယ်။ မေတ္တာလည်း ရှိပါပေတယ်။ ပညာ၊ အကြင်နာ၊ မေတ္တာတွေနဲ့ ဆောင်ရွက်နိုင်သူတွေရဲ့ လုပ်ရပ်တွေဆိုတာ အများ ချမ်း သာဖို့ရာ ဖြစ်ပါပေတယ်။ လောကသားတွေရဲ့ အကျိုးစီးပွားကို ဆောင် ရွက်လိုသူတိုင်းဟာ ပညာ၊ အကြင်နာ၊ မေတ္တာတွေ ရှိရပါတယ်။ ပညာ၊ အကြင်နာ၊ မေတ္တာတွေရှိရင် ရှိသလောက် လောကအကျိုးပြု လုပ်ငန်း ဟာ အောင်မြင်လာတာပါပဲ။

ရှေ့ဆောင်ကောင်းလုပ်လိုတဲ့ လူငယ်တွေဟာ ပညာလည်း ရှိကြ ရပါမယ်။ အကြင်နာလည်း ရှိကြရပါမယ်။ မေတ္တာလည်း ရှိကြရပါမယ်။ ပညာ၊ အကြင်နာ၊ မေတ္တာတွေ အားနည်းနေသေးရင် အားကောင်းလာ အောင် လေ့ကျင့်ပေးကြပါမယ်။ အလေ့အကျင့် ပြုလုပ်ရင် ဘယ်အရာ မဆို ပြည့်စုံလာစမြဲပါပဲ။ ဘုရားလောင်းမင်းက အဂတိ (၄) ပါးကို ရှောင်တယ် တဲ့။ အဲဒီအဂတိ (၄) ပါးကို သိထားရပါမယ်။ ဒါမှ ရှောင် လို့ ရပါမယ်။

### အဂတိ (၄) ပါး

၁။ ဆန္ဒာဂတိ = ချစ်လို့ မလုပ်သင့်တာကို လုပ်မှု။
၂။ ဒေါသာဂတိ = မုန်းလို့ မလုပ်သင့်တာကို လုပ်မှု။

http://www.dhammadownload.com



၃။ မောဟာဂတိ = မသိလို့ မလုပ်သင့်တာကို လုပ်မှု။
၄။ ဘယာဂတိ = ကြောက်လို့ မလုပ်သင့်တာကို လုပ်မှု။

**(ပါထိကပါဠိ၊ ၁၉၁-စသည်)**

ဘုရားလောင်းမင်းဟာ မင်းကျင့်တရား (၁၀) ပါးတို့ကို မပျက်စီးစေဘဲ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ပါတယ်တဲ့။ စာရှုသူဟာ အကယ်၍ မင်း ဖြစ်ခဲ့ရင် လိုက်နာကျင့်သုံးရအောင် မင်းကျင့်တရား (၁၀) ပါးကို သိထားရပါမယ်။ သိမှ ကျင့်လို့ ရပါမယ်။

## မင်းကျင့်တရား (၁၀) ပါး

၁။ ဒါန = လှူဒါန်းကြောင်း စေတနာ။
၂။ သီလ = (၅) ပါးသီလ, (၁၀) ပါးသီလကို ဆောက်တည်ခြင်း။
၃။ ပရိစ္စာဂ = လှူဖွယ်တွေကို စွန့်လွှတ်ခြင်း။
၄။ အဇ္ဇဝ = စိတ်နှလုံး ဖြောင့်မတ်ခြင်း။
၅။ မဒ္ဒဝ = ကိုယ်, နှုတ်တို့ နူးညံ့သိမ်မွေ့ခြင်း။
၆။ တပ = ရှစ်ပါးသီလဥပုသ်ကို ဆောက်တည်ခြင်း။
၇။ အက္ကောဓနေ = မေတ္တာရှေ့ထား အမျက်မပွားခြင်း။
၈။ အဝိဟိံသာ = တိုင်းသူပြည်သားတွေကို မညှဉ်းဆဲခြင်း။
၉။ ခန္တိ = သည်းခံခြင်း။
၁၀။ အဝိရောဓနေ = တိုင်းသူပြည်သားတွေနဲ့ မဆန့်ကျင်ခြင်း။

**(ဇာတကပါဠိ၊ ဒု၊ ၉၇)**

http://www.dhammadownload.com



ဘုရားလောင်းမင်းက တိုင်းသားပြည်သူတွေကို ငါးပါးသီလ လိုက်နာ ကျင့်သုံး စေပါတယ်တဲ့။ နိုင်ငံသူ နိုင်ငံသားအားလုံး ငါးပါး သီလ လုံခြုံကြရင် သိပ်ကောင်းမှာပါပဲ။ ငါးပါးသီလကို စာရှုသူ သိပြီး ဖြစ်ပါလိမ့်မယ်။ မသိသေးရင် သိအောင် ရေးသားလိုက်ပါမယ်။

## သိက္ခာပုဒ် (၅) ပါး

၁။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်မှု။

၂။ သူ့ဥစ္စာခိုးယူမှုမှ ရှောင်ကြဉ်မှု။

၃။ သူ့သားမယား ဖျက်ဆီးမှုမှ ရှောင်ကြဉ်မှု။

၄။ လိမ်ညာပြောမှုမှ ရှောင်ကြဉ်မှု။

၅။ အရက်သေစာ သောက်စားမှုမှ ရှောင်ကြဉ်မှု။

**(ပါထိက ပါဠိ၊ ၁၉၆)**

ဘုရားလောင်းမင်းက တိုင်းသားပြည်သူတွေကို ဒုစရိုက် (၁၀) ပါး ထဲမှ တစ်ပါးကိုမျှ မကျူးလွန်အောင် ဆောင်ရွက်ပါသတဲ့။ ဒုစရိုက်လို့ အပြောများနေကြပေမယ့် ဒုစရိုက်တွေက ဘာတွေလဲ ဆိုတဲ့ အမေးနဲ့ အဖြေကို ပြည့်ပြည့်စုံစုံ တိတိကျကျ သိသူက များချင်မှ များပါလိမ့်မယ်။

## ဒုစရိုက် (မကောင်းတဲ့ အကျင့်) ၁၀ - ပါး

**မကောင်းတဲ့ ကိုယ်ကျင့် (၃) ပါး**

၁။ သူ့အသက်ကို သတ်မှု။

၂။ သူ့ဥစ္စာကို ခိုးမှု။

၃။ ကာမဂုဏ်တို့၌ ယုတ်ယုတ်မာမာ ကျင့်မှု။

http://www.dhammadownload.com



**မကောင်းတဲ့ နှုတ်ကျင့် (၄) ပါး**

၁။ လိမ်ညာပြောမှု

၂။ ကုန်းတိုက်မှု။

၃။ ကြမ်းကြမ်းတမ်းတမ်း ပြောမှု။

၄။ ပြိန်ဖျင်းတဲ့ စကားကို ပြောမှု။

**မကောင်းတဲ့ စိတ်ကျင့် (၃) ပါး**

၁။ သူတစ်ပါးပစ္စည်းကို "ငါ့ဟာ ဖြစ်ရင် ကောင်းလေစွ" လို့ မတရား ကြံစည်မှု။

၂။ "သေကျေပျက်စီးသွားရင် ကောင်းလေစွ" လို့ သူတစ်ပါးကို ပြစ်မှားမှု။

၃။ အယူမှားမှု။ (ကံ, ကံရဲ့အကျိုးကို မယုံမှု။)

**(အံ၊ ပါဠိ၊ တ၊ ၄၉၀)**

### လက်ာ

၁။ ဘုရားလောင်းမင်းကား, အဂတိများ, ရှောင်ရှားပါပေသည်။

၂။ မင်းကျင့်တရား, ထိုဆယ်ပါး, သူကား ကျင့်ပေသည်။

၃။ နိုင်ငံသားများ, သီလငါး, သူကား လုံအောင် လုပ်ပေးသည်။

၄။ ဒုစရိုက်ဆယ်ပါး, ကျင့်ဆိုးများ, ရှောင်ရှားနိုင်အောင် လုပ်ပေးသည်။

၅။ သူ့နည်းပရိယာယ်, တုယူဖွယ်, တကယ် ကောင်းလှသည်။

❖

http://www.dhammadownload.com

# သားကို သတ်တဲ့ အဖေ

ရှေးအခါက ဗာရာဏသီမင်းဟာ အရက်နဲ့ ကင်းပြီး မနေနိုင်ပါ။ အသားမပါတဲ့ ဟင်းကိုလည်း မစားနိုင်ပါ။ မြို့မှာ ဥပုသ်နေ့တွေမှာ သား မသတ်ရလို့ အမိန့်ထုတ်ထားပါတယ်။ ထမင်းချက်သမားဟာ (၁၅) ရက် လဝက်ရဲ့ (၁၃) ရက်မြောက်နေ့မှာပဲ အသားကို ယူကာ ထားပါတယ်။ အထားနေရာတကျ မဟုတ်တဲ့ အဲဒီအသားကို ခွေးတွေက စားကြပါ တယ်။ ထမင်းချက်သမားက ဥပုသ်နေ့မှာ အသားကို မရလို့ မင်းအတွက် အရသာကောင်းအမျိုးမျိုးပါတဲ့ စားဖွယ်ကို ချက်ပြီး ပြာသာဒ်ပေါ် တက် ကာ မဆက်သဝံ့တဲ့အတွက် မိဖုရားထံ ချဉ်းကပ်ပြီး ဒီလို ပြောပါတယ်။

"အို စားဖိုသည်၊ ငါ့ရဲ့သားကို မင်းက ချစ်မြတ်နိုးပါတယ်။ ငါ့ရဲ့ သားကို မင်းက မြင်ပြီး အဲဒီသားကိုသာ စုပ်နမ်းလျက်၊ ပွေ့ဖက်လျက် ငါရှိမှန်းကိုတောင် မသိတော့ပါ။ ငါဟာ သားကို တန်ဆာဆင်ပြီး မင်းရဲ့ ပေါင်ပေါ်မှာ အထိုင်ခိုင်းပါမယ်။ မင်းက သားနဲ့အတူ ပျော်မြူးနေတဲ့ အခါ သင်က ထမင်းကို ဆက်သလိုက်ပါ။"

မိဖုရားက အဲဒီလို ပြောပြီး သူ့ရဲ့သားကို အဆင်တန်ဆာ ဆင်ပေး ပြီး မင်းရဲ့ပေါင်ပေါ်မှာ ထိုင်ခိုင်းပါတယ်။ မင်းက သားနဲ့အတူ ပျော်မြူး နေတဲ့အခါ ထမင်းချက်သမားက ထမင်းကို ဆက်သလိုက်ပါတယ်။ မင်း က အရက်မူးနေလို့ ဟင်းခွက်ထဲ အသားကို မမြင်ရတဲ့အခါ "အသား ဘယ်မှာလဲ" လို့ မေးလိုက်ပါတယ်။ "အရှင်မင်း၊ ဒီနေ့မှာ ဥပုသ်နေ့ ဖြစ် လို့ အသားမသတ်တဲ့အတွက် အသားကို မရပါ" လို့ ထမင်းချက်သမား

http://www.dhammadownload.com



က လျှောက်တင်ပါတယ်။ "ငါ့မှာ အသားဆိုတာ ရခဲတယ်" လို့ ပြောပြီး ပေါင်ပေါ်ထိုင်နေတဲ့ သားချစ်ရဲ့ လည်ပင်းကို လိမ်ကာ သတ်လိုက်ပါတယ်။ ထမင်းချက်သမားရဲ့ ရှေ့မှာ ပစ်ချလိုက်ပါတယ်။ "မြန်မြန် ချက်ပြီး သယ်ယူခဲ့ပါ" လို့ ပြောလိုက်ပါတယ်။ ထမင်းချက်သမားက ခိုင်းတဲ့ အတိုင်း လုပ်လိုက်ပါတယ်။ မင်းကို ကြောက်လို့ တစ်ယောက်ကမျှ ငိုကြွေးမြည်တမ်းဖို့၊ ပြောဖို့ စွမ်းနိုင်သူဆိုတာ မရှိပါ။

မင်းဟာ စားပြီး အိပ်ရာပေါ် အိပ်ပျော်သွားပါတယ်။ နံနက် မိုးသောက်အခါမှာ နိုးလာပြီး အမူးပြေသွားလို့ "ငါ့သားကို ခေါ်ဆောင်ခဲ့ကြပါ" လို့ ပြောပါတယ်။ အဲဒီအချိန်မှာ မိဖုရားဟာ ငိုကြွေးရင်း ခြေရင်းမှာ လဲကျသွားပါတယ်။ "ရှင်မ၊ ဘာပါလဲ" လို့ မင်းက မေးတဲ့အခါ "အရှင်မင်း၊ သင်ဟာ သားကို သတ်ပြီး သားရဲ့အသားနဲ့ ထမင်း စားလိုက်ပါပြီ" လို့ ပြောပါတယ်။ မင်းဟာ သား သောကကြောင့် ငိုကြွေးမြည်တမ်းပြီး "ငါ့ရဲ့ ဒီဒုက္ခဟာ သေရည်သောက်တာကို မှီပြီး ဖြစ်ပေါ်လာတယ်" လို့ သေရည်သောက်မှုမှာ အပြစ်ကို မြင်သွားပါတယ်။ "ဒီအချိန်ကစပြီး အရဟတ္တဖိုလ်သို့ ရောက်သည့်တိုင်အောင် (ရဟန္တာ မဖြစ်သေးသမျှ) ဒီလိုပျက်စီးမှုကို ပြုလုပ်တတ်တဲ့ သေရည်ကို ငါဟာ မသောက်တော့ပါ" လို့ မြေမှုန်ကို ယူပြီး ပါးစပ်ကို သုတ်ကာ အဓိဋ္ဌာန်လိုက်ပါတယ်။ အဲဒီအချိန့်ကစပြီး မင်းဟာ အရက်မသောက်တော့ပါ။

**(ဇာတ်၊ ၅၊ ဒု၊ ၁၇၇)**

ဖခင်ရဲ့ ပကတိစိတ်နဲ့ သားရဲ့ အသက်ကို သတ်ဖို့ မဖြစ်နိုင်ပါ။ အရက်က ဖခင်မင်းရဲ့ ပကတိ ဖခင်စိတ်ကို ဖျောက်ပစ်လိုက်ပါတယ်။ ဒါကြောင့် ဖခင်မင်းက သားလေးရဲ့ လည်ပင်းကို လိမ်ကာ သတ်လိုက်နိုင်ပါတယ်။ အရက်ဟာ ပကတိစိတ်ကို ပျောက်သွားအောင် လုပ်ရာ

http://www.dhammadownload.com



မှာ အစွမ်းထက်လှပါပေတယ်။ သားလေးရဲ့လည်ပင်းကို လိမ်သတ်လိုက်ရုံမက သားလေးရဲ့ အသားနဲ့တောင် ထမင်း သုံးဆောင်လိုက်ပါသေးတယ်။ အရက်က အရှင်သာဂတလို တန်ခိုးရှင်ရဲ့ တန်ခိုးတွေကိုတောင် ပျောက်ကွယ်သွားအောင် လုပ်နိုင်ပါပေတယ်။ အရက်က အခြားအခြား ဆိုးကျိုးများစွာကိုလည်း ပေးနိုင်ပါသေးတယ်။ အရက်လိုပါပဲ အခြားအခြား မူးယစ်စေတတ်တဲ့ ဆေးမျိုးစုံတွေကလည်း သုံးစွဲသူတွေရဲ့ ဘဝကို မရှုမလှဖြစ်အောင် ပြုလုပ်နိုင်ကြပါပေတယ်။ "ရှောင်လေဝေးဝေး မူးယစ်ဆေး" ဆိုတဲ့အတိုင်းပါပဲ။ မူးယစ်ဆေးဆိုရင် ဝေးဝေးက ရှောင်ရှားသင့်ကြပါတယ်။ စမိရင် တိုးတိုးသာ လာပါမယ်။ နောက်ပြန်ဆုတ်ဖို့ အလွန်ခက်ပါလိမ့်မယ်။ လူ့ဘဝ အညွန့်တုံးပြီး အသက်ပါဆုံးသည်အထိ ရောက်သွားကြပါတယ်။ တင်းမတိမ်၊ အားမရနိုင်တဲ့ အရာ (၃) မျိုးထဲမှာ သေရည်အရက် သောက်မှုလည်း ပါပါတယ်။

ချစ်လှစွာသော သားလေး ဆုံးရှုံးသွားပါမှ ဒီမင်းဟာ နောင်တရကာ ရှောင်ရှားသွားပါတယ်။ စောစောကသာ ရှောင်ရှားနိုင်ခဲ့ရင် သားလေးအသက် မဆုံးရှုံးရပါ။ နောင်တဆိုတာလည်း နောင်မှ ရတတ်ကြပါတယ်။ ပြင်းထန်တဲ့ ဒုက္ခနဲ့ ရင်ဆိုင်ရပါမှ သတိဝင်ကာ နောင်တရတတ်ကြပါတယ်။ နောင်တရတဲ့အချိန်မှာ ကြီးကျယ်တဲ့ ဆုံးရှုံးမှုက ဖြစ်ပေါ်သွားပါပြီ။

## လင်္ကာ

၁။ ကိုယ့်သားကိုပင်၊ လည်ပင်းတွင်၊ ဘုရင် လိမ်သတ်သည်။

၂။ အမူးပြေမှ၊ သိသွားစွ၊ နောက်ကျသွားလေပြီ။

၃။ သားသက်ခြွေဖျက်၊ ထိုအရက်၊ တစ်သက် မသောက်ပြီ။

❖

http://www.dhammadownload.com

# မျောက်ရဲ့ စိတ်ထား

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်နေစဉ် ကာသိကရွာငယ်မှာ လယ်သမားပုဏ္ဏားတစ်ယောက် လယ်ထွန်ပြီး နွားတွေကို လွှတ်ကာ ပေါက်တူးပေါက်ဖို့ ကြိုးစားနေပါတယ်။ နွားတွေက ချုံတစ်ချုံက သစ်ရွက်တွေကို စားရင်း တောအုပ်ထဲကို ဝင်ကာ ပြေးသွားကြပါတယ်။ သူက အချိန်ကို မှတ်ပြီး ပေါက်တူးကို ထားကာ နွားတွေကို ကြည့်တော့ မမြင်လို့ စိတ်ဆင်းရဲပြီး နွားရှာထွက်ရာ တောအုပ်အတွင်းကို ဝင်ကာ လှည့်လည်ရင်း ဟိမဝန္တာကို ရောက်သွားပါတယ်။ သူမျက်စိလည်ပြီး (၇) ရက် အစာ မစားရလို့ တည်ပင်တစ်ပင်ကို မြင်လို့ တက်ပြီး အသီးတွေကို စားတဲ့အခါ တည်ပင်ပေါ်က လိမ့်ကျကာ အတောင် (၆၀) ရှိတဲ့ ချောက်ထဲကို ကျသွားပါတယ်။

အဲဒီချောက်ထဲမှာ (၁၀) ရက် ကြာသွားပါတယ်။ အဲဒီအခါ ဘုရားလောင်းက မျောက်မျိုးမှာ ဖြစ်ပြီး သစ်သီးကြီးငယ်တွေကို စားတဲ့အခါ အဲဒီပုဏ္ဏားကို မြင်လို့ ကယ်တင်ပြီး ကျောက်တုံးပေါ် ထိုင်စေကာ "ပုဏ္ဏား၊ ငါ ပင်ပန်းတယ်၊ ခဏ အိပ်မယ်၊ ငါကို စောင့်ပါ" လို့ ပြောပါတယ်။ အဲဒီပုဏ္ဏားက မျောက်ရဲ့ဦးခေါင်းကို ကျောက်တုံးနဲ့ ထုခွဲပါတယ်။ မျောက်က

http://www.dhammadownload.com



သစ်ပင်ပေါ် တက်သွားပြီး သစ်ကိုင်းမှာ ထိုင်ကာ "ပုဏ္ဏား၊ မြေလမ်းနဲ့ သွားလော၊ ငါ သစ်ကိုင်းအဖျားနဲ့ သင့်သွားလမ်းကို ပြပေးရင်း သွားမယ်" လို့ ပြောပြီး တောထဲက ထုတ်ဆောင်ကာ လမ်းပေါ် အရောက်ပို့ပြီး တောင်ခြေကိုပဲ ဝင်သွားပါတော့တယ်။ ပုဏ္ဏားဟာ ဘုရားလောင်းကို ပြစ်မှားလို့ နူသွားပါတယ်။ ဒီဘဝမှာပဲ လူပြိတ္တာ ဖြစ်သွားပါတယ်။ နောက် မြေမျိုပြီး အဝီစိငရဲကို ရောက်သွားပါတယ်။

**(ဇာတက၊ ၄၊ ပဥ္စမ၊ ၆၉)**

ချောက်ကမ်းပါးပေါ် ပြန်ရောက်အောင် ကယ်တင်တဲ့ ကျေးဇူးကို တောင် မသိနိုင်ဘဲ ခေါင်းရိုက်ခွဲတဲ့ ပုဏ္ဏားမိုက်ကို လမ်းပြပေးသေးတဲ့ ဘုရားလောင်းမျောက်ရဲ့ စိတ်ထားဟာ တွေးကြည့်လေလေ လေးစားစရာကောင်းလေလေ ဖြစ်ပါတယ်။ မျောက်ရဲ့ ကူညီလိုစိတ်ဟာ အခက်အခဲတွေကို တွေ့ရပေမယ့် တွန့်မသွားပါ။ ပုဏ္ဏားကို ချောက်ပေါ် ရောက်အောင် သယ်ပိုးပို့ဖို့ရာ မလွယ်ကူပါ။ မလွယ်ကူပေမယ့် လုပ်ပေးခဲ့ပါတယ်။ ဦးခေါင်းရိုက်ခွဲခံရပြီး လမ်းညွှန်ပြဖို့ရာ အလွန့်အလွန် မလွယ်ကူပါ။ ပြင်းထန်တဲ့ ဒေါသသာ ဖြစ်ပေါ်လာစရာ ရှိပေမယ့် ဖြစ်ပေါ်မလာဘဲ ကူညီလိုစိတ်က မျောက်ရဲ့ရင်တွင်းမှာ အလွန်အမင်း ဖြစ်နေပါတယ်။ မျောက်ရဲ့ အဲဒီလိုစိတ်ထားကို ဘယ်လိုလူသားတွေ ထားနိုင်ကြပါ့မလဲ။ ဘုရားလောင်း မျောက်ရဲ့စိတ်ထားဟာ မြင့်မြတ်လွန်းလှပါတယ်။

မြင့်မြတ်တဲ့စိတ်ထား ရှိသူတွေဟာ ဘုရားလောင်းမျောက်လိုပဲ အများအကျိုးအတွက် ကိုယ့်ကိုယ်ကို အနစ်နာခံတတ်ကြပါတယ်။ သူတစ်ပါး ချမ်းသာရေးအတွက် ကိုယ့်ချမ်းသာကို စွန့်လွှတ်တတ်ကြပါ

http://www.dhammadownload.com



တယ်။ သူတို့ အလိုရှိတာက သူတစ်ပါးချမ်းသာရေးပဲ ဖြစ်ပါတယ်။ ကိုယ် ဆင်းရဲမှာကို စဉ်းစားလေ့ မရှိကြပါ။ လူသားတွေမှာ ဘုရား လောင်းမျောက်လို ရဲရင့်တဲ့ ကူညီလိုစိတ်တွေ မွေးမြူနိုင်ကြရင် ဘယ် လောက် ကောင်းလိုက်လေမလဲ။

## လက်ာ

၁။ ဒုက္ခရောက်သူ, ဖေးမကူ, မျောက်မူ စိတ်ထား ကောင်းလှသည်။
၂။ ကိုယ့်ဒုက္ခထက်, သူ့ဒုက္ခတွက်, ရတက်မအေး ဖြစ်ရှာသည်။
၃။ ပုဏ္ဏားမိုက်ကား, ပြောင်းပြန်အား, စိတ်ထား ညံ့လှသည်။
၄။ ဘုရားလောင်းမြတ်, မျောက်စိတ်ဓာတ်, မြင့်မြတ်လွန်းလှသည်။
၅။ သူ့လိုစိတ်ထား, အသင်ကား, များများ ထားသင့်သည်။

❖

http://www.dhammadownload.com

# တိရစ္ဆာန်သုံးကောင်ရဲ့ စိတ်ထား

"ငါတို့သုံးဦးထဲက အသက် အကြီးဆုံးသူကို သိရရင် ကောင်းလေစွ။ အသက်အကြီးဆုံးသူကို ငါတို့ ရိုသေရ၊ အလေးပြုရ၊ မြတ်နိုးရ၊ ပူဇော်ရရင် ကောင်းလေစွ။ အသက်အကြီးဆုံးသူရဲ့ ဩဝါဒမှာ တည်ရရင် ကောင်းလေစွ။"

သူတို့သုံးဦးရဲ့စိတ်ထားကား ကောင်းပါပေတယ်။ သူတို့သုံးဦးဟာ ဟိမဝန္တာက ညောင်ပင်ကြီးတစ်ပင်မှာ နေကြပါတယ်။ သူတို့သုံးဦးဟာ အတူတူနေကြပေမယ့် တစ်ဦးအပေါ် ရိုသေလေးစားမှု၊ အားကိုးအားထားမှု၊ တူညီတဲ့ အသက်မွေးမှု မရှိပါ။ အဲဒီအခါ သူတို့သုံးဦးဟာ အထက်မှာ ဖော်ပြခဲ့တဲ့ အတွေးစိတ်ထား ပေါ်လာပါတယ်။ သူတို့သုံးဦးဟာ တိရစ္ဆာန်တွေ ဖြစ်ပါတယ်။ ခါ၊ မျောက်၊ ဆင်တို့ပဲ ဖြစ်ပါတယ်။ တိရစ္ဆာန်တွေပင် ဖြစ်ကြပေမယ့် သူတို့စိတ်ထားဟာ မြင့်မြတ်ပါတယ်။ တိရစ္ဆာန်တွေမို့ ဘဝအားဖြင့် နိမ့်ကျကြပေမယ့် စိတ်ထားကတော့ မြင့်မားကြပါပေတယ်။ အထက်တန်း ကျပါပေတယ်။

ခါနဲ့ မျောက်က ဆင်ကို "မိတ်ဆွေ၊ သင်ဟာ ရှေးက ဘယ်အဖြစ်အပျက်ကို မှတ်မိပါသလဲ"လို့ မေးတော့ "ငါ ငယ်ရွယ်စဉ်က ဒီညောင်ပင်ကို ပေါင်ကြားမှာ ထားကာ ကျော်သွားခဲ့တယ်။ အညွန့်အဖျားက

http://www.dhammadownload.com



ငါ့ရင်ကို ထိတယ်။ မိတ်ဆွေတို့၊ ငါဟာ ရှေးက အဲဒီအခြေအနေကို မှတ်မိတယ်” လို့ ဆင်က ပြောပါတယ်။

ခါနဲ့ ဆင်က မျောက်ကို “မိတ်ဆွေ၊ သင်ဟာ ရှေးက ဘယ်အဖြစ်အပျက်ကို မှတ်မိပါသလဲ” လို့ မေးတော့ “ငါ ငယ်ရွယ်စဉ်က ဒီညောင်ပင်ရဲ့ အညွန့်အဖျားကို မြေမှာ ထိုင်ရင်း စားခဲ့တယ်။ မိတ်ဆွေတို့ ငါဟာ ရှေးက အဲဒီအခြေအနေကို မှတ်မိတယ်” လို့ မျောက်က ပြောပါတယ်။

မျောက်နဲ့ဆင်က ခါကို ရှေးကအတိုင်း မေးကြတဲ့အခါ “မိတ်ဆွေတို့၊ နေရာတစ်နေရာက ညောင်ပင်ကြီးတစ်ပင်က အသီးကို စားခဲ့ပြီး ဒီနေရာမှာ ကျင်ကြီး စွန့်ခဲ့တယ်။ အဲဒီညောင်စေ့က ဒီညောင်ပင် ဖြစ်လာတယ်။ မိတ်ဆွေတို့ ငါဟာ သင်တို့ထက် အသက်ကြီးတယ်” လို့ ခါက ပြောပါတယ်။

အဲဒီအခါ မျောက်နဲ့ ဆင်က ခါကို “မိတ်ဆွေ၊ အသင်ဟာ ငါတို့ထက် အသက်ကြီးပါတယ်။ သင့်ကို ငါတို့က ရိုသေကြရမယ်၊ အလေးပြုကြပါမယ်၊ မြတ်နိုးကြပါမယ်၊ ပူဇော်ကြပါမယ်။ သင့်ရဲ့ ဩဝါဒကို ငါတို့ လိုက်နာကြပါမယ်”လို့ ပြောကြပါတယ်။ အဲဒီအခါ ခါက မျောက်နဲ့ ဆင်ကို ငါးပါးသီလ စောင့်ထိန်းစေပါတယ်။ ကိုယ်ကိုယ်တိုင်လည်း စောင့်ထိန်းပါတယ်။ သူတို့အချင်းချင်း ရိုသေလေးစားမှု၊ အားကိုးအားထားမှု၊ တူညီတဲ့ အသက်မွေးမှု ရှိပြီး သေတဲ့အခါ နတ်ပြည်ကို ရောက်သွားကြပါကယ်။ ခါက ဘုရားအလောင်း ဖြစ်ပါတယ်။ ဆင်က အရှင်မောဂ္ဂလ္လာန်အလောင်း ဖြစ်ပါတယ်။ မျောက်က အရှင်သာရိပုတ္တရာအလောင်း ဖြစ်ပါတယ်။ (ဇာတ်၊ ၄၊ ပ၊ ၂၃၄)

ဒီသတ္တဝါသုံးကောင်ဟာ တိရစ္ဆာန်တွေ ဖြစ်နေကြပေမယ့် ရိုသေလေးစားထိုက်သူတွေကို မရိုသေ၊ မလေးစားကြသူ လူသားတွေထက်

http://www.dhammadownload.com



စိတ်ထား သာလွန်ကြပါတယ်။ အရိုသေခံ၊ အလေးစားခံရတဲ့ ခါက လည်း ရိုသေလေးစားထိုက်တဲ့ အသက်ကြီးခြင်း၊ သီလပြည့်စုံခြင်း၊ အသိဉာဏ် ရှိခြင်းဆိုတဲ့ ဂုဏ်တွေနဲ့ ပြည့်စုံနေပါတယ်။ အသက်ကြီးတဲ့ ခါရဲ့ အဆုံးအမကို လိုက်နာ ကျင့်သုံးကြတာဟာလည်း မျောက်နဲ့ ဆင် တို့ရဲ့ အတုယူစရာ ကောင်းကွက် ဖြစ်ပါတယ်။

ငယ်သူက ကြီးသူကို အားကိုးရပါတယ်။ ကြီးသူက ငယ်သူကို အားထားရပါတယ်။ ကြီးသူကို ရိုသေရပါတယ်၊ ရွယ်တူကို လေးစားရ ပါတယ်။ ငယ်သူကို သနားရပါတယ်။ အဖွဲ့အစည်းနဲ့ နေကြတဲ့အခါ ဒီလိုနေတတ်ကြရင် အလွန်ပဲ စိတ်ချမ်းမြေ့ဖွယ်ကောင်းပါတယ်။ ကြီး သူကို မရိုသေ၊ ရွယ်တူကို မလေးစား၊ ငယ်သူကို မသနားတဲ့ လူ့အဖွဲ့ အစည်းဟာ သာယာမှု ကင်းမဲ့နေတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။

အဖွဲ့အစည်းတိုင်းမှာ အဆင့်ကြီးသူကို ရိုသေ၊ အဆင့်တန်းတူကို လေးစား၊ အဆင့်အတန်း နိမ့်သူကို သနားကြဖို့ လိုပါတယ်။ ဒါမှသာ သာယာချမ်းမြေ့ဖွယ်၊ စိတ်ကြည်နူးဖွယ် အဖွဲ့အစည်း ဖြစ်ပါမယ်။

## လင်္ကာ

၁။ အချင်းချင်းအား, ရိုသေငြား, လေးစားရပါသည်။
၂။ အချင်းချင်းအား, အားကိုးငြား, အားထားရပါသည်။
၃။ အသက်မွေးရာ, တူညီစွာ, မွေးတာ ရှိရသည်။
၄။ မျောက်နဲ့ဆင်ဟာ, ခါပေါ်မှာ, လွန်စွာ ရိုသေသည်။
၅။ ခါ့ အဆုံးမ, မျောက်ဆင်က, အားရ လိုက်နာသည်။
၆။ ငါးပါးသီလ, လုံခြုံကြ, သေက နတ်ပြည် ရောက်ကြသည်။

❖

http://www.dhammadownload.com

# မဃဒေဝရဲ့ စိတ်ထား

"အမောင် ဆတ္တာသည်၊ ငါ့ဦးခေါင်းမှာ ဆံပင်ဖြူ တွေ့ရင် ငါ့ကို ပြောပါ။"

မဃဒေဝမင်းကြီးက ဆတ္တာသည်ကို ပြောထားပါတယ်။ မဃဒေဝမင်းကြီးဟာ တရားရှိတဲ့မင်း ဖြစ်ပါတယ်။ နှစ်ပေါင်း (၈) သောင်း (၄) ထောင်ကြာ ကလေးဘဝနဲ့ မြူးထူး ပျော်ပါးကစားခဲ့ပါတယ်။ အိမ်ရှေ့မင်းဘဝနဲ့ နှစ်ပေါင်း (၈) သောင်း (၄) ထောင်၊ မင်းဘဝနဲ့ နှစ်ပေါင်း (၈) သောင်း (၄) ထောင် ကြာခဲ့ပါပြီ။ တစ်နေ့မှာ ဆတ္တာသည်ကို အထက်ပါအတိုင်း ပြောလိုက်ပါတယ်။

ဆတ္တာသည်ကလည်း အချိန်ကြာမြင့်စွာ ကြာလာတဲ့အခါ တစ်နေ့မှာ မဃဒေဝမင်းရဲ့ မျက်စဉ်းညိုရှိတဲ့ ဆံပင်တွေကြားမှာ ဆံဖြူတစ်ပင်ကိုပဲ မြင်လို့ "အရှင်မင်း သင့်မှာ ဖြူနေတဲ့ ဆံပင်တစ်ပင်ကို တွေ့ရပါတယ်" လို့ ပြောပါတယ်။ "အမောင်ဆတ္တာသည်၊ ဒီလိုဆိုရင် အဲဒီဆံပင်ဖြူကို နုတ်ပြီး ငါ့ရဲ့လက်ပေါ်မှာ တင်လိုက်စမ်းပါ" လို့ ပြောပါတယ်။ ဆတ္တာသည်က ရွှေမွေးညှပ်နဲ့ နုတ်ပြီး မင်းရဲ့လက်ပေါ်မှာ တင်လိုက်ပါတယ်။ အဲဒီအခါ မဃဒေဝမင်းရဲ့ သက်တမ်းက နှစ်ပေါင်း (၈) သောင်း (၄) ထောင် ကျန်နေပါသေးတယ်။

http://www.dhammadownload.com



ဒါပေမဲ့ မဃဒေဝမင်းကြီးဟာ ဆံပင်ဖြူကို မြင်လျှင်မြင်ချင်းပဲ သေမင်း လာပြီး သူ့အနီးအနားမှာ ရပ်နေသလို၊ သူ့ကိုယ်ကို မီးအလျှံ တပြောင်ပြောင် လောင်နေတဲ့ သစ်ရွက်တဲကို ဝင်သွားသလို သံဝေဂရ ပြီး "လူမိုက် မဃဒေဝ၊ ဆံပင်ဖြူတဲ့အထိပဲ ဒီကိလေသာတွေကို မစွန့်နိုင် သေးဖူးလား"လို့ တွေးပါတယ်။ အဲဒီလို ဆံပင် ဖြူလာတာကို တွေးရင်း ကိုယ်တွင်းမှာ ပူလောင်လာပါတယ်။ ကိုယ်ခန္ဓာက ချွေးတွေ ထွက်လာ ပါတယ်။ အဝတ်တွေကို ညှစ်ပြီး ချွတ်ပစ်ရမယ့် အနေအထားကို ရောက်လာပါတယ်။

"အဲဒီနေ့ပဲ ထွက်ပြီး ငါဟာ ရသေ့ရဟန်း ဝတ်သင့်တယ်" လို့ တွေး ကာ ဆတ္တာသည်အား အခွန်တစ်သိန်း ထွက်တဲ့ရွာကို ပေးပြီး သားကြီး ကို ခေါ်စေကာ "ချစ်သား၊ ငါ့ရဲ့ဦးခေါင်းမှာ ဆံပင်ဖြူ ပေါက်နေပြီ။ ငါ အိုပြီ။ ငါဟာ လူ့ကာမဂုဏ်တွေကို ခံစားပြီးပြီ။ အခု နတ်ကာမဂုဏ် တွေကို ရှာမှီးတော့မယ်။ ငါ့ရဲ့ တောထွက်ဖို့ အချိန်ပဲ။ သင်ဟာ ဒီနိုင်ငံ ကို သိမ်းပိုက်ရစ်ပါ။ ငါကတော့ ရသေ့ရဟန်းဝတ်ပြီး မဃဒေဝ သရက် ဥယျာဉ်မှာ နေကာ တရားအားထုတ်တော့မယ်" လို့ ပြောပြီး နှစ်ပေါင်း (၈) သောင်း (၄) ထောင် ဗြဟ္မစိုရ်တရား (၄) ပါးကို ပွားကာ ဗြဟ္မာပြည် ကို ရောက်သွားပါတယ်။ **(ဇာတက၊ ဠ၊ ပ၊ ၁၅၅)**

ဦးခေါင်းတစ်ခေါင်းလုံး ဆံပင်တွေ ဖြူနေပေမယ့် တရား အား မထုတ်နိုင်သေးသူတွေအဖို့ မဃဒေဝမင်းရဲ့ သံဝေဂစိတ်ထားကို သတိ ထားသင့်ကြပါတယ်။ ဆံပင် ဖြူလာလို့ ဖြူမှန်း ဘေးလူတွေ မသိရ အောင် ဆံပင်ဖြူကို နုတ်ပစ်နေကြသူတွေနဲ့ ဆံပင်နက်ဆေး ဆိုးထား ကြသူတွေလည်း သတိထားသင့်ကြပါတယ်။ ဆံပင် ဖြူလာပေမယ့် ကိုယ့်

http://www.dhammadownload.com



ကိုယ်ကို အိုလာနေပြီလို့ သတိ၊ သံဝေဂ မရနိုင်ဘဲ ငယ်ပါသေးတယ်လို့ ကိုယ့်ကိုယ်ကို ထင်နေကြသောသူတွေရဲ့ စိတ်ထားဟာ မဃဒေဝမင်းရဲ့ စိတ်ထားနဲ့ တခြားစီ ဖြစ်နေပါတယ်။

မဃဒေဝမင်းဟာ ဇရာရဲ့သင်္ကေတဖြစ်တဲ့ ဆံပင်ဖြူကို တွေ့ပြီး သံဝေဂရကာ တောထွက် တရားကျင့်နေနိုင်ပေမယ့် လောကလူသားများစွာတွေကတော့ ဇရာကို ဖုံးကွယ်ကာ လောကကြီးကိုရော မိမိကိုယ်ကိုပါ လှည့်စားနေကြပါတယ်။ အိုပြနေပါလျက် အိုနေပါတယ်လို့ လက်မခံနိုင်တဲ့ လူသားတွေရဲ့ စိတ်ထားဟာ အံ့သြစရာလည်း ကောင်းလှပါတယ်။ ရုပ်ခန္ဓာက ရင့်ကျက်လာပေမယ့် စိတ်ဓာတ်က မရင့်ကျက်လာသေးရင် ရယ်စရာ၊ ဟားစရာ လူသားတစ်ဦး ဖြစ်နေပါလိမ့်မယ်။ ပညာရှိ သူတော်ကောင်းတွေအမြင်မှာ သနားစရာပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်နေပါလိမ့်မယ်။

ကျောချလို့ ဓားပြမှန်း မသိနိုင်ကြတဲ့သူတွေလို ဖြစ်နေရင် အ,လွန်း၊ နုံလွန်း၊ ဖျင်းလွန်း၊ ညံ့လွန်းရာ ရောက်ပါတယ်။ မဃဒေဝမင်းကတော့ ကျောချတာနဲ့ ဓားပြမှန်း သိတဲ့လူလို ဇရာကို ချက်ချင်းပဲ သိကာ ဗြဟ္မစိုရ်တရားပွားပြီး မြင့်မြတ်တဲ့ ဗြဟ္မာ့ဘဝကို ပိုင်ဆိုင်အောင် လုပ်သွားပါတယ်။ အားကျဖွယ် ကောင်းပါပေစွ။

## လင်္ကာ

၁။ ဆံတစ်ပင်ဖြူ, သံဝေယူ, သူမူ တောထွက်သည်။

၂။ မဃဒေဝ, သံဝေဂ, အားကျဖွယ်ကောင်းသည်။

၃။ အိုလာလေလျှင်, သေဖို့ ပြင်, အသင် သတိရှိသင့်သည်။

❖

http://www.dhammadownload.com

# ကုန်သည်ရဲ့ စိတ်ထား

"အမေ၊ ဒီခွက်က တစ်သိန်း တန်ပါတယ်။ ကျွန်တော့်လက်ထဲမှာ တန်ဖိုး တစ်သိန်းတန်တဲ့ပစ္စည်း မပါပါဘူး ခင်ဗျာ။"

"အမောင်၊ ပထမလာတဲ့ ကုန်သည်က 'ဒီခွက်ဟာ ပဲဝက်တောင် မတန်ဘူး'လို့ ပြောပြီး မြေကြီးပေါ် ပစ်ချသွားပါတယ်။ ဒီခွက်ဟာ မင်းရဲ့ ဘုန်းကံကြောင့် ရွှေခွက် ဖြစ်လာတာ ဖြစ်လိမ့်မယ်။ ငါတို့က ဒီခွက်ကို မင်းကို ပေးကြပါတယ်။ တစ်ခုခုပဲ ပေးပြီး ဒီခွက်ကို ယူသွားပါ"

ဘုရားလောင်းဖြစ်တဲ့ ကစ္ဆပုဋ အမည်ရှိတဲ့ ရွှေကုန်သည်က အဲဒီအချိန်မှာ သူ့လက်ထဲ ရှိတဲ့ အသပြာ ငါးရာနဲ့ ငါးရာတန်ပစ္စည်း အားလုံးကို ပေးပြီး "ကျွန်တော့်အား ဒီချိန်ခွင်၊ ဒီအိတ်နဲ့ ဒီအသပြာ (၈) ကျပ်ကို ပေးပါ" လို့ တောင်းယူပြီး ဖဲသွားပါတယ်။ ဘုရားလောင်းက မြန်မြန်ပဲ မြစ်ကမ်းကို သွားပြီး လှေသူကြီးကို (၈) ကျပ် ပေးကာ လှေစီးသွားပါတယ်။

အဲဒီကနောက် ကောက်ကျစ်တဲ့ ဒေဝဒတ်အလောင်း သေရိဝ ရွှေကုန်သည်ကလည်း အဲဒီအိမ်ကို နောက်တစ်ကြိမ် ပြန်လာကာ "အဲဒီခွက်ကို ယူခဲ့ကြ၊ သင်တို့အား ပစ္စည်းတစ်ခုခုပဲ ပေးမယ်"လို့ ပြောပါ

http://www.dhammadownload.com



တယ်။ မြေးအဘွားနှစ်ယောက်ထဲက အဘွားက သေရိဝ ရွှဲကုန်သည်ကို ရေရွတ်ပြောဆိုပြီး "သင်က ငါတို့ရဲ့ တစ်သိန်းတန် ရွှေခွက်ကို တစ်ပဲဝက်တောင် မတန်ဘူးလို့ ပြောတယ်။ သင့်ရဲ့ဆရာဖြစ်ပုံရတဲ့ တရားရှိတဲ့ ကုန်သည်တစ်ယောက်ကတော့ ငါတို့ကို တစ်ထောင် ပေးပြီး ယူသွားတယ်" လို့ ပြောပါတယ်။ (ဇာတက၊ ၄၊ ပ၊ ၁၂၇)

ဘုရားလောင်း ရွှဲကုန်သည်က စိတ်ကောင်း ရှိပါတယ်။ ဖြောင့်မှန်ပါတယ်။ ဒေဝဒတ်လောင်း ရွှဲကုန်သည်က စိတ်ကောင်း မရှိပါ။ ကောက်ကျစ်ပါတယ်။ ကောက်ကျစ်တဲ့ ဒေဝဒတ်အလောင်းဟာ တစ်သိန်းတန် ရွှေခွက် လက်လွတ်ဆုံးရှုံးသွားပါတယ်။ လက်လွတ်ဆုံးရှုံးသွားလို့ အကြီးအကျယ် သောကဖြစ်ပြီး ရင်ပူကာ ပါးစပ်က သွေးအန်၊ ရင်ကွဲ သေသွားပါတယ်။ ဖြောင့်မှန်တဲ့ ဘုရားလောင်း ရွှဲကုန်သည်ကတော့ တစ်သိန်းတန် ရွှေခွက်ကို ရင်ဝယ်ပိုက် ပြန်သွားပါတယ်။

"ကောက်သော် မစားလောက်၊ ဖြောင့်သော် စားမကုန်" ဆိုတဲ့ မြန်မာစကားပုံဟာ ဒီဇာတ်လမ်းနဲ့ အင်မတန် ဆီလျော်ပါတယ်။ ဈေးရောင်းတဲ့ အလုပ်မှာပဲဖြစ်ဖြစ်၊ အခြားအလုပ်မှာပဲဖြစ်ဖြစ် ရိုးသားဖြောင့်မတ်သူဟာ ရေရှည်မှာ ကျော်တက်သွားပါတယ်။ မရိုးသားမဖြောင့်မှန်သူဟာ နောက်ကျကျန်ရစ်ပါတယ်။ ရိုးသားဖြောင့်မှန်မှုကို မည်သူမဆို နှစ်ခြိုက်ကြပါတယ်။ မရိုးသားမှု၊ မဖြောင့်မှန်မှု၊ ကောက်ကျစ်မှုကို လူတိုင်း မုန်းကြပါတယ်။

မရိုးသားသူ၊ မဖြောင့်မှန်သူ၊ ကောက်ကျစ်သူဟာ သူ့ရဲ့ မရိုးသားမှု၊ မဖြောင့်မှန်မှု၊ ကောက်ကျစ်မှုကို လူတွေ မသိသေးခင် ကောင်းစားချင် ကောင်းစားနေပါလိမ့်ဦးမယ်။ သိသွားလို့ အယုံအကြည် ကင်းမဲ့

http://www.dhammadownload.com



သွားရင် လူတွေက သူ့ကို လက်မခံတော့။ မဆက်ဆံတော့၊ လူရာ မသွင်းတော့ပါ။ အပယ်ခံလူသား ဖြစ်သွားပါတော့တယ်။

ရိုးသားဖြောင့်မှန်သူကို လူတွေက ကြာလေ ယုံကြည်လေ၊ အားကိုးလေ ဖြစ်လာကြပါတယ်။ ဒါကြောင့် ရေရှည်ကြီးပွား ချမ်းသာဖို့ရာ အတွက် ရိုးသားဖြောင့်မတ်မှုဟာ အဓိကသော့ချက် ဖြစ်ပါတယ်။ ရေရှည်ကြီးပွား ချမ်းသာလိုသူတွေဟာ ဘုရားလောင်း ရွှဲကုန်သည်လို ရိုးသားဖြောင့်မတ်တဲ့ စိတ်ကောင်းစိတ်မြတ် ရှိကြရပါမယ်။ မရှိသေးရင် ရှိအောင် မွေးမြူကြရပါမယ်။ ဒေဝဒတ်အလောင်း ရွှဲကုန်သည်လို မရိုးသားမဖြောင့်မှန်တဲ့ စိတ်ယုတ် စိတ်ပုတ်တွေကို ဖယ်ရှားကြရပါမယ်။

ရိုးသား ဖြောင့်မတ်မှုဟာ အခွင့်အရေးကောင်းတွေရဲ့ တံခါးပေါက် ဖြစ်ပါတယ်။

## လင်္ကာ

၁။ ဘုရားလောင်းကား, သူ့စိတ်ထား, ရိုးသားဖြောင့်မှန်သည်။
၂။ ရိုးသားသူအား, မြေးအဘွား, လေးစားကြည်ညိုသည်။
၃။ ရိုးသားသူထံ, ခွင့်ကောင်းမှန်, ဧကန် ဆိုက်ရောက်သည်။
၄။ ကောက်ကျစ်သူကား, ခွင့်ကောင်းများ, လွတ်သွားရပါသည်။
၅။ လောင်းဒေဝဒတ်, ရွှေခွက်လွတ်, ပါးစပ် သွေးအန်သည်။

❖

http://www.dhammadownload.com

# သုမုခရဲ့ စိတ်ထား

“အို ဓတရဋ္ဌဟင်္သာမင်း၊ အကျွန်ုပ်ဟာ ကိုယ် စိတ်ဆင်းရဲ ရောက်နေရပေမယ့် သင့်ကို မစွန့်ပါ။ ငါဟာ သင်နဲ့ သေလည်း အတူတူ၊ ရှင်လည်း အတူတူ ဖြစ်ပါမယ်။ ငါဟာ သင် ရှင်ရင် ရှင်မယ်၊ သင် သေရင် သေမယ်။”

သုမုခဟင်္သာက ဘုရားအလောင်းတော် ဓတရဋ္ဌဟင်္သာမင်းကို ပြောပါတယ်။ သုမုခဟင်္သာက အရှင်အာနန္ဒာအလောင်း ဖြစ်ပါတယ်။ ဓတရဋ္ဌဟင်္သာမင်းက ကျော့ကွင်းမှာ မိနေပါတယ်။ ဓတရဋ္ဌက ကျော့ကွင်းကို ဖြတ်ဖို့ ကြိုးစားကြည့်ပါတယ်။ ပထမအကြိမ်မှာ အရေ ပြတ်သွားပါတယ်။ ဒုတိယအကြိမ်မှာ အသား ပြတ်သွားပါတယ်။ တတိယအကြိမ်မှာ အကြော ပြတ်သွားပါတယ်။ စတုတ္ထအကြိမ်မှာ ခြေထောက်တွေ ပြတ်သွားရင် ခြေလက်အင်္ဂါ မစုံလို့ မင်းနဲ့ မသင့်လျော်ဘူးလို့ တွေးကာ မကြိုးစားတော့ပါ။ အကြီးအကျယ် နာရှာပါတယ်။

“ငါ အော်လိုက်ရင် ငါ့ဆွေတော် မျိုးတော် ဟင်္သာအပေါင်း ကြောက်လန့်ကာ အစာမစားဘဲ ဆာဆာလောင်လောင်နဲ့ပဲ ပျံသွားကြလို့ အားနည်းပြီး သမုဒ္ဒရာထဲ ကျလိမ့်မယ်” လို့ ဓတရဋ္ဌဟင်္သာမင်းက တွေးမိလို့ ဝေဒနာကို သည်းခံကာ အစာစားသလို လုပ်ရင်း နေပါတယ်။ ဟင်္သာ

http://www.dhammadownload.com



တွေ အစာဝအောင် စားပြီး ပျော်မြူးနေကြတဲ့အခါရောက်မှ အသံကျယ်ကျယ်နဲ့ အော်လိုက်ပါတယ်။ ဟင်္သာတွေ သေရမှာ ကြောက်ကြလို့ အုပ်စုလိုက် စိတ္တကူဋတောင်ဆီကို ပျံသွားကြပါတယ်။

သုမုခဟင်္သာကပါ ပျံသွားပြီး ဟင်္သာတွေထဲမှာ ဘုရားလောင်းဓတရဋ္ဌဟင်္သာမင်းကို ရှာတဲ့အခါ မတွေ့လို့ "ဘုရားလောင်းမှာ ဒီဘေးဖြစ်နေတာ သေချာပြီ" လို့ တွေးပြီး ပြန်လာကာ ကျော့ကွင်းမှာ မိနေပြီး သွေးတွေ ပေကျံနေကာ အကြီးအကျယ် ဒုက္ခရောက်ပြီး ညွန်အပြင်မှာ လျောင်းနေရှာတဲ့ ဘုရားအလောင်းတော် ဓတရဋ္ဌဟင်္သာမင်းကို တွေ့ရလို့ "အို ဟင်္သာမင်း၊ မကြောက်ပါနဲ့။ အကျွန်ုပ်ဟာ အသက်ကို စွန့်လွှတ်ပြီး ဟင်္သာမင်းရဲ့ အသက်ကို ကယ်ပါမယ်" လို့ ပြောကာ သက်ဆင်းပြီး ဘုရားအလောင်းတော်ကို အားပေးစကား ပြောရင်း ညွန်အပြင်မှာ ထိုင်နေပါတယ်။ "ဟင်္သာ (၉) သောင်းက ငါ့ကို စွန့်ပြီး သွားကြပါလျက် ဒီသုမုခ တစ်ကောင်ပဲ ပြန်လာတယ်။ မုဆိုးသား လာတဲ့အခါ ငါ့ကို စွန့်ပြီး ပျံသွားလေမလား၊ ပျံမသွားဘူးလား" လို့ စူးစမ်းလိုလို့ အောက်ပါစကားတွေကို ပြောပါတယ်။

"ကျော့ကွင်းမှာ မိနေတဲ့ ငါ့ကို စွန့်ပြီး ကျန်တဲ့ ဟင်္သာတွေက ငဲ့ကွက်မှုမရှိဘဲ ပျံသွားကြပေမယ့် သုမုခက သင်တစ်ယောက်တည်း ငါ့ထံ ဘာလို့ ပြန်လာရတာလဲ။ ပျံပြေးသာ ပြေးသွားပါ။ ကျော့ကွင်းမှာ မိနေသူမှာ အပေါင်းအဖော် အဖြစ်ဆိုတာ မရှိပါ။ ဒုက္ခက လွတ်အောင် ပျံသွားဖို့ ကြိုးစားပါ။"

ဒဲဒီစကားကို ကြားရလို့ သုမုခဟင်္သာက 'ဒီဟင်္သာမင်းဟာ ငါ့ကို မိတ်စစ်မိတ်ကောင်းကို မသိ၊ မိတ်တု မိတ်ညံ့လို့ ထင်နေတယ်။ သူ့အပေါ်

http://www.dhammadownload.com



ငါ့ရဲ့အချစ်ကို ပြလိုက်မယ်’လို့ တွေးကာ “ဒုက္ခရောက်နေပေမယ့် သေအတူ ရှင်အတူပါပဲ” ဆိုတဲ့ စကားကို ပြောဆိုခဲ့ပါတယ်။

(ဇာတက၊ ၄၊ ပဥ္စမ၊ ၃၈၂)

ဒုက္ခရောက်တဲ့အခါ ရောက်မှ မိတ်ဆွေ အတုအစစ်ကို ခွဲခြားသိနိုင်ပါတယ်။ ဒုက္ခက မိတ်ဆွေ အတုအစစ်ကို မှတ်ကျောက်တင်ပေးပါတယ်။ သာပေါင်း ညာစား လူတန်းစားတွေဟာ ဒုက္ခရောက်နေတဲ့ လူကို စွန့်ခွာသွားကြပါတယ်။ အေးအတူ ပူအမျှ ဆိုးတူ ကောင်းဖက် လူတွေဟာ သုမုခဟင်္သာလိုပဲ ဒုက္ခရောက်နေသူကို စွန့်ခွာမသွားဘဲ ဖေးမကူညီ ကယ်တင်ကြပါတယ်။

အရှင်အာနန္ဒာအလောင်းတော် သုမုခဟင်္သာရဲ့ ဘုရားအလောင်းတော် ဓတရဋ္ဌဟင်္သာမင်းအပေါ် ထားရှိတဲ့ မေတ္တာစိတ်ထားကို ဒုက္ခက ပျက်ပြားသွားအောင် မလုပ်နိုင်ပါ။ သုမုခရဲ့ စိတ်ထားဟာ အင်မတန်လေးစားစရာ၊ အတုယူစရာ ကောင်းလှပါတယ်။ တိရစ္ဆာန် ဖြစ်ပေမယ့် သာမန်လူတွေရဲ့ စိတ်ထားထက် များစွာ မြင့်မြတ် အထက်တန်းကျနေပါတယ်။

## လင်္ကာ

၁။ ဓတရဋ္ဌ, ကြီးကျယ်စွ, ဒုက္ခ ရောက်နေသည်။
၂။ ထို့ကြောင့် သုမုခ, ပူအမျှ, ကူမ အားပေးသည်။
၃။ ဒုက္ခရောက်လစ်, မိတ်တုစစ်, စိစစ် နိုင်ပါသည်။
၄။ ဒုက္ခရောက်ခါ, မိတ်တုဟာ, စွန့်ခွာ သွားပါသည်။
၅။ ဒုက္ခရောက်ခါ, မိတ်စစ်ဟာ, စွန့်ခွာ မသွားပြီ။

http://www.dhammadownload.com

# ကျေးမင်းရဲ့ စိတ်ထား

"ငါဟာ သင့်ရဲ့သလေးစပါးကို ဆောင်ယူသွားပြီး ကြွေးဟောင်းကို ဆပ်ပါတယ်။ ကြွေးသစ်ကို ပေးပါတယ်။ လက်ပံပင်တောမှာ ဘဝသံသရာမှာ ပါမယ့် ရွှေအိုးတစ်အိုးကိုလည်း မြှုပ်နှံပါတယ်။"

ဘုရားလောင်း ကျေးမင်းဟာ သလေးစပါးခင်းထဲမှာ ကျော့ကွင်းမိပါတယ်။ လယ်စောင့်သမားက ဘုရားလောင်း ကျေးမင်းရဲ့ အော်သံနဲ့ ကျန်တဲ့ ကျေးငှက်တွေ ကောင်းကင်မှာ ပျံသွားသံကို ကြားရလို့ 'ဘယ်လိုလဲ' လို့ သိလိုလို့ လယ်စောင့်တဲက ဆင်းပြီး ကျော့ကွင်းရှိရာကို သွားကာ ကျေးမင်းကို မြင်လို့ ကျေးမင်း ကျော့ကွင်းမှာ မိနေတာကို သိရတဲ့အတွက် ဝမ်းသာသွားပါတယ်။ ကျေးမင်းကို ကျော့ကွင်းက လွှတ်ပေးလိုက်ပါတယ်။ ခြေထောက်နှစ်ချောင်းကို တစ်ပေါင်းတည်း ချည်ပြီး မြဲမြဲစွာ ကိုင်ယူကာ သာလိဒ္ဒိယရွာကို သွားပြီး ကျေးမင်းကို ကောသိယ အနွယ်ရှိ လယ်ပိုင်ရှင်ပုဏ္ဏားအား ပေးပါတယ်။ ပုဏ္ဏားက ချစ်ခင်မှုများစွာနဲ့ ဘုရားလောင်းကျေးမင်းကို လက်နှစ်ဖက်နဲ့ မြဲမြဲကိုင်ပြီး ရင်ခွင်မှာ ထိုင်စေကာ -

"ကျေးမင်း၊ သင့်ရဲ့ဝမ်းဗိုက်က အခြားကျေးငှက်တွေရဲ့ ဝမ်းဗိုက်လိုပဲ မဟုတ်လား။ သင့်ရဲ့ ဝမ်းဗိုက်က ပိုကြီးသလား။ သလေးစပါးကို

http://www.dhammadownload.com



အလိုရှိသလောက် နှုတ်သီးနဲ့ ချီပြီး သွားတဲ့ သင်ဟာ စပါးကျီကို ပြည့်အောင် လုပ်တာလား။ သင်နဲ့ ငါဟာ ရန်ငြိုးရှိလို့လား၊ သလေးစပါးကို ဘယ်နေရာမှာ သိမ်းထားသလဲ။ ငါ့ကို ပြောပြစမ်းပါ" လို့ ပြောပါတယ်။

အဲဒီအခါ ကျေးမင်းက သူ့မှာ သင်ပုဏ္ဏားနဲ့ ရန်ငြိုး မရှိကြောင်းနဲ့ စပါးကျီ မရှိကြောင်းကို ပြောပြီး အထက်မှာ ဖော်ပြခဲ့တဲ့ စကားကို ပြောပါတယ်။ ပုဏ္ဏားက ကျေးမင်းကို အဲဒီစကားရဲ့ အဓိပ္ပာယ်ကို မေးလို့ ကျေးမင်းက ဒီလို ရှင်းပြပါတယ်။

"ပုဏ္ဏား၊ ငါ့မှာ အတောင်မပေါက်သေးတဲ့ သားငယ်၊ သမီးငယ်လေးတွေ ရှိပါတယ်။ ငါ ကျွေးမွေးပြုစု စောင့်ရှောက်ထားတဲ့ သူတို့က ငါ့ကို ပြန်ပြီး ကျွေးမွေးပြုစု စောင့်ရှောက်ကြပါလိမ့်မယ်။ ဒါကြောင့် ငါဟာ သူတို့အား ကြွေးသစ်ကို ပေးပါတယ်။"

"ငါ့မှာ မိအိုဖအိုတွေလည်း ရှိပါတယ်။ သူတို့အတွက် နှုတ်သီးနဲ့ ချီသွားပြီး သူတို့အား ကျေးဇူးကြွေးဟောင်းကို ဆပ်ပေးပါတယ်။"

"အဲဒီ လက်ပံပင်မှာ တောင်ပံကျိုးတဲ့ အခြားငှက်တွေ၊ အလွန်အားနည်းနေတဲ့ ငှက်တွေ ရှိပါသေးတယ်။ သူတို့အား ကုသိုလ်ပြုလိုလို့ ချီပေးသွားပါတယ်။ အဲဒီအလှူကို ပညာရှိတွေက ရွှေအိုးလို့ ဆိုကြပါတယ်။"

ပုဏ္ဏားက ဘုရားလောင်းကျေးမင်းရဲ့ တရားစကားကို ကြားရတဲ့အခါ ကြည်ညိုစိတ် ဖြစ်ပါတယ်။ ဒါကြောင့် ဒီလို ပြောပါတယ်။

"အသင်ကျေးမင်းဟာ ကောင်းမြတ် လှပါပေတယ်။ အလွန်ပဲ တရား ရှိပါပေတယ်။ အချို့လူတွေမှာ ဒီလို တရားမရှိပါ။ သလေးစပါး

http://www.dhammadownload.com



ကို ကျေးငှက်တွေနဲ့တကွ အလိုရှိသလို စားပါ။ နောင်လည်း ထပ်တွေ့လိုပါတယ်။ သင်ကျေးမင်းကို မြင်ရတာ ချစ်ခင်စရာ ဖြစ်ပါတယ်။"

**(ဇာတက၊ ၄၊ စတုတ္ထ၊ သာလိကေဒါရဇာတ်၊ ၂၇၉)**

ဘုရားလောင်းကျေးမင်းရဲ့ စိတ်ထားဟာ ကြည်ညို လေးစားစရာ ကောင်းပါပေတယ်။ လူသာမန်တွေ ဒီလိုစိတ်ထား မထားရှိနိုင်ကြပါ။ မိဘကျေးဇူး မသိသူတွေ၊ သားသမီးကို မစောင့်ရှောက်သူတွေ၊ ဒုက္ခရောက်နေတဲ့ ပတ်ဝန်းကျင်ကို ကယ်တင်လိုစိတ် မရှိသူတွေအဖို့ ကျေးမင်းရဲ့ စိတ်ထားဟာ အလွန်ပဲ အတုယူစရာ ကောင်းလှပါတယ်။ ကျေးမင်းဟာ တိရစ္ဆာန်ဖြစ်လို့ ဘဝအနေနဲ့ နိမ့်ကျပေမယ့် စိတ်ထားကတော့ အလွန်ပဲ မြင့်မားလှပါပေတယ်။

ကျေးဇူးသိစိတ်ထား၊ တာဝန်သိစိတ်ထား၊ ကယ်တင်လိုတဲ့ စိတ်ထားတွေဟာ လူသားလောကကြီးထဲမှာ များပြားလာရင် လူသားတွေရဲ့ဘဝဟာ ပျော်ရွှင်ကြည်နူးစရာဘဝ ဖြစ်လာပါလိမ့်မယ်။ အဲဒီစိတ်ထားတွေ လူလောကကြီးမှာ ဆိတ်သုဉ်းမသွားဖို့ ခေါင်းပါး မသွားဖို့ လိုအပ်လှပါတယ်။

## လင်္ကာ

၁။ ကြွေးဟောင်းကို ဆပ်, ကြွေးသစ် အပ်,
တစ်ရပ် ရွှေအိုး မြှုပ်နှံသည်။
၂။ အလောင်းဘုရား, ကျေးမင်းကား, သုံးပါး ပြုလုပ်သည်။
၃။ မိဘ-သမီး-သား, ဝန်းကျင်အား, သူကား စောင့်ရှောက်သည်။
၄။ ကျေးမင်းစိတ်ထား, သိမြင့်မား, လေးစားဖွယ် ကောင်းသည်။

http://www.dhammadownload.com

# ခန္တိဝါဒီရသေ့ရဲ့ စိတ်ထား

"ငါ့ရဲ့ လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ နား၊ နှာခေါင်းကို ဖြတ်တဲ့ ကလာဗုမင်းဟာ အသက်ရှည်ပါစေ။ မှန်တယ်၊ ငါ့လို သည်းခံအားနဲ့ ပြည့်စုံတဲ့ ပညာရှိတွေဟာ 'ဒီသူဟာ ငါ့ကို ဆဲရေးတယ်၊ ရေရွတ်တယ်၊ ပုတ်ခတ်တယ်၊ ဖြတ်တယ်၊ ခွဲတယ်' လို့ အမျက်ထွက်ရိုး မရှိပါ။"

**(ဇာတက၊ ၄၊ တတိယ၊ ခန္တိဝါဒီဇာတ်၊ ၃၉)**

ကလာဗုမင်းက ဘုရားအလောင်းတော် ခန္တိဝါဒီရသေ့ကို ဖမ်းယူ ဆွဲငင်စေပြီး မြေမှာ လဲကျစေကာ ဆူးပါတဲ့ကြိမ်နဲ့ ခန္ဓာကိုယ်ရဲ့ ရှေ့ပိုင်း၊ နောက်ပိုင်း၊ ဘေးနံပါး နှစ်ဖက်တွေမှာ အချက်ပေါင်း (၂) ထောင် အရိုက်ခိုင်းပါတယ်။ ခိုးသူသတ်သမားက ကလာဗုမင်း ခိုင်းတဲ့အတိုင်း ရိုက်ပါတယ်။ ခန္တိဝါဒီရသေ့ရဲ့ အရေပါး၊ အရေထူတွေ ပြတ်ကုန်ပါတယ်။ အသားတွေ ပြတ်ကုန်ပါတယ်။ သွေးတွေ ယိုစီးကျလာပါတယ်။ လက်နှစ်ဖက်၊ ခြေနှစ်ဖက်တို့ကိုလည်း ဖြတ်တောက်ခိုင်းပါတယ်။ လက်ခြေအဖျားတွေက အိုးအပေါက်တွေက ချိပ်ရည် ယိုစီးထွက်သလို သွေးတွေ ယိုစီးနေပါတယ်။ နား၊ နှာခေါင်းတွေကိုလည်း ဖြတ်ခိုင်းပါတယ်။ တစ်ကိုယ်လုံးမှာ သွေးတွေ ပေနေပါတယ်။ ကလာဗုမင်းက ဘုရားလောင်းရသေ့ရဲ့ ရင်ဘတ်ကို ခြေထောက်နဲ့ကန်ပြီး ထွက်သွားပါတယ်။

http://www.dhammadownload.com



ကလာဗုမင်း ထွက်သွားတဲ့အခါ အရှင်သာရိပုတ္တရာအလောင်း ဖြစ်တဲ့ စစ်သူကြီးက ဘုရားအလောင်းရသေ့ရဲ့ ခန္ဓာကိုယ်က သွေးတွေကို သုတ်ပြီး လက်ပြတ်၊ ခြေပြတ်၊ နားပြတ်၊ နှာခေါင်းပြတ်တွေကို အဝတ်အစွန်းမှာ ထားကာ ဘုရားအလောင်းကို ညင်သာစွာ ထိုင်ပေးပြီး ရှိခိုးကာ သင့်တင့်တဲ့ အရပ်မှာ ထိုင်ပြီး "အရှင်ရသေ့၊ အကယ်၍ စိတ်ဆိုးရင် အရှင်ရသေ့ကို ပြစ်မှားတဲ့ ကလာဗုမင်းကိုပဲ အမျက်ထွက်တော်မူပါ။ အခြားသူတွေကို အမျက်ထွက်တော်မမူပါနဲ့" လို့ လျှောက်ပါတယ်။

အဲဒီစကားကို ကြားရလို့ ဘုရားလောင်းရသေ့က စစ်သူကြီးအား အထက်ပါ စကားကို ပြောကြားလိုက်ပါတယ်။ ကလာဗုမင်း ဥယျာဉ်က ထွက်တဲ့အခါ ဥယျာဉ်တံခါးမှာပဲ မြေမျိုပြီး အဝီစိငရဲကို ရောက်သွားပါတယ်။ ဘုရားလောင်းလည်း အဲဒီနေ့မှာပဲ သေရှာပါတယ်။ ကလာဗုမင်းက ဒေဝဒတ်အလောင်း ဖြစ်ပါတယ်။

ကလာဗုမင်းက ရက်စက်သလောက် ဘုရားအလောင်းရသေ့က သည်းခံနိုင်အား ကြီးမားလှပါပေတယ်။ ဘုရားလောင်းလို ပါရမီ ရင့်ကျက်တဲ့ပုဂ္ဂိုလ် မဟုတ်ရင် ဒီလောက် ပြင်းထန်လွန်းလှတဲ့ ညှဉ်းဆဲမှုဒဏ်ကို ခံနိုင်ဖွယ် မရှိပါ။ အများစု ပုဂ္ဂိုလ်တွေမှာ ခြင်ကိုက်တာ၊ ပုရွက်ဆိတ် ကိုက်တာလေးကိုတောင် သည်းမခံနိုင် ဖြစ်ကြပါတယ်။ သည်းမခံနိုင်ဘဲ သတ်ဖြတ်တာ၊ ညှဉ်းပန်းနှိပ်စက်တာကို ပြုလုပ်တတ်ကြပါသေးတယ်။ ဘုရားလောင်းရသေ့ရဲ့ သည်းခံနိုင်အားကို စဉ်းစားကြည့်ရင် ကြက်သီးမွေးညင်း ထစရာ ကောင်းလှလောက်အောင် ဘုရားလောင်းရသေ့ရဲ့ သည်းခံမှု အားက ကြီးမားနေတာကို တွေ့ရပါတယ်။

http://www.dhammadownload.com



သည်းမခံနိုင်စရာ အတွေ့အကြုံတွေကို မည်သူမဆို တွေ့ကြုံဖူးကြပါလိမ့်မယ်။ အဲဒီအခါ သည်းမခံနိုင်အောင် ဖြစ်နေရင် ဘုရားလောင်းရသေ့ရဲ့ သည်းခံနိုင်မှုကို တွေးကြည့်သင့်ပါတယ်။ တွေးကြည့်ရင် ဘုရားလောင်းရသေ့ရဲ့ သည်းခံစိတ်ထားက သည်းခံဖို့ တွန်းအားပေးတာကို တွေ့ရပါလိမ့်မယ်။ သည်းမခံချင်တဲ့ စိတ်ထားကို ဘေးတွန်းထုတ်တာကိုလည်း တွေ့ပါလိမ့်မယ်။

မိမိရဲ့ သည်းမခံနိုင်စရာ အတွေ့အကြုံဟာ ဘုရားလောင်းရသေ့ရဲ့ အတွေ့အကြုံကို စဉ်းစားမကြည့်ရင် အကြီးကြီးပဲလို့ ထင်ချင်ထင်နေပါလိမ့်မယ်။ စဉ်းစားကြည့်တော့ ဘာမှ မပြောပလောက်တာကို တွေ့ရပါလိမ့်မယ်။ သည်းမခံနိုင်စရာ အတွေ့အကြုံဟာ သည်းခံမှု အားနည်းသူ၊ သို့မဟုတ် မရှိသူမှာ အသေးလေး ဖြစ်နေပေမယ့် အကြီးကြီးလို့ထင်မြင် ယူဆနေပါလိမ့်မယ်။ သည်းမခံနိုင်စရာ အတွေ့အကြုံ အသေးလေးတွေကို များများသည်းခံနိုင်မှ အကြီးကြီးကိုလည်း သည်းခံနိုင်လာပါလိမ့်မယ်။ အကြီးကြီးတွေကို သည်းခံနိုင်အား ရှိလာအောင် ဘုရားလောင်းရသေ့ကို အာရုံပြုကြည်ညိုကာ ကြိုးစားသင့်ကြပါတယ်။

## လင်္ကာ

၁။ လက်-ခြေ-နား-နှာ, ဖြတ်တောက်တာ, သူဟာ ခံရသည်။
၂။ အသား-အရေ, ပြတ်ထွက်ပေ, သွေးတွေ ယိုစီးသည်။
၃။ သို့သော် သူကား, မျက်မပွား, တအား သည်းခံသည်။
၄။ သူ့ သည်းခံအား, တွေးစဉ်းစား, လက်ဖျားခါလောက်သည်။
၅။ သည်းခံစရာ, ကြုံတဲ့ခါ, သူ့ သည်းခံတာ တွေးရသည်။
၆။ သည်းခံနိုင်ငြား, သူ့စိတ်ထား, တွန်းအားပေးပါသည်။

http://www.dhammadownload.com

# ဝေဿန္တရာရဲ့ စိတ်ထား

ဘုရားအလောင်းတော် ဝေဿန္တရာဟာ (၈) နှစ်သားအရွယ်မှာ မြတ်တဲ့ပြာသာဒ်ပေါ်ရောက်ပြီး ကျက်သရေရှိတဲ့ အိပ်ရာပေါ်မှာ ထိုင်ရင်းပဲ စဉ်းစားပါတယ်။

"ငါဟာ အပြင်ပအလှူဒါနကိုသာ လှူခဲ့တယ်။ အဲဒီအလှူက ငါ့ကို ကျေနပ်မှု မဖြစ်စေပါ။ ကိုယ်တွင်းပစ္စည်းတွေကို လှူလိုပါတယ်။ တစ်စုံတစ်ယောက်က ငါ့ဦးခေါင်းကို တောင်းခဲ့ရင် ငါ့ဦးခေါင်းကို ဖြတ်ပြီး သူ့အား ပေးချင်ပါဘိတယ်။ တစ်စုံတစ်ယောက်က ငါ့နှလုံးသားကို တောင်းခဲ့ရင် ရင်ကို ခွဲပြီး အသည်းကို ထုတ်ကာ ပေးချင်ပါဘိတယ်။ မျက်စိတွေကို တောင်းခဲ့ရင် မျက်စိတွေကို ထုတ်ကာ ပေးချင်ပါဘိတယ်။ ခန္ဓာကိုယ်အသားကို တောင်းခဲ့ရင် တစ်ကိုယ်လုံးက အသားကို ဖြတ်ကာ ပေးချင်ပါဘိတယ်။ ငါ့ရဲ့အသွေးကို တောင်းလာခဲ့ရင် သွေးကို ယူကာ ပေးချင်ပါဘိတယ်။ "သင်ဟာ ငါ့ရဲ့ကျွန် ဖြစ်လော့" လို့ တစ်စုံတစ်ယောက်က ပြောလာခဲ့ရင် ကိုယ့်ကိုယ်ကို ကျွန်လုပ်ပြီး ပေးချင်ပါဘိတယ်။"

ဘုရားအလောင်းတော် ဝေဿန္တရာဟာ မယ်တော်ဝမ်းက ထွက်လျှင်ထွက်ချင်းပဲ ညစ်ကြေးမတင် သန့်ရှင်းစင်ကြယ်စွာနဲ့ မျက်စိတွေကို

http://www.dhammadownload.com



ဖွင့်ကာ ထွက်လာပါတယ်။ ထွက်လာတယ်ဆိုရင်ပဲ မိခင်ထံ လက်ကို ဆန့်တန်းပြီး "အမေ၊ အလှူပေးချင်ပါတယ်။ အမေ့မှာ ပစ္စည်းတစ်စုံ တစ်ရာ ရှိပါသလား" လို့ ပြောပါတယ်။ အဲဒီအခါ ဝေဿန္တရာအား အမေက "ချစ်သား၊ သင် အလိုရှိသလို လှူပါ" လို့ ပြောပြီး ဆန့်တန်း နေတဲ့ လက်ထဲမှာ ငွေတစ်ထောင်ပါတဲ့ အိတ်ကို ထည့်လိုက်ပါတယ်။

ဝေဿန္တရာဟာ အသက် (၄) နှစ်၊ (၅) နှစ်အရွယ်မှာ သူဝတ်ထား တဲ့ တစ်သိန်းတန် အဆင်တန်ဆာကို ချွတ်ပြီး အထိန်းတော်တွေအား ပေးပါတယ်။ အထိန်းတော်တွေက ပြန်ပေးပေမယ့် မယူပါ။ ဖခင်ဘုရင် က နောက်တစ်ခု လုပ်ပေးပါတယ်။ အဲဒါကိုလည်း လှူပစ်ပါတယ်။ အဲဒီလို ကလေးဘဝမှာပဲ အထိန်းတော်တွေအား (၉) ကြိမ်တိုင်တိုင် အဆင်တန်ဆာကို လှူပါတယ်။

အသက် (၁၆) နှစ် ရောက်လာတဲ့အခါ ဝေဿန္တရာဟာ မင်းဖြစ် လာပါတယ်။ မင်းဖြစ်လာတဲ့ အချိန်ကစပြီး နေ့တိုင်း (၆)သိန်း စွန့်လွှတ် ပြီး အလှူကြီး ပေးပါတယ်။ တစ်လမှာ (၆) ကြိမ် ဆင်စီးပြီး အလှူ မဏ္ဍပ် (၆) ခုကို ကြည့်ပါတယ်။

မိုးခေါင်လို့ ကာလိင်္ဂဘုရင်က မင်္ဂလာဆင်ဖြူတော်ကို အလှူခံဖို့ လွှတ်လိုက်တဲ့ ပုဏ္ဏား (၈) ယောက်အား သွားလေရာမှာ မိုးရွာစေတဲ့ မင်္ဂလာဆင်ဖြူတော်ကို ဝေဿန္တရာမင်းက လှူလိုက်ပါတယ်။ အဲဒီ ဆင် ဖြူတော်ရဲ့နာမည်က ပစ္စယလို့ ခေါ်ပါတယ်။ အဲဒီ ပစ္စယဆင်ဖြူတော် ကို လှူလိုက်လို့ ဝေဿန္တရာဟာ သိဝိတိုင်းက ထွက်သွားရပါတယ်။ ဝေဿန္တရာဟာ အခြားအခြား အလှူတွေကိုလည်း အများကြီး လှူပါ

http://www.dhammadownload.com



သေးတယ်။ နောက်ဆုံးမှာ သား ဇာလိ၊ သမီး ကဏှာဇိနာ၊ ဇနီး မဒ္ဒီတို့ကို တောင် လှူလိုက်ပါသေးတယ်။

ဝေဿန္တရာဟာ အဲဒီသား၊ သမီး၊ ဇနီးတွေထက် အဆပေါင်းတစ်ရာ၊ တစ်ထောင်၊ တစ်သိန်း ပိုပြီး သဗ္ဗညုတဉာဏ်ကိုသာ ချစ်ပါသတဲ့။ အဲဒီဒါနတွေဟာ သဗ္ဗညုတဉာဏ် ရဖို့ရန်အတွက် အထောက်အပံ့ ဖြစ်ပါစေလို့ ဆုတောင်းပါသတဲ့။

(ဇာတက၊ ၅၊ သတ္တမ၊ ဝေဿန္တရဇာတ်၊ ၂၄၈)

ဝေဿန္တရာလို လှူနိုင်ဖို့ကတော့ မလွယ်ပါ။ လှူဖို့ စိတ်ကူးတောင် ကူးမိဖို့ မလွယ်ပါ။ ဝေဿန္တရာရဲ့ ရက်ရောတဲ့ စိတ်ထားကတော့ ခေါင်ထိပ်ကို ရောက်နေပါပြီ။ ဝေဿန္တရာလို မလှူနိုင်တောင် လှူနိုင်တဲ့ ဝေဿန္တရာကိုတော့ အားကျသင့်ပါတယ်။ သူ့လောက် မလှူနိုင်တောင် ကိုယ့်အတိုင်းအတာနဲ့ကိုယ် လှူနိုင်အောင် ကြိုးစားကြရပါမယ်။

ပစ္စည်းတွေ ရှိပြီး မလှူနိုင်ကြတဲ့သူတွေဟာ ဝေဿန္တရာကို အားကျသင့်ကြပါတယ်။ ပစ္စည်းတွေအပေါ် တွယ်တာမှုလောဘကို သတ်နိုင်အား ကောင်းလှတဲ့ ဝေဿန္တရာရဲ့စိတ်ထားဟာ မွန်မြတ်လှပါတယ်။ တွယ်တာမက်မောမှု လောဘတွေ ဖြိုဖျက်မှုလို့ မလှူဘဲ ကျန်နေခဲ့တဲ့ ပစ္စည်းတွေဟာ ကိုယ့်နောက်ကို မပါလာကြပါ။ သေသွားရင် ဘယ်သူမှ ယူမသွားနိုင်ကြပါ။ အားလုံး ပစ်ထားခဲ့ကြရပါတယ်။ ဝေဿန္တရာကတော့ ပစ်မထားဘဲ သူ့နောက်ပါအောင် ယူသွားနိုင်ခဲ့ပါတယ်။

ဘုရားအလောင်းတော်ဟာ ဒီလို သား၊ သမီး၊ ဇနီးတွေကို မလှူနိုင်သေးရင် ဘုရားအဖြစ်ကို မရောက်နိုင်သေးပါ။ သူလိုချင်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကို မရနိုင်သေးပါ။ သတ္တဝါတွေကို ဆင်းရဲက လွတ်

http://www.dhammadownload.com



အောင် ကယ်တင်လိုလို့ သဗ္ဗညုတဉာဏ်တော်ကြီးကို ရလိုခဲ့ပါတယ်။ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရဖို့ရာ အရင်းအနှီးပေါင်း များစွာကို ရင်းနှီးခဲ့ရပါတယ်။ ဝေဿန္တရာတစ်ဘဝမှာပဲ အရင်းအနှီးတွေက များလှပါတယ်။ အကျိုးက ကြီးမားလေလေ အရင်းအနှီးက ကြီးမားရလေလေပါပဲ။ စွန့်လွှတ်နိုင်အား ကောင်းလေလေ ပိုင်ဆိုင်မှုက များလာလေလေ ဖြစ်ပါတယ်။ စွန့်လွှတ်နိုင်မှုက ကြီးမားလေလေ ပိုင်ဆိုင်မှုက ကြီးမားလာလေလေ ဖြစ်ပါတယ်။

## လင်္ကာ

၁။ အလှူရက်ရော, သူ့သဘော, အံ့ဩရပါသည်။
၂။ ဇနီး-သား-သမီး, လှူဒါန်းပြီး, ဉာဏ်ကြီး ရဖို့ ဆုတောင်းသည်။
၃။ သဗ္ဗညုတဉာဏ်, ရဖို့ရန်, အလွန် စိတ်သန်သည်။
၄။ ထိုဉာဏ် ရဖို့ရာ, ရင်းနှီးဟာ, လွန်စွာ များလှသည်။
၅။ ရင်းနှီး ကြီးကြီး, ပေးဆပ်ပြီး, ဉာဏ်ကြီး ရလေပြီ။

http://www.dhammadownload.com

# ဓမ္မပါလမိသားစုရဲ့ စိတ်ထား

တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီးက ထမင်းစားပြီး အေးအေးဆေးဆေး ထိုင်နေတဲ့အခါ ဘုရားအလောင်း ဓမ္မပါလတက္ကသိုလ် ကျောင်းသားရဲ့ဖခင်ပုဏ္ဏားကို ပြောပါတယ်။ ပုဏ္ဏားကလည်း ပြန်ပြော ပါတယ်။

"ပုဏ္ဏား၊ သင့်ရဲ့သား ဓမ္မပါလဟာ ပညာတော်ပါတယ်။ ဗေဒင် သုံးပုံရဲ့ အတတ် (၁၈) မျိုး ပြီးဆုံးသွားပါပြီ။ ဒါပေမဲ့ ရောဂါတစ်ခုကြောင့် သေသွားတယ်။ သင်္ခါရတရားအားလုံးဟာ မမြဲဘူး၊ ဝမ်းမနည်းကြပါနဲ့"

ပုဏ္ဏားက လက်ခုပ်တီးပြီး အကြီးအကျယ် ရယ်ပါတယ်။

"ပုဏ္ဏား ဘာကြောင့် ရယ်ပါသလဲ။"

"အကျွန်ုပ်ရဲ့သား ဓမ္မပါလ မသေပါ။ အခြားလူ သေတာ ဖြစ်ပါ လိမ့်မယ်။"

"ပုဏ္ဏား၊ သင့်ရဲ့သားပဲ သေတယ်။ သင့်သားရဲ့ အရိုးတွေကို ကြည့် ပြီး ယုံပါ။ ဒါတွေဟာ သင့်သားရဲ့အရိုးတွေပဲ။"

"ဒါတွေဟာ သိုး သို့မဟုတ် ခွေးရဲ့ အရိုးတွေ ဖြစ်ပါလိမ့်မယ်။ အကျွန်ုပ်ရဲ့သား ဓမ္မပါလကတော့ မသေပါ။ ဟုတ်တယ်။ အကျွန်ုပ်တို့ ရဲ့ အမျိုးမှာ ဆွေ (၇) ဆက်၊ မျိုး (၇) ဆက်တိုင်အောင် ငယ်ရွယ်စဉ်မှာ မသေကြပါ။ သင်ဟာ လိမ်ညာပြောတယ်။"

http://www.dhammadownload.com



အဲဒီခဏမှာ လူအားလုံးဟာ လက်ခုပ်တီးပြီး အကြီးအကျယ် ရယ်ကြပါတယ်။ ဒီသာပါမောက္ခဆရာကြီးက အဲဒီအံ့ဩဖွယ်ကို မြင်ပြီး ဝမ်းသာလို့ -

"ပုဏ္ဏား၊ သင်တို့ရဲ့မျိုးရိုးမှာ ငယ်ရွယ်သူတွေ မသေကြတာဟာ အကြောင်း မရှိတာတော့ မဟုတ်နိုင်ပါ။ သင်တို့ရဲ့ ကလေးတွေဟာ ဘာကြောင့် မသေကြပါသလဲ" လို့ မေးပါတယ်။

ပုဏ္ဏားက ဒီလို ပြောပါတယ်။

"အကျွန်ုပ်တို့က ကုသလကမ္မပထတရား (သုစရိုက်) ၁၀ ပါးကို ကျင့်ကြပါတယ်။ ရယ်စရာအနေနဲ့တောင် လိမ်ညာ မပြောကြပါ။ မကောင်းမှုတွေကို ရှောင်ကြဉ်ကြပါတယ်။ အရိယာတွေ ကဲ့ရဲ့စရာ မစင်ကြယ်တဲ့ အလုပ်တွေကို ရှောင်ကြဉ်ကြပါတယ်။ ဒါကြောင့် အကျွန်ုပ်တို့ရဲ့ ကလေးတွေဟာ မသေကြပါ။"

"အကျွန်ုပ်တို့က သူတော်ကောင်းတွေရဲ့ တရားကိုရော မသူတော်တွေရဲ့ တရားကိုပါ နာယူကြပါတယ်။ မသူတော်တွေရဲ့ တရားကို နာကြားရုံသာ နာကြားကြပါတယ်။ ဆန္ဒကျင်ဘက် မဖြစ်လိုလို့ပါပဲ။ သဘောကတော့ မကျကြပါ။ မသူတော်တွေကို ပယ်စွန့်ကြပါတယ်။ သူတော်ကောင်းတွေကိုတော့ ပေါင်းသင်းကြပါတယ်။

"အကျွန်ုပ်တို့က မလှူခင် ကာလမှာရော၊ လှူဆဲ ကာလမှာရော လှူပြီးကာလမှာပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။"

"အကျွန်ုပ်တို့က ရဟန်း၊ ပုဏ္ဏား၊ ခရီးသွား၊ တောင်းစားသူ၊ ဆင်းရဲသားတွေကို စားဖွယ်သောက်ဖွယ်တွေနဲ့ ကျေနပ်အောင် လုပ်ပေးကြပါတယ်။"

http://www.dhammadownload.com



"အကျွန်ုပ်တို့ရဲ့ ဇနီးမောင်နှံနှစ်ဦးဟာ တစ်ဦးအပေါ် တစ်ဦး သစ္စာ ရှိကြပါတယ်။ ဖောက်လွဲဖောက်ပြား မရှိကြပါ။ ဇနီးမောင်နှံ အချင်း ချင်းသာ ပျော်ပါးမှု ရှိကြပါတယ်။"

"အကျွန်ုပ်တို့ဟာ သတ်မှု၊ ခိုးမှု၊ သေရည်အရက် သောက်မှု၊ လိမ်ညာမှု မပြုကြပါ။"

"အကျွန်ုပ်တို့ရဲ့ သားတွေဟာ သီလရှိတဲ့ မိန်းမမြတ်တွေထံမှာ ဖြစ်ကြပါတယ်။ အဲဒီသားတွေဟာ ပညာရှိကြပါတယ်။ ပညာကြီးကျယ် ကြပါတယ်။ ဗဟုသုတ ရှိကြပါတယ်။ ပညာရဲ့ ဆုံးခန်းတိုင်အောင် တတ် မြောက်ကြပါတယ်။"

"မိဘ၊ သားသမီး၊ ညီအစ်ကို မောင်နှမ၊ ဇနီး၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ အလုပ်ကျွေး၊ အလုပ်သမား၊ အကျွန်ုပ်တို့ အားလုံးဟာ နောက်ဘဝကြောင့် သုစရိုက် (၁၀) ပါးကို ကျင့်ကြပါတယ်။ ဒါကြောင့် အကျွန်ုပ်တို့ရဲ့ ကလေးတွေဟာ မသေကြပါ။"

**(ဇာတက၊ ၄၊ စတုတ္ထ၊ မဟာဓမ္မပါလဇာတ်၊ ၅၂)**

ငယ်ငယ်ရွယ်ရွယ်နဲ့ မသေလိုကြသူတွေဟာ ဓမ္မပါလမိသားစုရဲ့ စိတ်ကောင်း စိတ်မြတ်၊ အကျင့်ကောင်း အကျင့်မြတ်တွေကို အတုယူ ကာ လိုက်နာကျင့်ကြရပါမယ်။

## လင်္ကာ

၁။ ဒါန-သီလာ, မြတ်ပညာ, သုတာ ရှိကြသည်။
၂။ ကိုယ်ကျင့်-နှုတ်ကျင့်, စိတ်အကျင့်,
အကျင့်အားလုံး ကောင်းကြသည်။
၃။ အကောင်းစုံစွ, ထိုဘဝ, သက်က ရှည်ပါသည်။
၄။ အသက်ရှည်ချင်, ကောင်းဖို့ပင်, အသင် လိုပါသည်။

http://www.dhammadownload.com

# အောင့်နိုင်လျှင် အကျိုးရှိ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်တယ်။ ဘုရားလောင်းက အဲဒီမင်းရဲ့ သား (၁၀၀) ထဲမှာ အငယ်ဆုံးသား ဖြစ်တယ်။ ဘုရားလောင်းဟာ အစဉ်အတိုင်း တတ်သိ နားလည်တဲ့အရွယ် ရောက်လာတယ်။ အဲဒီအခါ မင်းရဲ့နန်းတော်မှာ ပစ္စေကဗုဒ္ဓါတွေ ဆွမ်းဘုဉ်းပေးကြတယ်။ ဘုရားလောင်းက အဲဒီပစ္စေကဗုဒ္ဓါတွေအား ဝေယျာဝစ္စ လုပ်ပေးတယ်။ ဘုရားလောင်းက တစ်နေ့မှာ "ငါ့မှာ အစ်ကိုတွေ များတယ်။ ငါဟာ ဒီမြို့မှာ အမျိုးရဲ့ဥစ္စာဖြစ်တဲ့ မင်းအဖြစ်ကို ရနိုင်မလား၊ မရနိုင်ဘူးလား" လို့ တွေးတယ်။ အဲဒီအခါ ဘုရားလောင်းမှာ "ပစ္စေကဗုဒ္ဓါတွေကို မေးပြီး သိမယ်" လို့ တွေးမိတယ်။ ဘုရားလောင်းဟာ နောက်နေ့မှာ ပစ္စေကဗုဒ္ဓါတွေ ကြွလာတဲ့အခါ ရေစစ်ကို ယူပြီး သောက်ရေ စစ်ပေးတယ်။ ခြေတွေကို ဆေးပေးပြီး ဆီနဲ့ လိမ်းကျံပေးတယ်။ အဲဒီပစ္စေကဗုဒ္ဓါတွေရဲ့အကြား စားဖွယ်ကို စားတယ်။ ထိုင်တဲ့အခါ ရှိခိုးပြီး သင့်တင့်ရာမှာ ထိုင်ကာ အဲဒီအကြောင်းကို မေးတယ်။

အဲဒီအခါ ပစ္စေကဗုဒ္ဓါတွေက ဘုရားလောင်းကို ဒီလို ပြောတယ်။

"မင်းသား၊ သင်ဟာ ဒီမြို့မှာ မင်းအဖြစ်ကို ရမှာမဟုတ်။ ဒီမြို့က နေ ယူဇနာ (၁၂၀) ရဲ့အထက်မှာ ရှိတဲ့ ဂန္ဓာရတိုင်းမှာ တက္ကသိလာမြို့

http://www.dhammadownload.com



ဆိုတာ ရှိတယ်။ အဲဒီမြို့ကို သွားနိုင်ရင် ဒီနေ့ကနေ (၇) ရက်မြောက်မှာ မင်းအဖြစ်ကို ရလိမ့်မယ်။ လမ်းခရီးအကြားမှာတော့ မဟာဝတ္တနိ တောအုပ်မှာ ဘေးရန် ရှိတယ်။ အဲဒီတောအုပ်ကို ရှောင်လွှဲပြီး သွားရင် ခရီးလမ်းက ယူဇနာ (၁၀၀) ရှိတယ်။ ဖြောင့်ဖြောင့်သွားရင် ယူဇနာ (၅၀) ရှိတယ်။ အဲဒီခရီးလမ်းဟာ ဘီလူးတွေရဲ့နေရာ ခရီးခဲ ဖြစ်တယ်။ အဲဒီတောအုပ်မှာ ဘီလူးမတွေက လမ်းခရီးအကြားမှာ ရွာတွေနဲ့ ဇရပ်တွေကို ဖန်ဆင်းတယ်။ အထက်မှာ ရွှေကြယ်တာရာတွေနဲ့ ဆန်းကြယ်တဲ့ မျက်နှာကြက်ပါတဲ့ အိပ်ရာအကောင်းစားကို ခင်းတယ်။ တပ်မက်စရာ အဝတ်ကန့်လန့်ကာ အမျိုးမျိုးကို ကာရံတယ်။ နတ်အဆင်တန်ဆာတွေနဲ့ ခန္ဓာကိုယ်ကို တန်ဆာဆင်တယ်။ ဇရပ်တွေမှာ ထိုင်ပြီး လာတဲ့ယောကျ်ားတွေကို ချိုသာတဲ့ စကားတွေနဲ့ သိမ်းသွင်းတယ်။ "ပင်ပန်းလာကြပုံ ပေါ်တယ်။ ဒီကို လာပြီး ထိုင်ကာ ရေသောက်ပြီးမှ သွားကြပါ" လို့ ခေါ်တယ်။ လာလာသမျှ လူတွေအား နေရာပေးတယ်။ သူတို့ရဲ့ ရုပ်ရည်တင့်တယ်မှုတွေနဲ့ ဖြားယောင်းတယ်။ ကိလေသာအလို လိုက်အောင် လုပ်တယ်။ သူတို့နဲ့အတူ ကာမကျူးလွန်သူတွေကို အဲဒီနေရာမှာပဲ သွေးတွေ ယိုစီးကျလာအောင် ခဲစားကာ အသေသတ်ကြတယ်။ အဆင်းအာရုံ ကြိုက်တဲ့သူကို အဆင်းအာရုံနဲ့ပဲ ဖြားယောင်းကြတယ်။ အသံအာရုံကြိုက်တဲ့သူကို ချိုသာတဲ့ သီချင်းသံ၊ တီးမှုတ်သံနဲ့ ဖြားယောင်းကြတယ်။ အနံ့ကြိုက်သူကို နတ်ပြည်က အနံ့နဲ့၊ အရသာကြိုက်သူကို နတ်ပြည်က အကောင်းစား အရသာအမျိုးမျိုးပါတဲ့ စားဖွယ်နဲ့၊ အတွေ့ကြိုက်သူကို (၂) ဖက်မှီအုံးနီတွေပါတဲ့ နတ်အိပ်ရာတွေနဲ့ ဖြားယောင်းကြတယ်။ ဣန္ဒြေတွေကို ဖျက်ပြီး ဘီလူးမတွေကို မကြည့်ဘဲ

http://www.dhammadownload.com



သတိထားကာ သွားမယ်ဆိုရင် (၇) ရက်မြောက်မှာ တက္ကသိလာမြို့မှာ မင်းအဖြစ်ကို ရလိမ့်မယ်။”

ဘုရားလောင်းက “အရှင်ဘုရား ရှိပါစေ၊ အရှင်ဘုရားတို့ရဲ့ ဩဝါဒကို ယူပြီး ဘာကြောင့် အဲဒီဘီလူးမတွေကို ကြည့်ရမှာလဲ” လို့ ပြောတယ်။ ပစ္စေကဗုဒ္ဓါကို ပရိတ် (အရန်အတား) ကို ပြုလုပ်စေတယ်။ ပရိတ်သဲနဲ့ ပရိတ်ချည်ကို ယူကာ ပစ္စေကဗုဒ္ဓါတွေနဲ့ မိဘတွေကို ရှိခိုးတယ်။ အိမ်ကို သွားပြီး သူ့လူတွေကို “ငါဟာ တက္ကသိလာမြို့မှာ မင်းအဖြစ်ကို ယူဖို့ သွားမယ်။ သင်တို့ ဒီမှာပဲ နေရစ်ကြ” လို့ ပြောတယ်။ အဲဒီအခါ ဘုရားလောင်းကို လူ (၅) ယောက်က “ကျွန်တော်တို့လည်း လိုက်ကြမယ်” လို့ ပြောကြတယ်။ “သင်တို့ လိုက်လို့ မတတ်နိုင်ဘူး။ လမ်းခရီးကြားမှာ ဘီလူးမတွေက အာရုံငါးပါးကြိုက်သူတွေကို အာရုံငါးပါးတွေနဲ့ ဒီလို ဒီလို ဖြားယောင်းကြသတဲ့။ ဘေးရန်က ကြီးတယ်။ ငါကတော့ ကိုယ့် ကိုယ်ကို တွေးကြံပြီး သွားမယ်” လို့ ပြောတယ်။

“အရှင်မင်းသား၊ ကျွန်တော်တို့ဟာ အရှင်မင်းသားနဲ့ အတူသွားရင် ကိုယ်ကြိုက်တဲ့အဆင်း စသည်တွေကို ဘာလို့ ကြည့်ရမှာလဲ။ ကျွန်တော်တို့လည်း အဲဒီလိုပဲ သွားကြပါမယ်” လို့ ပြောကြတယ်။ ဘုရားလောင်းက “ဒီလိုဆိုရင် မမေ့မလျော့ နေကြပါ” လို့ ပြောကာ အဲဒီလူ (၅) ယောက်ကို ခေါ်ကာ လမ်းခရီးကို သွားတယ်။ ဘီလူးမတွေက ရွာစသည်တွေကို ဖန်ဆင်းပြီး ထိုင်နေကြတယ်။ အဲဒီလူ (၅) ယောက် ထဲက အဆင်းအာရုံကို ကြိုက်တဲ့လူက အဲဒီဘီလူးမတွေကို ကြည့်ပြီး အဆင်းအာရုံမှာ တပ်မက်လို့ အနည်းငယ် နောက်ချန်နေရစ်တယ်။ ဘုရားလောင်းက “အမောင်၊ ဘာကြောင့် နောက်ချန်နေရစ်တာလဲ” လို့ မေး

http://www.dhammadownload.com



တဲ့အခါ "အရှင်မင်းသား၊ ကျွန်တော့်ရဲ့ခြေတွေ နာတယ်။ ဇရပ်မှာ ခဏ ထိုင်ပြီးမှ လိုက်လာခဲ့ပါမယ်" လို့ ပြောတယ်။ "အမောင်၊ အဲဒီဟာတွေ က ဘီလူးမတွေပဲ။ မတောင့်တပါနဲ့" လို့ ပြောတယ်။ "အရှင်မင်းသား၊ ဖြစ်ချင်ရာ ဖြစ်ပါစေ။ ကျွန်တော် မတတ်နိုင်တော့ဘူး" လို့ ပြောတယ်။

"ဒီလိုဆိုရင် ထင်ရှားလာလိမ့်မယ်" လို့ ပြောကာ ကျန်တဲ့ (၄) ယောက်ကို ခေါ်ပြီး သွားတယ်။ အဲဒီအဆင်းကို ကြိုက်သူကလည်း အဲဒီ ဘီလူးမတွေထံ သွားတယ်။ အဲဒီဘီလူးမတွေက သူတို့နဲ့အတူ ကျူးလွန် တဲ့အခါ အဲဒီလူကို အဲဒီနေရာမှာပဲ သတ်လိုက်ကြတယ်။ ရှေ့ကို သွား ပြီး အခြားဇရပ်ကို ဖန်ဆင်းကြတယ်။ တူရိယာအမျိုးမျိုးတွေကို ယူကာ သီချင်းဆိုရင်း ထိုင်နေကြတယ်။ အဲဒီလူတွေထဲက အသံကို ကြိုက်သူက နောက်ချန်နေရစ်ပြန်တယ်။ ရှေးနည်းအတိုင်းပဲ သူ့ကိုလည်း စားပစ်ကြ တယ်။ ရှေ့ကို သွားပြီး နံ့သာကြုတ်အမျိုးမျိုးတွေကို ဖြည့်စေကာ ဈေး ခင်းပြီး ထိုင်နေကြတယ်။ အဲဒီလူတွေထဲက အနံ့ကြိုက်သူက နောက် ချန်ရစ်ပြန်တယ်။ သူ့ကိုလည်း စားပြီး ရှေ့ကို သွားကြတယ်။ အရသာ အကောင်းအမျိုးမျိုးပါတဲ့ နတ်စားဖွယ်တွေနဲ့ ခွက်တွေကို ပြည့်စေကာ ထမင်းဈေးခင်းပြီး ထိုင်နေကြတယ်။ အဲဒီလူတွေထဲက အရသာကြိုက် သူဟာ နောက်ချန်နေရစ်ပြန်တယ်။ သူ့ကိုလည်း စားလိုက်ကာ ရှေ့ကို သွားကြတယ်။ နတ်အိပ်ရာတွေကို ခင်းပြီး ထိုင်နေကြတယ်။ အဲဒီလူ တွေထဲက အတွေ့အထိကို ကြိုက်သူက နောက်ချန်ရစ်ပြန်တယ်။ သူ့ကို လည်း ခဲစားလိုက်ကြပြန်တယ်။ ဘုရားလောင်းတစ်ယောက်တည်း ကျန် တော့တယ်။

အဲဒီအခါ ဘီလူးမတစ်ယောက်က "ဒီလူဟာ အလွန်ထက်မြက် တဲ့ ပညာရှိပါပေတယ်။ ငါဟာ သူ့ကို ခဲစားပြီးမှပဲ ပြန်မယ်"လို့ တွေးကာ

http://www.dhammadownload.com



ဘုရားလောင်းရဲ့ နောက်က သွားတယ်။ တောအုပ်ရဲ့ ဟိုဘက်မှာ တောအလုပ်သမားစသူတွေက ဘီလူးမကို မြင်လို့ "ရှေ့က သွားတဲ့ ဒီယောက်ျားဟာ သင်နဲ့ ဘာတော်စပ်သလဲ" လို့ မေးကြတယ်။

"အို အရှင်၊ အဲဒီလူဟာ ကျွန်မရဲ့ ခင်ပွန်းပါ"

"အို မိတ်ဆွေ၊ ဒီလိုအလွန်နူးညံ့တဲ့၊ ပန်းကုံးနဲ့တူတဲ့၊ ရွှေအဆင်းရှိတဲ့ ဒီအမျိုးသမီးငယ်လေးဟာ သူ့အမျိုးကို စွန့်ပြီး သင့်ကို ရည်ရွယ်အားကိုးကာ ထွက်လာတယ်။ ဘာကြောင့် ဒီအမျိုးသမီးငယ်ကို မပင်ပန်းစေဘဲ ခေါ်ကာ မသွားသလဲ။"

"အဲဒီအမျိုးသမီးဟာ ငါ့ရဲ့မယား မဟုတ်ပါ။ ဘီလူးမ ဖြစ်ပါတယ်။ အဲဒီဘီလူးမက ငါ့လူ (၅) ယောက်ကို စားပြီးပါပြီ။"

"မိတ်ဆွေတို့၊ ယောက်ျားတွေဆိုတာ စိတ်ဆိုးတဲ့အခါမှာ ကိုယ့်မယားတွေကို ဘီလူးမတွေပဲ၊ ပြိတ္တာမတွေပဲလို့ ပြောတတ်ကြတယ်"

ဘီလူးမဟာ သွားတဲ့အခါ ကိုယ်ဝန်ဆောင်မိန်းမအသွင် ဖန်ဆင်းကာ နောက်ထပ် သားတစ်ကြိမ်ဖွားပြီး မိန်းမအသွင် ဖန်ဆင်းတယ်။ သားကို ရင်ခွင်နဲ့ ယူပြီး ဘုရားလောင်းနောက်က လိုက်တယ်။ မြင်မြင်သမျှ လူတွေက အဲဒီအတိုင်းပဲ မေးကြတယ်။ ဘုရားလောင်းကလည်း အဲဒီအတိုင်းပဲ ပြောပြီး သွားတဲ့အခါ တက္ကသီလာမြို့ကို ရောက်သွားတယ်။ ဘီလူးမက သားကို ဖျောက်ပစ်လိုက်ပြီး တစ်ယောက်တည်းပဲ နောက်က လိုက်သွားတယ်။ ဘုရားလောင်းက မြို့တံခါးကို ရောက်ပြီး ဇရပ်တစ်ခုမှာ ထိုင်နေတယ်။ ဘီလူးမက ဘုရားလောင်းရဲ့ အရှိန်အဝါကြောင့် မဝင်ဝံ့လို့ နတ်သမီးအသွင် ဖန်ဆင်းကာ ဇရပ်တံခါးမှာ ရပ်နေတယ်။

http://www.dhammadownload.com



အဲဒီအခါ တက္ကသိုလ်လာမင်းက ဥယျာဉ်ကို သွားတဲ့အခါ ဘီလူးမကို မြင်ပြီး တပ်မက်သွားလို့ "သွားပါ၊ အဲဒီမိန်းမမှာ လင်ရှိမရှိ သိအောင်လုပ်ခဲ့ပါ"လို့ ပြောကာ လူကို စေလွှတ်လိုက်တယ်။ အဲဒီလူက ဘီလူးမထံ သွားပြီး "သင့်မှာ လင်ရှိသလား"လို့ မေးတယ်။ "အို မိတ်ဆွေ၊ ရှိပါတယ်၊ ဇရပ်ထဲမှာ ထိုင်နေသူဟာ ကျွန်မရဲ့ လင်ပါပဲ"လို့ ပြောတယ်။ ဘုရားလောင်းက "အဲဒီမိန်းမဟာ ငါ့မယား မဟုတ်ပါ။ ဘီလူးမ ဖြစ်ပါတယ်။ အဲဒီဘီလူးမက ငါ့လူ (၅) ယောက်ကို စားထားပါတယ်"လို့ ပြောတယ်။ ဘီလူးမကလည်း "မိတ်ဆွေတို့၊ ယောကျာ်းတွေဆိုတာ စိတ်ဆိုးတဲ့အခါ ပြောချင်ရာ ပြောတတ်ကြပါတယ်" လို့ ပြောတယ်။

အဲဒီလူဟာ နှစ်ယောက်စလုံးရဲ့ စကားကို မင်းအား ပြောတယ်။ မင်းက "ပိုင်ရှင်မရှိတဲ့ ဘဏ္ဍာဟာ မင်းဘဏ္ဍာပဲ" လို့ ပြောပြီး အဲဒီဘီလူးမကို အခေါ်ခိုင်းကာ ဆင်တစ်ကောင်ရဲ့ ကျောကုန်းပေါ်မှာ ထိုင်ခိုင်းပြီး မြို့ကို လက်ယာရစ်လှည့်ကာ ပြာသာဒ်ပေါ် တက်သွားတယ်။ အဲဒီဘီလူးမကို မိဖုရားကြီးအရာမှာ ထားလိုက်တယ်။ မင်းက ရေချိုးလိမ်းကျံပြီး ညစာစားကာ ကျက်သရေရှိတဲ့ အိပ်ရာပေါ်တက်တယ်။ ဘီလူးမကလည်း သူနဲ့ လျောက်ပတ်တဲ့ အစာကို စားတယ်။ တန်ဆာဆင်ပြီး အိပ်ရာပေါ်မှာ မင်းနဲ့အတူ အိပ်တယ်။ မင်းက ပျော်ပါးပြီး လဲလျောင်းနေတဲ့အခါ ဘီလူးမက နံပါးတစ်ဖက်နဲ့ လူးလှိမ့်ပြီး ငိုတယ်။ အဲဒီအခါ ဘီလူးမကို မင်းက "ရှင်မ ဘာလို့ ငိုတာလဲ" လို့ မေးတယ်။

"အရှင်မင်း၊ အရှင်မင်းက ကျွန်မကို လမ်းမှာတွေ့ပြီး ခေါ်ခဲ့ပါတယ်။ အရှင်မင်းရဲ့ နန်းတော်မှာ မိန်းမတွေက အများကြီးပဲ ရှိပါတယ်။ ရန်သူတွေကြားမှာ နေရတဲ့ ကျွန်မဟာ စကားဖြစ်လာရင် "သင့်ရဲ့ အမေ၊ အဖေ၊

http://www.dhammadownload.com



အနွယ်ဇာတ်ကို ဘယ်သူ သိသလဲ။ သင့်ကို လမ်းမှာ တွေ့လို့ ခေါ်ယူလာတာ” လို့ ဦးခေါင်းကို ကိုင်ပြီး ဖိနှိပ်ခံရသူပမာ မျက်နှာ ငယ်ရပါလိမ့်မယ်။ အရှင်မင်းက ကျွန်မအား အစိုးရမှုရော၊ အာဏာပါ ပေးထားရင် ဘယ်သူကမှ ကျွန်မကို စိတ်ပျက်အောင် ပြောနိုင်ကြမှာ မဟုတ်ပါ။”

“ရှင်မ၊ ငါ့ရဲ့ တိုင်းသူပြည်သားအားလုံးဟာ ဘာမျှ မဖြစ်ကြပါဘူး။ ငါက သူတို့ရဲ့ အရှင် မဟုတ်ဘူး။ မင်းအာဏာကို ဖျက်ပြီး မလုပ်သင့်တာကို လုပ်သူတွေရဲ့သာ ငါက အရှင် ဖြစ်တယ်။ ဒါကြောင့် သင့်အား တစ်နိုင်ငံလုံးမှာရော မြို့မှာပါ အစိုးရမှုနဲ့ အာဏာကို မပေးနိုင်။”

“အရှင်မင်း၊ ဒီလိုဆိုရင် နိုင်ငံနဲ့မြို့မှာ အာဏာ မပေးနိုင်ရင် နန်းတွင်းက နန်းတွင်းသူ၊ နန်းတွင်းသားတွေအပေါ် ငါ့အလို လိုက်ဖို့ရာ အာဏာပေးပါ။”

မင်းက နတ်အတွေ့အထိနဲ့ တွေ့ထိ ခံစားထားရလို့ ဘီလူးမစကားကို မလွန်ဆန်နိုင်တဲ့အတွက် “ရှင်မ၊ ကောင်းပါပြီ၊ နန်းတွင်းသူ၊ နန်းတွင်းသားတွေအပေါ် သင့်အား အာဏာကို ပေးပါတယ်။ အဲဒီလူတွေကို သင့်အလိုအတိုင်း ဖြစ်ပါစေ” လို့ ပြောတယ်။ ဘီလူးမက မင်းအိပ်ပျော်သွားတဲ့အခါ ဘီလူးမြို့ကို သွားပြီး ဘီလူးတွေကို ခေါ်လာတယ်။ ကိုယ်တိုင် မင်းကို သတ်ပြီး အရိုးကိုသာ ကြွင်းကျန်စေကာ အကြော၊ အရေ၊ အသား၊ အသွေးအားလုံးကို စားပစ်တယ်။ ကျန်တဲ့ ဘီလူးတွေက တံခါးကြီးတွေကစပြီး နန်းတွင်းမှာရှိတဲ့ ကြက်၊ ခွေးတွေပါ မကျန်အားလုံးကို စားပြီး အရိုးမျှကျန်အောင် လုပ်ကြတယ်။

နောက်တစ်နေ့မှာ တံခါးပိတ်မြဲတိုင်း ပိတ်နေတာကို တွေ့ရလို့ လူတွေက ပုဆိန်တွေနဲ့ တံခါးရွက်တွေကို ထုရိုက်ပြီး အတွင်းဝင်ကာ

http://www.dhammadownload.com



တစ်နန်းတော်လုံး အရိုးတွေ ပြန့်ကျဲနေတာကို တွေ့သွားတယ်။ "အဲဒီ မိန်းမက ငါ့မယား မဟုတ်ဘူး၊ ဘီလူးမပဲ" လို့ ပြောတဲ့ အဲဒီယောကျ်ားဟာ အမှန်ကို ပြောပေစွလို့ တွေးကြတယ်။ "မင်းကတော့ ဘာကိုမှ မသိဘဲ ဘီလူးကိုခေါ်ကာ မယားလုပ်တယ်။ ဘီလူးမက ဘီလူးတွေကို ခေါ်ပြီး လူအားလုံးကို စားပြီး သွားတာ ဖြစ်လိမ့်မယ်"လို့ ပြောကြတယ်။

ဘုရားလောင်းကလည်း အဲဒီနေ့မှာ အဲဒီဇရပ်မှာပဲ ပရိတ်သဲကို ခေါင်းရင်းမှာ ထားကာ ပရိတ်ချည်ကို ကာရံပြီး သန်လျက်ကိုင်ကာ ရပ်ရင်း အရုဏ်ကို တက်စေပါတယ်။ လူတွေက နန်းတော်တစ်ခုလုံးကို သုတ်သင်ကာ နွားချေးအစိုနဲ့ လိမ်းကျံတယ်။ အပေါ်မှာ နံ့သာတွေနဲ့ လိမ်းကျံတယ်။ ပန်းတွေကို ကြဲပြီး ပန်းဆိုင်းတွေကို ဆွဲထားတယ်။ အခိုးပေးပြီး ပန်းအသစ်တွေကို ဖွဲ့ချည်ကာ တိုင်ပင်ကြတယ်။

"မိတ်ဆွေတို့၊ နတ်သမီးအသွင် ဖန်ဆင်းပြီး နောက်က လိုက်လာတဲ့ ဘီလူးမကို ဣန္ဒြေတွေကို ဖျက်ကာ ကြည့်တောင် မကြည့်တဲ့ ယောကျ်ားဟာ အလွန်အကဲ မြင့်မြတ်သူပဲ၊ တည်ကြည်သူပဲ၊ ဉာဏ်ရှိသူပဲ။ ဒီလိုယောကျ်ား မင်းလုပ်အုပ်ချုပ်ရင် တစ်နိုင်ငံလုံး ချမ်းသာလိမ့်မယ်။ သူ့ကို မင်းမြှောက်ကြစို့။"

အဲဒီအခါ အမတ်အားလုံးနဲ့ မြို့သူမြို့သားတွေက သဘောတူကြလို့ ဘုရားလောင်းဆီ သွားကာ "အရှင်မင်း၊ သင်ဟာ ဒီတိုင်းပြည်ကို အုပ်ချုပ်မင်း လုပ်ပါ"လို့ ပြောကာ မြို့ထဲကို ခေါ်သွားကြတယ်။ ရတနာပုံပေါ် ထားကာ အဘိသိက်သွင်းပြီး တက္ကသိလာမင်းအဖြစ် မြှောက်တင် ကြတယ်။ ဘုရားလောင်းမင်းဟာ အဂတိ (၄) ပါးကို ရှောင်တယ်။ မင်းကျင့်တရား (၁၀) ပါးကို မချိုးဖောက်၊ တရားသဖြင့် မင်းလုပ်တယ်။

http://www.dhammadownload.com



ဒါနစတဲ့ ကောင်းမှုတွေကို လုပ်ကာ ကံအားလျော်စွာ လားရောက်တယ်။ (ဇာတက၊ ၄၊ ပ၊ ၄၁၉)

စွဲမက်စရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံငါးပါးနဲ့ တွေ့ရင် ရှောင်ကွင်းနိုင်တဲ့ သတ္တိဟာ လူသာမန်တွေမှာ မရှိနိုင်ပါ။ လူသာမန်တွေဟာ အဲဒီအာရုံငါးပါးရဲ့ ဆွဲဆောင်မှုနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားကြပါတယ်။ အဲဒီဆွဲဆောင်မှုကို တွန်းလှန်နိုင်သူက ဘုရားလောင်းလို တည်ကြည်မှုရှိသူ၊ ပညာရှိသူ၊ သတိရှိသူသာ ဖြစ်ပါတယ်။ "အောင့်နိုင်လျှင် အကျိုးရှိ" ဆိုတဲ့ စကားလို ဘုရားလောင်းဟာ အောင့်အည်းစောင့်စည်းနိုင်တဲ့အတွက် ရှင်ဘုရင် ဖြစ်သွားပါတယ်။ အောင့်အည်းသင့်တဲ့နေရာမှာ အောင့်အည်းကြရပါတယ်။ စောင့်စည်းကြရပါတယ်။ ဘုရားလောင်းရဲ့အဖော် လူ (၅) ယောက်ဟာ မအောင့်အည်းနိုင်လို့ ဘီလူးမတွေရဲ့အစာ ဖြစ်သွားကြပါတယ်။ အောင့်အည်းမှုက ဘုရားလောင်းကို ပန်းတိုင်သို့ ပို့ပေးပါတယ်။ ပန်းတိုင်ဟာ အောင့်အည်း စောင့်စည်းနိုင်သူတွေအတွက်သာ ဖြစ်ပါတယ်။

## လင်္ကာ

၁။ တည်ကြည်-သတိ, ပညာရှိ, ထိုသည့်သူသာ အောင်နိုင်သည်။
၂။ အောင့်နိုင်သူသာ, ကိုယ်လိုရာ, ရကာ သွားပါသည်။
၃။ စိတ်လိုလိုက်လတ်, လမ်းခုလတ်, သက်ပြတ် သေကြေသည်။
၄။ ကိုယ့်လိုပြည့်လို, စိတ်အလို, လိုက်ကို မလိုက်သင့်ပြီ။

http://www.dhammadownload.com

# အတု အစစ် ပြဿနာ

ကောသလမင်းမှာ အမတ်တစ်ယောက် ရှိပါတယ်။ အဲဒီအမတ်က ကောသလမင်းရဲ့အကျိုးကို ဆောင်ရွက်တယ်။ ကောသလမင်းအား ကျေးဇူး များတယ်။ ကောသလမင်းက အဲဒီအမတ်ကို အလွန်အကဲ မြတ်နိုးတယ်။ ကျန်တဲ့သူတွေက အဲဒီအမတ်ကို မနာလိုကြလို့ "အရှင်မင်းကြီး၊ အဲဒီအမတ်ဟာ အရှင်မင်းကြီးရဲ့ အကျိုးမဲ့ကို ပြုလုပ်နေပါတယ်" လို့ ကုန်းတိုက်ကြတယ်။ ကောသလမင်းက အဲဒီအမတ်ကို လေ့လာစုံစမ်းတဲ့အခါ အဲဒီအမတ်မှာ ဘာအပြစ်ကိုမှ မတွေ့ရပါ။ "ငါဟာ ဒီအမတ်ရဲ့ ဘာအပြစ်ကိုမှ မတွေ့ရဘူး။ ဒီအမတ်ဟာ မိတ်ဆွေအစစ်လား၊ အတုလား ဆိုတာကို ဘယ်လိုလုပ် သိနိုင်မလဲ" လို့ တွေးတယ်။ "ဒီပြဿနာကို ဘုရားရှင်မှတစ်ပါး အခြားသူဟာ မသိနိုင်၊ ဘုရားရှင်ထံ သွားပြီး မေးမယ်"လို့ တွေးကာ နံနက်စာစားပြီး ဘုရားရှင်ထံ သွားတယ်။

"မြတ်စွာဘုရား၊ ဒီလူဟာ မိတ်ဆွေအစစ်ပဲ၊ မိတ်ဆွေအတုပဲ ဆိုတာကို ဘယ်လိုလုပ်ပြီး သိနိုင်ပါမလဲ ဘုရား။"

"ကောသလမင်းကြီး၊ ရှေးတုန်းကလည်း ပညာရှိတွေဟာ ဒီပြဿနာကို တွေးကြံခဲ့ကြတယ်။ ပညာရှိတွေကို မေးခဲ့ကြတယ်။ ပညာ

http://www.dhammadownload.com



ရှိတွေ ဖြေကြားတဲ့အတိုင်း သိမှတ်ကာ မိတ်ဆွေအတုတွေကို ရှောင်ရှား ကာ မိတ်ဆွေအစစ်တွေကို ပေါင်းသင်းဆက်ဆံခဲ့ကြတယ်။”

ဘုရားရှင်က အဲဒီလို မိန့်တော်မူပြီး ကောသလမင်းက လျှောက်ထား တောင်းပန်တဲ့အတွက် ရှေးအတိတ်က အဖြစ်အပျက်ကို မိန့်တော်မူတယ်။

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းလုပ် အုပ်ချုပ် နေတဲ့အခါ ဘုရားလောင်းဟာ အဲဒီဗြဟ္မဒတ်မင်းရဲ့ အကျိုးအကြောင်း သွန်သင်တဲ့ အမတ် ဖြစ်ခဲ့တယ်။ အဲဒီအခါ ဗာရာဏသီမင်းရဲ့ အကျိုး ဆောင် အမတ်တစ်ယောက်ကို ကျန်တဲ့ လူတွေက မင်းထံ ကုန်းတိုက် ကြတယ်။ မင်းက အဲဒီအမတ်ရဲ့အပြစ်ကို မတွေ့မြင်ရလို့ “မိတ်တု၊ မိတ်စစ်ကို မျက်စိနဲ့ မြင်ရုံ၊ နားနဲ့ ကြားရုံနဲ့ ဘယ်လို သိနိုင်ပါသလဲ”လို့ ဘုရားလောင်းကို မေးပါတယ်။

ဘုရားလောင်းက ဒီလို ဖြေပါတယ်။

၁။ မိတ်ဆွေအတုဟာ ကိုယ့်ကို မြင်ရင် မပြုံး၊
ရွှင်လန်းတဲ့ အမူအရာ မပြ။
၂။ ကိုယ့်စကားကို ချီးမြှောက်ကာ မနှစ်သက်၊ ဝမ်းမသာ။
၃။ ကိုယ်က သူ့ကို ကြည့်ပေမယ့် ကိုယ့်ကို သူက မကြည့်၊
မျက်လုံးချင်း မဆိုင်။
၄။ ကိုယ့်စကားကို ဆန့်ကျင်တယ်။
၅။ ကိုယ့်ရဲ့ရန်သူတွေနဲ့ ပေါင်းသင်းဆက်ဆံတယ်။
၆။ ကိုယ့်ရဲ့မိတ်ဆွေတွေနဲ့ မပေါင်းသင်း၊ မဆက်ဆံ။
၇။ ကိုယ့်ရဲ့ဂုဏ်ကို ပြောနေသူတွေကို တားမြစ်တယ်။

http://www.dhammadownload.com



၈။ ကိုယ့်ကို ဆဲရေးနေသူတွေကို ချီးမွမ်းတယ်။
၉။ သူ့ရဲ့လျှို့ဝှက်ချက်ကို ကိုယ့်အား မပြော။
၁၀။ ကိုယ့်ရဲ့ လျှို့ဝှက်ချက်ကို သူက မလျှို့ဝှက်။
၁၁။ ကိုယ် လုပ်ထားတဲ့ အလုပ်ကို မချီးမွမ်း။
၁၂။ ကိုယ့်ရဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံမှုကို မချီးကျူး။
၁၃။ ကိုယ် ဆုတ်ယုတ်ပျက်စီးနေရင် သူ သဘောကျတယ်။
၁၄။ ကိုယ် ကြီးပွားတိုးတက်နေရင် သူ သဘောမကျ။
၁၅။ အစားကောင်းကောင်းကို သူ ရတဲ့အခါ ကိုယ့်ကို ပေးဖို့ သူ သတိမရ။
၁၆။ ကိုယ့်ကို အဲဒီအစားကောင်းကောင်းလေး ရစေချင်စိတ် သူ့မှာ မရှိ။ ကိုယ် မရလို့လည်း သူ မသနား။

ဒီ (၁၆) ချက်ဟာ မိတ်ဆွေအတုမှာ တည်ရှိကြပါတယ်။ ပညာရှိဟာ အဲဒီအချက်တွေကို မြင်ရလို့ပဲ ဖြစ်စေ၊ ကြားရလို့ပဲ ဖြစ်စေ မိတ်ဆွေအတုကို သိနိုင်ပါတယ်။

ဘုရားလောင်းက မိတ်ဆွေအစစ်ရဲ့ အမှတ်အသားတွေကို (၁၆) မျိုးပဲ ထုတ်ပြပါတယ်။ မိတ်ဆွေအတုရဲ့ အမှတ်အသား (၁၆) ချက်ထဲက (၁၊ ၂၊ ၃၊ ၄) အချက်တွေပဲ မတူဘဲ ထူးပါတယ်။ (၅ မှ ၁၆) ထိဟာ မိတ်ဆွေအတုရဲ့ အမှတ်အသား (၅ မှ ၁၆) ထိရဲ့ ပြောင်းပြန်တွေပ်ပဲ။

၁။ အရပ်တစ်ပါးမှ နေတဲ့ ကိုယ့်ကို မိတ်ဆွေအစစ်က သတိရတယ်။
၂။ သူ့ထံ ကိုယ် လာရင် သူ ဝမ်းသာတယ်။
၃။ ကိုယ် သူ့ထံ လာတာကို သူ တမ်းတတယ်၊ မြတ်နိုးတယ်၊ လိုလားတယ်။

http://www.dhammadownload.com



၄။ ချိုသာတဲ့ စကားနဲ့ ကိုယ့်ကို ခေါ်ဝေါ်ပြောဆိုကာ နှစ်သက်တယ်။
၅။ ကိုယ့်ရဲ့မိတ်ဆွေတွေနဲ့ပဲ ပေါင်းသင်းဆက်ဆံတယ်။
၆။ ကိုယ့်ရဲ့ရန်သူတွေနဲ့ မပေါင်းသင်း၊ မဆက်ဆံ။
၇။ ကိုယ့်ကို ဆဲရေးနေသူတွေကို တားမြစ်တယ်။
၈။ ကိုယ့်ရဲ့ ဂုဏ်ကို ပြောနေသူတွေကို ချီးမွမ်းတယ်။
၉။ သူ့ရဲ့လျှို့ဝှက်ချက်ကို ကိုယ့်အား ပြောပြတယ်။
၁၀။ ကိုယ့်ရဲ့ လျှို့ဝှက်ချက်ကို သူက လျှို့ဝှက်ပေးတယ်။
၁၁။ ကိုယ် လုပ်ထားတဲ့အလုပ်ကို ချီးမွမ်းတယ်။
၁၂။ ကိုယ့်ရဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံမှုကို ချီးကျူးတယ်။
၁၃။ ကိုယ် ကြီးပွားတိုးတက်နေရင် သူ သဘောကျတယ်။
၁၄။ ကိုယ် ဆုတ်ယုတ်ပျက်စီးရင် သူ သဘောမကျ။
၁၅။ အစားကောင်းကောင်းကို ရတဲ့အခါ ကိုယ့်ကို ပေးဖို့ သူ သတိရတယ်။
၁၆။ ကိုယ့်ကို အဲဒီအစားကောင်းကောင်းလေး ရစေချင်စိတ် သူ့မှာ ရှိတယ်။ ကိုယ် မရရင် သူ သနားတယ်။

ဗာရာဏသီမင်းက ဘုရားလောင်းရဲ့ တရားစကားကို သဘောကျကာ ဘုရားလောင်းအား အခြံအရံ အများကြီး ပေးလိုက်တယ်။

ဘုရားရှင်ဟာ ဒီတရားဒေသနာကို ဟောတော်မူပြီး "မင်းကြီး ရှေးအခါတုန်းကလည်း ဒီလိုပဲ ဒီပြဿနာဟာ ပေါ်ပေါက်ခဲ့ဖူးတယ်။ ပညာရှိတွေကသာ အဲဒီပြဿနာကို ဖြေဆိုခဲ့ကြတယ်။ ဒီအချက် (၃၂) ချက်နဲ့ မိတ်ဆွေအတု၊ အစစ်ကို သိရမယ်" လို့ မိန့်ကာ ဇာတ်ပေါင်းလိုက်ပါတယ်။

http://www.dhammadownload.com



ဗာရာဏသီမင်းဟာ အရှင်အာနန္ဒာအလောင်း၊ ပညာရှိအမတ်ကတော့ ဘုရားလောင်းပဲ ဖြစ်ပါတယ်။

(ဇာတက၊ ဌ၊ စတုတ္ထ၊ ၁၉၇)

စာရှုသူမှာ မိတ်ဆွေတွေ ရှိနေပါတယ်။ ဘုရားလောင်း ပညာရှိအမတ်ရဲ့ စကားအရ ဘယ်သူဟာ မိတ်ဆွေအစစ်၊ ဘယ်သူက မိတ်ဆွေအတုလို့ ခွဲခြားစိစစ်နိုင်ပါပြီ။ မိတ်ဆွေအတုတွေကို ရှောင်ရှားကြရပါမယ်။ မိတ်ဆွေအစစ်တွေကို ပေါင်းသင်းဆက်ဆံကြရပါမယ်။

## လင်္ကာ

၁။ မိတ်ဆွေ တု စစ်, ခွဲစိစစ်, အစစ် ပေါင်းရသည်။
၂။ မိတ်တုလက္ခဏာ, တွေ့ခဲ့ပါ, ဖယ်ခွာ ရှောင်ရသည်။
၃။ မိတ်တု များပြား, မိတ်စစ် ရှား, ခွဲခြားသိမှ တော်ပေမည်။

http://www.dhammadownload.com

# အကျွမ်းမဝင် သင့်သူများ

ရှေးအခါက ကောသမ္ဗီပြည်မှာ ကောသမ္ဗက အမည်ရတဲ့မင်း အုပ်ချုပ်တယ်။ အဲဒီအခါ ဘုရားလောင်းက ဝါးတောတစ်တောမှာ ကြက်မျိုးမှာ ဖြစ်တယ်။ ကြက်ရာပေါင်းများစွာ ခြံရံပြီး တောထဲမှာ နေတယ်။ အဲဒီနေရာရဲ့ အနီးမှာ သိန်းငှက်တစ်ကောင် နေတယ်။ အဲဒီ သိန်းငှက်ဟာ နည်းလမ်းနဲ့ ကြက်တစ်ကောင်ကို ဖမ်းပြီး စားတယ်။ ဘုရားလောင်း ကြက်မှတစ်ပါး ကျန်ကြက်တွေကို စားပြီးသွားပြီး ဘုရား လောင်းကြက်ဟာ မမေ့မလျော့ သတိထားပြီး သွားသင့်တဲ့အချိန်မှာ စားကျက်ကို သွားကာ ဝါးတောထဲ ဝင်နေတယ်။ အဲဒီသိန်းငှက်က ဘုရားလောင်းကြက်ကို မဖမ်းနိုင်လို့ "ငါ ဒီကြက်ကို တစ်နည်းနဲ့ ဖြား ယောင်းပြီး ဖမ်းယူမယ်" လို့ ကြံနေတယ်။ ဘုရားလောင်းကြက်ရဲ့ အနီး ရှိ သစ်ကိုင်းပေါ်မှာ ပုန်းကွယ်ကာ "အို ကြက်မင်း၊ အသင်ဟာ ဘာ ကြောင့် ငါ့ကို ကြောက်တာလဲ။ ငါဟာ သင်နဲ့ အကျွမ်းဝင်လိုပါတယ်။ နေရာတစ်ခုမှာ စားစရာစားကျက် ပြည့်စုံပါတယ်။ အဲဒီနေရာမှာ ငါတို့ နှစ်ယောက်လုံးပဲ စားကျက်ကို ယူပြီး တစ်ကောင်နဲ့ တစ်ကောင် ချစ်ချစ် ခင်ခင် ပေါင်းသင်းဆက်ဆံကာ နေကြရအောင်ပါ" လို့ သိန်းငှက်က ပြောပါတယ်။

http://www.dhammadownload.com



အဲဒီအခါ ဘုရားလောင်းကြက်က သိန်းငှက်ကို ပြောပါတယ်။

"အို သိန်းငှက်၊ ငါဟာ သင်နဲ့အတူ အကျွမ်းဝင်တယ်ဆိုတာ မရှိပါ။ သင် သွားပါ။"

"အို ကြက်မင်း၊ ငါဟာ အရင်က မကောင်းတာတွေကို လုပ်ခဲ့လို့ သင်က ငါ့ကို မယုံကြည်ဘူးလား။ ငါဟာ အခုအချိန်ကစပြီး အဲဒီလို မကောင်းတာကို မလုပ်တော့ပါ။"

"အို သိန်းငှက်၊ ငါဟာ သင်နဲ့ မိတ်ဆွေ မဖြစ်လိုပါ။ သင် သွားပါ"

အဲဒီလိုနည်းနဲ့ ဘုရားလောင်းကြက်က သိန်းငှက်ကို (၃) ကြိမ်တိုင်တိုင် ငြင်းပယ်ပြီး -

"အောက်ပါ အင်္ဂါ အချက်အလက်တွေနဲ့ ပြည့်စုံသူနဲ့ အကျွမ်းတဝင် မလုပ်သင့်" လို့ ပြောကာ တောအုပ်ကို ပဲ့တင်ထပ်စေချက် တရားစကား ပြောကြားပါတယ်။ နတ်တွေက ကောင်းချီးပေးကြပါတယ်။

**အကျွမ်းမဝင် သင့်သူများမှာ -**

၁။ ရှေးဦးစွာ မကောင်းတာကို ကိုယ့်အပေါ် လုပ်ဖူးသူ။

၂။ လိမ်ညာသူ။ (သူ မလုပ်နိုင်တဲ့ မကောင်းမှု မရှိ)

၃။ သူ့အကျိုးအတွက်သာ ကြည့်တတ်သူ။ (သူ့ဖို့သာ သိတတ်သူ)

၄။ လျှည့်စားတတ်သူ။ (အတွင်းမှာ မငြိမ်းချမ်းဘဲ အပြင်မှာ ငြိမ်းချမ်းသယောင် ဖုံးဖိတတ်၊ ဟန်ဆောင်တတ်သူ)

၅။ ရေငတ်တဲ့ နွားနဲ့တူသူ။ (ရေငတ်တဲ့ နွားတွေဟာ ရေဆိပ်ကို သက်ဆင်းကာ ရေကို အဝသောက်ကြတယ်။ ရေမှာ လုပ်ထိုက်တာကိုတော့ မလုပ်ကြ။ အဲဒီလိုပဲ တချို့လူတွေက "ဘာ၊ ဘာကိစ္စကို လုပ်ပေးမယ်" လို့ ချိုသာတဲ့စကား ပြောကြပေမယ့်

http://www.dhammadownload.com



စကားအတိုင်း လုပ်မပေးကြ။ အဲဒီလိုလူတွေနဲ့ အကျွမ်းဝင်ရင် အကျိုးမဲ့ အကြီးအကျယ် ဖြစ်တတ်တယ်။)

၆။ အချည်းနှီး ခြောက်သွေ့တဲ့ လက်အုပ်ချီသူများ၊ " ဒါကို ပေးမယ်၊ ဒါကို လုပ်ပေးမယ်" လို့ နှုတ်သာ ကောင်းသူများ။ (ဒီလူတွေဟာ အနှစ်မရှိတဲ့လူတွေ လူ့အကာတွေ ဖြစ်ကြတယ်။)

၇။ ကျေးဇူး မသိတတ်သူ။

၈။ ပေါ့တော့တော့စိတ် ရှိသူ။ (စိတ်အပြောင်းအလဲများသူ)

၉။ ကိုယ့်ကို အန္တရာယ်ပြုဖို့ ရည်ရွယ်ချက်နဲ့ နည်းမျိုးစုံနဲ့ ရင်းနှီးအောင် လုပ်ပြီး နောက်မှ အန္တရာယ်ပြုသူ။

၁၀။ သီလမရှိသူတို့ရဲ့အလုပ်ကို လုပ်သူ။

၁၁။ စကား မတည်သူ။

၁၂။ အခွင့်ရရင် လူအားလုံးကို ညှဉ်းဆဲနှိပ်စက်တတ်သူ။
(ဥပမာ - ဓားအိမ်နဲ့ ဖုံးထားတဲ့ သန်လျက်ထက် ထက်လိုသူ)

၁၃။ နှုတ်က ချိုသာ ပြေပြစ်ပေမယ့် စိတ်ထားကမူ ကြမ်းကြုတ် ခက်ထန်ပြီး နည်းမျိုးစုံနဲ့ အပြစ်ကိုသာ ရှာတတ်သူ။

၁၄။ ကိုယ့်အိမ်က စားစရာ၊ သောက်စရာနဲ့ အခြားပစ္စည်းတွေကို တွေ့ရင် ယူရုံမက ကိုယ့်အပေါ် ကျေးဇူးကန်းပြီး ကိုယ့်ကိုတောင် သတ်သူ။

ဘုရားလောင်းကြက်မင်းက မပေါင်းသင်း၊ မရင်းနှီးရမယ့်သူတွေကို သိန်းငှက်အား ပြောပြလိုက်ပါတယ်။

ဘုရားရှင်ကတော့ အောက်ပါစကားတွေကို ဆက်ပြီး မိန့်တော်မူပါတယ်။

http://www.dhammadownload.com



"ရန်သူများစွာဟာ မိတ်ဆွေအသွင် ဟန်ဆောင်ကာ ကိုယ့်ကို ပေါင်းသင်း ဆက်ဆံလာတတ်ကြတယ်။ အဲဒီလို လူညံ့၊ လူယုတ်တွေကို ပညာရှိက ပယ်စွန့်ရတယ်။ ဥပမာ - ကြက်မင်းဟာ သိန်းငှက်ကို ပယ်စွန့်သလိုပါပဲ။"

"ဖြစ်ပေါ်လာတဲ့ ကိစ္စကို လျင်မြန်စွာ မသိနိုင်သူဟာ ရန်သူ့အလို နောက်ကို လိုက်ပါသွားတတ်တယ်။ နောင်အခါမှာလည်း ပူပန်ရတယ်"

"ဖြစ်ပေါ်လာတဲ့ ကိစ္စကို လျင်မြန်စွာပဲ သိနိုင်သူဟာ ရန်သူရဲ့ အချုပ်အချယ် အနှောင့်အယှက်မှ လွတ်မြောက်တယ်။ ဥပမာ - ကြက်မင်းဟာ သိန်းငှက်မှ လွတ်သလိုပါပဲ။"

"တရားမရှိတဲ့ အမြဲတမ်း အဖျက်သမားဖြစ်တဲ့ မာယာ ထောင်ချောက်ဆင်တတ်တဲ့ လူကို ပညာရှိဟာ ဝေးဝေးက ရှောင်ရတယ်။ ဥပမာ - ဝါးတောမှာ ကြက်မင်းဟာ သိန်းငှက်ကို ရှောင်သလိုပါပဲ။"

ကြက်မင်းက သိန်းငှက်ကို ခေါ်ပြီး "သင် ဒီနေရာမှာ နေရင် သင့်အပေါ် လုပ်သင့်တာကို လုပ်မယ်" လို့ ပြောကာ ခြိမ်းခြောက်ပါတယ်။ သိန်းငှက်ဟာ အဲဒီနေရာမှ ပြေးသွားကာ တခြားနေရာကို သွားပါတော့တယ်။

သိန်းငှက်က ဒေဝဒတ်အလောင်း ဖြစ်ပါတယ်။

**(ဇာတက၊ ၄၊ စတုက္က၊ ၅၅)**

ဘုရားလောင်း ကြက်မင်းရဲ့ စကားတွေဟာလည်း အင်မတန်မှ မှတ်သားစရာ၊ လိုက်နာစရာ ကောင်းလှပါတယ်။ ဘုရားရှင် မိန့်ထားတဲ့ စကားတွေဟာလည်း အင်မတန် တန်ဖိုးရှိလှပါပေတယ်။ ပညာရှိတွေရဲ့ စကားတွေဟာ တန်ဖိုးမဖြတ်နိုင်လောက်အောင်ပဲ တန်ဖိုးကြီးလှပါ

http://www.dhammadownload.com



ပေတယ်။ ပညာရှိစကားတွေကို လိုက်နာ ကျင့်သုံးနိုင်ရင် ကျင့်သုံးနိုင်သလောက် ဒီဘဝမှာရော နောက်ဘဝ သံသရာ အဆက်ဆက်မှာပါ ကောင်းကျိုးတွေ ဝေစည်နေပါလိမ့်မယ်။ ပညာရှိစကားတွေက လိုက်နာကျင့်သုံးသူတွေအား ပစ္စုပ္ပန်အကျိုးကိုလည်း ပေးပါမယ်။ သံသရာအကျိုးကိုလည်း ပေးပါမယ်။ အခုဘဝမှာလည်း ချမ်းသာစေပါမယ်။ သံသရာမှာလည်း ချမ်းသာစေပါမယ်။

## လင်္ကာ

၁။ ရန်သူ ဖြစ်လျက်, မိတ်ဟန် ဖက်, မဆက်ဆံဘဲ ရှောင်ရသည်။

၂။ သိန်းငှက်မာယာ, ကြက်မင်းဟာ, ကောင်းစွာ သိပေသည်။

၃။ ပညာရှိငြား, ကြက်မင်းကား,
သိန်းအား ခြိမ်းခြောက်လိုက်သေးသည်။

၄။ ကြက်မင်း ပြောကြား, စကားများ,
နတ်များ ကောင်းချီးပေးကြသည်။

http://www.dhammadownload.com

# သားမိုက်

တစ်ချိန်မှာ ဘုရားရှင်ဟာ သာဝတ္ထိမြို့ကနေ မဂဓတိုင်းကို ကြွပြီး အဲဒီမဂဓတိုင်းမှာ ခရီးလှည့်လည်တဲ့အခါ ရွာငယ်တစ်ရွာကို ရောက်သွားပါတယ်။ အဲဒီရွာငယ်မှာ များသောအားဖြင့် မိုက်ကန်းတဲ့ လူတွေပဲ များတယ်။ တစ်နေ့မှာ အဲဒီရွာက မိုက်ကန်းတဲ့ လူတွေဟာ စည်းဝေးပြီး "မိတ်ဆွေတို့၊ တောထဲ ဝင်ပြီး အလုပ်လုပ်ကြတဲ့ ငါတို့ကို ခြင်တွေက ကိုက်ကြတယ်။ အဲဒါကြောင့် ငါတို့မှာ အလုပ်ပျက်တယ်။ ငါတို့အားလုံးပဲ လေးတွေ၊ လက်နက်တွေကို ယူသွားပြီး ခြင်တွေနဲ့ စစ်ထိုးကာ ပစ်ဖောက် ဖြတ်တောက်ပြီး သတ်ပစ်ကြမယ်" လို့ တိုင်ပင်ကာ တောကို သွားကြတယ်။ ခြင်တွေကို ပစ်ဖောက်ကြမယ်လို့ ရည်ရွယ်ကာ အချင်းချင်း ပစ်ဖောက်ရိုက်ပုတ်ပြီး ဒုက္ခရောက်ကာ ပြန်လာကြတယ်။ ရွာတွင်းမှာရော၊ ရွာလယ်မှာရော၊ ရွာတံခါးမှာပါ လဲလျောင်းနေကြတယ်။

ဘုရားရှင်ဟာ ရဟန်းအပေါင်း ခြံရံကာ အဲဒီရွာကို ဆွမ်းခံ ဝင်တော်မူတယ်။ ကျန်တဲ့ပညာရှိလူတွေက ဘုရားရှင်ကို မြင်လို့ ရွာတံခါးကို မဏ္ဍပ် ဆောက်လုပ်စေကာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အကြီးအကျယ် အလှူပေးပြီး ဘုရားရှင်ကို ရှိခိုးကာ ထိုင်နေကြတယ်။ ဘုရားရှင်က ဟိုဟိုဒီဒီ နေရာတွေမှာ လဲကျနေကြတဲ့ လူတွေကို မြင်ရ

http://www.dhammadownload.com



လို့ အဲဒီဥပါသကာတွေကို "နေမကောင်းတဲ့ ဒီလူတွေက အများကြီးပဲ။ အဲဒီလူတွေက ဘာလုပ်ထားကြတာလဲ"လို့ မေးတော်မူပါတယ်။ "မြတ်စွာဘုရား၊ အဲဒီလူတွေဟာ ခြင်တွေနဲ့ စစ်ထိုးကြမယ်ဆိုပြီး သွားကာ အချင်းချင်း ပစ်ဖောက်ကြလို့ သူတို့ဘာသာ မကျန်းမမာ ဖြစ်နေကြပါတယ်" လို့ လျှောက်ကြပါတယ်။

"မိုက်ကန်းတဲ့ ဒီလူတွေဟာ ယခုမှသာ ခြင်တွေကို ရိုက်ပုတ်မယ်ဆိုပြီး ကိုယ့်ကိုယ်ကို ရိုက်ပုတ်ကြတာ မဟုတ်။ ရှေးအခါကလည်း ခြင်ကို ရိုက်ပုတ်မယ်ဆိုပြီး သူတစ်ပါးကို ရိုက်ပုတ်ခဲ့ကြတယ်" လို့ ဘုရားရှင်က မိန့်တော်မူတဲ့အခါ အဲဒီလူတွေက တောင်းပန် လျှောက်ထားလို့ အတိတ်အကြောင်းအရာကို မိန့်တော်မူပါတယ်။

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းလုပ် အုပ်ချုပ်တဲ့အခါ ဘုရားလောင်းက ကုန်ရောင်း ကုန်ဝယ်အလုပ်နဲ့ အသက်မွေးတယ်။ အဲဒီအခါ ကာသိတိုင်းက အစွန်အဖျား ရွာတစ်ရွာမှာ လက်သမားများစွာ နေကြတယ်။ အဲဒီထဲက သစ်ရွေတဲ့ လက်သမားတစ်ယောက်က သစ်ပင်ကို ခုတ်ရွေတယ်။ အဲဒီလက်သမားရဲ့ ကြေးနီခွက်ကျောဘက်နဲ့ တူတဲ့ ဦးခေါင်း (ပြောင်နေတဲ့ ဦးခေါင်း) မှာ ခြင်တစ်ကောင်က ထိုင်ပြီး လှံနဲ့ ပုတ်ခတ်သလို ဦးခေါင်းကို နှုတ်သီးနဲ့ ထိုးဆွတယ်။ အဲဒီလက်သမားက သူ့အနီးမှာ ထိုင်နေတဲ့ သားကို "ငါ့သား၊ ငါ့ရဲ့ဦးခေါင်းကို ခြင်က လှံနဲ့ ထိုးသလိုပဲ ထိုးဖောက်နေတယ်။ အဲဒီခြင်ကို တားမြစ်စမ်း" လို့ ပြောလိုက်ပါတယ်။

"ဖခင်၊ ခဏစောင့်ပါ။ တစ်ချက်တည်းနဲ့ အဲဒီခြင်ကို သေအောင် သတ်လိုက်ပါမယ်" လို့ သားက ပြောပါတယ်။ အဲဒီအခါ ဘုရားလောင်း

http://www.dhammadownload.com



က သူ့ရဲ့ဘဏ္ဍာကို ရှာဖွေရင်း အဲဒီရွာလေးကို ရောက်ပြီး အဲဒီ လက်သမားဇရပ်မှာ ထိုင်နေတယ်။ အဲဒီအခါ အဲဒီလက်သမားက သားကို "ငါ့သား၊ အဲဒီခြင်ကို တားမြစ်စမ်း" လို့ ပြောလို့ သားက "ဖခင်၊ တားမြစ်ပါမယ်" လို့ ပြောကာ ထက်နေတဲ့ ပုဆိန်ကြီးကို မြှောက်ချီကာ ဖခင်ရဲ့ ကျောဘက်မှာ ရပ်ပြီး "ခြင်ကို ရိုက်ပုတ်မယ်" လို့ ကြံရွယ်ကာ ဖခင်ရဲ့ ဦးခေါင်းကို နှစ်ပိုင်းခွဲလိုက်ပါတယ်။ ဖခင်ဖြစ်သူ လက်သမားဟာ အဲဒီနေရာမှာပဲ သေပွဲဝင်သွားပါတယ်။

ဘုရားလောင်းက သားဖြစ်သူရဲ့ အဲဒီလုပ်ရပ်ကို ကြည့်ပြီး "ရန်သူပင် ဖြစ်နေစေဦးတော့ ပညာရှိကသာ မြင့်မြတ်တယ်။ မှန်တယ်၊ အဲဒီပညာရှိဟာ ဒဏ်ဘေးကြောင့်တောင်မှ လူတွေကို သတ်မှာ မဟုတ်" လို့ တွေးနေပါတယ်။

ပြီးတော့ ဘုရားလောင်းက ဒီလို ပြောပါတယ်။

"ပညာနဲ့ ပြည့်စုံတဲ့ ရန်သူဟာ မြင့်မြတ်တယ်။ ပညာမရှိတဲ့ မိတ်ဆွေဟာ မမြင့်မြတ်၊ ပညာမဲ့လူမိုက် မိတ်ဆွေထက် ပညာရှိ ရန်သူကပဲ မြင့်မြတ်တယ်။ သား ဖြစ်ပေမယ့် ပညာမရှိလို့၊ မိုက်မဲလို့ ခြင်ကို ရိုက်သတ်မယ်လို့ ရည်ရွယ်ကာ ဖခင်ဦးခေါင်းကို ရိုက်ခွဲလိုက်တယ်။"

**(ဇာတက၊ ၄၊ ပထမ၊ ၂၆၄)**

ဒီမိုက်မဲတဲ့ ပညာမဲ့သား အကြောင်းကို ဖတ်ရှုရတော့ ဘုရားလောင်း ပညာရှိ အကိတ္တရသေ့ တောင်းတဲ့ဆုတွေထဲက အောက်ပါ ဆုလေးတွေကို သတိရလာမိပါတယ်။

"ပညာမရှိသူ လူမိုက်ကို မမြင်တွေ့ရပါလို၊ လူမိုက်အကြောင်းကို မကြားရပါလို၊ လူမိုက်နဲ့ မဆက်ဆံ၊ မပေါင်းသင်းရပါလို၊ လူမိုက်နဲ့

http://www.dhammadownload.com



စကား မပြောရပါလို၊ လူမိုက်ကို သဘောမကျရပါလို၊ အကြောင်းကတော့ လူမိုက်ဟာ အကြောင်း မဟုတ်တာကို အကြောင်းလို့ ယူဆတယ်။ အားမထုတ်သင့်ရာမှာ အားထုတ်တယ်။ ငါးပါးသီလ ကျိုးပျက်တာကို ကောင်းတယ်လို့ ယူဆတယ်။ အကျိုးအကြောင်းနဲ့ ကောင်းကောင်း ပြောပြတဲ့အခါ စိတ်ဆိုးတယ်။ သွားပုံ၊ လာပုံ စတဲ့ အကျင့်စာရိတ္တကို မသိ။ အဆုံးအမကို လက်မခံ။ ဒါကြောင့်ပါပဲ။ အဲဒီလို လူမိုက်ကို မမြင်တွေ့ရတာဘဲ ကောင်းပါတယ်။"

"ပညာရှိကို မြင်တွေ့ရပါလို၏။ ပညာရှိအကြောင်းကို နာကြားရပါလို၏။ ပညာရှိနဲ့ ပေါင်းသင်း ဆက်ဆံရပါလို၏။ ပညာရှိနဲ့ စကားပြောရပါလို၏။ ပညာရှိကို သဘောကျရပါလို၏။ အကြောင်းကတော့ ပညာရှိဟာ အကြောင်းကို အကြောင်းလို့ ယူဆတယ်။ အားထုတ်သင့်ရာမှာ အားထုတ်တယ်။ ငါးပါးသီလ စောင့်ထိန်းတာကို ကောင်းတယ်လို့ ယူဆတယ်။ အကြောင်းအကျိုးနဲ့ ကောင်းကောင်း ပြောတဲ့အခါ စိတ်မဆိုး။ သွားပုံ၊ လာပုံစတဲ့ အကျင့်စာရိတ္တကို သိတယ်။ အဆုံးအမကို လက်ခံတယ်။ ဒါကြောင့်ပါပဲ။ အဲဒီလို ပညာရှိနဲ့ ပေါင်းသင်း ဆက်ဆံရတာဟာ ကောင်းတယ်။" (ဇာတက၊ ၄၊ စတုတ္ထ၊ ၂၄၁)

## လင်္ကာ

၁။ ပညာရှိလျှင်, ရန်သူပင်, လူတွင် မြင့်မြတ်သည်။
၂။ ပညာကင်းလျှင်, မိတ်ဆွေပင်, လူတွင် ညံ့ဖျင်းသည်။
၃။ ပညာမဲ့သား, ခြင်ခြောက်ပြား, ဖအား ရိုက်သတ်သည်။

http://www.dhammadownload.com

# သမီးမိုက်

အနာထပိဏ်သူဌေးမှာ ရောဟိဏီအမည်ရှိတဲ့ ကျွန်မတစ်ယောက် ရှိပါတယ်။ ရောဟိဏီ ကောက်စပါးထောင်းနေတဲ့ နေရာမှာ လာပြီး ရောဟိဏီရဲ့ မိခင်အိုက လဲလျောင်းနေပါတယ်။ မိခင်အိုကို ယင်ကောင်တွေက ဝိုင်းအုံပြီး အပ်နဲ့ ထိုးဆွသလို ကိုက်နေကြပါတယ်။ မိခင်အိုက သမီးကို "သမီး၊ ယင်ကောင်တွေ ငါ့ကို ကိုက်နေကြတယ်။ အဲဒီ ယင်ကောင်တွေကို တားမြစ်စမ်း" လို့ ပြောပါတယ်။ "မိခင်၊ တားမြစ်ပါမယ်" လို့ ပြောပြီး ကျည်ပွေ့ကို ချီမြှောက်ကာ "မိခင်ရဲ့ ကိုယ်ပေါ်က ယင်ကောင်တွေကို သတ်ပစ်မယ်" လို့ တွေးပြီး မိခင်ကို ကျည်ပွေ့နဲ့ ရိုက်ပုတ်လို့ မိခင် သေသွားပါတယ်။ မိခင်ကို ကြည့်ပြီး "ငါ့အမေ သေသွားပြီ" လို့ ငိုဖို့ ကြိုးစားပါတယ်။

အဲဒီဖြစ်ပုံကို အနာထပိဏ်သူဌေးအား ပြောပြကြပါတယ်။ သူဌေးက သေသွားသူကို သင်္ဂြိုဟ်ပြီး ကျောင်းကို သွားကာ အဲဒီဖြစ်ပုံအလုံးစုံကို ဘုရားရှင်အား လျှောက်ပြတယ်။ ဘုရားရှင်က "သူကြွယ်၊ ဒီရောဟိဏီဟာ မိခင်ကိုယ်ပေါ်က ယင်ကောင်တွေကို သတ်မယ်ဆိုတဲ့ ရည်ရွယ်

http://www.dhammadownload.com



ချက်နဲ့ အခုမှသာ ကျည်ပွေ့နဲ့ မိခင်ကို သတ်တာမဟုတ်။ ရှေးဘဝက တည်းကလည်း သတ်ခဲ့ဖူးတယ်" လို့ မိန့်ပြီး သူဌေးက တောင်းပန်တဲ့ အတွက် အတိတ်အကြောင်းကို မိန့်တော်မူပါတယ်။

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းလုပ် အုပ်ချုပ် တဲ့အခါ ဘုရားလောင်းဟာ သူဌေးမျိုးမှာ ဖြစ်ပြီး ဖခင်ကွယ်လွန်တဲ့အခါ သူဌေးရာထူးကို ရပါတယ်။ အဲဒီသူဌေးရဲ့ ကျွန်မနာမည်ကလည်း ရောဟိဏီပဲ ဖြစ်ပါတယ်။ အဖြစ်အပျက်အားလုံးဟာ ပစ္စုပ္ပန်အဖြစ်အပျက် နဲ့ အကုန်တူပါတယ်။ ဘုရားလောင်းသူဌေးဟာ အဲဒီအဖြစ်အပျက်ကို ကြားသိရလို့ "ဒီလောကမှာ ရန်သူ ဖြစ်နေပေမယ့်လည်း ပညာရှိကပဲ မြင့်မြတ်ပါတယ်" လို့ တွေးကာ ဒီစကားကို ပြောပါတယ်။

"ကြင်နာသနားတတ်တဲ့ ပညာမဲ့လူမိုက်ထက် အဆပေါင်း တစ် ရာ၊ တစ်ထောင်အားဖြင့် ပညာရှိက ရန်သူ ဖြစ်နေစေဦးတော့ သာလွန် မြင့်မြတ်ပါပေတယ်။ မိုက်ကန်းတဲ့၊ ညံ့တဲ့ ရောဟိဏီကို ကြည့်ပါလား။ မိခင်ကို သတ်ပြီး ဝမ်းနည်းပူဆွေး ငိုကြွေးနေတယ်။ ဒါကြောင့် ဒီလောက မှာ ပညာရှိဟာ ရန်သူ ဖြစ်နေပေမယ့် မြင့်မြတ်တယ်။"

အဲဒီဇာတ်မှာ အတိတ်က မိခင်ဟာ ယခုလည်း မိခင်ပါပဲ။ အတိတ် က သမီးဟာ ယခုလည်း သမီးပါပဲ။

(ဇာတက၊ ၄၊ ပထမ၊ ၂၆၆)

ရောဟိဏီရဲ့ အဖြစ်အပျက်က ဘုရားရှင် မိန့်တော်မူခဲ့တဲ့ စကား လေးတွေကို သတိရလာစေပါတယ်။

"ပညာမဲ့သူ လူမိုက်တွေကို မမြင်တွေ့ရလို့ အမြဲပဲ ချမ်းသာတယ်။ မှန်တယ်။ လူမိုက်နဲ့ ပေါင်းသင်း လှည့်လည်သူဟာ အချိန်ကြာမြင့်စွာ

http://www.dhammadownload.com



ဝမ်းနည်း ပူဆွေးရတယ်။ သန်လျက် ကိုင်စွဲထားတဲ့ ရန်သူ၊ မြွေဆိုး စသည်တွေနဲ့ အတူနေရတာဟာ အမြဲဆင်းရဲရသလို ပညာမဲ့သူ လူမိုက်နဲ့ အတူနေရတာဟာလည်း အမြဲပဲ ဆင်းရဲရတယ်။"

(ဓမ္မပဒ၊ ဌ၊ ဒု၊ ၁၇၆)

## လင်္ကာ

၁။ ကြင်နာတတ်ငြား, ပညာကား, သူ့အား မဲ့နေသည်။

၂။ ရန်သူဖြစ်ငြား, ပညာကား, သူ့အား ရှိနေသည်။

၃။ (၁) ထက် (၂) က, သာလွန်စွ, မြတ်လှပါပေသည်။

http://www.dhammadownload.com

# အကျည်းတန်နဲ့ အလှ

ရှေးအခါက ဥတ္တရပဉ္စာလမြို့မှာ ပဉ္စလ မည်တဲ့မင်း အုပ်ချုပ်ပါတယ်။ ဘုရားလောင်းက တောအုပ်ထဲက တောင်ပြင်တစ်ခုရှိ လက်ပံတောမှာ ကျေးမင်းတစ်ကောင်ရဲ့သား ဖြစ်တယ်။ ညီအစ်ကို (၂) ယောက်ရှိတယ်။ အဲဒီတောင်ရဲ့ လေညာအရပ်မှာ သူခိုးတွေရဲ့ရွာ ရှိတယ်။ သူခိုး (၅၀၀) နေတယ်။ လေအောက်အရပ်မှာ ရသေ့ (၅၀၀) တို့နေရာ သင်္ခမ်းကျောင်း ရှိတယ်။ အဲဒီကျေးညီနောင် တောင်ပံပေါက်ချိန်မှာ လေပွေတစ်ခု တိုက်ခတ်တယ်။ အဲဒီလေပွေ တိုက်ခတ်လို့ ကျေးငယ်လေးတစ်ကောင်က သူခိုးတွေရဲ့ရွာမှာ သူခိုးတွေရဲ့ လက်နက်ကြားထဲ ကျရောက်သွားတယ်။ ဒါကြောင့် သူ့ကို 'သတ္တိဂုမ္ဗ' လို့ နာမည်မှည့်ကြတယ်။ တစ်ကောင်ကတော့ သင်္ခမ်းကျောင်း သဲပြင်ပေါ်က ပန်းတွေကြားမှာ ကျရောက်သွားတယ်။ ဒါကြောင့် 'ပုပ္ဖက' လို့ နာမည်မှည့်ကြတယ်။ သတ္တိဂုမ္ဗက သူခိုးတွေကြားမှာ ကြီးပြင်းလာတယ်။ ပုပ္ဖက,က ရသေ့တွေကြားမှာ ကြီးပြင်းလာတယ်။

တစ်နေ့မှာ မင်းက တန်ဆာအားလုံးနဲ့ တန်ဆာဆင်ကာ ရထားမြတ်ကို စီးပြီး အခြံအရံများစွာနဲ့ သားကောင်ကို သတ်ဖို့ မြို့နဲ့ သိပ်မဝေးတဲ့နေရာမှာ အသီးအပွင့်တွေ အလွန်ပေါများပြီး ပျော်စရာကောင်း

http://www.dhammadownload.com



တဲ့ ချုံရှိ တောကို သွားတယ်။ "သမင် ထွက်ပြေးတဲ့ဘက်က လူက အစား ပေးရမယ်"လို့ ပြောကာ ရထားပေါ်က ဆင်းပြီး ဖုံးလွှမ်းကာကွယ် ပေးတဲ့ တံခါးမုခ်မှာ လေးကို ကိုင်ကာ ရပ်နေတယ်။ ယောက်ျားတွေက သမင်တွေ ထွက်ပြေးအောင် တောချုံတွေကို ရိုက်ပုတ်တဲ့အခါ ဧဏီ မည်တဲ့ သားကောင်တစ်ကောင်က ထပြီး သွားဖို့ လမ်းကို ကြည့်တဲ့အခါ မင်းရပ်တည်နေတဲ့ဘက်ကပဲ လစ်လပ်နေတဲ့နေရာကို တွေ့လို့ အဲဒီဘက် က ထွက်ပြေးတယ်။ အမတ်တွေက "ဘယ်သူ့ဘက်က သမင် ထွက်ပြေး သလဲ" လို့ မေးကြတဲ့အခါ "မင်းရဲ့ဘက်က ထွက်ပြေးတယ်" လို့ သိလို့ မင်းကို ပြက်ရယ်ပြောင်လှောင်ကြတယ်။ မင်းက ရာဇမာန်ထပြီး အမတ် တွေ ပြက်ရယ်ပြောင်လှောင်တာကို သည်းမခံနိုင်လို့ "အခု အဲဒီသမင် ကို ဖမ်းမယ်" လို့ ပြောကာ ရထားပေါ် တက်စီးပြီး "မြန်မြန်မောင်း" လို့ ရထားထိန်းကို မောင်းခိုင်းတယ်။ သမင်ပြေးတဲ့လမ်းကို လိုက်တယ်။

အရှိန်အဟုန်နဲ့ မောင်းနှင်သွားတဲ့ ရထားကို ပရိသတ်က မီအောင် မလိုက်နိုင်ပါ။ မင်းနဲ့ ရထားထိန်းပဲ မွန်းတည့်တဲ့အထိ လိုက်ကာ အဲဒီ သမင်ကို မမြင်ရလို့ ပြန်လာကြတယ်။ အဲဒီသူခိုးရွာရဲ့အနီးမှာ ပျော်မွေ့ စရာ ချောက်ကို မြင်ရလို့ ရထားပေါ်က ဆင်းကာ ရေချိုး၊ ရေသောက် ပြီး ပြန်တက်တယ်။ အဲဒီအခါ ရထားထိန်းက ရထားပေါ်ခင်းတဲ့ အခင်း ကို ချပြီး အိပ်ရာကို သစ်ပင်ရိပ်မှာ ခင်းလိုက်တယ်။ မင်းက အဲဒီအိပ်ရာ မှာ အိပ်တယ်။ ရထားထိန်းကလည်း မင်းရဲ့ ခြေတွေကို ဆုပ်နယ်ကာ ထိုင်နေတယ်။ မင်းက အကြားအကြားမှာ အိပ်လည်း အိပ်တယ်၊ နိုး လည်း နိုးတယ်။

http://www.dhammadownload.com



သူခိုးရွာမှာ နေကြတဲ့ သူခိုးတွေက မင်းကို စောင့်ရှောက်ဖို့ တောကို ဝင်သွားကြပါတယ်။ သူခိုးရွာမှာ သတ္တိဂုမ္ဗကျေးငှက်နဲ့ ထမင်းချက် ပတိကောလမ္ဗ အမည်ရှိ ယောက်ျားတစ်ယောက်ပဲ ကျန်ရစ်ကြတယ်။ အဲဒီခဏမှာ သတ္တိဂုမ္ဗကျေးငှက်က ရွာက ထွက်ပြီး မင်းကို မြင်လို့ "မင်း အိပ်ပျော်နေတုန်းကပဲ သတ်ပြီး အဝတ်တန်ဆာတွေကို ယူကြမယ်" လို့ တွေးကာ ပတိကောလမ္ဗထံ သွားပြီး အဲဒီအကြောင်းကို ပြောပါတယ်။

သတ္တိဂုမ္ဗဟာ အဲဒီလိုနည်းနဲ့ အရှိန်အဟုန် ပြင်းစွာ တစ်ကြိမ် ထွက်သွားတယ်။ ပတိကောလမ္ဗထံ သွားတယ်။ ပတိကောလမ္ဗက ကျေးငှက်ရဲ့စကားကို နားထောင်ပြီး ထွက်ကြည့်တဲ့အခါ မင်း ဖြစ်မှန်း သိသွားလို့ ကြောက်သွားတယ်။ ပြီးတော့ ကျေးငှက်ကို ဒီလို ပြောတယ်။

"သတ္တိဂုမ္ဗ၊ သင်ဟာ ရူးပြီး ပြောနေတာလား။ ဟုတ်တယ်။ မင်းတွေဆိုတာ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ မီးလိုပါပဲ။ သွားထိရင် ဒုက္ခပေးတတ်တယ်။"

ပတိကောလမ္ဗကို သတ္တိဂုမ္ဗကျေးငှက်က ဒီလို ပြန်ပြောပါတယ်။

"ပတိကောလမ္ဗ၊ သင်ဟာ သူခိုးတွေနဲ့ သေရည် အကြွင်းအကျန်ကို ရလို့ အဲဒီသေရည်နဲ့ မူးခဲ့တဲ့အတွက် အရင်က အကြီးအကျယ် ကြုံးဝါးခဲ့တယ်။ သူခိုးအကြီးအမှူးရဲ့ဇနီးဟာ သစ်ခက်ကို ချိုးကာ အဝတ်လုပ်ဝတ်ထားရတယ်။ ငါတို့ရဲ့မိခင် (သူခိုးမှူးရဲ့ဇနီး) မှာ အဝတ်ဗလာ ဖြစ်နေပါလျက် သင်က ဘာလို့ မခိုးချင်ရတာလဲ။"

မင်းဟာ သတ္တိဂုမ္ဗနဲ့ ပတိကောလမ္ဗတို့ လူတို့ဘာသာစကားနဲ့ စကား ပြောနေတာကို ကြားရတယ်။ "ဒီနေရာဟာ ဘေးရန်ရှိတဲ့ နေရာပဲ" လို့ သိပြီး ရထားထိန်းကို နှိုးတယ်။

http://www.dhammadownload.com



"ရထားထိန်း၊ မြန်မြန် ထပါ။ ရထား တပ်ပါ။ ငါဟာ ကျေးငှက်ကို သဘောမကျဘူး။ ဒီပြင် သစ်ခ်မ်းကျောင်းကို သွားကြရအောင်။"

ရထားထိန်းကလည်း မြန်မြန် ထကာ ရထားတပ်ပြီး ဒီလို ပြောပါတယ်။

"အရှင်မင်းကြီး၊ ရထား တပ်ပြီးပါပြီ။ အားကြီးတဲ့ မြင်းတွေလည်း ဖြစ်ပါတယ်။ တက်စီးတော်မူပါ။ အခြားသစ်ခ်မ်းကျောင်းကို သွားကြပါစို့"

မင်းက ရထားပေါ် တက်ပြီးလျှင်တက်ချင်း သိန္ဓောမြင်းတွေဟာ လေအဟုန်နဲ့ ပြေးသွားကြပါတယ်။ သတ္တိဂုမ္ဘကျေးသားဟာ ရထားသွားတာကို မြင်ပြီး သံဝေဂဖြစ်ကာ ဒီလို ပြောပါတယ်။

"ဒီနေရာက သူခိုးတွေ ဘယ်ကို သွားနေကြသလဲ။ အဲဒီသူခိုးတွေနဲ့ မတွေ့လိုက်ရလို့ အဲဒီပဉ္စာလမင်းဟာ လွတ်သွားတယ်။ လေး၊ လှံ၊ တင်းပုတ်တွေကို ယူကြလော့။ အဲဒီမင်းကို အလွတ် မပေးကြနဲ့။ လက်နက် ကိုင်စွဲကာ လိုက်ဖမ်းကြလော့။"

အဲဒီလို အော်မြည်ပြီး သွားချည်ပြန်လှည့် လုပ်နေတုန်းမှာပဲ မင်းက ရသေ့တွေရဲ့ သစ်ခ်မ်းကျောင်းကို ရောက်သွားတယ်။ အဲဒီခဏမှာ ရသေ့တွေက သစ်သီးငယ်၊ သစ်သီးကြီးတွေ သွားရှာနေကြတယ်။ ပုပ္ဖက ကျေးငှက်လေးတစ်ကောင်ပဲ သစ်ခ်မ်းကျောင်းမှာ ရပ်တည်နေတယ်။ ပုပ္ဖက ကျေးငှက်လေးက မင်းကို မြင်လို့ ခရီးဦးကြိုကာ နှုတ်ဆက်စကား ဆိုပါတယ်။

"အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ လာခြင်းဟာ ကောင်းသောလာခြင်းပါ။ အရှင်မင်းကြီးဟာ ဒီနေရာကို အစိုးရသူအဖြစ်နဲ့ ရောက်လာပါတယ်။ ဒီနေရာက အလိုရှိတာကို မိန့်တော်မူပါ။ တည်သီး၊ လွန်သီး၊ သစ်မည်စည်သီး၊ ကာသုမာရီအသီး၊ ပျားစွဲ အရသာရှိတဲ့ သစ်သီးတွေ

http://www.dhammadownload.com



ရှိပါတယ်။ ကြိုက်နှစ်သက်ရာကို သုံးဆောင်တော်မူပါ။ ချောက်ကြားက ခပ်လာတဲ့ ဒီသောက်ရေကလည်း အေးပါတယ်။ အလိုရှိရင် သောက်တော်မူပါ။ ဒီသခ်မ်းကျောင်းက ရသေ့တွေက သစ်သီးရှာ သွားကြပါတယ်။ ကျွန်တော်မျိုးမှာ လက်တွေ မရှိလို့ အရှင်မင်းကြီး ကိုယ်တိုင်ထပြီး သစ်သီးငယ်၊ သစ်သီးကြီးတွေကို ယူတော်မူပါ။"

မင်းက ပုပ္ဖကကျေးငှက်လေးရဲ့ ဧည့်ဝတ်ကျေပွန်မှုကို သဘောကျသွားတယ်။ ပြီးတော့ ဒီလို ပြောတယ်။

"ဒီကျေးငှက်လေးက တော်တယ်။ တရား အလွန်ရှိတယ်။ အခြားကျေးငှက်တစ်ကောင်ကတော့ ရိုင်းစိုင်းကြမ်းတမ်းတဲ့ စကားတွေကို ပြောတယ်။ "အဲဒီမင်းကို ဖမ်းကြ၊ နှောင်ဖွဲ့ကြ၊ အလွတ်မပေးကြနဲ့"လို့ အဲဒီကျေးငှက် ပြောနေတုန်းမှာ ချမ်းသာစွာနဲ့ ဒီသခ်မ်းကျောင်းကို ငါရောက်လာတယ်။"

မင်းရဲ့ စကားကို ကြားရလို့ ပုပ္ဖကကျေးငှက်က ဒီလို ပြောပါတယ်။

"အရှင်မင်းကြီး၊ အကျွန်ုပ်တို့ နှစ်ကောင်ဟာ တစ်မိခင်ထဲက မွေးဖွားလာကြတဲ့ ညီအစ်ကိုအရင်း ဖြစ်ပါတယ်။ သစ်ပင် တစ်ပင်တည်းပေါ်မှာ ကြီးပြင်းခဲ့ကြပါတယ်။ လယ်အမျိုးမျိုးကို သွားခဲ့ကြပါတယ်။ သတ္တိဂုမ္ဗက သူခိုးတွေထံ ကြီးပြင်းခဲ့ပါတယ်။ ကျွန်တော်မျိုးက ဒီနေရာက ရသေ့တွေထံ ကြီးပြင်းခဲ့ပါတယ်။ သတ္တိဂုမ္ဗက မသူတော်၊ သီလမရှိသူတွေထံ ရောက်သွားတယ်။ ကျွန်တော်မျိုးက သူတော်ကောင်း၊ သီလရှိသူတွေထံ ရောက်လာပါတယ်။ သတ္တိဂုမ္ဗကို သူခိုးတွေက သူခိုးအကျင့်၊ သူခိုးအမူအရာနဲ့ သင်ပြကြတယ်။ ရသေ့တွေက ကျွန်တော်မျိုးကို ရသေ့တရား၊ ရသေ့သီလအကျင့်နဲ့ သင်ပြကြတယ်။ ဒါကြောင့်

http://www.dhammadownload.com



ကျွန်တော်ဟာ တစ်ယောက်နဲ့တစ်ယောက် တစ်မျိုးစီ ဖြစ်နေကြပါတယ်။"

"အရှင်မင်းကြီး၊ သတ္တိဂုမ္ဗက နှိပ်စက် သတ်ဖြတ်နည်း၊ နှောင်ဖွဲ့နည်း၊ အတုနဲ့ လှည့်ပတ်နည်း၊ ပြောင် လှည့်ပတ်နည်း၊ နေ့အခါ ရွာဖျက်ဆီးနည်း၊ အိမ်ကို ဝင်ပြီး သတ်မယ်လို့ ခြိမ်းခြောက်ကာ နိုင်ထက်စီးနင်း လုပ်နည်းတွေကို အဲဒီသူခိုးရွာမှာ သင်ယူရတယ်။"

"အရှင်မင်းကြီး၊ ဒီသင်္ခမ်းကျောင်းမှာ အမှန်သဘာဝ၊ သုစရိုက်တရား၊ မေတ္တာ၊ သီလ၊ ဣန္ဒြေစောင့်ထိန်းမှုတွေ ရှိပါတယ်။ ရောက်လာတဲ့ ဧည့်သည်တွေအား နေရာနဲ့ရေကို ပေးလေ့ရှိတဲ့ ရသေ့တွေရဲ့ ရင်ခွင်မှာ ကျွန်တော်မျိုးက ကြီးပြင်းခဲ့ရပါတယ်။"

အဲဒီလို ပုပ္ဖကကျေးငှက် ပြောပြပြီးတဲ့အခါ မင်းအား ဒီလိုတရားဆက်ဟောပါတယ်။

"အရှင်မင်းကြီး၊ သူတော်ကောင်း၊ သီလရှိသူကို ပေါင်းသင်းဆက်ဆံရသူဟာ သူတော်ကောင်း၊ သီလရှိသူရဲ့အလိုနောက်ကိုပဲ လိုက်သွားတတ်ပါတယ်။ မသူတော်၊ သီလ မရှိသူကို ပေါင်းသင်းဆက်ဆံသူဟာ မသူတော်၊ သီလမရှိသူရဲ့ အလိုနောက်ကိုပဲ လိုက်သွားတတ်ပါတယ်။"

"ကိုယ် ပေါင်းသင်းဆက်ဆံရသူလိုပဲ ကိုယ်ဟာ ဖြစ်သွားတတ်ပါတယ်။ မှန်ပါတယ်။ အတူတကွနေရတာဟာ အဲဒီလိုသဘော ရှိပါတယ်။"

"ဆရာနဲ့တပည့်၊ တပည့်နဲ့ဆရာ ပေါင်းသင်းဆက်ဆံရာမှာ ဆရာက မကောင်းရင် တပည့်ပါ မကောင်း ဖြစ်ရတယ်။ ဥပမာ - အဆိပ်လူးနေတဲ့ မြားဟာ အဆိပ်မလူးသေးတဲ့ မြားတောင့်ကို အဆိပ်လိမ်းကျံ

http://www.dhammadownload.com



ပေးလိုက်သလိုပါပဲ။ ပညာရှိဟာ မကောင်းမှုအဆိပ်လူးခံရမှာကို ကြောက်ရင် မကောင်းသူကို မိတ်ဆွေမဖွဲ့ရာ။"

"လူမိုက်နဲ့ ပေါင်းသင်းဆက်ဆံသူဟာ ကိုယ်က မကောင်းတာကို မလုပ်ပေမယ့် မကောင်းသတင်း ပြန့်တယ်။ ဥပမာ - ငါးအပုပ်ကို သမန်းမြက်ဖျားနဲ့ ဖွဲ့တုပ်ရင် သမန်းမြက်တွေပါ အပုပ်နံ့ နံသွားကြသလိုပါပဲ။"

"ပညာရှိနဲ့ ပေါင်းသင်းဆက်ဆံသူဟာ ပညာရှိ မဖြစ်နိုင်သေးရင်တောင် မိတ်ကောင်းကို ပေါင်းသင်းသူမို့ ကောင်းသတင်း ပြန့်သင်းတယ်။ ဥပမာ - တောင်ဇလပ်ပန်းကို ဖက်ရွက်နဲ့ ထုပ်ရင် ဖက်ရွက်တွေပါ မွှေးကြိုင်သွားသလိုပါပဲ။"

"ဒါကြောင့် ရစ်ပတ်တဲ့ သစ်ရွက်ပါ အနံ့ကောင်း၊ မကောင်း ဖြစ်သွားရပုံကို သိပြီး ပညာရှိဟာ မသူတော်တွေကို မပေါင်းသင်းရပါ။ သူတော်ကောင်းတွေကို ပေါင်းသင်းရပါတယ်။ မသူတော်တွေက ငရဲကို ဆောင်ပို့ကြတယ်။ သူတော်ကောင်းတွေက ဘဝကောင်းကို ဆောင်ပို့ကြတယ်။"

မင်းက ပုပ္ဖကကျေးငှက်လေးရဲ့ တရားစကားကို ကြည်ညိုသွားပါတယ်။ ရသေ့အပေါင်းလည်း လာကြတယ်။ မင်းက ရသေ့တွေကို ရှိခိုးပြီး "အရှင်ဘုရားတို့၊ တပည့်တော်ကို သနားရင် တပည့်တော်ရဲ့ နေရာအရပ်မှာ သီတင်းသုံးကြပါ" လို့ လျှောက်တယ်။ ရသေ့တွေရဲ့ ဝန်ခံချက်ကို ရလို့ မြို့ကို သွားကာ ကျေးငှက်တွေအား ဘေးမဲ့ပေးလိုက်ပါတယ်။ ရသေ့တွေလည်း မင်းဥယျာဉ်ကို သွားကြပါတယ်။ မင်းက ရသေ့အပေါင်းကို ဥယျာဉ်မှာ သီတင်းသုံးစေကာ အသက်ထက်ဆုံး ပြုစုလုပ်ကျွေးပြီး နတ်ပြည် ရောက်သွားတယ်။ အဲဒီမင်းရဲ့ သားက

http://www.dhammadownload.com



လည်း ထိးစိုက်ထောင်ကာ ရသေ့အပေါင်းကို ပြုစုမြဲ ပြုစုပါတယ်။ အဲဒီ အမျိုးအစဉ်အဆက်မှာ မင်း (၇) ဆက်တိုင်အောင် ရသေ့အပေါင်း အား လျှုဒါန်းကြတယ်။ ဘုရားလောင်းကျေးငှက်ဟာ တောမှာ နေရင်းပဲ ကံ အားလျော်စွာ သွားတယ်။

သတ္တိဂုမ္ဗက ဒေဝဒတ်အလောင်း၊ ခိုးသူတွေက ဒေဝဒတ်ရဲ့ ပရိသတ်၊ မင်းက အရှင်အာနန္ဒာအလောင်း၊ ရသေ့အပေါင်းက ဘုရား ပရိသတ်၊ ပုပ္ဖကကျေးငှက်က ဘုရားလောင်း ဖြစ်တယ်။

(ဇာတက၊ ၄၊ စတုတ္ထ၊ ၄၃၂)

လူကောင်းတစ်ယောက်ဖြစ်လာဖို့ရာ အပေါင်းအသင်းမိတ်ဆွေ ဟာ အရေးကြီးလှပါပေတယ်။ ပုဂ္ဂိုလ်ကောင်းတစ်ယောက် ဖြစ်လာနိုင် ဖို့ရာ အပေါင်းအသင်း မိတ်ဆွေ အရေးပါလှပုံကို ဒီကျေးငှက်ညီနောင် နှစ်ကောင်က သက်သေထူနေကြပါတယ်။ လူတိုင်းဟာ သတ္တိဂုမ္ဗ လို မဖြစ်သင့်ကြပါ။ ပုပ္ဖက လို ဖြစ်သင့်ကြပါတယ်။ သတ္တိဂုမ္ဗက ကြမ်းတမ်း သလောက် ပုပ္ဖကကတော့ သိမ်မွေ့နူးညံ့လှပါပေတယ်။ အဲဒီကျေးမင်း ညီနောင်ဟာ အမည်းနဲ့အဖြူ၊ အပူနဲ့ အအေး၊ အကျည်းတန်နဲ့ အလှ ဖြစ်နေကြပါတယ်။ အရှေ့နဲ့အနောက်၊ အထက်နဲ့ အောက်လိုလည်း ဖြစ်နေကြပါတယ်။

## လင်္ကာ

၁။ လူတစ်ယောက်ဟာ, ကောင်းဖို့ရာ, မိတ်ဟာ ရေးကြီးသည်။
၂။ ကျေးငှက်ညီနောင်, သက်သေဆောင်, လူ့ဘောင် ထင်ရှားသည်။
၃။ သတ္တိဂုမ္ဗ, ပုပ္ဖက, မည်ရ ကျေးနောင်ညီ။

# စိတ်ကောင်းရှိဖို့က အဓိက

အနာထပိဏ်မှာ မိတ်ဆွေတစ်ယောက် ရှိတယ်။ နာမည်က ကာဠကဏ္ဏိ ဖြစ်တယ်။ မြေမှုန့်ကစားဖော် ဖြစ်တယ်။ တစ်ဆရာတည်းမှာပဲ အတတ်ပညာ သင်ယူခဲ့ကြတယ်။ ကာဠကဏ္ဏိက အချိန်ကြာလာတဲ့အခါ ပစ္စည်းမွဲတေသွားလို့ အသက်မွေးဖို့ မတတ်နိုင်တဲ့အတွက် အနာထပိဏ် သူဌေးထံ သွားတယ်။ သူဌေးက ကာဠကဏ္ဏိကို အားပေးတယ်။ ရိက္ခာပေးတယ်။ သူ့ဥစ္စာကို လက်ခံစေတယ်။ သူဟာ သူဌေးအား ကျေးဇူးပြုတယ်။ သူဌေးရဲ့ ကိစ္စအားလုံးကို ဆောင်ရွက်တယ်။ သူဌေးထံ လာတဲ့ သူ့ကို လူတွေက "ကာဠကဏ္ဏိ ရပ်လော၊ ကာဠကဏ္ဏိ ထိုင်လော၊ ကာဠကဏ္ဏိ စားလော" လို့ ပြောကြတယ်။

တစ်နေ့မှာ သူဌေးရဲ့ မိတ်ဆွေတွေက သူဌေးထံ သွားပြီး "သူဌေးကြီး၊ သင့်ထံမှာ အဲဒီကာဠကဏ္ဏိကို ဘာကြောင့် ထားတာလဲ၊ ကာဠကဏ္ဏိ ရပ်လော၊ ကာဠကဏ္ဏိ ထိုင်လော၊ ကာဠကဏ္ဏိ စားလော လို့ ပြောသံကြောင့် ဘီလူးတောင် ပြေးသွားနိုင်တယ်။ အဲဒီလူဟာ သင်နဲ့ တန်းတူသူလည်း မဟုတ်ဘူး။ ဆင်းရဲတယ်။ အဲဒီလူနဲ့ သင့်မှာ ဘာအကျိုးရှိမှာလဲ" ပြောကြတယ်။ အနာထပိဏ်က "နာမည်ဆိုတာ ခေါ်ဝေါ်ရုံမျှပါပဲ။

http://www.dhammadownload.com



ပညာရှိတွေက နာမည်ကို အဓိက မထားကြပါဘူး။ နာမည်က ကောင်းကျိုး၊ ဆိုးကျိုးကို ပေးတတ်တယ်လို့ ယုံကြည်သူ မဖြစ်သင့်ပါဘူး။ ငါဟာ နာမည်ကို အကြောင်းပြုပြီး ငါ့မြေမှုန့် ကစားဖက် (ငယ်သူငယ်ချင်း) ကို မစွန့်လွှတ်နိုင်ပါ" လို့ ပြောလိုက်တယ်။ သူဌေးက အဲဒီ မိတ်ဆွေတွေရဲ့စကားကို လက်မခံဘဲ တစ်နေ့မှာ သူဌေးရဲ့ ဘောဂရွာကို သွားတဲ့အခါ ကာဠကဏ္ဏိကို အိမ်စောင့်ထားပြီး သွားတယ်။

သူခိုးတွေက "သူဌေးဟာ ဘောဂရွာကို သွားသတဲ့။ သူ့အိမ်ကို လုယက်ကြမယ်"လို့ ကြံပြီး ညအခါ လက်နက်မျိုးစုံယူကာ အိမ်ကို ဝိုင်းလာကြတယ်။ ကာဠကဏ္ဏိကလည်း သူခိုးတွေ လာမှာကို သံသယ ရှိလို့ မအိပ်ဘဲ ထိုင်နေတယ်။ ကာဠကဏ္ဏိက သူခိုးတွေလာတာကိုသိလို့ လူတွေကို နှိုးဖို့ရာ "သင့်က ခရုသင်းမှုတ်၊ သင်က စည်တီး" လို့ ပွဲသဘင်ကြီး ကျင်းပနေသလို တစ်အိမ်လုံးကို ဆူညံသွားအောင် လုပ်လိုက်တယ်။ သူခိုးတွေက "ဒီအိမ်မှာ လူ မရှိဘူးလို့ ငါတို့ နားကြား မှားခဲ့တယ်။ ဒီအိမ်မှာ သူဌေးကြီး ရှိနေတာပဲ" လို့ တွေးကာ လက်နက်တွေကို အဲဒီနေရာမှာပဲ စွန့်ပစ်ကာ ပြေးကြတယ်။

နောက်တစ်နေ့မှာ လူတွေဟာ ဟိုနေရာ၊ ဒီနေရာမှာ စွန့်ပစ်သွားကြတဲ့ လက်နက်တွေကို မြင်ရလို့ တုန်လှုပ်သွားကြတယ်။ "ဒီနေ့ ဒီလို ပညာရှိအိမ်စောင့် မရှိခဲ့ရင် သူခိုးတွေက စိတ်တိုင်းကျ ဝင်ပြီး တစ်အိမ်လုံး လုယက်သွားကြလိမ့်မယ်။ ခိုင်မြဲတဲ့ ဒီမိတ်ဆွေ ကာဠကဏ္ဏိကို အမှီပြုပြီး သူဌေးမှာ ကြီးပွားရတယ်" လို့ ပြောကာ ကာဠကဏ္ဏိကို ချီးမွမ်းကြတယ်။ သူဌေး ဘောဂရွာက ပြန်လာတဲ့အခါ အဲဒီအကြောင်းစုံကို ပြောပြကြတယ်။

http://www.dhammadownload.com



အဲဒီအခါ သူဌေးက အဲဒီလူတွေကို "သင်တို့က ငါ့ရဲ့ ဒီလိုမိတ်ဆွေကို နှင်ထုတ်ခိုင်းကြတယ်။ သင်တို့စကားအတိုင်း ငါ သူ့ကို နှင်ထုတ်ခဲ့ရင် ဒီနေ့ ငါ့မှာ ဘာဥစ္စာမှ ရှိမှာမဟုတ်ဘူး။ နာမည်က အဓိက မဟုတ်ဘူး။ အကျိုးစီးပွားကို လိုလားတဲ့ စိတ်ထားကပဲ အဓိက ဖြစ်တယ်"လို့ ပြောပြီး ကာဠကဏ္ဏီအား ရိက္ခာတွေ တိုးပေးတယ်။

"အခု ငါ့မှာ ဒီစကားလက်ဆောင် ရှိတယ်" လို့ ဆိုကာ ဘုရားရှင်ထံ သွားပြီး အစကစပြီး အဲဒီဖြစ်ပုံအလုံးစုံကို လျှောက်ပြတယ်။ ဘုရားရှင်က "သူကြွယ်၊ ကာဠကဏ္ဏီမိတ်ဆွေဟာ ယခုမှသာ သူ့မိတ်ဆွေရဲ့ အိမ်မှာ ဥစ္စာကို စောင့်ရှောက်တာ မဟုတ်သေး။ ရှေးကလည်း စောင့်ရှောက်ခဲ့တယ်" လို့ မိန့်ကာ အနာထပိဏ်က တောင်းပန်လျှောက်ထားလို့ အတိတ်အကြောင်းကို ဆောင်ပြတော်မူပါတယ်။

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းလုပ်အုပ်ချုပ်နေတုန်း ဘုရားလောင်းဟာ အခြွေအရံများစွာရှိတဲ့ သူဌေး ဖြစ်တယ်။ သူ့မိတ်ဆွေက ကာဠကဏ္ဏီ အမည်ပဲ ရှိပါတယ်။ ပစ္စုပ္ပန်ဝတ္ထုက အဖြစ်အပျက်နဲ့ အားလုံးတူပါတယ်။ အဲဒီမှာ ဘုရားလောင်းက ဒီစကားလေးတွေကို ပြောပြပါတယ်။

"အတူတူ ခြေလှမ်း (၇) လှမ်း လှမ်းဖူးရင် မိတ်ဆွေ (မေတ္တာ ရှေ့ထားသူ) မည်ပါတယ်။ (၁၂) ရက် အတူတူ နေဖူးရင် သဟာယချင်း (ကိစ္စအားလုံးမှာ အတူတကွ လုပ်ဖော်ကိုင်ဖက်) မည်ပါတယ်။ တစ်လ သို့မဟုတ် (၁၅) ရက် အတူ နေဖူးရင် ဆွေမျိုးနဲ့တူသူ ဖြစ်ပါတယ်။ အဲဒီထက် ပိုလွန်ပြီး အတူတူ နေဖူးရင် မိမိနဲ့တူသူ ဖြစ်တော့တာပါပဲ။ ငါဟာ ကိုယ့်ချမ်းသာအတွက်ကြောင့် ဒီလို ကြာမြင့်စွာ ပေါင်းသင်းဆက်ဆံလာတဲ့ ဒီကာဠကဏ္ဏီကို ဘယ်မှာ စွန့်ပစ်နိုင်မှာလဲ။"

http://www.dhammadownload.com



ဘုရားလောင်းက အဲဒီလို မိတ်ဆွေရဲ့ဂုဏ်ကို ပြောပါတယ်။ အဲဒီ အချိန်ကစပြီး နောက်တစ်ခါ သူတို့နှစ်ယောက်ကြားမှာ ဘယ်သူမှ လာမပြောတော့ပါ။

ကာဠကဏ္ဏိက အရှင်အာနန္ဒာအလောင်း၊ ဗာရာဏသီသူဌေးက ဘုရားလောင်း ဖြစ်ပါတယ်။ **(ဇာတက၊ ဠ၊ ပ၊ ၃၈၆)**

အကျိုးစီးပွားကို လိုလားတဲ့ စိတ်ကောင်းရှိသူ မိတ်ဆွေကို ရှာပြီး ပေါင်းသင်းတတ်ကြရပါမယ်။ တကယ့်အရေးမှာ တကယ်မိတ်ဆွေကောင်း ဟုတ် မဟုတ်ကို သိရပါတယ်။ တကယ့် မိတ်ဆွေကောင်းကို ငွေကြေး၊ ရာထူး၊ ရုပ်ရည်စသည်တွေကို ကြည့်ပြီး ရွေးချယ်ရမှာ မဟုတ်ပါ။ အကျိုးစီးပွားကို လိုလားတဲ့ စိတ်ကောင်းနဲ့ပဲ ရွေးချယ်ရမှာ ဖြစ်ပါတယ်။ မင်းသားဦးခေါင်း ဆောင်းထားတဲ့ ဘီလူးလို လူအယောင်ဆောင် ဘာသာခြားတွေကိုတော့ အထူးသတိထားပြီး ရှောင်ရှားရမှာ ဖြစ်ပါတယ်။

## လင်္ကာ

၁။ နာမည် မလှ, စိတ်တော့ လှ, ပေါင်းရ သင်းရသည်။
၂။ နာမည်ဆိုတာ, ရေး မပါ, စိတ်သာ ရေးပါသည်။
၃။ အမည်ဆိုးဆိုး, အများကျိုး, သယ်ပိုးတတ်ပါသည်။
၄။ ထိုလိုလူအား, အသင်ကား, ပေါင်းထားရပါသည်။

http://www.dhammadownload.com

# တန်ဖိုးဖြတ်လို့ မရသူ

အနာထပိဏ်သူဌေးရဲ့ မိတ်ဆွေတွေ၊ ဆွေမျိုးတွေက စုပေါင်းပြီး "သူဌေးကြီး၊ ဒီမိတ်ဆွေဟာ သင်နဲ့ ဇာတ်၊ အနွယ်၊ ပစ္စည်းဉစ္စာ စသည် အားဖြင့် မတူပါ။ သင့်ထက် မသာလွန်ပါ။ ဘာကြောင့် အဲဒီမိတ်ဆွေနဲ့ ပေါင်းသင်းဆက်ဆံရတာလဲ။ မလုပ်ပါနဲ့" အကြိမ်ကြိမ် တားမြစ်ကြ တယ်။ အနာထပိဏ်ကတော့ "မိတ်ဆွေအပေါင်းအသင်းဆိုတာ ကိုယ့် အောက် နိမ့်ကျသူတွေနဲ့ရော၊ ကိုယ်နဲ့ တန်းတူသူတွေနဲ့ရော၊ ကိုယ့် ထက် သာလွန်သူတွေနဲ့ပါ ပြုလုပ်ရတယ်" လို့ ပြောကာ အဲဒီလူတွေရဲ့ စကားကို လက်မခံပါ။ ဘောဂရွာကို သွားတဲ့အခါ အဲဒီမိတ်ဆွေကို အိမ်စောင့်ထားပြီး သွားပါတယ်။ ကျန်တာက ကာဠကဏ္ဏိဝတ္ထုအတိုင်း ပဲ ဖြစ်ပါတယ်။

ဒီဝတ္ထုမှာ အနာထပိဏ်က သူ့ရဲ့အိမ်မှာ အဖြစ်အပျက်ကို ဘုရား ရှင်အား လျှောက်ထားပြတဲ့အခါ ဘုရားရှင်က ဒီလို မိန့်တော်မူပါတယ်။

"သူကြွယ်၊ မိတ်ဆွေဆိုတာ သေးငယ်တာ မရှိ။ မိတ်ဆွေ ကျင့် ဝတ်တရားကို စောင့်ရှောက်နိုင်တာသာ အဓိက ဖြစ်တယ်။ လိုရင်း ဖြစ် တယ်။ မိတ်ဆွေဆိုတာ ကိုယ်နဲ့ တူသူကိုရော၊ ကိုယ့်အောက် နိမ့်ကျသူ

http://www.dhammadownload.com



ကိုရော၊ ကိုယ့်ထက် သာလွန်သူကိုပါ ပေါင်းသင်းရတယ်။ ဟုတ်တယ်။ အဲဒီ မိတ်ဆွေအားလုံးဟာ မိမိမှာ ရောက်လာတဲ့ တာဝန်ကို ဝိုင်းဝန်း ဆောင်ရွက်ပေးကြတာပဲ။ အခု သင်ဟာ သင့်ရဲ့ နိမ့်ကျတဲ့ မိတ်ဆွေကို အမှီပြုပြီး ဥစ္စာပိုင်ရှင် ဖြစ်ရတယ်။ ရှေးက ပုဂ္ဂိုလ်တွေကတော့ နိမ့်ကျတဲ့ မိတ်ဆွေကို အမှီပြုပြီး ဗိမာန်ပိုင်ရှင် ဖြစ်ရတယ်" လို့ မိန့်ကာ အနာ ထပိဏ်က တောင်းဆိုလို့ အတိတ်အကြောင်းကို မိန့်တော်မူပါတယ်။

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းလုပ်အုပ်ချုပ်တဲ့အခါ ဘုရားလောင်းဟာ မင်းရဲ့ဥယျာဉ်မှာ သမန်းမြက်ရုံ၊ ကျူချုံ စောင့်နတ် ဖြစ်တယ်။ အဲဒီဥယျာဉ်မှာ မင်္ဂလာကျောက်ဖျာကို အမှီပြုပြီး ပေါက်နေတဲ့ ရုစ အမည်ရှိမင်္ဂလာသစ်ပင် ရှိတယ်။ အဲဒီမင်္ဂလာသစ်ပင်ဟာ ပင်စည် ဖြောင့်တယ်။ ဝန်းဝိုင်းတဲ့ သစ်ခက်၊ သစ်ခွ ရှိတယ်။ မင်းက မြတ်နိုးခံရတယ်။ အဲဒီသစ်ပင်ကို 'မုခက' လို့လည်း ခေါ်ကြတယ်။ အဲဒီ ဥယျာဉ်မှာ တန်ခိုးကြီးတဲ့ နတ်မင်းတစ်ယောက် ရှိတယ်။ ဘုရားလောင်း နတ်က အဲဒီနတ်မင်းနဲ့ ဆက်ဆံပေါင်းသင်းတယ်။

အဲဒီအခါ မင်းက တိုင်တစ်လုံးတည်းရှိတဲ့ ပြာသာဒ်မှာ နေတယ်။ အဲဒီပြာသာဒ်ရဲ့ အဲဒီတိုင်ဟာ လှုပ်နေတယ်။ လှုပ်နေတဲ့ အကြောင်းကို မင်းအား ပြောပြကြတယ်။ မင်းက လက်သမားတွေကို အခေါ်ခိုင်းပြီး "အမောင်တို့၊ တစ်တိုင်တည်းရှိတဲ့ ငါ့မင်္ဂလာပြာသာဒ်ရဲ့ တိုင်ဟာ လှုပ်နေတယ်။ အနှစ်ရှိတဲ့ တိုင်တစ်တိုင်ကို ဆောင်ယူပြီး အဲဒီတိုင်ကို မလှုပ်အောင် လုပ်ကြပါ" လို့ ပြောတယ်။ "ကောင်းပါပြီ အရှင်မင်းကြီး" လို့ လက်သမားတွေက မင်းအား ဝန်ခံသွားပြီး အဲဒီတိုင်နဲ့ သင့်တော်မယ့် သစ်ပင်ကို ရှာဖွေကြတယ်။ အခြားနေရာမှာ မတွေ့လို့ ဥယျာဉ်ထဲကို

http://www.dhammadownload.com



ဝင်ကာ အဲဒီ 'မုခက' သစ်ပင်ကို မြင်သွားကြတယ်။ မင်းထံ သွားပြီး "အမောင်တို့၊ အဲဒီတိုင်နဲ့ သင့်တော်မယ့် သစ်ပင်ကို တွေ့ကြသလား" လို့ မင်းက မေးတဲ့အခါ "တွေ့တော့ တွေ့ပါတယ်။ ဒါပေမဲ့ အဲဒီသစ်ပင်ကို မဖြတ်ရဲကြပါ" လို့ ပြောကြတယ်။

"ဘာကြောင့် မဖြတ်ရဲကြတာလဲ။"

"ကျွန်တော်မျိုးတို့ဟာ အခြားနေရာမှာ သစ်ပင်ကို မတွေ့ကြလို့ ဥယျာဉ်ထဲကို ဝင်ခဲ့ကြပါတယ်။ အဲဒီဥယျာဉ်ထဲမှာလည်း မင်္ဂလာသစ်ပင်မှတစ်ပါး အခြားသစ်ပင်ကို မတွေ့ကြရပါ။ မင်္ဂလာသစ်ပင် ဖြစ်နေလို့ အဲဒီသစ်ပင်ကို မဖြတ်ရဲကြပါ။"

"သွားကြပါ။ အဲဒီသစ်ပင်ကို ဖြတ်ပြီး ပြာသာဒ်ကို ခိုင်အောင် လုပ်ကြပါ။ ငါတို့ဟာ အခြားမင်္ဂလာသစ်ပင်ကို လုပ်ကြမယ်။"

အဲဒီလက်သမားတွေဟာ "ကောင်းပါပြီ" လို့ ပူဇော်ပသမှုကို ယူကာ ဥယျာဉ်ကို သွားပြီး "နက်ဖြန်ခါ ဖြတ်ကြမယ်" လို့ တွေးကာ သစ်ပင်အား ပူဇော်ပသပြီး ထွက်ခွာသွားကြတယ်။ သစ်ပင်စောင့်နတ်က အဲဒီအကြောင်းကို သိလို့ "နက်ဖြန်မှာ ငါ့ရဲ့ဗိမာန်ကို ဖျက်ကြလိမ့်မယ်။ ကလေးတွေကို ခေါ်ယူပြီး ဘယ်ကို သွားရမလဲ" လို့ သွားရမယ့် နေရာကို ကြည့်တဲ့အခါ မတွေ့တဲ့အတွက် သားသမီးတွေရဲ့လည်ပင်းမှာ ကိုင်ကာ ငိုနေတယ်။ အဲဒီနတ်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေနတ်က လာပြီး "အဲဒါ ဘာလဲ" လို့ မေးကြတယ်။ အဲဒီအကြောင်းကို ကြားသိရတဲ့အခါ သူတို့လည်း လက်သမားတွေ ပြန်သွားအောင် လုပ်တဲ့နည်းနဲ့ မမြင်ကြလို့ အဲဒီနတ်ကို ပွေ့ဖက်ကာ ငိုဖို့ ကြိုးစားကြပါတယ်။

အဲဒီအခါ ဘုရားလောင်းနတ်က "သစ်ပင်စောင့်နတ်ကို တွေ့မယ်" လို့ ကြံကာ သွားတော့ အဲဒီအကြောင်းကို ကြားရတယ်။ "ရှိပါစေ၊ မပူ

http://www.dhammadownload.com



ကြနဲ့။ ငါဟာ သစ်ပင်ကို ဖြတ်ခွင့် မပေးအံ့။ နက်ဖြန်ခါ လက်သမားတွေ လာတဲ့အခါ ငါ့ရဲ့အကြောင်းကို ကြည့်ကြ” လို့ အဲဒီနတ်တွေကို အားပေးစကား ပြောပါတယ်။ ဘုရားလောင်းနတ်က နောက်တစ်နေ့ လက်သမားတွေ လာတဲ့အခါ ပုတ်သင်အသွင် ယူလိုက်ပါတယ်။ လက်သမားတွေရဲ့ရှေ့က သွားကာ မင်္ဂလာသစ်ပင်ရဲ့ အမြစ်ကြားကို ဝင်သွားတယ်။ အဲဒီသစ်ပင်ကို အခေါင်းရှိသလို လုပ်ကာ သစ်ပင်အလယ်ပိုင်းနဲ့ တက်သွားပြီး ပင်စည်ရဲ့ ထိပ်ဖျားမှ ထွက်ကာ ဦးခေါင်းကို တညိတ်ညိတ်လုပ်ကာ လျှောင်းနေပါတယ်။

လက်သမားကြီးက အဲဒီပုတ်သင်ကို မြင်ပြီး သစ်ပင်ကို လက်နဲ့ ခေါက်ကြည့်ပါတယ်။ “ဒီသစ်ပင်ဟာ အခေါင်းရှိတဲ့ သစ်ပင်ပဲ။ အနှစ်မရှိဘူး။ မနေ့က မစူးစမ်းဘဲနဲ့ ပူဇော်ပသမှုကို ပြုလုပ်ခဲ့ကြတယ်” လို့ ပြောကာ တစ်ခဲနက်ဖြစ်နေတဲ့ သစ်ပင်ကြီးကို ကဲ့ရဲ့ပြီး ထွက်သွားတယ်။ အဲဒီသစ်ပင်စောင့်နတ်ဟာ ဘုရားလောင်းနတ်ကို အမှီပြုပြီး ဗိမာန်ပိုင်ရှင် ဖြစ်သွားတယ်။ အဲဒီနတ်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေနတ်များစွာဟာ အဲဒီနတ်ကို နှုတ်ဆက်ကြဖို့ စုဝေးလာကြတယ်။ အဲဒီသစ်ပင်စောင့်နတ်က “ငါဟာ ဗိမာန်ကို ရပြီ” လို့ ဝမ်းသာနေတယ်။ အဲဒီမိတ်ဆွေနတ်တွေရဲ့ အလယ်မှာ ဘုရားလောင်းနတ်ရဲ့ ဂုဏ်ကို ပြောလိုလို့ ဒီလို ပြောပါတယ်။

“အို နတ်အပေါင်းတို့၊ ငါတို့ဟာ တန်ခိုးကြီးကြပေမယ့် ပညာနည်းကြလို့ ဒီနည်းလမ်းကို မသိခဲ့ကြ။ သမန်းမြက်ရုံ ကျူရုံစောင့်နတ်ကတော့ ဉာဏ်ပညာနဲ့ ပြည့်စုံလို့ ငါတို့ကို ဗိမာန်ပိုင်ရှင် ဖြစ်အောင် လုပ်ပေးခဲ့တယ်။ မိတ်ဆွေဆိုတာ ကိုယ်နဲ့ တန်းတူသူကိုရော၊ ကိုယ့်ထက်သာလွန်သူကိုရော၊ ကိုယ့်အောက် နိမ့်ကျသူကိုပါ ပေါင်းသင်းရတာ

http://www.dhammadownload.com



ပါပဲ။ ဟုတ်တယ်။ သတ္တဝါအားလုံးဟာ သူတို့ရဲ့အစွမ်းအစနဲ့ မိတ်ဆွေတွေမှာ ဖြစ်နေတဲ့ ဆင်းရဲကို ထုတ်ဆောင်ပြီး ချမ်းသာမှာ တည်စေကြတာချည်းပဲ။"

ရှစာသစ်ပင်စောင့်နတ်က အရှင်အာနန္ဒာအလောင်း ဖြစ်တယ်။

**(ဇာတက၊ ၄၊ ပ၊ ၄၆၇)**

သူတစ်ပါး ဒုက္ခရောက်နေရင် အဲဒီဒုက္ခကို ကယ်တင်နိုင်တဲ့ ပညာအစွမ်းအစရှိတဲ့ မိတ်ဆွေဟာ လောကမှာ အားကိုးရမယ့်၊ ပေါင်းသင်းဆက်ဆံရမယ့် မိတ်ဆွေကောင်း ဖြစ်ပါတယ်။ ဂုဏ်သိန် အရှိန်အဝါ၊ ပစ္စည်းဥစ္စာ၊ ရုပ်ရည်တွေ မပြည့်စုံပေမယ့် အသိပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ အားကိုးရ၊ အလေးထားရ၊ တန်ဖိုးထားရတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ အသိအလိမ္မာ ဉာဏ်ပညာဟာ မိမိအတွက်ရော သူတစ်ပါးအတွက်ပါ အင်မတန်မှ ကျေးဇူးများလှပါပေတယ်။ ဂုဏ်သိန် အရှိန်အဝါ၊ ဥစ္စာ၊ ရုပ်ရည်တွေဟာ တန်ဖိုးဖြတ်လို့ ရချင်ရနိုင်ပေမယ့် အသိပညာကတော့ တန်ဖိုးဖြတ်လို့ မရနိုင်ပါ။ တန်ဖိုးဖြတ်လို့ မရတဲ့ အသိပညာကို ပိုင်ဆိုင်ထားသူ ပညာရှင်ဟာလည်း တန်ဖိုးဖြတ်လို့ မရတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။

## လင်္ကာ

၁။ မိတ်ဆွေဆိုတာ, သေးငယ်တာ, ဘယ်ခါ မရှိပြီ။

၂။ မိတ်ဝတ်ကျင့်တတ်, ထိုသူမြတ်, ပေါင်းအပ်လှပါသည်။

၃။ အာဏာ - ဥစ္စာ, ရုပ်ရည်ဟာ, သူ့မှာ မရှိပြီ။

၄။ သို့သော် သူကား, ပညာအား, ကြီးမားလှပါသည်။

၅။ ထိုသည့် သူအား, အသင်ကား, ပေါင်းထားရပါသည်။

http://www.dhammadownload.com

# စကားသံရဲ့ ခွမ်းအား

ရှေးအခါ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းလုပ် အုပ်ချုပ်တဲ့ အခါ ဘုရားလောင်းက အဲဒီမင်းရဲ့အမတ် ဖြစ်တယ်။ အဲဒီအခါ မင်းမှာ မဟိဠာမုခမည်တဲ့ မင်္ဂလာဆင် ရှိတယ်။ သီလရှိတယ်။ အကျင့် ကောင်း တယ်။ ဘယ်သူ့ကိုမှ မညှဉ်းဆဲဘူး။ တစ်နေ့မှာ အဲဒီမင်္ဂလာဆင်နေရာ တင်းကုပ်အနီးမှာ ညအခါ သူခိုးတွေ လာပြီး အဲဒီမင်္ဂလာဆင်ရဲ့အနီး မှာ ထိုင်ကာ တိုင်ပင်ကြတယ်။ "ဥမင်လိုဏ်ခေါင်းကို ဒီလို ဖောက်ခွဲရ မယ်။ အဆက်အစပ်ကို ဒီလို ဖြတ်ရမယ်။ ဥမင်လိုဏ်ခေါင်းကိုရော အဆက်အစပ် ဖြတ်တာကိုပါ လမ်းနဲ့ တူအောင်၊ ဆိပ်ကမ်းနဲ့ တူအောင်၊ အရှုပ်အထွေး မရှိအောင် လုပ်ပြီး ဥစ္စာဘဏ္ဍာကို ခိုးယူသင့်တယ်။ ခိုးယူ သူဟာ ဥစ္စာရှင်ကို သတ်ပြီးမှသာ ခိုးယူရမယ်။ အဲဒီလိုလုပ်ရင် ကိုယ့်ကို ရန်မရှာနိုင်တော့ဘူး။ သူခိုးဆိုတာ အကျင့်သီလနဲ့ ပြည့်စုံသူမရှိ၊ ကြမ်း တမ်းသူ၊ ကြမ်းကြုတ်သူ၊ အနိုင်ကျင့်သူ ဖြစ်ရမယ်" လို့ အဲဒီလို တိုင်ပင် ပြီး အချင်းချင်းကို သင်ယူစေကာ သွားကြတယ်။

အဲဒီလိုနည်းနဲ့ပဲ နောက်တစ်နေ့၊ နောက်တစ်နေ့ စသည်ဖြင့် နေ့ ပေါင်းများစွာ အဲဒီနေရာကို လာပြီး တိုင်ပင်ကြတယ်။ မင်္ဂလာဆင်က

http://www.dhammadownload.com



အဲဒီသူခိုးတွေရဲ့ စကားကို ကြားရလို့ "ဒီသူခိုးတွေဟာ ငါ့ကို သင်ပေးနေကြတာပဲ" လို့ ထင်မှတ်ကာ "ယခုအခါ ငါဟာ ကြမ်းတမ်းသူ၊ ကြမ်းကြုတ်သူ၊ အနိုင်ကျင့်သူ ဖြစ်ရမယ်" လို့ သဘောပေါက်ပြီး အဲဒီအတိုင်းပဲ ဖြစ်သွားတော့တယ်။ နံနက်စောစောပဲ လာတဲ့ ဆင်ထိန်းကို နှာမောင်းနဲ့ ကိုင်ပြီး မြေကြီးပေါ် ပေါက်သတ်လိုက်တယ်။ အဲဒီနည်းနဲ့ နောက်တစ်ယောက်၊ နောက်တစ်ယောက်နဲ့ လာလာသမျှ လူကို သတ်နေတော့တာချည်းပဲ။

"မဟိဠာမုခဟာ ရူးသွားပြီး မြင်မြင်သမျှလူတွေကို သတ်နေတယ်" လို့ မင်းအား ပြောပြကြတယ်။ မင်းက ဘုရားလောင်းကို "ပညာရှိ သွားပါ။ ဘာကြောင့် အဲဒီမင်္ဂလာဆင်ဟာ ဖောက်ပြန်သွားတယ် ဆိုတာကို သိအောင် လုပ်ခဲ့ပါ" လို့ ပြောကာ စေလွှတ်လိုက်တယ်။ ဘုရားလောင်းက သွားပြီး အဲဒီဆင်ရဲ့ကိုယ်မှာ ရောဂါ မရှိတာကို သိလို့ "ဘာကြောင့် ဒီဆင်ဟာ ဖောက်ပြန်သွားတာလဲ" လို့ စူးစမ်းတဲ့အခါ "ဧကန်ပဲ အနီးအနားမှာ လူတွေရဲ့စကားကို ကြားရလို့ ဒီလူတွေက ငါ့ကို သင်ပေးနေကြတာပဲ" လို့ ထင်မှတ်ကာ ဖောက်ပြန်သွားတာ ဖြစ်မယ်" လို့ ဆုံးဖြတ်ချက်ချပြီး ဆင်ထိန်းတွေကို "ဆင်တင်းကုပ်နဲ့အနီးမှာ ညအခါ လူတစ်စုက စကား တစ်စုံတစ်ရာ လာပြောဖူးတာများ ရှိပါသလား" လို့ မေးတယ်။ "အို အရှင်၊ ရှိပါတယ်။ သူခိုးတွေ လာပြီး ပြောကြပါတယ်"လို့ ဖြေတယ်။

ဘုရားလောင်းက သွားပြီး မင်းအား "အရှင်မင်း၊ ဆင်ရဲ့ကိုယ်မှာ အခြား ဖောက်ပြန်တာ မရှိပါ။ သူခိုးတွေရဲ့ စကားကို ကြားရလို့ ဒီလို ပျက်စီးသွားပါတယ်" လို့ ပြောတယ်။ "အခု ဘာကို လုပ်သင့်ပါသလဲ"

http://www.dhammadownload.com



လို့ မင်းက မေးလို့ ဘုရားလောင်းက "သီလရှိတဲ့ ရဟန်းပုဏ္ဏားတွေကို ဆင်တင်းကုပ်မှာ ထိုင်စေကာ သီလအကျင့်နဲ့ ပတ်သက်တဲ့ စကားကို ပြောကြားစေသင့်ပါတယ်" လို့ ပြောတယ်။ မင်းက အဲဒီအတိုင်း လုပ်ခိုင်းလိုက်တယ်။ ဘုရားလောင်းဟာ ဆင်တင်းကုပ်ကို သွားပြီး သီလရှိတဲ့ ရဟန်းပုဏ္ဏားတွေကို ဆင်တင်းကုပ်မှာ ထိုင်စေကာ "အရှင်ဘုရားတို့၊ သီလနဲ့ ပတ်သက်တဲ့ စကားကို ပြောကြားတော်မူကြပါ" လို့ လျှောက်တယ်။ အဲဒီရဟန်းပုဏ္ဏားတွေက ဆင်ရဲ့အနီးမှာ ထိုင်ပြီး "ဘယ်သူ့ကိုမှ မသုံးသပ်ရဘူး။ မသတ်ရဘူး။ သီလအကျင့်နဲ့ ပြည့်စုံသူ၊ ခန္တီ၊ မေတ္တာ၊ ကရုဏာရှိသူ ဖြစ်သင့်တယ်" လို့ သီလနဲ့ ပတ်သက်တဲ့ စကားကို ပြောကြတယ်။

အဲဒီဆင်က အဲဒီစကားကို ကြားရလို့ "ငါ့ကို ဒီပုဂ္ဂိုလ်တွေက သင်ပြပေးနေကြတာပဲ။ အခုအချိန်ကစပြီး သီလရှိသူ ဖြစ်ရမယ်" လို့ တွေးကာ သီလရှိသူ ဖြစ်သွားတယ်။ မင်းက ဘုရားလောင်းကို "ချစ်သား၊ ဒီဆင်ဟာ သီလရှိသူ ဖြစ်သွားပါပြီလား" လို့ မေးလို့ ဘုရားလောင်းက "မှန်ပါ အရှင်မင်း၊ သီလရှိသူ ဖြစ်သွားပါပြီ" လို့ ပြောပြီး "ဒီဆိုးသွမ်းသွားတဲ့ ဆင်ဟာ ပညာရှိတွေကို အမှီပြုရလို့ နဂိုက အကောင်းသဘောတွေမှာ တည်ရှိသွားပါတယ်" လို့ ပြောပါတယ်။

မင်းက ဘုရားလောင်းအား တိရစ္ဆာန်ရဲ့ အလိုအဇ္ဈာသယကို တောင် သိနိုင်တာမို့ အခြံအရံအများကြီး ပေးလိုက်ပါတယ်။ မင်းက အရှင်အာနန္ဒာအလောင်း ဖြစ်ပါတယ်။ **(ဇာတက၊ ၄၊ ပထမ၊ ၂၀၃)**

ကြားရတဲ့ စကားသံကလည်း သတ္တဝါတစ်ဦး တစ်ယောက်ကို ဆိုးအောင်၊ ကောင်းအောင် လုပ်ပေးနိုင်စွမ်း ရှိပါပေတယ်။ ကိုယ့်နားထဲ

http://www.dhammadownload.com



မှာ ကိုယ့်ကို ဆိုးသူတစ်ယောက် ဖြစ်လာစေမယ့် စကားမျိုးကို ရောက်မလာစေဖို့ အရေးကြီးပါတယ်။ လူကောင်းတစ်ယောက် ဖြစ်လာစေနိုင်မယ့် စကားကောင်းတွေကို များများနားထောင်ပေးသင့်ကြပါတယ်။

## လင်္ကာ

၁။ သူခိုးစကား, ကြားဖန်များ, ဆင်ကား ကြမ်းသွားသည်။
၂။ သူတော်ကောင်းစကား, ကြားဖန်များ, ဆင်ကား လိမ္မာသည်။
၃။ လူတစ်ယောက်အား, ဝန်းကျင်ကား, ပြောင်းသွားစေနိုင်သည်။
၄။ ထို့ကြောင့် ပင်လျှင်, ကောင်းဝန်းကျင်, အသင် ရှိသင့်သည်။

http://www.dhammadownload.com

# ခိုရာ

ရှေးအခါက ကဿပမြတ်စွာဘုရား လက်ထက်မှာ သောတာပန် ဥပါသကာဟာ ဆတ္တာသည်သူကြွယ်တစ်ယောက်နဲ့အတူ လှေစီးသွားတယ်။ ဆတ္တာသည်ရဲ့ မယားက "အရှင်၊ ကျွန်မခင်ပွန်းရဲ့ ချမ်းသာ ဆင်းရဲဟာ သင်ရဲ့တာဝန်ပဲ" လို့ ပြောကာ ဆတ္တာသည်ကို အဲဒီဥပါသကာအား အပ်နှံလိုက်ပါတယ်။ အဲဒီအခါ အဲဒီလှေဟာ (၇) ရက်မြောက်မှာ သမုဒ္ဒရာအလယ်မှာ ကွဲသွားတယ်။ အဲဒီလူနှစ်ယောက်ဟာ ပျဉ်ချပ်တစ်ခုမှာ လျောင်းရင်း ကျွန်းငယ်တစ်ကျွန်းကို ရောက်သွားကြတယ်။ အဲဒီကျွန်းမှာ အဲဒီဆတ္တာသည်က ငှက်တွေကို သတ်ကာ ချက်စားရင်း ဥပါသကာ အားလည်း ပေးတယ်။ ဥပါသကာက မစားချင်ဘူးလို့ ပြောပြီး မစားဘဲ နေတယ်။ ဥပါသကာက "ဒီနေရာမှာ ငါတို့အား ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှ တစ်ပါး အခြားအားကိုး ထောက်တည်စရာ မရှိ" လို့ ကြံတယ်။

ဥပါသကာက ရတနာသုံးပါးရဲ့ ဂုဏ်တွေကို အောက်မေ့တယ်။ အဲဒီလို အောက်မေ့နေတုန်း အဲဒီကျွန်းငယ်မှာ ဖြစ်နေတဲ့ နဂါးမင်းက သူရဲ့ခန္ဓာကိုယ်ကို လှေကြီးလုပ်ပြီး ဖန်ဆင်းတယ်။ သမုဒ္ဒရာစောင့်နတ်က ပဲ့ကိုင်လုပ်တယ်။ လှေဟာ ရတနာ (၇) ပါးတွေနဲ့ ပြည့်နေတယ်။ လင်းယဉ်တိုင် (၃) ခုက ကျောက်ညိုပတ္တမြားနဲ့ ပြီးတယ်။ ရွက် (လင်း

http://www.dhammadownload.com



ယဉ်ရွက်) က ရွှေနဲ့ ပြီးတယ်။ ကြိုးတွေက ငွေနဲ့ ပြီးတယ်။ တက်မတွေက ရွှေနဲ့ ပြီးတယ်။

သမုဒ္ဒရာစောင့်နတ်က လှေမှာ ရပ်ကာ "ဇမ္ဗူဒိပ်သွားမယ့်လူ ရှိသလား" လို့ ကြွေးကြော်တယ်။ ဥပါသကာက "ငါတို့ သွားကြမယ်" လို့ ပြောတယ်။ "ဒီလိုဆိုရင် လာလေ၊ လှေပေါ်တက်လော့" လို့ နတ်က ပြောတယ်။ ဥပါသကာက လှေပေါ်တက်ပြီး ဆတ္တာသည်ကို ခေါ်တယ်။ သမုဒ္ဒရာစောင့်နတ်က "သင် ဥပါသကာအတွက်သာ ရတယ်။ အဲဒီလူအတွက် မရဘူး" လို့ ပြောလိုက်တယ်။

"ဘာကြောင့်ပါလဲ။"

"အဲဒီလူမှာ သီလဂုဏ်အကျင့် မရှိ။ ဒါကြောင့်ပါပဲ။ ဟုတ်တယ်။ ငါဟာ သင့်အတွက် လှေကို သယ်ဆောင်ခဲ့တယ်။ အဲဒီလူအတွက် မဟုတ်ပါ။"

"ရှိပါစေ။ ငါဟာ ငါကိုယ်တိုင် လှူထားတဲ့ ဒါန၊ စောင့်ထားတဲ့ သီလ၊ ပွားများထားတဲ့ ဘာဝနာတွေနဲ့ အဲဒီဆတ္တာသည်အား ကုသိုလ်ဝေစုကို အမျှပေးဝေပါတယ်။"

ဆတ္တာသည်က "အိုအရှင်၊ ငါ ဝမ်းမြောက်ပါတယ်။ သာဓု ခေါ်ပါတယ်" လို့ ပြောတယ်။ နတ်က "အခု ခေါ်မယ်" လို့ ပြောကာ ဆတ္တာသည်ကိုလည်း တင်ကာ လူ (၂) ယောက်လုံးကို သမုဒ္ဒရာမှ ထွက်စေကာ မြစ်လမ်းနဲ့ ဗာရာဏသီကို သွားပြီး နတ်ရဲ့အစွမ်းနဲ့ အဲဒီလူ နှစ်ယောက်လုံးရဲ့အိမ်မှာ ဥစ္စာကို တည်ရှိစေပါတယ်။

"ပညာရှိတွေနဲ့သာ ပေါင်းသင်း ဆက်ဆံမှုကို ပြုရမယ်။ ဟုတ်တယ်။ ဒီဆတ္တာသည်ဟာ ဒီဥပါသကာနဲ့သာ မပေါင်းသင်းရင် သမုဒ္ဒရာ

http://www.dhammadownload.com



ရဲ့ အလယ်မှာပဲ ပျက်စီးလိမ့်မယ်” လို့ ပညာရှိနဲ့ ပေါင်းသင်းရခြင်း ကျေးဇူးကို သမုဒ္ဒရာစောင့်နတ်က ပြောတယ်။ ပြီးတော့ ဒီလိုလည်း ပြောတယ်။

“သဒ္ဓါ၊ သီလ၊ ဒါနရဲ့ ဒီအကျိုးကို ကြည့်ပါလား။ နဂါးက လှေ အသွင်ဆောင်ကာ သဒ္ဓါရှိတဲ့ ဉပါသကာကို သယ်ဆောင်သွားတယ်”

“ပညာရှိတွေနဲ့သာ ပေါင်းသင်းရမယ်။ ပညာရှိတွေနဲ့သာ ဆက်ဆံရမယ်။ ဟုတ်တယ်။ ပညာရှိတွေနဲ့ အတူတကွ နေထိုင်လို့ ဆတ္တာသည်ဟာ ချမ်းသာသွားတယ်။”

အဲဒီလို သမုဒ္ဒရာစောင့်နတ်က ကောင်းကင်မှာ ရပ်ကာ တရားဟော ဆုံးမပြီး နဂါးမင်းကို ခေါ်ကာ မိမိဗိမာန်ကိုပဲ သွားပါတယ်။

နဂါးမင်းက အရှင်သာရိပုတ္တရာအလောင်း၊ သမုဒ္ဒရာစောင့်နတ်က ဘုရားလောင်း ဖြစ်တယ်။ **(ဇာတက၊ ၄၊ ဒု၊ ၁၀၁)**

ကိုယ်ပြုထားတဲ့ ဒါန၊ သီလ၊ ဘာဝနာကောင်းမှုတွေဟာ တကယ့်အရေးမှာ အားကိုးစရာ ဖြစ်လှပါတယ်။ ပတ္တာနုမောဒန (ဝမ်းမြောက်စွာ သာဓုခေါ်မှု) ကုသိုလ်ကလည်း အစွမ်းထက်ပါပေတယ်။ ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့ လူသူတော်ကောင်းတွေနဲ့ ပေါင်းသင်းရတာဟာ လောကမှာရော သံသရာမှာပါ အမြတ်များစွာ ရစေနိုင်ပါတယ်။

## လင်္ကာ

၁။ ကောင်းမှုတွေဟာ, ခိုကိုးရာ, မှန်စွာ ဖြစ်ပါသည်။
၂။ သာဓုခေါ်မှု, ကုသိုလ်စု, အားပြုသင့်ပါသည်။
၃။ ကောင်းမှု ရှိရင်, ကယ်တင်ရှင်, ကယ်တင်ချင်ပါသည်။
၄။ ကောင်းမှုပြုမှု, စောင့်ရှောက်သူ, ကူသူ ရှိပါသည်။

http://www.dhammadownload.com

# ပညာမျက်စိ ကန်းသူ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်တဲ့အခါ ဘုရားလောင်းက ကာသိရွာငယ်တစ်ရွာက အမျိုးတစ်မျိုးမှာ ဖြစ်တယ်။ အရွယ်ရောက်တဲ့အခါ လယ်ထွန်၊ ကုန်ရောင်းစတဲ့ အလုပ်တွေနဲ့ အသက်မမွေးဘဲ သူခိုး (၅၀၀) ကို ယူကာ သူခိုး (၅၀၀) ရဲ့ ခေါင်းဆောင်လုပ်ပြီး လမ်းခရီးမှာ လုယက်ခြင်း၊ အဆက်အစပ် ဖောက်ဖျက်ခြင်း စတာတွေကို လုပ်ပြီး အသက်မွေးတယ်။ အဲဒီအခါ ဗာရာဏသီပြည်မှာ သူကြွယ်တစ်ယောက်က ဇနပုဒ်သား တစ်ယောက်အား အသပြာ (၁၀၀၀) ပေးကာ ပြန်မယူရသေးခင်ဘဲ သေသွားတယ်။ အဲဒီအခါ အဲဒီသူကြွယ်ရဲ့ မယားက နောင်အခါ မကျန်းမာလို့ သေရာ ညောင်စောင်းပေါ်မှာ လဲလျောင်းရင်း သားကို ခေါ်ကာ "ချစ်သား၊ သင့်ရဲ့ဖခင်ဟာ လူတစ်ယောက်အား အသပြာ (၁၀၀၀) ပေးပြီး ပြန်မယူရသေးခင်ဘဲ သေသွားတယ်။ ငါလည်း သေသွားရင် သူက သင့်အား ပေးမှာ မဟုတ်တော့။ သွားပါ၊ ငါ အသက်ရှင်တုန်း သူ့ကို ဆောင်စေကာ ယူခဲ့ပါ" လို့ ပြောတယ်။

သားက "ကောင်းပါပြီ" လို့ ဝန်ခံပြီး အဲဒီအရပ်ကို သွားတော့ အသပြာတွေကို ရတယ်။ အဲဒီအခါ သူ့ရဲ့မိခင်က သေသွားပြီး သား

http://www.dhammadownload.com



သံယောဇဉ်ကြောင့် သူ့သား လာရာလမ်းမှာ မြေခွေးမ ပြိတ္တာ ဖြစ်နေတယ်။ အဲဒီအခါ ဘုရားလောင်း သူခိုးအကြီးအကဲက လမ်းသွားသူတို့ကို လုယက်ရင်း သူ့ပရိသတ်နဲ့အတူ လမ်းမှာ ရပ်တည်နေတယ်။ အဲဒီအခါ အဲဒီမြေခွေးမက သား တောအုပ်အဝ အရောက်မှာ "ငါ့သား၊ တောအုပ်ကို မဝင်နဲ့။ ဒီတောအုပ်ထဲမှာ သူခိုးတွေ ရှိတယ်။ သူတို့က သင့်ကို သတ်ပြီး အသပြာတွေကို ယူကြလိမ့်မယ်"လို့ အထပ်ထပ် လမ်းကို ဖြတ်ကာ တားတယ်။ သားက အဲဒီအကြောင်းကို မသိလို့ "ဒီမြေခွေးမ အယုတ်တမာက ငါ့ရဲ့လမ်းကို ဖျက်တယ်"လို့ ဆိုကာ ခဲ၊ တုတ်ကို ယူကာ မိခင်မြေခွေးမကို ပြေးသွားစေပြီး တောအုပ်ကို ဝင်သွားတယ်။ အဲဒီအခါ သတပတ္တငှက်တစ်ကောင်က "ဒီယောကျ်ားရဲ့ လက်ထဲမှာ အသပြာ (၁၀၀၀) ရှိတယ်။ သူ့ကို သတ်ပြီး အဲဒီအသပြာကို ယူကြ" လို့ အော်ပြီး သူခိုးတွေဆီ ပျံသွားတယ်။ လုလင်က အဲဒီငှက် လုပ်တဲ့ အကြောင်းကို မသိလို့ "ဒီငှက်ဟာ မင်္ဂလာငှက်ပဲ၊ အခု ငါ့မှာ ချမ်းသာတော့မယ်" လို့ ကြံကာ "အို အရှင်၊ အော်မြည်ပါ။ အို အရှင်၊ အော်မြည်ပါ" လို့ ပြောပြီး လက်အုပ်ချီတယ်။

ဘုရားလောင်းက အသံအားလုံးကို သိလို့ အဲဒီသတ္တဝါ နှစ်ကောင်ရဲ့ အပြုအမူကို ကြည့်ပြီး ဒီလို တွေးတယ်။

"ဒီမြေခွေးမဟာ အဲဒီလူရဲ့ မိခင် ဖြစ်တယ်။ ဒါကြောင့် မြေခွေးမက သူ့သားကို သတ်ပြီး အသပြာတွေကို လုယူသွားမှာ ကြောက်လို့ တားတယ်။ ဒီသတပတ္တငှက်ကတော့ ရန်သူ ဖြစ်မယ်။ ဒါကြောင့် ဒီငှက်က "သူ့ကို သတ်ပြီး အသပြာတွေကို ယူကြ" လို့ ငါတို့အား ပြောတယ်။ ဒီလူကတော့ အဲဒါကို မသိလို့ အကျိုးလိုလားတဲ့ မိခင်ကို ခြိမ်းခြောက်

http://www.dhammadownload.com



ပြီး ပြေးစေတယ်။ အကျိုးမဲ့ကို လိုလားတဲ့ သတပတ္တငှက်အား ငါ့အကျိုး လိုလားသူပဲ” လို့ ထင်မှတ်ကာ လက်အုပ်ချီနေတယ်။ ဒီလူဟာ မိုက်မဲလေစွတကား။

လုလင်က လာပြီး သူခိုးတွေရဲ့ ပိုင်နက်အတွင်း ရောက်သွားတယ်။ ဘုရားလောင်းက အဲဒီလုလင်ကို ဖမ်းယူစေပြီး “သင်ဟာ ဘယ်မှာ နေသလဲ” လို့ မေးလို့ လုလင်က “ဗာရာဏသီမှာ နေတယ်” လို့ ဖြေတယ်။

“ဘယ်ကို သွားခဲ့သလဲ။”

“ရွာတစ်ရွာမှာ အသပြာတစ်ထောင် ရစရာ ရှိပါတယ်။ အဲဒီရွာကို သွားခဲ့ပါတယ်။”

“ရခဲ့သလား။”

“ရခဲ့ပါတယ်။”

“ဘယ်သူက သင့်ကို စေလွှတ်တာလဲ။”

“အို အရှင် ကျွန်တော့်ဖခင်က သေသွားပါပြီ။ မိခင်ကလည်း နေမကောင်း ဖြစ်နေပါတယ်။ မိခင်က သူ သေသွားရင် အသပြာကို ကျွန်တော် မရမှာ စိုးရိမ်လို့ ကျွန်တော့်ကို စေလွှတ်လိုက်ပါတယ်။”

“အခု အသင့်အမေရဲ့ အဖြစ်အပျက်ကို သိသလား။”

“မသိပါ”

“သင့်ရဲ့ မိခင်ဟာ သင် ထွက်သွားတဲ့အခါ သေသွားပြီး မြေခွေးမ ဖြစ်နေတယ်။ သင် သေမှာ စိုးရိမ်လို့ သင့်ရဲ့လမ်းကို ဖြတ်ပြီး သင့်ကို တားတယ်။ သင်က သူ့ကို ခြိမ်းခြောက်ပြီး ပြေးစေတယ်။ သတပတ္တငှက် ကတော့ သင့်ရဲ့ရန်သူပဲ။ အဲဒီငှက်က “သင့်ကို သတ်ပြီး အသပြာတွေကို ယူကြ” လို့ ငါတို့အား ပြောတယ်။ သင်က မိုက်မဲလို့ အကျိုးလိုလားတဲ့

http://www.dhammadownload.com



မိခင်ကို အကျိုးမလိုလားသူလို့ ထင်မှတ်တယ်။ အကျိုးမလိုလားတဲ့ သတ ပတ္တင့်ငှက်ကိုတော့ အကျိုးလိုလားသူလို့ ထင်မှတ်နေတယ်။ အဲဒီငှက်က သင့်အပေါ် ဘာကျေးဇူးမှ မပြုဘူး။ သင့်မိခင်ကတော့ သင့်ရဲ့ ကြီးမား လှတဲ့ ကျေးဇူးရှင် ဖြစ်တယ်။ အသပြာတွေကို ယူပြီး သွားတော့" လို့ ပြောကာ လွှတ်လိုက်တယ်။ (ဇာတက၊ ၄၊ ဒု၊ ၃၄၈)

ပညာမရှိသူ လူမိုက်ဟာ မိတ်ဆွေကို ရန်သူလို့ ထင်တယ်။ ရန်သူ ကိုတော့ မိတ်ဆွေလို့ ထင်တယ်။ အကျိုးလိုလို့ ပြောတဲ့ စကားကို တလွဲ ထင်မြင်ယူဆတယ်။ အကျိုးမဲ့ဖြစ်အောင် ပြောတဲ့ စကားကိုတော့ အကောင်း ထင်တယ်။ ပညာရှိသူကတော့ ရန်သူနဲ့ မိတ်ဆွေကို ခွဲခြား သိမြင်နိုင်စွမ်း ရှိတယ်။ အကျိုးရှိစေမယ့် စကားကို လက်ခံတယ်။ အကျိုး မဲ့စကားကို ပယ်ချားတယ်။ ပညာမျက်စိကန်းနေသူတွေရဲ့ ဘဝခရီး လမ်းမှာ ကြမ်းတမ်းလှပါပေတယ်။

## လင်္ကာ

၁။ ရန်သူကိုပင်, မိတ်ဆွေ ထင်, အထင် မှားနေသည်။

၂။ မိတ်ဆွေကိုပင်, ရန်သူ ထင်, အထင် မှားနေသည်။

၃။ အထင်မှားငြား, ထိုသူအား, စီးပွားပျက်လိမ့်မည်။

http://www.dhammadownload.com

# ကြောင် မိတ်ဆွေ မိတ်ဆွေ

ရှေးအခါက ဘုရားလောင်းဟာ ဗာရာဏသီမင်း ဖြစ်ပြီး တရားနဲ့ အညီ မင်းလုပ်တယ်။ အလှူပေးတယ်။ သီလစောင့်တယ်။ ဘုရား လောင်းဟာ ပုန်ကန်နေတဲ့ ပစ္စန္တရစ်အရပ်ကို ငြိမ်သက်အောင် လုပ်မယ် ဆိုပြီး စစ်တပ်ခြံရံကာ သွားတယ်။ ရှုံးလို့ မြင်းစီးပြီး ထွက်ပြေးလာတဲ့ အခါ အစွန်အဖျားက ရွာတစ်ရွာကို ရောက်သွားတယ်။ အဲဒီရွာမှာ မင်း ခစားတွေ အယောက် (၃၀) နေကြတယ်။ သူတို့ဟာ နံနက်စောစောပဲ ရွာအလယ်မှာ စုဝေးကာ ရွာကိစ္စကို လုပ်ကြတယ်။ အဲဒီခဏမှာ မင်း ဟာ ချပ်ဝတ်တန်ဆာဆင်ထားတဲ့ မြင်းကို စီးပြီး တန်ဆာဆင်ထား လျက်နဲ့ပဲ ရွာတံခါးကနေ ရွာတွင်းကို ဝင်တယ်။ အဲဒီလူတွေက "ဒါဟာ ဘာလဲ" လို့ ကြောက်ပြေးကာ ကိုယ့်အိမ်တွေထဲ ဝင်သွားကြတယ်။

အဲဒီထဲက လူတစ်ယောက်ကတော့ သူ့အိမ်ကို မသွားဘဲ မင်းကို ခရီးဦးကြိုပြီး "မင်းဟာ ပစ္စန္တရစ်ကို သွားတယ်လို့ ကြားတယ်။ သင်ဟာ မင်းရဲ့လူလား၊ သူခိုးတွေရဲ့ လူလား" လို့ မေးတယ်။ "မိတ်ဆွေ၊ မင်းရဲ့ လူပါ" လို့ ပြောတယ်။ ဒီလိုဆိုရင် လာပါလို့ ပြောပြီး မင်းကို အိမ်သို့ ခေါ်ကာ သူ့ရဲ့အင်းပျဉ်ပေါ်မှာ ထိုင်စေကာ "အို အိမ်ရှင်မ လာပါ။ သူငယ်ချင်းရဲ့ ခြေထောက်တွေကို ဆေးပေးပါ" လို့ မယားကို ပြောပြီး ဆေးခိုင်းတယ်။ တတ်နိုင်သမျှ စားစရာကို ပေးပြီး ခဏအပန်းဖြေပါဦး လို့ ပြောပြီး အိပ်ရာခင်းပေးတယ်။ မင်းက အိပ်တယ်။

http://www.dhammadownload.com



အိမ်ရှင်ယောက်ျားက မြင်းရဲ့ ချပ်ဝတ်ကို ဖြေပေးတယ်။ မြင်းကို လမ်းသွားစေတယ်။ ရေတိုက်တယ်။ ကျောကုန်းကို ဆီနဲ့ လိမ်းပေးတယ်။ မြက်ကျွေးတယ်။ အဲဒီလိုနည်းနဲ့ (၃) ရက်၊ (၄) ရက် မင်းကို ပြုစုလုပ်ကျွေးတယ်။ "မိတ်ဆွေ၊ ငါ သွားမယ်" လို့ မင်းက ပြောတဲ့အခါ နောက်တစ်ခါ မင်းအပေါ်မှာရော မြင်းအပေါ်မှာပါ လုပ်ပေးစရာ အားလုံးကို လုပ်ပေးလိုက်သေးတယ်။ မင်းက သဘောကျပြီး သွားတော့မယ် လုပ်တော့ "မိတ်ဆွေ ငါဟာ မြင်းစီးသမားကြီး မည်တယ်။ မြို့အလယ်မှာ ငါ့အိမ် ရှိတယ်။ ကိစ္စတစ်စုံတစ်ရာနဲ့ မြို့ကို လာရင် မြို့တောင်ဘက် တံခါးမှာ ရပ်ကာ တံခါးစောင့်ကို "မြင်းစီးသမားကြီးဟာ ဘယ်အိမ်မှာ နေပါသလဲ" လို့ မေးကာ တံခါးစောင့်ကို ခေါ်ပြီး ငါတို့အိမ်ကို လာခဲ့ပါ" လို့ ပြောကာ ထွက်ခွာသွားတယ်။

စစ်တပ်အပေါင်းကလည်း မင်းကို မမြင်လို့ မြို့ပြင်ဘက်မှာ ခံတပ်ဖွဲ့ကာ ရပ်တည်နေတဲ့အခါ မင်းကို မြင်လို့ ခရီးဦးကြိုပြီး ဝိုင်းရံတယ်။ မင်းက မြို့ကို ဝင်တဲ့အခါ တံခါးကြားမှာ ရပ်ပြီး တံခါးစောင့်ကို ခေါ်စေကာ လူတွေကို ဘေးဖယ်သွားစေတယ်။ "တံခါးစောင့်၊ နိုင်ငံရဲ့ အစွန်အဖျားရွာက လူတစ်ယောက်က ငါ့ကို တွေ့လိုလို့ လာပြီး 'မြင်းစီးသမားကြီးရဲ့ အိမ်ဟာ ဘယ်မှာလဲ' လို့ သင့်ကို မေးလိမ့်မယ်။ သင်ဟာ အဲဒီလူရဲ့လက်ကို ဆွဲခေါ်ကာ ငါ့ကို ပြပါ။ အဲဒီအခါ သင့်ကို ငါ အသပြာ (၁၀၀၀) ပေးမယ်" လို့ ပြောသွားတယ်။

အဲဒီရွာသားက မလာပါ။ မလာလို့ အဲဒီရွာမှာ အခွန်တိုးကောက်ခိုင်းတယ်။ အခွန်တိုးပေမယ့် မလာပါ။ အဲဒီလို (၂) ကြိမ်၊ (၃) ကြိမ်မြောက်လည်း အခွန်တိုးကောက်ခိုင်းပေမယ့် မလာပါ။ အဲဒီအခါ ရွာ

http://www.dhammadownload.com



သားတွေက စုဝေးပြီး သူ့ကို“မိတ်ဆွေ၊ သင့်ရဲ့သူငယ်ချင်း မြင်းစီးသမား ကြီး လာသွားတဲ့ အချိန်ကစပြီး ငါတို့မှာ အခွန်နှိပ်စက်ခံရလို့ ဦးခေါင်း မမော်နိုင်ကြပါ။ သွားပါ။ သင့်သူငယ်ချင်း မြင်းစီးသမားကြီးကို ပြောပြီး ငါတို့အတွက် အခွန် လွှတ်ပေးခိုင်းပါ” လို့ ပြောကြတယ်။

“ကောင်းပါပြီ။ သွားပါမယ်။ ဒါပေမဲ့ လက်ချည်းဗလာတော့ မသွား နိုင်ပါ။ ငါ့သူငယ်ချင်းမှာ ကလေးနှစ်ယောက် ရှိတယ်။ ကလေးတွေ အတွက်ရော သူတို့ဇနီးမောင်နှံ နှစ်ယောက်အတွက်ပါ အဝတ် အဆင် တန်ဆာ စသည်တွေကို ပြင်ဆင်ကြပါ” လို့ ပြောတယ်။ “ကောင်းပါပြီ။ ပြင်ဆင်ကြပါမယ်” လို့ ပြောပြီး သူတို့ဟာ လက်ဆောင်အားလုံးကို ပြင်ဆင်ကြတယ်။ အဲဒီလူဟာ အဲဒီလက်ဆောင်အားလုံးကိုရော သူ့ အိမ်မှာ ကြော်တဲ့ မုန့်ကိုပါ ယူကာ မြို့ရဲ့တောင်ဘက်တံခါးကို ရောက် လို့ တံခါးစောင့်ကို “မိတ်ဆွေ၊ မြင်းစီးသမားကြီးရဲ့ အိမ်က ဘယ်မှာပါ လဲ” လို့ မေးတယ်။ တံခါးစောင့်က “လာ သင့်ကို ပြမယ်” လို့ ပြောပြီး သူ့လက်ကို ကိုင်ကာ မင်းတံခါးကို သွားပြီး “တံခါးစောင့်က နိုင်ငံအစွန် အဖျားက ရွာသားတစ်ယောက်ကို ခေါ်လာပါတယ်” လို့ အကြောင်း ကြားလိုက်တယ်။

မင်းက အဲဒီအကြောင်းကို ကြားလို့နေရာမှ ထကာ “ငါ့ရဲ့ သူငယ်ချင်း ရော၊ သူနဲ့အတူလာသူတွေပါ ဝင်ကြပါစေ” လို့ ပြောကာ ခရီးဦး ကြိုဆို ပြီး မြင်မြင်ချင်းပဲ ရွာသားကို ပွေ့ဖက်ကာ “ငါ့ရဲ့သူငယ်ချင်းမရော၊ ကလေးတွေပါ နေကောင်းကြပါသလား” လို့ မေးတယ်။ လက်ဆွဲ ခေါ် သွားပြီး နန်းတော်ပေါ် တက်ကာ ထီးဖြူအောက်က မင်းနေရာမှာ ထိုင် ခိုင်းတယ်။ မိဖုရားကို ခေါ်ခိုင်းပြီး “မိဖုရားကြီး၊ ငါ့သူငယ်ချင်းရဲ့ ခြေတွေ ကို ဆေးကြောပေးပါ” လို့ ပြောတယ်။

http://www.dhammadownload.com



မိဖုရားက အဲဒီရှာသားရဲ့ ခြေတွေကို ဆေးကြောပေးတယ်။ မင်းက ရွှေကရားနဲ့ ရေလောင်းပေးတယ်။ မိဖုရားကလည်း ခြေတွေကို ဆေးပေးပြီး နံ့သာဆီနဲ့ လိမ်းပေးတယ်။ မင်းက "မိတ်ဆွေ၊ ဘာရှိပါသလဲ။ ငါတို့အတွက် စားစရာ တစ်စုံတစ်ရာ ပါပါသလား"လို့ မေးတယ်။ ရှာသားက ရှိပါတယ်လို့ ပြောပြီး အိတ်ထဲက မုန့်တွေကို ထုတ်ခိုင်းပါတယ်။ မင်းက ရွှေခွက်နဲ့ ယူကာ သူ့အား ချီးမြှောက်လိုလို့ "ငါ့သူငယ်ချင်း ယူလာတဲ့ မုန့်ကို စားကြ" လို့ ပြောပြီး မိဖုရားကြီးကိုရော၊ အမတ်တွေပါ အစားခိုင်းတယ်။ ကိုယ်တိုင်လည်း စားတယ်။

ရှာသားက အခြားလက်ဆောင်တွေကိုလည်း ပြတယ်။ မင်းက သူ့ကို ချီးမြှောက်လိုလို့ ကာသိတိုင်းအဖြစ် အဝတ်တွေကို ချွတ်ပြီး သူငယ်ချင်း ယူလာတဲ့ အဝတ်အစုံကို ဝတ်တယ်။ မိဖုရားကလည်း ကာသိတိုင်းဖြစ် အဝတ်နဲ့ အဆင်တန်ဆာတွေကို ချွတ်ပြီး သူငယ်ချင်း ယူလာတဲ့ အဝတ်ကို ဝတ်တယ်။ တန်ဆာတွေကို တန်ဆာဆင်တယ်။ အဲဒီအခါ ရှာသားကို မင်းက မင်းနဲ့ ထိုက်တဲ့ အစားအစာကို ကျွေးခိုင်းပြီး အမတ်တစ်ယောက်ကို "သွားပါ၊ ဒီသူငယ်ချင်းအား ငါ့ကို လုပ်ပေးတဲ့ နည်းအတိုင်းပဲ မုတ်ဆိတ်ရိတ်ပေးပါ။ နံ့သာရေနဲ့ ချိုးပေးပါ။ မင်း (ရှင်ဘုရင်) အဆင်တန်ဆာနဲ့ တန်ဆာဆင်ပြီး ခေါ်ခဲ့ပါ" လို့ ခိုင်းလိုက်တယ်။ အမတ်က ခိုင်းတဲ့အတိုင်း လုပ်တယ်။

မင်းက မြို့မှာ စည်တီးလှည့်လည်စေကာ အမတ်တွေကို စုဝေးခိုင်းပြီး ထီးဖြူရဲ့အလယ်မှာ ရွှန်းခိုကြိုးကို ကျစေပြီး နိုင်ငံတစ်ဝက်ကို ရှာသားသူငယ်ချင်းအား ပေးလိုက်ပါတယ်။ သူတို့ဟာ အဲဒီအချိန်က စပြီး အတူတူ စားကြ၊ သောက်ကြ၊ အိပ်ကြတယ်။ ရင်းနှီးမှုဟာ ခိုင်မြဲ

http://www.dhammadownload.com



တယ်။ ဘယ်သူမှ ခွဲလို့မရပါ။ အဲဒီအခါ မင်းက သူငယ်ချင်းအား သား သမီး ဇနီးတွေကိုပါ အခေါ်ခိုင်းပြီး မြို့တွင်းမှာ နေရာဖန်တီးပေးလိုက်တယ်။ သူတို့ဟာ ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ နိုင်ငံကို အုပ်ချုပ်ကြတယ်။

အဲဒီအခါ အမတ်တွေက စိတ်ဆိုးပြီး "မင်းသား၊ မင်းဟာ သူကြွယ်တစ်ယောက်အား နိုင်ငံတစ်ဝက်ကို ပေးပြီး အဲဒီလူနဲ့ အတူ စားတယ်၊ သောက်တယ်၊ အိပ်တယ်၊ ကလေးတွေကိုလည်း ရှိခိုးခိုင်းတယ်။ ဒီမင်း လုပ်နေတဲ့ အလုပ်ကို ငါတို့ နားမလည်ဘူး။ မင်းက ဘာကို လုပ်နေတာလဲ။ ငါတို့ ရှက်တယ်။ သင်က မင်းအား ပြောပါ" လို့ မင်းသားကို ပြောကြတယ်။ မင်းသားက ကောင်းပါပြီလို့ ဝန်ခံကာ မင်းအား အကြောင်းစုံကို ပြောပြီး "မင်းကြီး၊ ဒီလို မလုပ်ပါနဲ့" လို့ ပြောတယ်။ "ငါ့သား၊ ငါ စစ်ရှုံးတုန်းက ဘယ်မှာ နေတာကို သင်တို့ သိကြသလား။"

"မသိကြပါ။"

"ငါဟာ အဲဒီလူရဲ့ အိမ်မှာ နေရင်း ကျန်းမာစွာ ပြန်လာပြီး နိုင်ငံကို အုပ်ချုပ်ခဲ့တယ်။ အဲဒီလို ကျေးဇူးပြုတဲ့ မိတ်ဆွေအား ငါက ဘာကြောင့် စည်းစိမ်ကို မပေးရမှာလဲ" လို့ ပြောပြီး ဘုရားလောင်းမင်းက ဒီလိုဆက်ပြောပါတယ်။

"မပေးထိုက်သူ (ရှေးက ကျေးဇူးမပြုဖူးသူ) အား ပေးပြီး ပေးထိုက်သူ (ရှေးက ကျေးဇူးပြုဖူးသူ) အား မပေးသူဟာ ဘေးရန်တွေ ရောက်တဲ့အခါ ဆင်းရဲဒုက္ခ ရောက်ရတယ်။ မိတ်ဆွေကို မရ။"

"မပေးထိုက်သူအား မပေးဘဲ ပေးထိုက်သူအား ပေးသူဟာ ဘေးရန်တွေ ရောက်တဲ့အခါ ဆင်းရဲဒုက္ခ မရောက်ရ၊ မိတ်ဆွေကို ရတယ်"

http://www.dhammadownload.com



"ကျေးဇူးရှင် မိတ်ဆွေရဲ့ ကျေးဇူးကို သိမြင်မှုဟာ ကောက်ကျစ်သူ၊ လူညစ်ပတ်တွေမှာ ပျက်စီးနေပါတယ်။ ဖြူစင်မြင့်မြတ်သူ၊ ဖြောင့်မတ်သူတွေအပေါ် ပြုပေးတဲ့ ကျေးဇူးနည်းနည်းလေးဟာ အကျိုးကြီးကျယ်တယ်။"

"ရှေးဦးစွာ ကျေးဇူးပြုပေးသူဟာ လောကမှာ ပြုနိုင်ခဲတဲ့ အလုပ်ကို ပြုလုပ်သူပဲ။ အဲဒီလူက နောင်အခါ အခြားကျေးဇူးကို ပြုပြု၊ မပြုပြု အဲဒီလူဟာ တကယ်ကို ပူဇော်ထိုက်သူပဲ။"

အဲဒီစကားကို ကြားရတဲ့အခါ အမတ်တွေရော၊ မင်းသားပါ ဘာမှ ထပ်မပြောကြတော့ပါ။

ရှာသားသူငယ်ချင်းက အရှင်အာနန္ဒာအလောင်း ဖြစ်ပါတယ်။

**(ဇာတက၊ ၄၊ တ၊ ၈)**

လောကကြီးမှာ မိတ်ဆွေစစ်ဟာ တကယ်ပဲ ချစ်စရာ၊ မြတ်နိုးစရာ ကောင်းလှပါတယ်။ ထင်ထားတာထက် ပိုပြီး အကူအညီ ပေးတတ်ပါပေတယ်။

"ဩော် မိတ်ဆွေ မိတ်ဆွေ။"

## လင်္ကာ

၁။ မပေးထိုက်သူအား၊ မပေးငြား၊ သူကား ဒုက္ခ မရောက်ပြီ။
၂။ ပေးထိုက်သူအား၊ ပေးလေငြား၊ သူကား ဒုက္ခ မရောက်ပြီ။
၃။ ကိုယ့်မှာ ကျေးဇူး၊ စပြုဖူး၊ အထူး ပူဇော်ထိုက်ပါသည်။

http://www.dhammadownload.com

# မငိုကြသူများ

ဘုရားရှင်ဟာ သားသေတဲ့ သူကြွယ်ရဲ့ အိမ်ကို ကြွပါတယ်။ ဘုရားရှင်ကို ရှိခိုးပြီး ထိုင်နေတဲ့ အဲဒီသူကြွယ်ကို "အို သူကြွယ်၊ ဘာလို့ ဝမ်းနည်းနေသလဲ" လို့ မေးပါတယ်။ "မြတ်စွာဘုရား၊ တပည့်တော်သား သေတဲ့ အချိန်ကစပြီး ဝမ်းနည်းနေပါတယ်" လို့ လျှောက်တော့ "အို သူကြွယ်၊ ကွဲတတ်တဲ့သဘော ရှိတဲ့အရာဆိုတာ ကွဲတာပဲ။ ပျက်တတ်တဲ့ သဘော ရှိတဲ့ အရာဆိုတာ ပျက်တာပဲ။ အဲဒီ ကွဲပျက်တာဟာလည်း တစ်အိမ်တည်းမှာသာ မဟုတ်၊ တစ်ရွာတည်းမှာသာ မဟုတ်၊ တကယ်တော့ အတိုင်းအတာ မရှိတဲ့ စကြဝဠာတွေမှာ ဘဝသုံးပါးမှာ မသေသူ ဆိုတာ မရှိ၊ မပျက်ဘဲ မြဲတည်နိုင်တဲ့ သင်္ခါရတရား တစ်ခုလေးတောင် မရှိ၊ သတ္တဝါမှန်သမျှ သေကြရတယ်။ သင်္ခါရမှန်သမျှ ပျက်ကြရတယ်။ ရှေးပညာရှိတွေဟာလည်း သားသေတဲ့အခါ "သေတတ်တာ သေတယ်၊ ပျက်တတ်တာ ပျက်တယ်" လို့ တွေးကာ ဝမ်းမနည်းခဲ့ကြဘူး" လို့ မိန့်တော်မူပါတယ်။

ပြီးတော့ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူပါတယ်။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုတဲ့အခါ ဘုရားလောင်းဟာ ဗာရာဏသီမြို့တံခါးအနီးရှိ ရွာလေးတစ်ရွာက ပုဏ္ဏားအိမ်မှာ ဖြစ်

http://www.dhammadownload.com



ကာ ဥစ္စာနှစ်ကို ဖြစ်စေပြီး လယ်ယာအလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုလုပ်ပါတယ်။ သူ့မှာ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိပါတယ်။ အရွယ်ရောက်လာတဲ့ သားကို အမျိုးတူထဲက ကလေးမတစ်ယောက်နဲ့ ပေးစားလိုက်ပါတယ်။ ဘုရားလောင်းရယ်၊ သူ့ဇနီးရယ်၊ သားရယ်၊ သမီး ရယ်၊ ချွေးမရယ်၊ ကျွန်မရယ်လို့ (၆) ယောက်ဟာ ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ချစ်ချစ်ခင်ခင်နဲ့ နေကြပါတယ်။

ဘုရားလောင်းဟာ ကျန်တဲ့လူ (၅) ယောက်ကို ဒီလို ဩဝါဒ ပေးပါတယ်။

"သင်တို့ဟာ သင်တို့ ရရှိတဲ့ ပစ္စည်းအခြေအနေနဲ့ပဲ ဒါနပြုကြပါ၊ သီလစောင့်ကြပါ၊ ဥပုသ်ဆောက်တည်ကြပါ၊ မရဏဿတိ (သေခြင်းအောက်မေ့မှု) ကို ပွားများကြပါ။ သင်တို့ သေရမှာကို အမှတ်ရကြပါ။ ဟုတ်တယ်။ ဒီသတ္တဝါတွေရဲ့ သေရတာဟာ မြဲတယ်၊ အသက်ရှင်ရတာဟာ မမြဲဘူး။ သင်္ခါရအားလုံးဟာ မမြဲဘူး။ ကုန်တတ် ပျက်တတ်ကြတယ်။ နေ့မှာရော ညမှာပါ မမေ့မလျော့ နေကြပါ။"

ကျန်တဲ့ လူ (၅) ယောက်က "ကောင်းပါတယ်" လို့ ဩဝါဒကို ခံယူကာ မမေ့မလျော့ မရဏဿတိကို ပွားများကြပါတယ်။

တစ်နေ့မှာ ဘုရားလောင်းဟာ သားနဲ့အတူ လယ်ကို သွားကာ ထွန်ပါတယ်။ သားက အမှိုက်ကို စုပုံပြီး မီးရှို့ပါတယ်။ အဲဒီရဲ့ အနီးအနားက တောင်ပို့တစ်ခုထဲမှာ အဆိပ်ပြင်းတဲ့မြွေ ရှိပါတယ်။ မီးခိုးက အဲဒီမြွေရဲ့မျက်စိတွေကို ထိခိုက်ပါတယ်။ အဲဒီမြွေက စိတ်ဆိုးပြီး ထွက်ကာ "သူ့ကို မှီပြီး ငါ့မှာ ဘေး ဖြစ်ရတယ်" လို့ တွေးပြီး အစွယ် (၄) ချောင်း နစ်မြုပ်ကာ သူ့ကို ကိုက်လိုက်ပါတယ်။ သားဟာ လဲပြီး ကျသွား

http://www.dhammadownload.com



ပါတယ်။ ဘုရားလောင်းက သူ့သား လဲကျသွားတာကို မြင်လို့ နွားတွေကို ထားခဲ့ကာ သွားပြီး သူ့သား သေသွားတာကို သိတဲ့အတွက် သူ့သားအလောင်းကို မြောက်ချီကာ သစ်ပင်တစ်ပင်အောက်မှာ လဲလျောင်းထားပါတယ်၊ အဝတ်ခြုံပေးထားပါတယ်၊ မငိုပါဘူး။ "ကွဲပျက်တတ်တာ ကွဲပျက်တယ်၊ သေတတ်တာ သေတယ်။ သင်္ခါရအားလုံး အမြဲမရှိ၊ သေခြင်းအဆုံး ရှိပါတယ်" လို့ မမြဲတဲ့ အဖြစ်ကိုသာ ရှုမှတ်ကာ လယ်ထွန်နေပါတယ်။

ဘုရားလောင်းဟာ လယ်အနီးက ဖြတ်သွားတဲ့ အိမ်နီးနားချင်း ယောကျ်ားတစ်ယောက်ကို မြင်လို့ "မိတ်ဆွေ အိမ်ကို သွားမလို့လား" လို့ မေးတဲ့အခါ "သွားပါမယ်" လို့ ပြောလို့ "ဒီလိုဆိုရင် ကျွန်တော်တို့ အိမ်ကို သွားပြီး ပုဏ္ဏေးမကို ပြောပေးစမ်းပါ။"

"ဒီနေ့ အရင်နေ့တွေကလို ထမင်းကို နှစ်ယောက်စာ မယူခဲ့ဘဲ တစ်ယောက်စာအတွက်ပဲ ယူခဲ့ကြပါ။ အရင်နေ့တွေက ကျွန်မ တစ်ယောက်တည်းပဲ ထမင်းကို ယူခဲ့ပါတယ်။ ဒီနေ့တော့ အခြား (၄) ယောက်ပါ ဖြူစင်တဲ့ အဝတ်ကို ဝတ်ပြီး ပန်းနံ့သာတွေကို ယူကာ လာခဲ့ကြပါ" လို့။

အဲဒီလူက "ကောင်းပါပြီ" လို့ ပြောပြီး သွားကာ ပုဏ္ဏေးမအား မှာတဲ့အတိုင်းပဲ ပြောပါတယ်။ ပုဏ္ဏေးမက "ဒီသတင်းစကားကို သင့်အား ဘယ်သူက ပေးလိုက်တာလဲ" လို့ မေးလို့ အဲဒီလူက "ပုဏ္ဏားက ပေးလိုက်တယ်" လို့ ပြောပါတယ်။ ပုဏ္ဏေးမက "ငါ့သား သေပြီ" လို့ သိပါတယ်။ နည်းနည်းလေးမှ စိတ်မတုန်လှုပ်ပါ။ မရဏာဿတိ ပွားထားတဲ့ ပုဏ္ဏေးမဟာ ဖြူစင်တဲ့ အဝတ်ကို ဝတ်ပြီး ပန်း နံ့သာတွေကို ယူကာ

http://www.dhammadownload.com



ကျွန်မကို အာဟာရကို ဆောင်ယူစေပြီး အခြားသူတွေနဲ့အတူ လယ်ကို သွားပါတယ်။ တစ်ယောက်မှာမျှ ငိုကြွေး မြည်တမ်းတာ မရှိပါ။

ဘုရားလောင်းက သားအလောင်း လဲလျောင်းနေတဲ့ သစ်ပင် အရိပ်မှာပဲ ထိုင်ကာ ထမင်းစားပါတယ်။ စားပြီးတဲ့အခါ အိမ်သား အား လုံး ထင်းတွေကို စုကာ ထင်းပုံပေါ်မှာ အလောင်းကို တင်ပြီး ပန်း နံ့သာ တွေနဲ့ ပူဇော်ကာ မီးရှို့ကြပါတယ်။ ဘယ်သူမှာမျှ မျက်ရည်တစ်စက် လေးတောင် မကျပါ။ သူတို့အားလုံးဟာ မရဏဿတိကို ကောင်း ကောင်း ပွားများထားကြပါတယ်။

သူတို့ရဲ့ သီလတန်ခိုးကြောင့် သိကြားမင်းရဲ့နေရာဟာ ပူတဲ့ အခြင်း အရာကို ပြလာပါတယ်။ သိကြားမင်းက "ဘယ်သူက ငါ့ကို ရာထူးက ရွှေ့လျောစေလိုသလဲ" လို့ စူးစမ်းတဲ့အခါ သူတို့ရဲ့ ဂုဏ်တန်ခိုးကြောင့် ပူတာကို သိရလို့ ကြည်လင်ရွှင်ပျကာ "ငါဟာ သူတို့ထံ သွားပြီး ရဲရဲ တောက်စကားကို ပြောကြားစေကာ ရဲရဲတောက်စကားရဲ့ အဆုံးမှာ သူတို့ရဲ့အိမ်ကို ရတနာ (၇) ပါးနဲ့ ပြည့်အောင် လုပ်ပေးပြီးမှ ပြန်လာ သင့်တယ်" လို့ တွေးပြီး မြန်မြန် အဲဒီနေရာကို သွားကာ သုသာန်နံဘေး မှာ ရပ်တည်လျက် "ဖခင် ဘာ လုပ်နေပါသလဲ" လို့ မေးပါတယ်။

"လူတစ်ယောက်ကို မီးရှို့နေကြပါတယ်။"

"လူတစ်ယောက်ကို မီးရှို့နေကြတာ ဟုတ်ပုံမရပါ။ သားကောင် တစ်ကောင်ကို သတ်ပြီး ဖုတ်ကင်နေကြတယ် ထင်ပါတယ်။"

"သားကောင် မရှိပါ။ လူကိုပဲ မီးရှို့နေကြပါတယ်။"

"ဒီလိုဆိုရင် ဒီလူဟာ သင်တို့ရဲ့ရန်သူ ဖြစ်ပါလိမ့်မယ်။"

အဲဒီအခါ ဘုရားလောင်းက သူ့ကို ဒီလို ပြောပါတယ်။

"ဒါဟာ ကျွန်တော့်ရဲ့သားပါ၊ ရန်သူ မဟုတ်ပါဘူး။"

http://www.dhammadownload.com



"ဒီလိုဆိုရင် ဒီသားဟာ သင်တို့ မချစ်တဲ့သားလား။"

"အလွန်ချစ်ရတဲ့သား ဖြစ်ပါတယ်။"

"ဒီလိုဆိုရင် ဘာကြောင့် မငိုသလဲ။"

"မြွေဟာ အရေဟောင်းကို စွန့်ပြီး သွားသလို သားဟာလည်း ဘဝဟောင်းကို စွန့်ပြီး သွားပါပြီ။ မီးရှို့ခံနေရတဲ့ သားအလောင်းကောင်ဟာ သူ့ရဲ့ ချမ်းသာဆင်းရဲကို မသိသလို ဆွေမျိုးတွေ ငိုကြွေးတာကိုလည်း မသိပါ။ ဒါကြောင့် ဝမ်းမနည်းပါ၊ သားက သူ့ကံအတိုင်း သွားပါပြီ။"

သိကြားမင်းက ဘုရားလောင်းရဲ့စကားကို နားထောင်ပြီး ပုဏ္ဏားမကို မေးပါတယ်။

"မိခင်၊ သေသွားသူဟာ သင်နဲ့ ဘာတော်ပါသလဲ"

"ဆယ်လလုံးလုံး ဝမ်းနဲ့ လွယ်ပြီး နို့ချိုတိုက်ကျွေးကာ လက်ခြေတွေကို ကောင်းကောင်း တည်စေပြီး ကြီးပွားအောင် လုပ်ပေးခဲ့ရတဲ့ သားပါ။"

"မိခင်၊ ဖခင်က ယောကျ်ားသားမို့ မငိုတာ ထားပါတော့။ မိခင်ရဲ့ နှလုံးသားကတော့ နူးညံ့ပါတယ်။ မိခင်က ဘာကြောင့် မငိုပါသလဲ။"

"သားက မခေါ်ဘဲနဲ့ လာတယ်။ မနှင်ဘဲနဲ့ ပြန်သွားပါတယ်။ သူ့သဘောနဲ့ လာပြီး သူ့သဘောနဲ့ ပြန်သွားတဲ့ကိစ္စမှာ ဘာဝမ်းနည်း ငိုကြွေးစရာ ရှိမှာလဲ။"

သိကြားမင်းက ပုဏ္ဏားမရဲ့စကားကို နားထောင်ပြီး သေသွားသူရဲ့ နှမကို မေးပါတယ်။

"သေသွားသူက ညီမလေးနဲ့ ဘာတော်သလဲ။"

"ကျွန်မရဲ့ အစ်ကိုပါ။"

http://www.dhammadownload.com



"နှမတွေဆိုတာ အစ်ကိုတွေအပေါ် ချစ်ကြတာပဲ။ သင်က ဘာကြောင့် မငိုပါသလဲ။"

"ကျွန်မ ငိုရင် ကျွန်မ ပိန်သွားမယ်။ အစ်ကို့မှာရော ကျွန်မမှာပါ အကျိုးမရှိပါ။ ဆွေမျိုး မိတ်ဆွေတွေမှာ စိတ်မကောင်းစရာ ဖြစ်ပါလိမ့်မယ်။"

သိကြားမင်းက နှမရဲ့စကားကို နားထောင်ပြီး သေသွားသူရဲ့ ဇနီးကို မေးပါတယ်။

"ခင်ဗျားနဲ့ကော သေသွားသူက ဘာတော်ပါသလဲ။"

"ကျွန်မရဲ့ ခင်ပွန်းပါ။"

"ဇနီးတွေဆိုတာ လင် သေသွားရင် မုဆိုးမ ဖြစ်ကာ ခိုကိုးရာမဲ့ ဖြစ်ကြပါတယ်။ ခင်ဗျားက ဘာကြောင့် မငိုပါသလဲ။"

"သင့် မသင့်၊ ရနိုင် မရနိုင်ကို မသိတဲ့ ကလေးမိုက်ဟာ အမိရင်ခွင်မှာ ထိုင်နေရင်း လပြည့်အခါ ကောင်းကင်မှာ သာနေတဲ့ လပြည့်ဝန်းကို မြင်လို့ "အမေ ဖိုးရွှေလမင်းကို ကျွန်တော့်အား ပေးပါ၊ ဖိုးရွှေလမင်းကို ကျွန်တော့်အား ပေးပါ" လို့ ပြောကာ အခါခါ ငိုကြွေးသလို သေသွားသူကို တမ်းတပြီး ငိုကြွေးနေရင် ကျွန်မဟာ အဲဒီကလေးထက် ပိုပြီး မိုက်ရာကျပါလိမ့်မယ်။"

သိကြားမင်းက ဇနီးသည်ရဲ့စကားကို နားထောင်ပြီး ကျွန်မကို မေးပါတယ်။

"ကလေးမ၊ သင်ကကော သေသွားသူနဲ့ ဘာတော်ပါသလဲ။"

"ကျွန်မရဲ့ အရှင်သခင်ပါ။"

"သင့်ကို သူက နှိပ်စက် ရိုက်ပုတ်လို့ အဲဒီဝဋ်က လွတ်ပြီဆိုပြီး ဝမ်းသာလို့ မငိုတာလား။"

http://www.dhammadownload.com



"အို ဒီလို မပြောပါနဲ့၊ အဲဒီလို အပြုအမူတွေဟာ ကျွန်မရဲ့ အရှင်နဲ့ မသင့်လျော်ပါဘူး။ ခန္တီ၊ မေတ္တာ၊ ကရုဏာနဲ့ ပြည့်စုံတဲ့ အရှင် ဖြစ်ပါတယ်။ ရင်ဝယ်သားပမာ သနားကြင်နာပါတယ်။"

"ဒီလိုဆိုရင် ဘာကြောင့် မငိုပါသလဲ။"

"ကွဲသွားတဲ့ အိုးကို တစ်ဖန်ဆက်စပ်လို့ မရနိုင်ပါ။ အဲဒီလိုပါပဲ သေသွားတဲ့သူကို တမ်းတပြီး ငိုနေလို့ သေသွားသူက ပြန်ရှင်လာမှာမှ မဟုတ်တာ။"

အောက်ပါစကားကို ဖခင်ကြီး ပြောသလို အခြားသူ (၄) ယောက်လည်း ပြောပါတယ်။

"မီးရှို့ခံနေရတဲ့ သားအလောင်းကောင်ဟာ သူ့ရဲ့ ချမ်းသာဆင်းရဲကို မသိသလို ဆွေမျိုးတွေ ငိုကြွေးတာကိုလည်း မသိပါ။ ဒါကြောင့် ဝမ်းမနည်း၊ မငိုကြွေးပါ။ သေသွားသူက သူ့ကံအတိုင်း သွားပါပြီ။"

သိကြားမင်းက သူတို့အားလုံးရဲ့ တရားစကားကို ကြားရတော့ ကြည်ညိုပြီး "သင်တို့ဟာ မမေ့မလျော့ မရဏာဿတိကို ပွားများကြပါ။ ဒီနေ့ကစပြီး လက်နဲ့ အလုပ် မလုပ်ကြပါနဲ့တော့။ ကျွန်တော်ဟာ သိကြားမင်းပါ။ သင်တို့ရဲ့ အိမ်မှာ ရတနာ (၇) ပါးကို အတိုင်းအတာ မရှိအောင် ထည့်ပေးခဲ့ပါမယ်။ ဒါန ပြုကြပါ၊ သီလ စောင့်ကြပါ၊ ဥပုသ် စောင့်ကြပါ၊ မမေ့မလျော့ကြပါနဲ့" လို့ ဩဝါဒပေးပြီး အိမ်ကို ရတနာ (၇) ပါးတွေနဲ့ ပြည့်အောင် လုပ်ကာ နတ်ပြည် ပြန်သွားပါတော့တယ်။

သစ္စာလေးပါးကို ဘုရားရှင် ဟောကြားပြီး ဇာတ်ပေါင်းပါတယ်။ သားသောကရောက်တဲ့ သူကြွယ်ဟာ သောတာပန် ဖြစ်သွားပါတယ်။

http://www.dhammadownload.com



ကျွန်မက ခုဇ္ဇုတ္တရာ၊ သမီးက ဥပ္ပလဝဏ်၊ သားက ရာဟုလာ၊ အမေက ခေမာ၊ ဖခင်ပုဏ္ဏားက ငါဘုရား ဖြစ်ခဲ့တယ်။"

(ဇာတက၊ ၄၊ ပဉ္စက၊ ဥရဂဇာတက၊ ၁၅၀။)

"အို၊ နာ၊ သေ၊ ကွဲ, ကံနှင့်တွဲ, အမြဲ ဆင်ခြင်လေ" တဲ့။ အမျိုးသား၊ အမျိုးသမီး၊ ရဟန်း၊ ရှင်၊ လူ မည်သူမဆို မပြတ်မပြတ် ဆင်ခြင်ရမယ့် တရား (၅) ပါးကို ဘုရားရှင် ဟောတော်မူပါတယ်။ မရဏာဿတိဆိုတာ သေရမှာကို ဆင်ခြင် အမှတ်ရနေမှုပါပဲ။ အစမ်းသေ သေကြည့်နေမှု လို့ ဆိုရမှာပါပဲ။ ဘုရားလောင်း ပုဏ္ဏားမိသားစုဝင်တွေဟာ မသေခင် ကဘဲ အစမ်းသေ သေကြည့်နေကြပါတယ်။ တစ်ဦးနဲ့တစ်ဦး မခွဲခွာဘဲ နေကြစဉ်ကပဲ ခွဲခွာခွဲခွာ ကြည့်နေကြပါတယ်။ အစမ်းသေ သေမကြည့် ထားသူတွေမှာ သေခြင်းတရားဟာ အဆန်းပမာ ဖြစ်နေပါတယ်။ စိမ်း သလိုလည်း ဖြစ်နေပါတယ်။ အစမ်းသေ သေကြည့်ထားကြသူ (သေရ မှာကို ကြိုတင်တွေးထားသူ) တွေမှာတော့ သေတာဟာ အထူးအဆန်း ဖြစ်မနေတော့ပါ။ အမြဲတွေးနေတော့ ရင်းနှီးနေပါတော့တယ်။ ကြောက် စရာ၊ လန့်စရာ အနေနဲ့ မမြင်တော့ပါ။ သေရမှာကို လေးလေးနက်နက် သိထားတော့ မသေခင် ကုသိုလ်ကောင်းမှုတွေကို စုဆောင်းကြရမယ် လို့ သတိပြုမိကာ ကြိုးစားပြီး စုဆောင်းကြပါတော့တယ်။ ဒါကြောင့်ပဲ ဘုရားလောင်း ပုဏ္ဏားဟာ ကျန်တဲ့ မိသားစုဝင်တွေကို ဒါနပြုဖို့၊ သီလ စောင့်ဖို့၊ ဥပုသ်ဆောက်တည်ဖို့ ဆုံးမဩဝါဒပေးတာ ဖြစ်ပါတယ်။

အသက်ကြီးမှ သေရမယ်လို့ ထင်ရပေမယ့် အဲဒီအထင်ဟာ မမှန် ပါ။ ငယ်ရွယ်စဉ်မှာလည်း များစွာပဲ သေနေကြပါတယ်။ အရွယ်မရွေး သေနေကြပါတယ်။ ငယ်ရွယ်သူတွေဟာလည်း အချိန်မရွေး သေသွား

http://www.dhammadownload.com



နိုင်တယ်လို့ သဘောပေါက်ကာ သေခြင်းတရားကို မဆင်ခြင်ချင်ရင်လည်း ဆင်ခြင်ကြရပါမယ်။ ဆင်ခြင်ချင်ရင်လည်း ဆင်ခြင်ကြရပါမယ်။ မဆင်ခြင်လည်း သေနိုင်တာပါပဲ။ ဆင်ခြင်လည်း သေနိုင်တာပါပဲ။ ငယ်ရွယ်စဉ်က ဆင်ခြင်မိတော့ ငယ်ရွယ်စဉ်ကပင် ကုသိုလ်တွေကို စုဆောင်းမိပါမယ်။ ကုသိုလ်စုဆောင်းချိန် ပိုရတော့ ကုသိုလ်ပိုစုဆောင်းသွားမိပါမယ်။ သံသရာခရီးမှာ ကုသိုလ်ရိက္ခာထုပ်ကြီးကြီးကို ထုပ်သွားနိုင်ပါမယ်။ ဘဝသံသရာခရီးမှာ ကုသိုလ်ရိက္ခာ များလေ ချမ်းသာရလေပါပဲ။ စာရှုသူရဲ့ မိသားစုဟာ ဘုရားလောင်းပုဏ္ဏား မိသားစုလို မရဏာသတိ ပွားများနိုင်ရင် ဘယ်လောက် ကောင်းလိုက်လေမလဲ။

## လင်္ကာ

၁။ သေရမယ့်အရေး, ကြိုတင်တွေး, သေရေး မဆန်းပါ။
၂။ သေရမယ့်အရေး, ကြိုမတွေး, သေရေး ဆန်းနေမှာ။
၃။ ကြိုမတွေးရင်, သေခါတွင်, အသင် ကြောက်နေမှာ။
၄။ ကြိုတွေးထားက, သေကာလ, သင်က မကြောက်ပါ။
၅။ မသေခင်မှာ, အခါခါ, သေရွာ သွားကြည့်ရာ။
၆။ သေရွာခရီးသွား, သင်လူသား, သွားသွားကြည့်ရမှာ။
၇။ သေရမယ့်အရေး, နေ့တိုင်း တွေး, ဝိုကြွေး ကင်းရပါ။
၈။ ရှင်တာ မမြဲ, သေတာ မြဲ, အမြဲ ရှုရမှာ။
၉။ ဒီမိသားစု, သေမည်ဟု, အရှုမြဲကြပါ။
၁၀။ ထို့ကြောင့် ထိုခါ, သူတို့မှာ, သောကာ ကင်းဝေးပါ။
၁၁။ သောက ကင်းလို, သေခြင်းကို, တင်ကြို တွေးကြရာ။

http://www.dhammadownload.com

# ဘဝပေါင်း တစ်သောင်းလေးထောင်

"လောကမှာ သုသာန် မဖြစ်ဖူးတဲ့ နေရာ မရှိပါ။ သစ္စာလေးပါးကို သိတဲ့ ဉာဏ်၊ လောကုတ္တရာတရား၊ မညှဉ်းဆဲမှု၊ သီလစောင့်မှု၊ ကြွေ တို့ကို ဆုံးမမှုတွေဟာ မသေအောင် (မသေရာ ရောက်အောင်) လုပ်ပေး တတ်တဲ့ တရားတွေပါပဲ။ အဲဒီဂုဏ်ငါးပါးရှိသူကို ဘုရားစတဲ့ သူတော် ကောင်းတွေ ချီးကပ်ကြပါတယ်။"

ဒီစကားကို ဘုရားရှင်က သုသာန်သန့်သန့်ကြိုက်တဲ့ ဥပသာဋက အမည်ရှိ ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြုပြီး ဟောတော်မူခဲ့ပါ တယ်။ သူဟာ ကြွယ်ဝချမ်းသာပါတယ်။ မိစ္ဆာအယူရှိသူဖြစ်လို့ ဘုရား ရှင်ကို ထောက်ပံ့မှု မပြုပါ။ သူ့သားကတော့ ပညာဉာဏ် ရှိပါတယ်။ သူက အသက်ကြီးလာတဲ့အခါ သူ့သားကို "ချစ်သား၊ ငါ့ကို အခြား လူသေ မီးသင်္ဂြိုဟ်ဖူးတဲ့ သုသာန်မှာ မီးမသင်္ဂြိုဟ်ပါနဲ့။ လူသေ မစွန့်ဖူး တဲ့ သုသာန်တစ်ခုမှာသာ ငါ့ကို မီးသင်္ဂြိုဟ်ပါ" လို့ ပြောပါတယ်။ "ဖခင်၊ ကျွန်တော်ဟာ ဖခင်ကို မီးသင်္ဂြိုဟ်ထိုက်တဲ့ နေရာကို မသိပါ။ ကျွန်တော့် ကို ခေါ်သွားပြီး ဒီနေရာမှာ ငါ့ကို မီးသင်္ဂြိုဟ်လို့ ဖခင်ကိုယ်တိုင်ပဲ ပြောပြ ရင် ကောင်းပါမယ်" လို့ သားက ပြောပါတယ်။ "ချစ်သား၊ ကောင်းပြီ" လို့ ဖခင်က ပြောကာ သားကို ခေါ်ပြီး မြို့မှ ထွက်ကာ ဂိဇ္ဈကုဋ်တောင်

http://www.dhammadownload.com



ထိပ် တက်ပြီး "ချစ်သား၊ ဒီနေရာဟာ အခြားလူသေကောင် မီးမသင်္ဂြိုဟ်ဖူးတဲ့နေရာ ဖြစ်တယ်။ ဒီနေရာမှာ ငါ့ကို မီးသင်္ဂြိုဟ်ပါ" လို့ ပြောပါတယ်။ ပြီးတော့ သားနဲ့အတူ တောင်ပေါ်က ဆင်းလာကြပါတယ်။

ဘုရားရှင်က အဲဒီနေ့ နံနက် မိုးသောက်အခါ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ကြည့်တော်မူတဲ့အခါ အဲဒီ သားအဖနှစ်ယောက် သောတာပန်ဖြစ်ဖို့ အကြောင်းကံ ပါလာတာကို မြင်တော်မူပါတယ်။ ဒါကြောင့် လမ်းကို ယူပြီး တည်နေတဲ့ မုဆိုးပမာ တောင်ခြေကို သွားပြီး တောင်ထိပ်က ဆင်းလာတဲ့ သားအဖကို စောင့်ရင်း ထိုင်နေပါတယ်။ ဆင်းလာတဲ့ သားအဖက ဘုရားရှင်ကို မြင်ပါတယ်။ ဘုရားရှင်က နှုတ်ဆက်စကား ပြောကြားလိုလို့ "ပုဏ္ဏား၊ သင်တို့ ဘယ်သွားကြမလို့လဲ" လို့ မေးတော်မူပါတယ်။ သားက အဲဒီအကြောင်းကို ပြောပြပါတယ်။ ဘုရားရှင်က "ဒီလိုဆိုရင် လာ၊ သင့်ဖခင် ပြောတဲ့နေရာကို သွားကြစို့" လို့ မိန့်ကာ သားအဖနှစ်ယောက်ကို ခေါ်ပြီး တောင်ထိပ်ကို တက်သွားပါတယ်။ "ဘယ်နေရာလဲ" လို့ မေးပါတယ်။ သားက တောင်သုံးလုံးရဲ့ အကြား အရပ်ကို ပြောပြပါတယ်။

"လုလင်၊ သင်ရဲ့ဖခင်ဟာ ယခုမှသာ သုသာန်သန့်သန့်ကို ကြိုက်တာ မဟုတ်ဘူး။ ရှေးကလည်း ကြိုက်ခဲ့တယ်။ အဲဒီနေရာမှာ သင်္ဂြိုဟ်ဖို့ သင့်ကို အခုမှသာ သင့်ဖခင်က ပြောတာမဟုတ်ဘူး။ ရှေးကလည်း ပြောခဲ့တယ်"လို့ ဘုရားရှင်က မိန့်ကာ အဖြစ်အပျက်ချင်း ဆင်တူတဲ့ အတိတ်ဇာတ်ကြောင်းကို ပြောပြပါတယ်။

အတိတ်ဇာတ်လမ်းမှာ လုလင်အား ဘုရားအလောင်းတော်ရသေ့က "လုလင်၊ ဒီနေရာမှာပဲ မီးသင်္ဂြိုဟ်ခဲ့ရတဲ့ လူတွေရဲ့ အတိုင်းအတာ

http://www.dhammadownload.com



ပမာဏ မရှိ သင်ရဲ့ဖခင်ကိုပဲ ဒီရာဇဂြိုဟ်မြို့မှာပဲ ဒီပုဏ္ဏားမျိုးမှာပဲ ဖြစ်ပြီး ဥပသာဠကဆိုတဲ့ နာမည်နဲ့ပဲ ဒီတောင်ကြားမှာပဲ ဘဝပေါင်း တစ်သောင်း လေးထောင် မီးသင်္ဂြိုဟ်ခဲ့ရတယ်။ မှန်တယ်၊ ဒီမြေကြီးပေါ်မှာ မီး မသင်္ဂြိုဟ်ဖူးတဲ့နေရာ၊ သုသာန် မဖြစ်ဖူးတဲ့နေရာ၊ ဦးခေါင်းတွေ မမြှုပ်နှံ ဖူးတဲ့ နေရာကို ရဖို့ရာ မတတ်နိုင်ဘူး” လို့ မိန့်တော်မူပါတယ်။

**(ဇာတက၊ ၄၊ ဒုက၊ ၂-သန္ထဝဝဂ်၊ ၆-ဥပသာဠကဇာတ်။)**

ဘုရားအလောင်းတော်ရသေ့ဟာ မဂဓတိုင်း ပုဏ္ဏားမျိုးမှာ ဖြစ်ပါ တယ်။ အတတ်ပညာ ပြည့်စုံပြီး ရသေ့ဝတ်ပါတယ်။ အဘိညာဉ်တွေနဲ့ သမာပတ်တွေကို ရပါတယ်။ စျာန်နဲ့ ပျော်ပါတယ်။ ဟိမဝန္တာအရပ်မှာ ကြာမြင့်စွာ နေပါတယ်။ ဆားနဲ့ အချဉ်ကို မှီဝဲဖို့ရာ ဂိဇ္ဈကုဋ်က သစ်ရွက် မိုးကျောင်းမှာ နေပါတယ်။ အဲဒီအခါမှ ဖခင်ဥပသာဠကပုဏ္ဏားက ပစ္စုပ္ပန် ဝတ္ထုမှာ ပါတဲ့ နည်းအတိုင်းပဲ သားကို ပြောပါတယ်။ သားက “သင်ဟာ ငါ့အား အဲဒီလိုနေရာကို ပြောပါ” လို့ ပြောပါတယ်။ ဒီနေရာပဲလို့ ပြော တဲ့အခါ သားနဲ့အတူ သက်ဆင်းလာတဲ့အခါ ဘုရားလောင်းရသေ့ကို မြင်ပြီး ရသေ့ထံ ချဉ်းကပ်ပါတယ်။ ဘုရားလောင်းရသေ့က အဲဒီနည်းနဲ့ ပဲ မေးပါတယ်။ လုလင်ရဲ့ စကားကို ဒီလိုပြောပါတယ်။

“လာလော့၊ သင့်ရဲ့ဖခင် ပြောပြထားတဲ့ နေရာမှာ လူသေမြှုပ်နှံ၊ မနှံကို ငါတို့ သိကြမယ်။”

အဲဒီလို ပြောကာ အဲဒီသားအဖနဲ့အတူ တောင်ထိပ်ပေါ် တက်သွား ပါတယ်။ ပြီးတော့ လုလင်က “ဒီနေရာဟာ တောင် (၃) လုံးရဲ့ အကြား မှာ လူသေ မမြှုပ်နှံရတဲ့ နေရာပါ” လို့ ပြောလို့ ဘုရားလောင်းရသေ့က အထက်ပါစကားလေးတွေကို မိန့်ကြားတော်မူပါတယ်။

http://www.dhammadownload.com



သုသာန်မဖြစ်တဲ့ နေရာ၊ မသေဖူးတဲ့ နေရာ မရှိဘူးတဲ့။ သတ္တဝါ တစ်ယောက် တစ်ယောက်ရဲ့ သံသရာဟာ ရှည်လျားလွန်းလှပါတယ်။ နေရာတိုင်းမှာ အကြိမ်ပေါင်းများစွာ ကိုယ် သေခဲ့ဖူးသတဲ့။ ကိုယ့်ရဲ့ သုသာန်မဖြစ်ဖူးတဲ့နေရာ မရှိဘူးဆိုတော့ နေရာတိုင်းဟာ ကိုယ့်ရဲ့ သုသာန် အကြိမ်ပေါင်းများစွာ ဖြစ်ခဲ့ဖူးပါတယ်။ သေခြင်းကင်းရာ နိဗ္ဗာန် ကို မရသေးသမျှ မဆုံးနိုင်တဲ့ သေခြင်းနဲ့ သေနေကြရပါဦးမယ်။ သေ ခြင်းကင်းရာ နိဗ္ဗာန်ရကြောင်း သတိပဋ္ဌာန် အကျင့်ကောင်းတွေကို မကျင့် သေးသမျှ အသေက လျော့လျော့သွားမယ် မဟုတ်ပါ။ တိုးကာ တိုးကာ သာ သေနေရပါမယ်။ အဲဒီလို အကြိမ်ကြိမ် သေရမှာကို ကြောက်ရင် သတိပဋ္ဌာန်အကျင့်ကို မျက်ကွယ်ပြုလို့ မရပါ။

## လင်္ကာ

၁။ ကမ္ဘာမြေပြင်, အနှံ့တွင်, အသင် သေခဲ့ပြီ။

၂။ မသေဖူးစွ, နေရာက, ဘယ်မှ မရှိပြီ။

၃။ တစ်နေရာလေးမှာ, အခါခါ, သင်ဟာ သေခဲ့သည်။

၄။ အသေ ကြောက်လတ်, သေ ကင်းပြတ်,<br>မြိုက်ဓာတ် ရအောင် လုပ်ရမည်။

၅။ အသေ ကင်းပ, နိဗ္ဗာန, ရမှ အသေ ကင်းလိမ့်မည်။

http://www.dhammadownload.com

# အချိန်ကို စားသူ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုတုန်း ဘုရားလောင်းဟာ ပုဏ္ဏားမျိုးမှာ ဖြစ်ပါတယ်။ အရွယ်ရောက်တဲ့အခါ ဝေဒ သုံးပုံမှာ တစ်ဖက်ကမ်းရောက် တတ်မြောက်ပြီး ဒိသာပါမောက္ခဆရာကြီး ဖြစ်ကာ လုလင်ငါးရာတို့အား မန္တန်တွေ သင်ပေးပါတယ်။ အတတ်ပညာ ပြီးဆုံးသွားကြတဲ့ လုလင်ငါးရာကလည်း အတတ်ပညာမှာ စုံစမ်းမှုပြုပြီး "ငါတို့ တတ်သိသလောက် ဆရာလည်း တတ်သိတာပါပဲ။ မထူးပါဘူး" လို့ မာနထောင်ကာ ဆရာ့ထံ မသွားကြပါ။ ဝတ်ကြီး ဝတ်ငယ်ကိုလည်း မပြုလုပ်ကြတော့ပါ။

တစ်နေ့မှာ ဆရာက ဆီးပင်အောက် ထိုင်နေတုန်း ဆရာကို ရှုတ်ချလိုလို့ (နှိမ်လိုလို့) ဆီးပင်ကို လက်သည်းနဲ့ ခေါက်ကာ "ဒီသစ်ပင်ဟာ အနှစ်မရှိဘဲကိုး" လို့ လုလင်ငါးရာက ပြောကြပါတယ်။ ဘုရားအလောင်းတော် ဆရာကြီးက ငါ့ကို ရှုတ်ချလိုလို့ဆိုတာ သိတဲ့အတွက် တပည့်လုလင်တွေကို "ငါက မင်းတို့ကို မေးခွန်းတစ်ခု မေးမယ်" လို့ ပြောတဲ့အခါ လုလင်ငါးရာက "မေးပါ၊ ကျွန်တော်တို့ ဖြေကြပါမယ်" လို့ ပြောလို့ ဒီပထမဂါထာကို ရွတ်ပြပါတယ်။

ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။
ယော စ ကာလဃသော ဘူတော၊ သ ဘူတပစနိံ ပစိ။

http://www.dhammadownload.com



ဒီမေးခွန်းရဲ့အဖြေကို တစ်ယောက်မျှ မသိနိုင်ကြပါ။ အဲဒီအခါ ဘုရားအလောင်းဆရာကြီးက "ဒီမေးခွန်းဟာ ဝေဒသုံးပုံထဲမှာ ပါတယ်လို့ မထင်ကြနဲ့။ ငါ ဆရာ သိသမျှကို သင်တို့ တပည့်တွေ သိကြတယ်လို့ အထင်ရောက်နေကြတဲ့ သင်တို့တစ်တွေဟာ ငါ့ကို ဆီးပင်နဲ့ နှိုင်းကြတယ်။ သင်တို့တပည့်တွေ မသိသေးတဲ့ အရာများစွာကို ငါဆရာ သိတယ်ဆိုတာကို သင်တို့ မသိကြဘူး၊ သွားကြ။ (၇) ရက်မြောက်အထိ အချိန်ပေးတယ်။ ဒီအချိန်အတွင်း ဒီပြဿနာရဲ့အဖြေကို စဉ်းစားရှာဖွေခဲ့ကြ"လို့ ပြောလိုက်ပါတယ်။ တပည့်လုလင်တွေဟာ ဘုရားအလောင်းဆရာကြီးကို ရှိခိုးပြီး မိမိနေရာကို သွားကာ (၇) ရက်ပတ်လုံး စဉ်းစားကြပေမယ့် ပြဿနာရဲ့ အဆုံးအစွန်ကို မတွေ့ကြရပါ။

တပည့်လုလင်တွေဟာ (၇) ရက်မြောက်နေ့မှာ ဆရာကြီးထံ သွားပြီး ရှိခိုးထိုင်နေကာ "ပြဿနာကို သိခဲ့ကြသလား" လို့ မေးတဲ့အခါ "မသိကြပါ" လို့ ဖြေကြပါတယ်။ အဲဒီအခါ လုလင်တွေကို ကဲ့ရဲ့လိုလို့ ဒုတိယဂါထာနဲ့ အောက်ပါအဓိပ္ပာယ်ကို ပြောပါတယ်။

"လူတွေရဲ့ ဦးခေါင်းတွေ အများကြီး ရှိတယ်။ ဆံပင်တွေလည်း ရှိတယ်။ ဦးခေါင်းတွေကို လည်ပင်းတွေမှာ ထားတယ်၊ ထန်းသီးမှည့်လို လက်နဲ့ ယူလို့မရ။ လူတွေမှာ ဘာမျှ ထူးတာ မရှိ။ ဒါပေမဲ့ တချို့လူမှာသာ နား ရှိတယ်။"

နားပေါက်ကတော့ လူတိုင်းမှာ ရှိပါတယ်။ "နားရှိတယ်" ဆိုတဲ့ စကားမှာ "ပညာရှိတယ်" လို့ ဆိုလိုပါတယ်။ "အသိပညာမရှိတဲ့ အသင်တို့ တပည့်တွေမှာ နားပေါက်မျှပဲ ရှိတယ်။ ပညာ မရှိဘူး" လို့ ကဲ့ရဲ့ကာ ပထမဂါထာရဲ့အဖြေကို ပြောပြပါတယ်။ အဖြေကို ကြားရတဲ့အခါ

http://www.dhammadownload.com



"ဪ ဆရာတွေဆိုတာ ကြီးမား မြင့်မြတ်ကြပါပေတယ်" လို့ သဘော ပေါက်ကာ တောင်းပန်ပြီး မာန်ကျကာ ဘုရားလောင်းဆရာကြီးကို ပြုစု လုပ်ကျွေးကြပါတယ်။

ပထမဂါထာရဲ့အဖြေက အောက်ပါအတိုင်း ဖြစ်ပါတယ်။

နံနက်၊ နေ့လယ်၊ ညနေစတဲ့ အချိန်အခါက သတ္တဝါတွေကို စားပါ တယ်။ စားတဲ့အခါ အရေ၊ အသား စတာတွေကို နုတ်ယူပြီး စားတာ မဟုတ်ပါ။ သတ္တဝါတွေရဲ့ အသက်၊ အဆင်း၊ အင်အားတွေကို ကုန်စေ ကာ နုပျိုမှုကို ချေဖျက်၊ ကျန်းမာမှုကို ဖျက်ဆီးတာကို စားတယ်လို့ ဆိုလိုပါတယ်။ စားတဲ့အခါ ဘယ်သူ့ကိုမျှ မရှောင်ပါ။ အားလုံးကိုပဲ စားပါတယ်။ သူ့အချိန်ကိုလည်း အချိန်က ပြန်စားပါတယ်။ နံနက်ပိုင်း အချိန်က နေ့လယ်ပိုင်းအချိန်ကို မရောက်ပါ။ နေ့လယ်၊ ညနေစတဲ့ အချိန်တွေမှာလည်း ဒီအတိုင်းပါပဲ။ အဲဒီလိုနည်းနဲ့ အချိန်က အချိန်ကို လည်း ပြန်စားပါတယ်။

အချိန်ကို စားတဲ့ သတ္တဝါက သတ္တဝါတွေကို လောင်မြိုက်တဲ့ အရာကို လောင်မြိုက်ပစ်ပါတယ်။

"အချိန်ကို စားတဲ့ သတ္တဝါ" ဆိုတာ ရဟန္တာကို ဆိုလိုပါတယ်။ ရဟန္တာဟာ အရဟတ္တမဂ်နဲ့ အနာဂတ် ပဋိသန္ဓေအချိန်ကို ကုန်စေထား သူ၊ ခဲစားထားသူ ဖြစ်ပါတယ်။ သတ္တဝါတွေကို လောင်မြိုက်တဲ့အရာ ဆိုတာ တဏှာကို ဆိုလိုပါတယ်။ တဏှာက အပါယ်လေးပါးတွေမှာ သတ္တဝါတွေကို ချက်ပါတယ်၊ လောင်မြိုက်ပါတယ်။ ရဟန္တာက အဲဒီ တဏှာကို အရဟတ္တမဂ်ဉာဏ်နဲ့ ရှို့ပစ်ပါတယ်။ ပြာကျအောင် ချပစ်ပါ တယ်။ (ဇာတက၊ ၄၊ ဒု၊ ၂၃၇)

http://www.dhammadownload.com



ပုဏ္ဏားငါးရာဟာ ဗေဒင်သုံးပုံမှာ တစ်ဖက်ကမ်းရောက် တတ်မြောက်ကြပြီး ဘုရားသာသနာမှာ ရဟန်းဝတ်လာကြပါတယ်။ အဲဒီရဟန်းငါးရာဟာ ပိဋကသုံးပုံကို သင်ယူပြီး မာန်တက်ကာ ယစ်မူးနေကြပါတယ်။ “ဘုရားရှင်လည်း ပိဋကသုံးပုံကိုသာ သိတာပဲ။ ငါတို့လည်း အဲဒီပိဋကသုံးပုံကို သိတာပဲ။ ဒီလိုဆိုရင် ဘုရားရှင်မှာ ငါတို့နဲ့ ဘာထူးသလဲ” လို့ တွေးကာ ဘုရားထံ ဆည်းကပ်ရာအရပ်သို့ မသွားကြတော့ပါ။ ဘုရားရှင်နဲ့ ဆန့်ကျင်ဘက်ဖြစ်ကာ လှည့်လည်နေကြပါတယ်။ အဲဒီအခါ တစ်နေ့မှာ ဘုရားရှင်က အဲဒီရဟန်းတွေ ဘုရားရှင်ထံ ထိုင်နေကြတော့ ဘူမိ (၈) ပါးနဲ့ တန်ဆာဆင်ပြီး မူလပရိယာယသုတ္တန်ကို ဟောတော်မူပါတယ်။ အဲဒီရဟန်းတွေက ဘာကိုမျှ မမှတ်သားနိုင်ကြပါ။ အဲဒီအခါ အဲဒီရဟန်းတွေမှာ ဒီလို အကြံ ဖြစ်ပါတယ်။

“ငါတို့ဟာ ‘ငါတို့နဲ့ တူတဲ့ ပညာရှိတွေ မရှိကြ’ လို့ အထင်ကြီးနေကြတယ်။ အခုတော့ ငါတို့ဟာ ဘာကိုမျှ မသိကြ။ ဘုရားရှင်တွေနဲ့ တူတဲ့ ပညာရှိဆိုတာ မရှိပါ။ ဘုရားရှင်ရဲ့ ဂုဏ်တွေဆိုတာ အံ့ဩဖွယ်ကောင်းလေးစွ။”

အဲဒီ ရဟန်းတွေဟာ အဲဒီအချိန်ကစပြီး မာနကျိုးသွားကြပါတယ်။ အစွယ်ထွက်ထားတဲ့ မြွေတွေပမာ မာနကင်းကာ ယဉ်ကျေး သွားကြပါတယ်။ ဘုရားရှင်က ဥက္ကဋ္ဌမြို့မှာ အလိုရှိသလောက် သီတင်းသုံးပြီး ဝေသာလီကို သွားကာ ဂေါတမကစေတီမှာ ဂေါတမကသုတ္တန်ကို ဟောတော်မူပါတယ်။ တစ်သောင်းသော လောကဓာတ်ဟာ တုန်လှုပ်ပါတယ်။ အဲဒီ ဂေါတမကသုတ္တန်ကို ကြားနာရပြီး အဲဒီရဟန်းတွေဟာ ရဟန္တာ ဖြစ်သွားကြပါတယ်။

http://www.dhammadownload.com



ရှေးအခါက မာနထောင်တဲ့ လုလင်ငါးရာဟာ ဘုရားလက်ထက်မှာ မာနထောင်တဲ့ ရဟန်းငါးရာ ဖြစ်လာကြပါတယ်။

မိမိ တတ်သိထားတဲ့ ပညာထက် မတတ်သိသေးတဲ့ ပညာတွေကသာ ပိုမို များပြားပါတယ်။ ပညာ မရှိတရှိတွေက မာန်ရှိတတ်ကြပါတယ်။ တကယ် ပညာရှိသူတွေကတော့ မာန်ကို နှိမ်ချနိုင်ကြပါတယ်။ ပညာပြည့်လာလေလေ မာန် ကင်းလာလေလေပါပဲ။ အဆံ ပြည့်လာလေလေ စပါးနှံဟာ ညွတ်ကိုင်းလာလေလေ ဖြစ်သလိုပါပဲ။ အဆံ မရှိသေးတဲ့ စပါးနှံဟာ ထောင်နေပါတယ်။ ပညာအနှစ် မရှိရင်၊ နည်းနေရင် လူတွေဟာ ထောင်တတ်ကြပါတယ်။ မာနဆိုတာ နှိမ်ချနိုင်လေလေ ကောင်းလေလေပါပဲ။

## လင်္ကာ

၁။ အဆံ မရှိရင်, စပါးပင်, ထက်တွင် ထောင်နေသည်။
၂။ ပညာ မပြည့်လျှင်, ထိုလူတွင်, မာန်ဝင် ထောင်လွှားသည်။
၃။ အဆံ ပြည့်လျှင်, စပါးပင်, အောက်တွင် ညွတ်ကိုင်းသည်။
၄။ ပညာ ပြည့်လျှင်, ထိုလူတွင်, မာန်စင် နှိမ်ချသည်။

http://www.dhammadownload.com

# လက်လျှော့သွားတဲ့ နတ်သမီး

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်နေတုန်း ဘုရားအလောင်းက ကာသိရွာငယ်က ပုဏ္ဏားမျိုးမှာ ဖြစ်ပါတယ်။ အရွယ်ရောက်လို့ အတတ်ပညာစုံတဲ့အခါ ရသေ့ဝတ်ပါတယ်။ အဘိညာဉ်၊ သမာပတ်တွေကိုရပြီး ဟိမဝန္တာအရပ်က အိုင်လေးတစ်အိုင်ကို အမှီပြုကာ နေပါတယ်။ သူဟာ တစ်ညလုံး တရားကြိုးစား အားထုတ်ပါတယ်။ အရုဏ် တက်တဲ့အခါ ရေချိုးပြီး ခါးဝတ်ဝတ်ကာ ကိုယ်ရုံအဝတ်ကို လက်က ယူကာ ကိုယ်ကို ရေကုန်စင်အောင် လုပ်ရင်း ရပ်နေပါတယ်။ အဲဒီအခါ ဘုရားလောင်းရဲ့ လှပတင့်တယ်တဲ့ ခန္ဓာကိုယ်ကို ကြည့်ပြီး တပ်မက်သာယာနေတဲ့ နတ်သမီးတစ်ယောက်က ဘုရားလောင်းကို ဖြားယောင်းစကား ပြောကြားပါတယ်။

"အို ရသေ့၊ သင်ဟာ ငယ်ရွယ်စဉ်မှာ ကာမဂုဏ် အာရုံတွေကို မခံစားဘဲ ဆွမ်းခံလှည့်လည်တယ်။ ကာမဂုဏ်ငါးပါး အာရုံတရားတွေကို ခံစားပြီးမှ ဆွမ်းခံလှည့်ထိုက်တယ် မဟုတ်ပါလား။ အို ရသေ့၊ ငယ်ရွယ်စဉ်မှာ ကာမဂုဏ်တွေကို ခံစားပြီး နောင်အသက်ကြီးတဲ့အခါ ရောက်မှ ရသေ့ဘဝနဲ့ ဆွမ်းခံလှည့်လည်ပါ။ ယခုအချိန်က ကာမဂုဏ်တွေကို

http://www.dhammadownload.com



ခံစားရမယ့် ငယ်ရွယ်တဲ့အချိန် ဖြစ်ပါတယ်။ အဲဒီအချိန်ကောင်းကို လက်လွှတ်မခံပါနဲ့။"

ဘုရားအလောင်းရသေ့က နတ်သမီးရဲ့ စကားကို ကြားရတဲ့အခါ သူ့ရဲ့သဘောထားကို ဒီလို ပြောကြားလိုက်ပါတယ်။

"အို နတ်သမီး၊ ငါဟာ ပထမအရွယ်မှာ သေရမယ်၊ မဇ္ဈိမ (အလယ်ပိုင်း) အရွယ်မှာ သေရမယ်၊ နောက်ပိုင်းအရွယ်မှာ သေရမယ်" လို့ ငါ သေရမယ့်အချိန်ကို ငါ မသိပါ။ ငါ သေရမယ့်အချိန်ဟာ ဖုံးကွယ်နေလို့ မထင်ရှားပါ။ ဒါကြောင့် ကာမဂုဏ်တွေကို မခံစားဘဲ ရသေ့ဝတ်နဲ့ ဆွမ်းခံပါတယ်။ တရားအားထုတ်ရတဲ့ အချိန်ကောင်းကို ငါဟာ လက်လွှတ်ဆုံးရှုံး မခံနိုင်ပါ။ ဒါကြောင့် ငါဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ရသေ့ဝတ်ပြီး တရား အားထုတ်နေပါတယ်။

နတ်သမီးဟာ ဘုရားလောင်းရဲ့စကားကို ကြားရလို့ အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားပါတယ်။ **(ဇာတက၊ ၄၊ ဒု၊ ၅၁)**

ဘုရားလောင်းရသေ့လေးဟာ ကြည်ညိုစရာ ကောင်းလှပါတယ်။ နတ်သမီးက ဖြားယောင်းစကား လာပြောတာတောင်မှ နတ်သမီးအပေါ် စိတ်ညွတ်မသွားပါ။ လူသာမန်ဆိုရင် နတ်သမီးလေး ဖြားယောင်းမှုနောက် ကောက်ကောက် ပါသွားပါမယ်။ နတ်သမီးကို မြင်သွားရုံမျှနဲ့ စိတ်တိမ်းညွတ်သွားနိုင်ပါတယ်။ ဖြားယောင်းစကား ပြောခံရရင်တော့ ပြောစရာတောင် မလိုတော့ပါ။ အဘိညာဉ်နဲ့ ဈာန်သမာပတ်တွေကို ရထားလေတော့ ရသေ့လေးက တရားနဲ့ပဲ ပျော်မွေ့နိုင်ပါပေတယ်။ အချိန်မရွေး သေနိုင်တာကို ရသေ့လေးက ကောင်းကောင်း သဘောပေါက်ထားပါတယ်။ "တရားအားထုတ်ရတဲ့ အချိန်ကောင်းကို ငါဟာ

http://www.dhammadownload.com



လက်လွှတ်ဆုံးရှုံး မခံနိုင်ပါ” ဆိုတဲ့ စကားလေးကို အလွန်ပဲ အားရကျေနပ်မိပါတယ်။ ဘုရားလောင်းရသေ့လေးဟာ အချိန်မရွေး သေနိုင်တာကို သဘောပေါက်ထားလို့ ရနေတဲ့အချိန်ကို အကျိုးရှိအောင် တရားနဲ့ ပျော်မွေ့ကာ အသုံးချနေပါတယ်။ အတုယူ ကျင့်သုံးဖွယ် ကောင်းလှပါပေတယ်။

## လင်္ကာ

၁။ ငယ်ရွယ်စဉ်မှာ, လူတွေဟာ, သေကာ နေကြသည်။
၂။ အလတ်ရွယ်မှာ, လူတွေဟာ, သေကာ နေကြသည်။
၃။ အကြီးရွယ်မှာ, လူတွေဟာ, သေကာ နေကြသည်။
၄။ အရွယ်မရွေး, သေဖို့ရေး, မဝေး နီးလှသည်။
၅။ မသေသေးခင်, တရားတွင်, ပျော်ရင် ကောင်းလှသည်။
၆။ ဘုရားလောင်းရသေ့, တရားတွေ့, ပျော်မွေ့နေလေသည်။

http://www.dhammadownload.com

## သေစာ

"ညီငယ် စူဠလောဟိတ၊ ဒီမုနိကဟာ အစားကောင်းတွေကို စားနေရတယ်။ ငါလည်း မုနိကလို ဘယ်တော့မှ ချမ်းသာရပ့ါမလဲလို့ မုနိကရဲ့ ဘဝကို မတောင့်တနဲ့။ မုနိကဟာ သေစာတွေကို စားနေတယ်။ ညီငယ်ဟာ ဖွဲ၊ မြက်၊ ကောက်ရိုးကို ကြောင့်ကြမဲ့စွာ စားပါ။ အဲဒါဟာ အသက်ရှည်ခြင်းရဲ့ အကြောင်းပဲ။"

**(ဇာတက၊ ဧကက၊ ၃ ကုရုင်္ဂဝဂ္ဂ၊ ၁၀ မုနိကဇာတက)**

မုနိကဆိုတဲ့နာမည်ဟာ ဝက်တစ်ကောင်ရဲ့နာမည် ဖြစ်ပါတယ်။ ရွာငယ်တစ်ရွာက သူကြွယ်တစ်ယောက်ရဲ့ အိမ်တစ်အိမ်မှာ မုနိက ဆိုတဲ့ ဝက်ရယ်၊ စူဠလောဟိတနဲ့ မဟာလောဟိတ ဆိုတဲ့ နွားညီနောင် နှစ်ကောင်ရယ် ရှိပါတယ်။ အဲဒီ နွားညီနောင်နှစ်ကောင်ကို အမှီပြုပြီး အဲဒီအိမ်က လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ရပါတယ်။ အဲဒီအိမ်မှာ သမီးပျိုတစ်ယောက် ရှိပါတယ်။ အဲဒီသမီးပျိုကို မြို့သားတစ်ယောက် က သူ့သားနဲ့ လက်ထပ်ဖို့ ကမ်းလှမ်းပါတယ်။ အဲဒီသမီးပျိုရဲ့ မိဘတွေ က "သမီးပျိုရဲ့မင်္ဂလာပွဲမှာ လာကြမယ့် ဧည့်သည်တွေအတွက် လက်သုပ်

http://www.dhammadownload.com



ဟင်းလျာ ဖြစ်လိမ့်မယ်” လို့ တွေးကာ ယာဂုထမင်းကို ကျွေးပြီး မုနိက ဆိုတဲ့ ဝက်ကို မွေးမြူထားကြပါတယ်။

မုနိကကို မြင်တဲ့အခါ ညီငယ်နွားဖြစ်တဲ့ စူဠလောဟိတက သူ့ နောင်တော်ကြီး မဟာလောဟိတကို “ဒီအိမ်မှာ အလုပ်တာဝန်ပေါ်လာ ရင် ငါတို့ညီနောင်နှစ်ယောက်ကိုပဲ ခိုင်းတယ်။ ဒီအိမ်သူအိမ်သားတွေက ငါတို့အား မြက်၊ ကောက်ရိုး စတာတွေကိုသာ ကျွေးကြတယ်။ ယာဂု၊ ထမင်းနဲ့ မုနိကကို ကျွေးမွေးကြတယ်။ ဘာကြောင့် မုနိကဟာ ဒီအစာ ကို ရပါလိမ့်”လို့ မေးပါတယ်။ အဲဒီအခါ အထက်ပါစကားကို နောင်တော် မဟာလောဟိတက ညီငယ် စူဠလောဟိတအား ပြောပါတယ်။ နောင် တော် မဟာလောဟိတဟာ ဘုရားအလောင်းတော် ဖြစ်ပါတယ်။

“ညီငယ် စူဠလောဟိတ၊ ဒီကနေ့က နောက်ရက်အနည်းငယ် ကြာ တဲ့အခါ လူတွေ လာကြလိမ့်မယ်။ အဲဒီအခါ ဒီမုနိကကို ခြေထောက်က ကိုင်ဆွဲပြီး ညောင်စောင်းအောက်က ထုတ်၍ သတ်ကာ ဧည့်သည်တွေရဲ့ ဟင်းလျာအလုပ်ခံရမှာကို သင် မြင်တွေ့ရလိမ့်မယ်” လို့ ပြောပါတယ်။ မဟာလောဟိတ ပြောတဲ့အတိုင်းပါပဲ။ မုနိကကို သတ်မယ့်လူတွေ လာ ကြပါတယ်။ မုနိကကို သတ်ပြီး ချက်စားကြပါတယ်။

ဘုရားအလောင်းတော် မဟာလောဟိတက ညီငယ်စူဠလောဟိတ ကို “သင်ဟာ မုနိကကို မြင်ပြီ မဟုတ်လား။ မုနိကရဲ့ အစာထက် ငါတို့ ရဲ့ မြက်၊ ကောက်ရိုး၊ ဖွဲလောက်ကပဲ အဆတစ်ရာ၊ အဆတစ်ထောင် သာလွန် မြင့်မြတ်ပါတယ်။ အပြစ်ကင်းပါတယ်။ အသက်ရှည်ခြင်းရဲ့ အကြောင်း ဖြစ်ပါတယ်” လို့ ပြောပါတယ်။

http://www.dhammadownload.com



ဒီဇာတ်လမ်းကို အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသက သူ့တပည့်သံဃာတွေကို နံနက်ခင်း ဩဝါဒပေးတဲ့အခါ ပြောကြားတာကို နာယူခဲ့ရပါတယ်။ ဝိနည်းစည်းကမ်းနဲ့ မညီတဲ့ အလုပ်တွေကို လုပ်ပြီး လာဘ်လာဘ ပေါများကြတဲ့ သံဃာတွေကို သွားပြီး အားမကျကြဖို့ ပြောပါတယ်။ အဲဒီလို လာဘ်ပေါတဲ့ သံဃာတွေရဲ့ အစားအစာတွေဟာ ကောင်းပေမယ့် သေစာတွေ ဖြစ်ကြောင်းလည်း မိန့်တော်မူပါတယ်။

လူပဲဖြစ်ဖြစ်၊ ဘုန်းကြီးပဲဖြစ်ဖြစ် တရားနည်းလမ်းနဲ့အညီ မဟုတ်ဘဲ ရရှိတဲ့ ပစ္စည်းတွေကို စားသောက် သုံးစွဲနေကြရင် မုနိကလို သေစာတွေကို စားနေရတာ ဖြစ်ပါတယ်။ အပယ်စာတွေ ဖြစ်နေပါတယ်။ ရဟန်း၊ ရှင်၊ လူတွေဟာ သေစာတွေကို မစားမိအောင် သတိပြု ရှောင်ကြရပါမယ်။ ငရဲစာ၊ တိရစ္ဆာန်စာ၊ ပြိတ္တာစာ၊ အသူရကာယ်စာ ခေါ် အပယ်စာတွေကို မစားမိအောင် သတိပြုရှောင်ကြရပါမယ်။ မုနိကလို သူတွေ လူ့လောကကြီးမှာ ရှိနေပါတယ်။ နည်းမယ် မဟုတ်ပါ။

တရားနည်းလမ်းနဲ့အညီ ရရှိလာတဲ့ ပစ္စည်းဟာ မကောင်းမွန်ပေမယ့် အပြစ်ကင်းပါတယ်၊ သန့်ရှင်းပါတယ်၊ မြင့်မြတ်ပါတယ်။ ဝိနည်းနဲ့အညီ နေထိုင်တဲ့ ရဟန်းရဲ့ ပဲပြုတ်၊ ချဉ်ပေါင်ဟင်းက ဝိနည်းနဲ့အညီ မနေထိုင်တဲ့ ရဟန်းရဲ့ ဝက်သားဟင်း၊ ကြက်သားဟင်းထက် ကောင်းပါတယ်၊ မြင့်မြတ်ပါတယ်၊ အပြစ်ကင်းပါတယ်။

မတရားတဲ့ နည်းလမ်းနဲ့အညီ ရှာဖွေလို့ ရရှိလာတဲ့ ငွေတစ်သိန်းထက် တရားနည်းလမ်းနဲ့အညီ ရှာဖွေလို့ ရရှိလာတဲ့ ငွေတစ်ကျပ်က မြင့်မြတ်ပါတယ်၊ အပြစ်ကင်းပါတယ်၊ ကောင်းပါတယ်။ မတရားတဲ့

http://www.dhammadownload.com



နည်းနဲ့ စီးပွားရှာပြီး ကြီးပွားချမ်းသာနေကြတဲ့ သန်းကြွယ်သူဌေးရဲ့ အကောင်းစား အစားအစာတွေဟာ သေစာတွေ၊ အပါယ်စာတွေ ဖြစ်တာမို့ မကောင်းပါ။ တရားသဖြင့် စီးပွားရှာတဲ့ ဆင်းရဲသားတစ်ယောက်ရဲ့ အချာစား ဟင်းတစ်ခွက်လောက် မမြင့်မြတ်ပါ၊ အပြစ်မကင်းပါ။

ကိုယ်စားမယ့် အစားအစာကို မစားခင် ဆင်ခြင် ကြည့်သင့်ပါတယ်။ သေစာ ဖြစ်နေခဲ့ရင် မစားမိအောင် ရှောင်ကြဉ်ကြရပါမယ်။ သေစာဟာ သံသရာတစ်ခွင်မှာ ဒုက္ခအထွေထွေကို ဖြစ်စေတတ်ပါတယ်။ ဒါကြောင့် သေစာဟာ ဒုက္ခစာ ဖြစ်နေပါတယ်။

## လင်္ကာ

၁။ ကိုယ်စားမယ့် အစာ, ဆင်ခြင်ပါ, သေစာ ဖြစ်၏-မဖြစ်၏။

၂။ အပြစ် မကင်းပါ, ထိုအစာ, သေစာ ခေါ်ပါ၏။

၃။ ထိုအစာဟာ, အပါယ်စာ, မှန်စွာ ဖြစ်လေ၏။

http://www.dhammadownload.com

# ကံကောင်းသူ

"နက္ခတ်ကို မျှော်လင့် စောင့်ဆိုင်းနေတဲ့ လူမိုက်ကို ကောင်းကျိုးတွေက ကျော်လွန်သွားတယ်။ ကိုယ် ရှာဖွေနေတဲ့ ကောင်းကျိုးကသာ အကျိုးအတွက် နက္ခတ်ကောင်း မည်တယ်။ ကောင်းကင်က နက္ခတ်တာရာတွေက ဘာအကျိုးကို ပြီးစေနိုင်မှာလဲ။"

**(ဇာတက၊ ဧကက၊ ၅ အတ္ထကာမဝဂ်၊ ၉ နက္ခတ္တဇာတက)**

ဒီစကားကို မြတ်စွာဘုရားက အာဇီဝကတစ်ယောက်ကို အကြောင်းပြုပြီး ဟောတော်မူပါတယ်။ သာဝတ္ထိမြို့က အမျိုးသမီးတစ်ဦးကို ဇနပုဒ်က အမျိုးသားတစ်ဦးက သူ့သားအတွက် စကားကြောင်းလမ်းပြီး "ဘယ်နေ့မှာ လာခေါ်ပါ့မယ်" လို့ နေ့ကို သတ်မှတ်ပေးလိုက်ပါတယ်။ အဲဒီနေ့ရောက်တော့ သူ့အိမ်မှာ ကြွလာလေ့ရှိတဲ့ အာဇီဝက တက္ကတွန်းကို "အရှင်ဘုရား၊ ဒီနေ့ တပည့်တော်တို့ မင်္ဂလာတစ်ခု ပြုကြပါမယ်။ နက္ခတ်ကောင်းပါသလား" လို့ မေးပါတယ်။ အဲဒီတက္ကတွန်းက "ဒီဒကာဟာ ငါ့ကို အရင်မမေးဘဲနဲ့ နေ့သတ်မှတ်ပြီး အခုမှ ငါ့ကို လာမေးတယ်။ ရှိပါစေ၊ ငါ ပညာပြလိုက်မယ်" လို့ စိတ်ဆိုးကာ "ယနေ့ နက္ခတ် မကောင်းဘူး။ ဒီနေ့ မင်္ဂလာပွဲ မလုပ်နဲ့၊ လုပ်ရင် အကြီးအကျယ် ပျက်စီးလိမ့်မယ်" လို့ ပြောပါတယ်။

http://www.dhammadownload.com



အဲဒီအိမ်က လူတွေက အဲဒီတက္ကတွန်းကို ယုံကြည်ပြီး သတ်မှတ်ထားတဲ့နေ့မှာ မင်္ဂလာပွဲကို မသွားကြပါ။ မြို့က လူတွေက မင်္ဂလာကိစ္စအားလုံးကို ပြုလုပ်ပြီး သူတို့ မလာတော့တာကို သိလို့ "သူတို့ပဲ ဒီနေ့ကို မင်္ဂလာပွဲနေ့အဖြစ် သတ်မှတ်ထားတယ်။ အခုတော့ သူတို့ မလာကြဘူး။ ငါတို့မှာလည်း ပျက်စီးမယ့်အလုပ်ကို အများကြီး လုပ်ထားတယ်။ သူတို့နဲ့ ဘာအကျိုးရှိမှာလဲ။ ငါတို့ရဲ့သမီးကို အခြားသူအား ပေးမယ်လို့ ဆုံးဖြတ်ကာ ပြင်ဆင်ထားတဲ့ မင်္ဂလာပွဲနဲ့ အခြားသတို့သားနဲ့ ပေးစားလိုက်ပါတယ်။"

နောက်တစ်နေ့ အမျိုးသားဘက်က လူတွေက လာပြီး "ငါတို့အားသတို့သမီးကို ပေးပါ" လို့ ပြောကြတယ်။ အဲဒီအခါမှာ အမျိုးသမီးဘက်က လူတွေက "သင်တို့ဟာ ယုတ်မာတဲ့ လူတွေ ဖြစ်လို့ နေ့ရက် သတ်မှတ်ပြီး အထင်သေးလို့ မလာကြဘူး။ လာလမ်းနဲ့ပဲ ပြန်ကြပေတော့။ အခြားအမျိုးသားအား သမီးကို ပေးလိုက်ပြီ" လို့ ပြောကာ ဆဲဆိုကြပါတယ်။ နှစ်ဦးနှစ်ဖက် စကားများ အငြင်းပွားကြပါတယ်။ အမျိုးသမီးကို မရဘဲ အမျိုးသားဘက်က ဇနပုဒ်သားတွေဟာ လာလမ်းနဲ့ပဲ ပြန်သွားကြရပါတယ်။

အဲဒီ အာဇီဝက တက္ကတွန်းကြောင့် အဲဒီလူတွေရဲ့ မင်္ဂလာကိစ္စ ပျက်သွားရတဲ့ အကြောင်းဟာ ရဟန်းတွေရဲ့ အလယ်မှာ ထင်ရှားပါတယ်။ ရဟန်းတွေက တရားသဘင်မှာ အဲဒီမင်္ဂလာကိစ္စအကြောင်း ပြောကာ ထိုင်နေကြပါတယ်။ ဘုရားက "ဘာစကားတွေ ပြောပြီး ထိုင်နေကြသလဲ" လို့ မေးလို့ အဲဒီအကြောင်းကို လျှောက်ထားပြကြပါတယ်။ "အခုမှသာ အာဇီဝကဟာ မင်္ဂလာကိစ္စကို အန္တရာယ်ပြုခဲ့တာ မဟုတ်ဘူး။

http://www.dhammadownload.com



ရှေးကလည်း လုပ်ခဲ့တယ်” လို့ မိန့်ကာ အလားတူ အတိတ်ဇာတ်ကြောင်းကို ပြောပြပါတယ်။ အတိတ်ဇာတ်ကြောင်းမှာ ဘုရားအလောင်းတော်ဖြစ်တဲ့ ပညာရှိမြို့သားက အထက်မှာ ဖော်ပြခဲ့တဲ့စကားကို ပြောကြားပါတယ်။

နက္ခတ်ကောင်း၊ အခါကောင်း၊ အချိန်ကောင်း၊ နေ့ရက်ကောင်းတွေကို ရွေးကြတဲ့ ပုဂ္ဂိုလ်တွေအတွက် မှတ်သားလိုက်နာစရာ ဖြစ်ပါတယ်။ နက္ခတ်ကောင်း၊ အချိန်ကောင်း၊ နေ့ရက်ကောင်းက ကောင်းကျိုးကို ပေးနိုင်တာ မဟုတ်ပါ။ အလုပ်ကောင်း၊ အပြောကောင်း၊ အကြံကောင်း၊ စိတ်ထားကောင်းတွေရှိရင် နံနက်ရှိက အဲဒီနံနက်ဟာ ကောင်းတဲ့ နံနက်ခင်း၊ နေ့လယ်ရှိက အဲဒီနေ့လယ်ဟာ ကောင်းတဲ့ နေ့လယ်၊ ညနေရှိက အဲဒီညနေက ကောင်းတဲ့ ညနေပါပဲ။

ကောင်းကျိုးတွေကို ကောင်းကင်က နက္ခတ်တွေက မပေးနိုင်တာကို လူတွေဟာ မသိဘဲ၊ နားမလည်ဘဲ ဖြစ်နေကြပါတယ်။ ကိုယ့်ရဲ့ အလုပ်ကောင်း၊ အပြောကောင်း၊ အကြံကောင်း၊ စိတ်ထားကောင်းတွေကပဲ ကောင်းကျိုးတွေကို ပေးနိုင်တယ်ဆိုတာကိုလည်း နားမလည်ဘဲ ရှိနေကြပါသေးတယ်။ ကောင်းကျိုးတွေရဲ့ အကြောင်းမှန်ကို မရှာကြံနိုင်၊ မသိရှိနိုင် ဖြစ်နေကြပါတယ်။ မသိ နားမလည်သူတွေက နက္ခတ်ကောင်း၊ အချိန်အခါကောင်း၊ နေ့ရက်ကောင်းကို မရွေးချယ်နိုင်ကြပါ။ အချိန်အခါ၊ နေ့ရက်၊ နက္ခတ်ကောင်းဖို့ဆိုတာ အလုပ်၊ အပြော၊ အကြံ၊ စိတ်ထားတွေ ကောင်းရပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါး မကောင်းရင် နက္ခတ်လည်း မကောင်း၊ အချိန်အခါ နေ့ရက်လည်း မကောင်းပါ။ ကောင်းကျိုးလည်း မရနိုင်ပါ။ ကောင်းကျိုးကို

http://www.dhammadownload.com



လိုချင်ရင် ကံကောင်းဖို့ပဲ လိုပါတယ်။ ကံအကြောင်း ကောင်းရင် ကောင်းကျိုးတွေကို ရဖို့ တောင့်တ နေစရာတောင် မလိုပါဘူး။ သူ့အလိုလို ရောက်လာပါလိမ့်မယ်။ ကံကောင်းသူတွေ ဖြစ်အောင် ကြိုးစားဖို့ပဲ လိုပါတယ်။

## လင်္ကာ

၁။ နက္ခတ်စောင့်ကြွား, လူမိုက်အား,
ကျော်သွား ကောင်းကျိုးအလီလီ။

၂။ နက္ခတ်တွေဟာ, ကောင်းကျိုးမှာ, ပြီးစေနိုင်တာ မရှိပြီ။

၃။ ကြောင်းကံ ကောင်းလျှင်, ကောင်းကျိုး ဝင်,
အသင် ယုံသင့်သည်။

၄။ ကြောင်းကံ ဆိုးလျှင်, ဆိုးကျိုး ဝင်, အသင် ယုံသင့်သည်။

http://www.dhammadownload.com

# ရှေ့တော်ပြေး

"မစူးစမ်း၊ မဆင်ခြင်ဘဲ အဆောတလျင် ပြုလုပ်တတ်သူကို သူ့ရဲ့ လုပ်ရပ်တွေက သူ့ကို ပူလောင်စေကြ၊ ဝမ်းနည်းစေကြ၊ ပင်ပန်းစေကြတယ်။ အစာစားနေတဲ့လူဟာ "ဒီအစာဟာ အေးသလား၊ ပူသလား" မစူးစမ်းဘဲ အပူကို မျိုလိုက်လို့ရှိရင် ပါးစပ်ထဲမှာ မျိုထားတဲ့ အဲဒီအပူက ပါးစပ်ကိုရော လည်ချောင်းကိုရော ဝမ်းဗိုက်ကိုပါ ပူလောင်စေသလို ပါပဲ။" **(ဇာတက၊ ဒုကနိပါတ၊ ၁ ဒဠှဝဂ္ဂ၊ ၂ သိင်္ဂါလဇာတက)**

ဒီစကားကို မြတ်စွာဘုရားက ဝေသာလီမြို့သား ဆတ္တာသည်ရဲ့ သားတစ်ယောက်ကို အကြောင်းပြုပြီး ဟောတော်မူခဲ့ပါတယ်။ ဖခင် ဆတ္တာသည်က ရှင်ဘုရင်၊ ရှင်ဘုရင့်မောင်းမ၊ မင်းသား၊ မင်းသမီးရဲ့ ဆံပင်ပြုပြင်ပေးခြင်း စတဲ့ ကိစ္စအားလုံးကို ပြုလုပ်ပေးပါတယ်။ ရတနာ သုံးပါးကို ကြည်ညိုတယ်၊ ကိုးကွယ်တယ်၊ ငါးပါးသီလ စောင့်ထိန်းတယ်၊ အကြားအကြားမှာ တရားနာပြီး အချိန်ကုန်တယ်။ သူဟာ တစ်နေ့မှာ မင်းနန်းတော်ကို အလုပ်လုပ်ဖို့ သွားတဲ့အခါ သူ့သားကို ခေါ်ပြီး သွားတယ်။ သူ့သားက နတ်သမီးနဲ့ တူတဲ့ အလှပြင်ထားတဲ့ လိစ္ဆဝီမင်း သမီးလေးတစ်ယောက်ကို မြင်လို့ ချစ်တဲ့စိတ် ပေါ်လာလို့ ဖခင်နဲ့အတူ မင်းနန်းတော်က ထွက်ပြီးတဲ့အခါ "အဲဒီမင်းသမီးလေးကို ရရင် အသက်

http://www.dhammadownload.com



ရှင်မယ်၊ မရရင် ဒီနေရာမှာပဲ အသက်အသေခံမယ်”လို့ ပြောကာ အစာမစားဘဲ အိပ်ရာပေါ် လှဲကာ အိပ်နေပါတော့တယ်။

“ချစ်သား၊ သင်ဟာ မတပ်မက်သင့်တဲ့ ပုဂ္ဂိုလ်ကို မတပ်မက်ပါနဲ့။ သင်ဟာ အမျိုးဇာတ်ညံ့တဲ့ ဆတ္တာသည်ရဲ့သား ဖြစ်တယ်။ လိစ္ဆဝီမင်းသမီးက အမျိုးမြတ်တယ်။ သူမဟာ သင်နဲ့ မသင့်တော်ပါဘူး။ အခြားဇာတ်တူမလေးတစ်ယောက်ကို ငါ ဆောင်ပေးပါမယ်” လို့ ဖခင်က ပြောပြပေမယ့် ဖခင်ရဲ့စကားကို သားက မနာယူပါ။ အမေ၊ အစ်ကို၊ အစ်မ၊ ဒွေးလေး၊ ဦးလေးတွေ၊ မိတ်ဆွေတွေ ဝိုင်းပြောကြပေမယ့် မတတ်နိုင်ကြပါ။ သူဟာ အဲဒီနေရာမှာ အစာအငတ်ခံပြီး သေပွဲဝင် သွားပါတယ်။ ဖခင်ဟာ သားရဲ့ အသုဘကိစ္စပြီးလို့ သောက နည်းသွားတဲ့အခါ ဘုရားကို ရှိခိုးဖို့ ပန်းနံ့သာတို့ကို ယူကာ ဘုရားထံ သွားပြီး ဘုရားကို ရှိခိုးကာ ထိုင်နေပါတယ်။ ဘုရားက မလာတာ ရက်အတော် ကြာပြီမို့ မေးပါတယ်။ သူ့သားကိစ္စအကြောင်း လျှောက်ထားပြပါတယ်။ “သင့် သားဟာ ခုမှသာ ဒီလိုသေခဲ့ရတာ မဟုတ်ဘူး။ ရှေးတုန်းကလည်း သေခဲ့ဖူးတယ်” လို့ မိန့်ကာ အတိတ်ဇာတ်ကြောင်းကို မိန့်တော်မူပါတယ်။

ဟိမဝန္တာအရပ်မှာ ဘုရားအလောင်းဟာ ခြင်္သေ့အမျိုးမှာ ဖြစ်နေပါတယ်။ ဘုရားလောင်းခြင်္သေ့ဟာ ခြင်္သေ့ညီ (၆) ယောက်နဲ့ ညီမခြင်္သေ့လေးနဲ့အတူ ရွှေဂူထဲမှာ နေကြပါတယ်။ အဲဒီရွှေဂူရဲ့အနီးမှာ ရှိတဲ့ ငွေတောင်က ဖန်ဂူတစ်ဂူထဲမှာ မြေခွေးတစ်ကောင် နေပါတယ်။ နောင်သောအခါ ခြင်္သေ့တွေရဲ့မိဘတွေ သေကုန်ကြပါတယ်။

အစ်ကိုခြင်္သေ့တွေက ညီမခြင်္သေ့လေးကို ရွှေဂူထဲမှာ ထားပြီး အစာရှာထွက်ကာ အသားကို သယ်ယူပေးကြပါတယ်။ အဲဒီမြေခွေးက

http://www.dhammadownload.com



ခြင်္သေ့မလေးကို ချစ်ကြိုက်နေပါတယ်။ ရည်းစားစကား ပြောပါတယ်။ "ဇာတ်ညံ့တဲ့သူဟာ ဇာတ်မြင့်တဲ့ ငါ့ကို မသင့်တော်တဲ့စကား လာပြောတယ်။ သေတာပဲ ကောင်းပါတယ်။ နှာခေါင်းလေကို ချုပ်တည်းပြီး သေမယ်" လို့ ခြင်္သေ့မလေးက ကြံပါတယ်။

"အစ်ကိုတွေကို ပြောပြီးမှ သေတော့မယ်" လို့ အကြံ ထပ်ဖြစ်ပြန်ပါတယ်။ မြေခွေးက ခြင်္သေ့မလေးထံက စကားပြန် မရလို့ စိတ်ပျက်ကာ ဖန်ဂူထဲမှာ အိပ်နေပါတော့တယ်။

အစ်ကိုခြင်္သေ့တစ်ကောင် ပြန်လာတဲ့အခါ ညီမလေးက ပြောပြလို့ အစ်ကိုခြင်္သေ့ဟာ မြေခွေးရှိရာ ဖန်ဂူဆီကို သွားပါတယ်။ "မြေခွေးဟာ ကောင်းကင်မှာ အိပ်နေတယ် ထင်ပြီး အဟုန်နဲ့ ပြေးခုန်ပါတယ်။ ဖန်ဂူကို တိုက်မိပြီး နှလုံးကွဲကာ ခြင်္သေ့ဟာ သေပွဲ ဝင်သွားပါတယ်။ နောက်အစ်ကိုခြင်္သေ့ (၅) ကောင်လည်း အဲဒီခြင်္သေ့လိုပဲ သေပွဲဝင်သွားကြပါတယ်။ နောက်ဆုံးမှာ အစ်ကိုကြီးဖြစ်တဲ့ ဘုရားလောင်းခြင်္သေ့ဟာ လာပါတယ်။ ညီခြင်္သေ့ (၆) ကောင် သေနေတာကို တွေ့ပါတယ်။ ဘုရားလောင်း ခြင်္သေ့က "မြေခွေးတွေမှာ ကောင်းကင်မှာ တည်ရာ မရှိ၊ ဖန်ဂူထဲ အိပ်နေတာဖြစ်မယ်" လို့ တွေးပါတယ်။ မစူးစမ်း မဆင်ခြင်ဘဲ အဆောတလျင် ပြုလုပ်ကြလို့ သေပွဲဝင်သွားကြတဲ့ ညီခြင်္သေ့ (၆) ကောင်ကို ကြည့်ပြီး အထက်မှာ ပါတဲ့ စကားတွေကို ပြောပါတယ်။

ညီငယ်ခြင်္သေ့ (၆) ကောင်လို မစူးစမ်း၊ မဆင်ခြင်ဘဲ အဆောတလျင် ပြောမိ၊ ပြုမိ၊ ကြံမိ၊ ဆုံးဖြတ်မိလို့ ဒုက္ခရောက်ကြရတဲ့လူတွေ လောကကြီးမှာ အများကြီးပဲ ရှိပါလိမ့်မယ်။ စာရှုသူရဲ့ ဘဝတစ်လျှောက်မှာ မစူးစမ်း မဆင်ခြင်ဘဲ အဆောတလျင် ပြောမိ၊ ပြုမိ၊ ဆုံးဖြတ်မိလို့

http://www.dhammadownload.com



ရေနွေးပူ မျိုမိသူလို စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲရတဲ့အဖြစ်တွေ ရှိပါလိမ့်မယ်။ "အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း" ဆိုတဲ့ စကားပုံတွေလို ဖြစ်ပါတယ်။ နောင်မှ နောင်တ ရကြသူတွေဟာ မစူးစမ်း မဆင်ခြင်ဘဲ အဆောတလျင် ပြောတတ်၊ ပြုတတ်၊ ဆုံးဖြတ်တတ်သူတွေပဲ ဖြစ်ပါတယ်။ စူးစူးစမ်းစမ်း၊ ဆင်ဆင်ခြင်ခြင်၊ နှိုင်းနှိုင်းချိန်ချိန် ပြုတတ်၊ ပြောတတ်၊ ဆုံးဖြတ်တတ်ဖို့ လိုအပ်ပါတယ်။ စူးစမ်းနိုင်မှုစွမ်းရည်၊ ဆင်ခြင်နိုင်မှု စွမ်းရည်၊ နှိုင်းချိန်နိုင်မှု စွမ်းရည်တွေဟာ ကြီးပွားအောင်မြင်လိုသူမှာ မရှိမဖြစ် ရှိရမယ့် စွမ်းရည်ကောင်းတွေ ဖြစ်ပါတယ်။

ပြောပြီး၊ ပြုပြီး၊ ဆုံးဖြတ်ပြီးနောက်မှာ စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲတွေ လိုက်ပါ မလာဖို့ရာ မပြောခင်၊ မပြုခင်၊ မဆုံးဖြတ်ခင်က စူးစမ်းဆင်ခြင်မှု၊ နှိုင်းချိန်မှု ရွှေတော်ပြေးလေးတွေ ရှိကြရပါမယ်။ ရွှေတော်ပြေး မပါရင် နှိပ်စက်မယ့် ဆင်းရဲတွေက အသင့်စောင့်နေကြပါလိမ့်မယ်။

## လင်္ကာ

၁။ မဆင်မခြင်, ဆောတလျင်, အသင် မပြုသင့်ပြီ။
၂။ ပြုလုပ်မိက, ပူလောင်ရ, စိတ်က ပင်ပန်းသည်။
၃။ မဆင်ခြင်ပါ, ပူတဲ့စာ, သင်ဟာ မျိုမိပြီ။
၄။ ပါးစပ်-လည်ချောင်း, ဝမ်းဗိုက်ခေါင်း,
ကောင်းကောင်း ပူလိမ့်မည်။
၅။ မပြု-မပြောခင်, မတွေးခင်, အရင် ဆင်ခြင်ရပါသည်။
၆။ ဆင်ခြင်ပြီးမှ, ပြု-ပြောရ, တွေးရပါလေသည်။

http://www.dhammadownload.com

# အချိန်ပညာ

"အမိ အဖတို့ရဲ့ အဆုံးအမကို မနာယူရဘဲ အသက် ကြီးလာတဲ့၊ ဆရာကို မှီပြီး မနေခဲ့ဖူးတဲ့ ကြက်ဟာ တွန်ရမယ့်အချိန်အခါ၊ မတွန်ရမယ့် အချိန်အခါကို မသိပေ။"

**(ဧကကနိပါတ၊ ၁၂ ဟံစိဝဂ္ဂ၊ ၉ အကာလရာဝိဇာတက)**

ဒီဘုရားစကားတော်ကို စာရေးသူ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်မှာ နေခဲ့စဉ်က မဟာဂန္ဓာရုံဆရာတော်ကြီး အမိန့်ရှိတာကို နာယူခဲ့ရပါတယ်။ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ နံနက် အိပ်ရာမှ ထဖို့ အချက်ပေးတဲ့ တုံးကြီး ခေါက်ပါတယ်။ အဲဒီတုံးကြီးကို ခေါက်ရတဲ့ ရဟန်းက တစ်ရက်မှာ အချိန်မှားပြီး ခေါက်ပါတယ်။ အဲဒီအခါ မဟာဂန္ဓာရုံဆရာတော်ကြီးက အထက်ပါစကားကို မိန့်ကြားတော်မူပါတယ်။

ဘုရားအလောင်းတော်ဟာ ဗာရာဏသီပြည်မှာ လုလင်ငါးရာကို ပညာသင်ပေးနေတဲ့ ဒိသာပါမောက္ခဆရာကြီး ဖြစ်နေပါတယ်။ လုလင်တွေမှာ အချိန်မှန်မှန် တွန်တဲ့ ကြက်တစ်ကောင် ရှိပါတယ်။ လုလင်တွေဟာ အဲဒီကြက်တွန်သံကို နားထောင်ပြီး အိပ်ရာမှ ထကာ ပညာသင်ယူကြပါတယ်။ အဲဒီကြက်ဟာ သေသွားပါတယ်။ လုလင်တွေမှာ အခြား

http://www.dhammadownload.com



ကြက်တစ်ကောင်ကို အရှာထွက်ကြပါတယ်။ လုလင်တစ်ယောက်က သုသာန်တောမှာ ထင်းခွေရင်း ကြက်တစ်ကောင် တွေ့လို့ ယူလာပြီး မွေးထားပါတယ်။ အဲဒီကြက်က သုသာန်မှာ ကြီးပြင်ခဲ့တာမို့ ဘယ်အချိန်မှာ တွန်ရမယ်ဆိုတာ မသိပါ။ ဒါကြောင့် တစ်ခါတစ်ရံ အလွန်ညဉ့်နက်မှ တွန်ပါတယ်။ တစ်ခါတစ်ရံ အရုဏ်တက်မှ တွန်ပါတယ်။

အလွန်ညဉ့်နက်မှ တွန်တဲ့အခါ အတတ်ပညာ သင်ယူနေတဲ့ လုလင်တွေဟာ အရုဏ်တက်တဲ့ အချိန်တိုင်အောင် မသင်ယူနိုင်ကြပါ။ အိပ်ငိုက်နေလို့ သင်ယူပြီးတာတွေလည်း မသိမြင်ကြတော့ပါ။ အလွန်မိုးလင်းမှ တွန်တဲ့အခါ စာသင်ယူခွင့်ကိုတောင် မရလိုက်ကြပါ။ "ဒီကြက်ဟာ ညဉ့်အလွန်နက်မှ တွန်တဲ့အခါ တွန်တယ်၊ မိုးအလွန်လင်းမှ တွန်တဲ့အခါ တွန်တယ်။ ဒီကြက်ကို မှီပြီး ငါတို့ရဲ့ အတတ်ပညာဟာ ပြီးဆုံးမှာ မဟုတ်တော့ဘူး" လို့ တွေးကြကာ ကြက်ကို ဖမ်းပြီး လည်ကို လိမ်သတ်လိုက်ကြပါတယ်။ သတ်လိုက်တဲ့အကြောင်းကို လုလင်တွေက ဒိသာပါမောက္ခကြီးအား ပြောကြားကြပါတယ်။ အဲဒီအခါ ဒိသာပါမောက္ခဆရာကြီးက "အဆုံးအမကို မခံယူရဘဲ ကြီးပြင်းရတာမို့ ဒီကြက်ဟာ သေပွဲဝင်ရတယ်" လို့ ပြောကာ အထက်မှာ ဖော်ပြခဲ့တဲ့ စကားကို မိန့်ကြားခဲ့ပါတယ်။

ဒီကြက်လို တိရစ္ဆာန်တွေသာ အချိန်ကို မသိကြတာ မဟုတ်ပါ။ တချို့လူတွေလည်း မသိကြပါ။ တချို့လူတွေသာ မသိကြတာ မဟုတ်ပါ။ တချို့သံဃာတွေလည်း မသိကြပါ။ မင်္ဂလာဆောင်နေတဲ့ အချိန်အခါမှာ အသုဘတရား ဟောတယ်၊ အသုဘပွဲမှာ မင်္ဂလာတရား ဟောတယ်။ ဒီလို သံဃာတွေလည်း ရှိခဲ့ပါတယ်။ အချိန်အခါကို သိတတ်တဲ့

http://www.dhammadownload.com



အသိဉာဏ်ရှိဖို့ သတ္တဝါတွေမှာ လိုအပ်ပါတယ်။ အချိန်အခါကို တိရစ္ဆာန်က မသိရင် တိရစ္ဆာန်မှာ ဒုက္ခတွေ့ရတတ်ပါတယ်။ လူ မသိရင် လူမှာ၊ ဘုန်းကြီး မသိရင် ဘုန်းကြီးမှာ ဒုက္ခတွေ့ရတတ်ပါတယ်။

အကျိုးရှိတဲ့စကား ဖြစ်စေဦးတော့ မပြောသင့်တဲ့အချိန်မှာ သွားပြောရင် အကျိုးမပြီး အချည်းနှီး ဖြစ်တတ်ပါတယ်။ တန်ဖိုးရှိတဲ့စကား ဖြစ်စေဦးတော့ မပြောသင့်တဲ့အချိန်မှာ သွားပြောရင် တန်ဖိုးမဲ့သွားတတ်ပါတယ်။ 'ထောင်တန်တဲ့စကား ရယ်ရင်ပေါ့' ဆိုတာလို ထောင်တန်တဲ့ စကားဖြစ်စေဦးတော့ မပြောသင့်တဲ့အချိန်မှာ ပြောရင် ပေါ့သွားတတ်ပါတယ်။ လူတစ်ယောက် ထိပ်တန်းရောက်ဖို့ရာအတွက် "အကြောင်း ဟုတ်၏၊ မဟုတ်၏" ဆိုတာ သိဖို့လိုအပ်သလို "အချိန်အခါ ဟုတ်၏၊ မဟုတ်၏" ဆိုတာကိုလည်း သိဖို့ လိုအပ်ပါတယ်။ ဌာနာဋ္ဌာန ကောသလ္လဉာဏ် (အကြောင်း ဟုတ် မဟုတ်၊ အရာဋ္ဌာန ဟုတ် မဟုတ်မှာ ကျွမ်းကျင်တဲ့ဉာဏ်) ရှိဖို့ လိုအပ်သလို ကာလာကာလ ကောသလ္လဉာဏ် ရှိဖို့လည်း လိုအပ်ပါတယ်။ အချိန်ဟုတ် မဟုတ်မှာ ကျွမ်းကျင်တဲ့ဉာဏ်ကို ပါဠိဝေါဟာရနဲ့ 'ကာလာကာလ ကောသလ္လဉာဏ်' လို့ ခေါ်နိုင်ပါတယ်။

အချိန်မှာ ကျွမ်းကျင်တဲ့ပညာ မရှိလို့ ကောင်းကျိုးတွေကို လက်လွတ် ဆုံးရှုံးသွားတဲ့ သာဓကတွေ ကမ္ဘာနဲ့အဝှမ်း ရှိနေပါတယ်။ အချိန်မှာ ကျွမ်းကျင်တဲ့ ပညာ ရှိလို့ ကောင်းကျိုးအထွေထွေကို ရရှိပိုင်ဆိုင်သွားကြသူတွေလည်း ကမ္ဘာမှာ ဒုနဲ့ဒေး ရှိနေပါတယ်။ အချိန်မှာ ကျွမ်းကျင်တဲ့ ပညာဟာ ကြီးပွားအောင်မြင်လိုသူတို့ တတ်ထားရမယ့် ပညာရပ် ဖြစ်ပါတယ်။ ဒီပညာရပ် တတ်မထားရင် ကြီးပွားအောင်မြင်တဲ့သူတွေတောင် ဆုတ်ယုတ် ကျဆုံးသွားတတ်ပါတယ်။

http://www.dhammadownload.com



မိုးရွာတုန်းမှာ ထွန်ချရပါတယ်။ နေပူတုန်းမှာ စပါးလှန်းရပါတယ်။ လသာတုန်းမှာ ဗိုင်းငင်ရပါတယ်။ မိုးရွာတုန်းမှာ ရေခံရပါတယ်။ မိုးလွန်ရင် ထွန်ချရမယ့်အခါ မဟုတ်တော့ပါ။ မိုးရပ်သွားရင် ရေခံရမယ့်အခါ မဟုတ်တော့ပါ။ နေဝင်ရင် စပါးလှန်းရမယ့်အခါ မဟုတ်တော့ပါ။ လမိုက်ရင် ဗိုင်းငင်ရမယ့်အခါ မဟုတ်တော့ပါ။ အချိန်မှာ ကျွမ်းကျင်တဲ့ ပညာဟာ နေရာတကာမှာ လိုအပ်လှပါတယ်။

## လင်္ကာ

၁။ မိဘဆုံးမ, မနာရ, ဆရာ့ မမှီပြီ။
၂။ ထိုကြက်မျိုးဟာ, တွန်ဖို့ရာ, ချိန်ခါ မသိပြီ။
၃။ တွန်ရမယ့်ခါ, မတွန်ပါ, ကြက်ဟာ သေရသည်။
၄။ အချိန်အခါ, သိဖို့ရာ, ပညာ လိုအပ်သည်။
၅။ ချိန်ခါ သိမှ, မှုကိစ္စ, ပြုရ အောင်မြင်သည်။

http://www.dhammadownload.com

# သည်းခံနိုင်လွန်းသူ

ရှေးအခါက ဗာရာဏသီပြည်မှာ မဟာပတာပမင်း အုပ်ချုပ်တယ်။ ဘုရားလောင်းက အဲဒီမင်းရဲ့ မိဖုရားခေါင်ကြီး စန္ဒာဒေဝီရဲ့ ဝမ်းဗိုက်မှာ သန္ဓေတည်တယ်။ မွေးလာတော့ ဘုရားလောင်းကို 'ဓမ္မပါလ' လို့ အမည်မှည့်ကြတယ်။ ဘုရားလောင်းကို (၇) လသားအရွယ်မှာ မိခင်က နံ့သာရည်နဲ့ ရေချိုးပေး၊ တန်ဆာဆင်ပေးပြီး ပျော်မြူးစေကာ ထိုင်နေတယ်။ မင်းက မိဖုရားရဲ့နေရာကို သွားတယ်။ မိဖုရားက သားကို ပျော်မြူးစေရင်း သားချစ်ခြင်းနဲ့ ကြည်နူးနေလို့ မင်းကို မြင်ပေမယ့်လည်း နေရာက မထမိ ဖြစ်သွားတယ်။

မင်းက "ဒီမိဖုရားဟာ အခုပဲ သားကို အမှီပြုပြီး မာနကြီးနေတယ်။ ငါ့ကို ဘာကြောင့် ဂရုမစိုက်သလဲ။ သား ကြီးလာရင်တော့ ငါ့ကို လူလို့တောင် မှတ်မှာ မဟုတ်ဘူး။ အခုပဲ အဲဒီသားကို သတ်မယ်" လို့ တွေးတယ်။ မင်းက ပြန်လှည့်သွားပြီး ရာဇပလ္လင်မှာ ထိုင်ကာ "ငါ့ရဲ့အမိန့်နဲ့ လာစေ" လို့ ခိုးသူသတ်သမားကို အခေါ်ခိုင်းတယ်။ ခိုးသူသတ်သမားက ဖန်ရည်နဲ့ ဆိုးထားတဲ့အဝတ်ကို ဝတ်တယ်။ ပန်းအနီကို ဆောင်တယ်။ ပေါက်ဆိန်ကို ပခုံးမှာ ချိတ်ထားတယ်။ စဉ်းတီတုံးနဲ့ လက်ခြေ

http://www.dhammadownload.com



တွေကို ငြိမ်အောင် ညှပ်တဲ့ တုတ်ကို ယူကာ လာပြီး မင်းကို ရှိခိုးတယ်။ "အရှင်မင်း၊ အကျွန်ုပ် ဘာကို လုပ်ရပါမလဲ" လို့ မေးကာ ရပ်နေတယ်။

"မိဖုရားရဲ့ ကျက်သရေတိုက်ခန်းကို သွားပြီး ဓမ္မပါလမင်းသား လေးကို ဆောင်ယူခဲ့ပါ" လို့ မင်းက ပြောလိုက်တယ်။ မိဖုရားကလည်း ရှင်ဘုရင် စိတ်ဆိုးပြီး ပြန်လှည့်သွားတာကို သိတယ်။ ဘုရားလောင်းကို ရင်ခွင်မှာ သိပ်ပြီး (လဲလျောင်းစေပြီး) ငိုရင်း ထိုင်နေတယ်။ ခိုးသူသတ် သမားက သွားပြီး မိဖုရားရဲ့ကျောကုန်းကို လက်နဲ့ ပုတ်ခတ်ကာ မိဖုရား ရဲ့လက်မှ မင်းသားကို လုယူပြီး မင်းထံ လာတယ်။ "အရှင်မင်း၊ ဘာကို လုပ်ရပါမလဲ" လို့ မေးတယ်။ မင်းက ပျဉ်ချပ်တစ်ခုကို ဆောင်ယူခိုင်း ပြီး သူ့ရှေ့မှာ ချထားခိုင်းကာ "အဲဒီဓမ္မပါလကို ဒီနေရာမှာ လဲလျောင်း စေ" လို့ ပြောတယ်။ ခိုးသူသတ်သမားက ခိုင်းတဲ့အတိုင်း လုပ်တယ်။

စန္ဒာဒေဝီမိဖုရားက သားရဲ့နောက်ကပဲ ငိုကြွေးပြီး လိုက်သွား တယ်။ တစ်ဖန် ခိုးသူသတ်သမားက "အရှင်မင်း၊ ဘာကို လုပ်ရပါမလဲ" လို့ မေးတယ်။ "ဓမ္မပါလရဲ့ လက်တွေကို ဖြတ်" လို့ ပြောတယ်။ စန္ဒာ ဒေဝီမိဖုရားက "အရှင်မင်းကြီး၊ ကျွန်မရဲ့ သားလေးက (၇) လပဲ ရှိသေး တဲ့ ကလေးငယ်လေးပါ။ ဘာကိုမှ မသိပါ။ သူ့မှာ အပြစ်မရှိပါ။ အပြစ် ရှိရင် ကျွန်မမှာ ရှိပါတယ်။ ဒါကြောင့် ကျွန်မရဲ့လက်တွေကို အဖြတ် ခိုင်းပါ" လို့ လျှောက်တင်တယ်။ မင်းက ခိုးသူသတ်သမားကို ကြည့်လိုက် တယ်။ "အရှင်မင်း၊ ဘာကို လုပ်ရပါမလဲ" လို့ မေးတယ်။ "အချိန် မဆိုင်း ဘဲ လက်တွေကို ဖြတ်" လို့ ပြောတယ်။ အဲဒီခဏမှာ ခိုးသူသတ်သမား ဟာ ပုဆိန်ထက်ထက်ကို ယူပြီး မင်းသားရဲ့ လက်တွေကို ဝါးမျှစ်နုနု လေးတွေပမာ ဖြတ်လိုက်တယ်။

http://www.dhammadownload.com



ဓမ္မပါလ မင်းသားလေးဟာ လက်နှစ်ဖက်ကို အဖြတ်ခံရပေမယ့် မငိုပါ၊ မမြည်တမ်းပါ။ ခန္တီမေတ္တာကို ရှေ့ထားပြီး သည်းခံနေတယ်။ စန္ဒာဒေဝီကတော့ ပြတ်နေတဲ့ လက်အဖျားကို ရင်ခွင်မှာ ထားပြီး သွေးတွေ ပေကျံကာ ငိုကြွေးနေတယ်။ တစ်ဖန် ခိုးသူသတ်သမားက "အရှင်မင်း၊ ဘာကို လုပ်ရပါမလဲ" လို့ မေးတယ်။ "ခြေနှစ်ဖက်တွေကိုလည်း ဖြတ်လိုက်" လို့ ပြောတယ်။ အဲဒီစကားကို ကြားရလို့ ဓမ္မပါလရဲ့ ခြေနှစ်ဖက်ကို ဖြတ်မယ့်အစား သူ့ခြေနှစ်ဖက်ကို ဖြတ်ဖို့ မိဖုရားက ပြောတယ်။ မင်းကလည်း ခိုးသူသတ်သမားကို နောက်ထပ် ခိုင်းပြန်တယ်။ သူက ခြေနှစ်ဖက်ကိုလည်း ဖြတ်လိုက်တယ်။

မိဖုရားက ခြေထောက်အဖျားကို ယူကာ ရင်ခွင်မှာ ထားပြီး သွေးတွေ ပေကျံကာ ငိုကြွေးရင်း "အို အရှင်မဟာပတာပမင်း၊ လက်ခြေပြတ်နေတဲ့ ကလေးတွေကို မိခင်က ပြုစုရမှာ ဖြစ်ပါတယ်။ ကျွန်မဟာ အခစား အလုပ် လုပ်ပြီး ကျွန်မရဲ့သားငယ်ကို ပြုစုပါမယ်။ သားငယ်ကို ကျွန်မအား ပေးပါ" လို့ ပြောတယ်။ ခိုးသူသတ်သမားက "အရှင်မင်း၊ ကျွန်တော်မျိုးဟာ မင်းအာဏာကို ပြုလုပ်ပြီးပါပြီလား။ ကျွန်တော်မျိုးရဲ့ ကိစ္စပြီးပါပြီလား" လို့ မေးတယ်။

"မပြီးသေးဘူးလေ။"

"ဒီလိုဆိုရင် ဘာလုပ် ပေးရဦးမှာပါလဲ အရှင်မင်း။"

"ဓမ္မပါလရဲ့ ဦးခေါင်းကို ဖြတ်လိုက်။"

အဲဒီစကားကို ကြားရလို့ ဓမ္မပါလရဲ့ ဦးခေါင်းအစား သူ့ဦးခေါင်းကို ဖြတ်ဖို့ မိဖုရားက ပြောပါသေးတယ်။ နောက်တစ်ခါ ခိုးသူသတ်သမားက "အရှင်မင်း ဘာကို လုပ်ရပါမလဲ" လို့ မေးတယ်။ "ဓမ္မပါလ

http://www.dhammadownload.com



ရဲ့ ဦးခေါင်းကို ဖြတ်လိုက်" လို့ ထပ်ပြောတယ်။ ခိုးသူသတ်သမားက ဦးခေါင်းကို ဖြတ်ပြီးတဲ့အခါ "အရှင်မင်း၊ မင်းအာဏာကို အကျွန်ုပ် ပြုလုပ်လို့ ပြီးပါပြီလား" လို့ မေးတယ်။

"မပြီးသေးဘူးလေ။"

"ဒီလိုဆိုရင် ဘာလုပ်ပေးရဦးမှာပါလဲ အရှင်မင်း။"

"သန်လျက်ထိပ်ဖျားနဲ့ ဓမ္မပါလကို ခံယူပြီး သန်လျက်ပန်းကုံး ပြုလုပ်။"

ခိုးသူသတ်သမားဟာ ဓမ္မပါလရဲ့ခန္ဓာကိုယ်ကို ကောင်းကင်ပေါ် မြှောက်တင်လိုက်တယ်။ သန်လျက်ထိပ်ဖျားနဲ့ ခံယူပြီး သန်လျက်ပန်းကုံး လုပ်ကာ မင်းရင်ပြင်ကြီးမှာ ဖြန့်ကြဲလိုက်တယ်။ မိဖုရားက ဘုရားလောင်းရဲ့ အသားတွေကို ရင်ခွင်ထဲမှာ ထည့်ပြီး မင်းရင်ပြင်မှာ ငိုကြွေးမြည်တမ်းနေတယ်။

"ဒီရှင်ဘုရင်မှာ ငါ့သားလေးကို မသတ်ဖို့ တားမြစ်ပေးကြမယ့် မိတ်ဆွေရင်းတွေ၊ ဆွေမျိုးတွေ၊ ကိစ္စအားလုံးမှာ အတူလုပ်ဖော်တွေ၊ စိတ်ထားနူးညံ့သူတွေ မရှိကြလေရော့သလား။"

"စန္ဒကူးနံ့သာ လိမ်းကျံထားတဲ့ ဓမ္မပါလရဲ့ လက်တွေ ခြေတွေ ဦးခေါင်း ပြတ်ကုန်ပြီ။ သန်လျက်ပန်းကုံးကိုလည်း ပြုလုပ်ပြီးပြီ။ အရှင်မင်းဟာ အရှင်မင်းရဲ့ အမျိုးအနွယ်ကို ဖြတ်တောက်ပစ်လိုက်ပြီ၊ သောကကို ခံနိုင်ရည် မရှိတော့လို့ ငါလည်း သေရတော့မယ်။"

အဲဒီလို ငိုကြွေးမြည်တမ်းရင်းပဲ မီးလောင်နေတဲ့ ဝါးတောထဲက ဝါးပမာ နှလုံးကွဲသွားတယ်။ မိဖုရားဟာ ဒီနေရာမှာပဲ သေသွားတယ်။ မင်းကလည်း ပလ္လင်ပေါ်မှာ မရပ်တည်နိုင်တော့လို့ မင်းရင်ပြင်မှာ ကျ

http://www.dhammadownload.com



တယ်။ ပျဉ်ချပ်အပြင်က နှစ်ပိုင်းကွဲသွားတယ်။ အဲဒီကမှ မြေကြီးပေါ် ကျတယ်။ မြေကြီးက သူ့ရဲ့အပြစ်ကို ဆောင်မထားနိုင်လို့ ကွဲပြီး အပေါက်အကြား ပေးတယ်။ အဝီစိက မီးလျှံ ပေါ်ထွက်လာပြီး မင်းကို ယူကာ အဝီစိမှာ ပစ်ချလိုက်တယ်။ သားအမိနှစ်ယောက်ရဲ့ သင်္ဂြိုဟ်ကိစ္စကို အမတ်တွေက ပြုလုပ်ကြတယ်။

မင်းက ဒေဝဒတ်အလောင်း။

စန္ဒာဒေဝီက မဟာပဇာပတိ ဂေါတမီအလောင်း ဖြစ်တယ်။

**(ဇာတက၊ ၄၊ တ၊ ၁၆၅)**

(၇) လသားအရွယ် ကလေးလေးက ဒီလောက် သည်းခံနိုင်တာဟာ အလွန်အံ့ဩစရာ ကောင်းပါတယ်။ အသက်အရွယ် နုနယ်သလောက် ခန္တီမေတ္တာက ရင့်ကျက်လွန်းလှပါတယ်။ အသက်အရွယ် ကြီးရင့်လာလို့ သည်းခံနိုင်တယ်ဆိုတာဟာ သိပ်မဆန်းလှပေမယ့် ငယ်ရွယ်စဉ်မှာ သည်းခံနိုင်လွန်းတာဟာ ဆန်းပါတယ်။ အတော်အတန် သည်းခံနိုင်သူတွေ ရှိကြပေမယ့် ဒီလောက်အထိ သည်းခံနိုင်တဲ့ ပုဂ္ဂိုလ်ကတော့ ယခုခေတ် လူဦးရေသန်းပေါင်း (၆၀၀၀) ကျော်ထဲမှာ တစ်ယောက်တလေတောင်မှ ရှိဖို့ မလွယ်လှပါ။

အသက်ကိုတောင် စွန့်ပြီး သည်းခံနိုင်မှုဟာ လောကကြီးမှာ ရှိရှိသမျှ သည်းခံမှုတွေထက် အဆပေါင်း ရာ၊ ထောင်၊ သိန်း သန်းမက ပို၍ ကြီးကျယ်လှပါတယ်။ ဘုရားအဖြစ် ရရှိဖို့ရာ သာမန်အရည်အသွေးကောင်း ရှိရုံမျှနဲ့ မဖြစ်နိုင်ပါ။ ဘုရားအဖြစ်ဆိုတာ အကြီးမားဆုံး ပန်းတိုင်၊ အခက်ခဲဆုံး ပန်းတိုင် ဖြစ်ပါတယ်။ အကြီးမားဆုံး ပန်းတိုင်ကို အမြင့်မားဆုံး ခန္တီမေတ္တာ ရှိသူတွေသာ ပိုင်ဆိုင်နိုင်ကြပါတယ်။

http://www.dhammadownload.com



လောကမှာ အကျိုးတရားက ကြီးမားလေလေ အကြောင်းတရားက ကြီးမားရလေလေပဲ ဖြစ်ပါတယ်။ အကြောင်း မကြီးမားရင် အကျိုးတရား မကြီးမားနိုင်ပါ။ ဘုရားလောင်းမှာ ခန္တီမေတ္တာ အရည်အသွေးကောင်းတွေ ကြီးမားရသလို အခြားအခြား ပညာ၊ သစ္စာ၊ ဝီရိယ၊ အဓိဋ္ဌာန်စတဲ့ အရည်အသွေးကောင်းတွေလည်း ကြီးမားရပါတယ်။

## လင်္ကာ

၁။ လက်-ခြေ-ခေါင်းပါ, ဖြတ်တောက်တာ, သူဟာ ခံရသည်။
၂။ (၇) လအရွယ်, အလွန်ငယ်, နုနယ် လွန်းလှသည်။
၃။ သူ့ခန္တီကား, လွန်ကြီးမား, သနားစရာ ကောင်းလှသည်။
၄။ အသက်သာ ငယ်, ခန္တီကြွယ်, လူ့ဝယ် ရှားလှသည်။
၅။ ခန္တီပြည့်လတ်, သူ့စိတ်ဓာတ်, လေးမြတ် ကြည်ညိုသည်။
၆။ မေတ္တာပြည့်လတ်, သူ့စိတ်ဓာတ်, လေးမြတ် ကြည်ညိုသည်။

http://www.dhammadownload.com

# ဥမ္မာဒန္တီ

ရှေးအခါက သိဝိတိုင်း၊ အရိဋ္ဌပုရမြို့မှ သိဝိမည်တဲ့ မင်းဟာ မင်းလုပ် အုပ်ချုပ်တယ်။ ဘုရားလောင်းက အဲဒီမင်းရဲ့ မိဖုရားခေါင်ကြီး ဝမ်းဗိုက်မှာ ဖြစ်တယ်။ သိဝိမင်းသားလို့ နာမည်မှည့်ကြတယ်။ စစ်သူကြီးမှာလည်း သား ရလာတယ်။ အဘိပါရကလို့ နာမည်မှည့်ကြတယ်။ သူတို့နှစ်ယောက်လုံးဟာ မိတ်ဆွေဖြစ်ပြီး ကြီးပြင်းလာကြတယ်။ အသက် (၁၆) နှစ်အရွယ်မှာ တက္ကသိလာပြည်ကို သွားပြီး အတတ်ပညာ သင်ယူကာ ပြန်လာကြတယ်။ မင်းက သားအား မင်းအဖြစ်ကို ပေးတယ်။ သား ရှင်ဘုရင်ကလည်း အဘိပါရကကို စစ်သူကြီးအရာမှာ ထားကာ တရားသဖြင့် မင်းလုပ်အုပ်ချုပ်တယ်။ အဲဒီ အရိဋ္ဌပုရမြို့မှာပဲ တိရိဋ္ဌိဝစ္ဆ အမည်ရှိတဲ့ ကုဋေ (၈၀) ကြွယ်ဝတဲ့ သူဌေး ရှိတယ်။ သူ့သမီးက ရုပ်လှတယ်၊ တင့်တယ်တယ်၊ တင့်တယ်တဲ့ လက္ခဏာနဲ့ ပြည့်စုံတယ်။ သူမ နာမည် မှည့်ရာနေ့မှာ သူမကို ဥမ္မာဒန္တီလို့ နာမည်မှည့်ကြတယ်။ ဥမ္မာဒန္တီဟာ အသက် (၁၆) နှစ် အရွယ်မှာ လှအလှထက် ပိုတယ်။ နတ်သမီးလေးလို အလွန်လှတယ်။ ကြည့်ရှုချင်စရာ ကောင်းတယ်။ စိတ်ကြည်လင်စေတယ်။ အလွန် လှပမှု၊ ခန္ဓာကိုယ် ပြေပြစ်မှုတွေနဲ့ ပြည့်စုံတယ်။ သူမကို မြင်မြင်သမျှ ပုထုဇဉ်တွေဟာ ကိုယ့်သဘောနဲ့ ကောင်းကောင်း မရပ်တည်နိုင်ကြ၊ ထန်းရည်၊ အရက်မူးသူတွေပမာ ကိလေသာနဲ့ ယစ်မူးကုန်တယ်။ သတိ မထားနိုင်ကြတော့ပါ။

http://www.dhammadownload.com



ဥမ္မာဒန္တီရဲ့ဖခင် တိရိဋိဝစ္ဆသူဌေးက မင်းထံ ချဉ်းကပ်ပြီး လျှောက်တင်ပါတယ်။

"အရှင်မင်း၊ အကျွန်ုပ်ရဲ့ အိမ်မှာ မိန်းမရတနာ ဖြစ်ပေါ်နေပါတယ်။ မင်းနဲ့သာ သင့်လျော်ထိုက်တန်ပါတယ်။ လက္ခဏာဖတ်တဲ့ ပုဏ္ဏားတွေကို စေလွှတ်ပြီး အဲဒီမိန်းမရတနာကို စူးစမ်းခိုင်းကာ ကြိုက်သလို ပြုလုပ်ပါ။"

မင်းက "ကောင်းပြီ" လို့ ပြောပြီး ပုဏ္ဏားတွေကို စေလွှတ်လိုက်ပါတယ်။ အဲဒီပုဏ္ဏားတွေက သူဌေးအိမ်သွားပြီး ပူဇော်မြတ်နိုးမှုကို ခံယူကာ နို့ယနာကို သုံးဆောင်ကြတယ်။ အဲဒီခဏမှာ ဥမ္မာဒန္တီက အဆင်တန်ဆာအားလုံးနဲ့ တန်ဆာဆင်ပြီး အဲဒီပုဏ္ဏားတွေထံ သွားတယ်။ အဲဒီပုဏ္ဏားတွေက ဥမ္မာဒန္တီကို မြင်ပြီး သတိမထားနိုင်ကြတော့။ ကိလေသာနဲ့ ယစ်မူးကုန်တယ်။ သူတို့ ထမင်းစား မပြီးသေးတာကို မသိကြတော့။ တချို့က ထမင်းလုတ်ကို ယူပြီး 'ငါတို့ စားကြမယ်'လို့ အမှတ်နဲ့ ဦးခေါင်းမှာ တင်ထားကြတယ်။ တချို့က ချိုင်းကြားမှာ ပစ်ကြတယ်။ တချို့က နံရံကို ပုတ်ခတ်ကြတယ်။ ပုဏ္ဏားအားလုံး အရူးတွေချည်း ဖြစ်ကုန်တယ်။ ဥမ္မာဒန္တီက အဲဒီပုဏ္ဏားတွေကို မြင်ပြီး "ဒီပုဏ္ဏားတွေက ငါ့ရဲ့ လက္ခဏာကို ဖတ်ကြမတဲ့လား၊ ဒီပုဏ္ဏားတွေကို လည်ပင်းကိုင်ပြီး ဆွဲထုတ်ကြပါ"လို့ ပြောကာ ဆွဲထုတ်ခိုင်းတယ်။ အဲဒီပုဏ္ဏားတွေက မျက်နှာမသာမယာဖြစ်ပြီး မင်းနန်းတော်ကို သွားကြတယ်။ ဥမ္မာဒန္တီအပေါ် စိတ်ဆိုးပြီး "အရှင်မင်း၊ အဲဒီမိန်းမက မိန်းမယုတ် ဖြစ်ပါတယ်။ အရှင်မင်းနဲ့ မလျော်ပတ် မထိုက်တန်ပါ" လို့ လျှောက်တင်ကြတယ်။ မင်းက "အယုတ်မတဲ့" လို့ ပြောပြီး ဥမ္မာဒန္တီကို အခေါ်မခိုင်းတော့ပါ။ ဥမ္မာဒန္တီက အဲဒီဖြစ်ပုံကို ကြားရပြီး "ငါ့ကို မိန်းမယုတ်မို့ မင်းက မယူတာတဲ့။

http://www.dhammadownload.com



မိန်းမယုတ်ဆိုတာ ဒီလို မဟုတ်ကြပါ” လို့ ပြောပြီး “ရှိပါစေ၊ ငါဟာ အဲဒီ မင်းကို တွေ့ရရင် သိစေ့မယ်” လို့ တွေးကာ အဲဒီမင်းအပေါ် ရန်ငြိုး ဖွဲ့လိုက်တယ်။ အဲဒီအခါ ဥမ္မာဒန္တီကို ဖခင်က အဘိပါရကာ စစ်သူကြီးအား ပေးလိုက်တယ်။ ဥမ္မာဒန္တီဟာ အဘိပါရကရဲ့ ချစ်ခင်မြတ်နိုးမှုကို ခံယူရတယ်။

ဘယ်ကုသိုလ်ကံရဲ့ အကျိုးဆက်ကြောင့် ဥမ္မာဒန္တီဟာ ဒီလောက် လှရပါသလဲ။ အနီရောင်အဝတ်ကို လှူခဲ့တဲ့ အလှူရဲ့ အကျိုးဆက်ကြောင့်ပါပဲ။ အကျယ်ချဲ့ပြောပါမယ်။ ဥမ္မာဒန္တီဟာ ရှေးဘဝတစ်ခုမှာ ဗာရာဏသီမြို့က ဆင်းရဲတဲ့အမျိုးမှာ ဖြစ်ခဲ့တယ်။ ပွဲလမ်းသဘင်နေ့မှာ ဘုန်းကံနဲ့ ပြည့်စုံတဲ့ မိန်းမတွေက ဝတ်ပန်း (ဆူးပန်းပွင့်) နဲ့ အရောင်ဆိုးထားတဲ့ အနီရောင်အဝတ်ကို ဝတ်ပြီး တန်ဆာဆင်ကာ ပျော်ပါးနေကြတယ်။ ဥမ္မာဒန္တီလောင်းလျာက အဲဒီမိန်းမတွေကို မြင်ပြီး အဲဒီလိုအဝတ်ကို ဝတ်ကာ ပျော်ပါးလိုစိတ် ဖြစ်လာတယ်။ မိဘတွေအား ပြောပြတော့ မိဘတွေက “သမီး၊ ငါတို့က ဆင်းရဲသားတွေပဲ။ အဲဒီလို အဝတ်ကို ငါတို့ ဘယ်က ရမှာလဲ” လို့ ပြောကြတယ်။ “ဒီလိုဆိုရင် သမီးကို ကြွယ်ဝချမ်းသာတဲ့ အိမ်တစ်အိမ်မှာ အခစား အလုပ်လုပ်ဖို့ ခွင့်ပြုကြပါ။ သူတို့က သမီးရဲ့ဂုဏ်ကို သိပြီး ပေးကြပါလိမ့်မယ်” လို့ ပြောတယ်။ မိဘတွေက ခွင့်ပြုလို့ အဲဒီအိမ် ချဉ်းကပ်ပြီး ပြောတယ်။

“ကျွန်မဟာ ဝတ်ပန်းနဲ့ ဆိုးထားတဲ့ အနီရောင်အဝတ်အတွက် အခစားအလုပ် လုပ်ပါမယ်။”

“သုံးနှစ်ပတ်လုံး အလုပ်လုပ်ပြီးရင် သင့်ရဲ့ဂုဏ်ကို သိပြီး ငါတို့ ပေးကြပါမယ်။”

http://www.dhammadownload.com



အဲဒီအခါ ဥမ္မာဒန္တီလောင်းလျာကို အဲဒီလူတွေက အဲဒီလို ပြောလိုက်ကြပါတယ်။ သူမက 'ကောင်းပါပြီ' လို့ ဝန်ခံပြီး အလုပ်လုပ်တယ်။ အဲဒီလူတွေက သူမရဲ့ဂုဏ်ကို သိပြီး သုံးနှစ် မပြည့်ခင်မှာဘဲ သူမအား ဝတ်ပန်းနဲ့ ဆိုးထားတဲ့ အနီရောင်အဝတ်ထူထူနဲ့အတူ အခြားအဝတ်ကိုလည်း ပေးလိုက်ကြတယ်။ "သင့်သူငယ်ချင်းမတွေနဲ့အတူ သွားပြီး ရေချိုးကာ ဝတ်ခဲ့ပါ" လို့ ပြောကာ သူမကို စေလွှတ်လိုက်ကြတယ်။ သူမက သူငယ်ချင်းမတွေကို ခေါ်ယူပြီး သွားကာ အဝတ်နီကို မြစ်ကမ်းနားမှာ ထားပြီး ရေချိုးတယ်။ အဲဒီခဏမှာ ကဿပဘုရားရှင်ရဲ့ တပည့်တစ်ဦးက သင်္ကန်းလုယူခံထားရလို့ ချိုးထားတဲ့ သစ်ကိုင်းကို ဝတ်လည်းဝတ်၊ ရုံလည်းရုံကာ အဲဒီအရပ်ကို ရောက်လာတယ်။ ဥမ္မာဒန္တီလောင်းလျာက အဲဒီမထေရ်ကို မြင်ရပြီး "ဒီအရှင်မြတ်ဟာ သင်္ကန်း အလုယူခံရတာ ဖြစ်လိမ့်မယ်။ အရင်ဘဝကလည်း မလှူခဲ့လို့ ငါ့မှာ အဝတ်ကို ရဖို့ ခဲယဉ်းတယ်" လို့ တွေးကာ အဲဒီအဝတ်ကို နှစ်ပိုင်း ခွဲလိုက်တယ်။ "တစ်ပိုင်းကို အရှင်မြတ်အား ငါ လှူမယ်" လို့ ကြံပြီး ရေထဲမှ တက်လာကာ သူမရဲ့ အဝတ်ကို ဝတ်ပြီး "ရပ်တော်မူပါဦးဘုရား"လို့ လျှောက်တယ်။ မထေရ်ကို ရှိခိုးပြီး အဝတ်အနီကို အလယ်က ခွဲကာ အဲဒီမထေရ်အား တစ်ပိုင်းကို လှူလိုက်ပါတယ်။

အဲဒီမထေရ်က သင့်တင့်ရာအရပ်မှာ ဖုံးကွယ်ရာနေရာမှာ ရပ်ကာ ချိုးထားတဲ့ သစ်ကိုင်းကို စွန့်ပစ်ပြီး အဲဒီအဝတ်ရဲ့ ထောင့်တစ်ထောင့်ကို ခါးမှာ ဝတ်ကာ တစ်ထောင့်ကို အပေါ်မှာ ရုံပြီး ထွက်ခွာသွားတယ်။ အဲဒီအခါ အဲဒီအဝတ်ရဲ့ အရောင်ကြောင့် အဲဒီမထေရ်ရဲ့ တစ်ကိုယ်လုံးဟာ တက်သစ်နေပမာ တစ်ခဲနက် တောက်ပနေတယ်။ သူမက အဲဒီအခြေအနေကို မြင်ရပြီး "ငါ့ရဲ့အရှင်မြတ်ဟာ ပထမက မတင့်တယ်ပါ။

http://www.dhammadownload.com



အခု တက်သစ်နေပမာ တင့်တယ်နေတယ်။ ဒီကျန်တဲ့ အဝတ်ပိုင်းကို လည်း အဲဒီမထေရ်အားသာ လှူမယ်" လို့ တွေးကာ ဒုတိယအဝတ်ပိုင်း ကိုလည်း လှူလိုက်ပါတယ်။ ဒီလိုလည်း ဆုတောင်းလိုက်ပါတယ်။

"အရှင်ဘုရား၊ တပည့်တော်ဟာ ဘဝသံသရာမှာ ကျင်လည်တဲ့ အခါ မြင့်မြတ်တဲ့ ရုပ်အဆင်းကို ဆောင်နိုင်သူ ဖြစ်ရပါလို၏။ တပည့် တော်ကို မြင်ပြီး ဘယ်ယောကျ်ားမှ ပင်ကိုအနေအထားနဲ့ တည်ရှိဖို့ မစွမ်းနိုင်ပါစေနဲ့။ တပည့်တော်ထက် အခြားအမျိုးသမီးက ပိုပြီး ရုပ်လှ သူ မဖြစ်ပါစေနဲ့။"

မထေရ်ကလည်း အနုမောဒနာပြုပြီး ဖဲသွားပါတယ်။ သူမဟာ နတ်ပြည်မှာ ကျင်လည်ရင်း အဲဒီအချိန်မှာ အရိဋ္ဌပုရမြို့မှာ ဖြစ်ကာ အဲဒီလို အလွန်လှပသူ ဖြစ်လာပါတယ်။ သိဝိမင်းဟာ မြို့ကို လှည့်လည် တဲ့အခါ တစ်နေ့မှာ ဥမ္မာဒန္တီကို မြင်သွားပါတယ်။ နေ့ရောညပါ အိပ်လို့ မပျော်နိုင်အောင် ခံစားသွားရရှာပါတယ်။ "တစ်ည သို့မဟုတ် နှစ်ည အဘိပါရကစစ်သူကြီး ဖြစ်ချင်ပါဘိတယ်။ ဥမ္မာဒန္တီနဲ့ ပျော်ပါးပြီး သိဝိ မင်း ပြန်ဖြစ်ချင်ပါတယ်" လို့တောင် သိကြားမင်းက သူ့ကို ဆုပေးခဲ့ရင် ဆုတောင်းချင်ပါသတဲ့။ အဲဒီလောက်ထိအောင်ပဲ စွဲလမ်းသွားရှာပါ တယ်။

သိဝိမင်းက ဘုရားလောင်း ဖြစ်ပါတယ်။ အဘိပါရကက အရှင် သာရိပုတ္တရာအလောင်း ဖြစ်ပါတယ်။ ဥမ္မာဒန္တီက ဥပ္ပလဝဏ်အလောင်း လျာ ဖြစ်ပါတယ်။ **(ဇာတ်၊ ၄၊ ပဥ္စမ၊ ၂၂၂)**

မြန်မာနိုင်ငံမှာပဲ သင်္ကန်းလှူတဲ့ အမျိုးသမီးတွေက များလှပါပေ တယ်။ ဥမ္မာဒန္တီလောင်းလျာ လှူခဲ့တဲ့ အဝတ်ထက် အခု မြန်မာနိုင်ငံက သင်္ကန်းအလှူရှင်တွေ လှူနေတဲ့ သင်္ကန်းက အရောင်အဆင်းရော၊ အမျိုး

http://www.dhammadownload.com



အစားပါ ပိုမိုကောင်းမွန်ဖွယ် ရှိပါတယ်။ သက်နီးလျှတဲ့ အမျိုးသမီးတိုင်းသာ ဥမ္မာဒန္တီလို ဆုတောင်းခဲ့ကြရင် အမျိုးသားတွေဟာ အရူးချည်းဖြစ်ကုန်ရပါလိမ့်မယ်။ အမျိုးသမီးလောကမှာ ဥမ္မာဒန္တီတွေသာ များခဲ့ရင် အမျိုးသားတွေမှာ ဒုက္ခများရချည်ရဲ့။ ဥမ္မာဒန္တီလောက် အမျိုးသားတွေရဲ့စိတ်ကို မွှေနှောက်ချောက်ချားစေနိုင်စွမ်း မရှိတောင် ဥမ္မာဒန္တီနီးပါး ချောက်ချားစေတဲ့ အမျိုးသမီးတွေဟာ ဥမ္မာဒန္တီလို အဝတ်လျှပြီးများ ဆုတောင်း ခဲ့ကြလေသလား။ ဥမ္မာဒန္တီလို အမျိုးသားတစ်ယောက်လည်း ရှိခဲ့ပါတယ်။ အနာထပိဏ်ရဲ့တူဖြစ်သူ ခေမက ဖြစ်ပါတယ်။

သူက ကဿပဘုရားလက်ထက် ရွှေစေတီမှာ ရွှေပြား (၂) ချပ်လှူကာ "ဆွေမျိုးအမျိုးသမီးများ ချန်ပြီး ကျန်အမျိုးသမီးတွေဟာ ငါ့ကိုမြင်ရင် ချစ်ကြပါစေ" လို့ ဆုတောင်းခဲ့ပါတယ်။ ခေမကကို မြင်ရင်အမျိုးသမီးတွေခမျာ ချစ်စိတ်ဝင်ကာ ပင်ကိုအနေအထားနဲ့ ရပ်တည်နိုင်စွမ်း မရှိကြတော့ပါတဲ့။ စာရှုသူဟာ အဲဒီဥမ္မာဒန္တီနဲ့ ခေမကတို့ကိုများအားကျ နေမိလေရော့သလား။ ဥမ္မာဒန္တီနဲ့ ခေမကလို ဆုတောင်းပုံချင်းတူတဲ့ အမျိုးသား အမျိုးသမီးတို့ ဆုတောင်းပြည့်ရာ ဘဝမှာ ဆုံစည်းကြရင် ဘယ်လိုနေကြလေမလဲ။

## လင်္ကာ

၁။ ဥမ္မာဒန္တီ, လှလွန်းသည်, လှူသည် အဝတ်နီ။

၂။ အဝတ်နီ အလှူက, သူ့ရုပ, လွန်မှ လှစေသည်။

၃။ လှထိပ်ခေါင်တင်, ဖြစ်ဖို့ပင်, ရှေးတွင် ဆုပန်သည်။

၄။ ထိုဆုအရ, သူ့ရုပ်လှ, ခေါင်က ရောက်နေသည်။

http://www.dhammadownload.com

# ပဒုမ္မာကြာပေါ်က ဆွမ်းအလှူ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်တဲ့အခါ ဘုရားလောင်းက ဗာရာဏသီ သူဌေးအမျိုးမှာ ဖြစ်ပြီး ချမ်းသာရဲ့ အဆောက်အဦးမျိုးစုံနဲ့ နတ်မင်းသားလို ကြီးပြင်လာတဲ့အခါ အစဉ်အတိုင်း တတ်သိနားလည်တဲ့အရွယ် ရောက်လာတယ်။ (၁၆) နှစ်အရွယ်မှာပဲ အတတ်ပညာအားလုံး ပြီးဆုံးတတ်မြောက်တယ်။ ဘုရားလောင်းက ဖခင် ကွယ်လွန်တဲ့အခါ သူဌေးရာထူးမှာ ရပ်တည်ပြီး မြို့တံခါး (၄) ခုမှာ အလှူဇရပ် (၄) ခု၊ မြို့လယ်မှာ (၁) ခု၊ သူ့နေအိမ်တံခါးမှာ (၁) ခု၊ ပေါင်း ဇရပ် (၆) ခု ဆောက် လုပ်ခိုင်းပြီး အလှူကြီး ပေးတယ်။ သီလစောင့်တယ်။ ဥပုသ်ကံ ပြုလုပ် တယ်။ တစ်နေ့မှာ နံနက်စာအချိန်မှာ ဘုရားလောင်းထံ အရသာကောင်း အမျိုးမျိုးပါတဲ့ မြတ်နိုးဖွယ် စားဖွယ်ကို ကပ်ဆောင်လာတဲ့အခါ ပစ္စေကဗုဒ္ဓါတစ်ပါးက (၇) ရက်လွန်သွားလို့ နိရောဓသမာပတ်မှ ထပြီး ဆွမ်းခံချိန်ကို မှတ်သားကာ "ဒီနေ့ ငါဟာ ဗာရာဏသီသူဌေးရဲ့ အိမ်တံခါးကို သွားသင့်တယ်"လို့တွေးကာ ကွမ်းရိုးတံပူကို စားကာ အနောတတ္တအိုင်မှာ မျက်နှာသစ်တယ်။ ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာမှာ ရပ်ရင်း သင်းပိုင်ကို ပြင်ဝတ်ကာ လျှပ်ရောင်နဲ့ တူတဲ့ ခါးပန်းကြိုးကို ပတ်ပြီး သင်္ကန်း ရုံတယ်။ တန်ခိုးနဲ့ ပြီးတဲ့

http://www.dhammadownload.com



မြေညက်သပိတ်ကို ယူကာ ကောင်းကင်ခရီးနဲ့ လာပြီး ဘုရားလောင်းထံ ထမင်းကို ကပ်ဆောင်ကာမျှမှာ အိမ်တံခါးမှာ ရပ်တယ်။

ဘုရားလောင်းက ပစ္စေကဗုဒ္ဓါကို မြင်ပြီးချင်းပဲ နေရာမှ ထကာ အလွန်ရိုသေပျပ်ဝပ်မှုကို ပြုပြီး အစီအမံပြုလုပ်သူကို ကြည့်လိုက်တယ်။ "အရှင်သူဌေး၊ ဘာကို လုပ်ပေးရပါမလဲ" လို့ မေးတဲ့အခါ "အရှင်မြတ်ရဲ့ သပိတ်ကို ဆောင်ယူခဲ့ပါ" လို့ ပြောတယ်။ အဲဒီခဏမှာပဲ ယုတ်မာတဲ့ မာရ်နတ်က တုန်လှုပ်လျက် ထပြီး "ဒီပစ္စေကဗုဒ္ဓါဟာ ဒီနေ့မှ (၇) ရက်မြောက်မှာ အာဟာရကို ရခဲ့တယ်။ ဒီနေ့ မရလို့ ပျက်စီးလိမ့်မယ်။ ဒီပစ္စေကဗုဒ္ဓါကိုလည်း ဖျက်ဆီးမယ်။ သူဌေးရဲ့ ဒါနအန္တရာယ်ကိုလည်း ပြုလုပ်မယ်"လို့ကြံပြီး အဲဒီခဏမှာပဲ လာကာ အကြားနေရာကို အတောင် (၈၀) လောက်ရှိတဲ့ မီးကျီးတွင်းကို ဖန်ဆင်းတယ်။ အဲဒီ မီးကျီးတွင်းဟာ ရှားမီးကျီးတွေနဲ့ ပြည့်နေတယ်။ အလျှံတပြောင်ပြောင် တောက်လောင်နေတယ်။ အဝီစိငရဲကြီးလို့ ထင်ရတယ်။ အဲဒီတွင်းကို ဖန်ဆင်းပြီး မာရ်နတ်ကိုယ်တိုင်က ကောင်းကင်မှာ ရပ်တည်နေတယ်။

သပိတ်ကို ဆောင်ယူဖို့ သွားတဲ့ ယောကျ်ားက အဲဒီမီးကျီးတွင်းကို မြင်ပြီး အကြီးအကျယ် ကြောက်ကာ ပြန်လာတယ်။ ဘုရားလောင်းက "ချစ်သား၊ ဘာလို့ ပြန်လာတာလဲ" လို့ မေးတယ်။ "အိုအရှင်သူဌေး၊ အကြားအရပ်မှာ ကြီးကျယ်တဲ့ မီးကျီးတွင်းက အလျှံတပြောင်ပြောင် တောက်လောင်နေပါတယ်" လို့ ပြောတယ်။ အဲဒီအခါ နောက်တစ်ယောက်၊ နောက်တစ်ယောက်နဲ့ လာလာသမျှ လူအားလုံးကလည်း ကြောက်ကာ အမြန်ပြေးလာကြတယ်။ ဘုရားလောင်းက အောက်ပါအတိုင်း ကြံစည်တယ်။

http://www.dhammadownload.com



"ဒီနေ့ မာရ်နတ်က ငါ့ရဲ့ ဒါနအန္တရာယ်ကို ပြုလိုလို့ ကြိုးစားလိမ့်မယ်။ မာရ်နတ်တစ်ရာ၊ တစ်ထောင်ကလည်း ငါ့ကို တုန်လှုပ်အောင် မလုပ်နိုင်တာကို သူ မသိ။ ဒီနေ့ အခု ငါနဲ့ မာရ်နတ်ရဲ့အင်အားအစွမ်း ကြီးကျယ်တာကို ငါ သိမယ်။"

ဘုရားလောင်းက ပြင်ဆင်ပြီးသားဖြစ်တဲ့ အဲဒီထမင်းခွက်ကို ကိုယ်တိုင် ယူပြီး အိမ်မှ ထွက်ကာ မီးကျီးတွင်း နှုတ်ခမ်းမှာ ရပ်ပြီး ကောင်းကင်ကို မော်ကြည့်တယ်။ မာရ်နတ်ကို မြင်ပြီး "သင်က ဘယ်သူလဲ" လို့ မေးတယ်။

"ငါဟာ မာရ်နတ်ပါ။"

"ဒီမီးကျီးတွင်းကို သင် ဖန်တီးထားတာလား။"

"ဟုတ်တယ်၊ ငါ ဖန်ဆင်းထားတယ်။"

"ဘယ်အကျိုးငှာလဲ။"

"သင့်ဒါနကို အန္တရာယ်ပြုဖို့နဲ့ ပစ္စေကဗုဒ္ဓါရဲ့အသက်ကို ဖျက်ဆီးဖို့ပါပဲ။"

ဘုရားလောင်းက "ငါဟာ သင့်အား ငါ့အလှူနဲ့ ပစ္စေကဗုဒ္ဓါရဲ့ အသက်ကို အန္တရာယ်ပြုခွင့် မပေးအံ့။ ဒီနေ့ အခု ငါနဲ့ သင်ရဲ့ အင်အားအစွမ်းကြီးမားပုံကို ငါ သိမယ်" လို့ ပြောပြီး မီးကျီးတွင်းနှုတ်ခမ်းမှာ ရပ်ကာ "အရှင်ဘုရား ပစ္စေကဗုဒ္ဓါ၊ တပည့်တော်ဟာ ဒီမီးကျီးတွင်းထဲမှာ ကျွမ်းပြန်ကျစေဦးတော့ ပြန်မလှည့်ပါ။ အရှင်ဘုရားက တပည့်တော် လှူတဲ့ စားဖွယ်ကိုသာ ခံယူတော်မူကြပါ" လို့ လျှောက်တယ်။ ခိုင်မြဲတဲ့ ဆောက်တည်ချက်နဲ့ ထမင်းခွက်ကို ယူပြီး မီးကျီးတွင်းပေါ်က ပြေးသွားတယ်။ အဲဒီခဏမှာပဲ အတောင်ရှစ်ဆယ်နက်တဲ့ မီးကျီးတွင်း

http://www.dhammadownload.com



အပြင်မှာ အထက်အထက်မှာ ဖြစ်တဲ့ ပွင့်ချပ်တစ်ရာပါတဲ့ ပဒုမ္မာကြာပန်းကြီးတစ်ပွင့်ဟာ ပေါ်ထွက်လာပြီး ဘုရားလောင်းရဲ့ ခြေတွေကို ခံယူတယ်။ အဲဒီကနောက် ပြည်တောင်းကြီးလောက်ရှိတဲ့ ဝတ်မှုန်ဟာ အပေါ် တက်လာပြီး ဘုရားလောင်းရဲ့ ဦးထိပ်မှာ တည်ကာ တစ်ကိုယ်လုံးကို ရွှေမှုန်တွေနဲ့ ရောပွမ်းသလို ပြုလုပ်တယ်။ ဘုရားလောင်းက ပဒုမ္မာကြာအချပ်မှာ ရပ်ကာ အရသာကောင်း အမျိုးမျိုးပါတဲ့ စားဖွယ်ကို ပစ္စေကဗုဒ္ဓါရဲ့ သပိတ်ထဲမှာ တည်စေပါတယ်။ ပစ္စေကဗုဒ္ဓါက အဲဒီဆွမ်းကို ခံယူပြီး အနုမောဒနာပြုကာ သပိတ်ကို ကောင်းကင်မှာ ပစ်လိုက်တယ်။ လူအများ ကြည့်နေစဉ်မှာပဲ ပစ္စေကဗုဒ္ဓါ ကိုယ်တိုင်လည်း ကောင်းကင်ကို ပျံတက်ကာ တိမ်တိုက်အစဉ် အမျိုးမျိုးကို နင်းချေသည့်ပမာ ဟိမဝန္တာကိုပဲ ကြွသွားပါတယ်။

မာရ်နတ်ကလည်း ရှုံးလို့ စိတ်ဆင်းရဲကာ သူ့နေရာကိုပဲ ပြန်သွားတယ်။ ဘုရားလောင်းကတော့ ပဒုမ္မာကြာအချပ်မှာ ရပ်ရင်းပဲ လူအများအား ဒါန၊ သီလကို ချီးမွမ်းမှုနဲ့ တရားဟောတယ်။ လူအများဝန်းရံပြီး ကိုယ့်နေရာကိုပဲ ဝင်သွားတယ်။ အသက်ထက်ဆုံး ဒါနစတဲ့ ကောင်းမှုတွေကို ပြုလုပ်ပြီး ကံအားလျော်စွာ ရှေ့ဘဝခရီး ဆက်သွားတယ်။

(ဇာတ်၊ ၄၊ ပ၊ ၂၄၉)

ပစ္စေကဗုဒ္ဓါကို ပရိနိဗ္ဗာန်စံသွားအောင် အနှောင့်အယှက်ပေးလိုတဲ့ မာရ်နတ်ရဲ့စိတ်ထားဟာ အံ့အားသင့်စရာပါပဲ။ ရှားမီးကျီးတွင်းကို ကျော်နင်းဖြတ်သွားရဲတဲ့ ဘုရားလောင်းရဲ့ စိတ်ထားကတော့ အံ့မခန်းပါပဲ။ ဒီလောက် ပူလောင်နေတဲ့ မီးကျီးတွေကို ဘယ်လို ပုဂ္ဂိုလ်က ဖြတ်သွားရဲမှာလဲ။ ဖြတ်သွားဖို့ စိတ်တောင် ကူးမယ် မဟုတ်ပါ။ ဘုရားလောင်း

http://www.dhammadownload.com



ရဲ့သတ္တိကို နတ်ဆိုးကြီးမာရ်နတ်တောင် လက်မြှောက်ရပါတယ်။ လက်မှိုင်ချရပါတယ်။ ဘုရားလောင်းရဲ့ သတ္တိကို ပဒုမ္မာကြာပန်းက ကြိုဆိုပါတယ်။ ဘုရားလောင်း သူတော်ကောင်းနဲ့ မာရ်နတ် နတ်ယုတ်မာတို့ သတ္တိချင်း ယှဉ်ပြိုင်ကြပါတယ်။ မာရ်နတ်ရဲ့သတ္တိ ညံ့ပါတယ်။ ရှုံးသွားပါတယ်။

"ထမင်းအသက် (၇) ရက်" လို့ မြန်မာတို့ ပြောလေ့ရှိကြပါတယ်။ ပစ္စေကဗုဒ္ဓါဟာ နိရောဓသမာပတ်ကို (၇) ရက်ပတ်လုံး ဝင်စားတော်မူပါတယ်။ (၈) ရက်မြောက်မှာ အစာမစားရရင် ပျက်စီးနိုင်တယ်လို့ ဆိုပါတယ်။ မြန်မာတို့ ဆိုရိုးစကားနဲ့ ညီပါတယ်။ အစာကို မှီရတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားတာမို့ ပစ္စေကဗုဒ္ဓါတွေလည်း အစာနဲ့ ကင်းလို့ (၇) ရက် ထက် ပိုပြီး မရကြပါ။ (၇) ရက်ထက် ပိုလို့ရရင် (၇) ရက်ထက် ပိုပြီး သမာပတ် ဝင်စားတော်မူကြမှာ သေချာပါတယ်။

## လင်္ကာ

၁။ ဆွမ်းခွက်ကို ယူ, မီးကျီးပူ, သူဟာ နင်းသွားသည်။
၂။ မီးကျီးထဲမှာ, ပဒုမ္မာ, ကြာဟာ ပွင့်လာသည်။
၃။ မီးကျီးဖန်ဆင်း, မာရ်နတ်မင်း, စိတ်ဆင်းရဲလေပြီ။
၄။ ဘုရားလောင်းဟာ, ကြာပေါ်မှာ, ရပ်ကာ တရားဟောပါသည်။

http://www.dhammadownload.com

# စိစစ်ပြီး လှူပါ

ရှေးအခါက ကုရုတိုင်း၊ ဣန္ဒပတ္ထမြို့မှာ ယုဓိဋ္ဌိလအနွယ်ရှိ ကောရဗျ မင်းဟာ အုပ်ချုပ်တယ်။ အဲဒီမင်းမှာ ဝိဓုရ မည်တဲ့ အမတ်က အကျိုးကို ရော အကြောင်းကိုပါ ဆုံးမ သွန်သင်တယ်။ မင်းက ဇမ္ဗူဒိပ်တစ်ကျွန်း လုံးကို ချောက်ချားစေပြီး အလှူကြီး လှူတယ်။ အဲဒီအလှူကို ယူပြီး စားကြသူတွေထဲမှာ တစ်ယောက်မှ ငါးပါးသီလမျှတောင် စောင့်ရှောက် သူဆိုတာ မရှိပါ။ အားလုံးက သီလ မရှိသူတွေချည်းပါပဲ။ အလှူက မင်း ကို မကျေနပ်စေပါ။ မင်းက "စိစစ်ရွေးချယ်ပြီး လှူတာဟာ အကျိုးကြီး တယ်" လို့ တွေးပြီး သီလရှိသူတွေအား လှူလိုလို့ "ဝိဓုရပညာရှိနဲ့အတူ တိုင်ပင်မယ်" လို့ ကြံတယ်။ မင်းက ဝိဓုရ ဆည်းကပ်ရာအရပ်ကို လာတဲ့ အခါ နေရာမှာ ထိုင်စေပြီး ပြဿနာကို မေးပါတယ်။ ဝိဓုရပညာရှိက ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကို ပင့်ဖိတ်ဖို့ ညွှန်ကြားပါတယ်။

မင်းက ဝိဓုရရဲ့စကားကို နာကြားပြီး "မိတ်ဆွေ ဝိဓုရ၊ အမြတ်ဆုံး ဖြစ်တဲ့ အလှူခံပုဂ္ဂိုလ်တွေက ဘယ်မှာ နေကြလဲ"လို့ မေးတယ်။ "မင်းကြီး ဟိမဝန္တာရဲ့ မြောက်ပိုင်းက နန္ဒမူလကတောင်ဝှမ်းမှာ နေကြပါတယ်" လို့ ဖြေတယ်။ မင်းက "ဝိဓုရပညာရှိ၊ ဒီလိုဆိုရင် သင့်အစွမ်းနဲ့ သီလ၊

http://www.dhammadownload.com



သူတနဲ့ ပြည့်စုံတဲ့ ပစ္စေကဗုဒ္ဓါတွေကို ငါ့အတွက် ရှာဖွေပေးပါ။ အမြန် လည်း ပင့်ဆောင်ပေးပါ” လို့ ပြောတယ်။ ဘုရားလောင်းဖြစ်တဲ့ ဝိဓုရ ပညာရှိက ‘ကောင်းပါပြီ’လို့ မင်းရဲ့စကားကို လက်ခံပြီး “မင်းကြီး၊ ဒီလို ဆိုရင် မြို့ကို တန်ဆာဆင်ခိုင်းကာ မြို့သူမြို့သားအားလုံး အလှူလှူပြီး ဥပုသ်ဆောက်တည်ကာ သီလဆောက်တည်နေကြပါစေ” လို့ ပြော တယ်။ ဝိဓုရကိုယ်တိုင် နံနက်စောစောပဲ စားပြီး ဥပုသ်ဆောက်တည်ကာ ညနေပိုင်းမှာ မြတ်လေးပန်းတွေနဲ့ ပြည့်နေတဲ့ ရွှေသေတ္တာကို ဆောင် ယူစေပါတယ်။ မင်းနဲ့အတူ တည်ခြင်းငါးပါးနဲ့ တည်ပြီး ပစ္စေကဗုဒ္ဓါ တွေရဲ့ ဂုဏ်တွေကို အဖန်ဖန် အောက်မေ့ကာ ရှိခိုးတယ်။ ဟိမဝန္တာရဲ့ မြောက်ပိုင်းက နန္ဒမူလက တောင်ဝှမ်းမှာနေကြတဲ့ ပစ္စေကဗုဒ္ဓါငါးရာ ဟာ နက်ဖြန် တပည့်တော်တို့ရဲ့ ဆွမ်းကို ခံယူတော်မူကြပါ” လို့ ပင့်ဖိတ် ပြီး ကောင်းကင်မှာ ပန်းရှစ်ဆုပ်ကို လွှတ်လိုက်ပါတယ်။

အဲဒီအခါ အဲဒီအရပ်မှာ ပစ္စေကဗုဒ္ဓါငါးရာ နေကြပါတယ်။ ပန်း တွေက သွားပြီး ပစ္စေကဗုဒ္ဓါတွေရဲ့ အထက်မှာ ကျကြပါတယ်။ ပစ္စေက ဗုဒ္ဓါတွေက ဆင်ခြင်ကြတဲ့အခါ အဲဒီအကြောင်းကို သိပြီး “အရှင်ဘုရား တို့၊ တပည့်တော်တို့ကို ဝိဓုရပညာရှိက ပင့်ဖိတ်နေပါတယ်။ အဲဒီပုဂ္ဂိုလ် ဟာ သာမညပုဂ္ဂိုလ် မဟုတ်ပါ။ ဘုရားလောင်းပဲ ဖြစ်ပါတယ်။ ဒီကမ္ဘာ မှာပဲ ဘုရား ဖြစ်ပါလိမ့်မယ်။ သူ့အား ချီးမြှောက်ကြမယ်”လို့ကြံကာ ပင့်ဖိတ်တာကို လက်ခံကြပါတယ်။ ဘုရားလောင်းက ပန်းတွေ ပြန် မလာတဲ့ အမှတ်အသားနဲ့ လက်ခံတာကို သိကာ “မင်းကြီး၊ နက်ဖြန်မှာ ပစ္စေက ဗုဒ္ဓါတွေ ကြွလာကြပါလိမ့်မယ်၊ ပူဇော်မြတ်နိုးမှုကို ပြုပါ” လို့

http://www.dhammadownload.com



ပြောတယ်။ မင်းက နောက်နေ့မှာ အကြီးအကျယ် ပူဇော်ပြီး ရင်ပြင်ကြီးမှာ မြတ်သူတွေအား ထိုက်တဲ့ နေရာတွေကို ခင်းခိုင်းပါတယ်။

ပစ္စေကဗုဒ္ဓါက အနောတတ္တအိုင်မှာ ကိုယ်လက် သုတ်သင်ပြီး အချိန်ကို မှတ်သားကာ ကောင်းကင်ခရီးနဲ့ လာပြီး မင်းရင်ပြင်မှာ သက်ဆင်းကြပါတယ်။ မင်းရော၊ ဘုရားလောင်းပါ ကြည်ညိုစိတ် ဖြစ်ကာ ပစ္စေကဗုဒ္ဓါတွေရဲ့ လက်ထဲက သပိတ်တွေကို ယူကြတယ်။ ပြသာဒ်ပေါ် တက်စေကာ ထိုင်စေပြီး အလှူရေစက်ကို လှူကြတယ်။ မွန်မြတ်တဲ့ ခဲဖွယ်၊ စားဖွယ်နဲ့ ပြုစုလုပ်ကျွေးကြတယ်။ ဆွမ်းကိစ္စအဆုံးမှာလည်း နောက်နေ့အကျိုးငှာဆိုပြီး (၇) ရက်တိုင်တိုင် ပင့်ဖိတ်ကာ အလှူကြီးလှူကြတယ်။ (၇) ရက်မြောက်မှာ ပရိက္ခရာအားလုံးကို လှူကြတယ်။ ပစ္စေက ဗုဒ္ဓါတွေက အနုမောဒနာပြုပြီး ကောင်းကင်ခရီးနဲ့ အဲဒီနန္ဒမူလက တောင်ဝှမ်းကိုပဲ ကြွကြတယ်။ ပရိက္ခရာတွေလည်း ပစ္စေကဗုဒ္ဓါတွေနဲ့ အတူပဲ သွားကြတယ်။

မင်းက အရှင်အာနန္ဒာအလောင်း ဖြစ်ပါတယ်။

(ဇာတ်၊ ၄၊ ၈၊ ၃၆၁)

ဘုရားလောင်း ဝိဓုရပညာရှိအမတ်ရဲ့ စီစဉ်ပေးမှုကြောင့် အရှင်အာနန္ဒာအလောင်း ကောရဗျမင်းဟာ ပစ္စေကဗုဒ္ဓါငါးရာအား ဆွမ်း (၇) ရက် ဆက်ကပ်ရပါတယ်။ ပရိက္ခရာအားလုံးကို လှူရပါတယ်။ ဘုရားလောင်းဟာ ပန်းရှစ်ဆုပ်နဲ့ ပစ္စေကဗုဒ္ဓါတွေကို ပင့်ပါတယ်။ ထူးဆန်းပါတယ်။ ပစ္စေကဗုဒ္ဓါတွေကလည်း ဂေါတမ ဘုရားအလောင်းတော်ဖြစ်တာမို့ ဝိဓုရပညာရှိအမတ်ရဲ့ ပင့်ဖိတ်မှုကို အလေးပြုတော်မူကြပါ

http://www.dhammadownload.com



တယ်၊ ချီးမြှောက်တော်မူကြပါတယ်။ ဘုရားအလောင်းတော်ဟာ ပစ္စေကဗုဒ္ဓါတွေ သီတင်းသုံးတဲ့ နေရာအကြောင်းကို သိရှိထားပါတယ်။

ရှေးက ပညာရှိတွေဟာ ဘုရားမပွင့်မီ အချိန်မှာတောင် အလှူကို စိစစ်ရွေးချယ်ပြီး လှူကြပါတယ်။ ဘုရားသာသနာ ထွန်းလင်းတည်ရှိ နေရာအခါမျိုးမှာ အလှူကို စိစစ်ရွေးချယ်ပြီး လှူတတ်ဖို့ လိုအပ်လှပါတယ်။ စိစစ်ရွေးချယ်ပြီး လှူတတ်ရင် အကျိုးကြီးမားလှပါတယ်။ စိစစ်ရွေးချယ်ပြီး မလှူတတ်ရင် အကျိုးရ နည်းပါတယ်။

## လင်္ကာ

၁။ အလှူခံမှာ, စိစစ်ကာ, လှူတာ ကျိုးကြီးသည်။

၂။ မစိစစ်ဘဲသာ, လှူလေရာ, ကျိုးဟာ နည်းပါးသည်။

၃။ အလှူလှူလို, လှူခံကို, စစ်ကို စစ်ရသည်။

http://www.dhammadownload.com

# စေတနာ သန့်စင်ပါစေ

ရှေးက ပညာရှိတွေဟာ ပစ္စေကဗုဒ္ဓါတွေအား ဆားမပါ၊ အဆီ အစေး မပါ၊ တင်လဲ မပါတဲ့ မုယောမုန့်ကို လှူပြီး အဲဒီအလှူရဲ့ အကျိုး ကြောင့် ဒုတိယဘဝ (နောက်ဘဝ) မှာ ယူဇနာသုံးရာရှိတဲ့ ကာသိတိုင်း မှာ မင်းစည်းစိမ်ကို ရရှိခဲ့ပါတယ်။

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ္တမင်း အုပ်ချုပ်တဲ့အခါ ဘုရားလောင်းဟာ ဆင်းရဲတဲ့ အမျိုးတစ်မျိုးမှာ ဖြစ်ပြီး အရွယ်ရောက် တဲ့အခါ သူဌေးတစ်ယောက်ကို မှီပြီး အခစားအလုပ် လုပ်ကာ အသက် မွေးတယ်။ ဘုရားလောင်းဟာ တစ်နေ့မှာ "ငါ နံနက်စာအတွက် ဖြစ် လိမ့်မယ်"လို့ ကြံကာ ဈေးအတွင်းက မုယောမုန့်ခဲ (၄) ခုကို ယူပြီး အလုပ် ရှိရာကို သွားတယ်။ ပစ္စေကဗုဒ္ဓါ (၄) ပါး ဆွမ်းခံလှည့်လည်ဖို့ ဗာရာ ဏသီမြို့ဆီ ရှေ့ရှု လာနေကြတာကို မြင်သွားပြီး "ဒီပစ္စေကဗုဒ္ဓါတွေ ဟာ ဆွမ်းကို ရည်ရွယ်ပြီး ဗာရာဏသီကို သွားနေကြတယ်။ ငါ့မှာလည်း ဒီမုယော မုန့်ခဲ (၄) ခု ရှိနေတယ်။ ငါဟာ ဒီမုန့်တွေကို ဒီပစ္စေကဗုဒ္ဓါတွေ အား လှူရရင် ကောင်းမှာပဲ" လို့ ကြံတယ်။ အဲဒီ ပစ္စေကဗုဒ္ဓါတွေထံ ချဉ်းကပ်ပြီး ရှိခိုးကာ "အရှင်ဘုရားတို့၊ တပည့်တော်ရဲ့လက်မှာ ဒီမုယော မုန့်ခဲ (၄) ခု ရှိပါတယ်။ တပည့်တော်ဟာ ဒီမုန့်တွေကို အရှင်ဘုရားတို့

http://www.dhammadownload.com



အား လှူပါတယ်။ တောင်းပန်ပါတယ် ဘုရား။ တပည့်တော်ရဲ့ အလှူကို ခံယူတော်မူကြပါ။ အဲဒီလိုဆိုရင် ဒီကောင်းမှုဟာ တပည့်တော်အတွက် ကာလ ကြာရှည်စွာ စီးပွားချမ်းသာအလို့ငှာ ဖြစ်ပါလိမ့်မယ်" လို့ လျှောက်တယ်။

ဘုရားလောင်းဟာ ပစ္စေကဗုဒ္ဓါတွေရဲ့ လက်ခံမှုကို သိပြီး သဲကို မြင့်မောက်အောင် လုပ်ခိုင်းပြီး နေရာ (၄) နေရာ ခင်းတယ်။ အဲဒီနေရာတွေရဲ့ အပေါ်မှာ ချိုးထားတဲ့ သစ်ခက်တွေကို ဖြန့်ခင်းတယ်။ ပစ္စေကဗုဒ္ဓါတွေကို အစဉ်အတိုင်း ထိုင်စေပါတယ်။ ဖက်ခွက်နဲ့ ရေကို သယ်ဆောင်ပြီး အလှူရေစက်ချတယ်။ သပိတ် (၄) လုံးထဲမှာ မုယောမုန့်ခဲ (၄) ခုကို တည်စေပြီး ရှိခိုးကာ "အရှင်ဘုရားတို့၊ ဒီမုန့်တွေကို လှူရတဲ့ အကျိုးဆက်ကြောင့် ဆင်းရဲတဲ့အိမ်မှာ မဖြစ်ပါစေနဲ့ ဘုရား။ အကုန်သိတဲ့ဉာဏ် ရဖို့အတွက် အထောက်အပံ့ ဖြစ်ပါစေ" လို့ လျှောက်တယ်။ ပစ္စေကဗုဒ္ဓါတွေက ဘုဉ်းပေးကြတယ်။ ဘုဉ်းပေးပြီးတဲ့အခါ အနုမောဒနာ ပြုပြီး ပျံတက်ကာ နန္ဒမူလကတောင်ဝှမ်းကိုပဲ ကြွသွားကြပါတယ်။

ဘုရားလောင်းက လက်အုပ်ချီပြီး ပစ္စေကဗုဒ္ဓါကို အာရုံပြုကာ ပီတိကို ယူတယ်။ ပစ္စေကဗုဒ္ဓါတွေ မြင်ကွင်းက ကွယ်ပျောက်သွားတဲ့အခါ သူ့အလုပ်ကို သွားတယ်။ တစ်သက်လုံး ဒါနကို အဖန်ဖန် အောက်မေ့ကာ သေသွားတယ်။ အဲဒီဒါနရဲ့ အကျိုးကြောင့် ဗာရာဏသီမင်းရဲ့ မိဖုရားခေါင်ကြီးဝမ်းဗိုက်မှာ ဖြစ်တယ်။ ဗြဟ္မဒတ္တမင်းသားလို့ နာမည်မှည့်ကြတယ်။ မင်းသားဟာ သူ့ခြေထောက်နဲ့ သွားချိန်ကစပြီး "ငါဟာ ဒီမြို့မှာပဲ အခစား အလုပ်သမားဖြစ်ကာ အလုပ်ကို သွားတဲ့အခါ ပစ္စေက

http://www.dhammadownload.com



ဗုဒ္ဓါတွေအား မုယောမုန့်ခဲ (၄) ခုကို လှူခဲ့ပြီး အဲဒီအလှူရဲ့ အကျိုးကြောင့် ဒီနေရာမှာ ဖြစ်တယ်” လို့ ကြည်လင်တဲ့ မှန်ထဲက မျက်နှာရိပ်လို ရှေးဘဝက ပြုခဲ့သမျှအားလုံးကို ဇာတိဿရဉာဏ် (ရှေးဘဝကို အမှတ်ရ၊ မှတ်မိတဲ့ဉာဏ်) နဲ့ ထင်ထင်ရှားရှား မြင်ရတယ်။ ဘုရားလောင်းဟာ အရွယ်ရောက်တဲ့အခါ တက္ကသိုလ်ကို သွားပြီး အတတ်အားလုံးကို သင်ယူကာ ပြန်လာတယ်။ သင်ယူခဲ့တဲ့ အတတ်ကို ဖခင်အား ပြတယ်။ ဖခင်က သဘောကျ အားရပြီး အိမ်ရှေ့မင်းအရာမှာ ထားတယ်။ နောင်အခါ ဖခင် ကွယ်လွန်တော့ မင်းအဖြစ်မှာ တည်တယ်။ အဲဒီအခါ သူ့အတွက် ကောသလမင်းရဲ့ သမီးလှကို ဆောင်ယူကာ မိဖုရားခေါင်ကြီး ပြုလုပ်ကြတယ်။ ထီးတင် မင်္ဂလာပြုလုပ်တဲ့အခါ သူ့မြို့တစ်မြို့လုံးကို နတ်မြို့လို တန်ဆာဆင်ကြတယ်။

ဘုရားလောင်းမင်းက မြို့ကို လက်ယာရစ် လှည့်လည်ပြီး တန်ဆာဆင်ထားတဲ့ ပြာသာဒ်ပေါ်တက်ကာ ပြာသာဒ်အပြင်ကြီးရဲ့ အလယ်မှာ စိုက်ထူထားတဲ့ ထီးဖြူရှိတဲ့ ပလ္လင်ပေါ် တက်ကာ ထိုင်တယ်။ ဝိုင်းရံပြီး တည်နေတဲ့ တစ်ဖက်က အမတ်တွေ၊ တစ်ဖက်က စည်းစိမ်အမျိုးမျိုး ရှိပြီး ကျက်သရေ တင့်တယ် စံပယ်မှုတွေနဲ့ တောက်ပနေတဲ့ ပုဏ္ဏား၊ သူကြွယ် စသူတွေ၊ တစ်ဖက်က လက်ဆောင်အမျိုးမျိုး ယူလာကြတဲ့မြို့က လူတွေ၊ တစ်ဖက်က တန်ဆာဆင်ထားတဲ့ နတ်သမီးအပေါင်းနဲ့တူတဲ့ ကချေသည် မိန်းမပေါင်း တစ်သောင်းခြောက်ထောင်။ အဲဒီ အလွန်ပျော်မွေ့ဖွယ် ကျက်သရေစည်းစိမ်ကို ကြည့်ရင်းသူ့ရဲ့ရှေးကံကို အဖန်ဖန် အောက်မေ့မိတယ်။

http://www.dhammadownload.com



"ဒီရွှေအစိုင်အခဲ၊ ရွှေပန်းကုံးပါတဲ့ ထီးဖြူ၊ ဒီဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ် ထောင်ပေါင်းများစွာ၊ ပတ္တမြား၊ ပုလဲ စတာတွေနဲ့ ပြည့်နေတဲ့ အနှစ်တိုက်ခန်းတွေ၊ စပါးအမျိုးမျိုးတွေ ပြည့်နေတဲ့ မြေကြီး၊ နတ်သမီးတွေနဲ့တူတဲ့ မိန်းမတွေ၊ ငါ့ရဲ့ ဒီစည်းစိမ်အားလုံးဟာ အခြားရဲ့ ဥစ္စာ မဟုတ်၊ ပစ္စေကဗုဒ္ဓါ (၄) ပါးအား ပေးလှူခဲ့တဲ့ မုယောမုန့်ခဲ (၄) ခုရဲ့သာ ဥစ္စာပဲ။ ပစ္စေကဗုဒ္ဓါတွေကို မှီပြီး ငါဟာ ဒီစည်းစိမ်ကို ရထားတယ်" လို့ ပစ္စေကဗုဒ္ဓါတွေရဲ့ ဂုဏ်ကို အဖန်ဖန် အောက်မေ့ပြီး သူ့ကို ထင်ရှားအောင် လုပ်ဘယ်။ အဖန်ဖန် အောက်မေ့တဲ့ သူ့တစ်ကိုယ်လုံးဟာ ပီတိနဲ့ ပြည့်နေတယ်။ **(ဇာတ်၊ ၃၊ တ၊ ၃၈၅)**

ဘုရားလောင်းက ပစ္စေကဗုဒ္ဓါတွေအား လှူပြီးတဲ့အခါ "သဗ္ဗညုတဉာဏ်တော်ရဲ့ အထောက်အပံ့ ဖြစ်ပါစေ" လို့ ဆုတောင်းပါတယ်။ ပစ္စေကဗုဒ္ဓါတွေက မုယောမုန့်ကို ဘုဉ်းပေးပြီးတဲ့အခါ ဆုပေးပါဘယ်။ ဘုရားလောင်းက ပစ္စေကဗုဒ္ဓါတွေအပေါ် ကြည်ညိုသဒ္ဓါပွားကာ ပီတိတွေ ဝေဖြာနေပါတယ်။ ဘုရားလောင်းမှာ အလိုချင်ဆုံးအရာက သဗ္ဗညုတဉာဏ်တော်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူပြုသမျှ ကောင်းမှုအားလုံးဟာ သဗ္ဗညုတဉာဏ်တော်ကို ရဖို့ပဲ ဖြစ်ပါတယ်။ ဘုရားလောင်းဟာ ဆင်းရဲသားဘဝကနေ ရှင်ဘုရင့်သားဘဝကို ရောက်ခဲ့ပါတယ်။ ပစ္စေက ဗုဒ္ဓါ (၄) ပါးအား မုယောမုန့်ခဲ (၄) ခုကို လှူခဲ့တဲ့ကောင်းမှုရဲ့ အစွမ်းကြောင့် ဖြစ်ပါတယ်။

ဘုရားလောင်းဟာ ရှင်ဘုရင့်သားဘဝကို ရောက်တဲ့အခါ သူ့ရဲ့ ရှေးဘဝက အခြေအနေတွေကို ပြန်လည်အမှတ်ရနေပါတယ်။ မှတ်မိနေပါတယ်။ ဇာတိဿရဉာဏ်ကို ရနေပါတယ်။ လူဝင်စားလို့ အခေါ်ခံ

http://www.dhammadownload.com



ရတဲ့ ပုဂ္ဂိုလ်တွေဟာ ဇာတိသာရညာဏ်ကို ရကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ လူဝင်စားဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ ရှေးရှေးဘဝတွေက အခြေအနေတွေကို ပြောပြတတ်ကြပါတယ်။ ဘုရားလောင်းဟာ ရှင်ဘုရင် ဖြစ်လာတဲ့အခါ သူ့ရဲ့ ကြီးကျယ်လှတဲ့ စည်းစိမ်ကြီးနဲ့ မကြီးကျယ်ခဲ့တဲ့အလှူကို နှိုင်းယှဉ် ကြည့်နေပါတယ်။ အကြောင်းကံက မကြီးကျယ်ပေမယ့် အကျိုးက ကြီးကျယ်လွန်းနေလို့ အံ့သြဝမ်းသာ ဖြစ်နေပါတယ်။

ဘုရားလောင်း ရှင်ဘုရင်ဟာ ကြီးကျယ်လှတဲ့ စည်းစိမ်ကို ကြည့်ပြီး ပစ္စေကဗုဒ္ဓါတွေရဲ့ ဂုဏ်ကို အကြိမ်ကြိမ် အောက်မေ့ကာ ပီတိတွေ ဝေခဲ့ပါတယ်။ အလှူ လှူကြတဲ့အခါ လှူဖွယ်က နည်းနည်း၊ များများ ကောင်းကောင်း၊ မကောင်းကောင်း စိတ်ကို ကြည်လင်စေရပါတယ်။ အလှူခံတွေရဲ့ ဂုဏ်ကို ဆင်ခြင်ရပါတယ်။ စေတနာသုံးတန် သန့်စင်ရပါတယ်။ အကျိုးကို ယုံကြည်ရပါတယ်။ အဲဒီအနေအထားနဲ့ အလှူခံ ပုဂ္ဂိုလ်ကောင်းမှာ လှူရရင် ကြီးကျယ်တဲ့ အကျိုးကို ရရှိတော့တာပါပဲ။

## လင်္ကာ

၁။ ဂုဏ်ရှိ လှူခံ, ဂုဏ်တန်တန်, ဧကန် ဆင်ခြင်ရပါသည်။
၂။ စိတ်ကြည်လင်ကာ, စေတနာ, သုံးဖြာ သန့်ရသည်။
၃။ အလှူ့အကျိုး, ဖြစ်ပေါ်ရိုး, မျှော်ကိုး ယုံကြည်သည်။
၄။ ထိုသို့ ဖြစ်လျှင်, ကျိုးပေးအင်, လွန်ပင် ကြီးမားသည်။

http://www.dhammadownload.com

# မယ်တော်ရဲ့ လေနာရောဂါ

ဘုရားရှင်ဟာ သာဝတ္ထိမြို့ကို အမှီပြုပြီး သီတင်းသုံးနေတဲ့အခါ ရာဟုလာရဲ့မယ်တော် ဗိမ္ဗာဒေဝီ (ယသောဓရာ) ဟာ "ငါ့ခင်ပွန်းက ရဟန်းဝတ်ပြီး ဘုရား ဖြစ်နေပြီ၊ ငါ့သား ရာဟုလာကလည်း ကိုရင်ဝတ်ကာ သူ့ထံမှာပဲ နေတယ်။ ငါဟာ လူဝတ်ကြောင်ဘဝမှာ ဘာလုပ်မှာလဲ၊ ငါလည်း ဘိက္ခုနီဝတ်ပြီး သာဝတ္ထိမြို့ကို သွားကာ ဘုရားရှင်ကိုရော သား ရာဟုလာကိုပါ အမြဲ ကြည့်ရှုရင်း နေမယ်" လို့ ကြံကာ ဘိက္ခုနီမတွေရဲ့ကျောင်းကို သွားကာ ဘိက္ခုနီဝတ်တယ်။ ဆရာ, ဥပဇ္ဈာယ်ဘိက္ခုနီတွေနဲ့ အတူ သာဝတ္ထိမြို့ကို သွားပြီး ဘုရားရှင်ကိုရော သားချစ်ကိုပါ ကြည့်ရင်း ဘိက္ခုနီမကျောင်း တစ်ကျောင်းမှာ နေတယ်။ ရာဟုလာကိုရင်က လာပြီး မိခင်ကို ကြည့်တယ်။ တစ်နေ့မှာ ဗိမ္ဗာဒေဝီ (ယသောဓရာ) ထေရီမှာ ဝမ်းဗိုက်လေနာ ဖြစ်ပေါ်လာတယ်။ ဗိမ္ဗာဒေဝီထေရီက သားကို ကြည့်ဖို့ လာတဲ့အခါ သားကို ကြည့်ဖို့ မထွက်သွားနိုင်ပါ၊ အခြားဘိက္ခုနီတွေကသာ လာပြီး မကျန်းမာကြောင်း ပြောပြသွားကြပါတယ်။ ရာဟုလာဟာ မယ်တော်ထံ သွားပြီး မေးတယ်။

http://www.dhammadownload.com



"သင်ဟာ ဘာကို ရဖို့ သင့်ပါသလဲ။"

"ချစ်သား၊ လူဝတ်ကြောင်ဘဝက ငါဟာ သကြားနဲ့ ရောစပ်ထားတဲ့ သရက်သီးအရည်ကို သောက်ရတဲ့အခါ လေနာ ပျောက်ကင်းသွားပါတယ်။ အခု ငါတို့ဟာ ဆွမ်းခံလှည့်လည်ပြီး အသက်မွေးကြတယ်။ ဘယ်က အဲဒီသရက်သီးဖျော်ရည်ကို ရကြမလဲ။"

ကိုရင် ရာဟုလာဟာ "ရခဲ့ရင် သယ်ယူလာခဲ့ပါမယ်" လို့ ပြောပြီး ထွက်သွားပါတယ်။ ကိုရင် ရာဟုလာရဲ့ ဥပဇ္ဈာယ်ဆရာက အရှင်သာရိပုတ္တရာ၊ ရှင်ပြုပေးတဲ့ဆရာက အရှင်မဟာမောဂ္ဂလ္လာန်၊ ဘထွေးက အရှင်အာနန္ဒာ၊ ဖခင်က ဘုရားရှင်၊ အဲဒီလို ကြီးကျယ်တဲ့ ပြည့်စုံမှု ရှိပါတယ်။ အဲဒီလိုဖြစ်ပေမယ့် အခြားသူထံ မသွားဘဲ အရှင်သာရိပုတ္တရာထံ သွားကာ ရှိခိုးပြီး မျက်နှာမကောင်းတဲ့ အမူအရာနဲ့ ရပ်တည်နေပါတယ်။ အဲဒီအခါ ရာဟုလာကို အရှင်သာရိပုတ္တရာက မေးပါတယ်။

"ရာဟုလာ၊ မျက်နှာမကောင်းပါလား။"

"အရှင်ဘုရား၊ တပည့်တော်ရဲ့မယ်တော်မှာ လေနာရောဂါ ဖြစ်ပေါ်နေပါတယ်။"

"ဘာကို ရသင့်ပါသလဲ။"

"သကြားနဲ့ ရောစပ်ထားတဲ့ သရက်သီးအရည်နဲ့ ချမ်းသာရာ ရခဲ့ပါသတဲ့။"

"ရှိပါစေ၊ ငါ ရလိမ့်မယ်။ မပူပါနဲ့။"

အရှင်သာရိပုတ္တရာဟာ နောက်နေ့မှာ ရာဟုလာကို ခေါ်ယူပြီး သာဝတ္ထိမြို့ကို ဝင်တယ်။ ရာဟုလာကို နားနေစရာဇရပ်မှာ ထိုင်ခိုင်းပြီး မင်းရဲ့တံခါးကို သွားတယ်။ ကောသလမင်းက အရှင်သာရိပုတ္တရာကို

http://www.dhammadownload.com



မြင်ပြီး ထိုင်ခိုင်းတယ်။ အဲဒီခဏမှာပဲ ဥယျာဉ်စောင့်က အမှည့်အခိုင်ရှိ သရက်သီးချို အထုပ်တစ်ထုပ်ကို သယ်ဆောင်လာပါတယ်။ ကောသလ မင်းက သရက်သီးတွေရဲ့ အခွံကို ခွာပြီး သကြားထည့်ကာ ကိုယ်တိုင်ပဲ နှိပ်ချေတယ်။ မထေရ်ရဲ့သပိတ်ကို ပြည့်စေပြီး လှူတယ်။ မထေရ်က မင်းနန်းတော်မှ ထွက်ပြီး နားနေရာဇရပ်ကို သွားကာ "သယ်ဆောင် သွားပြီး သင့်မယ်တော်အား ပေးပါ" လို့ ပြောကာ ရာဟုလာအား ပေး တယ်။ ရာဟုလာက သယ်ဆောင်သွားပြီး ပေးတယ်။ ဗိမ္ဗာဒေဝီထေရီ ဘုဉ်းပေးပြီးကာမျှမှာပဲ လေနာ ပျောက်ကင်းသွားပါတယ်။

ကောသလမင်းကလည်း "မထေရ်ဟာ ဒီနေရာမှာ ထိုင်ပြီး သရက် ဖျော်ရည်ကို မဘုဉ်းပေးသွားပါ။ တစ်စုံတစ်ယောက်အား ပေးတာကို သိအောင် လုပ်ခဲ့ပါ"လို့ ပြောကာ လူတစ်ယောက်ကို လွှတ်လိုက်တယ်။ အဲဒီလူဟာ မထေရ်နဲ့အတူပဲ သွားကာ အဲဒီဖြစ်ပုံကို သိပြီး မင်းအား ပြောပြတယ်။ ကောသလမင်းက ဒီလို ကြံတယ်။

"ဘုရားရှင်ဟာ လူဝတ်ကြောင်ဘဝမှာ နေရင် စကြဝတေးမင်း ဖြစ်မယ်။ ရာဟုလာကိုရင်ဟာ သားကြီးရတနာ ဖြစ်မယ်။ ဗိမ္ဗာထေရီ ဟာ မိဖုရားရတနာ ဖြစ်မယ်။ စကြဝဠာအားလုံးမှာ မင်းအဖြစ်ဟာ သူတို့ အတွက်သာ ဖြစ်လိမ့်မယ်။ ငါတို့ဟာ အဲဒီပုဂ္ဂိုလ်တွေကို ပြုစုလုပ်ကျွေး လျက်သာ လှည့်လည်သင့်တယ်။ အခု ရဟန်းဝတ်ပြီး ငါတို့ကို မှီကာ နေကြတဲ့ အဲဒီပုဂ္ဂိုလ်တွေအပေါ် ငါတို့ဟာ မေ့လျော့ဖို့ မသင့်။"

ကောသလမင်းဟာ အဲဒီအချိန်ကစပြီး ဗိမ္ဗာထေရီအား အမြဲ သရက်သီးဖျော်ရည်ကို လှူဒါန်းခိုင်းတယ်။

(ဇာတ်၊ ၄၊ ဒု၊ ၃၅၂)

http://www.dhammadownload.com



မိခင် မကျန်းမာတော့ မျက်နှာမကောင်းဖြစ်ရှာတဲ့ ကိုရင်ရာဟုလာဟာ သနားစရာပါပဲ။ ကိုရင်ရာဟုလာက အရှင်သာရိပုတ္တရာကို အားထားပုံကိုလည်း သတိပြုမိပါတယ်။ အရှင်သာရိပုတ္တရာကလည်း ရာဟုလာရဲ့အခက်အခဲကို လိုက်လျောစွာ ဖြေရှင်းပေးပါတယ်။ အရှင်သာရိပုတ္တရာဟာ တကယ့်အားကိုးထိုက်တဲ့ ဆရာသမားကောင်းပါပဲ။ အရှင်သာရိပုတ္တရာဟာ ရှင်ရာဟုလာရဲ့ ဥပဇ္ဈာယ်ဆရာ ပီသပါပေတယ်။ တပည့်ရဲ့အခက်အခဲကို ကိုယ့်အခက်အခဲပမာ သဘောထားကာ ကူညီဆောင်ရွက်ပေးပါတယ်။ ကောသလမင်းကလည်း တော်ပါပေတယ်။ ဘုရားရှင်မိသားစုအပေါ် ကြောင့်ကြပါပေတယ်။ ဗိမ္ဗာဒေဝီထေရီရဲ့ လေနာရောဂါ ပျောက်ကင်းရေးအတွက် အကူအညီပေးကြတဲ့ ရှင်ရာဟုလာ, အရှင်သာရိပုတ္တရာ, ကောသလမင်းတို့ကို ကြည်ညို လေးစားမိသလို ကျေးဇူးလည်း တင်မိပါတယ်။ ဗိမ္ဗာဒေဝီမှာ အရင်ကလည်း လေနာရောဂါ ဖြစ်ဖူးရာ သရက်သီးဖျော်ရည်ဟာ ရောဂါပျောက်ဆေး ဖြစ်ခဲ့ပါတယ်။ ရာဟုလာနဲ့ မယ်တော်တို့ရဲ့ သားအမိ သံယောဇဉ်ကိုလည်း ဒီဇာတ်လမ်းမှာ မြင်တွေ့ရပါတယ်။ သံယောဇဉ် မကုန်သေးရင် မြင်ချင်, တွေ့ချင်ကြတာဟာ လောကဓမ္မတာပါပဲ။

ရှင်ရာဟုလာရဲ့မယ်တော် ဗိမ္ဗာဒေဝီထေရီမှာ ဝမ်းဗိုက်လေနာရောဂါ ဖြစ်ပေါ်လာပါတယ်။ ရှင်ရာဟုလာက အရှင်သာရိပုတ္တရာအား ပြောပြပါတယ်။ အရှင်သာရိပုတ္တရာက ရှင်ရာဟုလာကို နားနေရာဇရပ်မှာ ထိုင်ခိုင်းကာ ကောသလမင်းရဲ့နန်းတော်ကို သွားပါတယ်။ ငါးကြင်းဟင်းအရသာပါတဲ့ ထောပတ်အသစ်ရော သလေးဆွမ်းကို သယ်ဆောင်ကာ ရှင်ရာဟုလာအား ပေးပါတယ်။ ရှင်ရာဟုလာက သယ်ဆောင်လာ

http://www.dhammadownload.com



ပြီး မယ်တော် ဗိမ္ဗာဒေဝီထေရီအား ပေးပါတယ်။ ဗိမ္ဗာဒေဝီထေရီ စားသုံးပြီးခါစမှာ လေနာရောဂါ ပျောက်ကင်းသွားပါတယ်။ ကောသလမင်းက မင်းခစား ယောကျ်ားတွေကို စေလွှတ်ပြီး စုံစမ်းခိုင်းပါတယ်။ အဲဒီအချိန်ကစပြီး ဗိမ္ဗာဒေဝီထေရီအား အဲဒီလိုဆွမ်းကို လှူပါတော့တယ်။ **(ဇာတ်၊ ၄၊ ဒု၊ ၃၉၀)**

ဒီဇာတ်လမ်းမှာလည်း ကိုရင်ရာဟုလာ၊ အရှင်သာရိပုတ္တရာ၊ ကောသလမင်း ဆိုတဲ့ ပုဂ္ဂိုလ် (၃) ဦးရဲ့ ကူညီပေးတဲ့စိတ်ထားကို လေးစားကြည်ညိုရပါတယ်။ ရောဂါသည် ဗိမ္ဗာဒေဝီထေရီကိုလည်း သနားမိပါတယ်။ ရှေးဘဝပေါင်းများစွာမှာ ဒီပုဂ္ဂိုလ်ကြီးတွေမှာ တစ်ဦးအပေါ် တစ်ဦး ဒီလို ကြင်ကြင်နာနာနဲ့ ကူညီစောင့်ရှောက်ခဲ့တာတွေဟာ မရေမတွက်နိုင်အောင် များပါလိမ့်မယ်။ ငါးကြင်းသား၊ ထောပတ်၊ သလေးဆွမ်းတွေဟာ လေနာရောဂါအတွက် ဆေးတစ်လက် ဖြစ်နေပါတယ်။

## လင်္ကာ

၁။ ရာဟုလာဟာ, သူ့ဆရာ, လွန်စွာ အားထားသည်။
၂။ မိခင် မကျန်းမာ, ရာဟုလာ, များစွာ သနားသည်။
၃။ အမိနဲ့သား, မေတ္တာထား, ထင်ရှား ပေါ်လွင်သည်။
၄။ အရှင်သာရိပုတ္တရာ, ရာဟုလာ, များစွာ ကူညီသည်။
၅။ ကောသလမင်းကား, သူတို့အား, သနား စောင့်ရှောက်သည်။

http://www.dhammadownload.com

# အရှင်ဒေဝဒတ်နောက် လိုက်ပါသွားတဲ့ ဝဇ္ဇီတိုင်းသား ရဟန်းငယ် (၅၀၀) နဲ့ အရှင်သာရိပုတ္တရာ

အရှင်ဒေဝဒတ်ဟာ ဝိနည်းမကျွမ်းကျင်သေးတဲ့ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသားရဟန်းငယ် (၅၀၀) ကို သံဃာသင်းခွဲပြီး ဂယာသီသအရပ်သို့ ခေါ်ဆောင်သွားလို့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလ္လာန်တို့ ဘုရားထံ သွားပြီး အရှင်သာရိပုတ္တရာက ဘုရားအား အဲဒီအကြောင်းကို လျှောက်ထားတယ်။

"သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့ အဲဒီဝဇ္ဇီတိုင်းသား ရဟန်းငယ်လေးတွေကို သင်တို့ မသနားကြဘူးလား။ အဲဒီရဟန်းငယ်တွေ အကျိုးမဲ့ မပျက်စီးသေးမီ သင်တို့ သွားကြ" လို့ ဘုရားရှင်က မိန့်တော်မူလို့ အရှင်ဒေဝဒတ်ရှိရာ ဂယာသီသသို့ သွားခဲ့ကြတယ်။ အဲဒီအခါ ရဟန်းတစ်ပါးက ဘုရားအနားမှာ ငိုလျက် ရပ်တည်နေလို့ ဘုရားက အဲဒီရဟန်းအား-

"ရဟန်း ဘာကြောင့် ငိုသလဲ" လို့ မေးတဲ့အခါ -

"မြတ်စွာဘုရားရဲ့ အဂ္ဂသာဝက အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလ္လာန်တို့ အရှင်ဒေဝဒတ်ရဲ့တရားကို ကြိုက်နှစ်သက်လို့ အရှင်ဒေဝဒတ်ထံ သွားကုန်ကြပါပြီ ဘုရား" လို့ လျှောက်ထားလို့ -

http://www.dhammadownload.com



"သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့ ဒေဝဒတ်ရဲ့တရားကို ကြိုက်နှစ်သက်စရာ အကြောင်း မရှိ ဝဇ္ဇီတိုင်းသား ရဟန်းငယ်လေးတို့အား သိနားလည်အောင် ပြောဟောကြဖို့ သွားကြတယ်" လို့ မိန့်ကြားတော်မူတယ်။

ပရိသတ်များစွာ ခြံရံလျက် တရားဟောပြီး ထိုင်နေတဲ့ အရှင်ဒေဝဒတ်ဟာ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့ အဝေးမှ လာနေတာကို မြင်လို့ -

"ရဟန်းတို့ ကြည့်ကြလော့။ ငါ ဟောတဲ့ တရားက သိပ်ကောင်းတယ်။ ရဟန်းဂေါတမရဲ့ အဂ္ဂသာဝက သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့ ငါ့တရား သဘောကျကြလို့ ငါ့ထံ လာနေကြပြီ" လို့ သူ့တပည့်တွေအား ပြောကြားနေတယ်။ အဲဒီလိုပြောလို့ ကောကာလိက, က-

"ငါ့ရှင် ဒေဝဒတ်၊ သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့နဲ့ အကျွမ်းမဝင်လေနဲ့။ သူတို့ဟာ အလိုဆိုး ရှိကြတယ်။ အလိုဆိုးရဲ့ ဆွဲဆောင်ရာသို့ ပါနေကြတယ်" အရှင်ဒေဝဒတ်အား ပြောတဲ့အခါ အရှင်ဒေဝဒတ်က-

"ငါ့ရှင် ကောကာလိက ဒီလို မပြောသင့်ဘူး။ သူတို့ဟာ ငါ့တရားနှစ်သက် သဘောကျလို့ လာတာဖြစ်တဲ့အတွက် သူတို့ လာတာဟာ ကောင်းတဲ့ လာခြင်း ဖြစ်တယ်" လို့ ပြောပြနေတယ်။

အရှင်ဒေဝဒတ်ဟာ -

"ငါ့ရှင် သာရိပုတ္တရာ လာပါ။ ဒီမှာ ထိုင်ပါ" လို့ သူ ထိုင်နေရာနေရာရဲ့ တစ်ဝက်နေရာမှာ ထိုင်ဖို့ ဖိတ်မန်တယ်။

"ငါ့ရှင် ဒေဝဒတ်၊ တော်ပြီ" လို့ အရှင်သာရိပုတ္တရာဟာ အမိန့်ရှိပြီး အခြားထိုင်စရာတစ်ခုကို ယူကာ သင့်လျော်ရာမှာ ထိုင်တယ်။ အရှင်မောဂ္ဂလ္လာန်ကလည်း အခြားထိုင်စရာတစ်ခုကို ယူကာ သင့်လျော်ရာမှာ ထိုင်တယ်။

http://www.dhammadownload.com



အရှင်ဒေဝဒတ်က ညဥ့်ပိုင်းမှာ အချိန်များစွာ ရဟန်းတို့အား တရားဟောပြီးတဲ့အခါ -

"ငါ့ရှင် သာရိပုတ္တရာ၊ ရဟန်းတွေလည်း မအိပ်ချင်ကြသေးဘူး။ ငါ့ရှင် တရားဆက်ဟောပါ။ ငါ ကျော ညောင်းနေတယ်။ ကျောဆန့်လိုက်ဦးမယ်" လို့ ပြောလို့ အရှင်သာရိပုတ္တရာက -

"ငါ့ရှင် ဒေဝဒတ် ကောင်းပြီ" လို့ အရှင်ဒေဝဒတ်အား ဝန်ခံစကားမိန့်ကြားတော်မူတယ်။ အရှင်ဒေဝဒတ်က နှစ်ထပ်သင်္ကန်းကြီးကို လေးထပ်ခေါက်ပြီး ခင်းကာ လက်ယာနံစောင်းနဲ့ လျောင်းတယ်။ ပင်ပန်းပြီး အသိဉာဏ် ကင်းမဲ့နေတဲ့ အရှင်ဒေဝဒတ်ဟာ ချက်ချင်း အိပ်ပျော်သွားတယ်။

အဲဒီအခါ အရှင်သာရိပုတ္တရာက သူတစ်ပါးရဲ့ စိတ်ကို သိပြီး ဆုံးမခြင်း ပြာဋိဟာ ဆိုတဲ့ တရားစကားနဲ့ ရဟန်းတို့ကို သွန်သင် ဆုံးမတော်မူတယ်။ အဲဒီအခါ ရဟန်းငယ်တို့ဟာ သောတာပန် ဖြစ်သွားကြတယ်။ အရှင်မောဂ္ဂလ္လာန်ဟာ တန်ခိုးပြပြီး ဆုံးမခြင်း ပြာဋိဟာ ဆိုတဲ့ တရားစကားနဲ့ ရဟန်းတို့ကို သွန်သင်ဆုံးမတော်မူတယ်။ အဲဒီအခါ ရဟန်းငယ်တို့ဟာ ရဟန္တာတွေ ဖြစ်သွားကြတယ်။

"ငါ့ရှင်တို့၊ ငါတို့ ဘုရားထံ သွားကြတော့မယ်။ အဲဒီဘုရားရဲ့ တရားကို သဘောကျသူတို့ လိုက်ခဲ့ကြ" လို့ မိန့်ပြီး အဲဒီရဟန်းငယ် (၅၀၀) ကို နောက်နေ့ အရုဏ်တက်ချိန်မှာ ခေါ်ဆောင်ကာ ဘုရား သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ ကောင်းကင်ခရီးနဲ့ ပြန်လာခဲ့ကြတယ်။

http://www.dhammadownload.com



"မြတ်စွာဘုရား၊ အရှင်သာရိပုတ္တရာ ကြွသွားစဉ်က အရှင်မောဂ္ဂလ္လာန် အဖော်နဲ့သာ ကြွသွားခဲ့ပါတယ်။ အပြန်ခရီးမှာ ရဟန်း (၅၀၀) ခြံရံပြီး ကောင်းကင်ခရီးနဲ့ ကြွလာတော်မူတာဟာ တင့်တယ်လှပါပေတယ် ဘုရား" လို့ ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားကြလို့ -

"ရဟန်းတို့၊ သာရိပုတ္တရာဟာ ယခုအခါမှာသာ မိမိဆွေမျိုးအပေါင်းခြံရံလျက် တင့်တယ်ခဲ့တာ မဟုတ်ဘူး။ ရှေးတုန်းကလည်း တင့်တယ်ခဲ့တာပဲ။ ဒေဝဒတ်ကတော့ ယခုမှသာ ဆွေမျိုးအပေါင်းမှ ယုတ်လျော့ရတာ မဟုတ်။ ရှေးတုန်းကလည်း ဆုတ်ယုတ်ခဲ့တယ်" လို့ ဘုရားရှင်က မိန့်ကြားတော်မူလို့ ရဟန်းတို့က အဲဒီအတိတ်အကြောင်းကို မိန့်ကြားတော်မူဖို့ ဘုရားရှင်အား လျှောက်ထား တောင်းဆိုကြတယ်။ ဒါကြောင့် အတိတ်အကြောင်းကို ဘုရားရှင်က ဒီလို မိန့်ကြားတော်မူခဲ့ပါတယ်။

http://www.dhammadownload.com

# ခေါင်းဆောင်ကောင်း ပီသတဲ့ အရှင်သာရိပုတ္တရာ

လွန်လေပြီးတဲ့အခါ မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်မှာ မဂဓမည်တဲ့ မင်းဟာ မင်းပြုတယ်။ အဲဒီအခါ ဘုရားလောင်းဟာ သမင်မျိုးမှာ ပဋိသန္ဓေ ယူတယ်။ မွေးဖွားပြီးနောက် အရွယ်ရောက်တဲ့အခါ သမင်ပေါင်း တစ်ထောင် ခြံရံလျက် တောမှာသာ နေတယ်။ အဲဒီ ဘုရားလောင်းမှာ သားသမင် (၂) ကောင် ရှိလာတယ်။ သား (၂) ကောင်ရဲ့ အမည်မှာ လက္ခဏနဲ့ ကာဠတို့ ဖြစ်ကြတယ်။ ဘုရားလောင်းဟာ အသက် ကြီးရင့် လာတဲ့အခါ "ငါ့သားတို့၊ အဖေတော့ ယခုအခါ အိုမင်းလာပြီ။ ငါ့သား တို့ ဒီသမင်ပေါင်းတစ်ထောင်ကို ဦးဆောင်ကြလော့" လို့ ပြောကာ သား (၂) ကောင်အား ငါးရာစီ ခွဲဝေပေးလိုက်တယ်။ အဲဒီအခါကစပြီး သား သမင် (၂) ကောင်ဟာ သမင်ပေါင်းတစ်ထောင်ကို ဦးဆောင်ခဲ့တယ်။

မဂဓတိုင်းမှာလည်း ကောက်မှည့်ချိန် ရောက်တဲ့အခါ ကောက် မှည့်ရာတောမှာ သမင်တို့မှာ ဘေးရန် ဖြစ်တယ်။ ကောက်ကို လာစား တဲ့ သမင်တွေကို သတ်ဖို့ လူတွေဟာ နေရာအနှံ့အပြား တွင်းကို တူး ထားကြတယ်။ တံကျင်တွေကို စိုက်ထားကြတယ်။ ကျောက်ယန္တရားတို့ ကို လွှတ်ကြတယ်။ စဉ်းလဲတဲ့ ကျော့ကွင်းစသည်တို့ကို ထောင်ထားကြ တယ်။ များစွာတဲ့ သမင်တွေ သေကျေပျက်စီးကြတယ်။

ဘုရားလောင်းဟာ ကောက်ပြည့်စုံရာအခါကို သိလို့ သား သမင် (၂) ကောင်ကို ခေါ်ပြီး "သားတို့ အခုအချိန်ဟာ ကောက်ပြည့်စုံရာအခါ

http://www.dhammadownload.com



ဖြစ်တယ်။ သမင်ပေါင်းများစွာ သေကျေပျက်စီးကြတယ်။ အသက်ကြီးလာပြီဖြစ်တဲ့ ငါတို့ကတော့ တစ်စုံတစ်ခုဖြစ်တဲ့ ဥပါယ်တံမျဉ်နဲ့ အရပ်တစ်ပါး သွားပြီး အချိန်ကုန်လွန်စေကြမယ်။ ငါ့သားတို့ဟာ အခြံအရံ သမင်တွေကို ခေါ်ဆောင်ပြီး တောင်ခြေရင်းသို့ သွားကြ။ ကောက်တွေကို သိမ်းဆည်းပြီးတဲ့အခါမှ ပြန်လာကြ” လို့ ပြောတယ်။ သားသမင် (၂) ကောင်တို့ဟာ “ကောင်းပါပြီ” လို့ အဖစကားကို နားထောင်ပြီး အခြံအရံနဲ့တကွ တောင်ခြေရင်းသို့ ထွက်သွားကြတယ်။ လူတွေဟာ သမင်တွေကို တောင်တက်ရာ အချိန်အခါ၊ တောင်မှ ဆင်းရာ အချိန်အခါ သမင်တို့ သွားရာလမ်းကို သိကြတယ်။ ဒါကြောင့် လူတို့ဟာ ဖုံးကွယ်ရာ အရပ်မှာ ပုန်းအောင်းကာ များစွာသော သမင်တို့ကို ပစ်သတ်ကြတယ်။

ကာဠ မည်တဲ့ သမင်ဟာ အသိဉာဏ် ညံ့ဖျင်းလို့ မသွားသင့်ရာ အချိန်အခါကို မသိ။ ဒါကြောင့် သူ့နောက်လိုက် သမင်အပေါင်းကို ခေါ်ဆောင်ကာ နံနက်အခါ။ ညချမ်းအခါ၊ ညဉ့်ဦးယံအခါ၊ မိုးသောက်ယံအခါတွေမှာ ရွာတံခါးအနီးသို့ သွားတယ်။ လူတွေက ဟိုဟိုဒီဒီ အရပ်တွေမှာ ရိုးရာအနေအထားနဲ့ ရပ်တည်ကြလျက်ရော၊ ပုန်းကွယ်လျက်ပါ သမင်ပေါင်းများစွာကို သတ်ဖြတ်ကြတယ်။ ကာဠသမင်ရဲ့ နောက်လိုက် သမင်ပေါင်းများစွာ သေကြတယ်။ အနည်းငယ်သာ မသေဘဲ ကျန်တယ်။ အဲဒီ အနည်းငယ်သော သမင်တို့နဲ့အတူ ကာဠသမင်ဟာ တောသို့ ဝင်တယ်။

လက္ခဏ မည်တဲ့ သမင်ကတော့ ပညာရှိတယ်။ လိမ္မာတယ်။ အကြောင်းကို သိတတ်တယ်။ မသွားသင့်ရာ အချိန်အခါကို သိတယ်။ ရွာတံခါးနဲ့ နီးတဲ့ အရပ်သို့ မသွား။ နေ့မှာလည်း မသွား၊ ညဉ့်ဦးယံအခါမှာလည်း မသွား၊ မိုးသောက်ထအခါမှာလည်း မသွား။ သမင်ပေါင်းကို ခေါ်ဆောင်ပြီး သန်းခေါင်ယံအခါမှာသာ သွားတယ်။ ဒါကြောင့်

http://www.dhammadownload.com



လက္ခဏာသမင်ရဲ့ အခြံအရံသမင်တွေထဲက တစ်ကောင်တလေမျှ မသေဘဲ တောထဲသို့ ဝင်ရတယ်။

အဲဒီသမင်အပေါင်းတို့ဟာ အဲဒီတောထဲမှာ လေးလပတ်လုံး နေပြီး ကောက်သိမ်းဆည်းရာအခါမှာ တောင်မှ ဆင်းသက်လာကြတယ်။ အပြန်ခရီး ကာဠသမင်မှာ နောက်လိုက်တစ်ကောင်မျှ ပါမလာတော့။ သေခဲ့ ကြပြီ။ လက္ခဏာသမင်ရဲ့ နောက်လိုက်သမင်တို့မှာ တစ်ကောင်မျှ မသေ။ လက္ခဏာသမင်ဟာ သမင်ပေါင်း (၅၀၀) ခြံရံလျက် ပြန်လာခဲ့တယ်။ ဖခင်ဘုရားလောင်းသမင်ဟာ ပြန်လာတဲ့ သား (၂) ကောင်ကို ကြည့်ကာ သမင်အပေါင်းတို့နဲ့အတူ ဒီလို ပြောဆိုတယ်။

"အကျင့်သီလနဲ့ ပြည့်စုံပြီး နောက်လိုက်အပေါင်းကို မကောင်းမှုမှ ရှောင်ကြဉ်ဖို့ ဆုံးမပေးမှု၊ သွားသင့်ရာသို့ သွားမှု၊ ဖျားနာသူတို့အား ပြုစုလုပ်ဂကျွေးမှု၊ တရားနဲ့ လျော်စွာ စောင့်ရှောက်ပေးမှု ရှိလို့ (၅၀၀) သော ဆွေမျိုးအပေါင်း ခြံရံလျက် ပြန်လာတဲ့ လက္ခဏာကို ကြည့်ပါလော့။ ဆွေမျိုးအဖော်တစ်ကောင်မျှ မပါတော့ဘဲ တစ်ကောင်တည်းသာ ပြန်လာတဲ့ ကာဠသမင်ကိုလည်း ကြည့်ပါလော့။"

ဘုရားရှင်က -

"ရဟန်းတို့၊ သာရိပုတ္တရာဟာ ယခုအခါမှာသာ ဆွေမျိုးအပေါင်း ခြံရံလျက် တင့်တယ်တာ မဟုတ်သေး။ ရှေးအခါမှာလည်း တင့်တယ်ခဲ့ဖူးပြီ။ ဒေဝဒတ်ဟာ ယခုအခါမှာသာ အခြွေအရံမှ ကင်းတာ မဟုတ်သေး။ ရှေးအခါမှာလည်း ကင်းခဲ့ဖူးပြီ။

ရဟန်းတို့၊ ကာဠသမင်ဟာ ဒေဝဒတ်ဖြစ်ပြီး လက္ခဏာသမင်ဟာ သာရိပုတ္တရာ ဖြစ်ခဲ့တယ်။ လက္ခဏာနဲ့ ကာဠတို့ရဲ့ မိခင်က ရာဟုလာမယ်တော် ဖြစ်ခဲ့တယ်။ ဖခင်က ငါဘုရား ဖြစ်ခဲ့တယ်" လို့ မိန့်ကြား ဇာတ်ပေါင်းတော်မူတယ်။ (ဇာတ်၊ ၄၊ ပ၊ ၁၆၀)

http://www.dhammadownload.com



အရှင်သာရိပုတ္တရာ အလောင်းအလျာ လက္ခဏာသမင်မှာ အကျင့်သီလနဲ့ ပြည့်စုံမှု၊ နောက်လိုက်အပေါင်းကို မကောင်းမှုမှ ရှောင်ကြဉ်ဖို့ ဆုံးမမှု၊ ကျက်စားသင့်ရာသို့ သွားမှု၊ ဖျားနာသူတို့အား ပြုစုလုပ်ကျွေးမှု၊ တရားနဲ့ လျော်စွာ စောင့်ရှောက်မှုဆိုတဲ့ အရည်အသွေးကောင်းတွေ တည်ရှိလို့ အခြံအရံတွေနဲ့ ပြည့်စုံခဲ့တယ်။ အရှင်သာရိပုတ္တရာဟာ တစ်အသေင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလအတွင်းမှာ ဒီလို အရည်အသွေးကောင်းတွေကို အထပ်ထပ်အခါခါ ဆည်းပူးတော်မူခဲ့တယ်။ အရှင်သာရိပုတ္တရာဘဝသို့ ရောက်လာတဲ့အခါမှာတော့ အဲဒီ အရည်အသွေးကောင်းတွေဟာ အလွန်ပဲ အားကောင်းတော်မူခဲ့ပေတယ်။ အရှင်သာရိပုတ္တရာတို့ မကယ်ဆယ်ရင် ဒုက္ခဝဲဂယက်ထဲ နစ်ဖွယ်ရှိတဲ့ ဝင်္ဂီတိုင်းသား ရဟန်းငယ်လေးတို့အား အရှင်သာရိပုတ္တရာဟာ လွန်စွာ သနားတော်မူခဲ့တယ်။ လွန်စွာ သနားတော်မူရုံမက သူတစ်ပါး စိတ်ကို သိပြီး ဆုံးမခြင်း ပြာဋိဟာနဲ့လည်း တရားစကား မိန့်ကြားဟောမူခဲ့တယ်။ ကရုဏာ ပညာ (၂) ပါး စုံတဲ့ ခေါင်းဆောင်ကောင်းမှာ နောက်လိုက်နောက်ပါ များစွာ ရှိတတ်တဲ့ သဘာဝအရ ကရုဏာ ပညာ ကြီးမားတဲ့ အရှင်သာရိပုတ္တရာမှာ နောက်လိုက်နောက်ပါ အခြံအရံများစွာနဲ့ တင့်တယ်နေတာဟာ ခေါင်းဆောင်ကောင်း ဖြစ်လိုသူတို့ သတိပြုဖွယ် ကြည်ညိုအတုယူဖွယ် ဖြစ်နေပါတယ်။

## လင်္ကာ

၁။ အရှင်သာရိပုတ္တရာမှာ, ကရုဏာ, ပညာ ပြည့်စုံသည်။
၂။ ထို့ကြောင့် သူ့မှာ, ခြံရံဟာ, များစွာ ရှိပါသည်။
၃။ ခြံရံများစွာ, ရှိလိုပါ, ပညာ ကရုဏာ ရှိရမည်။

http://www.dhammadownload.com

# ထွေးပြီး တံတွေးကို ပြန်မမျိုတဲ့ အရှင်သာရိပုတ္တရာ

မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူတယ်။ အရှင်သာရိပုတ္တရာကလည်း ဇေတဝန်ကျောင်းမှာပဲ သီတင်းသုံးနေတော်မူတယ်။ အရှင်သာရိပုတ္တရာက မုန့်ခဲဖွယ်ကို ဘုဉ်းပေးတော်မူစဉ်က လူတို့ဟာ သံဃာဖို့ များစွာသော မုန့်ခဲဖွယ်ကို ယူပြီး ကျောင်းသို့ လာကြတယ်။ သံဃာတို့ ဘုဉ်းပေးပြီးပေမယ့် မုန့်တွေက များစွာ ကျန်ရှိနေသေးတယ်။ "အရှင်ဘုရားတို့၊ ရွာတွင်းမှာ ရှိတဲ့ ရဟန်းတွေအတွက် ခံယူတော်မူကြပါကုန်" လို့ လူတွေက လျှောက်ထားကြတယ်။ အဲဒီအခါမှာ အရှင်သာရိပုတ္တရာရဲ့ အတူနေ တပည့်ရဟန်းငယ်ဟာ ရွာတွင်းမှာ နေတယ်။ အဲဒီရဟန်းငယ်ရဲ့ ဝေစုကို အဲဒီရဟန်းတို့ ယူခဲ့ကြတယ်။ အဲဒီရဟန်းငယ် မလာမီ နေအလွန် မြင့်လာတယ်။ ဒါကြောင့် အဲဒီဝေစုကို အရှင်သာရိပုတ္တရာအား လှူလိုက်ကြတယ်။ အရှင်သာရိပုတ္တရာ အဲဒီမုန့်ကို ဘုဉ်းပေးပြီးတဲ့အခါ အဲဒီရဟန်းငယ် ရောက်လာတယ်။ အဲဒီအခါ ရဟန်းတို့က ရဟန်းငယ်ကို "ငါ့ရှင်၊ ငါတို့ သင့်ဖို့ ထားတဲ့ မုန့်၊ ခဲဖွယ်ကို အရှင်သာရိပုတ္တရာ ဘုဉ်းပေးပြီးပြီ" လို့ ပြောကြတယ်။ "အရှင်ဘုရားတို့၊ ဘယ်သူဟာ ကောင်းမြတ်တဲ့ ခဲဖွယ်

http://www.dhammadownload.com



ဘောဇဉ်ကို မနှစ်သက်ဘဲ ရှိမှာလဲ” လို့ အဲဒီရဟန်းငယ်က ပြောတယ်။ အရှင်သာရိပုတ္တရာမှာ သံဝေဂဖြစ်တယ်။ အရှင်သာရိပုတ္တရာဟာ အဲဒီနေ့ကစပြီး မုန့်၊ ခဲဖွယ်ကို နောင်သောအခါ မစားတော့အံ့လို့ အဓိဋ္ဌာန်တော်မူတယ်။ အဲဒီအခါကစပြီး အရှင်သာရိပုတ္တရာဟာ မုန့်၊ ခဲဖွယ်ကို မစားဖူးပါတဲ့။ အရှင်သာရိပုတ္တရာဟာ မုန့်၊ ခဲဖွယ်ကို မစားတဲ့အဖြစ်ဟာ ရဟန်းသံဃာမှာ ထင်ရှားနေတယ်။

ရဟန်းတို့ဟာ အရှင်သာရိပုတ္တရာရဲ့ အကြောင်းကို ပြောဆိုလျက် တရားသဘင်မှာ စည်းဝေးနေကြတယ်။ အဲဒီအခါ မြတ်စွာဘုရား ကြွတော်မူလာပြီး “ရဟန်းတို့၊ ယခု ငါဘုရား ကြွလာချိန်မှာ အဘယ်စကားနဲ့ စည်းဝေးနေကြသလဲ” လို့ မေးတော်မူတယ်။ “ဤမည်တဲ့ စကားနဲ့ စည်းဝေးနေကြပါတယ်” လို့ ရဟန်းတို့က လျှောက်ထားတဲ့အခါ “ရဟန်းတို့၊ အရှင်သာရိပုတ္တရာဟာ တစ်ကြိမ် စွန့်ပြီးတဲ့ ဝတ္ထုကို အသက်ပင်စွန့်ရပေမယ့် တစ်ဖန် မယူတော့” လို့ မိန့်တော်မူပြီး အတိတ်ဇာတ်ကြောင်းကို ဟောပြတော်မူတယ်။

လွန်လေပြီးတဲ့အခါ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းဟာ မင်းပြုတယ်။ အဲဒီအခါ ဘုရားလောင်းဟာ အဆိပ်ကို ဖြေတတ်တဲ့ အမျိုးမှာ ဖြစ်တယ်။ အဲဒီဆေးကုတဲ့အမှုနဲ့ အသက်မွေးတယ်။ အဲဒီအခါ ဇနပုဒ်မှာ နေတဲ့ လူတစ်ယောက်က မြွေကိုက်ခံရတယ်။ အဲဒီလူရဲ့ ဆွေမျိုးတွေက လျင်စွာ ဆေးဆရာကို ပင့်ကြတယ်။ ဆေးဆရာကလည်း ရှေးဦးစွာ ဆေးနဲ့ လိမ်းကျံပေးတယ်။ စည်းပေးတယ်။ အဲဒီနောက် “အဆိပ်ကို ဖျောက်ရမလား။ ဒါမှမဟုတ် ကိုက်တဲ့ မြွေကို ခေါ်ပြီး အဲဒီမြွေကိုပဲ အဆိပ်ကို စုပ်စေရမလား” လို့ ဆေးဆရာက လူနာ့ဆွေမျိုးတို့ကို မေး

http://www.dhammadownload.com



တယ်။ ဆွေမျိုးတို့က "ကိုက်တဲ့ မြွေကို ခေါ်ပြီး အဆိပ်ကို စုပ်စေပါလော့" လို့ ပြောကြတယ်။ အဲဒီဆေးဆရာက "သင်ဟာ ဒီလူကို ကိုက်တယ် မဟုတ်လား" လို့ အဲဒီမြွေကို မေးတယ်။ "ငါ ကိုက်တာ မှန်တယ်" လို့ မြွေက ဖြေတယ်။ အဲဒီအခါ ဆေးဆရာက "သင် ကိုက်ရာအရပ်မှ အဆိပ်ကို သင့်ခံတွင်းနဲ့ စုပ်ယူလော့" လို့ ပြောတဲ့အခါ မြွေက "ငါဟာ တစ်ကြိမ် စွန့်ပြီးတဲ့ ဝတ္ထုကို တစ်ဖန် မယူစဖူး။ ငါဟာ စွန့်ပြီးတဲ့ အဆိပ်ကို မစုပ်" လို့ ပြောတယ်။ ဆေးဆရာက ထင်းမီးကို ယူဆောင်ပြီး "သင်ရဲ့ အဆိပ်ကို သင် မစုပ်ရင် ဒီမီးကို ဝင်လော့" လို့ ပြောလို့ "မီးသို့သာ ဝင်အံ့။ ငါဟာ တစ်ကြိမ် စွန့်ပြီးတဲ့ အဆိပ်ကို မစုပ်အံ့" လို့ မြွေက ပြောကာ-

"ငါဟာ အသက်ဆိုတဲ့ အကြောင်းကြောင့် အန်ပြီးတဲ့ အဆိပ်ကို ပြန်မမျို၊ အန်ပြီးတဲ့ အဆိပ်ကို ပြန်မျိုရတာဟာ စက်ဆုပ် ရွံရှာဖွယ် ဖြစ်တယ်။ အန်ပြီးတဲ့ အဆိပ်ကို ပြန်မျိုပြီး အသက်ရှင်ရတာထက် သေရတာက မြတ်သေးတယ်" လို့ ပြောပြီး မီးသို့ ဝင်ဖို့ သွားတယ်။ အဲဒီအခါ ဆေးဆရာက မြွေကို မသွားဖို့ တားမြစ်တယ်။ မြွေကိုက်ခံရတဲ့ လူကို ဆေးမန္တရားတွေနဲ့ အဆိပ်မရှိအောင် ပြုပြီး အနာ မရှိအောင် ပြုကာ မြွေအားလည်း သီလပေးတယ်။ "ဒီနေ့ကစပြီး တစ်စုံတစ်ယောက်သောသူကိုမျှ မညှဉ်းဆဲလင့်"လို့ ဆုံးမပြီး လွှတ်လိုက်တယ်။

ဒီဇာတ်လမ်းမှာ မြွေဟာ အရှင်သာရိပုတ္တရာလောင်း ဖြစ်တယ်။ ဆေးဆရာဟာ ငါ ဘုရားလောင်း ဖြစ်တယ်လို့ ဘုရားရှင်က မိန့်တော်မူခဲ့ပါတယ်။ (ဇာတ်၊ ၄၊ ပ: ၃၂၈)

"အသက်ပင် သေသွားပါစေ။ ထွေးအန်ပြီးတဲ့ မြွေဆိပ်ကိုတော့ ပြန်ပြီး မမျိုနိုင်" လို့ ပြောကြားတဲ့ အရှင်သာရိပုတ္တရာလောင်းလျာ မြွေရဲ့

http://www.dhammadownload.com



ရဲရင့်ပြတ်သားတဲ့ သတ္တိနဲ့ “နောင်အခါ မုန့်၊ ခဲဖွယ်ကို မစားတော့အံ့” လို့ ခိုင်မာမြဲမြံတဲ့ ဆုံးဖြတ်ချက်နဲ့ ဆုံးဖြတ်ကာ ကျင့်သုံးခဲ့တဲ့ အရှင်သာရိပုတ္တရာရဲ့ ရဲရင့်ပြတ်သားတဲ့ သတ္တိတို့မှာ အားရစရာ ကောင်းလှပါပေတယ်။ အာဇာနည်ပုဂ္ဂိုလ်တွေမှာ ခိုင်မာတဲ့ ဆုံးဖြတ်ချက် ချပြီးရင် အဲဒီ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ကြတာဟာလည်း အဲဒီအာဇာနည်တွေရဲ့ ထူးခြားတဲ့ အရည်အသွေးတစ်ခုပဲ ဖြစ်ပါပေတယ်။

## လင်္ကာ

၁။ ထွေးပြီး ဆိပ်ကို၊ ပြန် မမျို၊ သူလို မြွေကား ရှားပေမည်။
၂။ မုန့်ခဲဖွယ်ကို၊ နောင် မမျို၊ နောင်ကို သူ ရှောင်တယ်။
၃။ အရှင်သာရိပုတ္တရာ စိတ်ထား၊ လွန်ပြတ်သား၊
ထူးခြား ရည်သွေးမည်။

http://www.dhammadownload.com

# သူတစ်ပါးကျေးဇူးကို သိပြီး တုံ့ပြန်ခဲ့တဲ့ အရှင်သာရိပုတ္တရာလောင်းလျာ

ဆွမ်းတစ်ဇွန်း လောင်းလှူဖူးတဲ့ ရာဓပုဏ္ဏားရဲ့ ကျေးဇူးကိုတောင် မမေ့ဘဲ ကျေးဇူးဆပ်တဲ့အနေနဲ့ ရာဓပုဏ္ဏားကို ရဟန်းဝတ်ပေးခဲ့တဲ့ အရှင်သာရိပုတ္တရာရဲ့ ကျေးဇူးသိတတ်မှု၊ ကျေးဇူးပြန်ဆပ်မှုတို့ကို အကြောင်းပြုပြီး သံဃာ့သဘင်မှာ ရဟန်းတော်တို့က "ငါ့ရှင်တို့၊ အရှင်သာရိပုတ္တရာဟာ သူတစ်ပါးကျေးဇူးကိုလည်း သိတော်မူပါပေတယ်။ သူတစ်ပါးအား ကျေးဇူးဆပ်မှုကိုလည်း ပြုတော်မူပါပေတယ်" လို့ ချီးမွမ်းစကား ပြောဆိုနေကြတယ်။ အဲဒီချီးမွမ်းစကားကို ကြားတော်မူတဲ့ မြတ်စွာဘုရားက ရဟန်းတို့ကို "ရဟန်းတို့၊ သာရိပုတ္တရာရဲ့ ယခုနောက်ဆုံးဘဝမှာ သူတစ်ပါးကျေးဇူးကို သိတာ ကျေးဇူးတုံ့ပြန်ပြီး ဆပ်တာဟာ မအံ့ဩလောက်သေးပါ။ သာရိပုတ္တရာဟာ ရှေးအခါက တိရစ္ဆာန်ဖြစ်စဉ်ကလည်း သူတစ်ပါးကျေးဇူးကို သိခဲ့တယ်။ ဆပ်လည်း ဆပ်ခဲ့တယ်" လို့ မိန့်တော်မူပါတယ်။ ရဟန်းတို့က "မြတ်စွာဘုရား၊ အဘယ်အခါမှာပါလဲ ဘုရား" လို့ မေးလျှောက်ကြလို့ မြတ်စွာဘုရားဟာ အတိတ်ဖြစ်ရပ် အလီနစိတ္တဇာတ်ကို ဒီလို ဟောတော်မူခဲ့ပါတယ်။

http://www.dhammadownload.com



## ဆင်ပြောင်ကြီးကို ဆေးကုပေးကြတဲ့ လက်သမားများ

ရဟန်းတို့၊ လွန်လေပြီးအခါဝယ် တောင်ခြေမှာ နေထိုင်ကြတဲ့ လက်သမားယောက်ျား (၅၀၀) တို့ဟာ တောအုပ်ကြီးအတွင်းသို့ ဝင်ပြီး သစ်အဆောက်အဦးတို့ကို ဖြတ်တောက်ခုတ်ရွေကြပြီး ကြီးစွာသော ဖောင်ကို ဖွဲ့ကာ မြစ်ကြောအတိုင်း မျှောဆောင်လေ့ရှိကြတယ်။ အဲဒီ ကနောက် ဆင်ပြောင်ကြီးတစ်ကောင်ဟာ မြေ မညီညွတ်တဲ့ တစ်ခုသော နေရာမှာ နှာမောင်းဖြင့် သစ်ခက်ကို ချိုးယူတဲ့အခါ သစ်ခက်ကျိုးက ကြီးမားလို့ အဲဒီသစ်ခက်အကျိုးရဲ့အဟုန်ကို မထိန်း မဆောင်နိုင်တော့ဘဲ ထက်လှစွာသော သစ်ငုတ်တစ်ခုမှာ ခြေနဲ့ နင်းမိတယ်။ ခြေထောက်ကို သစ်ငုတ် စူးဝင်လို့ ဆင်ပြောင်ကြီးရဲ့ကိုယ်မှာ ဒုက္ခဝေဒနာတို့ ပြင်းစွာ ဖြစ်ကြတယ်။ ဆင်ပြောင်ကြီးဟာ အလွန် နာကျင်လှလို့ ခရီး ဆက်ပြီး မသွားနိုင်တော့ဘဲ အဲဒီနေရာမှာပဲ လဲလျောင်းနေရတော့တယ်။

ဆင်ပြောင်ကြီးဟာ နှစ်ရက်၊ သုံးရက် လွန်တဲ့အခါ အဲဒီ လက်သမားများ မိမိရဲ့အနီးမှ သွားကြတာတွေကို မြင်ပြီး "ဒီလက်သမားတွေကို အမှီပြုပြီး ငါဟာ အသက်ရှင်မှုကို ရပေလိမ့်မယ်" လို့ ကြံစည် အောက်မေ့ကာ အဲဒီလက်သမားတွေရဲ့ နောက်သို့ ထပြီး လိုက်ပါသွားတယ်။ လက်သမားတွေ နောက်သို့ ပြန်လှည့်ကြည့်တဲ့အခါ ဆင်ပြောင်ကြီးကို မြင်ရလို့ အလွန်ကြောက်လန့်ကာ ပြေးသွားကြတယ်။ ဆင်ပြောင်ကြီး ဟာ လက်သမားများ ကြောက်လို့ ပြေးတဲ့အခါ ရပ်တည်နေပြီး တစ်ဖန် လက်သမားတွေ ရပ်ပြန်တဲ့အခါ လိုက်ပြန်တယ်။

အမြော်အမြင် ပညာရှိတဲ့ လက်သမားဆရာကြီးက "ဒီ ဆင်ကြီး ကား ငါတို့ ရပ်ကြရင် လိုက်လာပြီး ငါတို့ ပြေးကြရင် ရပ်တည်နေတယ်။

http://www.dhammadownload.com



ဒီလို ပြုလုပ်ရာမှာ အကြောင်းထူးတစ်ခုခု ရှိရမယ်” လို့ ကြံစည် ဆင်ခြင်မိတယ်။ အဲဒီကနောက် လက်သမားများအားလုံးပဲ ထိုထိုသစ်ပင်ထက်သို့ တက်ကြပြီး ဆင်ပြောင်ကြီးအလာကို စောင့်နေကြတယ်။ ဆင်ပြောင်ကြီးဟာ အဲဒီလက်သမားတို့အထံသို့ သွားရောက်ပြီး မိမိရဲ့ သစ်ငုတ် စူးနေတဲ့ ခြေကို ပြန်လှဲလျက် ပြသကာ လဲလျောင်းနေတယ်။ အဲဒီအခါ လက်သမားတွေရဲ့ စိတ်သန္တာန်မှာ “အမောင်တို့၊ ဒီဆင်ကြီးဟာ မကျန်းမမာလို့ ငါတို့ နောက်သို့ လိုက်ပါလာတယ်။ အခြားအကြောင်းကြောင့် မဟုတ်” လို့ အသိဉာဏ်ဝင်လာပြီး ဆင်ပြောင်ကြီးအနီးသို့ သွားရောက် ကြည့်ရှုကြတဲ့အခါ ခြေဖဝါးမှာ စူးဝင်နေတဲ့ သစ်ငုတ်ငြောင့်ကြီးကို မြင်ကြလို့ “ဒီငြောင့် စူးနေခြင်းဆိုတဲ့ အကြောင်းကြောင့် ဒီဆင်ကြီးဟာ ငါတို့နောက်သို့ လိုက်ပါလာတယ်” လို့ အမှန်အတိုင်း စဉ်းစားသိရှိလာကြလို့ ထက်လှစွာသော ပဲခွပ်နဲ့ သစ်ငုတ်ငြောင့်ကြီးရဲ့ အစွန်အဖျားမှာ အရေးအရစ် ထွင်းလှစ်ကြပြီး မြဲမြံစွာသော ကြိုးနဲ့ ဖွဲ့ချည်ကာ ဆွဲငင်ထုတ်ကြတယ်။ အဲဒီကနောက်မှ ဆင်ပြောင်ကြီးရဲ့ ဖဝါးအနာဝကို ညှစ်ပြီး ပြည်သွေးတွေကို ထုတ်ပစ်ကြလျက် ဖန်ဆေးကြပြီးနောက် မိမိတို့ တတ်သိမှတ်မိတဲ့ ဆေးဝါးများကို လိမ်းကျံပေးကာ မကြာမီပဲ ပကတိချမ်းသာအောင် ပြုစုကုသပေးကြတယ်။

## လက်သမားတို့အား ကျေးဇူးဆပ်တဲ့အနေနဲ့

ဆင်ပြောင်ကြီးဟာ နာလန်ထပြီးနောက် “ဒီလက်သမားတွေ ဟာ ငါရဲ့အပေါ်မှာ အလွန်ကျေးဇူးများကြတယ်။ ငါဟာ ဒီလက်သမားတွေအပေါ်မှာ ကျေးဇူးကို သိသူ၊ ကျေးဇူးကို တုံ့ဆပ်သူ ဖြစ်မှ သင့်တော်မယ်” လို့ ကြံစည်ကာ မိမိနေရာ တောအရပ်သို့ သွားရောက်ပြီး

http://www.dhammadownload.com



တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူတဲ့ ဂန္ဓအမျိုး မင်္ဂလာဆင်ဖြူတော် သားငယ်ကို ခေါ်ဆောင်ပြီး လာတယ်။ လက်သမားတွေဟာ ဆင်ဖြူတော် သားငယ်ကို မြင်ရတဲ့အခါ "ငါတို့ရဲ့ ဆင်ကြီးဟာ သားကိုလည်း ခေါ်ဆောင်ပြီး လာပြီ" လို့ အလွန်အားရ ဝမ်းမြောက်တဲ့ စိတ် ရှိကြတယ်။ အဲဒီကနောက် ဆင်ကြီးဟာ "ငါ ဒီအရပ်မှာ ဆက်လက် တည်ရှိနေရင် 'ဘာကြောင့် ဒီဆင်ကြီး လာတယ်' လို့ ငါရဲ့ လာရောက်ခြင်းအကြောင်းကို လက်သမားများ သိကြလိမ့်မယ်မဟုတ်"လို့ကြံစည်ပြီး မိမိရပ်တည်ရာဌာနမှ ဖဲသွားတယ်။

ဆင်ဖြူတော် သားငယ်ဟာ ဖခင် ဆင်ပြောင်ကြီးရဲ့ နောက်မှ လိုက်တယ်။ ဆင်ပြောင်ကြီးသည် သားငယ် လိုက်ပါလာတာကို သိပြီး လက်သမားတို့ထံ ပြန်နေရစ်ဖို့ အသံနဲ့ အမှတ်အသားကို ပေးတယ်။ သားငယ် ဆင်ဖြူတော်ကလေးဟာ ဖခင် ဆင်ပြောင်ကြီးရဲ့ စကား အသံကို ကြားသိရပြီး ပြန်နေရစ်ကာ လက်သမားတို့အထံသို့ သွားရောက်တယ်။ အဲဒီအခါရောက်မှ လက်သမားတွေဟာ "ဒီဆင်ပြောင်ကြီးကတော့ ဒီမိမိသားငယ် ဆင်ဖြူတော်ကလေးကို ငါတို့အား ပေးဖို့ လာရောက်တာ ဖြစ်လိမ့်မယ်" လို့ သိကြလို့ သားငယ် ဆင်ဖြူတော်ကလေးကို "ငါတို့ရဲ့အထံမှာ သင် ပြုလုပ်ရမယ့်ကိစ္စ မရှိပါ။ သင့်ဖခင်ရဲ့ အထံသာ ပြန်သွားလော့" လို့ ခွင့်ပြုစေလွှတ်ကြတယ်။ ဆင်ပြောင်ကြီးဟာ မိမိရဲ့သားငယ်ကို သုံးကြိမ်တိုင်တိုင် မိမိအထံသို့ လာရောက် ပေးမယ့်တစ်ဖန် လက်သမားတို့ရဲ့ အထံသို့သာ သားငယ်ကို ပြန်ပြီး စေလွှတ်တယ်။

**ဖခင်စကားကို လိုက်နာတဲ့ ဆင်ဖြူတော်လေး**

အဲဒီအချိန်ကစပြီး လက်သမားတွေဟာ ဆင်ဖြူတော်ငယ်ကို မိမိတို့ အထံမှာသာ ထားကာ ကျွေးမွေးကြတယ်။ ထမင်းစားချိန်မှာ လက်

http://www.dhammadownload.com



သမား တစ်ယောက်တစ်ယောက်လျှင် ထမင်းတစ်ဆုပ်ကျ ဆင်ဖြူတော်ငယ်အား ပေးကြတယ်။ ဒါကြောင့် အဲဒီ ဆင်ဖြူတော်ငယ်အဖို့ရာ အစာ ထမင်းဟာ လိုသလောက် ပြည့်စုံတယ်။ ဆင်ဖြူတော်ငယ်ဟာ လက်သမားများ တောတွင်းမှာ ဖြတ်တောက် ခုတ်ရွေအပ်ပြီးသမျှသော သစ်အဆောက်အဦးအားလုံးကို တောမှ ထုတ်ဆောင်သယ်ယူခဲ့ပြီး ဟင်းလင်းလွင်ပြင်မှာ စုပုံကာ ထားတယ်။ ဒီနည်းနဲ့ပဲ လက်သမားတို့အပေါ် တခြားကျေးဇူးကိုလည်း ပြုပေးတယ်။

အဲဒီအချိန်ကစပြီး ဆင်ဖြူတော်ကလေးဟာ လက်သမားတွေရဲ့ စကားကို လိုက်နာ ခံယူလျက် ခပ်သိမ်းသော အလုပ်ကိစ္စတို့ကို ဆောင်ရွက်ပြုလုပ်ပေးတယ်။ အဲဒီလက်သမားတွေကလည်း ဆင်ဖြူတော်ကလေးကို နေ့စဉ် နေ့စဉ် ထမင်းတစ်လုတ်ကျစီ ပေးပြီး မွေးမြူကြတယ်။ ဆင်ဖြူတော်ကလေးဟာ အလုပ်ပြီးစီးရင် မြစ်သို့ ဆင်းပြီး ရေချိုး၊ ရေကစားပြီးမှ ပြန်လာတယ်။ လက်သမားတို့ရဲ့ သားငယ်များဟာလည်း ဆင်ဖြူတော်ကလေးကို နှာမောင်း စသည်တွေမှာ ဆွဲကိုင်ကြကာ ရေမှာရော၊ ကုန်းမှာပါ ဆင်ဖြူတော်လေးနဲ့ အတူတကွ ကစားကြတယ်။

အထူးသဖြင့် ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ ယောက်ျားအာဇာနည်တွေဟာ ရေမှာ ကျင်ကြီး၊ ကျင်ငယ်ကို မစွန့်ကြ။ ဒါကြောင့် ဆင်ဖြူတော်ကလေးဟာလည်း မြစ်အတွင်းမှာ ကျင်ကြီး၊ ကျင်ငယ်ကို မစွန့်ဘဲ မြစ်မှ လွတ်ရာ အပြင်အပမှာသာ ကျင်ကြီး၊ ကျင်ငယ်ကို စွန့်တယ်။

## ဆင်ဖြူတော်လေးကို အလိုရှိနေတဲ့ ဗာရာဏသီမင်း

တစ်နေ့မှာ ဗာရာဏသီပြည်မှ အထက်မြစ်ညာဝယ် ဆင်ဖြူတော်ကလေး နေရာမှာ မိုးသည်းထန်စွာ ရွာသွန်းတယ်။ အဲဒီအခါ ဆင်ဖြူ

http://www.dhammadownload.com



တော်ကလေး မြစ်အပြင်အပမှာ စွန့်ထားတဲ့ ကျင်ကြီးခြောက်တစ်ခုဟာ မိုးကျရေကြောင့် မြစ်အတွင်းသို့ သက်ရောက်သွားပြီး ဗာရာဏသီမြို့တော် ရေဆိပ်ဝယ် တစ်ခုသော ချုံမှာ ငြိတွယ်ပြီး တည်တယ်။ အဲဒီအခါ မင်းကြီးရဲ့ ဆင်ထိန်းတွေက "ဆင်များကို ရေချိုးပေးကြ" လို့ကြပြီး ဆင်အစီး (၅၀၀) တို့ကို မြစ်ဆိပ်သို့ မောင်းနှင် ခေါ်ဆောင်လာကြတယ်။

အာဇာနည် ဆင်ဖြူတော်ကလေးရဲ့ ကျင်ကြီးနံ့ကို နမ်းရှုမိကြလို့ ဆင်တစ်ကောင်မျှ မြစ်တွင်းသို့ မဆင်းဝံ့ကြဘဲ ဆင်အားလုံးပဲ အမြီးကို ထောင်ပြီး ပြေးဖို့ အားထုတ်ကြတယ်။ ဆင်ထိန်းတွေက ဆင်ဆေးဆရာတို့အား အဲဒီအကြောင်းကို ပြောကြားကြတယ်။ ဆင်ဆေးဆရာတွေက "ရေထဲမှာ တစ်စုံတစ်ခု ဘေးရန် ရှိတာ ဖြစ်လိမ့်မယ်"လို့ ပြောကာ ရေကို သုတ်သင်စေကြတဲ့အခါ ချုံပုတ်မှာ ကပ်ငြိနေတဲ့ ဆင်အာဇာနည်ရဲ့ ကျင်ကြီးကို တွေ့မြင်ကြလို့ "ဒီဆင်များ ပြေးသွားဖို့ အားထုတ်ရာမှာ ဒီကျင်ကြီးက အကြောင်းရင်းဖြစ်တယ်" လို့ သိရှိကြကာ အိုးစရည်းကို ယူဆောင်စေပြီး ရေအပြည့် ထည့်ကြလျက် အဲဒီဆင်အာဇာနည်ရဲ့ ကျင်ကြီးကို အိုးစရည်းအတွင်းမှာ နယ်စေကြပြီး (၅၀၀) သော ဆင်တို့ရဲ့ ကိုယ်မှာ လောင်းစေကြတယ်။ ဆင်များရဲ့ ကိုယ်တို့ဟာ ရနံ့ကောင်းများ မွှေးကြိုင်လှိုင်ပြီး နေကြတယ်။ အဲဒီအခါမှာ ဆင်တို့ဟာ မြစ်သို့ ဆင်းပြီး ရေချိုးကြတယ်။

ဆင်ဆေးဆရာတို့က အဲဒီအကြောင်းကို မင်းကြီးအား ပြောကြားပြီး "အရှင်မင်းကြီး၊ အဲဒီဆင်အာဇာနည်ကို တွေ့အောင် ရှာပြီး ရွှေနန်းတော် အရောက် ဆောင်ယူမှ သင့်တော်မယ်" လို့ လျှောက်ထားကြတယ်။

http://www.dhammadownload.com



မင်းကြီးဟာ လှေအပေါင်းတို့နဲ့ မြစ်ကို ဆန်တက်ခဲ့ရာ အထက်မြစ်ညာသို့ ဆန်တဲ့ လှေအပေါင်းတွေနဲ့ လက်သမားများနေရာ တောင်ခြေတောအုပ်သို့ ရောက်တယ်။ ဆင်ဖြူတော်ကလေးဟာ မြစ်ဆိပ်မှာ ရေကစားစဉ် စည်သံကို ကြားရပြီး ပြေးသွားကာ လက်သမားတို့ရဲ့ အနီးမှာ ရပ်တည်လာတယ်။ လက်သမားတို့က မင်းကြီးအား ခရီးဦး ကြိုဆိုကြပြီး "အရှင်မင်းကြီး၊ အကယ်၍ သစ်သားတို့ကို အလိုရှိပါလျှင် အဘယ်ကြောင့် မင်းကြီးကိုယ်တိုင် ကြွရောက်တော်မူလာရပါသလဲ။ တမန် စေလွှတ်၍ အဆက်အသခိုင်းရန် မသင့်လျော်ပါသလော" လို့ လောကဝတ်ပျူငှာစကား လျှောက်ထားကြတယ်။

မင်းကြီးက "အမောင် လက်သမားတို့၊ ငါဟာ သစ်သားတို့ကို ရယူဖို့ လာတာ မဟုတ်။ တကယ်တော့ သင်တို့ထံမှာ ရှိနေတဲ့ ဒီဆင်ဖြူငယ်ကို ရယူဖို့ ငါ လာရောက်တယ်" လို့ မိန့်ဆိုတဲ့အခါ လက်သမားတို့ဟာ "အရှင်မင်းကြီး၊ အဲဒီလို ဖြစ်ရင် အလိုတော်ရှိတိုင်း ဖမ်းယူစေပြီး ကြွသွားတော်မူကြပါ" လို့ ခွင့်ပြုစကား လျှောက်ထားကြတယ်။

## ဗာရာဏသီမင်းနောက် လိုက်ပါသွားရတဲ့ ဆင်ဖြူတော်လေး

ဆင်ဖြူတော်ကလေးဟာ လိုက်ပါခြင်းငှာ အလိုမရှိ။ ဆင်ဆရာတို့က ဖမ်းယူဆွဲဆောင်ကြပေမယ့် ကြံ့ကြံ့ရပ်တည်ပြီးသာ နေတယ်။ အဲဒီအခါ မင်းကြီးက ဆင်ဆရာတို့ကို "အမောင်၊ ဆင်ဆရာတို့ ဆင်ဖြူတော်ဟာ အဘယ်အမှုကို ပြုစေလိုသလဲ" လို့ မေးပြီး ဆင်ဆရာတို့က "အရှင်မင်းကြီး၊ ဆင်ဖြူတော်ဟာ လက်သမားတို့အား ကျွေးမွေးခကို ပေးဆောင်စေလိုပါတယ်"လို့ လျှောက်ထားတဲ့အခါ မင်းကြီးက "ကောင်းပြီ အမောင်တို့" လို့ ဆိုကာ ဆင်ဖြူတော်ရဲ့ ခြေလေးဖက်၊ နှာမောင်း၊

http://www.dhammadownload.com



အမြိုး ဒီခြောက်ဌာနတို့အနီးမှာ အသပြာတစ်သိန်းစီ တစ်သိန်းစီကို စုပုံထားစေတယ်။ ဆင်ဖြူတော်ဟာ ဒီခြောက်သိန်းသော အသပြာမျှနဲ့လည်း မလိုက်ပါပြန်လို့ လက်သမားအားလုံးတို့အား ဝတ်စုံတစ်စုံစီ၊ လက်သမားမယားတို့အား ထဘီတစ်စုံ တစ်စုံစီ၊ မိမိနဲ့ ကစားဖော် သူငယ်တို့အား သူငယ်တို့ အသုံးအဆောင် အစုံအလင်ကို မင်းကြီးက ပေးစေတယ်။ အဲဒီလို ပေးစေမှသာ ဆင်ဖြူတော်ဟာ လက်သမားများ၊ လက်သမားမိန်းမများ၊ ကစားဖော် သူငယ်များကို ပြန်နစ်ကာ ကြည့်လျက်ကြည့်လျက်ပဲ မင်းကြီးနဲ့တကွ လိုက်ပါလာတယ်။

မင်းကြီးဟာ ဆင်ဖြူတော်ကို ယူဆောင်ပြီး မြို့သို့ ရောက်တဲ့အခါ မြို့ကိုရော၊ ဆင်တင်းကုပ်ကိုပါ တန်ဆာ ဆင်စေကာ ဆင်ဖြူတော်ကို မြို့ကို လက်ယာရစ် လှည့်လည်စေလျက် ဆင်တင်းကုပ်သို့ သွင်းပြီး ဆင်တော်ဆိုင်ရာ အဆင်တန်ဆာအစုံနဲ့ တန်ဆာဆင်ကာ မင်္ဂလာအဘိသိက် သွင်းတော်မူပြီး မင်းစီးဆင် ပြုလုပ်ကာ မိမိရဲ့ အဆွေတော်အရာမှာ ထားလျက် တိုင်းပြည်ရဲ့စည်းစိမ်တစ်ဝက်ကို ဆင်ဖြူတော်အား ပေးပြီး မိမိရဲ့ အဆောင်အယောင် အခမ်းအနားတူ ပြုမူချီးမြှောက်တော်မူတယ်။ ဆင်ဖြူတော်ရောက်တဲ့ အချိန်ကစပြီး ဗာရာဏသီ မင်းကြီးရဲ့အဖို့ရာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ မင်းအဖြစ်ဟာ လက်တော်သို့ ရောက်ပြီး (ရပြီး) သာ ဖြစ်တော့တယ်။

## ဘုရားအလောင်းတော် အလီနစိတ္တမင်းသား

ဒီနည်းနဲ့ အချိန်အတန်ကြာတဲ့အခါ ဘုရားအလောင်းတော်ဟာ အဲဒီဗာရာဏသီမင်းကြီးရဲ့ မိဖုရားခေါင်ကြီးဝမ်းမှာ ပဋိသန္ဓေ ယူနေတော်မူလာတယ်။ မိဖုရားကြီးရဲ့ ကိုယ်ဝန် ရင့်ကျက်တဲ့အခါ ဗာရာဏသီ

http://www.dhammadownload.com



မင်းကြီး နတ်ရွာစံတယ်။ ဆင်ဖြူတော်ဟာ မင်းကြီး နတ်ရွာစံကြောင်း သိရှိရင် အဲဒီသိရာ နေရာမှာပဲ နှလုံးကွဲပြီး သေပွဲဝင်လေရာ၏။ ဒါကြောင့် မှူးမတ်တို့က မင်းကြီး နတ်ရွာစံကြောင်း အသိမပေးကြဘဲ ပြုစုလုပ်ကျွေးပြီး ထားကြတယ်။

အထူးအားဖြင့် ဗာရာဏသီမင်းကြီး နတ်ရွာစံကြောင်း ကြားရပြီး "ဗာရာဏသီပြည်ဟာ မင်းမဲ့ ဆိတ်သုဉ်းနေသတဲ့" လို့ အိမ်နီးချင်း ကောသလဘုရင် သိတဲ့အခါ များစွာသော စစ်တပ်ကြီးနဲ့ လာရောက်ကာ မြို့ကို ဝန်းရံထားတယ်။ ဗာရာဏသီမြို့သားတို့က ကောသလမင်းထံသို့ "ကျွန်ုပ်တို့ မင်းကြီးရဲ့ မိဖုရားခေါင်ကြီးဟာ ယခုအခါ ကိုယ်ဝန်အရင့်အမာ ရှိနေလို့ "ယနေ့မှ နောက်ခုနစ်ရက်မြောက်မှာ သားတော်ကို ဖွားမြင်လိမ့်မယ်" လို့ အင်္ဂဝိဇ္ဇာတတ် လက္ခဏာဖတ်ဆရာတို့က ဟောဆိုကြပါတယ်။ အကယ်၍ မိဖုရားကြီးက သားတော်ကို ဖွားမြင်ခဲ့ပါရင် ကျွန်ုပ်တို့က ခုနစ်ရက်မြောက်နေ့မှာ တိုင်းပြည်ကိုကား မပေး၊ စစ်ထိုးခြင်းကိုသာ ပေးကြပါမယ်။ ဒီခုနစ်ရက်ကြာ ကာလပတ်လုံး စောင့်ဆိုင်းကုန်လော့" လို့ သတင်းစကား ပို့သကြတယ်။ ကောသလမင်းက "ကောင်းပြီ" လို့ သဘောတူလက်ခံတယ်။

မိဖုရားကြီးဟာ ခုနစ်ရက်မြောက် ရောက်တဲ့နေ့မှာ သားတော်ကို မီးရှူးသန့်စင်ဖွားမြင်တယ်။ အဲဒီမင်းသားကို နာမည်မှည့်ရာနေ့မှာ တိုင်းသားပြည်သူ လူအပေါင်းမှာ မဆုတ်မနစ်တဲ့ စိတ်ကို ဖြစ်ပေါ်စေလျက် ဖွားမြောက်သန့်စင်လာလို့ "အလီနစိတ္တမင်းသား" လို့ နာမည်မှည့်ခေါ်ကြတယ်။

**(အလီနစိတ္တ = မဆုတ်နစ်တဲ့ စိတ်ကို ဖြစ်ပေါ်စေတတ်တဲ့ မင်းသားလို့ ဆိုလိုတယ်။)**

http://www.dhammadownload.com



**ဆင်ဖြူတော်အား သားတော်လေးကို အပ်ပေးနေတဲ့ မိဖုရားကြီး**

အထူးအားဖြင့် မင်းသား ဖွားမြင်ရာနေ့က စပြီး ဗာရာဏသီ မြို့သားတို့ဟာ ကောသလမင်းနဲ့ ပြိုင်ဆိုင်စစ်ထိုးကြတယ်။ ဒါပေမဲ့ စစ်မြေဦးစီး ဘုရင်မင်းတရား မရှိလို့ များလှစွာသော စစ်သည်ဗိုလ်ပါတို့ စစ်ထိုးရင်း၊ စစ်ထိုးရင်းပဲ အနည်းငယ် စိတ်ဓာတ်ကျဆင်း ဆုတ်နစ်ပြီး လာတယ်။

အမတ်တို့က အဲဒီအကြောင်းကို မိဖုရားကြီးအား ပြောကြားကြလို့ "အရှင်မိဖုရား၊ အကျွန်ုပ်တို့ဟာ ဒီနည်းအတိုင်း စစ်သည်ဗိုလ်ပါများ စိတ်ဓာတ်ကျဆင်းဆုတ်နစ်နေပါရင် စစ်ရှုံးမည်မှာ ကြောက်လန့်ကြရပါတယ်။ အထူးလျှောက်ထားလိုတာက အကျွန်ုပ်တို့ မင်းကြီး နတ်ရွာစံကြောင်း၊ သားတော် ဖွားမြင်ကြောင်း ကောသလမင်းကြီး လာရောက်ပြီး ကျွန်ုပ်တို့တိုင်းပြည်ကို စစ်ထိုးနေကြောင်းများကို မင်းကြီးရဲ့ အဆွေ မင်္ဂလာဆင်ဖြူတော် မသိရှိသေးပါ။ အဲဒီအကြောင်းများကို မင်္ဂလာဆင်ဖြူတော်ကို အသိပေးကြပါကုန်စို့လား" လို့ မေးမြန်းတိုင်ပင်ကြတယ်။

မိဖုရားကြီးဟာ "ကောင်းပြီ" လို့ ဝန်ခံပြီး သားတော်ကို တန်ဆာဆင်ပြီး ဘွဲ့ဖြူခင်းနှီးမှာ လဲလျောင်းစေကာ ပြာသာဒ်မှ ဆင်းပြီး အမတ်အပေါင်း ခြံရံလျက် ဆင်တင်းကုပ်သို့ သွားရောက်ကာ ဘုရားအလောင်းတော်မင်းသားကို ဆင်ဖြူတော်ရဲ့ခြေရင်းမှာ သိပ်ထားပြီး "အို အရှင်ဆင်ဖြူတော်မင်း၊ အရှင်ဆင်မင်းရဲ့ သူငယ်ချင်းကား နတ်ရွာစံလေပြီ။ အကျွန်ုပ်တို့ဟာ အရှင်ဆင်မင်း နှလုံးကွဲ၍ သေပွဲဝင်ရမည့် ဘေးမှ ကြောက်လို့ မလျှောက်ထားခဲ့ကြပါ။ ဒီမင်းသားက အရှင်ဆင်မင်း

http://www.dhammadownload.com



သူငယ်ချင်းရဲ့ သားတော် ဖြစ်ပါတယ်။ ယခုအခါ ကောသလမင်း လာရောက်ပြီး မြို့ကို ဝန်းရံပြီး အရှင်ဆင်မင်းသူငယ်ချင်းရဲ့ သားတော်နဲ့ စစ်ထိုးလျက် ရှိပါတယ်။ ဗိုလ်ပါများလည်း စိတ်ဓာတ်ကျဆင်း ဆုတ်နစ်လျက် ရှိပါတယ်။ မင်းသားကို အရှင်ဆင်မင်းပဲ သတ်လိုက သတ်လော့။ အရှင်ဆင်မင်းပဲ မင်းသားအား မင်းအဖြစ်ကို ယူပြီး ပေးလိုက ပေးလော့” လို့ မိဖုရားကြီးက ပြောဆိုတယ်။

## ကောသလမင်းကို အရှင်လတ်လတ် ဖမ်းပေးတဲ့ ဆင်ဖြူတော်လေး

အဲဒီအခါ ဆင်ဖြူတော်ဟာ ဘုရားအလောင်းတော် အလီနစိတ္တမင်းသားငယ်ကို နှာမောင်းဖြင့် သုံးသပ်ပွေ့မြှောက်ချီးပြီး ဦးကင်းမှာ ထားကာ သည်းထန်စွာ ငိုကြွေးလျက် ဘုရားအလောင်းတော်ကို ဦးကင်းမှ ပြန်ချပြီး မိဖုရားကြီးရဲ့ လက်မှာ သိပ်ထားစေပြီးမှ “ကောသလမင်းကို အရှင်လတ်လတ် ငါ ဖမ်းယူမယ်” လို့ ကြုံးဝါးလျက် ဆင်တင်းကုပ်မှ ထွက်တယ်။ အဲဒီအခါ အမတ်တို့က ဆင်ဖြူတော်အား ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ပေးပြီး မြို့တံခါးကို ဖွင့်ကြကာ ဆင်ဖြူတော်ကို ဝန်းရံကုန်လျက် မြို့မှ ထွက်ကြတယ်။ ဆင်ဖြူတော်ဟာ မြို့မှ ထွက်ပြီး ကြိုးကြာသံကို ဟစ်လျက် လူအပေါင်းကို ထိတ်လန့်ပြေးသွား ဖယ်ရှားစေကာ ရန်သူမင်း၏ ဗိုလ်ပါရဲမက်အစုကို ဖောက်ထွင်းပြီးနောက် ရန်သူ ကောသလမင်းကို ဦးသျှောင်မှာ စွဲယူဖမ်းဆောင်ခဲ့ပြီး ဘုရားအလောင်းတော် အလီနစိတ္တ မင်းသားငယ်ရဲ့ ခြေရင်းမှာ လဲလျောင်းစေကာ ကောသလမင်းကို သတ်ဖို့ရန် ထကြွလှုပ်ရှားတဲ့ မိမိတို့ဘက် ရဲမက်များကို ဟန့်တားပြီး “အသင် ကောသလမင်းဟာ ဒီအခါကစပြီး မမေ့မလျော့သူ ဖြစ်လေလော့။ ‘မင်းသားကလေး ငယ်ငယ်လေးပါ’ လို့ အထင်သေးမှု မပြုလင့်” လို့ သတိပေးစကား ပြောကြားဆုံးမပြီး လွှတ်လိုက်တယ်။

http://www.dhammadownload.com



အဲဒီအချိန်ကစ၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ မင်းစည်းစိမ်ဟာ အလောင်းတော် အလီနစိတ္တမင်းသားရဲ့လက်သို့ ရောက်ပြီးသည်သာ ဖြစ်တော့တယ်။ ထကြွပုန်ကန်ဝံ့တဲ့ အခြားရန်သူတစ်ဦးတစ်ယောက်မျှ မရှိတော့။ ဘုရားအလောင်းတော်ဟာ အသက် (၇) နှစ်ရှိတဲ့အခါမှာ ရာဇဘိသိက်သွန်းခံပြီး အလီနစိတ္တမည်တဲ့ မင်း ဖြစ်လျက် တရားသဖြင့် မင်းပြုပြီး အသက်အဆုံးမှာ နတ်ပြည်သို့ လားရောက်တော်မူတယ်။

အဲဒီအတိတ်ဇာတ်လမ်းမှာ မယ်တော်ဟာ ယခုအခါ မဟာမာယာ မိဖုရား၊ ခမည်းတော်က သုဒ္ဓေါဒနမင်းကြီး ဖြစ်တယ်။ မင်းစည်းစိမ်ကို အရယူပြီး ပေးတဲ့ ဆင်ဖြူတော်က ယခုအခါ လုံ့လဝီရိယ လျှော့ချသော ရဟန်း၊ ဖခင် ဆင်ပြောင်ကြီးဟာ ယခုအခါ အရှင်သာရိပုတ္တရာ၊ ပြည်နိုး ဖြစ်သော ကောသလမင်းဟာ ယခုအခါ အရှင်မဟာမောဂ္ဂလ္လာန် ဖြစ် လာပြီး အလီနစိတ္တမင်းသားက ယခုအခါ ငါဘုရား ဖြစ်လာတယ်လို့ ဇာတ်တော်ကို ပေါင်းတော်မူတယ်။

**(ဇာတ်၊ ၄၊ ဒု၊ ၁၆)**

မြတ်စွာဘုရားဟာ ဒီအလီနစိတ္တဇာတ်တော်ကို ထုတ်ဆောင် ဟောပြတော်မူပြီး ရှေးအခါကလည်း အရှင်သာရိပုတ္တရာရဲ့ သူတစ်ပါး ကျေးဇူးသိတတ် တုံ့ပြန်တတ်သည်ရဲ့အဖြစ်ကို ပြတော်မူတယ်။

အရှင်သာရိပုတ္တရာရဲ့ ပါရမီဖြည့်ခဲ့ရာ တစ်အသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ကာလအတွင်း ဒီလို ကျေးဇူးသိတတ် တုံ့ပြန်တတ်တဲ့ ဘဝတွေ များစွာပဲ ရှိပါလိမ့်မယ်။ အဲဒီဘဝများစွာထဲမှ ဘဝ တစ်စိတ် တစ်ဒေသ မျှသာ ဖြစ်တဲ့ ဒီတိရစ္ဆာန်ဘဝမှာတော့ ဒီလောက်ထိ ကျေးဇူးသိကာ ကျေးဇူးဆပ်နေပါရင် ပါရမီဖြည့်ရာ အရှင်သာရိပုတ္တရာ ဘဝမှာတော့

http://www.dhammadownload.com



သူတစ်ပါးကျေးဇူး သိတတ်မှု၊ တုံ့ပြန်တတ်မှုတို့မှာ အလွန့်အလွန်ပဲ အားကောင်းလျက် ရှိနေပါလိမ့်မယ်။ သူတစ်ပါးကျေးဇူးကို သိတတ်သူ၊ တုံ့ပြန်တတ်သူတို့ဟာ လောကမှာ ရဖို့ရန် ခဲယဉ်းတဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ လောကမှာ ရခဲတဲ့ အရာဟာ ရှားပါးတဲ့ ပုဂ္ဂိုလ်များလည်း ဖြစ်ကြပါတယ်။ အရှင်သာရိပုတ္တရာကတော့ လောကမှာ အရခဲဆုံး၊ အရှားပါးဆုံး၊ တန်ဖိုးအရှိဆုံး ပုဂ္ဂိုလ်တို့တွင် ထိပ်တန်းက ပါဝင်နေပါတယ်။

## လင်္ကာ

၁။ တိရစ္ဆာန် ဖြစ်ဦး၊ သူ့ကျေးဇူး၊ အထူး သိတတ်တယ်။

၂။ အရှင်သာရိပုတ္တရာ၊ ဖြစ်လာရာ၊ လွန်စွာ ကျေးဇူးသိပေတယ်။

၃။ ကျေးဇူးသိပြား၊ ပုဂ္ဂိုလ်ကား၊ ရှားပါးလှပေတယ်။

၄။ အရှင်သာရိပုတ္တရာ၊ စိတ်ထားဟာ၊ လွန်စွာ မြင့်မြတ်တယ်။

http://www.dhammadownload.com

# ကြွေကျတဲ့ သစ်ရွက်နဲ့ ပစ္စေကဗုဒ္ဓါ

ရှေးအခါက ရာဇဂြိုဟ်မြို့မှာ မဂဓမင်းဆိုတာ အုပ်ချုပ်တယ်။ အဲဒီအခါ ဘုရားလောင်းက အဲဒီမင်းရဲ့ မိဖုရားခေါင်ကြီး ဝမ်းဗိုက်မှာ ဖြစ်တယ်။ ဗြဟ္မဒတ္တမင်းသားလို့ နာမည်မှည့်ကြတယ်။ ဘုရားလောင်း ဖွားရာနေ့မှာပဲ ပုရောဟိတ်ရဲ့သားလည်း မွေးဖွားတယ်။ သူ့မျက်နှာက အလွန်အကဲ တင့်တယ်တယ်။ ဒါကြောင့် ဒရီမုခ လို့ နာမည်မှည့်ကြတယ်။ သူတို့နှစ်ယောက်လုံးပဲ မင်းနန်းတော်မှာပဲ ကြီးပြင်းကာ အချင်းချင်း ချစ်ခင်တဲ့ သူငယ်ချင်းတွေ ဖြစ်ကြတယ်။ (၁၆) နှစ်အရွယ် ရောက်တဲ့အခါ တက္ကသိုလ်ကို သွားပြီး အတတ်အားလုံးကို သင်ယူကာ “အယူအတတ် အားလုံးကိုလည်း သင်ယူကြမယ်။ ဒေသရဲ့ ဓလေ့ထုံးစံကိုလည်း သိအောင် လုပ်ကြမယ်” လို့ ကြံပြီး ရွာ၊ နိဂုံးစသည်တွေမှာ လှည့်လည်ကြရင်း ဗာရာဏသီပြည်ကို ရောက်သွားကြတယ်။ မင်းနန်းတော်မှာ နေပြီး နောက်နေ့မှာ ဗာရာဏသီမြို့ထဲ ဆွမ်းခံဝင်ကြတယ်။

အဲဒီဗာရာဏသီမြို့က အိမ်တစ်အိမ်မှာ “ပုဏ္ဏားတွေကို ထမင်းကျွေးပြီး မန္တန်ရွတ်ပွဲ ပေးလှူကြမယ်” လို့ တွေးပြီး နို့ဃနာထမင်းကို ချက်ကာ နေရာတွေကို ခင်းထားကြတယ်။ လူတွေက အဲဒီနှစ်ယောက်လုံး ဆွမ်းခံလှည့်လည်တာကို မြင်ပြီး “ပုဏ္ဏားတွေ လာကြပြီ” လို့ ပြော

http://www.dhammadownload.com



ကာ အိမ်ထဲ ဝင်စေကြပါတယ်။ ဘုရားလောင်းရဲ့နေရာမှာ ဖြူစင်တဲ့ အဝတ်ကို ခင်းထားကြတယ်။ ဒရိမုခရဲ့နေရာမှာ ကမ္ဗလာအနီကို ခင်းထားကြတယ်။ ဒရိမုခက အဲဒီအာရုံနိမိတ်ကို မြင်ပြီး "ဒီနေ့ ငါ့သူငယ်ချင်းက ဗာရာဏသီမင်း ဖြစ်လိမ့်မယ်။ ငါက စစ်သူကြီး ဖြစ်လိမ့်မယ်" လို့ သိတယ်။ သူတို့နှစ်ဦးဟာ အဲဒီနေရာမှာ စားပြီး မန္တန်ရွတ်ပွဲကို ယူကာ မင်္ဂလာကို ရွတ်ဆိုပြီး ထွက်ခွာကာ အဲဒီမင်းဥယျာဉ်ကို သွားကြတယ်။ အဲဒီမင်းဥယျာဉ်မှာ ဘုရားလောင်းက မင်္ဂလာကျောက်ဖျာပေါ် လဲလျောင်းတယ်။ ဒရိမုခကတော့ ဘုရားလောင်းရဲ့ ခြေတွေကို နှိပ်နယ်ရင်း ထိုင်နေတယ်။

အဲဒီအခါမှာ ဗာရာဏသီမင်း သေပြီးလို့ (၇) ရက်မြောက် ရောက်နေတယ်။ ပုရောဟိတ်က မင်းရဲ့ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်ပြီး သားမရှိတဲ့နိုင်ငံမှာ (၇) ရက်မြောက်မှာ ဖုဿရထားကို လွှတ်ရတယ်။ ဖုဿရထားက မြို့မှ ထွက်ပြီး အင်္ဂါလေးပါးရှိတဲ့ စစ်တပ်ခြံရံကာ အသံမြည်နေတဲ့ တူရိယာပေါင်းများစွာနဲ့ ဥယျာဉ်တံခါးကို ရောက်တယ်။ ဒရိမုခက တူရိယာအသံကို ကြားပြီး "ငါ့သူငယ်ချင်းထံ ဖုဿရထား လာနေတယ်။ ဒီနေ့ပဲ ငါ့သူငယ်ချင်းဟာ မင်းဖြစ်ပြီး ငါ့အား စစ်သူကြီးရာထူးကို ပေးလိမ့်မယ်။ ငါ့မှာ လူဝတ်ကြောင်ဘဝနဲ့ ဘာအကျိုးရှိမှာလဲ။ ထွက်ခွာပြီး ရဟန်းဝတ်မယ်" လို့ ကြံပြီး ဘုရားလောင်းကို မပန်ပြောဘဲသာ သင့်တင့်ရာ အရပ်ကို သွားပြီး ဖုံးကွယ်ရာအရပ်မှာ ရပ်နေတယ်။ ပုရောဟိတ်က ဥယျာဉ်တံခါးမှာ ရထားကို ထားပြီး ဥယျာဉ်ကို ဝင်တဲ့အခါ ဘုရားလောင်း မင်္ဂလာကျောက်ဖျာပေါ် လဲလျောင်းနေတာကို မြင်တယ်။ ခြေထောက်တွေက လက္ခဏာတွေကိုလည်း ကြည့်ပြီး "ဒီဘုန်းရှိတဲ့ သတ္တဝါဟာ ကျွန်းပေါင်းနှစ်ထောင် အခြံအရံရှိတဲ့ ကျွန်းကြီး

http://www.dhammadownload.com



(၄) ကျွန်းကိုလည်း မင်းလုပ် အုပ်ချုပ်နိုင်တယ်။ သူ့ရဲ့ တည်ကြည်မှုက ဘယ်လိုလဲ” လို့ သိလိုလို့ တူရိယာအားလုံးကို တီးမှုတ်ခိုင်းတယ်။

ဘုရားလောင်းက နိုးပြီး မျက်နှာမှ အဝတ်ကို ဖယ်ရှားကာ လူအများကို ကြည့်တယ်။ တစ်ဖန် အဝတ်နဲ့ မျက်နှာကို ဖုံးလွှမ်းပြီး အနည်းငယ် လဲလျောင်းတယ်။ အပန်းဖြေပြီးလို့ ထကာ ကျောက်ဖျာပေါ် တင်ပျဉ်ခွေထိုင်တယ်။ ပုရောဟိတ်က ပုဆစ်ဒူးနဲ့ ထောက်ပြီး “အရှင်မင်း၊ မင်းအဖြစ်က အရှင်မင်းထံ ရောက်နေပါတယ်” လို့ ပြောတယ်။ “အမောင်တို့၊ နိုင်ငံမှာ သား မရှိဘူးလား” လို့ မေးတယ်။ “အရှင်မင်း၊ မရှိပါ”လို့ ပြောတယ်။ “ဒီလိုဆိုရင် ကောင်းပြီ” လို့ ပြောကာ လက်ခံတယ်။ အဲဒီလူတွေက ဘုရားလောင်းကို ဥယျာဉ်ထဲမှာပဲ အဘိသိက် သွန်းကြတယ်။ ဘုရားလောင်းက အခြွေအရံများလို့ ဒရီမုခကို သတိမရဘဲသာ ရထားပေါ်တက်ပြီး လူအများ ခြံရံလျက် မြို့ကို ဝင်ကာ လက်ယာရစ် လှည့်တယ်။ မင်းရဲ့တံခါးမှာ ရပ်တည်ရင်းပဲ အမတ်တွေရဲ့ ရာထူးတွေကို စီရင်ပြီး ပြာသာဒ်ပေါ် တက်တယ်။

အဲဒီခဏမှာပဲ ဒရီမုခက “အခု ဥယျာဉ်ဟာ လူတွေ ကင်းဆိတ်သွားပြီ” လို့ သိပြီး လာကာ မင်္ဂလာကျောက်ဖျာမှာ ထိုင်တယ်။ အဲဒီအခါ ဒရီမုခရဲ့ရှေ့မှာ သစ်ရွက်ရော်က ကြွေကျတယ်။ ဒရီမုခက အဲဒီသစ်ရွက်ရော်မှာ အကုန်အပျက်ကို တင်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးပါးကို သုံးသပ်ကာ မြေကြီးကို မြည်ဟည်းစေလျက် ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေတယ်။ အဲဒီခဏမှာ ဒရီမုခရဲ့ လူ့အသွင် ကွယ်ပျောက်သွားတယ်။ တန်ခိုးနဲ့ပြီးတဲ့ သပိတ်၊ သင်္ကန်းဟာ ကောင်းကင်မှာ သက်ဆင်းပြီး ခန္ဓာကိုယ်မှာ စွပ်တယ်။ အဲဒီခဏမှာပဲ ပရိက္ခရာ ရှစ်ပါးကို ဆောင်တဲ့ ကြည်ညိုဖွယ် ဣရိယာပုထ်ရှိတဲ့ ဝါ (၆၀) ရ မထေရ်ကြီးပမာ ဖြစ်ကာ

http://www.dhammadownload.com



တန်ခိုးနဲ့ ကောင်းကင်မှာ ပျံတက်ပြီး ဟိမဝန္တာအရပ်က နန္ဒမူလက တောင်ဝှမ်းကို ကြွသွားတယ်။ ဘုရားလောင်းကလည်း တရားနဲ့အညီ မင်းလုပ် အုပ်ချုပ်တယ်။ အခြွေအရံများတဲ့အတွက် အခြွေအရံနဲ့ ယစ်မူးပြီး (၄၄) နှစ်ပတ်လုံး ဒရီမုခကို သတိမရ။

(၄၄) နှစ်လွန်တဲ့အခါ ဒရီမုခကို သတိရပြီး "ငါ့သူငယ်ချင်း ဒရီမုခ ဆိုတာ ရှိတယ်။ သူ ဘယ်မှာလဲ" လို့ တွေးကာ ဒရီမုခကို မြင်ချင်လာတယ်။ ဘုရားလောင်းက အဲဒီအချိန်ကစပြီး မြို့အတွင်းမှာ နေရာ၊ ပရိသတ် အလယ်မှာပါ "ငါ့သူငယ်ချင်း ဒရီမုခ ဘယ်မှာလဲ၊ သူနေတဲ့နေရာကို ငါ့အား ပြောနိုင်သူအား အခြွေအရံ အကြီးအကျယ်ကို ပေးမယ်" လို့ ပြောတယ်။ အဲဒီလို ဘုရားလောင်းက ဒရီမုခကို သတိရနေတုန်းမှာပဲ အခြား (၁၀) နှစ် လွန်သွားပြန်တယ်။ ဒရီမုခ ပစ္စေကဗုဒ္ဓါကလည်း အနှစ် (၅၀) လွန်တဲ့အခါ ဆင်ခြင်တော့ "ငါ့ကို သူငယ်ချင်းက သတိရနေတယ်" လို့ သိပြီး "အခု သူငယ်ချင်းက အသက်ကြီးပြီး သားသမီး စသည်တွေနဲ့ ကြီးပွားနေပြီ။ သွားပြီး တရားဟောကာ သူ့ကို ရဟန်း ဝတ်စေမယ်" လို့ ကြံကာ တန်ခိုးနဲ့ ကောင်းကင်ခရီးက လာတယ်။ ဥယျာဉ်မှာ သက်ဆင်းပြီး ရွှေရုပ်တုပမာ ကျောက်ဖျာပေါ် ထိုင်တယ်။

ဥယျာဉ်စောင့်က ပစ္စေကဗုဒ္ဓါကို မြင်ပြီး ချဉ်းကပ်ကာ မေးတယ်။

"အရှင်ဘုရား၊ အရှင်ဘုရားက ဘယ်က ကြွလာပါသလဲ။"

"နန္ဒမူလကတောင်ဝှမ်းကပါ။"

"သင်က ဘယ်အမည် ရှိပါသလဲ။"

"ဒကာ ငါက ဒရီမုခပစ္စေကဗုဒ္ဓါ မည်တယ်။"

"အရှင်ဘုရား၊ တပည့်တော်တို့ရဲ့မင်းကို သိပါသလား။"

"အေး သိတယ်၊ လူ့ဘဝက ငါ့သူငယ်ချင်းပဲ။"

http://www.dhammadownload.com



"အရှင်ဘုရား၊ မင်းက အရှင်ဘုရားကို တွေ့ချင်နေပါတယ်။ မင်းအား အရှင်ဘုရား လာကြောင်းကို ပြောပါမယ်။"

"သွားပါ၊ ပြောပါ။"

ဥယျာဉ်စောင့်က "ကောင်းပါပြီ" လို့ ပြောပြီး အလွန်လျင်မြန်စွာပဲ သွားကာ ဒရိမုခပစ္စေကဗုဒ္ဓါ ကျောက်ဖျာပေါ် ထိုင်နေကြောင်းကို မင်းအား ပြောပြတယ်။ မင်းက "ငါ့သူငယ်ချင်း လာသတဲ့။ သူ့ကို ကြည့်မယ်" လို့ ရထားပေါ်တက်ပြီး အခြွေအရံများစွာနဲ့ ဥယျာဉ်ကို သွားတယ်။ ပစ္စေကဗုဒ္ဓါကို ရှိခိုးပြီး နှုတ်ဆက်စကားပြောကာ သင့်တင့်ရာ အရပ်မှာ ထိုင်တယ်။ အဲဒီအခါ မင်းကို ပစ္စေကဗုဒ္ဓါက "ဗြဟ္မဒတ္တ၊ သင်ဟာ နိုင်ငံကို တရားနဲ့အညီ အုပ်ချုပ်ရဲ့လား။ အဂတိလိုက်တာ ကင်းရဲ့လား။ ဥစ္စာအကျိုးငှာ လူအပေါင်းကို မညှဉ်းဆဲဘဲ ရှိပါရဲ့လား။ ဒါန စတဲ့ ကောင်းမှုတွေကို လုပ်ရဲ့လား" စတဲ့ စကားတွေကို ပြောရင်း နှုတ်ဆက်ကာ "ဗြဟ္မ ဒတ္တ၊ သင်ဟာ အရွယ်ကြီးပြီး အခု ကာမဂုဏ်အာရုံတွေကို ပယ်စွန့်ပြီး သင်ဟာ ရဟန်းပြုဖို့ အချိန်တန်ပြီ" လို့ ပြောပြီး မင်းအား တရားဟောလိုလို့ အောက်ပါစကားကို မိန့်တယ်။

"ကာမဂုဏ်တွေဟာ ရေမှာ ပေါက်တဲ့ မြက်၊ မှော်၊ ကြာချို စတာတွေနဲ့ တူတယ်။ ရွှံ့ညွန်ကြီးနဲ့ တူတယ်။ ကာမဂုဏ်တွေကို အားကြီးတဲ့ ကြောက်စရာပဲလို့ သူတော်ကောင်းတွေ မိန့်တော်မူထားတယ်။ မြူမှုန်၊ မီးခိုးနဲ့ တူတယ်လို့လည်း ငါပြောတယ်။ ဒါကြောင့် ဗြဟ္မဒတ္တ၊ သင်ဟာ အဲဒီကာမဂုဏ်တွေကို စွန့်ပြီး ရဟန်းဝတ်ပါ။"

အဲဒီစကားကို ကြားရပြီး မင်းက သူ့မှာ ကိလေသာတွေ နှောင်ဖွဲ့ခံနေရကြောင်းကို ပြောလိုလို့ အောက်ပါစကားကို ပြောပါတယ်။

http://www.dhammadownload.com



"အရှင်ဘုရား၊ တပည့်တော်ဟာ ကာမဂုဏ်အာရုံတွေမှာ မက်မော နေပါတယ်။ တပ်စွဲနေပါတယ်။ အလွန်အကဲ တွေဝေ မိန်းမောနေပါ တယ်။ အားကြီးတဲ့ သဘောရှိတဲ့ အဲဒီကာမကို တပည့်တော် မပယ်စွန့် နိုင်ပါ။ တပည့်တော်ဟာ အဲဒီကာမနဲ့ အသက်ရှင်လိုပါတယ်။ တပည့် တော်ဟာ ဒါန၊ သီလ၊ ဥပုသ်စောင့်မှု ကောင်းမှုတွေကို များစွာ ပြုပါ တော့မယ်။"

ဒီကိလေသာကာမဆိုတာ တစ်ကြိမ်ကပ်ငြိရာ အခါမှစပြီး ဒီလိုပဲ ဖယ်ရှားဖို့ မစွမ်းနိုင်ပါ။ ကာမနဲ့ စိတ်ညစ်နွမ်းနေတဲ့ ဘုရားလောင်းဟာ ပစ္စေကဗုဒ္ဓါက ရဟန်းအဖြစ်ရဲ့ဂုဏ်ကို ပြောပြပေမယ့်လည်း "တပည့် တော် ရဟန်းဝတ်ဖို့ မစွမ်းနိုင်ပါ" လို့ လျှောက်တယ်။ ဒီပက်ရာဘုရားရှင် ခြေရင်းမှာ မိမိမှာ ဖြစ်တဲ့ ဉာဏ်နဲ့ ဘုရားဖြစ်ကြောင်းတရားတွေကို စူးစမ်းတဲ့အခါ သုံးခုမြောက် နေက္ခမ္မပါရမီကို မြင်ပြီး နေက္ခမ္မပါရမီရဲ့ ဂုဏ်ကို ဘုရားလောင်းဟာ ပြောဆိုချီးမွမ်းခဲ့ပါတယ်။

"သင်ဟာ ဘုရားဖြစ်ချင်ရင် သုံးခုမြောက် နေက္ခမ္မပါရမီကို ခိုင်မြဲ စွာ ဆောက်တည်ပြီး ကျင့်သုံးပါ။ နှောင်အိမ်ထဲမှာ ကြာမြင့်စွာ နေရပြီး ဆင်းရဲနှိပ်စက်ခံနေရတဲ့ ယောကျ်ားဟာ အဲဒီထောင်မှာ တပ်မက်မှုကို မဖြစ်စေပါ။ လွတ်မြောက်မှုကိုသာ ရှာမှီးပါတယ်။"

"အဲဒီလိုပါပဲ။ သင်ဟာ ဘဝမှာ လွတ်မြောက်မှုကို ရှေ့ရှုပြီး ဘဝ အားလုံးကို ထောင်လိုပဲ ရှုမြင်ပါ။ ဘုရား ဖြစ်ပါလိမ့်မယ်။"

ဘုရားလောင်းဟာ ပစ္စေကဗုဒ္ဓါက ရဟန်းအဖြစ်ရဲ့ဂုဏ်ကို ပြော ပြီး "ကိလေသာတွေကို စွန့်ကာ ရဟန်းဝတ်ပါ" လို့ ပြောခံရပေမယ့် လည်း "တပည့်တော်ဟာ ကိလေသာတွေကို စွန့်ပြီး ရဟန်း မဝတ်နိုင် ပါ" လို့ ပြောတယ်။ ဘုရားလောင်းဟာ ကာမရှူးဖြစ်ပြီး လောဘအလို

http://www.dhammadownload.com



လိုက်လို့ ရဟန်းအဖြစ်ရဲ့ဂုဏ်ကို မသိပါ။ ဒရီမုခပစ္စေကဗုဒ္ဓါက ဘုရားလောင်းဟာ ရဟန်း မဝတ်နိုင်ပါလို့ ပြောပေမယ့်လည်း လက် ခလျှော့ဘဲ နောက်ထပ်လည်း ဆုံးမလိုလို့ အောက်ပါစကားတွေကို မိန့်ပါတယ်။

"ကြီးပွားတာကို လိုလားပြီး နူးညံ့တဲ့စိတ်နဲ့ သနားတတ်တဲ့ ပုဂ္ဂိုလ်က ဆုံးမတဲ့အခါ မမြင့်မြတ်တာကို မြင့်မြတ်တာလို့ ထင်မှတ်ပြီး အဆုံးအမကို မလိုက်နာ၊ အဲဒီအသိဉာဏ်မဲ့ပုဂ္ဂိုလ်ဟာ အမိဝမ်းမှာ အထပ်ထပ် အခါခါ ပဋိသန္ဓေ နေရတယ်။"

"အဲဒီအမိဝမ်းတိုက်ဟာ ကြမ်းတမ်းတဲ့ သဘောရှိတယ်။ သာယာဖွယ်မရှိလို့ ငရဲနဲ့ တူတယ်။ သံသရာကို ကြောက်တဲ့ ယောဂီအမျိုးကောင်းသားတွေက တကယ်ပဲ မတင့်တယ်လို့ အမိဝမ်းကို သတ်မှတ်ကြတယ်။ ကျင်ငယ်၊ ကျင်ကြီးတွေနဲ့ ပြည့်နေတယ်။ သတ္တဝါတွေက ကာမဂုဏ်အာရုံတွေမှာ တပ်မက်၊ မက်မောကြလို့ အမိဝမ်းတိုက်ကို မစွန့်ကြ။"

အဲဒီလို ဒရီမုခပစ္စေကဗုဒ္ဓါက ပဋိသန္ဓေနေရ၊ ကိုယ်ဝန်ဆောင်ရလို့ ဖြစ်တဲ့ ဒုက္ခကို ပြပြီး အခုအခါ ပဋိသန္ဓေ ဖွားရလို့ ဖြစ်တဲ့ ဆင်းရဲကို ပြလိုလို့ အောက်ပါစကားတွေကို မိန့်ပါတယ်။

"မင်းကြီး၊ ဒီသတ္တဝါတွေဟာ အမိဝမ်းမှ ထွက်ကြတဲ့အခါ ကျင်ကြီးပုပ်နဲ့ လိမ်းကျံခံရပြီး ထွက်လာကြတယ်။ သွေးနီတွေ၊ ထူထဲစေးကပ်တဲ့ သလိပ်တွေ လိမ်းကျံပြီး ထွက်လာကြပါတယ်။ ထွက်လာတဲ့အခါ လာထိသမျှ အရာတွေက ဆင်းရဲကို ပေးပါတယ်။ မသက်သာမှုကိုပဲ ပေးပါတယ်။ အဲဒီအကြောင်းကို သူတစ်ပါးထံက ကြားလို့ ပြောတာ မဟုတ်ပါ။ ကိုယ့်ပစ္စေကဗောဓိဉာဏ်နဲ့ မြင်ပြီး ပြောတာပါ။ ငါဟာ (၂) အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင်အောင် ရှေးက ဖြစ်ပျက်သမျှ အရာများစွာကို အောက်မေ့နိုင်ပါတယ်။"

http://www.dhammadownload.com



ဒရီမုခပစ္စေကဗုဒ္ဓါဟာ ဆန်းကြယ်ကောင်းမြတ်တဲ့ စကားတွေနဲ့ အကြောင်းဟုတ်၊ မဟုတ်ကို သိနိုင်တဲ့ ဘုရားလောင်းမင်းကို သူ့စကား နာယူစေပါတယ်။ အဲဒီလို နာယူစေပြီး "မင်းကြီး၊ သင်ဟာ အခု ရဟန်း ဝတ်ဝတ်၊ မဝတ်ဝတ် ငါကတော့ သင့်အား ကာမဂုဏ်တွေမှာ အပြစ်နဲ့ ရဟန်းအဖြစ်ရဲ့အကျိုးကို ပြောပြပြီးပါပြီ။ သင်ဟာ မမေ့မလျော့ပါနဲ့" လို့ ပြောကာ ရွှေဟင်္သာမင်းပမာ ကောင်းကင်မှာ ပျံတက်ပြီး တိမ်တိုက်ကို နင်းချေလျက် နန္ဒမူလကတောင်ဝှမ်းကိုသာ ကြွသွားပါတယ်။ ဘုရား လောင်းက လက် (၁၀) ချောင်း ပေါင်းစုတောက်ပတဲ့ လက်အုပ်ကို ဦးခေါင်းပေါ် တင်ကာ ရှိခိုးလျက် ပစ္စေကဗုဒ္ဓါက မြင်ကွင်းနယ်ပယ်ကို လွန်သွားတဲ့အခါ သားကြီးကို ခေါ်ခိုင်းပြီး နိုင်ငံကို အပ်နှင်းကာ လူ အများ ငိုကြွေးမြည်တမ်းနေတုန်း ကာမတွေကို ပယ်စွန့်ကာ ဟိမဝန္တာ ကို ဝင်သွားတယ်။ သစ်ရွက်မိုးကျောင်းကို ဖန်ဆင်းပြီး ရသေ့ရဟန်း ဝတ်ကာ မကြာခင်မှာပဲ အဘိညာဉ်တွေနဲ့ သမာပတ်တွေကို ဖြစ်စေ တယ်။ သေတဲ့အခါ ဗြဟ္မာ့ပြည် ရောက်သွားတယ်။

(ဇာတ်၊ ၄၊ တ၊ ၂၂၃)

ဒရီမုခပစ္စေကဗုဒ္ဓါလောင်းလျာဟာ သစ်ရွက်ကြွေကျတာကို မြင် ပြီး ဝိပဿနာရှုမှတ်ကာ ပစ္စေကဗုဒ္ဓါ ဖြစ်သွားပါတယ်။ အံ့သြစရာပါပဲ။ သစ်ရွက်ကြွေကျတာကို လူတိုင်း မြင်ဖူးကြပါတယ်။ တရားသဘောကို တော့ တွေးတောမိသူ နည်းပါးပါလိမ့်မယ်။ ပစ္စေကဗုဒ္ဓါက ဘုရားလောင်း မင်းကို ကာမဂုဏ်အပြစ်တွေကို ဟောပေမယ့် ကာမ ရှူးထနေတဲ့အခါ နားမဝင်နိုင်တာဟာလည်း သတိထားစရာပါပဲ။ ဒရီမုခပစ္စေကဗုဒ္ဓါက တရားတွေကို ဘုရားလောင်းမင်းအား တော်တော်များများ ဟောကြား သွားပဲ။ ကာမရှူး ရှူးနေခိုက်မှာ လောဘအလိုကို လိုက်နေလို့ ရဟန်း

http://www.dhammadownload.com



အဖြစ်ရဲ့ဂုဏ်ကို မသိပါ။ ကာမရှူး ပျောက်သွားတဲ့အခါ သဒ္ဓါ၊ သံဝေဂ တွေ ဖြစ်ပေါ်လာပါတယ်။ ရသေ့ရဟန်းဘဝနဲ့ ဈာန်အဘိညာဉ်တွေကို ရသွားပါတယ်။

ဒရိမုခပစ္စေကဗုဒ္ဓါက ဇာတိဒုက္ခကို ပေါ်လွင်ထင်ရှားအောင် ဟော ပြတော်မူပါတယ်။ ကာမရှူး ရှူးနေကြတဲ့ သတ္တဝါတွေက ဇာတိဒုက္ခကို မမြင်နိုင်ပါ။ မမြင်ချင်ကြပါ။ မတွေးချင်ကြပါ။ စိတ်အေးအေးနဲ့ တွေး ကြည့်ရင် အမိဝမ်းထဲက ကိုယ့်ဘဝ၊ အမိဝမ်း အပြင်ရောက်စ ကိုယ့် ဘဝတွေဟာ ရွံစရာပါပဲ။ စက်ဆုပ်စရာပါပဲ။ သံဝေဂရစရာပါပဲ။ ဆင်းရဲ လှပါတယ်။ သတ္တဝါတွေက ဇာတိဒုက္ခကို ကြောက်စရာလို့ လေးလေး နက်နက် မမြင်နိုင်ကြပါ။

ဇာတိဒုက္ခကို ကြောက်ရွံ့ကြသူတွေက ဇာတိကင်းရာ နိဗ္ဗာန်သို့ သွားရာခရီးလမ်းကို တွင်တွင်ကြီး လျှောက်လှမ်းနေကြပါတယ်။ ဇာတိ နဲ့ သာ၍သာ၍ ဝေးရာဆီကို သွားနေကြပါတယ်။ ဇာတိဒုက္ခ ကင်းလို သူတိုင်း ဇာတိဒုက္ခကင်းစေနိုင်တဲ့ မဂ္ဂင်ခရီးလမ်းကို လျှောက်လှမ်းကြ ရပါမယ်။ ဇာတိကင်းရာနိဗ္ဗာန်ကို မဂ္ဂင်ခရီးလမ်းမှတစ်ပါး အခြားသွား စရာလမ်း မရှိပါ။

## လက်ာ

၁။ ဒရိမုခ, သစ်ရွက်ကျ, သံဝေဂယူသည်။

၂။ ဝိပဿနာရှုကာ, ပစ္စေကာ, ဗုဒ္ဓါ ဖြစ်သွားသည်။

http://www.dhammadownload.com

# သိကြားမင်းနဲ့ ပစ္စေကဗုဒ္ဓါ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ္တ မင်းလုပ်အုပ်ချုပ်တဲ့အခါ ဘုရားလောင်းက သိကြားမင်း ဖြစ်ခဲ့တယ်။ အဲဒီအခါ ဝိဇ္ဇာမိုရ်တစ်ယောက်က မန္တန်ကို မန်းမှုတ်ပြီး သန်းခေါင်ယံအချိန်မှာ လာပြီး ဗာရာဏသီမင်းရဲ့ မိဖုရားခေါင်ကြီးနဲ့အတူ ကျူးလွန်ဖောက်ပြန်ကြတယ်။ မိဖုရားခေါင်ကြီးရဲ့ အလုပ်အကျွေးမတွေက ကောင်းကောင်းသိကြတယ်။ မိဖုရားခေါင်ကြီးက ကိုယ်တိုင် မင်းကို ချဉ်းကပ်ကာ "အရှင်မင်း၊ ယောကျ်ားတစ်ယောက်က သန်းခေါင်ယံမှာ ကျက်သရေခန်းကို ဝင်ပြီး ကျွန်မကို ဖျက်ဆီးပါတယ်" လို့ ပြောတယ်။

"သင်က တစ်စုံတစ်ခု အမှတ်အသားကို လုပ်နိုင်မလား"

"အရှင်မင်း၊ လုပ်နိုင်ပါတယ်"

မိဖုရားခေါင်ကြီးက ဟင်္သပြဒါးအစစ်ခွက်ကို ဆောင်ယူစေပြီး အဲဒီယောကျ်ား ညအခါ လာပြီး ပျော်မွေ့သွားတဲ့အခါ ကျောကုန်းမှာ လက်ငါးချောင်းအရာကို ပေးပြီး မင်းအား နံနက်စောစောပဲ ပြောတယ်။ မင်းက လူတွေကို "သွားကြ၊ အရပ်မျက်နှာအားလုံးမှာ ကြည့်ပြီး ကျောကုန်းမှာ ဟင်္သပြဒါးစစ်နဲ့ ပြုလုပ်ထားတဲ့ လက်ငါးချောင်းအရာပါတဲ့ ယောကျ်ားကို ဖမ်းယူခဲ့ကြ" လို့ စေလွှတ်လိုက်တယ်။ ဝိဇ္ဇာမိုရ်ကလည်း ညအခါ ကျူးလွန်မှုကို ပြုပြီး နေ့အခါ သုသာန်မှာ နေကို ရှိခိုးရင်း ခြေ

http://www.dhammadownload.com



ထောက်တစ်ဖက်နဲ့ ရပ်နေတယ်။ မင်းချင်းယောကျ်ားတွေက ဝိဇ္ဇာမိုရ်ရဲ ကို မြင်ပြီး ဝိုင်းရုံကြတယ်။ ဝိဇ္ဇာမိုရ်ရက "ငါ့အမှု ထင်ရှားပြီ" လို့ သိပြီး မန္တာန်ကို မန်းမှုတ်ကာ ကောင်းကင်ခရီးနဲ့ ပျံတက်ပြီး သွားတယ်။

မင်းက အဲဒီဝိဇ္ဇာမိုရ်ရကို မြင်ပြီး လာတဲ့ ယောကျ်ားတွေကို မြင်ခဲ့ကြ လား" လို့ မေးတယ်။

"မှန်ပါ။ မြင်တွေ့ခဲ့ကြပါတယ်။"

"အဲဒီလူက ဘယ်သူလဲ"

"အရှင်မင်း၊ ရဟန်း ဖြစ်ပါတယ်"

မှန်တယ်။ အဲဒီလူက ညအခါ ကျူးလွန်ပြီး နေ့အခါမှာ ရဟန်း အသွင်နဲ့ နေတယ်။ မင်းက "ဒီရဟန်းတွေဟာ နေ့အခါ ရဟန်းအသွင် နဲ့ လှည့်လည်ပြီး ညအခါ လွန်ကျူးမှုကို ပြုကြတယ်" လို့ ထင်ပြီး စိတ်ဆိုး ကာ အယူမှားကို ယူပြီး "ငါ့နိုင်ငံမှ ဒီရဟန်းအားလုံး ထွက်ပြေးကြစေ။ တွေ့ရာတွေ့ရာ နေရာမှာ မင်းအာဏာကို ပြုကုန်လတ္တံ့" လို့ စည်ကို လှည့်လည်စေပါတယ်။ ရဟန်းအားလုံးဟာ ယူဇနာ (၃၀၀) ရှိတဲ့ ကာသိတိုင်းက ထွက်ပြေးပြီး အခြား မင်းနေပြည်တော်တွေကို သွားကြ တယ်။ ကာသိတိုင်းတစ်တိုင်းလုံးက လူတွေအား ဩဝါဒပေးတဲ့ တရား ရှိ သမဏ၊ ဗြာဟ္မဏ တစ်ယောက်တလေမျှ မရှိတော့။ အဆုံးအမ မခံရ တဲ့ လူတွေဟာ ကြမ်းတမ်းကုန်တယ်။ ဒါန၊ သီလတွေကို မျက်နှာလွှဲ ထားကြတဲ့ လူတွေ သေသေသွားတဲ့အခါ များသောအားဖြင့် အပါယ်မှာ ဖြစ်ကြတယ်။ နတ်ပြည်မှာ ဖြစ်သူတွေဆိုတာ မရှိတော့။ သိကြားမင်းက နတ်သားအသစ်တွေကို မမြင်လို့ "အကြောင်းက ဘာလဲ" လို့ ဆင်ခြင် ပြီး ဝိဇ္ဇာမိုရ်ရကို မှီကာ စိတ်ဆိုးတဲ့ ဗာရာဏသီမင်းက အယူမှားကို ယူပြီး ရဟန်းတွေကို နိုင်ငံက နှင်ထုတ်တာကို သိသွားတယ်။

http://www.dhammadownload.com



"ငါမှတစ်ပါး အခြားသူဟာ ဒီမင်းရဲ့အယူမှားကို ကွဲပျက်အောင် လုပ်နိုင်သူဆိုတာ မရှိ။ ငါဟာ မင်းရဲ့ရော တိုင်းသူပြည်သားတွေရဲ့ပါ မှီခိုရာ ဖြစ်မယ်" လို့ ကြံပြီး နန္ဒမူလကတောင်ဝှမ်းမှာ ပစ္စေကဗုဒ္ဓါတွေထံ သွားပြီး ရှိခိုးကာ "အရှင်ဘုရားတို့၊ တပည့်တော်အား အရွယ်ကြီး ပစ္စေက ဗုဒ္ဓါတစ်ပါးကို ပေးတော်မူကြပါ။ ကာသိတိုင်းကို ကြည်ညိုစေပါမယ်" လို့ လျှောက်ထားတယ်။ သိကြားမင်းဟာ အကြီးဆုံး ပစ္စေကဗုဒ္ဓါကိုပဲ ရပါတယ်။ အဲဒီအခါ ပစ္စေကဗုဒ္ဓါရဲ့ သပိတ် သင်္ကန်းကို ယူပြီး ပစ္စေက ဗုဒ္ဓါကို ရှေ့က ထားကာ ကိုယ်တိုင် နောက်က လိုက်တယ်။ ဦးခေါင်း ပေါ် လက်အုပ်ကို တင်ပြီး ပစ္စေကဗုဒ္ဓါကို ရှိခိုးရင်း မြတ်တဲ့ ရုပ်ရည် အဆင်းကို ဆောင်တဲ့ လုလင်အသွင်နဲ့ တစ်မြို့လုံးရဲ့ အထက်မှာ သုံးကြိမ် လှည့်လည်ကာ မင်းတံခါးကို သွားပြီး ကောင်းကင်မှာ ရပ်တယ်။

အမတ်တွေက မင်းအား "အရှင်မင်း၊ အလွန်ရုပ်လှတဲ့ လုလင် ငယ်က ရဟန်းတစ်ပါးကို ဆောင်ပြီး မင်းတံခါးနားက ကောင်းကင်မှာ ရပ်တည်နေပါတယ်" လို့ ပြောတယ်။ မင်းက နေရာမှ ထပြီး ခြသေ့်ခံ လေသာပြတင်းမှာ ရပ်ကာ "လုလင်ငယ်၊ သင်ဟာ အလွန်ရုပ်လှပါ လျက် ဘာကြောင့် ရုပ်မလှတဲ့ ဒီရဟန်းရဲ့ သပိတ်၊ သင်္ကန်းကို ယူပြီး ရှိခိုးလျက် ရပ်တည်နေပါသလဲ" လို့ ပြောတယ်။ သိကြားမင်းနဲ့အတူ စကားပြောလိုလို့ အောက်ပါအတိုင်း ပြောတယ်။

"သင်ဟာ ရုပ်လှသူဖြစ်ပါလျက် ရုပ်ဆိုးသူကို ရှေ့မှာ ထားပြီး လက်အုပ်ချီကာ ရှိခိုးနေတယ်။ ရုပ်ဆိုးတဲ့ အဲဒီရဟန်းက သင့်ထက် သာသလား။ ဒါမှမဟုတ် အတူတူပဲလား။ အဲဒီရဟန်းရဲ့ရော သင့်ရဲ့ပါ နာမည်ကို ပြောပြပါ။"

http://www.dhammadownload.com



အဲဒီအခါ မင်းကို သိကြားမင်းက "မင်းကြီး၊ ရဟန်းတွေဆိုတာ လေးစားထိုက်တဲ့အရာမှာ တည်ရှိကြပါတယ်။ ဒါကြောင့် ငါဟာ ရဟန်း နာမည်ကို ပြောခွင့်မရပါ။ ငါ့နာမည်ကိုတော့ ပြောပါမယ်" လို့ ပြောပြီး အောက်ပါအတိုင်း ပြောပါတယ်။

"မင်းကြီး၊ ရုပ်နာမ်အားလုံးကို သဘာဝအတိုင်း သုံးသပ်ပြီး အရဟတ္တဖိုလ်ကို ရောက်ထားကြတဲ့ ဖြောင့်မှန်တဲ့ မဂ္ဂင်ရှစ်ပါးနဲ့ နိဗ္ဗာန်ကို ရောက်ပြီးကြတဲ့ ရဟန္တာအရှင်မြတ်တွေရဲ့ အမည်အနွယ်ကို နတ်တွေက မခေါ်ဝေါ်ကြပါ။ ငါ့နာမည်ကိုတော့ သင့်အား ပြောပါမယ်။ ငါဟာ တာဝတိံသာနတ်တို့ကို အစိုးရတဲ့ သိကြားမင်းပါပဲ။"

အဲဒီစကားကို ကြားရပြီး မင်းက ရဟန်းကို ရှိခိုးရခြင်းရဲ့ အကျိုးကို မေးပါတယ်။

"သီလအကျင့်နဲ့ ပြည့်စုံတဲ့ ရဟန်းမြတ်ကို မြင်ရပြီး ရှေ့မှာ ထားကာ လက်အုပ်ချီလျက် ရှိခိုးနေသူဟာ ဒီဘဝက သေရင် ဘယ်ချမ်းသာကို ရပါသလဲ။"

သိကြားမင်းက ဖြေပါတယ်။

"သီလအကျင့်နဲ့ ပြည့်စုံတဲ့ ရဟန်းမြတ်ကို မြင်ရပြီး ရှေ့မှာ ထားကာ လက်အုပ်ချီလျက် ရှိခိုးနေသူဟာ ဒီဘဝမှာပဲ (မသေခင်မှာပဲ) ချီးမွမ်း ခံရတဲ့ ချမ်းသာကို ရပါတယ်။ သေရင် နတ်ပြည်ကို ရောက်ပါတယ်"

မင်းက သိကြားမင်းရဲ့စကားကို ကြားရပြီး သူ့အယူမှားကို ဖျက်ခွဲပြီး ဝမ်းသာစိတ်နဲ့ ပြောပါတယ်။

"ဒီနေ့ ငါဟာ သင်သိကြားမင်းကို မြင်တွေ့ရပါတယ်။ ငါ့မှာ သင်သိကြားမင်းရဲ့ စကားကို နားထောင်စဉ်မှာပဲ ကုသိုလ်၊ အကုသိုလ်ရဲ့ အကျိုးကို သိနားလည်တဲ့ပညာ ဖြစ်ပေါ်လာပါတယ်။ သိကြားမင်း၊

http://www.dhammadownload.com



ငါဟာ ရဟန်းကိုရော သင့်ကိုပါ မြင်ရပြီး ကောင်းမှုတွေကို အများကြီး ပြုလုပ်ပါတော့မယ်။"

အဲဒီစကားကို ကြားရပြီး သိကြားမင်းက ပညာရှိမင်းအား ချီးမွမ်းလိုလို့ ပြောပါတယ်။

"ပညာ၊ သုတရှိပြီး အကြောင်းများစွာကို ကြံစည်နိုင်တဲ့ ပုဂ္ဂိုလ်တွေကို တကယ့်ကိုပဲ မှီဝဲထိုက်တယ်။ မင်းကြီး၊ ရဟန်းကိုရော ငါ့ကိုပါ မြင်ပြီး ကောင်းမှုတွေကို အများကြီး ပြုလုပ်ပါ။"

အဲဒီစကားကို ကြားရပြီး မင်းက အောက်ပါစကားကို ပြောပါတယ်။

"သိကြားမင်း၊ ငါဟာ အမျက်ဒေါသမထွက်ဘဲ၊ စိတ်အမြဲကြည်လင်ပြီး ဧည့်သည်အားလုံးအား ကောင်းသမျှကို ပေးကာ သင်သိကြားမင်းရဲ့ စကားကောင်းတွေကို နားထောင်လိုက်နာကာ မာနကို နှိမ်ချပြီး ရှိခိုးပါမယ်။"

အဲဒီလို ပြောပြီး ပြာသာဒ်ပေါ်က ဆင်းပြီး ပစ္စေကဗုဒ္ဓါကို ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ရပ်ပါတယ်။ ပစ္စေကဗုဒ္ဓါက ကောင်းကင်မှာ တင်ပျဉ်ခွေထိုင်ပြီး "မင်းကြီး၊ ဝိဇ္ဇာမိုရ်က ရဟန်း မဟုတ်ပါ။ သင်ဟာ ဒီနေ့က စပြီး "လောကဟာ အချည်းနှီး မဟုတ်၊ တရားရှင် သမဏ၊ ဗြာဟ္မဏတွေ ရှိတယ်"လို့ သိပြီး အလှူ လှူပါ၊ သီလစောင့်ပါ၊ ဉပုသ်စောင့်ပါ" လို့ မင်းကို ဆုံးမတယ်။ သိကြားမင်းကလည်း သိကြားအာနုဘော်နဲ့ ကောင်းကင်မှာ ရပ်ကာ "ဒီနေ့ကစပြီး မမေ့မလျော့သူတွေ ဖြစ်ကြပါ" လို့ မြို့သူမြို့သားတွေအား အဆုံးအမ ပေးပါတယ်။ ပြီးတော့ "ထွက်ပြေးကြတဲ့ သမဏ၊ ဗြာဟ္မဏတွေ ပြန်လာကြပါ" လို့ စည်ကို လှည့်လည်စေပါတယ်။ အဲဒီအခါ အဲဒီနှစ်ယောက်လုံးပဲ မိမိနေရာကိုပဲ သွားကြပါ

http://www.dhammadownload.com



တယ်။ မင်းက ပစ္စေကဗုဒ္ဓါရဲ့သြဝါဒမှာ ရပ်တည်ပြီး ဒါန စတဲ့ ကောင်းမှုတွေကို ပြုလုပ်ကြပါတယ်။ (ဇာတ်၊ ၄၊ တ၊ ၂၈၅)

ပစ္စေကဗုဒ္ဓါအရှင်မြတ်က မင်းအား ဒါနပြုဖို့ သီလစောင့်ဖို့ ဥပုသ်စောင့်ဖို့ ဆုံးမပါတယ်။ ဘာဝနာ ပွားဖို့တော့ မဆုံးမခဲ့ပါ။ သတ္တဝါတွေဟာ ရှေ့သံသရာခရီးမှာ ဘဝကောင်းတွေကို ရောက်ဖို့ရာ ဒါန၊ သီလစတဲ့ ကောင်းမှုတွေဘက်ကို မျက်နှာလွှဲထားလို့ မရပါ။ ဒါန၊ သီလစတဲ့ ကောင်းမှုတွေဘက်ကို မျက်နှာမူထားကြရပါမယ်။ တိုင်းပြည်ချမ်းသာဖို့ရာ တိုင်းသူပြည်သားတွေမှာ သူတော်ကောင်းတရားတွေ ကိန်းဝပ်တည်ရှိဖို့ လိုအပ်ပါတယ်။ ပညာရှိသူတော်ကောင်းတွေ ရှိရာ နိုင်ငံက နိုင်ငံသူ နိုင်ငံသားတွေဟာ ပညာရှိသူတော်ကောင်းတွေထံက အဆုံးအမတွေကို နာခံကြရပါတယ်။

အဆုံးအမ ကောင်းတွေကို လိုက်နာကျင့်သုံးရင် အဲဒီနိုင်ငံဟာ လောကဘက်မှာရော ဓမ္မဘက်မှာပါ တိုးတက်ကြီးပွားတော့တာပါပဲ။ အဆုံးအမကောင်းတွေကို ဘေးဖယ်ထားရင်တော့ အောက်တန်း နောက်တန်း ကျလျက် ရှိနေပါတယ်။ မျက်နှာငယ်ရပါတယ်။

## လင်္ကာ

၁။ ဝိဇ္ဇာမိုရ်ကား, မိဖုရား, ဖောက်ပြား ကျူးလွန်သည်။
၂။ ရှင်ဘုရင်ကား, ရဟန်းများ, တအား စိတ်ဆိုးသည်။
၃။ ရဟန်းတွေ နှင်, နိုင်ငံတွင်, သူတော်စင် ကင်းလေပြီ။
၄။ သူတော်စင် ကင်းပ, နိုင်ငံက, ဒုက္ခ များလေပြီ။
၅။ ပစ္စေကဗုဒ္ဓါ, သိကြားပါ, လာကာ ဆုံးမသည်။
၆။ ထိုခါကျမှ, ဘုရင်က, ဒါနစသည် ပြုလေပြီ။

http://www.dhammadownload.com

# သရက်ပင်နဲ့ ပစ္စေကဗုဒ္ဓါ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်တဲ့အခါ ဘုရားလောင်းက ဗာရာဏသီမြို့ရဲ့ တံခါးနားက ရွာမှာ အိုးလုပ်သား အိမ်မှာ ဖြစ်တယ်။ အရွယ်ရောက်တဲ့အခါ ဥစ္စာကို ထူထောင်ပြီး သား တစ်ယောက်၊ သမီးတစ်ယောက်ကို ရတယ်။ အိုးလုပ်သမားအမှုကို မှီပြီး သား၊ သမီး၊ ဇနီးကို ကျွေးမွေးတယ်။ အဲဒီအခါ ကလိင်္ဂတိုင်း၊ ဒန္တပုရမြို့ရှိ ကရဏ္ဍကမည်တဲ့ မင်းက အခြွေအရံများစွာနဲ့ ဥယျာဉ်ကို သွားတယ်။ ဥယျာဉ်တံခါးနားမှာ အသီးသီးနေတဲ့ အသီးချိုသရက်ပင် ကို မြင်တယ်။ ဆင်ကျောကုန်းပေါ် နေရင်းပဲ လက်ကို ဆန့်ကာ သရက် ခိုင်တစ်ခိုင်ကို ယူတယ်။ ဥယျာဉ်ကို ဝင်ပြီး မင်္ဂလာကျောက်ဖျာပေါ် ထိုင်ရင်း ပေးထိုက်သူတွေအား ပေးကာ သရက်သီးကို သုံးဆောင် တယ်။ "မင်း ယူပြီးချိန်က စပြီး ကျန်တဲ့ လူတွေဆိုတာ ယူထိုက်တာပဲ" လို့ နားလည်ပြီး အမတ်တွေရော ပုဏ္ဏား သူကြွယ် စသူတွေပါ သရက်သီး တွေကို ပစ်ချပြီး ခဲစားကြတယ်။ နောက်မှ လာသူတွေက သစ်ပင်ကို တက်ပြီး တင်းပုတ်တွေနဲ့ ရိုက်ပုတ်ကာ အကိုင်းအခက်တွေကို ချိုးဖျက် ပြီး အစိမ်းသီးကိုတောင် မချန်ဘဲ စားကြတယ်။

http://www.dhammadownload.com



မင်းက နေ့အခါ ဥယျာဉ်မှာ ကစားပြီး ညနေအခါ တန်ဆာဆင်ထားတဲ့ ဆင်ကျောကုန်းပေါ် ထိုင်ကာ သွားတယ်။ အဲဒီသရက်ပင်ကို မြင်ပြီး ဆင်ပေါ်က သစ်ပင်ရင်းကို သွားတယ်။ သစ်ပင်ကို ကြည့်ပြီး ဒီသစ်ပင်ဟာ စောစောကပဲ ကြည့်တုန်းက ကြည့်လို့ မဝအောင်ဘဲ အသီးတွေ ဝေဆာကာ တင့်တယ်စွာ တည်ရှိခဲ့တယ်။ အခု အသီးတွေ ယူသွားခံရပြီး သစ်ကိုင်းတွေ ကျိုးပဲ့ကာ မတင့်မတယ် တည်ရှိနေတယ်" လို့ ကြံကာ တစ်ဖန် အခြားတစ်ဖက်မှာ ကြည့်တဲ့အခါ အသီးမရှိတဲ့ နောက် သရက်ပင်ကို တွေ့ရတယ်။ "အဲဒီသစ်ပင်က သူ့မှာ အသီးမရှိလို့ ပတ္တမြား တောင်ကတုံးလို တင့်တယ်ပြီး တည်နေတယ်။ ဒီသရက်ပင်ကတော့ အသီးရှိလို့ ပျက်စီးရတယ်။ ဒီလူ့ဝတ်ကြောင်ဘဝဟာလည်း သစ်သီးရှိတဲ့ သစ်ပင်နဲ့ တူတယ်။ ရဟန်းအဖြစ်က သစ်သီးမရှိတဲ့ သစ်ပင်နဲ့ တူတယ်။ ဥစ္စာရှိသူမှသာ ဘေး ရှိတယ်။ ဥစ္စာ မရှိသူမှာ ဘေး မရှိ။ ငါ လည်းပဲ သစ်သီးမရှိတဲ့ သစ်ပင်လို ဖြစ်ရမယ်" လို့ သစ်သီးရှိတဲ့ သစ်ပင်ကို အာရုံပြုပြီး သစ်ပင်အောက်မှာ ရပ်ရင်းပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးပါးကို မှတ်ကာ ဝိပဿနာပွားတယ်။ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေပြီး "အခု ငါဟာ အမိဝမ်းအိမ်ကို ဖျက်ဆီးပြီးပြီ။ ဘဝသုံးပါးမှာ ပဋိသန္ဓေကို ဖြတ်တောက်ပြီးပြီ။ သံသရာအမှိုက်ပုံကို သုတ်သင်ပြီးပြီ။ ငါဟာ မျက်ရည်သမုဒ္ဒရာကို ခန်းခြောက်စေပြီး အရိုးတံတိုင်းကို ရိုက်ခွဲပြီးပြီ။ ငါ့မှာ နောက်ထပ်ပဋိသန္ဓေ မရှိတော့" လို့ ဆင်ခြင်ရင်း တန်ဆာအားလုံး တန်ဆာဆင်လျက်ပဲ ရပ်တည်နေတယ်။

အဲဒီအခါ မင်းကို အမတ်တွေက ပြောကြတယ်။

"မင်းကြီး၊ သင်ဟာ အလွန်ကြာမြင့်စွာ ရပ်တည်နေတယ်။"

http://www.dhammadownload.com



"ငါဟာ မင်းကြီး မဟုတ်တော့၊ ပစ္စေကဗုဒ္ဓါ ဖြစ်တယ်။"

"အရှင်မင်း၊ ပစ္စေကဗုဒ္ဓါတွေဆိုတာ သင်တို့လို မဟုတ်ကြပါ"

"ဒီလိုဆိုရင် ဘယ်လိုလဲ။"

"အရှင်မင်း၊ ပစ္စေကဗုဒ္ဓါတွေဆိုတာ ဆံပင်၊ မုတ်ဆိတ်တွေကို ရိတ်ထားကြပါတယ်။ ဖန်ရည်ဆိုးအဝတ်ကို ဝတ်ထားကြပါတယ်။ အမျိုး၊ အဖွဲ့အစည်းတွေပေါ်မှာ မငြိကပ်၊ မတွယ်တာကြပါ။ လေကြောင့် ပြတ်တဲ့ တိမ်၊ ရာဟုလက်မှ လွတ်တဲ့ လဝန်းလို တူကြပါတယ်။ ဟိမဝန္တာက နန္ဒမူလကတောင်ဝှမ်းမှာ သီတင်းသုံးကြပါတယ်။"

အဲဒီခဏမှာပဲ မင်းက လက်ကို မြှောက်ချီပြီး ဦးခေါင်းကို သုံးသပ်တယ်။ အဲဒီခဏမှာပဲ သူ့ရဲ့ လူ့အသွင် ပျောက်ကွယ်သွားတယ်။ ရဟန်းအသွင် ထင်ရှားဖြစ်ပေါ်လာတယ်။ သင်းပိုင်၊ ဧကသီ၊ နှစ်ထပ်သင်္ကန်းကြီး၊ ခါး၊ အပ်၊ ခါးပန်းကြိုး၊ ရေစစ်ဆိုတဲ့ ရဟန်းပရိက္ခရာ ရှစ်မျိုးဟာ ကိုယ်မှာ ဖွဲ့စပ်ပြီး ဖြစ်သွားတယ်။ ပစ္စေကဗုဒ္ဓါက ကောင်းကင်မှာ ရပ်တည်ကာ လူအများအား ဩဝါဒပေးပြီး လေလမ်းခရီးနဲ့ ဟိမဝန္တာရဲ့ မြောက်ပိုင်းက နန္ဒမူလကတောင်ဝှမ်းကိုပဲ ကြွသွားပါတယ်။

**(ဇာတ်၊ ၄၊ တ၊ ၃၅၅)**

သစ်သီးတွေ ကြွေပြီး၊ သစ်ကိုင်းတွေ ကျိုးသွားတဲ့ သရက်ပင်ကလည်း ပါရမီရင့်ကျက်လာသူတွေအား တရားအသိဉာဏ်ကို ဖြစ်ပေါ်စေနိုင်ပါတယ်။ လူဝတ်ကြောင်ဘဝနဲ့ ရဟန်းဘဝဟာ ခြားနားလှပါတယ်။ သစ်သီးရှိတဲ့ သစ်ပင်ဟာ အသီးကြောင့် ဖျက်ဆီးခံရပါတယ်။ သစ်သီးမရှိတဲ့ သစ်ပင်ကတော့ ဘေး ကင်းပါတယ်။ မက်မောဖွယ်ကာမဂုဏ်အာရုံတွေကို ပိုင်ဆိုင်ထားရင် အဲဒီပိုင်ရှင်ဟာ ဘေး မကင်း

http://www.dhammadownload.com



ပါ။ အန္တရာယ် မကင်းပါ။ သားတစ်ကို ပိုင်ဆိုင်ထားတဲ့ စွန်ဟာ အခြား စွန်တွေရဲ့ ထိုးဆိတ်ခြင်းကို ခံရသလို ခံရပါတယ်။ ပစ္စေကဗုဒ္ဓါလောင်းလျာ ဖြစ်တဲ့ မင်းကတော့ သံဝေဂဖြစ်ဖွယ် သရက်ပင် မြင်ကွင်းကို မြင်လိုက်ရ တာနဲ့ တရားအသိဉာဏ်အလင်းတွေ ပေါက်သွားပါတယ်။

## လင်္ကာ

၁။ သရက်သီးတွေ, ကြွေကျနေ, ကိုင်းတွေ ကျိုးပဲ့သည်။

၂။ သီးရှိ သစ်ပင်, ဘေး မစင်, ဉာဏ်တွင် မြင်လာသည်။

၃။ ထိုကို ကြည့်ကာ, ပစ္စေကာ, ဗုဒ္ဓါ ဖြစ်သွားသည်။

http://www.dhammadownload.com

# လက်ကောက်နဲ့ ပစ္စေကဗုဒ္ဓါ

ဂန္ဓာရတိုင်း၊ တက္ကသိုလ်မြို့က နဂ္ဂဇိမည်တဲ့ မင်းဟာ ပြာသာဒ် အထက်က ပလ္လင်အလယ်မှာ ထိုင်ရင်း လက်တစ်ဖက်စီမှာ လက်ကောက် တစ်ရံစီ ဝတ်ကာ အနီးမှာ ထိုင်ပြီး နံ့သာသွေးနေတဲ့ မိန်းမတစ်ယောက် ကို မြင်တယ်။ "ဒီလက်ကောက်တွေဟာ တစ်ခုစီ ဖြစ်နေလို့ မထိခိုက်၊ အသံ မမြည်" လို့ ကြည့်ရင်း ထိုင်နေတယ်။ အဲဒီအခါ အဲဒီမိန်းမက လက်ယာလက်က လက်ကောက်ကို လက်ဝဲမှာပဲ ဝတ်ဆင်ကာ လက်ယာ လက်နဲ့ နံ့သာကို စုပြီး ကြိတ်ဖို့ အားထုတ်တယ်။ လက်ဝဲလက်က လက်ကောက်က ဒုတိယလက်ကောက်ကို အကြောင်းပြုပြီး ထိခိုက် ကာ အသံမြည်တယ်။ မင်းက အဲဒီလက်ကောက်နှစ်ခု အချင်းချင်း ထိခိုက်ပြီး အသံမြည်တာကို ကြည့်ပြီး "ဒီလက်ကောက်ဟာ တစ်ခုစီ ရှိတုန်းက မထိခိုက်၊ ဒုတိယလက်ကောက်ကို အကြောင်းပြုပြီး ထိခိုက် တယ်။ အသံမြည်တယ်။ အဲဒီလိုပဲ ဒီသတ္တဝါတွေလည်း တစ်ယောက် တည်းဆိုရင် မထိခိုက်ကြ၊ ခိုက်ရန် မဖြစ်ကြ။ နှစ်ယောက်၊ သုံးယောက် ဖြစ်လာရင် အချင်းချင်း ထိခိုက်ကြတယ်။ ခိုက်ရန် လုပ်ကြတယ်။ ငါက တော့ ကသ္မီရတိုင်းနဲ့ ဂန္ဓာရတိုင်းတွေမှာ တိုင်းသူပြည်သားတွေကို စီမံရ တယ်။ ငါဟာလည်း လက်ကောက်တစ်ခုလို လုပ်ကာ သူတစ်ပါးကို မစီမံဘဲ ကိုယ့်ကိုယ်ကိုပဲ စီမံကာ နေသင့်တယ်" လို့ ထိခိုက်နေတဲ့

http://www.dhammadownload.com



လက်ကောက်ကို အာရုံပြုကာ ထိုင်မြဲအတိုင်းပဲ လက္ခဏာသုံးပါးကို မှတ်ပြီး ဝိပဿနာ ပွားတယ်။ ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။

(ဇာတ်၊ ၄၊ တ၊ ၃၅၆)

လက်ကောက်က နဂ္ဂဇိမင်းအား တရားပြသွားပါတယ်။ သတ္တဝါတွေမှာ တစ်ဦးနဲ့တစ်ဦး သဘောထားချင်း တိုက်ဆိုင်တူမျှဖို့ ခဲယဉ်းပါတယ်။ အယူအဆ တူမျှဖို့လည်း ခဲယဉ်းပါတယ်။ သဘောထားချင်း မတိုက်ဆိုင်၊ အယူအဆချင်း မတူမျှကြတဲ့အခါ အသံတွေ ထွက်လာကြပါတယ်။ စကားတွေ များလာကြပါတယ်။ မသင့်မမြတ်တွေ ဖြစ်လာကြပါတယ်။ ခိုက်ရန်တွေ ဖြစ်လာကြပါတယ်။ တိုင်းပြည်နှစ်တိုင်းပြည်ကို အုပ်ချုပ်ရတဲ့ နဂ္ဂဇိမင်းမှာ လက်ကောက်တွေပမာ လူတွေထံမှ အသံတွေကို များစွာ ကြားရပါတယ်။ ငြီးငွေ့လာပါတယ်။ သံဝေဂ ရလာပါတယ်။ သံဝေဂဉာဏ်မှ ဝိပဿနာဉာဏ်ကို ကူးပြောင်းသွားပါတယ်။ ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ကူးပြောင်းသွားပါတယ်။ ပစ္စေကဗောဓိဉာဏ်ကိုလည်း ရသွားပါတယ်။ ပါရမီပြည့်အောင် ဖြည့်ထားသူတွေအဖို့ တရားအသိဉာဏ်အလင်း ထွန်းလင်းလာဖို့ရာ မီးခလုတ်လေးကို ဖွင့်လိုက်တဲ့ပမာ လွယ်ကူလှပါတယ်။

## လင်္ကာ

၁။ လက်ကောက်နှစ်ရန်, ထိခိုက်သံ, ဆူညံနေပါသည်။

၂။ ထိုသံ ကြားဘိ, နဂ္ဂဇိ, တွေးမိနေပါသည်။

၃။ နှစ်ယောက်ရှိလစ်, ခိုက်ရန်ဖြစ်, စိတ်ညစ်စရာ ဖြစ်လာသည်။

၄။ လက်ကောက်နှစ်ခု, အာရုံပြု, မှတ်ရှုလိုက်ပါသည်။

၅။ မှတ်ရှုလိုက်ရာ, ပစ္စေကာ, ဗုဒ္ဓါ ဖြစ်သွားသည်။

http://www.dhammadownload.com

# စွန်နဲ့ ပစ္စေကဗုဒ္ဓါ

ဝိဒေဟတိုင်းက မိထိလမြို့မှာ နိမိ မည်တဲ့မင်းဟာ နံနက်စာ စားပြီး အမတ်အပေါင်းခြံရံလျက် ဖွင့်ထားတဲ့ ခြသေ့ံခံ လေသာပြတင်းပေါက်က လမ်းကြားကို ကြည့်ရင်း ရပ်နေတယ်။ အဲဒီအခါ စွန်တစ်ကောင်က အသားဈေးမှ အသားတစ်ကို ယူကာ ကောင်းကင်ကို ပျံသွားတယ်။ အဲဒီစွန်ကို ဟိုအရပ်ဒီအရပ်မှ လင်းတ စတဲ့ ငှက်တွေက ဝိုင်းရံပြီး အစာအတွက်ကြောင့် နှုတ်သီးနဲ့ ထိုးဆွသွားကြတယ်။ အတောင်တွေနဲ့ ရိုက်ပုတ်သွားကြတယ်။ ခြေထောက်တွေနဲ့ နင်းချေသွားကြတယ်။ အဲဒီစွန်က သူ့ကို နှိပ်စက်တာကို သည်းမခံနိုင်လို့ အဲဒီအသားကို စွန့်ပစ်လိုက်တယ်။ အခြားငှက်က ယူတယ်။ ငှက်တွေက အရင်လို လွှတ်ပြီး အဲဒီအခြားငှက်နောက်က လိုက်ကြတယ်။

အဲဒီငှက်ကလည်း စွန့်လိုက်တဲ့ အသားကို အခြားငှက်က ယူပြန်တယ်။ အဲဒီငှက်ကိုလည်း အဲဒီလိုပဲ ညှဉ်းဆဲကြတယ်။ မင်းက အဲဒီငှက်တွေကို မြင်ပြီး "အဲဒီအသားတစ်ကို ယူယူသမျှ ငှက်တွေမှာသာ ဒုက္ခ ဖြစ်တယ်။ အဲဒီအသားတစ်ကို စွန့်လွှတ်သမျှ ငှက်တွေမှာသာ ချမ်းသာ ဖြစ်တယ်။ ဒီကာမဂုဏ်ငါးပါးတွေကိုလည်း ယူယူသမျှ လူတွေ

http://www.dhammadownload.com



မှာသာ ဒုက္ခ ဖြစ်တယ်။ စွန့်လွှတ်သမျှ လူတွေမှာသာ သုခ ဖြစ်တယ်။ မှန်တယ်။ ဒီကာမဂုဏ်ငါးပါးဟာ အများနဲ့ ဆက်ဆံနေကြတယ်။ ငါ့မှာတော့ မိန်းမပေါင်း တစ်သောင်းခြောက်ထောင် ရှိနေတယ်။ ငါဟာ အသားတုံးကို စွန့်လွှတ်တဲ့ စွန်ပမာ ကာမဂုဏ်ငါးပါးကို ပယ်စွန့်ပြီး ချမ်းသာသူ ဖြစ်သင့်တယ်" လို့ တွေးတယ်။

မင်းက သင့်တင့်စွာ နှလုံးသွင်းကာ ရုပ်ရင်းပဲ လက္ခဏာသုံးပါးကို မှတ်ပြီး ဝိပဿနာ ပွားတယ်။ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေတယ်။

(ဇာတ်၊ ၄၊ တ၊ ၃၅၇)

ကာမဂုဏ်ငါးပါးကို သိမ်းပိုက်ထားသူဟာ ဒုက္ခကို သိမ်းပိုက်ထားသူ ဖြစ်ပါတယ်။ စွန့်လွှတ်နိုင်သူကတော့ ဒုက္ခကို စွန့်လွှတ်သူဖြစ်ပါတယ်။ နိမိမင်းကို ပစ္စေကဗုဒ္ဓါဘဝရောက်အောင် အသားတစ်ကို ချီထားတဲ့ စွန်က တွန်းအား ပေးလိုက်ပါတယ်။ မြင်အောင် ကြည့်တတ်သူတို့အဖို့ ကိုယ့်ပတ်ဝန်းကျင်မှာ သင်ခန်းစာ ယူစရာတွေ များလှပါတယ်။ ဆိုးတဲ့အတွေ့အကြုံဆိုရင် အဲဒီအဆိုး ကိုယ့်မှာ မဖြစ်ရအောင် ကြိုးစားရပါတယ်။ ကောင်းတဲ့ အတွေ့အကြုံဆိုရင် အဲဒီအကောင်း ကိုယ့်မှာလည်း ဖြစ်လာအောင် အဲဒီထက် ပိုကောင်းအောင် ကြိုးစားရပါတယ်။

## လင်္ကာ

၁။ ကာမဂုဏ်ငါး, ပိုင်သူကား, အသားချီ စွန်တူသည်။
၂။ သိမ်းပိုက်သူကား, ဒုက္ခများ, စွန့်ထား ချမ်းသာသည်။
၃။ ထိုကို ကြည့်ကာ, ပစ္စေကာ, ဗုဒ္ဓါ ဖြစ်သွားသည်။

http://www.dhammadownload.com

# ဘုရားလောင်းနဲ့ ပစ္စေကဗုဒ္ဓါ (၄) ပါး

ဥတ္တရပဉ္စာလတိုင်းက ကပိလမြို့မှာ ဒုမ္မုခ မည်တဲ့ မင်းဟာ နံနက်စာ စားပြီး အဆင်တန်ဆာအားလုံးနဲ့ တန်ဆာဆင်ပြီး အမတ်အပေါင်း ခြံရံကာ ဖွင့်ထားတဲ့ ခြင်္သေ့ခံလေသာပြတင်းကနေ မင်းရင်ပြင်ကို ကြည့်ရင်း ရပ်နေတယ်။ အဲဒီခဏမှာ နွားကျောင်းသားတွေက နွားခြံတံခါးကို ဖွင့်လိုက်ကြတယ်။ နွားလားဥသဘတွေက နွားခြံက ထွက်ပြီး ကိလေသာအစွမ်းကြောင့် နွားမတစ်ကောင်နောက်ကို လိုက်ကြတယ်။ အဲဒီထဲမှာ ချွန်ထက်တဲ့ နွားလားဥသဘကြီးတစ်ကောင်က အခြားနွားလားဥသဘ လာနေတာကို မြင်ပြီး ဝန်တိုကာ ထက်တဲ့ ချိုနဲ့ ပေါင်ကြားကို ထိုး့ခတ်လိုက်တယ်။ အဲဒီထိုး့ခတ်ချက်ကြောင့် အူတွေ ထွက်လာကြတယ်။ အဲဒီနွားလားဥသဘက အဲဒီနေရာမှာပဲ သေသွားတယ်။

မင်းက အဲဒီအခြေအနေကို မြင်ပြီး "တိရစ္ဆာန်တွေက စပြီး ဒီသတ္တဝါတွေဟာ ကိလေသာရဲ့အစွမ်းကြောင့် ဒုက္ခရောက်ကြရတယ်။ ဒီနွားလားဥသဘဟာ ကိလေသာကို မှီပြီး သေရတယ်။ အခြားသတ္တဝါတွေလည်း ကိလေသာတွေကြောင့်ပဲ တုန်လှုပ်ကြရတယ်။ ငါဟာ ဒီသတ္တဝါတွေကို တုန်လှုပ်စေနိုင်တဲ့ ကိလေသာတွေကို ပယ်သင့်တယ်"

http://www.dhammadownload.com



လို့ တွေးတယ်။ မင်းဟာ ရပ်ရင်းပဲ လက္ခဏာသုံးပါးတွေကို မှတ်ကာ ဝိပဿနာပွားပြီး ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေပါတယ်။

တစ်နေ့မှာ ကရဏ္ဍက၊ နဂ္ဂဇိ၊ နိမိ၊ ဒုမ္မုခဆိုတဲ့ ပစ္စေကဗုဒ္ဓါ (၄) ပါးဟာ ဆွမ်းခံချိန်ကို မှတ်ပြီး နန္ဒမူလကတောင်ဝှမ်းမှ ထွက်ခဲ့ကြတယ်။ အနောတတ္တအိုင်မှာ ကွမ်းရိုးဒန်ပူကို ခဲစားပြီး ကိုယ်လက် သုတ်သင်ကြတယ်။ ဆေးဒန်းမြင်းသီလာကျောက်ဖျာမှာ ရပ်ကာ သင်းပိုင်ကို ပြင်ဝတ်ပြီး သပိတ်၊ သင်္ကန်းကို ယူတယ်။ တန်ခိုးနဲ့ ကောင်းကင်မှာ ပျံတက်ကြတယ်။ အရောင် (၅) မျိုးရှိ တိမ်တွေကို နင်းချေပြီး သွားကြတယ်။ ဗာရာဏသီမြို့တံခါးနားက ရွာငယ်ရဲ့အနီးမှာ သက်ဆင်းကြတယ်။ ချမ်းသာရာတစ်နေရာမှာ သင်္ကန်းရုံပြီး သပိတ်ကို ယူကာ တံခါးနားက ရွာကို ဝင်ပြီး ဆွမ်းခံလှည့်လည်ကြတဲ့အခါ ဘုရားလောင်းရဲ့အိမ်တံခါးကို ရောက်သွားကြတယ်။

ဘုရားလောင်းက အဲဒီပစ္စေကဗုဒ္ဓါတွေကို မြင်ပြီး အားရဝမ်းသာကာ အိမ်ထဲ ပင့်တယ်။ ခင်းထားတဲ့ နေရာမှာ ထိုင်စေပါတယ်။ အလှူရေစက်ကို လှူတယ်။ မွန်မြတ်တဲ့ ခဲဖွယ်၊ စားဖွယ်တွေနဲ့ ပြုစုလုပ်ကျွေးပြီး သင့်တင့်ရာနေရာမှာ ထိုင်တယ်။ အကြီးဆုံး ပစ္စေကဗုဒ္ဓါကို ရှိခိုးပြီး "အရှင်ဘုရား၊ အရှင်ဘုရားတို့ရဲ့ ရဟန်းအဖြစ်ဟာ အလွန်ပဲ တင့်တယ်ပါတယ်။ အရှင်ဘုရားတို့ရဲ့ ဣန္ဒြေတွေက အထူးပဲ ကြည်လင်ကြပါတယ်။ ကိုယ်ရေအဆင်းက ထက်ဝန်းကျင် ဖြူစင်ပါတယ်။ ဘယ်အာရုံကို မြင်ပြီး အရှင်ဘုရားတို့ဟာ ဒီဆွမ်းခံစားတဲ့ ရဟန်းဘဝကို ကပ်ရောက်ခဲ့ကြပါသလဲ" လို့ မေးတယ်။ အကြီးဆုံး ပစ္စေကဗုဒ္ဓါကို မေးသလို ကျန်တဲ့ ပစ္စေကဗုဒ္ဓါတွေကိုလည်း ချဉ်းကပ်ကာ မေးပါတယ်။ အဲဒီအခါ

http://www.dhammadownload.com



ဘုရားလောင်းအား အဲဒီပစ္စေကဗုဒ္ဓါ (၄) ပါးလုံးကပဲ “ငါ ဘယ်မြို့က၊ ဘယ်နိုင်ငံမှာ အဘယ်အမည်ရှိ မင်း ဖြစ်ခဲ့တယ်” စသည်ဖြင့် မိမိ မိမိရဲ့ ထွက်ခွာလာရကြောင်းတွေကို မိန့်တော်မူကြပါတယ်။ ဂါထာတစ်ပုဒ်စီနဲ့ မိန့်တော်မူကြပါတယ်။

ဘုရားလောင်းက ဂါထာတစ်ပုဒ်တစ်ပုဒ်ကို ကြားနာရပြီး “အရှင်ဘုရားတို့၊ ကောင်းပါပေတယ်။ အဲဒီအာရုံဟာ အရှင်ဘုရားတို့အားသာ သင့်လျော်ပါတယ်” လို့ ပစ္စေကဗုဒ္ဓါတစ်ပါးစီအား ချီးမွမ်းပါတယ်။ ပစ္စေကဗုဒ္ဓါ (၄) ပါးဟောကြားတဲ့ အဲဒီတရားစကားကို ကြားနာရပြီး လူဝတ်ကြောင်ဘဝမှ မငဲ့ကွက်ဘဲ ပစ္စေကဗုဒ္ဓါတွေ ပြန်ကြွသွားတဲ့အခါ နံနက်စာစားပြီး ချမ်းသာစွာ ထိုင်ရင်း မယားကို ခေါ်ကာ “ရှင်မ၊ ဒီပစ္စေကဗုဒ္ဓါ (၄) ပါးဟာ နိုင်ငံကို စွန့်ပြီး ရဟန်းဝတ်ကာ နှိပ်စက်နှောင့်ယှက်တဲ့ ကိလေသာကင်းကာ ရဟန်းချမ်းသာနဲ့ အချိန်ကို ကုန်လွန်စေကြပါတယ်။ ငါကတော့ အခစားအလုပ်နဲ့ အသက်မွေးရတယ်။ လူဝတ်ကြောင်ဘဝနဲ့ ငါ့မှာ ဘာအကျိုးရှိမှာလဲ။ သင်ဟာ သားသမီးတွေကို ချီးမြှောက်ရင်း အိမ်မှာ နေပေါ” လို့ ပြောတယ်။ **(ဇာတ်၊ ၄၊ တ၊ ၃၅၇)**

လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောက၊ အပါယ်လောကတွေက သတ္တဝါတွေမှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ ကိလေသာတွေသာ မရှိကြရင် အဘယ်မှာ မအေးချမ်း၊ မငြိမ်သက်ဘဲ ရှိမလဲ။ သတ္တဝါတွေမှာ ကိလေသာတွေကြောင့် အခုလည်း ပူလောင်ပင်ပန်းနေကြရပါတယ်။ နောင်သံသရာမှာလည်း ပူလောင်ပင်ပန်းကြရပါလိမ့်မယ်။ ကိလေသာတွေက သတ္တဝါတွေကို အင်မတန်မှ ဒုက္ခပေးကြပါတယ်။ သတ္တဝါတွေဟာ ကိလေသာတွေရဲ့ ကျေးကျွန်ဘဝမှ မလွတ်

http://www.dhammadownload.com



မြောက်နိုင်ကြသေးသမျှ ဆင်းရဲမျိုးစုံမှ မလွတ်မြောက်နိုင်ကြသေးပါ။ ပဉ္စကဗုဒ္ဓါတွေကတော့ ကိလေသာကျွန်ဘဝမှ လွတ်မြောက်သွားပြီမို့ အေးချမ်းတော်မူကြပါပေတယ်။ ငြိမ်သက်တော်မူကြပါပေတယ်။ ချမ်းသာတော်မူကြပါပေတယ်။ ကြည်ညိုဖွယ် အားကျဖွယ် ကောင်းလှပါပေတယ်။

## လင်္ကာ

၁။ နွားထီးတစ်ကောင်ဟာ, ခြားနွားမှာ, ဝေ့ကာ သတ်လိုက်သည်။
၂။ အူတွေ ထွက်ကာ, ထိုနေရာ, သေကာ သွားပါသည်။
၃။ မိတ်လိုက်နေရာ, ဝန်တိုကာ, ဝေ့ကာ သတ်ပါသည်။
၄။ ထိုကို မြင်ရ, ဒုမ္မုခ, သံဝေဂ ရလေသည်။
၅။ ဝိပဿနာရှုကာ, ပစ္စေကာ, ဗုဒ္ဓါ ဖြစ်သွားသည်။
၆။ ဘုရားလောင်းအား, ထို (၄) ပါး, တရားဟောပြသည်။
၇။ ကိလေသာမှ, မလွတ်သမျှ, ဒုက္ခများလှသည်။
၈။ ကိလေသာများ, မရှိပြီး, တအား ချမ်းသာသည်။

http://www.dhammadownload.com

# အင်ကြင်းပင်အောက်က ပစ္စေကဗုဒ္ဓါ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ္တမင်း အုပ်ချုပ်တဲ့အခါ ဘုရားလောင်းဟာ ကုဋေ (၈၀) ကြွယ်ဝတဲ့ ပုဏ္ဏားမျိုးမှာ ဖြစ်တယ်။ အရွယ်ရောက်တဲ့အခါ တက္ကသိုလ်မှာ အတတ်ပညာသင်ယူပြီး မိဘတွေ ကွယ်လွန်တဲ့အခါ ရတနာတွေကို ကြည့်ကာ စည်းစိမ်ဥစ္စာအားလုံးကို အလှူမဏ္ဍပ်မှာ စွန့်လှူပြီး ကာမဂုဏ်တွေကို ပယ်ကာ ဟိမဝန္တာကို ဝင်တယ်။ ရသေ့ရဟန်းဝတ်ပြီး ဈာန်၊ အဘိညာဉ်တွေကို ဖြစ်စေပါတယ်။ နောင်အခါ ဆား၊ အချဉ်ကို မှီဝဲဖို့ လူ့လမ်းကြောင်းကို လှည့်လည်တဲ့အခါ ဗာရာဏသီကို ရောက်ပြီး မင်းဥယျာဉ်မှာ နေတယ်။ အဲဒီအခါ ဗာရာဏသီမင်းက ကျက်သရေရှိတဲ့ အိပ်ရာမှာ တိုင်နေရင်း သန်းခေါင်ယံမှာ အသံ (၈) မျိုးကို ကြားရပါတယ်။

ပထမ = မင်းနန်းတော်အနီး ဥယျာဉ်ထဲက ဗျိုင်းရဲ့အသံ။

ဒုတိယ = အဲဒီအသံ မပြတ်စဲမီမှာပဲ ဆင်တင်းကုပ်ထဲက တိုင်ပေါ်နေတဲ့ ကျီးမရဲ့အသံ။

http://www.dhammadownload.com



တတိယ = မင်းနန်းတော်ရဲ့အထွက်မှာ နေတဲ့ သစ်သားပိုးကောင်ရဲ့ အသံ။

စတုတ္ထ = မင်းနန်းတော်မှာ မွေးမြူထားတဲ့ ဥဩငှက်ရဲ့အသံ။

ပဉ္စမ = မင်းနန်းတော်ထဲမှာပဲ မွေးမြူထားတဲ့ သမင်ရဲ့အသံ။

ဆဋ္ဌမ = မင်းနန်းတော်မှာပဲ မွေးမြူထားတဲ့ မျောက်ရဲ့အသံ။

သတ္တမ = မင်းနန်းတော်မှာပဲ မွေးမြူထားတဲ့ ကိန္နရာရဲ့အသံ။

အဋ္ဌမ = အဲဒီအသံ မပြတ်စဲမီမှာပဲ မင်းနန်းတော်ထက်က ဥယျာဉ်ကို ကြွသွားတဲ့ ပစ္စေကဗုဒ္ဓါရဲ့ ဥဒါန်းကျူးရင့်သံ။

ဘုရားလောင်းရသေ့က ဗာရာဏသီမင်းအား အသံ (၈) မျိုးရဲ့ အကြောင်းတွေကို ရှင်းပြပါတယ်။ ဗျိုင်းက ဆာလောင်လို့ အော်ပါတယ်။ ကျီးမက သားသောကကြောင့် အသံပြုပါတယ်။ သစ်သားပိုးကောင်က ပြာသာဒ်အထွတ်ရဲ့အကာကို စားပြီး အကာကုန်ရင် အနှစ်ကို မစားနိုင်ပါ။ အစာ မရရင် ထွက်တောင် မထွက်နိုင်လို့ ငိုပါတယ်။ ဥဩငှက်က သူ နေခဲ့ဖူးတဲ့ တောအုပ်ကို လွမ်းပြီး ငိုပါတယ်။ သမင်က သမင်မကို သတိရလွမ်းဆွတ်ပြီး ငိုပါတယ်။ မျောက်က မျောက်မတွေနဲ့ ပျော်ခဲ့ရတာကို သတိရပြီး ငိုပါတယ်။ ကိန္နရာက ကိန္နရီမကို လွမ်းဆွတ်ပြီး ငိုပါတယ်။ အဲဒီအသံတွေကြောင့် မင်းမှာ ဘေးရန် မရှိကြောင်းကို ဘုရားလောင်းက အသံတွေကြောင့် ကြောက်လန့်နေတဲ့ မင်းအား ရှင်းပြပါတယ်။ နန္ဒမူလကတောင်ဝှမ်းက ပစ္စေကဗုဒ္ဓါတစ်ပါးက မိမိရဲ့ အသက်ရှည်ဖို့ ကံကုန်နေတာကို သိပြီး "လူ့လမ်းကို သွားကာ ငါဟာ ဗာရာဏသီမင်းရဲ့ ဥယျာဉ်မှာ ပရိနိဗ္ဗာန်စံမယ်။ ငါ့ရဲ့ခန္ဓာကိုယ်ကို လူတွေက မီးသဂြိုဟ်ပြီး သူတော်ကောင်းတို့ ပျော်နည်းနဲ့ ပျော်ကာ ဓာတ်တော်ပူဇော်

http://www.dhammadownload.com



ပြီး နတ်ပြည်ကို ရောက်ကြလိမ့်မယ်” လို့ ကြံပြီး တန်ခိုးအစွမ်းနဲ့ ကြွလာပါတယ်။ သင်ဗာရာဏသီမင်းရဲ့ ပြာသာဒ်ထိပ်ကို ရောက်တဲ့အခါ ခန္ဓာဝန်ကို ချပြီး နိဗ္ဗာန်မြို့ဝင်ကြောင်း ဖော်ပြတဲ့ ဥဒါန်းစကားကို ကျူးရင့်ပါတယ်လို့ ဘုရားလောင်းက မင်းအား ပြောပြပါတယ်။

“အဲဒီပစ္စေကဗုဒ္ဓါက အဲဒီဥဒါန်းစကားကို ကျူးရင့်ပြီး ဒီဥယျာဉ်တောကို ရောက်လာကာ ကောင်းကောင်း ပွင့်နေတဲ့ အင်ကြင်းပင်တစ်ပင်အောက်မှာ ပရိနိဗ္ဗာန်စံပါတယ်။ မင်းကြီး လာပါ။ အဲဒီပစ္စေကဗုဒ္ဓါရဲ့ ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်ကြပါစို့” လို့ ဘုရားလောင်းက ပြောကာ မင်းကို ခေါ်ပြီး ပစ္စေကဗုဒ္ဓါ ပရိနိဗ္ဗာန်စံရာအရပ်ကို သွားကာ ခန္ဓာကိုယ်ကို ပြပါတယ်။ မင်းက ပစ္စေကဗုဒ္ဓါရဲ့ ခန္ဓာကိုယ်ကို မြင်ပြီး စစ်တပ်နဲ့အတူ နံ့သာ၊ ပန်းစသည်တွေနဲ့ ပူဇော်တယ်။ ဘုရားလောင်းရဲ့ စကားကို မှီပြီး သတ္တဝါတွေကို သတ်ပြီး ယဇ်ပူဇော်မှုကို ဖယ်ရှားကာ သတ္တဝါအားလုံးအား အသက်အလှူ လှူတယ်။ မြို့မှာ သတ္တဝါတွေကို မသတ်ရလို့ စည်ကို လှည့်လည်စေပါတယ်။ (၇) ရက်ပတ်လုံး သူတော်ကောင်းတို့ရဲ့ ပျော်ရွှင်နည်းနဲ့ ပျော်ပါတယ်။ နံ့သာထင်းပုံ အားလုံးပေါ် အကြီးအကျယ် ပူဇော်မှုနဲ့ ပစ္စေကဗုဒ္ဓါရဲ့ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်ပါတယ်။ ဓာတ်တော်တွေကို လမ်းလေးခွမှာ စေတီတည်စေပါတယ်။ ဘုရားလောင်းကလည်း မင်းအား တရားဟောပြီး “မမေ့မလျော့သူ ဖြစ်လော့” လို့ ဆုံးမကာ ဟိမဝန္တာကိုပဲ ဝင်သွားပါတယ်။ ဗြဟ္မစိုရ်တရားတွေမှာ ပရိကံ ပြုလုပ်ပြီး စျာန်မလျော့ဘဲ ဗြဟ္မာ့ပြည် ရောက်သွားပါတယ်။

(ဇာတ်၊ ၄၊ ဌ၊ ၄၀၇)

http://www.dhammadownload.com



ဓာတ်တော်တွေကို ထည့်ပြီး စေတီပြုလုပ်ကာ ကိုးကွယ်ထိုက်တဲ့ ပုဂ္ဂိုလ် (၄) ဦးထဲမှာ ပစ္စေကဗုဒ္ဓါတွေ ပါဝင်ကြပါတယ်။ ဒီဇာရာဏာသီမင်းကလည်း ဒီပစ္စေကဗုဒ္ဓါရဲ့ဓာတ်တော်တွေကို ယူကာ စေတီတည်ပါတယ်။ ကြည်ညိုလိုသူတို့ ကြည်ညိုဖို့၊ ပူဇော်ဖို့၊ ကုသိုလ်ပွားဖို့ ရည်ရွယ်တာ ဖြစ်ပါတယ်။ ဒီပစ္စေကဗုဒ္ဓါကလည်း လူတွေမှာ ကုသိုလ်ပွားပြီး ဘဝကောင်းတွေကို ရောက်နိုင်ဖို့ရာ ရည်ရွယ်ကာ ကြွတော်မူလာတာ ဖြစ်ပါတယ်။

## လက်ာ

၁။ အသံရှစ်ပါး, မင်းက ကြား, ဘုရားလောင်း ရှင်းပြသည်။

၂။ ဘုရားလောင်းဟာ, အဘိညာ, ရကာ ထားပါသည်။

http://www.dhammadownload.com

# သူတစ်ပါးလက်ချက်နဲ့ အသက်ထွက်ရှာရတယ်

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ္တမင်း အုပ်ချုပ်တဲ့အခါ ဘုရားလောင်းက အဲဒီမင်းရဲ့ မိဖုရားခေါင်ဝမ်းဗိုက်မှာ ဖြစ်တယ်။ အရွယ်ရောက်တဲ့အခါ ဖခင် ကွယ်လွန်တော့ မင်းလုပ် အုပ်ချုပ်တယ်။ အလှူကြီး လှူတယ်။ မင်းရဲ့ဥယျာဉ်စောင့်က သုမင်္ဂလ မည်တယ်။ အဲဒီအခါ ပစ္စေကဗုဒ္ဓါတစ်ပါးက နန္ဒမူလကတောင်ဝှမ်းမှ ထွက်ကာ ခရီးလှည့်လည်တဲ့အခါ ဗာရာဏသီကို ရောက်ပြီး ဥယျာဉ်မှာ နေတယ်။ နောက်နေ့မှာ မြို့ကို ဆွမ်းခံဝင်တယ်။ အဲဒီပစ္စေကဗုဒ္ဓါကို မင်းက မြင်ပြီး ကြည်ညိုစိတ်ဖြစ်ကာ ရှိခိုးတယ်။ ပြာသာဒ်ပေါ် တက်ရောက်စေပြီး မင်းရဲ့နေရာမှာ ထိုင်စေတယ်။ အရသာကောင်း အမျိုးမျိုးပါတဲ့ ခဲဖွယ်၊ စားဖွယ်တွေနဲ့ ပြုစုလုပ်ကျွေးတယ်။ အနုမောဒနာ စကားကို ကြားနာရပြီး ကြည်ညိုကာ သူ့ဥယျာဉ်မှာ နေဖို့ ဝန်ခံချက်ကို ယူစေပါတယ်။ ဥယျာဉ်သို့ သွင်းပြီး ကိုယ်တိုင်လည်း နံနက်စာ စားကာ အဲဒီဥယျာဉ်ကို သွားတယ်။ ညဥ့်နေရာ၊ နေ့နေရာ စသည်တွေကို စီမံပြီး သုမင်္ဂလမည်တဲ့ ဥယျာဉ်စောင့်ကို ဝေယျာဝစ္စလုပ်သူအဖြစ် ပြုလုပ်ကာ မြို့ကို ဝင်တယ်။

http://www.dhammadownload.com



ပစ္စေကဗုဒ္ဓါက အဲဒီအချိန်ကစပြီး အမြဲတမ်း မင်းနန်းတော်မှာ ဘုဉ်းပေးကာ အဲဒီဉယျာဉ်မှာ ကြာမြင့်စွာ နေတယ်။ သုမင်္ဂလကလည်း ပစ္စေကဗုဒ္ဓါကို ရိုရိုသေသေ လုပ်ကျွေးတယ်။ တစ်နေ့မှာ ပစ္စေကဗုဒ္ဓါက သုမင်္ဂလကို ခေါ်ပြီး "ငါဟာ ရက်အနည်းငယ် ဒီမည်တဲ့ရွာကို အမှီပြုပြီး နေကာ လာမယ်။ မင်းအား ပြောလော့" လို့ ပြောကာ ဖဲသွားတယ်။ သုမင်္ဂလကလည်း မင်းအား ပြောတယ်။ ပစ္စေကဗုဒ္ဓါက ရက်အနည်းငယ် အဲဒီအရပ်မှာ နေပြီး ညနေ နေဝင်တဲ့အခါ အဲဒီဉယျာဉ်ကို ပြန်လာတယ်။ သုမင်္ဂလက ပစ္စေကဗုဒ္ဓါ ပြန်ကြွလာတာကို မသိလို့ သူ့အိမ်ကို သွားတယ်။ ပစ္စေကဗုဒ္ဓါကလည်း သပိတ်၊ သင်္ကန်းကို သိမ်းဆည်းပြီး အနည်းငယ် စင်္ကြံလျှောက်ကာ ကျောက်ဖျာပေါ် ထိုင်တယ်။ အဲဒီနေ့မှာ ဉယျာဉ်စောင့်ရဲ့အိမ်ကို ဧည့်သည်တွေ လာကြတယ်။

သုမင်္ဂလက အဲဒီဧည့်သည်တွေအတွက် ဟင်းလျာအကျိုးငှာ "ဉယျာဉ်မှာ ဘေးမဲ့ရတဲ့ သမင်ကို သတ်မယ်" လို့ ကြံကာလေးကို ယူပြီး ဉယျာဉ်ကို သွားတယ်။ သမင်ကို စူးစမ်းတဲ့အခါ ပစ္စေကဗုဒ္ဓါကို မြင်ပြီး "သမင်ကြီး ဖြစ်လိမ့်မယ်" လို့ ထင်မှတ်ကာ မြားကို ဖွဲ့ပြီး ပစ်လိုက်တယ်။ ပစ္စေကဗုဒ္ဓါက ဦးခေါင်းကို ဖွင့်ပြီး "သုမင်္ဂလ" လို့ ပြောတယ်။ သုမင်္ဂလက သံဝေဂရပြီး ရှိခိုးကာ "အရှင်ဘုရား၊ တပည့်တော်က အရှင်ဘုရား ပြန်ကြွလာတာကို မသိလို့ သမင်မှတ်ကာ ပစ်လိုက်ပါတယ်။ တပည့်တော်အား သည်းခံတော်မူပါ" လို့ လျှောက်တယ်။ "ရှိပါစေ၊ အခု သင်ဟာ ဘာလုပ်မှာလဲ။ လာပါ။ မြားကို နုတ်ပြီး ယူလော့" လို့ ပစ္စေကဗုဒ္ဓါက ပြောတယ်။ သုမင်္ဂလက ရှိခိုးပြီး မြားကို နုတ်တယ်။ ဆင်းရဲဝေဒနာ အကြီးအကျယ် ဖြစ်တယ်။ ပစ္စေကဗုဒ္ဓါဟာ အဲဒီနေရာမှာပဲ ပရိနိဗ္ဗာန်

http://www.dhammadownload.com



စံတယ်။ ဥယျာဉ်စောင့်က "မင်း သိရင် ဖျက်ဆီးလိမ့်မယ်" လို့ တွေးပြီး သား၊ သမီး၊ ဇနီးကို ခေါ်ကာ အဲဒီနေရာကပဲ ပြေးသွားတော့တယ်။ အဲဒီ ခဏမှာပဲ "ပစ္စေကဗုဒ္ဓါ ပရိနိဗ္ဗာန်စံသွားပြီ" လို့ နတ်တန်ခိုးနဲ့ တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားတယ်။

နောက်နေ့မှာ လူတွေက ဥယျာဉ်ကို သွားပြီး ပစ္စေကဗုဒ္ဓါကို မြင်ကာ "ဥယျာဉ်စောင့်ဟာ ပစ္စေကဗုဒ္ဓါကို သတ်ကာ ပြေးပြီး" လို့ မင်းအား ပြောကြတယ်။ မင်းက အခြွေအရံများစွာနဲ့ ဥယျာဉ်ကို သွားပြီး (၇) ရက်ပတ်လုံး ခန္ဓာကိုယ်ကို ပူဇော်မှုပြုကာ အကြီးအကျယ် ပူဇော်မှုနဲ့ မီးသင်္ဂြိုဟ်တယ်။ ဓာတ်တော်တွေကို ယူပြီး စေတီတည်ကာ အဲဒီစေတီ ကို ပူဇော်ရင်း တရားနဲ့အညီ မင်းလုပ် အုပ်ချုပ်တယ်။ သုမင်္ဂလလည်း တစ်နှစ် ကုန်လွန်စေပြီး "မင်းရဲ့စိတ်ကို သိမယ်" လို့ ကြံကာ လာတယ်။ အမတ်တစ်ယောက်ကို မြင်ပြီး "ငါ့အပေါ် မင်းရဲ့စိတ်ကို သိလော့" လို့ ပြောတယ်။ အမတ်ကလည်း မင်းထံ သွားပြီး သုမင်္ဂလရဲ့ဂုဏ်ကို ပြော တယ်။ မင်းက မကြားသလို နေတယ်။ တစ်ဖန် ဘာကိုမှ မပြောဘဲ မင်း သဘောမကျကြောင်းကို သုမင်္ဂလအား ပြောတယ်။

သုမင်္ဂလက ဒုတိယနှစ်မှာလည်း လာပြီး အဲဒီလိုပဲ မင်းက ဆိတ် ဆိတ်နေတယ်။ တတိယနှစ်မှာ လာပြီး သား၊ သမီး၊ ဇနီးကို ခေါ်ပြီးသာ လာတယ်။ မင်းရဲ့စိတ်နူးညံ့သွားတာကို သိပြီး သုမင်္ဂလကို မင်းတံခါးမှာ ထားပြီး သုမင်္ဂလ လာကြောင်းကို မင်းအား ပြောတယ်။ မင်းက သုမင်္ဂလ ကို ခေါ်ခိုင်းပြီး နှုတ်ဆက်စကားပြောကာ "သုမင်္ဂလ၊ ဘာကြောင့် သင်က ငါ့ရဲ့ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေ ကောင်းသဖွယ်ဖြစ်တဲ့ ပစ္စေကဗုဒ္ဓါကို သတ်ရတာလဲ" လို့ မေးတယ်။ သုမင်္ဂလက "အရှင်မင်း၊

http://www.dhammadownload.com



ကျွန်တော်ဟာ ပစ္စေကဗုဒ္ဓါကို သတ်မယ်” လို့ ရည်ရွယ်ကာ မသတ်ခဲ့ပါ။ ဒါပေမဲ့ ဒီမည်တဲ့ အကြောင်းကြောင့် ဒီအမှုကို လုပ်ပါတယ်” လို့ အဲဒီ ဖြစ်ပုံကို ပြောပါတယ်။ အဲဒီအခါ သုမင်္ဂလကို မင်းက “ဒီလိုဆိုရင် မကြောက်နဲ့” လို့ နှစ်သိမ့်ပြီး တစ်ဖန်ဥယျာဉ်စောင့်ပဲ လုပ်ခိုင်းပါတယ်။

**(ဇာတ်၊ ၄၊ တ၊ ၄၁၇)**

ပစ္စေကဗုဒ္ဓါလည်း သူတစ်ပါးလက်ချက်နဲ့ အသက် ထွက်ရပါသေး ပါတကား။

## လင်္ကာ

၁။ ပစ္စေကဗုဒ္ဓါအား, သုမင်္ဂလမှား, မြားနဲ့ ပစ်လိုက်သည်။
၂။ သူတစ်ပါးလက်ချက်, အသက်ထွက်,
ရက်စက်သလို ဖြစ်သွားသည်။

http://www.dhammadownload.com

# ဘုရားလောင်းနဲ့ ပစ္စေကဗုဒ္ဓါ (၇) ပါး

ရှေးအခါက သိဝိတိုင်း၊ ရောရုဝမြို့မှာ ရောရုဝမင်းကြီး ဆိုတာ မင်းကျင့်တရား (၁၀) ပါးကို မပျက်စီးစေဘဲ သင်္ဂဟဝတ္ထု (သိမ်းသွင်းကြောင်းအရာ) (၄) မျိုးနဲ့ လူအများကို သိမ်းသွင်းတယ်။ လူအများရဲ့ မိဘအရာမှာ တည်တယ်။ အထီးကျန်၊ ခရီးသွား၊ သူတောင်းစား စသူတွေအား အလှူကြီး လှူတယ်။ အဲဒီမင်းရဲ့ သမုဒ္ဒဝိဇယာမည်တဲ့ မိဖုရားခေါင်ကြီးက ပညာရှိတယ်။ ဉာဏ်နဲ့ ပြည့်စုံတယ်။ မင်းက တစ်နေ့မှာ အလှူမဏ္ဍပ်ကို ကြည့်တဲ့အခါ "ငါ့အလှူကို သီလမရှိတဲ့ လော်လည်သူတွေ စားကြတယ်။ ဒီအလှူက ငါ့ကို စိတ်မရွှင်လန်းစေပါ။ ငါဟာ သီလရှိတဲ့ အလှူခံမြတ် ပစ္စေကဗုဒ္ဓါတွေအား လှူချင်တယ်။ အဲဒီ ပစ္စေကဗုဒ္ဓါတွေကလည်း ဟိမဝန္တာအရပ်မှာ နေကြတယ်။ ဘယ်သူက အဲဒီပစ္စေကဗုဒ္ဓါတွေကို ပင့်ဆောင်ပေးမလဲ။ ဘယ်သူ့ကို စေလွှတ်ရမလဲ" လို့ ကြံပြီး အဲဒီအကြောင်းကို မိဖုရားအား ပြောတယ်။

အဲဒီအခါ မင်းကို မိဖုရားက "မင်းကြီး၊ မပူပါနဲ့။ ကျွန်မတို့ရဲ့ လှူဖွယ်လှူတဲ့ စွမ်းအား၊ သီလစွမ်းအား၊ သစ္စာစွမ်းအားတွေနဲ့ ပန်းတွေကို စေလွှတ်ပြီး ပစ္စေကဗုဒ္ဓါတွေကို ပင့်ကာ ပစ္စေကဗုဒ္ဓါတွေ ကြွလာတဲ့အခါမှာ ပရိက္ခရာအားလုံး ပြည့်စုံတဲ့ အလှူကို လှူကြမယ်" လို့ ပြောတယ်။

http://www.dhammadownload.com



မင်းက "ကောင်းပြီ" လို့ ဝန်ခံပြီး မြို့သူမြို့သားအားလုံး သီလ ဆောက်တည်ကြပါ" လို့ မြို့မှာ စည်ကို လည်စေပါတယ်။ ကိုယ်တိုင်လည်း အခြွေအရံနဲ့တကွ ဥပုသ်အင်္ဂါတွေကို ဆောက်တည်စေပြီး အလှူကြီး လှူပါတယ်။ မြတ်လေးပန်းတွေနဲ့ ပြည့်နေတဲ့ ရွှေသေတ္တာကို ယူခိုင်းကာ ပြာသာဒ်ပေါ်က ဆင်းပါတယ်။ မင်းရင်ပြင်မှာ ရပ်ပြီး ကိုယ်လက်အင်္ဂါ (၅) မျိုးကို မြေကြီးပေါ်တည်စေကာ အရှေ့အရပ်ကို ရှေ့ရှုပြီး ရှိခိုးပါတယ်။ "အရှေ့အရပ်က ရဟန္တာတွေကို တပည့်တော် ရှိခိုးပါတယ်။ တပည့်တော်တို့မှာ ဂုဏ်တစ်စုံတစ်ခု ရှိခဲ့ရင်လည်း တပည့်တော်တို့ကို သနားသောအားဖြင့် တပည့်တော်တို့ရဲ့ ဆွမ်းကို ခံယူတော်မူကြပါ" လို့ လျှောက်ပြီး ပန်း (၇) ဆုပ်ကို ပစ်လိုက်ပါတယ်။

အရှေ့အရပ်မှာ ပစ္စေကဗုဒ္ဓါ မရှိလို့ နောက်နေ့မှာ မလာကြပါ။ ဒုတိယနေ့မှာ တောင်အရပ်ကို ရှိခိုးပါတယ်။ အဲဒီအရပ်မှလည်း မလာကြပါ။ တတိယနေ့မှာ အနောက်အရပ်ကို ရှိခိုးပါတယ်။ အဲဒီအရပ်မှာလည်း မလာကြပါ။ စတုတ္ထနေ့မှာ မြောက်အရပ်ကို ရှိခိုးပါတယ်။ ရှိခိုးပြီး "မြောက်ပိုင်း ဟိမဝန္တာအရပ်မှာ နေတဲ့ ပစ္စေကဗုဒ္ဓါတွေ တပည့်တော်တို့ရဲ့ဆွမ်းကို ခံယူတော်မူကြပါ" လို့ ပန်းဆုပ် (၇) ဆုပ်ကို ပစ်လိုက်ပါတယ်။ ပန်းတွေက သွားပြီး နန္ဒမူလကတောင်ဝှမ်းက ပစ္စေကဗုဒ္ဓါ ငါးရာရဲ့အထက်မှာ ကျကြပါတယ်။ အဲဒီပစ္စေကဗုဒ္ဓါတွေက ဆင်ခြင်ကြတဲ့အခါ မင်းက သူတို့ကို ပင့်ဖိတ်တာကို သိပြီး နောက်နေ့မှာ ပစ္စေကဗုဒ္ဓါ (၇) ပါးကို ခေါ်ကာ "အရှင်ဘုရားတို့၊ မင်းက အရှင်ဘုရားတို့ကို ပင့်ဖိတ်နေပါတယ်။ မင်းအား ချီးမြှောက်တော်မူကြပါ" လို့ ပြောကြတယ်။ ပစ္စေကဗုဒ္ဓါ (၇) ပါးက ကောင်းကင်ခရီးနဲ့ လာပြီး မင်းတံခါးမှာ သက်ဆင်းကြတယ်။ အဲဒီပစ္စေကဗုဒ္ဓါတွေကို မြင်ပြီး မင်းက ဝမ်းသာကာ

http://www.dhammadownload.com



ရှိခိုးတယ်။ ပြာသာဒ်ပေါ်တင်ပြီး အကြီးအကျယ် ပူဇော် လှူဒါန်းတယ်။ ဆွမ်းကိစ္စအဆုံးမှာ နောက်နေ့အတွက်၊ နောက်နေ့အတွက်ဆိုပြီး (၆) နေ့တိုင်တိုင် ပင့်ဖိတ်တယ်။ (၇) ရက်မြောက်နေ့မှာ ပရိက္ခရာအားလုံး အလှူကို စီမံတယ်။ ရတနာ (၇) ပါးနဲ့ စီထားတဲ့ ညောင်စောင်း၊ အင်းပျဉ် စတာတွေကို ခင်းစေတယ်။ တိစီဝရိက်စတဲ့ ရဟန်း အသုံးအဆောင် အားလုံးကို ပစ္စေကဗုဒ္ဓါ (၇) ပါးအနီးမှာ ထားတယ်။ "တပည့်တော်တို့ဟာ ဒီပရိက္ခရာတွေကို အရှင်ဘုရားတို့အား လှူကြပါတယ်" လို့ လျှောက်တယ်။

ပစ္စေကဗုဒ္ဓါတွေရဲ့ ဆွမ်းကိစ္စအဆုံးမှာ မင်းရော၊ မိဖုရားပါ နှစ်ယောက်လုံး ရှိခိုးကာ ရပ်တည်နေကြပါတယ်။ အဲဒီအခါ အဲဒီ ပစ္စေကဗုဒ္ဓါတွေထဲက အနုမောဒနာပြုလိုတဲ့ အကြီးဆုံး ပစ္စေကဗုဒ္ဓါက အောက်ပါ စကားတွေကို မိန့်တော်မူပါတယ်။

"မီးလောင်နေတဲ့ အိမ်ထဲက မီးမလောင်ဘဲ ကျန်ရှိတဲ့ အသုံးအဆောင်ပစ္စည်းကို ထုတ်ယူတယ်။ အဲဒီပစ္စည်းဟာ အဲဒီထုတ်ယူသူရဲ့ အကျိုးငှာ ဖြစ်တယ်။"

"ဒီသတ္တဝါအပေါင်းကို ဇရာမီး၊ မရဏမီး စတဲ့ မီး (၁၁) မီးလောင်နေတယ်။ အဲဒီမီးလောင်ခံရတဲ့ လောကထဲက လှူဖွယ်ကို ဒါနနဲ့ ထုတ်ဆောင်ယူတယ်။ နည်းနည်း များများ အလှူကသာ ကောင်းကောင်း ထုတ်ဆောင်ထားရာ ရောက်တယ်။"

အကြီးဆုံး ပစ္စေကဗုဒ္ဓါက အဲဒီလို အနုမောဒနာပြုပြီး "မင်းကြီး၊ မမေ့မလျော့သူ ဖြစ်လော့" လို့ မင်းအား ဩဝါဒ ပေးတယ်။ ကောင်းကင်မှာ ပျံတက်ပြီး ပြာသာဒ်အထွတ်ကို နှစ်ဖြာခွဲကာ သွားပြီး နန္ဒမူလကတောင်ဝှမ်းမှာပဲ သက်ဆင်းတယ်။ မင်းနဲ့ မိဖုရားရဲ့ တစ်ကိုယ်လုံးဟာ

http://www.dhammadownload.com



ပီတိနဲ့ ပြည့်နေတယ်။ အဲဒီလို အကြီးဆုံး ပစ္စေကဗုဒ္ဓါက ကြွသွားတဲ့အခါ ကျန်တဲ့ပစ္စေကဗုဒ္ဓါ (၆) ပါးကလည်း ဂါထာတစ်ပုဒ်စီနဲ့ အနုမောဒနာပြုကာ အဲဒီအတိုင်းပဲ ပရိက္ခရာတွေနဲ့အတူ ကြွသွားကြပါတယ်။

ဒုတိယပစ္စေကဗုဒ္ဓါက အောက်ပါစကားနဲ့ အနုမောဒနာပြုပါတယ်။

"ထကြွလုံ့လ ဝီရိယနဲ့ လောကုတ္တရာတရားကို ရထားတဲ့ ပုဂ္ဂိုလ်အား လှူသူဟာ (တစ်နည်း) တရားနဲ့အညီ ကြိုးစားလို့ ရထားတဲ့ ပစ္စည်းရဲ့ အဦးအဖျားကို ယူပြီး သီလရှိတဲ့ ပုဂ္ဂိုလ်တွေအား လှူသူဟာ ငရဲကြီး (၈) ထပ်၊ ငရဲငယ် (၁၆) ထပ်တွေကို ကျော်လွန်ကာ နတ်ပြည် ရောက်ရတယ်။

တတိယပစ္စေကဗုဒ္ဓါက အောက်ပါစကားနဲ့ အနုမောဒနာ ပြုပါတယ်။

"အလှူ လှူတာနဲ့ စစ်တိုက်တာကို တူတယ်လို့ ဆိုကြပါတယ်။ အသက်ကို စွန့်လွှတ်ထားသူတွေဟာ နည်းပေမယ့် ရန်သူအများကို အောင်နိုင်ကြသလို လှူဆဲစေတနာက နည်းပေမယ့် များစွာသော နှမြောစိတ်၊ လောဘစတဲ့ ကိလေသာအရှုပ်ကို အောင်နိုင်တယ်။ ပစ္စည်းအနည်းငယ်ကိုတောင်မှ ကံ ကံရဲ့အကျိုးကို ယုံကြည်ကာ လှူရင် အဲဒီလူဟာ နောင်ဘဝမှာ ချမ်းသာတယ်။"

စတုတ္ထပစ္စေကဗုဒ္ဓါက အောက်ပါစကားနဲ့ အနုမောဒနာ ပြုပါတယ်။

"လှူဖွယ်ကိုရော အလှူခံကိုပါ စိစစ်ပြီး လှူတာကို ဘုရားရှင်တွေ ချီးမွမ်းတော်မူကြပါတယ်။ ဒီသက်ရှိလောကမှာ အလှူခံပုဂ္ဂိုလ်ကောင်းတွေဖြစ်တဲ့ ဘုရားစတဲ့ ပုဂ္ဂိုလ်တွေအား လှူရတဲ့ အလှူဟာ အကျိုးကြီး

http://www.dhammadownload.com



ပါတယ်။ ဥပမာ - လယ်ယာကောင်းမှာ စိုက်ပျိုးရတဲ့ မျိုးစေ့တွေလိုပါပဲ” ပဉ္စမပစ္စေကဗုဒ္ဓါက အောက်ပါစကားနဲ့ အနုမောဒနာ ပြုပါတယ်။

“သတ္တဝါတွေကို သနားလို့ မညှဉ်းဆဲဘဲ လှည့်လည်သူဟာ သူတစ်ပါးကဲ့ရဲ့မှာ ကြောက်တဲ့အတွက် မကောင်းမှုကို မလုပ်၊ သူတစ်ပါးကဲ့ရဲ့ခံ ရမှာ ကြောက်သူကို ပညာရှိတွေ ချီးမွမ်းကြပါတယ်။ ရဲရင့်သူကို မချီးမွမ်း ကြပါ။ မှန်တယ်။ ပညာရှိတွေဟာ ကဲ့ရဲ့ခံရမှာ ကြောက်လို့ မကောင်းမှုကို မပြုလုပ်ကြပါ။”

ဆဋ္ဌမပစ္စေကဗုဒ္ဓါက အောက်ပါစကားနဲ့ အနုမောဒနာ ပြုပါတယ်။

“သာသနာအယူမှ တစ်ပါးသော အယူမှာ မေထုန်မှ ရှောင်တဲ့ အကျင့် (အကျင့်ညံ့) ကြောင့် မင်းမျိုးမှာ ဖြစ်တယ်။ စျာန်ရဲ့အနီးမှာ ဖြစ်တဲ့ သမာဓိအကျင့် (အလယ်အလတ်အကျင့်) ကြောင့် နတ်ပြည်မှာ ဖြစ်တယ်။ စျာန်သမာပတ် (၈) ပါး (အကျင့်မြတ်) ကြောင့် ဗြဟ္မာ့ပြည်မှာ ဖြစ်ကာ ဖြူစင်ကြတယ်။ သာသနာတော်မှာတော့ နတ်ပြည် တစ်ပြည်ကို တောင့်တပြီး သီလရှိသူရဲ့သာ အကျင့်ဟာ အကျင့်ညံ့ ဖြစ်တယ်။ သီလ ဖြူစင်သူရဲ့သာ သမာပတ်ရမှုက အလယ်အလတ်အကျင့် ဖြစ်တယ်။ သီလစင်ကြယ်ပြီး ဝိပဿနာပွားကာ ရဟန္တာဖြစ်တာဟာ အကျင့်မြတ် ဖြစ်တယ်။

သတ္တမပစ္စေကဗုဒ္ဓါက အောက်ပါစကားနဲ့ အနုမောဒနာ ပြုပါတယ်။

“ဒါနကို နည်းပေါင်းများစွာနဲ့ ချီးမွမ်းကြပေမယ့် ဒါနထက် သမထ၊ ဝိပဿနာတရားစု၊ နိဗ္ဗာန်တရားစုကသာ သာပြီး မြင့်မြတ်ပါတယ်။ အကြောင်းကတော့ ဒီကမ္ဘာမှာ ကဿပဘုရား စသည်တွေရော၊ အဲဒီထက် ရှေးကျတဲ့ ဝေဿဘူ စတဲ့ ဘုရားတွေပါ သမထ၊ ဝိပဿနာကို ပွားကာ နိဗ္ဗာန်ကိုပဲ ရသွားကြလို့ပါပဲ။”

http://www.dhammadownload.com



အဲဒီလို ပစ္စေကဗုဒ္ဓါ (၇) ပါးဟာ အနုမောဒနာစကားနဲ့ မင်းအား မသေရာ မဟာနိဗ္ဗာန်ကို ချီးမွမ်းကာ မင်းကို အပ္ပမာဒတရားနဲ့ ဆုံးမကြပါတယ်။ ပြီးတော့ ပထမပစ္စေကဗုဒ္ဓါအတိုင်းပဲ ကိုယ့်နေရာကိုပဲ ကြွသွားကြပါတယ်။ မင်းကလည်း မိဖုရားခေါင်ကြီးနဲ့အတူ အလှူလှူကာ အသက်ထက်ဆုံး ရပ်တည်ပြီး သေကာ နတ်ပြည် ရောက်သွားကြပါတယ်။ **(ဇာတ်၊ ၄၊ တ၊ ၄၄၆)**

ရောရုဝမင်းက ဘုရားလောင်း ဖြစ်ပါတယ်။ သမုဒ္ဒဝိဇယာက ရာဟုလာရဲ့မယ်တော် ဖြစ်ပါတယ်။ ပစ္စေကဗုဒ္ဓ (၇) ပါးက အနုမောဒနာတရားကို တစ်မျိုးစီ ဟောတော်မူကြပါတယ်။ ထူးထူးခြားခြားပါပဲ။ ဒါန အကြောင်း၊ သီလအကြောင်း၊ ဘာဝနာအကြောင်းတွေ ပါဝင်ပါတယ်။ အလှူရှင်ဘုရားလောင်းမင်းနဲ့ မိဖုရားတို့မှာတော့ တရားလည်း နာရတဲ့ အပြင် တန်ခိုးနဲ့ ကြွလာပုံကိုလည်း ဖူးတွေ့ရလို့ ပီတိတွေ ဝေနေပါတယ်။ ဘုရားလောင်းရဲ့ ပစ္စေကဗုဒ္ဓါ ပင့်နည်းကလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါတယ်။ ပစ္စေကဗုဒ္ဓါတွေကလည်း တန်ခိုးရှိတော်မူကြတော့ ဘုရားလောင်း ဇနီးမောင်နှံရဲ့ဆန္ဒကို ပြည့်အောင် ဆောင်ရွက်တော်မူနိုင်ကြပါတယ်။

## လင်္ကာ

၁။ ပစ္စေကဗုဒ္ဓါ (၇) ပါး, ဟောတရား, ဘုရားလောင်း နာသည်။
၂။ ဒါန - သီလာ, ဘာဝနာ, ဆိုင်ရာ ဟောသွားသည်။
၃။ ပန်းတွေ ပစ်ကာ, ပစ္စေကာ, ပင့်ကာ လုပ်ပါသည်။
၄။ ထိုပန်းတွေဟာ, ပစ္စေကာ, ငါးရာထက်မှာ ကျသွားသည်။

http://www.dhammadownload.com

# ဖိနပ် လှူရကျိုး

ရှေးအခါက ဒီပာရာဏသီပြည်ဟာ မောဋ္ဌိနီ မည်ခဲ့တယ်။ မောဋ္ဌိနီ မြို့မှာ ဗြဟ္မဒတ္တမင်း အုပ်ချုပ်တဲ့အခါ သခ် မည်တဲ့ ပုဏ္ဏားဟာ ကြွယ်ဝတယ်။ စည်းစိမ်ဥစ္စာ ပေါများတယ်။ အသုံးအဆောင်၊ ဥစ္စာ၊ စပါး၊ ရွှေငွေ ပေါများတယ်။ မြို့တံခါး (၄) ခု၊ မြို့လယ်၊ နေရာအိမ်တံခါးဆိုတဲ့ (၆) နေရာမှာ အလှူမဏ္ဍပ် (၆) ခု ဆောက်လုပ်ခိုင်းတယ်။ နေ့တိုင်း (၆) သိန်း စွန့်လွှတ်ကာ ဆင်းရဲသား၊ ခရီးသွားတွေအား အကြီးအကျယ် လှူတယ်။ သခ်က တစ်နေ့မှာ "ငါဟာ အိမ်က ဥစ္စာကုန်ရင် မပေးနိုင်လတ္တံ့၊ ဥစ္စာမကုန်မီမှာပဲ လှေနဲ့ သုဝဏ္ဏဘူမိကို သွားပြီး ဥစ္စာကို ဆောင်ယူအံ့" လို့ ကြံတယ်။ သခ်က လှေကို ဖွဲ့စေပြီး ဘဏ္ဍာနဲ့ ပြည့်စေကာ သား၊ သမီး၊ ဇနီးကို ခေါ်ပြီး "ငါလာတဲ့အထိ ငါ့ဒါနကို မဖြတ်တောက်ဘဲ ဆက်လက် ဖြစ်စေကြပါ" လို့ ပြောတယ်။ ကျွန်၊ အလုပ်သမားတွေ ခြံရံပြီး ထီးကို ယူကာ ဖိနပ်စီးပြီး နေ့လယ်အချိန်မှာ ပဋ္ဋနရွာကို ရှေ့ရှုပြီး သွားတယ်။

အဲဒီခဏမှာ ဂန္ဓမာဒနတောင်က ပစ္စေကဗုဒ္ဓါတစ်ပါးက ဆင်ခြင်ပြီး ဥစ္စာဆောင်ယူဖို့ သွားတဲ့ အဲဒီသခ်ကို မြင်ပြီး "ယောက်ျားမြတ်ဟာ ဥစ္စာကို ဆောင်ယူဖို့ သွားတယ်။ သူ့မှာ သမုဒ္ဒရာထဲ အန္တရာယ်ဖြစ်လေမလား၊ မဖြစ်ဘူးလား" လို့ ဆင်ခြင်ပြီး "ဖြစ်လတ္တံ့" လို့ သိတယ်။ "ဒီ

http://www.dhammadownload.com



ယောက်ျားမြတ်ဟာ ငါ့ကို မြင်ကာ ထီးနဲ့ ဖိနပ်ကို ငါ့အား လှူပြီး ဖိနပ်လှူတဲ့အကျိုးဆက်ကြောင့် သမုဒ္ဒရာမှာ လှေကွဲတဲ့အခါ ထောက်တည်ရာကို ရလိမ့်မယ်။ ငါဟာ သူ့အား ချီးမြှောက်မယ်” လို့ ကြံပြီး ကောင်းကင်ခရီးနဲ့ လာကာ သင်္ခရဲ့အနီးမှာ သက်ဆင်းတယ်။ ကြမ်းတမ်းတဲ့ လေ၊ နေပူမှာ မီးကျီးခဲအခင်းနဲ့ တူတဲ့ သဲပူကို နင်းရင်း သင်္ခဆီကို ရှေ့ရှု ကြွလာတယ်။

သင်္ခက ပစ္စေကဗုဒ္ဓါကို မြင်တယ်ဆိုရင်ပဲ “ငါ့ထံ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းဟာ လာနေတယ်။ ဒီနေ့ ငါဟာ ဒီလယ်ယာမြေကောင်းမှာ ဒါနမျိုးစေ့ကို စိုက်ပျိုးသင့်တယ်” လို့ ကျေနပ်စိတ်နဲ့ လျင်မြန်စွာ ပစ္စေကဗုဒ္ဓါထံ ချဉ်းကပ်ပြီး ရှိခိုးတယ်။ “အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်ဖို့ရာ အနည်းငယ် လမ်းမှ ဖဲခွာပြီး ဒီသစ်ပင်အောက်ကို ချဉ်းကပ်တော်မူပါ” လို့ လျှောက်တယ်။ ပစ္စေကဗုဒ္ဓါက သစ်ပင်အောက်ကို ချဉ်းကပ်တဲ့အခါ သစ်ပင်အောက်မှာ သဲကို မြင့်တက်စေပြီး အပေါ်ရုံအဝတ်ကို ခင်းကာ ပစ္စေကဗုဒ္ဓါကို ထိုင်စေပြီး ရှိခိုးတယ်။ အမွှေးအကြိုင် ထုံထားတဲ့ ရေစစ်နဲ့ စစ်ထားတဲ့ ရေနဲ့ ခြေထောက်တွေကို ဆေးပေးတယ်။ နံ့သာဆီနဲ့ လိမ်းကျံပေးတယ်။ သူ့ဖိနပ်ကို ချွတ်ပြီး ခါကာ နံ့သာဆီနဲ့ လိမ်းကျံပြီး ပစ္စေကဗုဒ္ဓါရဲ့ ခြေတွေမှာ စွပ်ပေးတယ်။ “အရှင်ဘုရား၊ ဒီဖိနပ်တွေကို စီးပြီး ထီးကို ခေါင်းပေါ်ဆောင်းကာ သွားပါ” လို့ လျှောက်ပြီး ထီး၊ ဖိနပ်ကို လှူတယ်။ ပစ္စေကဗုဒ္ဓါက သင်္ခအား ချီးမြှောက်ဖို့ရာ အဲဒီထီး၊ ဖိနပ်ကို ယူပြီး ကြည်ညိုမှု တိုးပွားစေဖို့ရာ သင်္ခ ကြည့်ရှုနေတုန်းမှာပဲ ပျံတက်ပြီး ဂန္ဓမာဒနတောင်ကိုပဲ ပြန်ကြွသွားပါတယ်။

http://www.dhammadownload.com



ဘုရားလောင်းဖြစ်တဲ့ သခ်ကလည်း ပစ္စေကဗုဒ္ဓါကို မြင်ပြီး အလွန်အကဲ ကြည်ညိုစိတ်ဖြစ်လို့ ပဋ္ဋနကို သွားကာ လှေကို တက်စီးတယ်။ ဘုရားလောင်းဟာ သမုဒ္ဒရာကြီးကို သွားတဲ့အခါ (၇) ရက်မြောက်မှာ လှေက ပေါက်တယ်။ ရေကို ခပ်မထုတ်နိုင်ကြတော့။ လူအများက သေရမှာကို ကြောက်ပြီး မိမိ မိမိရဲ့နတ်တွေကို ရှိခိုးပြီး အကြီးအကျယ် အော်ဟစ်ကြတယ်။ ဘုရားလောင်းက အလုပ်အကျွေးတစ်ယောက်ကို ခေါ်ပြီး တစ်ကိုယ်လုံးကို ဆီနဲ့ လိမ်းကျံကာ ထောပတ်နဲ့အတူ သကြားမှုန့်ကို အလိုရှိသလောက် စားတယ်။ အလုပ်အကျွေးကိုလည်း အစားခိုင်းပြီး အလုပ်အကျွေးနဲ့အတူ လင်းယဉ်တိုင် ထိပ်ကို တက်တယ်။ "ဒီအရပ်မှာ ငါတို့ရဲ့မြို့ ရှိတယ်" လို့ နေရာကို သတ်မှတ်ပြီး ငါး၊ လိပ် အန္တရာယ်မှ ကိုယ့်ကိုယ်ကို လွတ်စေကာ အလုပ်အကျွေးနဲ့အတူ တစ်ဥသဘလောက်ကို ကျော်လွန်ပြီး ကျတယ်။ လူအများဟာ သေကျေ ပျက်စီးကြတယ်။ ဘုရားလောင်းကတော့ အလုပ်အကျွေးနဲ့အတူ သမုဒ္ဒရာ ကို ကူးခတ်ဖို့ ကြိုးစားတယ်။ ဘုရားလောင်း ကူးခတ်နေတုန်းမှာပဲ (၇) ရက်မြောက် ရောက်လာတယ်။ ဘုရားလောင်းဟာ အဲဒီအချိန်မှာလည်း ဆားငန်ရည်နဲ့ ပါးစပ်ကို ဆေးကြောကာ ဥပုသ်စောင့်ထိန်းတာပါပဲ။

အဲဒီအခါ လောကစောင့် နတ်မင်းကြီး (၄) ယောက်က မဏိမေခလာမည်တဲ့ နတ်သမီးကို "သမုဒ္ဒရာထဲမှာ လှေကွဲတဲ့အခါ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ သီလပြည့်စုံတဲ့ လူတွေ၊ မိဘကို လုပ်ကျွေးတဲ့လူတွေ ဒုက္ခရောက်ရင် အဲဒီလူတွေကို စောင့်ရှောက်ပါ" လို့ ပြောကာ သမုဒ္ဒရာမှာ စောင့်ရှောက်ဖို့ ထားပေးတယ်။ မဏိမေခလာက သူ့အစိုးရမှုနဲ့ (၇) ရက်ပတ်လုံး ခံစားပြီး မေ့လျော့ကာ (၇) ရက်မြောက်

http://www.dhammadownload.com



မှာ သမုဒ္ဒရာကို ကြည့်တဲ့အခါ သီလအကျင့်နဲ့ ပြည့်စုံတဲ့ သခ်ပုဏ္ဏားကို မြင်တယ်။ "ဒီသခ်ပုဏ္ဏား သမုဒ္ဒရာထဲ ကျနေတာ (၇) ရက်မြောက် ရောက်နေပြီ။ သူ သေခဲ့ရင် ငါ့မှာ အလွန်ကဲ့ရဲ့စရာ ဖြစ်လိမ့်မယ်" လို့ တွေးကာ စိတ်တုန်လှုပ်သွားတယ်။ ရွှေခွက်တစ်ခွက်ကို အရသာကောင်း အမျိုးမျိုး ပါတဲ့ စားဖွယ်နဲ့ ပြည့်စေပြီး လေလိုအဟုန်နဲ့ အဲဒီအရပ်ကို သွားကာ သခ်ပုဏ္ဏားရဲ့ရှေ့မှာ ကောင်းကင်ပေါ် ရပ်ပြီး "ပုဏ္ဏား၊ သင် ဟာ (၇) ရက်ပတ်လုံး အစာမစားဘဲ နေတယ်။ ဒီနတ် ဘောဇဉ်ကို စားပါ" လို့ ပြောတယ်။

သခ်ပုဏ္ဏားက မဏိမေခလာကို ကြည့်ပြီး "သင့်ရဲ့ထမင်းကို ဖယ် ရှားလိုက်ပါ။ ငါဟာ ဥပုသ်သည် ဖြစ်ပါတယ်" လို့ ပြောတယ်။ အဲဒီအခါ သခ်ရဲ့အလုပ်အကျွေးက နောက်က လာတဲ့အခါ နတ်သမီးကို မမြင်ရ ဘဲ အသံကိုသာ ကြားရလို့ "ဒီပုဏ္ဏားဟာ ပကတိသိမ်မွေ့သူ ဖြစ်တယ်။ (၇) ရက်ပတ်လုံး အစာမစားရတဲ့အတွက် ဆင်းရဲပြီး သေရမှာ ကြောက် လို့ ယောင်ယမ်း ပြောပုံရတယ်။ သူ့ကို နှစ်သိမ့်စကား ပြောမယ်" လို့ ကြံကာ အောက်ပါစကားကို ပြောပါတယ်။

"သခ်၊ သင်ဟာ တရားရှိတဲ့ သမဏ၊ ဗြာဟ္မဏတွေထံမှ တရားကို လည်း နာထားတယ်။ သင်ဟာ သုတများသူ ဖြစ်တယ်။ သင်ဟာ သမဏ၊ ဗြာဟ္မဏတွေကိုလည်း ကိုယ်တိုင် ဖူးတွေ့သူ ဖြစ်တယ်။ ဒါပေမဲ့ စကား ပြောမယ့်သူ တစ်ယောက်မျှ မရှိလို့ စကားပြောရမယ့်နေရာ မဟုတ်ရာ မှာ "ငါဟာ ဥပုသ်သည်ပါ" လို့ ယောင်ယမ်းပြောနေတယ်။ ငါမှတစ်ပါး စကားတုံ့ပြန်မယ့်သူ မရှိပါဘဲ ဒီလို ဘာကြောင့် ယောင်ယမ်းပြောဆိုနေ ပါသလဲ။"

http://www.dhammadownload.com



သခ်က အလုပ်အကျွေးရဲ့ စကားကို ကြားရပြီး "သခ်မှာ နတ်ထင်ရှားပုံ မပေါ်ဘူး" လို့ တွေးပြီး "မိတ်ဆွေ၊ ငါဟာ သေရမှာ မကြောက်ပါ။ ငါ့မှာ အခြားသူ စကားတုံ့ပြန်သူ ရှိပါတယ်" လို့ ပြောပြီး အောက်ပါစကားကို ပြောပါတယ်။

"မျက်နှာတင့်တယ်ပြီး ရုပ်ရည်လှပတဲ့ ရွှေအဆင်တန်ဆာတွေကို ဝတ်ဆင်ထားတဲ့ သဒ္ဓါ၊ ကျေနပ်စိတ်ရှိတဲ့ နတ်သမီးက ငါ့ကို ထမင်းစားပါလို့ ပြောတယ်။ အဲဒီနတ်သမီးကို ငါက ဥပုသ်သည်မို့ မစားဘူးလို့ ပြောတယ်။ ယောင်ယမ်းပြောတာ မဟုတ်ပါ။"

အလုပ်အကျွေးက သခ်အား အောက်ပါစကားကို ပြောပါတယ်။

"ပုဏ္ဏား၊ ဒီလိုနတ်သမီးကို မြင်ပြီး ကိုယ့်ရဲ့ချမ်းသာကို တောင့်တတဲ့ ပညာရှိယောက်ျားဟာ "ငါတို့မှာ ချမ်းသာဖြစ်မလား၊ မဖြစ်ဘူးလား" လို့ မေးသင့်ပါတယ်။ သင်ဟာ ရေမှ ထမယ့် အခြင်းအရာကို ပြုပါ။ နတ်သမီးကို လက်အုပ်ချီကာ သင်ဟာ နတ်သမီးလား၊ ဒါမှမဟုတ် တန်ခိုးကြီးတဲ့ လူမိန်းမလား" လို့ မေးပါ။"

ဘုရားလောင်း သခ်ပုဏ္ဏားက "သူဟာ သင့်တဲ့ စကားကို ပြောတယ်" လို့ တွေးပြီး နတ်သမီးကို မေးလိုလို့ အောက်ပါစကားကို ပြောပါတယ်။

"တန်ခိုးကြီးတဲ့ အမျိုးသမီး၊ သင်က ငါ့ကို ချစ်မျက်လုံးတွေနဲ့ ချမ်းသာစွာ ကြည့်နေတယ်။ ငါ့ကို ထမင်းစားပါလို့ ပြောနေတယ်။ သင့်ကို ငါ မေးပါတယ်။ သင်ဟာ နတ်သမီးလား၊ ဒါမှမဟုတ် တန်ခိုးကြီးတဲ့ လူမိန်းမလား။"

အဲဒီကနောက် နတ်သမီးက အောက်ပါစကားတွေကို ပြောပါတယ်။

http://www.dhammadownload.com



"သခ်၊ ငါဟာ တန်ခိုးကြီးတဲ့ နတ်သမီးပါ။ ဒီသမုဒ္ဒရာအလယ်ကို လာတဲ့ ငါဟာ သင့်ကို သနားလို့ လာတယ်။ မုန်းလို့ မဟုတ်ဘူး။ သင့် အကျိုးငှာသာ ဒီကို လာခြင်း ဖြစ်တယ်။"

"သခ်၊ ဒီမဟာသမုဒ္ဒရာမှာ ထမင်း၊ အဖျော်၊ အိပ်ရာ၊ နေရာ၊ ယာဉ် အမျိုးပေါင်းများစွာ ရှိတယ်။ အဲဒီအရာအားလုံးကို ငါက သင့်အား အပိုင် ပေးပါတယ်။ လိုချင်တာ အခြားအရာ အားလုံးကိုလည်း သင့်အား ပေး ပါတယ်။"

အဲဒီစကားကို ကြားရပြီး ဘုရားလောင်းက "ဒီနတ်သမီးဟာ သမုဒ္ဒရာရေပြင်မှာ ငါ့အား ဒါလည်း ပေးတယ်။ ဒါလည်း ပေးတယ်လို့ ပြောတယ်။ နတ်သမီးက ငါလုပ်ခဲ့တဲ့ ကောင်းမှုကံကြောင့် ပေးလိုတာ လား၊ ဒါမှမဟုတ် သူ့အစွမ်းကြောင့် ပေးလိုတာလား၊ သူ့ကို မေးဦးမယ်" လို့ ကြံပြီး မေးလိုလို့ အောက်ပါစကားကို ပြောပါတယ်။

"ကိုယ်အနေအထား လှ၊ ပေါင်လက္ခဏာ လှ၊ မျက်ခုံး လှပြီး နို့ တွဲမကျတဲ့ နတ်သမီး၊ သင်ဟာ ငါ့ရဲ့အလှူပေးမှု၊ ဩဝတ်ကျွေးမွေးမှု၊ ဒီကုသိုလ်ကံရဲ့အကျိုးက ဒါပဲ၊ ဒီကုသိုလ်ကံရဲ့အကျိုးက ဒါပဲ" လို့ ပြော ပြနိုင်သလား၊ ထောက်တည်ရာ မရှိတဲ့ သမုဒ္ဒရာမှာ ထောက်တည်ရာ ရနေတာဟာ ငါ့ရဲ့ဘယ်ကုသိုလ်ကံ အကျိုးပါလဲ။"

အဲဒီစကားကို ကြားရပြီး နတ်သမီးက "ဒီပုဏ္ဏားဟာ သူပြုခဲ့တဲ့ ကုသိုလ်ကံကို မသိဘူးလို့ ထင်မှတ်ကာ မေးတယ် ထင်တယ်။ အခု သူ့အား ငါ ပြောပြမယ်" လို့ ကြံပြီး အောက်ပါစကားကို ပြောပါတယ်။

"သခ်ပုဏ္ဏား၊ သင်ဟာ နေပူပူ လမ်းခရီးမှာ ခြေထောက်မှာ သဲပူ တွေက ပူလောင်ခံရပြီး ရေဆာလောင်ပင်ပန်းနေတဲ့ ပစ္စေကဗုဒ္ဓါ တစ်

http://www.dhammadownload.com



ပါးကို ဖိနပ်တွေ လှူခဲ့ပါတယ်။ သင့်ရဲ့အဲဒီအလှူက သင့်အလိုအားလုံး ကို ပေးနေပါတယ်။”

အဲဒီစကားကို ကြားရပြီး ဘုရားလောင်းက “ငါ လှူခဲ့တဲ့ ဖိနပ်အလှူ က ဒီလို ထောက်တည်ရာ မရှိတဲ့ မဟာသမုဒ္ဒရာမှာတောင် ငါ့အလို အားလုံးကို ပေးတယ်။ ငါ့ရဲ့ ပစ္စေကဗုဒ္ဓါအား လှူရတဲ့အလှူက ဩော် ကောင်းစွာလှူရာ ရောက်ပါပေစွ” လို့ အားရဝမ်းသာကာ အောက်ပါ စကားကို ပြောပါတယ်။

“နတ်သမီး၊ ဒီလိုဆိုရင် ငါ့အတွက် လှေတစ်စင်း ဖန်ဆင်းပေးပါ။ အဲဒီလှေဟာ ကောင်းစွာ ချုပ်စပ်ထားတဲ့ ပျဉ်ပြားများစွာ ပါပါစေ။ ရေ မယိုပါစေနဲ့။ ကောင်းစွာ ယူသွားတဲ့ လေနဲ့ ယှဉ်ပါစေ။ နတ်လှေမှ တစ်ပါး အခြားယာဉ် သွားစရာမြေ ဒီသမုဒ္ဒရာမှာ မရှိ။ အဲဒီနတ်လှေနဲ့ ငါ့ကို ဒီနေ့ပဲ မောဠိနီမြို့ကို အရောက်ပို့ပါ။”

နတ်သမီးက သခ်ရဲ့စကားကို ကြားရပြီး ဝမ်းသာ ကျေနပ်ကာ ရတနာ (၇) ပါးနဲ့ပြီးတဲ့ လှေကို ဖန်ဆင်းတယ်။ အဲဒီလှေက အလျား (၈) ဥသဘ၊ အနံ (၄) ဥသဘ၊ အနက်တာ (၂၀) ရှိတယ်။ အဲဒီလှေရဲ့ လင်းယဉ်တိုင်တွေက ပတ္တမြားညိုနဲ့ ပြီးတယ်။ ကြိုးတွေက ရွှေနဲ့ ပြီး တယ်။ ရွက်တွေက ငွေတွေနဲ့ ပြီးတယ်။ တက်မထိုးဝါးတွေက ရွှေနဲ့ ပြီးတယ်။ နတ်သမီးက အဲဒီလှေကို ရတနာ (၇) ပါးနဲ့ ပြည့်စေပြီး သခ် ပုဏ္ဏားကို ပွေ့ဖက်ကာ တန်ဆာဆင်ထားတဲ့ လှေပေါ် တင်တယ်။ သခ်ရဲ့ အလုပ်အကျွေးကိုတော့ မကြည့်။ သခ်ပုဏ္ဏားက သူလုပ်ခဲ့တဲ့ ကောင်းမှု မှ အလုပ်အကျွေးအား အမျှပေးဝေတယ်။ အလုပ်အကျွေးက သာဓု ခေါ်တယ်။ အဲဒီအခါ နတ်သမီးက အဲဒီအလုပ်အကျွေးကိုလည်း ပွေ့

http://www.dhammadownload.com



ဖက်ပြီး လှေပေါ် တင်လိုက်တယ်။ အဲဒီအခါ အဲဒီလှေကို မောင်နှံနိမြို့ကို ပို့ပြီး ပုဏ္ဏားအိမ်မှာ ဥစ္စာကို တည်စေကာ သူနေရာကိုပဲ ပြန်သွားပါတယ်။ နတ်သမီးက ဥပ္ပလဝဏ်အလောင်း၊ အလုပ်အကျွေးက အာနန္ဒာအလောင်း၊ သခ်ကဘုရားလောင်း ဖြစ်ပါတယ်။

(ဇာတ်၊ ၄၊ စ၊ ၁၆)

ထီး၊ ဖိနပ် လှူရကျိုးက ကြီးမားလှပါတယ်။ အမျှဝေ၊ သာဓုခေါ် မှုရဲ့အကျိုးက ချက်ချင်းပဲ သိသာပေါ်လွင်လှပါတယ်။ သူတစ်ပါးတွေရဲ့ ကုသိုလ်လုပ်ငန်းတွေကို ဝမ်းမြောက်စွာ သာဓုခေါ်သင့်ကြပါတယ်။

## လင်္ကာ

၁။ ဖိနပ်လှူသူ၊ ရေနစ်မှု၊ ကူသူ တွေ့ရသည်။
၂။ မေခလာကား၊ သခ်အား၊ ပွေ့ထား လှေတင်သည်။
၃။ သမုဒ္ဒရာမှာ၊ သခ်ဟာ၊ ဘယာ ဝေးခဲ့သည်။
၄။ အမျှဝေသော်၊ သာဓုခေါ်၊ လှေပေါ် တင်လိုက်သည်။
၅။ သူ့ကုသိုလ်မှု၊ ခေါ်သာဓု၊ ပြုကို ပြုသင့်သည်။

http://www.dhammadownload.com

# သောက်ရေ ခိုးသောက်မိတဲ့ ပစ္စေကဗုဒ္ဓါလောင်းလျာ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ္တမင်း အုပ်ချုပ်တဲ့အခါ ကာသိတိုင်းရှိ ရွာတစ်ရွာက သူငယ်ချင်းနှစ်ယောက်ဟာ သောက်ရေဘူး တွေကို ယူပြီး လယ်ကို သွားကြတယ်။ သင့်တင့်ရာတစ်နေရာမှာ ထား ပြီး လယ်ကို ခုတ်ထွင်ကြတယ်။ ရေဆာတဲ့အခါ လာပြီး သောက်ရေကို သောက်ကြတယ်။ သူတို့နှစ်ယောက်ထဲက တစ်ယောက်က သောက် ရေအကျိုးငှာ လာပြီး သူ့သောက်ရေကို စောင့်ရှောက်လိုလို့ သူတစ်ပါး ရဲ့ သောက်ရေဘူးမှ ရေကို သောက်တယ်။ ညနေပိုင်းမှာ တောမှ ထွက် ပြီး ရေချိုးကာ ရပ်နေတယ်။ “ငါဟာ ဒီနေ့ ကာယဒွါရ စသည်တွေနဲ့ ပြုထားတဲ့ မကောင်းမှု တစ်စုံတစ်ခု ရှိလေသလား” လို့ စူးစမ်းတဲ့အခါ ခိုးပြီး သောက်ရေ သောက်မိတာကို မြင်ကာ စိတ်ထိတ်လန့် တုန်လှုပ် သွားတယ်။ “ဒီတဏှာဟာ တိုးပွားလာရင် ငါ့ကို အပါယ်တွေမှာ ပစ်ချ လိမ့်မယ်။ ဒီကိလေသာကို နှိပ်ကွပ်မယ်” လို့ ကြံကာ သောက်ရေ ခိုး သောက်မိတာကို အာရုံပြုပြီး ဝိပဿနာပွားတယ်။ ပစ္စေကဗောဓိဉာဏ် ကို ဖြစ်စေပြီး ရတဲ့ ဂုဏ်ကို ဆင်ခြင်ရင်း ရပ်တည်နေတယ်။

http://www.dhammadownload.com



အဲဒီအခါ သူ့ကို အခြားသူငယ်ချင်းက ရေချိုးပြီး တက်လာတဲ့အခါ ပြောတယ်။

"မိတ်ဆွေ၊ လာပါ၊ အိမ်ကို သွားကြပါစို့။"

"သင် သွားပါ။ ငါ့မှာ အိမ်နဲ့ ကိစ္စ မရှိပါ။ ငါတို့က ပစ္စေကဗုဒ္ဓါတွေ မည်တယ်။"

"ပစ္စေကဗုဒ္ဓတွေဆိုတာ သင်တို့လို မဟုတ်ဘူး။"

"ဒီလိုဆိုရင် ပစ္စေကဗုဒ္ဓါတွေက ဘယ်လိုလဲ။"

"ပစ္စေကဗုဒ္ဓါတွေက ဆံပင်လက်နှစ်သစ် ရှိကြတယ်။ ဖန်ရည်ဆိုးတဲ့ အဝတ်ကို ဝတ်ကြတယ်။ ဟိမဝန္တာရဲ့မြောက်ပိုင်းက နန္ဒမူလကတောင်ဝှမ်းမှာ နေကြတယ်။"

အဲဒီ ပစ္စေကဗုဒ္ဓါက ဦးခေါင်းကို သုံးသပ်လိုက်ပါတယ်။ အဲဒီခဏမှာပဲ သူ့ရဲ့ လူ့အသွင် ကွယ်ပျောက်သွားပါတယ်။ အလွန်နီတဲ့ နှစ်ထပ် သင်္ကန်းကြီးကို ဝတ်ပြီးပဲ ဖြစ်သွားပါတယ်။ လျှပ်နွယ်နဲ့ တူတဲ့ ခါးပန်းကြိုးကို ဖွဲ့ချည်ပြီးပဲ ဖြစ်သွားပါတယ်။ ချိပ်လို ဖြူနီတဲ့ အဆင်းရှိတဲ့ ဧကသီကို လက်ကန်တော့ တင်ပြီးပဲ ဖြစ်သွားပါတယ်။ တိမ်နီအဆင်းရှိတဲ့ ပံ့သုကူသင်္ကန်းကို လက်ယာပခုံးစွန်းပေါ် တင်ပြီးပဲ ဖြစ်သွားပါတယ်။ ပိတုန်းရောင်ရှိတဲ့ မြေညက်သပိတ်ကို လက်ဝဲပခုံးစွန်ပေါ် ချိတ်ပြီးပဲ ဖြစ်သွားပါတယ်။ ပစ္စေကဗုဒ္ဓါက ကောင်းကင်မှာ ရပ်တည်ပြီး တရား ဟောကာ ပျံတက်ပြီး နန္ဒမူလကတောင်ဝှမ်းမှာပဲ သက်ဆင်းတယ်။

(ဇာတ်၊ ၄၊ တ၊ ၁၁၆)

http://www.dhammadownload.com



သောက်ရေ ခိုးသောက်မိတာလေးကို သံဝေဂယူကာ ပစ္စေကဗုဒ္ဓါ ဖြစ်သွားပါပေတယ်။ အဆိုးထဲက အကောင်း ဖြစ်သွားပါတယ်။ ပစ္စေက ဗုဒ္ဓါတွေရဲ့ သပိတ်၊ သင်္ကန်း၊ ခါးပန်းကြိုးအရောင်တွေကို ဒီဇာတ်လမ်း မှာ မှတ်သားရပါတယ်။

## လင်္ကာ

၁။ သူများသောက်ရေ, ခိုးသောက်ပေ, သံဝေ ရသွားသည်။

၂။ ဝိပဿနာရှုကာ, ပစ္စေကာ, ဗုဒ္ဓါ ဖြစ်သွားသည်။

၃။ ခေါင်းသုံးသပ်ရာ, လူ့သွင်ဟာ, ပျောက်ကာ သွားပါသည်။

၄။ သင်္ကန်းဝတ်ပြီး, သပိတ်လည်း, လွယ်ပြီး ဖြစ်သွားသည်။

http://www.dhammadownload.com

## သူတစ်ပါးရဲ့ မိန်းမကို ကြည့်မိလို့

ကာသိရွာက သူကြွယ်က ဈေးမှာ ထိုင်ရင်း ယောကျာ်းတစ်ယောက်ကို သူ့မိန်းမ ခေါ်သွားတာကို မြင်ရပြီး ရုပ်လှတဲ့ အဲဒီမိန်းမကို ကန္ဒြေတွေ ဖျက်ပြီး တစ်ဖန် ဒီလို ကြံစည်တယ်။

"ဒီလောဘဟာ တိုးပွားလာရင် ငါ့ကို အပါယ်တွေမှာ ပစ်ချလိမ့်မယ်။"

အဲဒီလိုတွေးကာ ထိတ်လန့် တုန်လှုပ်ပြီး ဝိပဿနာ ပွားတယ်။ ပစ္စေကဗောဓိဉာဏ် ဖြစ်စေကာ ကောင်းကင်မှာ ရပ်ရင်း တရားဟောပြီး နန္ဒမူလကတောင်ဝှမ်းကိုပဲ ကြွသွားတယ်။

(ဇာတ်၊ ၄၊ စ၊ ၁၁၆)

### လင်္ကာ

၁။ သူများ မိန်းမ, ရုပ်အလှ, မြင်ရ ကြိုက်သွားသည်။

၂။ ထိုတဏှာဟာ, အပါယ်ရွာ, ကောင်းစွာ ပစ်ချမည်။

၃။ သံဝေဂပွား, ရှုမှတ်ပွား, ဘုရားငယ် ဖြစ်ပြီ။

http://www.dhammadownload.com

# လိမ်ပြောမိလို့

ကာသိရွာသားတွေပဲ ဖြစ်ကြတဲ့ သားအဖနှစ်ယောက်ဟာ တစ်ပေါင်းတည်း လမ်းကို သွားကြတယ်။ တောအုပ်အဝမှာ သူခိုးတွေ ထွက်ပေါ်လာကြတယ်။ အဲဒီသားအဖကို ရပြီး သားကို ခေါ်သွားကာ "ဥစ္စာကို ဆောင်ယူပြီး သင့်သားကို ယူပါ" လို့ ပြောပြီး ဖခင်ကို လွှတ်လိုက်ကြတယ်။ ညီအစ်ကိုနှစ်ယောက်ကို ရပြီး ညီကို ယူကာ အစ်ကိုကို လွှတ်ကြတယ်။ ဆရာတပည့်တွေကို ရပြီး ဆရာကို ယူကာ တပည့်ကို လွှတ်ကြတယ်။ တပည့်က အတတ်ပညာလောဘနဲ့ ဥစ္စာကို ဆောင်ယူပြီး ဆရာကို ယူကာ သွားတယ်။ အဲဒီအခါ အဲဒီသားအဖ နှစ်ယောက်လုံးလည်း အဲဒီ တောအုပ်အဝမှာ သူခိုးတွေ ထကြွနေတာကို သိပြီး "သင်က ငါ့ကို ဖခင်လို့ မပြောနဲ့။ ငါကလည်း သင့်ကို သားလို့ မပြောအံ့" လို့ ကတိကဝတ်ပြုကာ သူခိုးတွေက ဖမ်းယူပြီးတဲ့အခါ "သင်တို့ အချင်းချင်း ဘာတော်စပ်ကြသလဲ" လို့ အမေးခံရလို့ "ဘာမျှ မတော်စပ်ကြပါ" လို့ သိလျက် လိမ်ညာပြောကြတယ်။ သားအဖနှစ်ယောက် တောအုပ်က ထွက်ပြီး ညနေအခါ ရေချိုးပြီး ရပ်နေကြတုန်း သားက သီလကို သုတ်သင်တော့ အဲဒီ လိမ်ပြောတာကို မြင်သွားတယ်။ "ဒီမကောင်းမှု

http://www.dhammadownload.com



ဟာ တိုးပွားရင် ငါ့ကို အပါယ်တွေမှာ ပစ်ချလိမ့်မယ်။ ဒီကိလေသာကို နှိမ်နင်းမယ်" လို့ ကြံကာ ဝိပဿနာပွားပြီး ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေပါတယ်။ ကောင်းကင်မှာ ရပ်တည်ကာ ဖခင်အား တရားဟော ပြီး နန္ဒမူလက တောင်ဝှမ်းကိုပဲ ကြွသွားပါတယ်။

(ဇာတ်၊ ၄၊ စ၊ ၁၁၇)

## လင်္ကာ

၁။ လိမ်ပြောမိတာ, အပါယ်ရွာ, ကောင်းစွာ ချလိမ့်မည်။

၂။ ထိုသို့ တွေးကာ, ရှုလိုက်ရာ, ပစ္စေကဗုဒ္ဓါ ဖြစ်သွားသည်။

http://www.dhammadownload.com

# သတ္တဝါတွေ သေကုန်လို့

ကာသိရွာကပဲ ရွာစားတစ်ယောက်က သတ္တဝါတွေကို မသတ်ရလို့ အမိန့်ထုတ်ထားတယ်။ အဲဒီအခါ အဲဒီရွာစားကို ယစ်ပူဇော်မှုပြုရာအခါမှာ လူအများက စုဝေးပြီး “အရှင်၊ ငါတို့က သမင်၊ ဝက်စတဲ့ သတ္တဝါတွေကို သတ်ပြီး ဘီလူးတွေအား ပူဇော်ပသကြမယ်။ ဒီအခါက ပူဇော်ပသရာအခါပဲ” လို့ ပြောကြတယ်။ “သင်တို့ အရင်က ပြုလုပ်တဲ့ နည်းအတိုင်းပဲ ပြုလုပ်ကြ” လို့ ပြောလိုက်တယ်။ လူတွေက သတ္တဝါတွေကို အများကြီး သတ်ကြတယ်။ အဲဒီရွာစားက ငါး၊ အသားများစွာကို မြင်ရပြီး “ဒီလူတွေက ဒီလောက်ရှိတဲ့ သတ္တဝါတွေကို သတ်တဲ့အခါ ငါ တစ်ယောက်တည်းရဲ့စကားနဲ့ပဲ သတ်ကြတယ်”လို့ နောင်တဖြစ်ကာ လေသာ ပြတင်းကို မှီကာ ရပ်ရင်းပဲ ဝိပဿနာကို ပွားတယ်။ ပစ္စေကဗောဓိဉာဏ်ကို ဖြစ်စေတယ်။ ကောင်းကင်မှာ ရပ်ရင်း လူအများအား တရားဟောကာ နန္ဒမူလကတောင်ဝှမ်းကိုပဲ ကြွသွားတယ်။

(ဇာတ်၊ ၄၊ စ၊ ၁၁၇)

## လင်္ကာ

၁။ သူ ခွင့်ပြုရာ, သတ္တဝါ, များစွာ သေကြသည်။

၂။ ထိုခါ နောင်တ, ရလေစွ, ရှုက ပစ္စေကဗုဒ္ဓါ ဖြစ်ပြီ။

http://www.dhammadownload.com

# ခွင့်ပြုမိလို့

ကာသိတိုင်းကပဲ အခြားရှာစားကလည်း သေရည်အရက်ရောင်းတာကို တားမြစ်ပြီး "အရှင် ရှေးအခါက ဒီအချိန်မှာ သေရည်ပွဲသဘင်ဆိုတာ ရှိတယ်။ ငါတို့ ဘာကို လုပ်ကြရမလဲ" လို့ လူအများက အမေးခံရတဲ့အခါ "သင်တို့ရဲ့ ရှေးက နည်းအတိုင်းပဲ လုပ်ကြ" လို့ ပြောတယ်။ လူတွေက ပွဲသဘင်ပြုလုပ်ပြီး သေရည် အရက်သောက်ကာ ငြင်းခုံမှုပြုကြတဲ့အခါ လက်၊ ခြေတွေကို ချိုးကြတယ်။ ဦးခေါင်းကို ရိုက်ခွဲကြတယ်။ နားတွေကို ဖြတ်ကြတယ်။ ကြီးမားတဲ့ဒဏ်နဲ့ နှောင်ဖွဲ့ကြတယ်။ ရှာစားက အဲဒီလူတွေကို မြင်ပြီး "ငါ ခွင့်မပြုရင် ဒီလူတွေ ဒီဒုက္ခကို မရကုန်ရာ" လို့ တွေးတယ်။ အဲဒီရှာစားက အဲဒီလောက်နဲ့ နှောင်တရပြီး လေသာပြတင်းကို မှီကာ ရပ်ရင်းပဲ ဝိပဿနာ ပွားကာ ပစ္စေကဗုဒ္ဓါဖြစ်သွားတယ်။ "မမေ့မလျော့ကြနဲ့" လို့ ကောင်းကင်မှာ ရပ်တည်ပြီး တရားဟောကာ နန္ဒမူလကတောင်ဝှမ်းကိုပဲ ကြွသွားတယ်။

**(ဇာတ်၊ ၄၊ ၈၊ ၁၁၇)**

နောင်အခါမှာ အဲဒီပစ္စေကဗုဒ္ဓါ (၅) ပါးဟာ ဆွမ်းခံလှည့်လည်ဖို့ရာ ဗာရာဏသီမြို့တံခါးမှာ သက်ဆင်းပြီး သင်္ကန်းကို ကောင်းကောင်းဝတ်ရုံကာ ကြည်ညိုဖွယ် သွားပုံစသည်တွေနဲ့ ဆွမ်းခံလှည့်လည်ကြတဲ့အခါ မင်းတံခါးကို ရောက်သွားကြတယ်။ မင်းက အဲဒီပစ္စေကဗုဒ္ဓါတွေကို မြင်ပြီး ကြည်ညိုကာ မင်းနန်းတော်ကို ပင့်တယ်။ ခြေတွေကို ဆေး

http://www.dhammadownload.com



ကြောပေးပြီး နံ့သာဆီနဲ့ လိမ်းကျံပေးတယ်။ မွန်မြတ်တဲ့ စားဖွယ်၊ ခဲဖွယ်နဲ့ ပြုစုလုပ်ကျွေးကာ သင့်တင့်ရာ တစ်နေရာမှာ ထိုင်နေတယ်။ "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ရဲ့ ပထမအရွယ်မှာ ရဟန်းပြုတာဟာ တင့်တယ် ပါတယ်။ ဒီအရွယ်မှာ ရဟန်းပြုကြရာမှာ ကာမဂုဏ်တွေမှာ ဘယ်လို အပြစ်မြင်ခဲ့ကြပါသလဲ။ အရှင်ဘုရားတို့ရဲ့ အာရုံက ဘာပါလဲ" လို့ မေးတယ်။ ငါးပါးလုံးဟာ အစဉ်အတိုင်း ဖြေသွားကြပါတယ်။ မင်းကလည်း အဲဒီအဖြေကို ကြားရပြီး "အရှင်ဘုရားတို့၊ ဒီရဟန်းအဖြစ်ဟာ အရှင်ဘုရားတို့နဲ့ပဲ သင့်လျော်ပါတယ်" လို့ ချီးမွမ်းတယ်။ မင်းက တရားနာရပြီး ကြည်ညိုကာ သင်္ကန်းလျာ အဝတ်တွေနဲ့ ဆေးတွေကို လှူကာ ပစ္စေကဗုဒ္ဓါတွေကို ပြန်လွှတ်ပါတယ်။ ပစ္စေကဗုဒ္ဓါတွေကလည်း မင်းအား အနုမောဒနာပြုကာ နန္ဒမူလကတောင်ဝှမ်းကိုပဲ ကြွကြပါတယ်။ **(ဇာတ်၊ ၄၊ ၈၊ ၁၁၈)**

သူတော်ကောင်းကြီးတွေက သောက်ရေ ခိုးသောက်မိမှု စတဲ့ အပြစ်တွေကို အလွန်အကဲ ကြောက်ရွံ့တော်မူကြပါတယ်။ မကောင်းတာတွေကို ရှောင်ရဲတဲ့သတ္တိ ကြီးမားကြပါပေတယ်။

## လင်္ကာ

၁။ သူ ခွင့်ပြုရာ, လူများစွာ, သုရာ သောက်ကြသည်။
၂။ ခိုက်ရန် ဖြစ်ကာ, ရိုက်ပုတ်ရာ, ဒုက္ခာ ရောက်ကုန်ပြီ။
၃။ ထိုခါ နောင်တ, ရလေစွ, ရှုက ပစ္စေကဗုဒ္ဓါ ဖြစ်ပြီ။
၄။ ပစ္စေကဗုဒ္ဓါ, ငါးပါးမှာ, မင်းဟာ မေးလျှောက်သည်။
၅။ ပစ္စေကဗုဒ္ဓါများ, အဖြေ ကြား, မင်းကား ချီးကျူးသည်။
၆။ အဝတ် - ဆေးတွေ, လှူလိုက်ပေ, တောင်ခြေ ကြွကြပြီ။

http://www.dhammadownload.com

## ဥဒေါင်းမင်းကို လက်အုပ်ချီတဲ့ ပစ္စေကဗုဒ္ဓါ

ဘုရားလောင်း ဥဒေါင်းမင်းကို ဖမ်းဖို့ ကြိုးစားကြပါတယ်။ မင်း (၆) ဆက် လွန်သွားပါတယ်။ မုဆိုးသား (၆) ယောက် ဟိမဝန္တာမှာပဲ သေသွားကြပါတယ်။ (၇) ယောက်မြောက်မင်းက (၇) ယောက်မြောက် မုဆိုးကို လွှတ်ပါတယ်။ အဲဒီမုဆိုးက (၇) နှစ်တိုင်တိုင် မဖမ်းနိုင်ပါ။ ဥဒေါင်းမရဲ့အသံနဲ့ မြူဆွယ်ဖမ်းမှ မိပါတော့တယ်။ ကျော့ကွင်းမှာ မိသွားတဲ့အခါ သီလရှိတဲ့ ဘုရားလောင်း ဥဒေါင်းမင်းကို မုဆိုးက မညှဉ်းဆဲလိုပါ။ မသတ်လိုပါ။ လွှတ်လိုက်ပါတယ်။ မုဆိုးက ဘုရားလောင်း ဥဒေါင်းမင်းကို မေးခွန်း မေးပါတယ်။ ဥဒေါင်းမင်းက ဖြေပါတယ်။

"သတ္တဝါတွေကို မသတ်ဘဲ ဘေးမဲ့ပေးသူဟာ သေရင် ဘာချမ်းသာကို ရပါသလဲ။"

"အဲဒီသူဟာ ဒီဘဝမှာပဲ ချီးမွမ်းမှုကို ခံယူတယ်။ သေရင် နတ်ပြည် ရောက်ရပါတယ်။"

"တချို့ဝါဒရှင်တွေက 'နတ်တွေဆိုတာ မရှိကြ၊ ဒီဘဝမှာပဲ အသက်ရှိတယ်။ သေရင် ပြတ်စဲသွားတယ်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေရဲ့ အကျိုးဆိုတာ မရှိ၊ ဒါနဆိုတာကို ပညာမရှိသူ လူမိုက်တွေ တီထွင်ထား

http://www.dhammadownload.com



တယ်” လို့ ပြောကြပါတယ်။ ငါ့အိမ် ချဉ်းကပ်ကြတဲ့ ပြတ်စဲရေးဝါဒရှိသူ အဝတ်မပါသူ အဲဒီတက္ကတွန်းတွေရဲ့စကားကို ယုံကြည်ခဲ့မိပါတယ်။ ဒါကြောင့် ငါဟာ ငှက်တွေကို ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့ပါတယ်”

ဘုရားလောင်း ဥဒေါင်းမင်းက နတ်တွေ ရှိကြောင်း ပြောပါတယ်။ ကံ ကံရဲ့အကျိုး ရှိကြောင်း၊ ဒါနကို လူမိုက်တွေ တီထွင်ထားတာ မဟုတ်ကြောင်း ရှင်းပြပါတယ်။ မုဆိုးက ဘုရားလောင်း ဥဒေါင်းမင်းကို သူငရဲ မရောက်နိုင်တဲ့နည်းကို မေးပါတယ်။ ဘုရားလောင်းက အဲဒီအမေးကို ကြားရပြီး “ငါဟာ ဒီပြဿနာကို ဖြေမပေးရင် လူ့လောကကို အချည်းနှီးလို ပြုလုပ်ရာ ရောက်လိမ့်မယ်။ သူ့အား တရားရှိတဲ့ သမဏ၊ ဗြာဟ္မဏတွေ ရှိကြောင်းကို ပြောပြမယ်” လို့ ကြံပြီး အောက်ပါ စကားတွေကို မိန့်ပါတယ်။

“ဒီမြေပြင်ပေါ်မှာ သင်္ကန်းဝတ်ထားကြတဲ့ သမဏသူတော်ကောင်းတွေ ရှိကြပါတယ်။ သူတို့က နံနက်စောစော ကာလမှာပဲ ဆွမ်းခံလှည့်လည်ကြတယ်။ မှန်တယ်။ အဲဒီ ပညာရှိသူတော်ကောင်းတွေက မွန်းလွဲပိုင်းမှာ ဆွမ်းခံလှည့်လည်တာကို ရှောင်ကြဉ်ကြပါတယ်။ အဲဒီပညာရှိသူတော်ကောင်းတွေဖြစ်တဲ့ ပစ္စေကဗုဒ္ဓါတွေကို ချဉ်းကပ်ပြီး သင့်လျော်တဲ့ အချိန်အခါမှာ မေးလိုရာကို မေးပါ။ သူတို့က သင့်အား သူတို့ သိတဲ့အတိုင်း ပြောပြကြလိမ့်မယ်။ သင့်သံသယကို ဖြတ်တောက်ကာ ဖြေပေးကြလိမ့်မယ်။ ဒီလိုကံကြောင့် လူ့လောကမှာ ဖြစ်ကြတယ်။ ဒီလိုကံကြောင့် နတ်လောကမှာ ဖြစ်ကြတယ်။ ဒီလိုကံကြောင့် ငရဲစသည်မှာ ဖြစ်ကြတယ်လို့ ဒီဘဝ၊ နောက်ဘဝရဲ့အခြေအနေကို ပြောပြကြလိမ့်မယ်။ သူတို့ကို မေးပါ။”

http://www.dhammadownload.com



ဘုရားလောင်း ဥဒေါင်းမင်းက အဲဒီလို ပြောပြပြီး ငရဲဘေးနဲ့ ခြိမ်းခြောက်ပါတယ်။ ပါရမီတွေ ပြည့်နေတဲ့ အဲဒီပစ္စေကဗုဒ္ဓါလောင်းလျာက နေရောင် ထိတွေ့တာကို ကြည့်ပြီး တည်တဲ့ ပဒုမ္မာကြာပန်း အရင့်လို ဉာဏ်ရင့်ကျက်ကာ လှည့်လည်နေတယ်။ ပစ္စေကဗုဒ္ဓါလောင်းလျာ ဖြစ်တဲ့ အဲဒီမုဆိုးဟာ ဘုရားလောင်း ဥဒေါင်းမင်းရဲ့ တရားစကားကို နားထောင်ရင်း ရပ်တည်မြဲ ခြေထောက်နဲ့ ရပ်ရင်းပဲ သင်္ခါရတွေကို သိမ်းဆည်းပြီး လက္ခဏာသုံးပါးကို သုံးသပ်တဲ့အခါ ပစ္စေကဗုဒ္ဓါ ဖြစ်သွားပါတယ်။ မုဆိုးရဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်တာရော၊ ဘုရားလောင်း ဥဒေါင်းမင်းရဲ့ ကျော့ကွင်းမှ လွတ်တာရော တစ်ခဏတည်းမှာပဲ ဖြစ်ပါတယ်။

ပစ္စေကဗုဒ္ဓါဟာ ကိလေသာအားလုံးကို ဖောက်ခွဲပြီး ဘဝအဆုံးမှာ ရပ်တည်ရင်းပဲ အောက်ပါ ဥဒါန်းစကားကို ကျူးရင့်ပါတယ်။

"မြွေဟာ အရေခွံအဟောင်းကို စွန့်သလို၊ စိမ်းစိုတဲ့ သစ်ပင်ဟာ ရွက်ဝါကို စွန့်သလို ငါဟာလည်း ဒီနေ့ မုဆိုးအဖြစ်ကို စွန့်ကာ ရပ်တည်နေပါတယ်။ ငါဟာ အဲဒီမုဆိုးအဖြစ်ကို ယခု ပယ်ပြီးပါပြီ။ ဒီနေ့ ငါဟာ မုဆိုးအဖြစ်ကို စွန့်လွှတ်ရတာ ကောင်းပါပေစွ။"

ပစ္စေကဗုဒ္ဓါဟာ ဒီဥဒါန်းစကားကို ကျူးရင့်ပြီး "ငါဟာ ကိလေသာအနှောင်အဖွဲ့ အားလုံးမှ လွတ်မြောက်ခဲ့ပါပြီ။ ငါ့အိမ်မှာတော့ ဖွဲ့ချည်ထားခဲ့တဲ့ ငှက်တွေ အများကြီး ရှိသေးတယ်။ အဲဒီငှက်တွေကို ဘယ်လို လွှတ်ရပါ့မလဲ" လို့ ကြံပြီး ဘုရားလောင်း ဥဒေါင်းမင်းကို မေးတယ်။

"ဥဒေါင်းမင်း၊ ငါ့အိမ်မှာ ငှက်တွေ အများကြီး ဖွဲ့ချည်ထားတာ ရှိပါတယ်။ အဲဒီငှက်တွေကို ဘယ်လို လွှတ်ရပါ့မလဲ။"

http://www.dhammadownload.com



ပစ္စေကဗုဒ္ဓါထက်လည်း သဗ္ဗညုဘုရားလောင်းတွေရဲ့ အကြောင်းကို သိမ်းဆည်းနိုင်တဲ့ဉာဏ်က ပို ကြီးကျယ်ပါတယ်။ ဒါကြောင့် ပစ္စေကဗုဒ္ဓါကို "သင်ဟာ မဂ်နဲ့ ကိလေသာတွေကို ပိုင်းဖြတ်ပြီး ပစ္စေကဗောဓိဉာဏ်ကို ထိုးထွင်းသိပြီးပါပြီ။ အဲဒီဉာဏ်ကို အကြောင်းပြုပြီး သစ္စာဆိုပါ။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ နှောင်ဖွဲ့ခံရတဲ့ သတ္တဝါဆိုတာ မရှိ ဖြစ်ပါလိမ့်မယ်" လို့ ပြောတယ်။ ပစ္စေကဗုဒ္ဓါက ဘုရားလောင်း ဥဒေါင်းမင်းပေးတဲ့ နည်းနဲ့ တံခါးမှာ ရပ်တည်ပြီး သစ္စာဆိုပါတယ်။ ပစ္စေကဗုဒ္ဓါ သစ္စာ ဆိုတာနဲ့ တစ်ချိန်တည်းမှာပဲ ငှက်အားလုံးဟာ အနှောင်အဖွဲ့မှ လွတ်ပြီး ဝမ်းသာစွာ အော်ဟစ်ကာ ကိုယ့်နေရာကိုပဲ သွားကြတယ်။ အဲဒီခဏမှာ ထိုထိုလူတွေရဲ့အိမ်တွေမှာ ကြောင်တွေက စပြီး ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ နှောင်ဖွဲ့ခံရတဲ့ သတ္တဝါဆိုတာ မရှိတော့ပါ။

ပစ္စေကဗုဒ္ဓါဟာ လက်ကို မြှောက်ချီပြီး ဦးခေါင်းကို သုံးသပ်လိုက်ပါတယ်။ အဲဒီခဏမှာပဲ လူ့အသွင် ပျောက်သွားပါတယ်။ ရဟန်းအသွင် ထင်ရှားဖြစ်လာပါတယ်။ ပစ္စေကဗုဒ္ဓါဟာ ဝါ (၆၀) ရတဲ့ မထေရ်လို ကြည်ညိုဖွယ် အမူအရာနဲ့ ပြည့်စုံတယ်။ ပရိက္ခရာရှစ်ပါးကို ဆောင်ထားတယ်။ "သင် ဥဒေါင်းမင်းပဲ ငါ့ရဲ့တည်မှီရာ ဖြစ်ခဲ့ပါတယ်" လို့ ဥဒေါင်းမင်းကို လက်အုပ်ချီ၊ အရိုအသေပြုကာ ကောင်းကင်မှာ ပျံတက်ပြီး နန္ဒမူလကတောင်ဝှမ်းကိုပဲ သွားပါတယ်။ ဥဒေါင်းမင်းလည်း တောင်ထွေးအဖျားက ပျံတက်ကာ စားကျက်ကို ယူပြီး ကိုယ့်နေရာကို သွားပါတယ်။

**(ဇာတ်၊ ၄၊ ၈၊ ၃၃၈)**

ပစ္စေကဗုဒ္ဓါလောင်းလျာ မုဆိုးဟာ ပစ္စေကဗောဓိဉာဏ် ရဖို့ရာ ပါရမီနဲ့ ပြည့်စုံပေမယ့် ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ တက္ကတွန်းတွေနဲ့ ရောနှော

http://www.dhammadownload.com



ပေါင်းသင်းမိလို့ "ကုသိုလ်၊ အကုသိုလ်ဆိုတာ မရှိ" လို့ ယူဆပြီး ငှက်တွေကို သတ်ပါတယ်။ မသူတော်တွေနဲ့ ပေါင်းသင်းရတာဟာ အဲဒီလောက် အပြစ်ကြီးပါတယ်။ မုဆိုးက အဲဒီတက္ကတွန်းတွေကို "ရဟန္တာတွေ" လို့ ထင်မှတ်နေရှာပါသေးတယ်။ အံ့ဩစရာပါပဲ။ ပစ္စေကဗုဒ္ဓါလောင်းလျာက ဘုရားလောင်း ဥဒေါင်းမင်းရဲ့ တရားစကားကို နာကြားခဲ့ပါတယ်။ ဥဒေါင်းမင်းကို ပစ္စေကဗုဒ္ဓါက လက်အုပ်ချီ အရိုအသေပြုလိုက်ပါသေးတယ်။ ဒါလည်း အံ့ဩစရာပါပဲ။ သဗ္ဗညုဘုရားလောင်းတွေရဲ့ ကြောင်းကျိုး သုံးသပ်ဉာဏ်က ပစ္စေကဗုဒ္ဓါတွေထက် သာလွန်ပါသတဲ့။ ဒါလည်း အံ့ဩစရာပါပဲ။ ဘုရားလောင်း ဥဒေါင်းမင်း ပေးတဲ့နည်းနဲ့ သစ္စာဆိုလိုက်လို့ ငှက်တွေ လွတ်သွားကြပါသတဲ့။ ဒါလည်း ထူးဆန်းနေသလိုပါပဲ။

## လင်္ကာ

၁။ ဥဒေါင်းမင်းတရား, မုဆိုး ကြား, ဘုရားငယ် ဖြစ်သွားသည်။
၂။ ဥဒေါင်းမင်းငယ်, ဘုရားငယ်, ထိပ်ဝယ် လက်အုပ်ချီ။
၃။ ဘုရားငယ်ထက်ပင်, အကြောင်းမြင်, ဒေါင်းတွင် ပို ရှိသည်။

http://www.dhammadownload.com

# ဆဒ္ဒန်ဆင်မင်းနဲ့ ပစ္စေကဗုဒ္ဓါငါးရာ

တစ်နေ့မှာ ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းက ချိုတဲ့ သစ်သီးတွေကိုရော ကြာစွယ်၊ ကြာရင်းတွေကိုပါ ကြာပျားရည်နဲ့ ရောစပ်ပြီး ပစ္စေကဗုဒ္ဓါငါးရာကို ဆွမ်းကျွေးတဲ့အခါ စူဠသုဘဒ္ဒါဆင်မက သူ ရတဲ့ သစ်သီးငယ်၊ သစ်သီးကြီးကို ပစ္စေကဗုဒ္ဓါတွေအား လှူပြီး ဆုတောင်းတယ်။

"အရှင်ဘုရားတို့၊ ဒီဘဝက သေပြီး မဒ္ဒမင်းမျိုးမှာ ဖြစ်ကာ သုဘဒ္ဒါမည်တဲ့ မင်းသမီး ဖြစ်ရပါလို၏။ အရွယ်ရောက်တော့ ဗာရာဏသီမင်းရဲ့ မိဖုရားခေါင်ကြီး ဖြစ်ကာ အဲဒီမင်းရဲ့ ချစ်ခင်မြတ်နိုးခံရသူ ဖြစ်ရပါလို၏။ အဲဒီမင်းကို ကိုယ့်အလိုအတိုင်း လုပ်ခိုင်းနိုင်သူ ဖြစ်ပြီး မင်းအား ပြောကာ မုဆိုးတစ်ယောက်ကို စေလွှတ်ပြီး အဲဒီဆင်ကို အဆိပ်လူးတဲ့ မြားနဲ့ ပစ်ခိုင်းကာ သတ်နိုင်ရပါလို၏၊ အရောင် (၆) မျိုးလွှတ်တဲ့ ဆင်စွယ်အစုံတို့ကို ဆောင်ယူခိုင်းနိုင်သူ ဖြစ်ရပါလို၏။"

စူဠသုဘဒ္ဒါဟာ အဲဒီအချိန်ကစပြီး စားကျက်ကို မယူတော့ဘဲ မခြောက်သွေ့ကာ မကြာခင်ပဲ သေသွားတယ်။ မဒ္ဒတိုင်းမှာ မင်းရဲ့ မိဖုရားခေါင်ကြီးဝမ်းမှာ ဖြစ်တယ်။ သုဘဒ္ဒါလို့ နာမည်မှည့်ကြတယ်။ အရွယ်ရောက်လာတဲ့ သုဘဒ္ဒါကို ဗာရာဏသီမင်းအား ပေးကြတယ်။ သုဘဒ္ဒါဟာ ဗာရာဏသီမင်းရဲ့ ချစ်ခင်မြတ်နိုးခံရသူ ဖြစ်တယ်။ မိန်းမပေါင်း (၆)သောင်းရဲ့ အကြီးအကဲဖြစ်ကာ ဇာတိဿရဉာဏ် (ရှေးဘဝကို ပြန်အောက်မေ့နိုင်တဲ့ဉာဏ်) ကို ရတယ်။ သုဘဒ္ဒါက "ငါ့ဆုတောင်း ပြည့်

http://www.dhammadownload.com



ပြီ။ အခု အဲဒီဆင်ရဲ့ အစွယ်အစုံကို ဆောင်ယူစေမယ်” လို့ ကြံတယ်။ သုဘဒ္ဒါဟာ သောနုတ္တရမုဆိုးကို လွှတ်ပြီး ဘုရားလောင်း ဆင်မင်းရဲ့ အစွယ်အစုံကို ဖြတ်စေပါတယ်။ ဘုရားလောင်းဆင်မင်း သေပါတယ်။ ရှစ်ထောင်သော ဆင်တွေအားလုံးဟာ ဘုရားလောင်း သေရာနေရာမှာ ငိုကြွေးမြည်တမ်းပြီး ဘုရားလောင်း ကိုးကွယ်တဲ့ ပစ္စေကဗုဒ္ဓါတွေထံ သွားပြီး “အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ရဲ့ ပစ္စည်းအလှူရှင် ဆင်မင်းဟာ အဆိပ်လူးတဲ့ မြားနဲ့ ပစ်ဖောက်ခံရလို့ သေသွားပါပြီ။ အသုဘရှု ကြွလာတော်မူကြပါ” လို့ လျှောက်ကြတယ်။

ပစ္စေကဗုဒ္ဓါ (၅၀၀) ကလည်း ကောင်းကင်က ကြွလာကာ ကျယ်ပြန့်တဲ့ တန်ဆောင်းမှာ သက်ဆင်းကြတယ်။ အဲဒီခဏမှာ ဆင်ငယ် နှစ်ကောင်က ဆင်မင်းရဲ့ခန္ဓာကိုယ်ကို အစွယ်တွေနဲ့ မြှောက်ချီပြီး ပစ္စေကဗုဒ္ဓါတွေကို ရှိခိုးစေကာ ထင်းပုံပေါ်တင်ပြီး မီးရှို့ကြတယ်။ ပစ္စေကဗုဒ္ဓါတွေက တစ်ညလုံး သုသာန်မှာ တရားရွတ်အံမှုကို ပြုလုပ်ကြတယ်။ ဆင် (၈၀၀၀) က သုသာန်ကို မီးငြိမ်းကာ ရှိခိုး၊ ရေချိုးပြီး မဟာသုဘဒ္ဒါ ဆင်မကို ရှေ့က ထားကာ ကိုယ့်နေရာကို သွားကြတယ်။

(ဇာတ်၊ ၄၊ ၅၊ ၄၀)

ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းက အလွန်ပဲ သနားစရာ၊ ကြည်ညိုစရာ ကောင်းလှပါတယ်။ ပစ္စေကဗုဒ္ဓါတွေက သုသာန်မှာ တစ်ညလုံး ရွတ်ဖတ်ပေးကြပါသတဲ့။ ပစ္စေကဗုဒ္ဓါတွေကလည်း ကြည်ညိုစရာပါပဲ။

## လင်္ကာ

၁။ ဆဒ္ဒန်ဆင်ဟာ, သုဘဒ္ဒါ, သတ်တာ ခံရသည်။
၂။ သုဘဒ္ဒါကား, မုဆိုးအား, သွား၍ သတ်ခိုင်းသည်။
၃။ ပစ္စေကဗုဒ္ဓါ, ငါးရာဟာ, ညခါ တရားရွတ်ကြသည်။

http://www.dhammadownload.com

# ဘုရားလောင်းမင်းနဲ့ သောဏကပစ္စေကဗုဒ္ဓါ

ရှေးအခါက ရာဇဂြိုဟ်မှာ မဂဓမင်းက အုပ်ချုပ်တယ်။ ဘုရားလောင်းဟာ အဲဒီမင်းရဲ့ မိဖုရားခေါင်ကြီးဝမ်းဗိုက်မှာ ဖြစ်တယ်။ နာမည်ယူရာနေ့မှာ သူ့ကို 'အရိန္ဒမမင်းသား'လို့ နာမည်မှည့်ကြတယ်။ အရိန္ဒမဖွားရာနေ့မှာပဲ ပုရောဟိတ်ရဲ့သားလည်း ဖွားမြင်တယ်။ သူ့ကို'သောဏကမင်းသား'လို့ နာမည်မှည့်ကြတယ်။ သူတို့နှစ်ယောက်လုံးပဲ တစ်ပေါင်းတည်းသာ ကြီးပွားကာ အရွယ်ရောက်ပြီး ရုပ်ရည် တင့်တယ်ကြတယ်။ ရုပ်အားဖြင့် အထူးမရှိဘဲ တက္ကသိုလ်ကို သွားကာ အတတ်ပညာကို သင်ယူပြီး တက္ကသိုလ်က ထွက်လာကြတယ်။ "အယူအတတ်ပညာ အားလုံးကိုရော အရပ်ဒေသရဲ့ ဓလေ့ထုံးစံကိုပါ သိကြရလိမ့်မယ်" လို့ ကြံပြီး အစဉ်အတိုင်း ခရီးလှည့်လည်ကြတဲ့အခါ ဗာရာဏသီကို ရောက်သွားကြတယ်။ မင်းဥယျာဉ်မှာနေပြီး နောက်နေ့မှာ မြို့ကို ဝင်ကြတယ်။ အဲဒီနေ့မှာလည်း တချို့လူတွေက "ပုဏ္ဏားတွေရဲ့ မန္တန်ရွတ်ပွဲကို ပြု လုပ်ကြမယ်" လို့ ကြံကာ နို့ယနာထမင်းကို စီစဉ်ကြတယ်။ နေရာတွေကို ခင်းကြတယ်။ လာတဲ့ အဲဒီမင်းသားတွေကို မြင်ပြီး အိမ်ကို ဝင်စေကာ ခင်းထားတဲ့ နေရာမှာ ထိုင်စေကြတယ်။

http://www.dhammadownload.com



ဘုရားလောင်းအတွက် ခင်းထားတဲ့ နေရာမှာ ဖြူစင်တဲ့ အဝတ်ကို ခင်းထားတယ်။ သောဏကအတွက် နီတဲ့ ကမ္ဗလာကို ခင်းထားတယ်။ သောဏကက အဲဒီနိမိတ်ကို မြင်ပြီးချင်းပဲ "ဒီနေ့ ငါ့ချစ်သူငယ်ချင်း အရိန္ဒမမင်းသားဟာ ဗာရာဏသီမင်း ဖြစ်လိမ့်မယ်။ ငါ့ကိုတော့ စစ်သူကြီးရာထူး ပေးလိမ့်မယ်" လို့ သိတယ်။ နှစ်ယောက်လုံး ထမင်းကိစ္စပြီးတဲ့အခါ ဥယျာဉ်ကိုပဲ သွားကြတယ်။ အဲဒီအခါမှာ ဗာရာဏသီမင်း သေလို့ (၇) ရက်မြောက် ရောက်နေတယ်။ မင်းမျိုးမှာ သား မရှိ။ အမတ်စသူတွေက နံနက်စောစောပဲ ဦးခေါင်းနဲ့တကွ ရေချိုးကာ စည်းဝေးပြီး "မင်း ဖြစ်ထိုက်သူထံ သွားလိမ့်မယ်"လို့ တွေးပြီး ဖုဿရထားကို တပ်ကာ လွှတ်လိုက်ကြတယ်။ ရထားက မြို့က ထွက်ပြီး အစဉ်အတိုင်း မင်းဥယျာဉ်ကို သွားတယ်။ ဥယျာဉ်တံခါးမှာ ပြန်လှည့်ပြီး တက်စီးဖို့ အဆင်သင့်ဖြစ်အောင် စီစဉ်ကာ ရပ်တည်နေတယ်။ ဘုရားလောင်းက မင်္ဂလာကျောက်ဖျာပေါ် ဦးခေါင်းနဲ့တကွ ခြုံပြီး လဲလျောင်းတယ်။ သောဏကမင်းသားက သူ့အနီးမှာ ထိုင်တယ်။ သောဏကက တူရိယာသံကို ကြားရပြီး "အရိန္ဒမထံ ဖုဿရထား လာနေတယ်။ ဒီနေ့ အရိန္ဒမဟာမင်းဖြစ်ပြီး ငါ့အား စစ်သူကြီးရာထူး ပေးလိမ့်မယ်။ ငါက အစိုးရသူအဖြစ်ကို အလို မရှိ၊ အရိန္ဒမ သွားရင် ထွက်ပြီး ရဟန်းဝတ်မယ်" လို့ ကြံကာ တစ်နေရာက ဖုံးကွယ်တဲ့နေရာမှာ ရပ်တည်နေတယ်။

ပုရောဟိတ်က ဥယျာဉ်ကို ဝင်ပြီး ဘုရားလောင်း လဲလျောင်းနေတာကို မြင်ပြီး တူရိယာတွေကို တီးမှုတ်စေတယ်။ ဘုရားလောင်းက နိုးလာပြီး ပြန်လှည့်ကာ အနည်းငယ် လဲလျောင်းကာ ထပြီး ကျောက်ဖျာပေါ် တင်ပျဉ်ခွေထိုင်တယ်။ အဲဒီအခါ ဘုရားလောင်းကို ပုရောဟိတ်

http://www.dhammadownload.com



က လက်အုပ်ချီပြီး "အရှင်မင်း၊ သင့်ထံ တိုင်းနိုင်ငံ ရောက်ပါတယ်" လို့ ပြောတယ်။

"မင်းအမျိုးမှာ သား မရှိဘူးလား။"

"အရှင်မင်း၊ မရှိပါ။"

"ဒီလိုဆိုရင် ကောင်းပြီ။"

အဲဒီအခါ ဘုရားလောင်းကို အမတ် စသူတွေက အဲဒီနေရာမှာပဲ အဘိသိက် သွန်းလောင်းပြီး ရထားပေါ် တင်ကာ အခြွေအရံများစွာနဲ့ မြို့ကို ဝင်စေကြပါတယ်။ ဘုရားလောင်းက မြို့ကို လက်ယာရစ်လှည့်ပြီး ပြာသာဒ်ပေါ် တက်တယ်။ ဘုရားလောင်းက အခြွေအရံများလို့ သောဏကမင်းသားကို သတိမရ။ သောဏက,ကလည်း ဘုရားလောင်း မြို့ကို ဝင်ပြီးတဲ့အခါ နောက်မှ လာပြီး ကျောက်ဖျာပေါ် ထိုင်တယ်။ အဲဒီအခါ အညာမှ ကြွေကျတဲ့ အင်ကြင်းပင်က သစ်ရွက်ရော်က သောဏကရဲ့ရှေ့မှာ ကျတယ်။ သောဏကက အဲဒီသစ်ရွက်ကို မြင်လျှင် မြင်ချင်းပဲ "ဒီသစ်ရွက်ရော်လိုပဲ ငါ့ကိုယ်ဟာလည်း အိုမင်းရင့်ရော်သို့ ရောက်ကာ ကျလိမ့်မယ်" လို့ အနိစ္စစသည် အစွမ်းဖြင့် ဝိပဿနာကို ဖြစ်စေကာ ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။ အဲဒီခဏမှာပဲ သောဏကရဲ့ လူ့အသွင် ပျောက်ကွယ်သွားတယ်။ ရဟန်းအသွင် ထင်ရှားပေါ်လာတယ်။ သောဏက,က "အခု နောက်ထပ်ဘဝ မရှိတော့" လို့ ဥဒါန်းကျူးရင့်ရင်း နန္ဒမူလကတောင်ဝှမ်းကို သွားတယ်။

ဘုရားလောင်းကလည်း နှစ်ပေါင်း (၄၀) ကုန်လွန်သွားမှ သတိရပြီး "ငါ့သူငယ်ချင်း သောဏက ဘယ်မှာလဲ" လို့ သောဏကကို အဖန်ဖန် အမှတ်ရပေမယ့် "ငါဟာ ကြားခဲ့ပါတယ်။ သို့မဟုတ် ဖြစ်ခဲ့ပါတယ်"

http://www.dhammadownload.com



လို့ ပြောပြသူကို မရဘဲ တန်ဆာဆင်ထားတဲ့ ရင်ပြင်ကြီးက မင်းပလ္လင်ပေါ် ထိုင်ကာ တီးမှုတ်သူ၊ ကချေသည်တွေရဲ့အက၊ အဆို စသည်တွေ ခြံရံပြီး စည်းစိမ်ကို ခံစားတယ်။ "တစ်စုံတစ်ယောက်က ကြားရပြီး 'ဘယ်နေရာမှာ သောဏက နေတယ်' လို့ ငါ့အား ပြောရင် ပြောသူအား အသပြာတစ်ရာ ပေးမယ်။ ကိုယ်တိုင် မြင်တွေ့ပြီး ငါ့ကို ပြောပြသူအား အသပြာတစ်ထောင် ပေးမယ်" လို့ ဥဒါန်းတစ်ခုကို စီစဉ်ပြီး သီချင်းအနေနဲ့ ဥဒါန်း ကျူးရင့်တယ်။

"တစ်စုံတစ်ယောက်ထံက ကြားရပြီး ငါ့ကို ပြောသူအား တစ်ရာ ပေးမယ်။ သောဏကကို ကိုယ်တိုင်မြင်ခဲ့သူအား တစ်ထောင် ပေးမယ်။ မြေမှုန့်ကစားဖော် သောဏကအကြောင်းကို ငါ့အား ဘယ်သူ ပြောပြမလဲ။"

မင်းရဲ့ပါးစပ်မှ လုယူသွားသလို ယူသွားပြီး ကချေသည်မိန်းမတစ်ယောက်က အဲဒီသီချင်းကို သီဆိုတယ်။ အဲဒီအခါ အခြားသူ၊ အခြားသူတွေက သီဆိုကြတယ်။ "ငါတို့ရဲ့မင်း ကြိုက်နှစ်သက်တဲ့ သီချင်းပဲ" လို့ ပြောပြီး မောင်းမအားလုံး သီဆိုကြတယ်။ အစဉ်အားဖြင့် မြို့သူမြို့သားတွေရော ဇနပုဒ်သူ ဇနပုဒ်သားတွေပါ အဲဒီသီချင်းကိုပဲ သီဆိုကြတယ်။ မင်းကလည်း အဖန်ဖန် အထပ်ထပ် အဲဒီသီချင်းကိုပဲ သီဆိုတယ်။ နှစ်ပေါင်း (၅၀) လွန်သွားတဲ့အခါ မင်းမှာ သားသမီးများစွာ ရှိလာတယ်။ သားကြီးက ဒီဃာဝုမင်းသား မည်တယ်။ အဲဒီအခါ သောဏက ပစ္စေကဗုဒ္ဓါက "အရိန္ဒမမင်းဟာ ငါ့ကို မြင်လိုနေတယ်။ ငါဟာ အဲဒီကိုသွားပြီး ကာမဂုဏ်တွေမှာ အပြစ်နဲ့ ရဟန်းအဖြစ်မှာ အကျိုးကို ပြောပြပြီး ရဟန်းဝတ်မယ့် အခြင်းအရာကို ပြုလုပ်မယ်" လို့ ကြံပြီး တန်ခိုးနဲ့

http://www.dhammadownload.com



ကောင်းကင်က လာပြီး ဥယျာဉ်မှာ ထိုင်တယ်။ အဲဒီအခါ (၇) နှစ် အရွယ်ရှိ ဦးစွန်း (၅) ခုပါတဲ့ သူငယ်က အမေက လွှတ်လိုက်လို့ သွားကာ ဥယျာဉ်တောမှာ သစ်သားတွေကို ထုတ်ဆောင်ရင်း အထပ်ထပ် အဲဒီသီချင်းကိုပဲ သီဆိုတယ်။

အဲဒီအခါ အဲဒီသူငယ်ကို သောဏက ပစ္စေကဗုဒ္ဓါက ခေါ်ပြီး "သူငယ်၊ သင်ဟာ အခြားသီချင်းကို မသီဆိုဘဲ သီချင်းတစ်ပုဒ်ကိုပဲ သီဆိုတယ်။ အခြားသီချင်းကို သင် မသိဘူးလား" လို့ မေးတယ်။

"သိပါတယ် ဘုရား။ ဒါပေမဲ့ တပည့်တော်တို့ရဲ့ မင်းက အဲဒီသီချင်းကိုပဲ သဘောကျပါတယ်။ ဒါကြောင့် အဲဒီသီချင်းကို ထပ်ကာ ထပ်ကာ ဆိုပါတယ်။

"ဒီသီချင်းရဲ့ အဖြေသီချင်းကို သီဆိုတဲ့ တစ်စုံတစ်ယောက်ကို ရှေးက မြင်ဖူးပါသလား။"

"မမြင်ဖူးပါဘုရား။"

"ငါဟာ သင့်ကို သင်ပေးမယ်။ မင်းထံ သွားပြီး အဖြေသီချင်းကို ဆိုနိုင်မလား။"

"မှန်ပါ၊ အရှင်ဘုရား။"

အဲဒီအခါ သူငယ်အား သောဏက အဖြေသီချင်းကို သင်ပေးပါတယ်။ သင်ပေးပြီး "သူငယ် သွားပါ။ ဒီအဖြေသီချင်းကို မင်းနဲ့အတူ သီဆိုပါ။ မင်းက သင့်အား ကြီးမားတဲ့ အစိုးရမှုကို ပေးပါလိမ့်မယ်။ သင့်မှာ ထင်းတွေနဲ့ အကျိုးမရှိ၊ မြန်မြန် သွားပါ" လို့ ပြောပြီး စေလွှတ်လိုက်တယ်။ သူငယ်က "ကောင်းပါပြီ" လို့ ပြောပြီး အဲဒီအဖြေသီချင်းကို သင်ယူကာ ရှိခိုးတယ်။ "အရှင်ဘုရား၊ တပည့်တော် မင်းကို ခေါ်

http://www.dhammadownload.com



ဆောင်လာသည့်တိုင်အောင် ဒီနေရာမှာပဲ နေတော်မူပါ” လို့ ပြောပြီး အပတ်နဲ့ အမေ့ထံ သွားကာ “အမေ၊ မြန်မြန် ကျွန်တော့်ကို ရေချိုးပေးပြီး တန်ဆာဆင်ပေးပါ။ ဒီနေ့ အမေ့ကို ဆင်းရဲဘဝမှ ကျွန်တော် လွတ်မြောက်စေပါမယ်” လို့ ပြောတယ်။ ရေချိုးတန်ဆာဆင်ပြီး မင်းတံခါးကို သွားကာ “အရှင်တံခါးစောင့်၊ ‘ကလေးတစ်ယောက်က သင်မင်းနဲ့အတူ အဖြေသီချင်းကို သီဆိုမယ်’ လို့ လာပြီး တံခါးမှာ ရပ်တည်နေတယ်လို့ မင်းအား ပြောပါ” လို့ ပြောတယ်။ တံခါးစောင့်က အပြေးနဲ့ သွားကာ မင်းအား ပြောတယ်။ မင်းက “လာလော့” လို့ ခေါ်ခိုင်းတယ်။

“ချစ်သား၊ သင်က ငါနဲ့အတူ အဖြေသီချင်းကို သီဆိုမလား။”

“အရှင်မင်း၊ မှန်ပါ။”

“ဒီလိုဆိုရင် ဆိုလော့။”

“အရှင်မင်း၊ ဒီနေရာမှာ ကျွန်တော် မသီဆိုပါ။ မြို့မှာ စည်ကို လှည့်လည်စေပြီး လူအများကို စုဝေးခိုင်းပါ။ လူအများအလယ်မှာ သီဆိုပါမယ်။”

“မင်းက အဲဒီအတိုင်း အလုပ်ခိုင်းပြီး တန်ဆာဆင်ထားတဲ့ မဏ္ဍပ်ထဲက ပလ္လင်အလယ်မှာ ထိုင်ကာ သူငယ်အား သင့်လျော်တဲ့ နေရာကို ပေးစေပြီး ပြောတယ်။

“အခု သင့်ရဲ့သီချင်းကို သီဆိုပါ။”

“အရှင်မင်း၊ အရှင်မင်းက အရင် သီဆိုပါ။ အဲဒီနောက်မှ ကျွန်တော်က အဖြေသီချင်းကို သီဆိုပါမယ်။”

မင်းက အရင် သီဆိုပါတယ်။ သူငယ်က အဖြေသီချင်းကို သီဆိုပါတယ်။ မင်းက ဆက်မေးလို့ သူငယ်က ဆက်ဖြေပါတယ်။

http://www.dhammadownload.com



"သောဏကက ဘယ်ဇနပုဒ်၊ ဘယ်တိုင်းပြည်၊ ဘယ်နိဂုံးမှာလဲ။ ဘယ်အရပ်မှာ သောဏကကို မြင်ခဲ့သလဲ။ သင်သူငယ်က ငါ့ကို ပြောပြပါ"

"အရှင်မင်း၊ သင့်ရဲ့နိုင်ငံ၊ သင့်ရဲ့ဥယျာဉ်မြေမှာပဲ သစ်ပင်ကြီးတွေအောက်မှာ သောဏကဟာ အစွဲအလမ်းရှိတဲ့ လောကထဲမှာ ဥပါဒါန် (အစွဲအလမ်း) ကင်းကာ ဈာန်ဝင်စားနေပါတယ်။ သစ်ပင်ကြီးတွေက ပင်စည် ဖြောင့်ကြပါတယ်။ အညိုရောင် ရှိကြပါတယ်။ မိုးညိုနဲ့ တူကြပါတယ်။ စိတ်ပျော်မွေ့ဖွယ် ဖြစ်ကြပါတယ်။ အကိုင်းချင်း ယှက်၊ အမြစ်ချင်း ယှက်ကာ အချင်းချင်း မှီနေကြပါတယ်။ သောဏကဟာ ပူလောင်နေတဲ့ လောကထဲမှာ ငြိမ်းချမ်းနေပါတယ်။"

အဲဒီကနောက် မင်းက စစ်အင်္ဂါလေးပါးနဲ့ သွားပါတယ်။ လမ်းကို ညီညာအောင် လုပ်ခိုင်းကာ သောဏကရှိရာကို သွားပါတယ်။ ဥယျာဉ်မြေကို သွားပြီး တောကြီးထဲမှာ လှည့်လည်တဲ့အခါ ပူလောင်နေတဲ့ လူတွေထဲမှာ ငြိမ်းချမ်းစွာ နေတဲ့ သောဏကကို မြင်ရပါတယ်။ မင်းက သောဏကကို ရှိမခိုးဘဲ သင့်တင့်ရာ တစ်နေရာမှာ ထိုင်ကာ သူက ကိလေသာနဲ့ ပျော်မွေ့နေလို့ သောဏကကို လူဆင်းရဲလို့ ထင်မှတ်ကာ အောက်ပါစကားကို ပြောပါတယ်။

"ခေါင်းတုံးနဲ့ နှစ်ထပ်သင်္ကန်းကြီး ခြုံထားသူ ဒီရဟန်းဟာ အထီးကျန် ဆင်းရဲလေစွ။ မိဘမရှိ သနားစရာပဲ။ သစ်ပင်အောက်မှာ မှိုင်တွေနေတယ်။"

သောဏကက အဲဒီစကားကို နားထောင်ပြီး ဒီလို ပြောတယ်။

"အရှင်မင်း၊ ငါဟာ အထီးကျန် ဆင်းရဲသူ မဟုတ်၊ အရိယမဂ်တရားကို နာမကာယနဲ့ ထိတွေ့နေပါတယ်။"

http://www.dhammadownload.com



"အရှင်မင်း၊ တရားကို ဖယ်ရှားပြီး မတရားနောက် လိုက်နေသူဟာ ဆင်းရဲသူပဲ။ ယုတ်မာသူပဲ။ ယုတ်မာသူတွေရဲ့ လဲလျောင်းရာပဲ"

သောဏကက ဘုရားလောင်းကို အဲဒီလို ကဲ့ရဲ့ပါတယ်။ ဘုရားလောင်းက သူကဲ့ရဲ့ခံရတာကို မသိသလို လုပ်ကာ အမည်အနွယ်ကို ပြောပြီး သောဏကနဲ့အတူ နှုတ်ဆက်စကား ဆိုပါတယ်။

"ငါ့နာမည်က အရိန္ဒမ၊ ငါ့ကို ကာသိမင်းလို့ သိကြပါတယ်။ ငါ့မှာ မချမ်းသာတာ တစ်ခုမှ မရှိပါ။ သောဏက၊ ဒီဥယျာဉ်မှာ ရောက်နေတဲ့ သင့်မှာ ချမ်းချမ်းသာသာ နေရပါရဲ့လား။"

အဲဒီအခါ ဘုရားလောင်းမင်းကို သောဏက ပစ္စေကဗုဒ္ဓါက "မင်းကြီး၊ ဒီနေရာမှာသာ မဟုတ်ပါ။ အခြားနေရာမှာလည်း နေတဲ့ ငါ့မှာ ဆင်းရဲဆိုတာ မရှိပါ" လို့ ပြောပြီး ရဟန်းဘဝနဲ့ ကောင်းကွက်တွေကို ပြောပြပါတယ်။

"မင်းကြီး၊ လူ့ဘောင်ကို စွန့်ခွာပြီး ရဟန်းဘောင် ရောက်ကာ ကိလေသာအနှိပ်အစက်ကင်းတဲ့ ရဟန်းမှာ အမြဲကောင်းနေတာပဲ။ အဲဒီ ရဟန်းတွေမှာ ကျီတိုက်ထဲ ဥစ္စာ၊ စပါးတွေကို သိမ်းထားတာ မရှိ၊ ထမင်း အိုးထဲ တောင်းထဲ သိမ်းထားတာ မရှိ။ အကျင့်ကောင်းတဲ့ ရဟန်းတွေဟာ သူတစ်ပါးတွေရဲ့အိမ်မှာ ချက်ပြီး စားဖွယ်ကို သက်နှံးရှိ၊ သပိတ်ယူကာ အိမ်စဉ် လှည့်လည်ပြီး ရှာမှီးကာ အဲဒီစားဖွယ်နဲ့ မျှတကြပါတယ်။"

"အဲဒီရဟန်းဟာ အပြစ်ကင်းတဲ့ ဆွမ်းကို ဆင်ခြင်ပြီး ဘုဉ်းပေးထိုက်ပါတယ်။ အဲဒီလို ဘုဉ်းပေးရင် ကိလေသာ အနည်းငယ်ကတောင်မှ မနှိပ်စက်ပါ။ ဒကာ၊ ဒကာမ စသည်တွေအပေါ် အတွယ်အတာကင်း

http://www.dhammadownload.com



ပြီး လှည့်လည်တဲ့ ရဟန်းမှာ ငြိကပ်တွယ်တာမှု မရှိ။ မြို့မှာ မီးလောင်ပေမယ့် သူ့မှာ မီးလောင်စရာပစ္စည်း အပိုတစ်စုံတစ်ခုမျှ မရှိ။ တိုင်းပြည်ကို လုယက်ကြပေမယ့် သူ့မှာ လုယက်စရာပစ္စည်း အပိုတစ်စုံတစ်ခုမျှ မရှိ။ အကျင့်ကောင်းတဲ့ ရဟန်းဟာ သူခိုးတွေ စောင့်ရှောက်ထားတဲ့ လမ်း၊ အကောက်ခွန်တို့ရဲ့ အနှောင့်အယှက် ကင်းကာ သပိတ်၊ သင်္ကန်း ယူပြီး ချမ်းသာစွာ သွားရတယ်။ ဖဲသွားလေရာအရပ်ကို မငဲ့ကွက်ဘဲသာ ဖဲခွာသွားတယ်။"

အဲဒီလို သောဏကပစ္စေကဗုဒ္ဓါက ရဟန်းတွေရဲ့ ကောင်းကွက် (၈) မျိုးကို ပြောပြပါတယ်။ အဲဒီထက် ပိုလွန်ပြီး တစ်ရာ၊ တစ်ထောင်မက အတိုင်းအတာမရှိတဲ့ ရဟန်းတွေရဲ့ ကောင်းကွက်တို့ကို ပြောပြနိုင်တာပါပဲ။ ဒါပေမဲ့ မင်းက ကာမမှာ မွေ့လျော်လို့ သောဏကပစ္စေကဗုဒ္ဓါရဲ့စကားကို ဖြတ်ကာ "ငါ့မှာ ရဟန်းတွေကောင်းကွက်နဲ့ အကျိုးမရှိ" လို့ သူ့ရဲ့ ကာမဆန္ဒကို ဖော်ပြပါတယ်။

"သောဏကရဟန်း၊ သင်က ရဟန်းကောင်းကွက် များစွာကို ချီးမွမ်းပြောဆိုတယ်။ ကာမဂုဏ်တွေမှာ တပ်မက်တဲ့ ငါဟာ ဘယ်လိုလုပ်ရပါမလဲ။ ငါဟာ လူ့ကာမဂုဏ်၊ နတ်ကာမဂုဏ်တွေကို ကြိုက်နှစ်သက်ပါတယ်။ ဘယ်လိုအကြောင်းကြောင့် အဲဒီကာမဂုဏ်နှစ်မျိုးကို လောကမှာ ရပါ့မလဲ။"

ဘုရားလောင်းမင်းကို သောဏကပစ္စေကဗုဒ္ဓါက အောက်ပါအတိုင်း မိန့်တော်မူပါတယ်။

"ကာမဂုဏ်တွေကို မက်မော၊ ပျော်မွေ့၊ သက်ဝင်နေတဲ့ လူတွေဟာ မကောင်းမှုတွေကို ပြုလုပ်ပြီး မကောင်းတဲ့ဘဝကို ရောက်ကြတယ်။

http://www.dhammadownload.com



ကာမဂုဏ်တွေကို ပယ်ခွာပြီး ထွက်လာကြတဲ့ ဘယ်ကိုလေသာကြောင့်မှ ဘေးမရောက်ရတဲ့၊ သမာဓိရတဲ့ ရဟန်းတွေက မကောင်းတဲ့ ဘဝကို မရောက်ကြ။"

"အရိန္ဒမ၊ သင်အား ဥပမာ ပြောပြမယ်။ အဲဒီစကားကို နားစိုက်ထောင်ပါ။ ဒီလောကက တချို့ပညာရှိတွေဟာ ဥပမာစကားနဲ့ အနက်အဓိပ္ပာယ်ကို သိနားလည်ကြပါတယ်။ အသိပညာမဲ့တဲ့ ကျီးတစ်ကောင်က ဂင်္ဂါမြစ်ထဲ ရေနက်ရာမှာ မျောပါနေတဲ့ ဆင်သေကောင်ကို မြင်ပြီး ကြံစည်တယ်။"

"ငါဟာ ဒီဆင်ယာဉ်ကို ရထားပြီး အဲဒီဆင်ယာဉ်မှာ ပုန်းအောင်းကာ ချမ်းသာစွာ လှည့်လည်မယ်။ ငါ့မှာ ဒီဆင်သေကောင်ဟာ စားစရာအများကြီး ဖြစ်လိမ့်မယ်။ အခု ငါဟာ အခြားနေရာကို သွားဖို့ မသင့်" လို့ ဆုံးဖြတ်ချက်ချတယ်။ ညရော နေ့ပါ အဲဒီနေရာမှာပဲ စိတ်က ပျော်မွေ့တယ်။"

"ကျီးငှက်ဟာ ဆင်သေကောင်ရဲ့အသားတွေကို ခဲစားတယ်။ ဂင်္ဂါမြစ်ရေကို သောက်တယ်။ တော၊ တောင်၊ သစ်ပင်ကြီးတွေကို ကြည့်တယ်။ ပျံတက်ပြီး ဖဲခွာမသွားတော့။ ဆင်သေကောက်ပုပ်မှာ မေ့လျော့ပျော်မွေ့နေတဲ့ အဲဒီကျီးငှက်ကို သမုဒ္ဒရာဆီ ရှေ့ရှုသက်ဆင်းနေတဲ့ ဂင်္ဂါမြစ်က သမုဒ္ဒရာဆီ သယ်ဆောင်သွားတယ်။ ဘယ်အရပ်ကိုမှ သွားလို့ မရတော့ဘဲ သမုဒ္ဒရာအလယ်ကို ရောက်သွားတယ်။"

"အဲဒီကျီးငှက်က အစာကုန်သွားတဲ့အခါ ရေမှာ မရပ်တည်နိုင်တော့လို့ ပျံတက်ပြီး အနောက်၊ အရှေ့၊ မြောက်၊ တောင်အရပ်တွေမှာ ဘယ်အရပ်မှာမှ ထောက်တည်ရာကျွန်းကို မရ။ ဘယ်အရပ်မှာမှ သွား

http://www.dhammadownload.com



လို့ မရတော့ဘဲ အဲဒီသမုဒ္ဒရာအလယ်မှာပဲ အားမရှိသူပမာ လဲကျသွား ပါတယ်။”

“တုန်လှုပ်ပြီး အတောင်ကျိုးပျက်သွားတဲ့ အဲဒီကျီးငှက်ကို သမုဒ္ဒရာ ထဲက ငါးတွေ၊ မိကျောင်းတွေ၊ မကန်းတွေ၊ သုသုမည်တဲ့ ငါးကြမ်း တွေက နိုင်ထက်စီးနင်းပြုကာ ခဲစားကြတယ်။”

“အရိန္ဒမမင်း၊ အဲဒီလိုပဲ သင်ရော အခြားကာမဂုဏ် ခံစားသူတွေ ပါ မက်မောကာ ကာမဂုဏ်တွေကို မစွန့်ပစ်ကြရင် အဲဒီသူတွေကို ဘုရား စတဲ့ ပညာရှိတွေက ကျီးနဲ့တူတဲ့ ပညာရှိသူတွေလို့ သိကြပါတယ်။”

“အရိန္ဒမမင်း၊ သင့်အတွက် အနက်အဓိပ္ပာယ်ကို ထင်ရှားဖော်ပြ တဲ့ အဲဒီဥပမာကို ပြုပြီးပါပြီ။ သင်ဟာ ငါ့အဆုံးအမကို လိုက်နာရင် နတ်ပြည် ရောက်မယ်။ မလိုက်နာရင် ငရဲ ရောက်မယ်။ လိုက်နာ၊ မနာ ကြောင့် သင်ပဲ ထင်ရှားပါလိမ့်မယ်။”

အရိန္ဒမမင်းအား သောဏကပစ္စေကဗုဒ္ဓါက အဲဒီဥပမာနဲ့ ဩဝါဒ ပေးပြီး အခုအခါ အဲဒီဩဝါဒကိုပဲ ခိုင်မြဲအောင် လုပ်ပြီး ထားလိုလို့ အောက်ပါစကားကို မိန့်ပါတယ်။

“ကြင်နာတတ်သူဟာ စကားတစ်ခွန်း၊ နှစ်ခွန်းကို ပြောဆိုရတယ်။ အရှင်သခင်ထံ ကျွန်က အရှင်သခင်က စကားကို နာယူယူ၊ မယူယူ ပြောတတ်တယ်။ အဲဒီကျွန်လို မပြောရပါ။ စကားကို မနာယူ မလိုက်နာ သူအား စကားကို နှစ်ခွန်းထက် ပိုမပြောရပါ။”

မတိုင်းတာနိုင်တဲ့ လောကုတ္တရာဉာဏ်ရှိတဲ့ သောဏကပစ္စေက ဗုဒ္ဓါက အဲဒီစကားကို မိန့်ကြားပြီး တန်ခိုးနဲ့ပျံတက်ကာ “ရဟန်းပြုပြု၊ မပြုပြု သင့်အတွက်ပါပဲ။ ငါက သင့်အား ဩဝါဒပေးပြီးပြီ။ မမေ့မလျော့ သူ ဖြစ်လော့” လို့ သွန်သင်ပြီး ဖဲခွာသွားပါတယ်။

http://www.dhammadownload.com



ဘုရားလောင်း အရိန္ဒမမင်းလည်း ကောင်းကင်ခရီးနဲ့ သွားတဲ့ အဲဒီသောဏကပစ္စေကဗုဒ္ဓါကို မြင်ရတဲ့ လမ်းကြောင်းတိုင်အောင် ရပ်တည်ကာ မြင်ကွင်းကို လွန်သွားမှ သံဝေဂရပြီး "ဒီသောဏကဟာ အမျိုးဇာတ် ညံ့ပါလျက် အမျိုးမြတ်ဖြစ်တဲ့ မင်းမျိုးမှာ ဖွားတဲ့ ငါ့ဦးခေါင်း ပေါ် သူ့ခြေမှုန်ကို ကြဲဖြန့်ကာ ကောင်းကင်ကို ပျံတက်သွားတယ်။ ငါလည်းပဲ ဒီနေ့ပဲ တောထွက်ကာ ရဟန်းဝတ်သင့်တယ်" လို့ တွေးတယ်။ ဘုရားလောင်းဟာ တောထွက်၊ ရဟန်းဝတ်ကာ ဈာန်၊ အဘိညာဉ်တွေ ရပြီး သေတဲ့အခါ ဗြဟ္မာ့ပြည် ရောက်ပါတယ်။

(ဇာတ်၊ ၄၊ ၅၊ ၂၆၁)

ဘုရားလောင်း အရိန္ဒမမင်းအား သောဏကပစ္စေကဗုဒ္ဓါ ဟောတဲ့ တရားဟာ အလွန်ပဲ ကောင်းမွန်လှပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် ဝေဝေဆာဆာ ရှိလှပါတယ်။ "ဆင်သေနဲ့ ကျီးမိုက်" တရားကို လူသားတိုင်း သတိထားသင့်ကြပါတယ်။ မိမိတို့ဟာ ကျီးမိုက်လို မဖြစ်ရအောင် သတိ၊ သမ္ပဇဉ် ယှဉ်ကြရပါမယ်။ သောဏကပစ္စေကဗုဒ္ဓါရဲ့ တရားမှာ မြစ်နဲ့ သံသရာ တူပါတယ်။ ဆင်သေကောင်ပုပ်နဲ့ ကာမဂုဏ်ငါးပါး၊ ကျီးနဲ့ ပုထုဇဉ်လူမိုက်၊ ဆင်သေကောင်ပုပ်ကို ခံစားကာ သောက်ရေသောက်ချိန်နဲ့ ကာမဂုဏ်တွေကို ခံစားကာ ပျော်ရွှင်နေချိန်၊ ဆင်သေကောင်မှာ တွယ်တာတုန်း ကြည်နူးဖွယ်တောအုပ်ကို မြင်ရတာနဲ့ ကာမဂုဏ်တွေမှာ တွယ်တာတုန်း ကြားနာခြင်းရဲ့အစွမ်းကို (၃၈) မျိုးသော အာရုံကို မြင်တာ၊ ဆင်သေကောင်ပုပ် သမုဒ္ဒရာထဲ ဝင်သွားတဲ့အခါ ကျီးမှာ ထောက်တည်ရာ မရနိုင်လို့ ပျက်စီးရတဲ့အချိန်နဲ့ ကာမဂုဏ်တွေကို မက်မောတဲ့ ပုထုဇဉ်လူမိုက်မှာ မကောင်းမှုပဲ လဲလျောင်းရာရှိပြီး

http://www.dhammadownload.com

ကုသိုလ်တရားမှာ ထောက်တည်ရာ မရနိုင်လို့ အဝီစိငရဲကြီးမှာ အကြီးအကျယ် ပျက်စီးရတာတွေဟာ တူကြပါတယ်။

ကာမဂုဏ်အာရုံတွေမှာ မေ့မြောပြီး ကုသိုလ်တရားတွေကို မမေ့မလျော့ကြဖို့ ပုထုဇဉ်လူသားတွေ အထူးသတိထားကြရပါမယ်။

**လင်္ကာ**

၁။ ဆင်သေကောင်ထဲ, အပျော်ကဲ, ကျီးမဲ သေသွားသည်။
၂။ သမုဒ္ဒရာမှာ, နစ်သေတာ, ငါးစာ ဖြစ်လေပြီ။
၃။ ကာမဂုဏ်တွင်, ပုထုဇဉ်, လွန်ပင် ပျော်မွေ့သည်။
၄။ ထိုပုထုဇဉ်, သေသွားရင်, ခိုဝင် ငရဲပြည်။

http://www.dhammadownload.com

# ကုသမင်းလောင်း၊ ပဘာဝတီလောင်းလျာတို့နဲ့ ပစ္စေကဗုဒ္ဓါ

ဘုရားလောင်း ကုသမင်းကို ပဘာဝတီက ရှေးဆုတောင်း အစွမ်းနဲ့ အလိုမရှိ၊ ဘုရားလောင်း ကုသမင်းကလည်း ရှေးကံရဲ့အစွမ်းနဲ့ပဲ ရုပ်ဆိုးတယ်။ ချဲ့ပြောရရင် ရှေးအခါက ဗာရာဏသီမြို့တံခါးအနီးရွာမှာ အထက်လမ်းနဲ့ အောက်လမ်းမှာ အမျိုးနှစ်မျိုး နေကြတယ်။ အမျိုးတစ်မျိုးမှာ သားနှစ်ယောက် ရှိတယ်။ နောက်တစ်မျိုးမှာတော့ သမီးတစ်ယောက်ပဲ ရှိတယ်။ သားနှစ်ယောက်ထဲက အငယ်က ဘုရားလောင်းဖြစ်တယ်။ အဲဒီသူငယ်မကို သားအကြီးအား ပေးကြတယ်။ အငယ်က မယား မမွေးမြူဘဲ အစ်ကိုထံမှာပဲ နေတယ်။ တစ်နေ့မှာ အဲဒီအိမ်မှာ အလွန်အရသာရှိတဲ့ မုန့်တွေကို ကြော်ကြတယ်။ ဘုရားလောင်းက တောကို သွားတယ်။ သူ့အတွက် မုန့်ကို ထားပြီး ကျန်မုန့်တွေကို ခွဲဝေကာ စားကြတယ်။ အဲဒီခဏမှာ ပစ္စေကဗုဒ္ဓါက ဆွမ်းအတွက် အိမ်တံခါးကို ကြွသွားတယ်။ ဘုရားလောင်းရဲ့ အစ်ကိုမယား (မရီး) က "မတ်

http://www.dhammadownload.com



အတွက် အခြားမုန့်ကို ကြော်မယ်" လို့ ကြံကာ အဲဒီမုန့်ကို ယူပြီး ပစ္စေကဗုဒ္ဓါအား လှူတယ်။

ဘုရားလောင်းကလည်း အဲဒီခဏမှာပဲ တောက လာတယ်။ အဲဒီအခါ ဘုရားလောင်းကို မရီးက "အရှင်၊ စိတ်ကို ကြည်ကြည်လင်လင်ထားပါ။ သင့်ရဲ့အဖို့အစုကို ပစ္စေကဗုဒ္ဓါအား လှူလိုက်တယ်" လို့ ပြောတယ်။ ဘုရားလောင်းက "သင့်ရဲ့အဖို့အစုကို စားပြီး ငါ့အဖို့အစုကို လှူတယ်။ ငါက ဘာကို စားရမှာလဲ" လို့ ပြောကာ စိတ်ဆိုးပြီး ပစ္စေကဗုဒ္ဓါနောက် လိုက်ကာ သပိတ်မှ မုန့်ကို ယူတယ်။ မရီးက အမေ့အိမ်ကို သွားပြီး စကားပန်း အဆင်းရှိ ကြေညက်နေတဲ့ ထောပတ်အသစ်ကို ဆောင်ယူကာ ပစ္စေကဗုဒ္ဓါရဲ့သပိတ်ကို ပြည့်စေပါတယ်။ အဲဒီထောပတ်က အရောင်လွှတ်တယ်။ မရီးက အဲဒီထောပတ်ကို မြင်ပြီး ဆုတောင်းတယ်။

"အရှင်ဘုရား၊ ဒီဒါနအစွမ်းကြောင့် ဖြစ်ရာဖြစ်ရာနေရာမှာ တပည့်တော်ရဲ့ ခန္ဓာကိုယ်က အရောင်ထွက်ပါစေ။ ရုပ်အဆင်း လှရပါလို၏။ တပည့်တော်မှာ ဒီမသူတော်နဲ့အတူ တစ်နေရာတည်းမှာ မနေရပါစေနဲ့။"

ပဘာဝတီဟာ အဲဒီရှေးဆုတောင်းကြောင့် ဘုရားလောင်း ကုသမင်းကို အလိုမရှိပါ။ ဘုရားလောင်းကလည်း အဲဒီမုန့်ကို အဲဒီထောပတ်သပိတ်မှာ နှစ်စေပြီး ဆုတောင်းတယ်။

"အရှင်ဘုရား၊ ယူဇနာတစ်ရာ ဝေးတဲ့အရပ်မှာ နေပေမယ့်လည်း သူမကို ဆောင်ယူကာ တပည့်တော်ရဲ့ခြေရင်း အလုပ်အကျွေး (မယား) ဖြစ်အောင် လုပ်နိုင်ရပါလို၏။"

http://www.dhammadownload.com



အဲဒီမှာ ဘုရားလောင်း ကုသမင်း စိတ်ဆိုးပြီး မုန့်ကို ယူခဲ့တဲ့ ရှေးကံကြောင့် ရုပ်ဆိုးတယ်။ ပဘာဝတီကလည်း ရှေးဆုတောင်းကြောင့် ကုသမင်းကို အလိုမရှိပါ။ (ဇာတ်၊ ၄၊ ၅၊ ၃၀၆)

ကုသမင်းနဲ့ ပဘာဝတီတို့လည်း ပစ္စေကဗုဒ္ဓါနဲ့ ဇာတ်လမ်းစခဲ့ကြပါတယ်။ နှစ်ဦးလုံးရဲ့ဆုတောင်းတွေ ပြည့်ဝခဲ့ကြပါတယ်။

## လင်္ကာ

၁။ ထောပတ်ဒါန, အစွမ်းပြ, ရုပ်လှပါပေသည်။

၂။ လေးတောင် တိုက်ခန်း, အရောင်လွှမ်း, မီးထွန်းစရာ မလိုပြီ။

၃။ လုယူပြီးမှ, ပြန်လှူစွ, ကုသ ရုပ်ဆိုးသည်။

http://www.dhammadownload.com

# ပစ္စေကဗုဒ္ဓါနဲ့ ပဒ္မပါပီလောင်းလျာ

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြကမည်တဲ့ မင်းက တရားနဲ့ အညီ မင်းလုပ်အုပ်ချုပ်တယ်။ အဲဒီအခါ ဗာရာဏသီရဲ့ အရှေ့တံခါးမှာ နေတဲ့ ဆင်းရဲသားတစ်ဦးရဲ့ ပဒ္မပါပီမည်တဲ့ သမီး ရှိတယ်။ ချဲ့ပြောရရင် အဲဒီပဒ္မပါပီဟာ ရှေးဘဝကလည်း ဆင်းရဲသား သမီးတစ်ယောက် ဖြစ်ကာ မြေညက်ကို နှိပ်နယ်ပြီး အိမ်မှာ နံရံကို လိမ်းကျံတယ်။ အဲဒီအခါ ပစ္စေကဗုဒ္ဓါတစ်ဦးက သူ့တောင်ဝှမ်းကို ပြေပြစ်အောင် ပြုလုပ်ဖို့ “ဘယ် နေရာမှာ မြေညက်ကို ရမလဲ” လို့ ကြံကာ “ဗာရာဏသီပြည်မှာ ရနိုင် တယ်” လို့ သိတယ်။ သင်္ကန်းရုံပြီး သပိတ်ကို ယူကာ မြို့ထဲ ဝင်ပြီး ဆင်းရဲ သားသမီးနားမှာ ရပ်တည်တယ်။ ဆင်းရဲသား သမီးက စိတ်ဆိုး ပြီး မော်ကြည့်ကာ ဒေါသစိတ်နဲ့ “မြေညက်ကိုတောင် တောင်းတယ်” လို့ ပြော လိုက်တယ်။

ပစ္စေကဗုဒ္ဓါက မလှုပ်မရှားဘဲသာ နေတယ်။ အဲဒီအခါ အဲဒီဆင်း ရဲသား သမီးက ပစ္စေကဗုဒ္ဓါ မလှုပ်ရှားတာကို မြင်ရပြီး တစ်ဖန် စိတ်ကို ကြည်လင်စေကာ “ရဟန်း၊ သင်ဟာ မြေညက်ကိုတောင် မရ” လို့ မြေ

http://www.dhammadownload.com



ညက်အစိုင်အခဲကြီးကို ဆောင်ယူပြီး သပိတ်ထဲမှာ ထားတယ်။ ပစ္စေက ဗုဒ္ဓါက အဲဒီမြေညက်နဲ့ တောင်ဝှမ်းမှာ ပြေပြစ်အောင် ပြုလုပ်တယ်။ သူမက မကြာခင်ပဲ အဲဒီဘဝက သေကာ အဲဒီမြို့မှာပဲ တံခါးပြင်ဘက်က ရွာမှာ ဆင်းရဲတဲ့မိန်းမတစ်ယောက်ရဲ့ ဝမ်းဗိုက်မှာ ပဋိသန္ဓေ ယူတယ်။ သူမဟာ (၁၀) လ လွန်တဲ့အခါ အမိဝမ်းဗိုက်မှ ထွက်တယ်။ သူမရဲ့ မြေညက် လှူခဲ့တဲ့ ကုသိုလ်ရဲ့ အကျိုးကြောင့် ခန္ဓာကိုယ်ဟာ အတွေ့ အထိ ကောင်းတယ်။ စိတ်ဆိုးပြီး မော်ကြည့်ခဲ့လို့တော့ လက်၊ ခြေ၊ ပါးစပ်၊ မျက်စိ၊ နှာခေါင်းဆိုတဲ့ အင်္ဂါအစိတ်အပိုင်းငါးခုဟာ ကြည့်လို့မကောင်း၊ အရုပ်ဆိုးတယ်။ ဒါကြောင့် သူမကို "ပဉ္စပါပီ၊ အင်္ဂါငါးမျိုး မကောင်းသူ" လို့ပဲ အသိများကြတယ်။

ပဉ္စပါပီရဲ့ အတွေ့အထိက ကောင်းလွန်းလို့ ဗာရာဏသီ ဗကမင်းနဲ့ ဗာဝရိကမင်းတွေဟာ ပဉ္စပါပီကို အရှုံးအမှုံး စွဲလမ်းနေကြပါတယ်။ မင်းနှစ်ပါးလုံးက သူမကို မိဖုရားခေါင်ကြီးအရာမှာ ထားကြပါတယ်။

**(ဇာတ်၊ ၄၊ ၅၊ ၄၇၅)**

မြေညက် လှူခဲ့ရတဲ့အကျိုးဟာ အံ့သြစရာကောင်းသလို စိတ်ဆိုးပြီး ပြောခဲ့တဲ့ အကုသိုလ်ကလည်း ကြောက်စရာ ကောင်းလှပါတယ်။ ပစ္စေကဗုဒ္ဓါတွေဟာ အင်မတန် မြင့်မြတ်လှတဲ့ အလှူခံပုဂ္ဂိုလ်တွေ ဖြစ်ကြပါပေတယ်။ ပဉ္စပါပီရဲ့ ရုပ်အဆင်းဟာ စွဲမက်စရာ မဖြစ်ပေမယ့် အတွေ့အထိကတော့ တတမ်းတဟ ဖြစ်နေရလောက်အောင်ပဲ စွဲမက်စရာ ကောင်းနေပါတယ်။ မင်းနှစ်ပါးဟာ ပဉ္စပါပီရဲ့အတွေ့အထိ ဆွဲအားကြောင့် မခွဲနိုင် မခွာရက် ဖြစ်နေကြပါတယ်။ အတွေ့အထိ ဆွဲအားက ပြင်းထန်လွန်းလှပါတယ်။ ဒါကြောင့် မင်းနှစ်ပါးဟာ ယစ်မူးကာ အရှူး

http://www.dhammadownload.com



အမူး ဖြစ်နေကြရှာပါတယ်။ ပဉ္စပါပီသာ ရုပ်ရည်အဆင်းပါ လှလိုက်မယ်ဆိုရင် ယောကျ်ားတွေကို ဘယ်လောက် ဒုက္ခပေးလိုက်လေမလဲ။

## လင်္ကာ

၁။ မြေညက်ဒါန, အစွမ်းပြ, အတွေ့က လွန်ကောင်းသည်။
၂။ လက် - ခြေ - ပါးစပ်, မျက်စိမှတ်, တစ်ရုပ် နှာခေါင်းသည်။
၃။ အင်္ဂါ ငါးဝ, ရုပ်ဆိုးစွ, ပဉ္စပါပီ မည်။
၄။ မင်းနှစ်ပါးဟာ, သူတွေ့မှာ, မခွာရက်နိုင် ဖြစ်ကြသည်။
၅။ သူ့အတွေ့ကား, ဆွဲဆောင်အား, တအား ပြင်းထန်သည်။

http://www.dhammadownload.com

# သေဘေးနဲ့ သစ္စာ

"ငါဟာ ကိုယ့်ကိုယ်ကို မှတ်မိတဲ့အချိန် တတ်သိနားလည်တဲ့ အချိန် ကစပြီး သေစေလိုတဲ့ စေတနာနဲ့ သူတစ်ပါးအသက်ကို ပိုးကောင်လေး တစ်ကောင်ကိုတောင် မသတ်ဖူးပါ။ သူတစ်ပါးဥစ္စာကို မြက်ဝါးခြမ်း လေးကိုတောင် မခိုးယူဖူးပါ။ သူတစ်ပါး သားမယားကို လောဘနဲ့ မကြည့်ရှုခဲ့ဖူးပါ။ လိမ်ညာ မပြောခဲ့ဖူးပါ။ သေရည်အရက်ကို မြက်ဖျား လေးနဲ့တောင် မသောက်ခဲ့ဖူးပါ။"

ဤမှန်ကန်သော သစ္စာစကားကြောင့် ဘေးကင်းရာအရပ်သို့ ဒီ လှေဟာ ပြန်လှည့်ပါစေသတည်း။

ငါးပါးသီလဖြင့် သစ္စာဆိုလိုက်ပါတယ်။ သစ္စာ ဆိုလိုက်သူဟာ မျက်စိနှစ်ကွင်း အလင်းမရ။ သစ္စာဆိုသူဟာ လှေသူကြီး ဖြစ်ပါတယ်။ အဲဒီမျက်မမြင် လှေသူကြီးဟာ ရုပ်အဆင်း ချောမောလှပသလို ဉာဏ် ပညာနဲ့လည်း ပြည့်စုံတယ်။ သူဟာ အသက် (၁၆) နှစ် အရွယ်ကပဲ လှေသူကြီးအလုပ်မှာ ကျွမ်းကျင်စွာ လုပ်ကိုင်ခဲ့ပါတယ်။ သူ စီးလာတဲ့ လှေဟာ ပျက်စီးလေ့မရှိ။ သူ မျက်စိနှစ်ကွင်းအလင်းမရ ဖြစ်သွားရ တယ်။ သမုဒ္ဒရာမှာ လှေသူကြီးအလုပ်ကို လုပ်စဉ် ဆားငန်ရေရဲ့ ထိပါး နှိပ်စက်မှုကြောင့် ဖြစ်ပါတယ်။

မျက်စိကွယ်သွားချိန်မှစပြီး သူဟာ လှေသူကြီးအလုပ်ကို မလုပ် တော့ပါ။ ဒါပေမဲ့ သမုဒ္ဒရာမှာ လှေနဲ့ ကုန်အရောင်းအဝယ် လုပ်သူတွေ ဟာ မျက်မမြင် အဲဒီလှေသူကြီးကို သူတို့လှေမှာ လှေသူကြီး လုပ်ပေးဖို့

http://www.dhammadownload.com



တောင်းပန်ကြတယ်။ "မျက်စိနှစ်ကွင်း အလင်းမရတော့လို့ မလုပ်ပါရစေနဲ့" ဟု အတန်တန် ငြင်းပယ်တယ်။ ငြင်းပယ်မရလို့ လက်ခံလိုက်ရတယ်။ သူတို့ဟာ လှေနဲ့ သမုဒ္ဒရာကြီးသို့ ပြေးဝင်ကြတယ်။ လှေဟာ (၇) ရက်တိုင်တိုင် ဘေးရန်ကင်းတယ်။ အဲဒီကနောက် အချိန်အခါမဲ့ လေကြီး တိုက်ခိုက်လာတယ်။ လှေဟာ (၄) လကြာအောင် သမုဒ္ဒရာ ရေပြင်မှာ လှည့်လည်ပြီး သမုဒ္ဒရာအမျိုးမျိုးသို့ ရောက်သွားကြတယ်။

ခုရမာလီအမည်ရှိ သမုဒ္ဒရာမှာ စိန်တွေ ပေါလို့ အဲဒီသမုဒ္ဒရာမှ စိန်တို့ကို ရခဲ့ကြတယ်။ အဂ္ဂိမာလီအမည်ရှိ သမုဒ္ဒရာမှာ ရွှေတွေ ပေါလို့ အဲဒီသမုဒ္ဒရာမှ ရွှေတွေကို ရခဲ့ကြတယ်။ ဒဓိမာလီအမည်ရှိ သမုဒ္ဒရာမှာ ငွေတို့ ပေါလို့ အဲဒီသမုဒ္ဒရာမှ ငွေတို့ကို ရခဲ့ကြတယ်။ ကုသမာလီအမည်ရှိ သမုဒ္ဒရာမှာ ပတ္တမြားညိုရတနာတို့ ပေါလို့ အဲဒီသမုဒ္ဒရာမှ ပတ္တမြားညို ရတနာတို့ကို ရခဲ့ကြတယ်။ နဠမာလီအမည်ရှိ သမုဒ္ဒရာမှာ ကြောင်မျက်ရွဲ ရတနာတို့ ပေါလို့ အဲဒီသမုဒ္ဒရာမှ ကြောင်မျက်ရွဲရတနာတို့ကို ရခဲ့ကြတယ်။ မျက်မမြင် လှေသူကြီးရဲ့ အစီအစဉ်အရ အဲဒီရတနာတို့ကို ရခဲ့ခြင်း ဖြစ်ပါတယ်။

ကုန်သည်တွေဟာ နဠမာလီသမုဒ္ဒရာကို လွန်သွားကြတဲ့အခါ ဗလဝါမုခ သမုဒ္ဒရာကို မြင်တွေ့ကြတယ်။ အဲဒီသမုဒ္ဒရာမှာ ရေဟာ ဆွဲဆွဲပြီး ဘက်ပေါင်းစုံနဲ့ အထက်သို့ တက်တယ်။ တက်သည့်အခါ ရေဟာ ဘက်ပေါင်းစုံမှာ ကမ်းပါးပြတ်ရှိတဲ့ ချောက်ကြီးလို ထင်ရတယ်။ လှိုင်းတက်တဲ့အခါ တစ်ဖက်မှာ ကမ်းပါးပြတ်နဲ့ တူတယ်။ ကြောက်စရာ အသံဟာ နား၊ နှလုံးသားတို့ကို ဖောက်ခွဲသလို ဖြစ်တယ်။ အဲဒီသမုဒ္ဒရာကို ကုန်သည်တို့ မြင်သွားလို့ ကြောက်လာကြတယ်။ လှေသူကြီးကို မေးကြည့်ရာ "ဒီဗလဝါမုခ သမုဒ္ဒရာကို ရောက်သွားရင် ပြန်လှည့်နိုင်တဲ့

http://www.dhammadownload.com



လှေဆိုတာ မရှိ။ ဒီသမုဒ္ဒရာက ရောက်လာတဲ့ လှေကို နစ်မြုပ်ပြီး ဖျက်ဆီးလိုက်တယ်” လို့ လှေသူကြီးက ပြောလိုက်တယ်။

အဲဒီအခါ လှေပေါ်ရှိ(၇၀၀) သော လူတို့ဟာ သေရမှာ ကြောက်လို့ အလွန်သနားဖွယ် အသံနဲ့ တစ်ပြိုင်နက် အော်ဟစ်ကြတယ်။ အဲဒီသမုဒ္ဒရာသို့ ရောက်ရင် ပြန်သွားနိုင်တဲ့ လှေ မရှိ။ နစ်မြုပ်ပြီး သေရမြဲဖြစ်တယ်။ မျက်မမြင်လှေသူကြီးဟာ “ငါမှတစ်ပါး အခြားသူဟာ ဒီလူတွေကို ချမ်းသာအောင် လုပ်ပေးနိုင်မည့်သူ မရှိ။ သစ္စာဆိုပြီး ဒီလူတွေချမ်းသာအောင် လုပ်မယ်” လို့ ကြံကာ အဲဒီခရီးသည်တို့ကို ခေါ်ပြီး ဒီလို ပြောပါတယ်။

“မိတ်ဆွေတို့၊ ကျွန်ုပ်ကို အမြန်ဆုံး နံ့သာရည်နဲ့ ရေချိုးပေးကြပါ။ အဝတ်သစ်တွေကို ဝတ်ပေးကြပါ။ ရေအပြည့်ထည့်ထားတဲ့ ခွက်ကို စီစဉ်ပြီး လှေဦးမှာ ထားပေးကြပါ။”

အဲဒီမျက်မမြင်လှေသူကြီးဟာ လက်နှစ်ဖက်တို့နဲ့ ရေခွက်ကို ကိုင်ကာ လှေဦးမှာ ရပ်ရင်း အစဆုံး ဖော်ပြခဲ့တဲ့ သစ္စာစကားကို ဆိုလိုက်ပါတယ်။ သစ္စာဆိုပြီး ရေခွက်မှ ရေကို လှေဦးမှာ သွန်လောင်းလိုက်ပါတယ်။ (၄) လကြာ အရပ်တစ်ပါးမှာ သွားနေတဲ့ အဲဒီလှေဟာ ပြန်လှည့်ကာ တန်ခိုးရှိသူပမာ သစ္စာစကားရဲ့အစွမ်းကြောင့် တစ်ရက်တည်းနဲ့ သူတို့နေရပ်သို့ ပြန်ရောက်သွားပါတယ်။ လှေသူကြီးဟာ အဲဒီကုန်သည်တို့အား အဲဒီရတနာတို့ကို ခွဲဝေပြီး ပေးလိုက်ပါတယ်။ နောင်သောအခါ သမုဒ္ဒရာသို့ ထပ်မသွားဖို့နဲ့ အဲဒီရတနာတို့နဲ့ ကျေနပ်ဖို့ ပြောလိုက်ပါတယ်။

ပညာရှိ မျက်မမြင်လှေသူကြီးဟာ ဘုရားအလောင်းတော် ဖြစ်ပါတယ်။ **(ဇာတ်၊ ၄၊ စတုတ္ထ၊ ၁၄၀)**

http://www.dhammadownload.com



တကယ့်သေဘေးနဲ့ ကြုံရတဲ့အခါ ပညာရှိဘုရားလောင်း လေ့သူကြီးဟာ ငါးပါးသီလကို သစ္စာဆိုပြီး ကယ်တင်ခဲ့ပါတယ်။ ငါးပါးသီလကို လုံခြုံအောင် ထိန်းခဲ့တဲ့ ဘုရားလောင်းလေ့သူကြီးသာ မပါခဲ့ရင် အဲဒီ ခရီးသွား (၇၀၀) အသက်ဆုံးရှုံးရပါလိမ့်မယ်။ ရတနာတို့လည်း ဆုံးရှုံးကြရပါလိမ့်မယ်။ ငါးပါးသီလဟာ အစွမ်းထက်လှပါတယ်။ တန်ခိုးကြီးလှပါတယ်။ ငါးပါးသီလနဲ့ ဆိုလိုက်တဲ့ သစ္စာဟာလည်း အစွမ်းထက်လှပါတယ်။ တန်ခိုးကြီးလှပါတယ်။

လူတိုင်း လူတိုင်း ဘဝဟာ အခက်အခဲတို့ကို တွေ့ကြုံရစမြဲ ဖြစ်ပါတယ်။ အသက်အန္တရာယ် ရှိစေနိုင်မယ့် အခက်အခဲတို့ကိုတောင် ကြုံတွေ့ရတတ်ပါတယ်။ အဲဒီအခါ ဘုရားလောင်း မျက်မမြင်လေ့သူကြီးပမာ ငါးပါးသီလကို သစ္စာဆိုကာ အားကိုးသင့်ကြပါတယ်။ သစ္စာဆိုနိုင်လောက်အောင် သီလကို ခါးဝတ်ပုဆိုးပမာ အမြဲလုံခြုံအောင် စောင့်ထိန်းနိုင်ကြရင် တကယ့်အရေးမှာ ငါးပါးသီလဟာ တကယ့်ကယ်တင်ရှင် ဖြစ်ပါတယ်။ "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ = တရားကျင့်သူကို တရားက တကယ်ပဲ ပြန်စောင့်ရှောက်တယ်" ဆိုတဲ့ ဘုရားစကားတော်နဲ့အညီ ငါးပါးသီလက ငါးပါးသီလစောင့်သူကို စောင့်ရှောက်ကယ်တင်ခြင်း ဖြစ်ပါတယ်။

## လင်္ကာ

၁။ သေဘေး ကြုံရာ, ငါးသီလာ, သစ္စာဆိုလိုက်သည်။

၂။ သီလငါးပါး, အစွမ်းကား, ထူးခြားလှပါသည်။

၃။ မျက်မမြင်ငြား, လေ့သမား, ရောက်သွား သူ့အိမ်ဆီ။

http://www.dhammadownload.com

# စကားပြောတဲ့ ကြို့ပင်

"ဝက်ဝံနဲ့ ကြို့ပင်စောင့်နတ်တို့ဟာ တစ်ဦးအပေါ် တစ်ဦး ရန်ငြိုး ထားကြလို့ ဝက်ဝံလည်း သေရတယ်။ ကြို့ပင်လည်း ခုတ်ဖြတ်ခံရ တယ်။"

"အဲဒီလိုပဲ လူတွေ တစ်ဦးနဲ့တစ်ဦး အငြင်းအခုံ ဖြစ်ကြတဲ့နေရာ မှာ အချင်းချင်းရဲ့ အပြစ်အနာအဆာကို ဖော်ထုတ်ကြတယ်။ ဥပမာ ဥဒေါင်းများဟာ ကတဲ့အခါ ဖုံးကွယ်ထားထိုက်တဲ့ အင်္ဂါကို ထင်ရှားစွာ ပြကြသလိုပါပဲ။"

"ကောလိယနဲ့ သာကိယမင်းတို့၊ ဒါကြောင့် သင်တို့ကို ငါဘုရား ပြောမယ်။ သင်တို့မှာ ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေ။ ဝက်ဝံနဲ့ ကြို့ပင် စောင့်နတ်လို မဖြစ်ကြပါနဲ့။ ညီညွတ်ရေးကိုသာ သင်တို့ ကျင့်သုံးကြပါ။ ပညာရှိပုဂ္ဂိုလ်တွေက ညီညွတ်တာကို ချီးမွမ်းကြတယ်။ ညီညွတ်ရေးမှာ ပျော်ပိုက်ပြီး အကျင့်ကောင်းမှာ ရပ်တည်သူဟာ အငြိမ်းချမ်းဆုံးအရာ (နိဗ္ဗာန်) ကို ရတယ်။"

ဘုရားရှင်ဟာ ရောဟိဏီမြစ်ရေနဲ့ ပတ်သက်ပြီး စကားများကြ၊ ငြင်းခုံကြတဲ့ သာကိယနဲ့ ကောလိယမင်းတို့အား အထက်ပါစကားကို ဟောကြားတော်မူရာ ညီညွတ်သွားကြပါတယ်။

http://www.dhammadownload.com



ဝက်ဝံနဲ့ ကြို့ပင်စောင့်နတ်ဇာတ်လမ်းကို ဖတ်ဖူးသူတို့ ရှိသလို မဖတ်ဖူးသေးသူတို့လည်း ရှိပါလိမ့်ဦးမယ်။ ဒီဇာတ်လမ်းကို အပြော များပေမယ့် ပြည့်ပြည့်စုံစုံ တိတိကျကျ သိသူကတော့ များချင်မှ များပါလိမ့်မယ်။ သိထားသင့်ကြပါတယ်။

ကြို့ပင်ကြီးဟာ ဟိမဝန္တာအရပ်မှာ ရှိတယ်။ ဝက်ဝံဟာ အစာရှာစားပြီးရင် အဲဒီကြို့ပင်အောက်မှာ လာအိပ်တယ်။ တစ်နေ့မှာ လေတိုက်ခတ်လို့ သစ်ကိုင်းခြောက်တစ်ခု ကျိုးကျရာ ဝက်ဝံရဲ့ပခုံးပေါ် ကျသွားတယ်။ ဝက်ဝံဟာ အနည်းငယ် နာသွားလို့ ကြောက်လန့် ထပြေးတယ်။ နောက်ပြန်လှည့်ပြီး လာလမ်းကို ကြည့်လိုက်ရာ ဘယ် သတ္တဝါကိုမှ မမြင်ရ။ "ငါ့ကို ခြသေ့်လည်း မလိုက်၊ ကျားလည်း မလိုက်၊ အဲဒီ သစ်ပင်မှာ ရှိတဲ့ နတ်က ငါ သူ့အပင်အောက် အိပ်တာကို သည်းမခံနိုင်လို့ များလား။ ရှိပါစေ။ သိစေမယ်" လို့ အကြောင်းမဲ့ ရန်ငြိုးဖွဲ့ကာ သစ်ပင်ကို ပုတ်ခတ်တယ်။

"သင် သစ်ပင်ရဲ့အရွက်ကို ငါ မစား၊ အခက်ကို ငါ မချိုး၊ ဒီသစ်ပင် အောက်မှာ အခြားသားကောင်တို့ နေတာကို သင် သည်းခံတယ်။ ငါ နေတာကိုတော့ သည်းမခံဘူး။ ငါ့မှာ ဘာအပြစ်ရှိသလဲ။ ရက်အနည်းငယ် စောင့်ဆိုင်းပါ။ သင့်ရဲ့ကြို့ပင်ကို အမြစ်ပါမကျန် နုတ်စေကာ အပိုင်းပိုင်း ခုတ်ဖြတ်စေမယ်။"

ဒီလို ကြို့ပင်စောင့်နတ်ကို ခြိမ်းခြောက်ပြီး ယောက်ျားတစ်ယောက်ကို ရှာဖွေရင်း ဝက်ဝံဟာ လှည့်လည်နေတယ်။ အဲဒီအခါ လက်သမားပုဏ္ဏားဟာ လူ (၂) ယောက်၊ (၃) ယောက်ကို ခေါ်ကာ ရထားအတွက် သစ်သားရှာဖို့ ယာဉ်ငယ်နဲ့ အဲဒီကြို့ပင်ရှိရာအရပ်သို့ ရောက်

http://www.dhammadownload.com



သွားတယ်။ တစ်နေ့ရာမှာ ယာဉ်ငယ်ကို ထားခဲ့ပြီး ပဲကွပ်၊ ပုဆိန်တို့ကို ယူကာ သစ်ပင်တို့ကို ရှာဖွေရင်း ကြို့ပင်အနီးသို့ ရောက်သွားတယ်။ ဝက်ဝံက အဲဒီလက်သမားကို မြင်ပြီး "ဒီနေ့ ငါ့ရန်သူရဲ့ ပျက်စီးတာကို မြင်ရတော့မယ်" လို့ တွေးကာ သွားပြီး ကြို့ပင်အောက်မှာ ရပ်နေတယ်။

လက်သမားဟာ ဟိုဟိုဒီဒီ ကြည့်ကာ ကြို့ပင်အနီးက ဖြတ်သွားတယ်။ ဝက်ဝံက လက်သမားအား "ဒီကြို့ပင်ဟာ ရထားလုပ်ဖို့ ကောင်းလိမ့်မယ်" ဟု ပြောတယ်။ ဝက်ဝံက အဲဒီလိုပြောကာ ဝမ်းသာပြီး တစ်နေရာမှာ လှည့်လည်နေတယ်။ လက်သမားကလည်း ကြို့ပင်ကို ဖြတ်ဖို့ ကြိုးစားနေပြီ။ ကြို့ပင်စောင့်နတ်က "ငါဟာ ဒီဝက်ဝံအပေါ် ဘာကိုမှ မချ။ ဒီဝက်ဝံဟာ ရန်ငြိုးမဖွဲ့ရမယ့်နေရာမှာ ရန်ငြိုး ဖွဲ့ပြီး ငါ့ဗိမာန်ကို ဖျက်ဆီးတယ်။ ငါလည်း ဒီဝက်ဝံကို တစ်နည်းနည်းနဲ့ ဖျက်ဆီးမယ်" လို့ကြံစည်တယ်။ ကြို့ပင်စောင့်နတ်က တောအလုပ်သမား ယောင်ဆောင်ကာ လက်သမားထံ လာပြီး "အိုယောကျ်ား၊ သင်ဟာ မြတ်နိုးစရာ သစ်ပင်ကို ရထားတယ်။ ဒီသစ်ပင်ကို ဖြတ်ပြီး ဘာလုပ်တာပါလဲ" လို့ မေးတယ်။

"ရထားအကွပ်တံကူ လုပ်ပါမယ်။"

"ဒီကြို့ပင်နဲ့ ရထားဖြစ်လိမ့်မယ်လို့ ဘယ်သူ ပြောတာလဲ။"

"ဝက်ဝံက ပြောပါတယ်။"

"သူ ပြောတာ ကောင်းတယ်။ ရထားကောင်း ဖြစ်ပါလိမ့်မယ်။ ဝက်ဝံရဲ့ လည်ပင်းအရေကို ခွာပြီး လက် (၄) သစ်လောက်ရှိတဲ့ နေရာမှာ ပတ်ဖွဲ့လိုက်ရင် အကွပ်တံကူဟာ ခိုင်ခန့်လိမ့်မယ်။ ဥပမာ - သံပြားနဲ့ အကွပ်တံကူ အဝန်းအဝိုင်းကို ပတ်ဖွဲ့လိုက်သလိုပါပဲ။ ဥစ္စာကိုလည်း အများကြီး ရလိမ့်မယ်။"

http://www.dhammadownload.com



"ဝက်ဝံအရေကို ဘယ်က ရမှာလဲ။"

"သင်ဟာ မိုက်တဲ့သူပဲ။ တောထဲမှာ ရှိနေတဲ့ ဒီသစ်ပင်က ဘယ်မှ မပြေးဘူး။ ဒီသစ်ပင်ကို ညွှန်ပြလိုက်တဲ့ ဝက်ဝံထံ သွားပြီး "အိုဝက်ဝံ အသင် ညွှန်ပြတဲ့ သစ်ပင်ကို ဘယ်နေရာ ဖြတ်ရမှာပါလဲ" လို့ ပြောကာ ဖြားယောင်းခေါ်လာခဲ့။ "ဒီနေရာ၊ ဒီနေရာ ဖြတ်ပါ" လို့ နှုတ်သီးကို ဆန့်ကာ ရဲရဲတင်းတင်း ပြောပြနေတဲ့ ဝက်ဝံကို ပုဆိန်ထက်ထက်နဲ့ ခုတ်သတ်လိုက်ပါ။ ဝက်ဝံရဲ့အရေကို ယူ၊ အသားကို စားပြီးမှ ကြို့ပင်ကို ဖြတ်ပါ။"

ကြို့ပင်စောင့်နတ်ရဲ့စကားကို နားထောင်ပြီး လက်သမားဟာ "အံ့ဩစရာကောင်းပါတယ်။ ဒီနေ့ဟာ ငါ့အတွက် မင်္ဂလာရှိတဲ့ နေ့ပဲ" လို့ တွေးကာ ဝက်ဝံကို သတ်ပြီး ကြို့ပင်ကို ဖြတ်ကာ ပြန်သွားတယ်။

တစ်ဦးနဲ့တစ်ဦး အငြင်းအခုံဖြစ်ကြရင် ကိုယ့်မှာရော သူ့မှာပါ အကျိုးမဲ့တွေသာ များစွာ ဖြစ်ပေါ်လာပါမယ်။ ဒါကြောင့် မိမိအကျိုး၊ သူတစ်ပါးအကျိုး လိုလားသူဟာ အဲဒီလို ငြင်းခုံတာမျိုးကို ရှောင်ရှားရပါမယ်။

## လင်္ကာ

၁။ ငြင်းခုံတာဟာ, ကျိုးမဲ့သာ, များစွာ ဖြစ်စေသည်။
၂။ ငြင်းခုံကြခါ, ပြစ်နာဆာ, ဖော်ကာ ပြတတ်သည်။
၃။ ဥဒေါင်း ကရာ, ဟိုအင်္ဂါ, ဖော်ကာ ပြသလို ဖြစ်လိမ့်မည်။

http://www.dhammadownload.com

# စိတ်ကူးမိဖို့တောင် မလွယ်ပါ

ဘုရားလောင်း ယုန်မင်းဟာ တိရစ္ဆာန် ဖြစ်နေပေမယ့် ဉာဏ်နဲ့ ပြည့်စုံလို့ မိတ်ကောင်းရှိပြီး မျောက်၊ မြေခွေး၊ ဖျံတို့ ရံဖန်ရံခါ သူတို့လာတဲ့အခါ ဩဝါဒအနေနဲ့ တရားဟောတယ်။ အဲဒီသတ္တဝါသုံးကောင်ဟာ သူ့ရဲ့ဩဝါဒကို ခံယူပြီး သူတို့နေရာကို ဝင်ကာ နေကြတယ်။ အဲဒီလို အချိန်ကုန်လွန်လာတဲ့အခါ ဘုရားလောင်းဟာ ကောင်းကင်ကို ကြည့်ပြီး လပြည့်နေတာကို မြင်လို့ "ဥပုသ်စောင့်ကြပါ" လို့ ဆုံးမတယ်။ "ဥပုသ်သီလ စောင့်ကာ အလှူ လှူရင် အကျိုးကြီးတယ်။ ဒါကြောင့် အလှူခံတွေ ရောက်လာရင် သင်တို့ စားမယ့် အစားအစာထဲက ပေးပြီးမှ စားကြပါ" လို့ ပြောတယ်။

အဲဒီသတ္တဝါသုံးကောင်က "ကောင်းပါပြီ" လို့ ဘုရားလောင်းရဲ့ ဩဝါဒကို ဦးထိပ်ရွက်ပန်ဆင်ပြီး ဥပုသ်အင်္ဂါတွေကို အဓိဋ္ဌာန်ကြတယ်။ အဲဒီသတ္တဝါသုံးကောင်ထဲက ဖျံငယ်က နံနက်စောစောပဲ အစာရှာသွားမယ်ဆိုပြီး မြစ်ကမ်းကို သွားတယ်။ အဲဒီအခါ တံငါသည်တစ်ယောက်က ငါးကြင်း (၇) ကောင်ကို ထုတ်ဆောင်ပြီး နွယ်နဲ့သီကုံးကာ မြစ်ကမ်း

http://www.dhammadownload.com



ရှိ သဲထဲမှာ မြှုပ်တယ်။ ငါးတွေကို ဖမ်းလိုလို့ မြစ်ကို စုန်ဆင်းသွားတယ်။ ဖျံက ငါးနံ့ရပြီး သဲကိုယက်ကာ ငါးတွေကို မြင်လို့ ထုတ်ဆောင်တယ်။ "ဒီငါးတွေရဲ့ ပိုင်ရှင်ရှိသလား" လို့ (၃) ကြိမ် ကြွေးကြော်တယ်။ ပိုင်ရှင်ကို မတွေ့ရလို့ နွယ်ကိုကိုက်ကာ သူ့ချုံထဲမှာ ထားလိုက်တယ်။

"အချိန်ရောက်မှပဲ စားမယ်" လို့ တွေးပြီး သူ့သီလကို ဆင်ခြင်ကာ လဲလျောင်းနေတယ်။ မြေခွေးကလည်း အစာရှာသွားတဲ့အခါ လယ်စောင့်တစ်ယောက်ရဲ့ တဲမှာ အသားတံစို့ (၂)၊ ဖွတ်တစ်ကောင်၊ နို့ဓမ်းအိုးတစ်လုံးကို မြင်လို့ "ဒါတွေရဲ့ပိုင်ရှင် ရှိပါသလား" လို့ ၃ ကြိမ် ကြွေးကြော်တယ်။ ပိုင်ရှင်ကို မမြင်လို့ နို့ဓမ်းအိုးကို ဆွဲတဲ့ကြိုးကို လည်ပင်းမှာစွပ်ကာ အသားတံစို့တွေနဲ့ ဖွတ်ကို ပါးစပ်နဲ့ ကိုက်ချီပြီး သူ့နေရာ ချုံပုတ်ထဲမှာ ထားတယ်။ "အချိန်ရောက်မှပဲ စားမယ်" လို့ တွေးကာ သူ့သီလကို ဆင်ခြင်ရင်း လဲလျောင်းနေတယ်။ မျောက်ကလည်း တောအုပ်ကိုဝင်ပြီး သရက်သီးအခိုင်ကို သယ်ဆောင်ကာ သူ့နေရာ ချုံထဲမှာထားတယ်။ "အချိန်ရောက်မှ စားမယ်" လို့ တွေးပြီး သူ့သီလကို ဆင်ခြင်ရင်း လဲလျောင်းနေတယ်။

ဖျံ၊ မြေခွေး၊ မျောက် သုံးကောင်မှာလည်း "ဒီနေရာမှာ တောင်းရမ်းသူလာရင် ကောင်းလေစွ" လို့ စိတ်ဖြစ်နေတယ်။ ဘုရားလောင်း ယုန်မင်းကတော့ "စားချိန်ရောက်မှပဲ ထွက်ပြီး နေဆာမြက်စတဲ့ မြက်တွေကို စားမယ်" လို့ ကြံကာ သူ့နေရာ ချုံထဲမှာပဲ ထိုင်ရင်း "ငါ့ထံလာတဲ့ တောင်းစားသူတွေဟာ မြက်တွေကို စားလို့ မတတ်နိုင်။ နှမ်း၊ ဆန် စသည်တွေလည်း ငါ့မှာ မရှိ။ ငါ့ထံ တောင်းတဲ့သူလာခဲ့ရင် ငါက မြက်နဲ့ မျှတနေတယ်။ ငါ့ရဲ့ခန္ဓာကိုယ်အသားကို လှူမယ်" လို့ တွေးနေတယ်။

http://www.dhammadownload.com



အဲဒီလို ဘုရားလောင်း ယုန်မင်းဟာ အမှန်သဘောကို တွေးတော တဲ့အခါ အတွေးရဲ့အစွမ်းကြောင့် သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာဟာ ပူတဲ့အခြင်းအရာကို ပြတယ်။ သိကြားမင်းက ဆင်ခြင်တဲ့အခါ အဲဒီအကြောင်းကို မြင်လို့ "ယုန်မင်းကို စူးစမ်းမယ်" လို့ ကြံကာ ရှေးဦးစွာ ဖျံရဲ့နေရာကိုသွားပြီး ပုဏ္ဏားအသွင်နဲ့ ရပ်တည်တယ်။ ဖျံက "ပုဏ္ဏား၊ ဘယ်အကျိုးငှာ ရပ်တည်နေပါသလဲ" လို့ မေးတဲ့အခါ "စားဖွယ် တစ်ခုခုရရင် ဥပုသ်စောင့်ကာ တရား အားထုတ်လိုပါတယ်" လို့ ပုဏ္ဏားက ပြောတယ်။ ဖျံက "ကောင်းပါပြီလို့ ပြောပြီး သင့်အား စားဖွယ်ကို ပေးမယ်" လို့ ပြောတယ်။

ပုဏ္ဏားက "နေပါစေဦး၊ စောပါသေးတယ်။ နောက်မှ သိပါမယ်" လို့ ပြောကာ အဲဒီလိုပဲ မြေခွေးနဲ့ မျောက်ထံ သွားကာ အဲဒီမြေခွေး၊ မျောက်တွေကလည်း သူတို့မှာရှိတဲ့ လှူဖွယ်တွေနဲ့ ဖိတ်မံကြတဲ့အခါ "နေပါစေဦး၊ စောပါသေးတယ်။ နောက်မှ သိပါမယ်" လို့ ပြောတယ်။ ပြီးတော့ ဘုရားလောင်း ယုန်ပညာရှိထံ သွားတယ်။ ဘုရားလောင်းကလည်း "ဘယ်အကျိုးငှာ ရပ်နေပါသလဲ"လို့ မေးတဲ့အခါ ရှေးကအတိုင်းပဲ ပြောတယ်။ အဲဒီစကားကို ကြားရလို့ ဘုရားလောင်းဟာ ဝမ်းသာသွားတယ်။ "ပုဏ္ဏား၊ စားဖွယ်အတွက် ငါ့ထံလာတဲ့ သင်ဟာ ကောင်းတဲ့အမှုပြုပါတယ်။ ငါဟာ ဒီနေ့ မလှူဖူးတဲ့ အလှူကို လှူမယ်။ သင်ကတော့ သီလရှိလို့ သူတစ်ပါးအသက်ကို သတ်မှာမဟုတ်။ ပုဏ္ဏား သွားပါ။ သစ်သားအမျိုးမျိုးတွေကို စုပုံပြီး မီးကျီးခဲလုပ်ကာ ငါ့အား ပြောပါ။ ငါဟာ ငါ့ကိုယ်ကို စွန့်ပြီး မီးကျီးအလယ်မှာ ခုန်ချမယ်။ ငါ့ကိုယ် ကျက်သွားရင် သင်ဟာ အသားကို စားပြီး တရား အားထုတ်ပါ" လို့ ပြောတယ်။

http://www.dhammadownload.com



သိကြားမင်းက ဘုရားလောင်းရဲ့ စကားကို ကြားရလို့ သူ့အစွမ်းနဲ့ မီးကျီးပုံတစ်ပုံ ဖန်ဆင်းကာ ဘုရားလောင်းအား ပြောတယ်။ ဘုရားလောင်းက နေဆာမြက်အိပ်ရာက ထပြီး မီးကျီးပုံဆီ သွားကာ"ငါ့ရဲ့ အမွေးတွေ ကြားမှာ ပိုးကောင်ငယ်လေးတွေရှိရင် မသေကြပါစေနဲ့" လို့ တွေးပြီး ကိုယ်ကို ၃ ကြိမ် ခါလိုက်တယ်။ တစ်ကိုယ်လုံးကို လှူဖို့ ရည်ရွယ်ကာ ခုန်ပြီး ပဒုမ္မာကြာကန်ထဲဆင်းတဲ့ ဟင်္သာမင်းပမာ ဝမ်းသာစွာနဲ့ မီးကျီးပုံထဲ ခုန်ချလိုက်တယ်။ အဲဒီမီးက ဘုရားလောင်းရဲ့ ကိုယ်က မွေးညင်းပေါက်ကိုတောင်မှ ပူအောင် မတတ်နိုင်ပါ။ ဆီးနှင်းတိုက်ထဲ ဝင်လိုက်ရသလို ဖြစ်သွားပါတယ်။ အဲဒီအခါ သိကြားမင်းကို ခေါ်ပြီး "ပုဏ္ဏား၊ သင် မွေးထားတဲ့ မီးဟာ အလွန်အေးတာပဲ။ ငါ့ကိုက မွေးညင်းပေါက်ကို တောင်မှ ပူအောင် မတတ်နိုင်ပါ။ အဲဒါ ဘာလဲ" လို့ မေးတယ်။

"အို ယုန်ပညာရှိ၊ ငါဟာ ပုဏ္ဏားမဟုတ်၊ သိကြားမင်း ဖြစ်တယ်။ သင့်ကို စုံစမ်းလိုလို့ လာခဲ့တာ ဖြစ်တယ်။"

"သိကြားမင်း၊ သင်ဟာ ထားပါဦး။ လောကရှိ သတ္တဝါအားလုံး ကတောင် ငါ့ကို ဒါနနဲ့ စုံစမ်းခဲ့ရင် ငါ့ရဲ့ မပေးလိုတာကို မြင်ရမှာ မဟုတ်" လို့ ဘုရားလောင်းက ရဲရဲရင့်ရင့် ပြောဆိုပါတယ်။

**(ဇာတက၊ ၌၊ တ၊ ၄၉။ စရိယာ၊ ၁၀၄)**

ဘုရားလောင်းယုန်မင်းရဲ့ အသက်ကိုပေးလှူရဲတဲ့ စေတနာဟာ ဒါန ပရမတ္ထပါရမီ ဖြစ်ပါတယ်။ အသက်ပေးပြီး လှူရဲတဲ့သတ္တိကို ဘုရားလောင်းလို ပုဂ္ဂိုလ်တွေသာ ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။ ဖျံက အရှင်အာနန္ဒာအလောင်း၊ မြေခွေးက အရှင်မဟာမောဂ္ဂလာန်အလောင်း၊ မျောက်က အရှင်သာရိပုတ္တရာအလောင်း ဖြစ်ပါတယ်။ အလောင်း

http://www.dhammadownload.com



တော် (၄) ဦးလုံး ဒါနဝါသနာသန်သလို သီလလည်း စောင့်ကြပါပေတယ်။ ဘုရားလောင်းလို အသက်ပေးပြီး လှူဖို့ရာ တွေးမိဖို့တောင် မလွယ်ပါ။ စိတ်ကူးလေးတောင် ကူးမိဖို့ ခက်ပါတယ်။ ဘုရားလောင်းကတော့ သာမန်လူတွေ စိတ်တောင်မကူးရဲတဲ့ အလုပ်တွေကို အခါခါ လုပ်ခဲ့ပါတယ်။ ခေါင်ထိပ် မြင့်မြတ်တဲ့ အလုပ်တွေကို လုပ်ခဲ့လို့ ခေါင်ထိပ်အကျိုးဖြစ်တဲ့ ဘုရားအဖြစ်ကို ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ဘုရားဖြစ်လာဖို့ရာ အသက်ကို စွန့်ခဲ့တဲ့ ဘဝတွေဟာ များလှပါပေတယ်။ တွေးကြည့်ရင် အလွန်ပင် ကြည်ညိုစရာ ကောင်းလှပါတယ်။

သာမဏေကျော်
သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်
လှော်ကားဥယျာဉ်အနီး၊
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။
ဝါခေါင်လပြည့်ကျော် (၁၃) ရက်၊ ၁၃၇၀-ခု၊
၂၉-၈-၂၀၀၈။

http://www.dhammadownload.com

## သာဓုခေါ်ပါလေ

* ပညာဆိုတာ, လောကမှာ, အရာရာကို သိနိုင်ပေ။
* စာအုပ်လှူရာ, ပညာပါ, လှူရာ ရောက်ပါပေ။
* ဗုဒ္ဓသာသနာ, လောကမှာ, ရှည်ကြာ တည်ပါစေ။
* ဤသို့ ရည်မှန်း, ငါ လှူဒါန်း, ရွှင်လန်း သာဓုခေါ်ပါလေ။

## သာမဏေကျော်စာပေ ပညာဒါန အလှူရှင်များ

၁။ ဒေါက်တာ မတင်ဝင်း (ပညာရေးတက္ကသိုလ်)
သမီး-နန့်ချစ်ကြည် ၅,၀၀၀,၀၀၀ိ
၁၅၁၀၊ အထက်ပန်းဆိုးတန်း၊
မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ရန်ကုန်။

၂။ ကိုမျိုးခိုင်ကို ရည်စူး၍
ကျန်ရစ်သည့် မောင်နှမတစ်စု၊
အမှတ် (၃၄/A)၊ အင်းယားမြိုင်လမ်း၊
ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်း။ ၁,၅၀၀,၀၀၀ိ

၃။ Sukhavati (Korea, Seoul) ၆၈၇,၅၀၀ိ

၄။ ကိုစိန်ကျော်နှင့် မောင်နှမတစ်စု၊
ဘုရင့်နောင်ပွဲရုံ။ ၃၅၀,၀၀၀ိ

၅။ ဦးခင်ဇော် + ဒေါ်စန်းစန်းအေးမိသားစု။ ၃၀၀,၀၀၀ိ

၆။ မခင်ညွန့်လွင် (ခ) မဖြူ မန္တလေးမြို့။ ၃၀၀,၀၀၀ိ

http://www.dhammadownload.com

၇။ အရှင်သံဝရာလင်္ကာရ ဓမ္မပိယဆရာတော်၊
သယ်န်းကျွန်း။ ၃၀၀,၀၀၀

၈။ သင်တန်းမှူးဆရာမ ဒေါ်ခင်လှတင်နှင့် ပဲခူးမြို့
ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
သင်တန်းသူ/သားများ ၃၀၀,၀၀၀

၉။ ဦးလှမြင့် + ဒေါ်တင်တင်အေး၊ သား မောင်ဟိန်းစည်၊
သမီး မဇေကရီ မိသားစု၊ ပြင်ဦးလွင် ၂၈၀,၀၀၀

၁၀။ ဦးအောင်ကျော်ဆင့် + ဒေါ်နှင်းငွေရည်၊
သမီး သော်တာငွေစင်၊ မြကြာငုံစာပေ၊
၅၄၊ အုတ်လမ်း၊ ဗဟန်း၊ ရန်ကုန်။ ၂၀၀,၀၀၀

၁၁။ ဦးအောင်ကျော်မောင် + မယမင်းလှိုင်
သား ကောင်းထက်သူ မိသားစု ၂၀၀,၀၀၀

၁၂။ ကိုတိုးတိုး (ခ) ကိုသန်းထွဋ်-မခင်ဝင်းရီ၊
သမီး ယွမ်ယွမ်း၊ ဝမ်ဝမ်း။ ၂၀၀,၀၀၀

၁၃။ ကိုရဲ၊ ရွှေမဟာ အထွေထွေရောင်းဝယ်ရေး၊
အမှတ် (၈၇)၊ ကုန်ဈေးတန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ၂၀၀,၀၀၀

၁၄။ ကိုကျော်ကျော် + မသီတာထွန်း၊
သမီး ကြည်ဖြူခင် မိသားစု
အမှတ် (ဃ/၂)၊ အောင်သပြေလမ်း၊
ဘုရင့်နောင်ပွဲရုံ။ ၂၀၀,၀၀၀

http://www.dhammadownload.com

| | | |
|---|---|---|
| ၁၅။ | ဦးခင်မောင်လွင် + ဒေါ်ခင်သူဇာ | |
| | သားသမီး မြေးတစ်စု။ | ၁၈၀,၀၀၀ိ |
| ၁၆။ | ကိုကြည်လင်မိသားစု၊ ကောင်းဆက်ပွဲရုံ။ | ၁၅၀,၀၀၀ိ |
| ၁၇။ | ကိုမောင်မောင် + မစန်းနု၊ ကောင်းဆက်ပွဲရုံ။ | ၁၅၀,၀၀၀ိ |
| ၁၈။ | ဦးတင်ဖေ + ဒေါ်မြနွယ် (လှော်ကား၊ သံလမ်း) | |
| | သား-ဦးမင်းဝင်းနိုင် (U.S.A) | ၁၃၀,၀၀၀ိ |
| ၁၉။ | ဦးကက်စိန် + ဒေါ်သန်းသန်းညွန့်၊ | |
| | သမီး မဝါဝါဝင်းလှိုင်၊ မဇာဇာစိမ့်၊ | |
| | မပြုံးအေးခိုင်၊ မခင်ချောနွယ်၊ | |
| | ၃၁၊ ၅-လွှာ၊ ၁၁ လမ်း၊ လမ်းမတော်။ | ၁၂၀,၀၀၀ိ |
| ၂၀။ | မသုဘဒ္ဒါ၊ မဝိဇယာ၊ ကိုရီးယား။ | ၁၁၅,၅၀၀ိ |
| ၂၁။ | ဦးတင်ထူး + ဒေါ်နွဲ့နွဲ့ဝင်း၊ သား ထူးအောင်ဝင်း၊ | |
| | သမီး ခင်စုစုဝင်း (ထူးရေခဲမုန့်) | ၁၀၀,၀၀၀ိ |
| ၂၂။ | ကိုမောင်မောင် + မစန်းနု | |
| | အမှတ် (၁၆၁)၊ ထီးတန်းဈေးလမ်း။ | ၁၀၀,၀၀၀ိ |
| ၂၃။ | ကောင်းသီဟ၊ မင်းသီဟ၊ မေဦးခိုင် မောင်နှမများ | |
| | အမှတ် (၅)၊ ငွေပြည်သာ၊ သဃ်န်းကျွန်း။ | ၂၁၁,၀၀၀ိ |
| ၂၄။ | အရှင်နန္ဒသီရိ၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း | |
| | သာသနာရိပ်သာ၊ မော်လမြိုင်။ | ၁၀၀,၀၀၀ိ |
| ၂၅။ | မကမလညာနီနှင့် မပရမညာနီ၊ ရန်ကုန်။ | ၁၀၀,၀၀၀ိ |
| ၂၆။ | ကိုမျိုးအောင် + မစန်းစန်းဝင်း မိသားစု | |
| | (၅၃)၊ ကမ်းနားလမ်း၊ ပုသိမ်မြို့။ | ၁၀၀,၀၀၀ိ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၂၇။ | ဦးအောင်ထွန်း + ဒေါ်မြင့်မြင့်အေး<br>သား ကျော်ကျော်ထွန်း၊ ဟန်လင်းအောင်၊<br>သမီး မသဇင်အောင်၊ တောင်ကြီးမြို့။ | ၁၀၀,၀၀၀ |
| ၂၈။ | ဦးအောင်သန်း + ဒေါ်ဝေ၊ ဒေါ်နုနုဝေ၊<br>ဒေါ်အေးအေးလွင်၊ ဒေါ်ခင်လေးဝင်း၊<br>တောင်ကြီးမြို့။ | ၁၀၀,၀၀၀ |
| ၂၉။ | ဦးစိမ်း မိသားစု | ၁၀၀,၀၀၀ |
| ၃၀။ | ဦးကုလားဖြူ မိသားစု | ၁၀၀,၀၀၀ |
| ၃၁။ | ကိုထင်ကျော် + မအေးအေးခိုင်၊<br>သား အောင်အောင်ဦး၊ ဟိန်းထက်ဇော်။ | ၁၀၀,၀၀၀ |
| ၃၂။ | ကိုဇင်မျိုးနိုင် + မဝင်းမာဦး မိသားစု | ၁၀၀,၀၀၀ |
| ၃၃။ | ကောင်းဆက်ပွဲရုံ မိသားစု | ၁၀၀,၀၀၀ |
| ၃၄။ | ဒေါ်နန်းနွယ်၊ သမီး-နန်းခင်ခင်ဦး<br>ညီမ-နန်းမိုးသီတာ၊ နန်းယဉ်ယဉ်အေး၊<br>ကြပ်ပြင်ဈေး၊ မိုးကုတ်မြို့။ | ၁၀၀,၀၀၀ |
| ၃၅။ | ဦးအောင်မြင့်သိန်း (ကားဝပ်ရှော့)<br>၄၇၂၊ သစ္စာလမ်း၊ တ/ဥက္ကလာ။ | ၁၀၀,၀၀၀ |
| ၃၆။ | ဒေါ်ခင်စောတင့် မိသားစု၊<br>H - 1၊ သံလွင်လမ်း၊ ရန်ကုန်။ | ၁၀၀,၀၀၀ |
| ၃၇။ | ဒေါ်ခင်ဝင်းကို ရည်စူး၍<br>ဦးမောင်ကြီး သားသမီးမြေးတစ်စု။ | ၁၀၀,၀၀၀ |
| ၃၈။ | ဒေါ်ကြည်ညွန့်မိသားစု<br>"ညွန့်" ရောင်းဝယ်ရေး၊ ပဲခူးမြို့။ | ၁၀၀,၀၀၀ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၃၉။ | မသန်းသန်းရီ (ဓမ္မဗျူဟာ) ပဲခူးမြို့။ | ၅၀,၀၀၀ိ |
| ၄၀။ | အရှင်သောပါက၊ ဗိုလ်ရုံကျောင်းဆရာတော်<br>ဝက်လက်မြို့နယ်၊ လှုတွေရွာ။ | ၅၀,၀၀၀ိ |
| ၄၁။ | ဦးစောမောင်၊ ဦးဗိုလ်တင့်၊ ခင်မမ၊ တင်မိုးခိုင်၊<br>ဝက်လက်မြို့နယ်၊ လှုတွေရွာ။ | ၅၀,၀၀၀ိ |
| ၄၂။ | ဒေါ်ခင်မြင့်ကြည် မိသားစု။ | ၅၀,၀၀၀ိ |
| ၄၃။ | ဦးစိန်ကြည် + ဒေါ်ခင်ရီ မိသားစု<br>၁၉/င၊ ပဏ္ဍိတလမ်း၊ လှိုင်၊ ရန်ကုန်။ | ၅၀,၀၀၀ိ |
| ၄၄။ | ကိုထွန်းထွန်း မိသားစု | ၅၀,၀၀၀ိ |
| ၄၅။ | ဦးဇော်လင်းကိုရည်စူး၍ ဇနီးဒေါ်ရှိစီနှင့်<br>သမီး-မေကံလင်း၊ မေဉာဏ်လင်း | ၅၀,၀၀၀ိ |
| ၄၆။ | မောင်သိန်းဦးကို ရည်စူး၍<br>အောင်ပန်း ဖိနပ်ဆိုင်မိသားစု၊ ပုဇွန်တောင်။ | ၄၀,၀၀၀ိ |
| ၄၇။ | ပုညာရာမ (တောင်သာ)<br>သီလရှင်ကျောင်းတိုက် မိသားစု၊ မှော်ဘီ။ | ၃၀,၀၀၀ိ |
| ၄၈။ | မအရိယဉာဏသီ<br>ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ။ | ၃၀,၀၀၀ိ |
| ၄၉။ | ဦးတင်ဝင်း + ဒေါ်ဝမ်းဝမ်း မိသားစု။ | ၃၀,၀၀၀ိ |
| ၅၀။ | ဦးအောင်သူဆန်း + ဒေါ်ဌေးဌေးရီ မိသားစု။ | ၃၀,၀၀၀ိ |
| ၅၁။ | ဦးတင်အောင် + ဒေါ်ကျင်ပု၊ စံပြရွှေဆိုင်၊<br>(၅၃)၊ ဝါးတန်းလမ်း၊ ရန်ကုန်မြို့။ | ၃၀,၀၀၀ိ |
| ၅၂။ | ဒေါ်ကြူကြူ (ဓမ္မဗျူဟာ၊ ပဲခူးမြို့) ရွှေရတုမွေးနေ့ | ၃၀,၀၀၀ိ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၅၃။ | ဦးနီပွန် + ဒေါ်ခင်လေးရီ၊ | |
| | သင်္ဂဟမျက်မှန် မိသားစု၊ ပဲခူးမြို့။ | ၃၀,၀၀၀ိ |
| ၅၄။ | ဝင်းနုနုဝင်း + စုသွယ်သွယ်ဝင်း | |
| | ညာဏ်ပေါ်ထွန်း၊ စင်ကာပူ။ | ၃၀,၀၀၀ိ |
| ၅၅။ | ဦးမျိုးသန့် + ဒေါ်ခင်စန္ဒာထွန်း၊ | |
| | ဦးတင်မျိုးဦး + ဒေါ်မိုးမိုးဝင်းလှိုင် မိသားစု | ၃၀,၀၀၀ိ |
| ၅၆။ | ဦးစိုးအောင် + ဒေါ်ခင်စိုး မိသားစု | ၃၀,၀၀၀ိ |
| ၅၇။ | မစုစုနိုင်၊ ပဲခူးမြို့။ | ၂၀,၀၀၀ိ |
| ၅၈။ | ဦးညာဏ်လင်း + ဒေါ်ခင်မျိုးမြင့် | |
| | တည်တောရွာ၊ ဒီပဲယင်းမြို့နယ်။ | ၂၀,၀၀၀ိ |
| ၅၉။ | ဦးသက်နိုင်ဦး + ဒေါ်သက်သက်ခိုင် | |
| | အမှတ် (၈)၊ မင်းလမ်း၊ ဟသ်ာစတိုး၊ | |
| | ဇိုင်း/တောင်၊ ပဲခူးမြို့။ | ၁၅,၀၀၀ိ |
| ၆၀။ | သာသနာ့မိခင်ကြီး ဒေါ်ကျင်ယုံ၊ | |
| | မဟာစည်သာသနာ့ရိပ်သာ၊ သဃ်န်းကျွန်း။ | ၁၅,၀၀၀ိ |
| ၆၁။ | ဒေါ်ညွန့်ညွန့်၊ သား ကိုထွန်းနိုင်၊ မိသားစု။ | ၁၀,၀၀၀ိ |
| ၆၂။ | ဦးကြွင်စန် + ဒေါ်တင်ကြည် | |
| | ၆၈၊ ၁၁ လမ်း၊ ရန်ကုန်။ | ၁၀,၀၀၀ိ |
| ၆၃။ | မအတုလ၊ မဒဿာဝိနီ၊ မအမ္ဗိကာ | |
| | ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ။ | ၁၀,၀၀၀ိ |
| ၆၄။ | မဝဇိရညာနီ | |
| | ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ။ | ၁၀,၀၀၀ိ |

http://www.dhammadownload.com

# ဆရာတော် သာမဏေကျော်၏ ထုတ်ဝေပြီး စာအုပ်များ

| စဉ် | စာအုပ်အမည် |
|---|---|
| ၁။ | ကြီးပွားချမ်းသာမယ် (ဒုတိယအကြိမ်) |
| ၂။ | ဆွမ်းအလှူ |
| ၃။ | ကျောင်းအလှူ |
| ၄။ | ဗုဒ္ဓသမီးထံသို့ |
| ၅။ | ဝါဆိုနှင့်ကထိန် (ဒုတိယအကြိမ်) |
| ၆။ | ကိုရင်ဝတ်ပြီးရင် |
| ၇။ | ဗုဒ္ဓ၏ တစ်နေ့တာ လုပ်ငန်းစဉ် |
| ၈။ | တောင်ကိုရီးယားသို့ ဝိပဿနာခရီး |
| ၉။ | ကိုရင်လေးတို့ ဖတ်ဖို့ |
| ၁၀။ | ကြည်ညိုဖွယ်ရာ-အရှင်သာရိပုတ္တရာ (ဒုတိယအကြိမ်) |
| ၁၁။ | တရားဘယ်လို ရှုမှတ်ရမလဲ (ဒုတိယအကြိမ်) |
| | တရားဘယ်လို ရှုမှတ်ရမလဲ (အင်္ဂလိပ်ဘာသာဖြင့်) |
| ၁၂။ | ဗုဒ္ဓသာသနာကွယ်ချိန် |
| ၁၃။ | ဗုဒ္ဓပေးခဲ့တဲ့ ယဉ်ကျေးမှုအမွေ (ဒုတိယအကြိမ်) |
| ၁၄။ | အတုယူဖွယ်ရာ စိတ်ထားများ (ဒုတိယအကြိမ်) |
| ၁၅။ | ပန်းလေးတစ်ပွင့် |
| ၁၆။ | ကျောင်းသစ်၏ အရဏ်ဦး |
| ၁၇။ | ရဟန်းနှင့်စည်းကမ်း |
| ၁၈။ | လက်စွဲဝိပဿနာ |

http://www.dhammadownload.com

၁၉။ အိတ်ဆောင်ဝိပဿနာ

၂၀။ ဗုဒ္ဓသာသနာဝင်တို့ သိဖို့ လိုသည် (ဒုတိယအကြိမ်)

၂၁။ မြန်မာတွေအတွက် မြန်မာပရိတ်ကြီး (ဒုတိယအကြိမ်)

၂၂။ ဘုရားဂုဏ်တော်နှင့် မဟာစည်ဆရာတော်

၂၃။ သောကမီးအတွက် ရေ (ဒုတိယအကြိမ်)

၂၄။ လူ့လက်စွဲ

၂၅။ ရွှေလား အမှိုက်လား

၂၆။ ယောဂီ . . . အားလျော့နေသလား

၂၇။ ဗုဒ္ဓသော်မှ

၂၈။ ဥပုသ်သည်

၂၉။ သိစေချင်ပါသည်

၃၀။ အလှူဒါန ပြုကြရာဝယ် (ဒုတိယအကြိမ်)

၃၁။ ယောဂီ

၃၂။ မဟာစည်ဆရာတော်ကြီး၏ အဆိုအမိန့်များ

၃၃။ နေမဝင်ခင် ရိက္ခာပြင်

၃၄။ မဟာဂန္ဓာရုံဆရာတော်၏ ပုံဝတ္ထုဖြင့်
ပြောပြသော အဆုံးအမများ

၃၅။ မဟာစည်ဆရာတော်၏ ထူးခြားသော အတွေးအမြင်များ

၃၆။ မဟာဂန္ဓာရုံဆရာတော်၏ နံနက်ခင်းဩဝါဒများ

၃၇။ လူပီသသူ

၃၈။ ဘုရားနဲ့စပ် အထူးမှတ်ဖွယ်

၃၉။ သို့သော်

၄၀။ တွေးမိတာလေးတွေ

http://www.dhammadownload.com

၄၁။ ပြောချင်တာလေးတွေ
၄၂။ မှတ်သားလိုက်နာဖွယ် ဘုရားစကား ၅၀
၄၃။ စကားကို ဘယ်လို ပြောရမယ်
၄၄။ မဟာစည်ဆရာတော်နှင့် ယနေ့ခေတ် ဝိပဿနာရှုနည်းများ
မဟာစည်ဆရာတော်နှင့် ယနေ့ခေတ် ဝိပဿနာရှုနည်းများ
(အင်္ဂလိပ်ဘာသာဖြင့်)
၄၅။ ရွှေလက်တွဲ၍
၄၆။ နှစ်ပေါင်း ၂၅၀၀ ကျော်က စကားမြွက်များ
၄၇။ ဩော် မိတ်ဆွေ မိတ်ဆွေ
၄၈။ မဟာစည်ဆရာတော်နှင့် သတိပဋ္ဌာန်အတွေ့အကြုံ
မဟာစည်ဆရာတော်နှင့် သတိပဋ္ဌာန်အတွေ့အကြုံ
(အင်္ဂလိပ်ဘာသာဖြင့်)
၄၉။ မြတ်ဘုရား၏ ဩဝါဒရေစင်များ
၅၀။ ပိဋကတ်တော်လာ သိမှတ်စရာ
၅၁။ ရင်မှာ ပွင့်သော ပန်းကလေးများ
၅၂။ မဟာဂန္ဓာရုံကန်တော့ပန်း
၅၃။ လောကခံကို ကျော်ဖြတ်၍
၅၄။ သူတော်ကောင်းတို့၏သတ္တိ
၅၅။ စကားပြောသော ကြို့ပင်
၅၆။ ဘုရားဥပဒေတော်
၅၇။ မဟာစည်ဆရာတော်၏ ပုံဝတ္ထုဖြင့်
ပြောပြသော အဆုံးအမများ
၅၈။ ဗုဒ္ဓ၏ ဘောဂဗေဒ

http://www.dhammadownload.com


၅၉။ ၇-နှစ်အရွယ် ရဟန္တာကိုရင်လေးများ
၆၀။ အခက်အတွက် လက်နက်ကောင်း
၆၁။ ရဲရင့်ရင့် ရရိုးရှိ
၆၂။ ရှင်ရဟန်းဘဝသို့ သွားလမ်း
၆၃။ သိမ်
၆၄။ ပိဋကတ်ပင်လယ်ထဲက ဖြစ်ရပ်ဆန်းများ
၆၅။ ဗုဒ္ဓနှင့် တွေ့ဆုံခြင်း
၆၆။ မသိလို့ မေးပါရစေ
၆၇။ ဘဝထဲက အဘိဓမ္မာ
၆၈။ ပိဋကတော်လာ ဘုရားရှိခိုးများ
၆၉။ ပန်ရင် မွှေးမယ့် ပန်းအလှလေးများ
၇၀။ သတိပဋ္ဌာန်အပေါ် ပြည်ပယောဂီတို့အမြင်
၇၁။ ဒါကြောင့်လည်း မဟာဂန္ဓာရုံဆရာတော်ကို ကြည်ညိုတယ်
၇၂။ သပြေကန်ဆရာတော်၏အဆိုအမိန့်များ
သပြေကန်ဆရာတော်၏အဆိုအမိန့်များ
(အင်္ဂလိပ်ဘာသာဖြင့်)
၇၃။ အရိယာတို့သဘော
၇၄။ အကယ်၍
၇၅။ မြတ်ဗုဒ္ဓ၏ တိုက်တွန်းစကားများ
၇၆။ ကိုယ့်ကိုယ်ကို လေ့လာလေလေ
၇၇။ ပြောသာ ပြောနေကြပေမယ့်
၇၈။ မဟာစည်ဆရာတော်နှင့် ဒေါက်တာ ဦးလှဖေ

http://www.dhammadownload.com

၇၉။ အဖြူလမ်းက မှတ်တမ်းများ
၈၀။ ဝိပဿနာဟူသည်
ဝိပဿနာဟူသည် (အင်္ဂလိပ်ဘာသာဖြင့်)
၈၁။ ဝိပဿနာဉာဏ်နှင့် အမေရိကန်
၈၂။ အရှင်မဟာမောဂ္ဂလာန်
၈၃။ လူငယ်တို့အတွက် ဗုဒ္ဓအကြောင်း
၈၄။ နိဗ္ဗာန်ခရီးမှတ်တမ်း
၈၅။ အလှူကြီး ၅ လှူ
၈၆။ မြန်မာတို့နှုတ်ဖျားက ပါဠိစကားများ
၈၇။ ပစ္စေကဗုဒ္ဓါ
၈၈။ ကောင်းကင်ယံက ကံထူးရှင်များ
၈၉။ သန်းခေါင်ယံ ဓမ္မအလင်းများ
၉၀။ လူငယ်တို့အတွက် အလင်းတိုင်
၉၁။ ဗုဒ္ဓဟောကြား သတိပဋ္ဌာန်တရား
၉၂။ လှူမျှဝေ၍
၉၃။ ထင်ပေါ်ကျော်ကြား ဥပါသကာများ
၉၄။ ဒေါသ
၉၅။ ထင်ပေါ်ကျော်ကြား ဥပါသိကာမများ
၉၆။ သင်္ကန်းအလှူ
၉၇။ ဆေးအလှူ
၉၈။ ယနေ့မှာ သာမဏေငယ်၊ နောင်ဝယ် ဆရာတော်ကြီး
၉၉။ မရောက်ပေမယ့် ရပါစေ

http://www.dhammadownload.com


၁၀၀။ ရွှေဩဝါဒများ

၁၀၁။ ကိုရင်ဘဝတစ်လတာ အတွေ့အကြုံ

၁၀၂။ အမေရိက ဓမ္မဒေသနာ

၁၀၃။ ပြည်ပဓမ္မဒူတ ဓမ္မဂုဏ်ရည်ပြခရီး

၁၀၄။ ပြည်ပဝန်ဆောင်တို့၏ ဓမ္မဂုဏ်ရည်ပြ အတွေ့အကြုံများ

၁၀၅။ ရွှေတောင်ကုန်းဆရာတော်မေး သပြေကန်ဆရာတော် ဖြေ

၁၀၆။ ရွှေတောင်ကုန်းဆရာတော်ကြီး၏ တစ်ဘဝတာခရီး
ရွှေတောင်ကုန်းဆရာတော်ကြီး၏ တစ်ဘဝတာခရီး
(အင်္ဂလိပ်ဘာသာဖြင့်)

၁၀၇။ ရွှေတောင်ကုန်းဆရာတော်ကြီး၏ အဆိုအမိန့်
ရွှေတောင်ကုန်းဆရာတော်ကြီး၏ အဆိုအမိန့်
(အင်္ဂလိပ်ဘာသာဖြင့်)

၁၀၈။ သောကဖြေဆေး

၁၀၉။ လက်လှမ်းမီ သာသနာ

၁၁၀။ ပဏ္ဍိတာရာမ ဓမ္မရောင်ခြည်

၁၁၁။ စင်္ကာပူ မလေးရှား တရားပန်းပွင့်များ

၁၁၂။ ကန့်လန့်ကာ နောက်ကွယ်က

၁၁၃။ မဟာစည်ဆရာတော် ပြောပြသော
သူ့အကြောင်းနှင့် သူတို့အကြောင်း

၁၁၄။ ပြန်ပြောင်းပြောပြ မဟာဂန္ဓာရုံဩဝါဒ


ဆရာတော်သာမဏေကျော် ရေးသားထားအပ်သော အထက် ဖော်ပြပါ စာအုပ်များသည် သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက် ၏ မူပိုင်သာ ဖြစ်ပါသည်။